# ကိုယ်တွေ့နှင့်ရှုမြင်ချက်များ

အီး၊ ဂျီ၊ ဝိုက်

# ကိုယ်တွေ့နှင့်ရှုမြင်ချက်များ

(အဲီး ဂျီး ဝိုက်)

ပထမပိုင်း နှင့် ဒုတိယပိုင်း

EXPERIENCE and VIEWS

Of

ELLEN G. WHITE

ပထမပုံနှိပ်ခြင်း၊ ၁၉၁၇ ခုနှစ်၊ ဒီဇင်ဘာလ၊

စောင်ရေ ၃၀၀၀

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ် ( ၃ ၃ ၃ )

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ( ၁ ၃ )

တန်ဖိုး - ၂၅ ကျပ်

အမှတ် ၆၈၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့၊ မြန်မာပြည်သတ္တမနေ့
ဥပုသ်အသင်း၊ ဦးသိန်းရွှေ၊ မှတ်ပုံတင်အမှတ် ( ၁၁၈၅၀ )
ကထုတ်ဝေသည်

အမှတ် ၂၀၆၊ ရွှေသစ္စာလမ်း၊ ကံဘဲ့၊ ရန်ကုန်မြို့၊
ကင်းစောင့်ပုံနှိပ်တိုက်၊ ဦးဘခင်၊ မှတ်ပုံတင်အမှတ် ( ၁၂၈၃၀ )
ကရိုက်နှိပ်သည်

## မာတိကာ

## ပထမပိုင်း


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စကားချီး ..... ..... ..... | ၁ |
| ၁ | မိဘမျိုးရိုးနှင့်ကလေးအရွယ် ..... ...... | ၈ |
| ၂ | ဘုရားဝတ်၊ တရားဝတ်နှင့်သက်ဆိုင်၍ ထကြွနိုးကြားလှုပ်ရှားခြင်း ..... ...... | ၁၄ |
| ၃ | ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူမည်ဟူသောသတင်း စကားကြောင်းအားရဝမ်းမြောက်လျက်နေကြခြင်း | ၂၃ |
| ၄ | သခင်ခရစ်တော်ကိုကြိုဆိုရန်ပြင်ဆင်ခြင်း ...... | ၃၆ |
| ၅ | မြော်လင့်ငြမ်းအသင်းထားတို့သည် မိမိတို့၏ ယုံကြည်ခြင်း၌သာ၍မြဲမြံလာခြင်း ..... ...... | ၄၆ |
| ၆ | မြေကြီးသစ်နှင့်ဆိုင်သောရူပါရုံ ..... ...... | ၅၃ |
| ၇ | သန့်ရှင်းရာဌာနအကြောင်းနှင့်စပ်ဆိုင်၍သိရှိရသော ဤချက်အကြောင်း ..... ...... ...... | ၅၇ |
| ၈ | ဥပုသ်နေ့နှင့်ကောင်းကင်သန့်ရှင်းရာဌာန ...... | ၇၄ |
| ၉ | ကောင်းကင်သန့်ရှင်းရာဌာနနှင့်စပ်ဆိုင်၍ မြင်ရသောအခြားရူပါရုံ ....... ....... | ၇၇ |
| ၁၀ | ပုရောဖက်ဉာဏ် ...... ....... ....... | ၈၅ |
| ၁၁ | လူအများရှေ့တွင်အမှုတော်ဆောင်ရွက်ရန်ခေါ်တော်မူခြင်း | ၉၆ |
| ၁၂ | အိမ်ထောင်ပြုခြင်း၊ အတူတကွအမှုတော်ဆောင်ရွက်ခြင်း | ၁၀၃ |

## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၃ | ပုံနှိပ်ဖို့ရန်အစပြုခြင်း ...... ...... ....... | ၁၀၅ |
| ၁၄ | လမ်းနှစ်လမ်း ...... ...... ....... | ၁၁၆ |
| ၁၅ | သရဖူနှစ်မျိုး ...... ...... ....... | ၁၂၂ |
| ၁၆ | ကျွန်ုပ်တို့ယုံကြည်ခြင်းကိုစုံစမ်းခြင်း....... ...... ....... | ၁၃၁ |
| ၁၇ | လုပ်ရှား၍ယိမ်းယိုင်ကျခြင်း ....... ....... ....... | ၁၃၆ |
| ၁၈ | ကျဉ်းမြောင်းသောလမ်းတွင်ခရီးသွားခြင်း ....... ......... | ၁၄၃ |
| ၁၉ | ကျဉ်းမြောင်းသောလမ်းတွင်ခရီးသွားခြင်း ....... ......... | ၁၄၇ |
| ၂၀ | တရားစီရင်ရန်အချိန်အတွက်ပြင်ဆင်ထားခြင်း ........ ......... | ၁၅၃ |
| ၂၁ | စိတ်အားကြီးစွာကြိုးစားခြင်းဖြင့်ခံစားရသောဆုကျေးဇူး ............ | ၁၆၀ |
| ၂၂ | ဆိုင်ပြိုင်တိုက်လှန်ခြင်းရှုပါရုံ .......... ......... | ၁၆၅ |
| ၂၃ | ပုရောဖက်အစစ်အမှန်နှင့်အတုအယောင် ......... ......... | ၁၇၃ |
| ၂၄ | နောက်နှစ်များတွင်အမှုတော်ဆောင်ရွက်ခြင်း ........ ......... | ၁၉၀ |


--*--

# မာတိကာ

## ဒုတိယပိုင်း


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | **မမြင်ရသောတိုက်ခိုက်ခြင်း** | |
| | ရန်သူ ....... ......... ........ | ၁၉၇ |
| | ကာကွယ်စောင့်ရှောက်မည့်အကြောင်း ကတိထားတော်မူ၏........ | ၂၀၀ |
| | နောက်ဆုံးအရေးဆိုက်ရာကာလ .......... ...... | ၂၀၁ |
| | ကျွန်ုပ်တို့၏ရှေ့တွင်ရှိစုံစမ်းရာကာလ .......... ....... | ၂၀၁ |
| | ဆိုင်ပြိုင်တိုက်လှန်ခြင်းမကြာမီပြီးဆုံးတော့မည် ...... ........ | ၂၀၂ |
| | ယေရှုနှင့်ကောင်းကင်တမန် ......... ........ | ၂၀၃ |
| ၂ | **ခရစ်ယာန်တို့၏အကျင့်စာရိတ္တနှင့်ဝိညာဉ်ခွန်အားတိုးပွားခြင်း** | |
| | အကျင့်စာရိတ္တတည်ဆောက်ခြင်း ............ .......... | ၂၁၆ |
| | မိမိစိတ်အလိုဆန္ဒကိုဘုရားသခင်ဘက်၌ထားခြင်း ........ | ၂၁၆ |
| | သခင်ခရစ်တော်ကိုထင်ရှားစွာဝန်ခံခြင်း ............ ............ | ၂၁၈ |
| | စေ့စေ့ထောက်ရှုကြည့်ခြင်းဖြင့် ပြောင်းလဲလာကြောင်း ......... | ၂၂၀ |
| | သခင်ခရစ်တော်၏ကျောင်းတော်၌သင်ရန်သင်ခန်းစာများ......... | ၂၂၁ |
| | အောင်မြင်ရန်အတွက် ကျွန်ုပ်တို့၏တစ်ခုတည်းသော မျှော်လင့်ခြင်း | ၂၂၄ |
| | စိတ်အားကြီးစွာကြိုးစား၍ ဆုတောင်းရန်ခေါ်ခြင်း ...... | ၂၂၅ |
| | ဖြောင့်မတ်သောသူ၏ပတ္တနာ ........ ...... | ၂၂၆ |
| | အသက်ရှင်၍အကျင့်နှင့်ယှဉ်သောယုံကြည်ခြင်း ...... ..... | ၂၂၈ |
| | နှုတ်ကပါဌ်တော်ကိုစားခြင်း ........ ...... | ၂၃၀ |

## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃ | **အိမ်ထောင်** | |
| | အိမ်ထောင်ကိုတည်ထောင်သူများ ....... ........ | ၂၃၄ |
| | အိမ်ထောင်၏အမှုကိစ္စ ....... ........ | ၂၃၇ |
| | ကျမ်းစာနှင့်မညီညွတ်သောထိမ်းမြားမင်္ဂလာများ ......... | ၂၃၉ |
| | ယဉ်ကျေးသိမ်မွေ့ခြင်းနှင့်ဆင်ခြင်တိုင်းထွာခြင်း ......... | ၂၄၁ |
| | အဖိုးများလွန်းသောပူဇော်သကာ ........ ......... | ၂၄၂ |
| | သားသမီးများကိုကာကွယ်စောင့်ရှောက်ပါ ........ ....... | ၂၄၄ |
| | စည်းစနစ်နှင့်သန့်ရှင်းခြင်း ......... ......... | ၂၄၅ |
| | အိမ်ထောင်၏စည်းကမ်းဥပဒေ ........ ......... | ၂၅၀ |
| | ကျမ်းစာသင်ပေးခြင်းနှင့်လေ့ကျင့်ခြင်း ........ ......... | ၂၅၁ |
| | အကျိုးဖြစ်ထွန်းသောကျမ်းစာလေ့ကျင့်ခြင်းနည်း ........ | ၂၅၃ |
| | ဥပုဉ်စောင့်ခြင်း ........ .......... | ၂၅၄ |
| ၄ | ခရစ်ယာန်ပညာသင်ကြားခြင်း | |
| | မှန်သောပညာသင်ကြားခြင်း၏ရည်ရွယ်ချက် ......... | ၂၅၉ |
| | ပညာသင်ကြားရေးတွင်မှန်သောတန်ဖိုး ......... ......... | ၂၆၀ |
| | ကိုယ်ခန္ဓာသည်ဘုရားသခင်ကိန်းအောင်းရာနေရာ ......... | ၂၆၃ |
| | လက်မှုပညာသင်ကြားလေ့ကျက်ခြင်း ......... ......... | ၂၆၃ |
| | အားဖြည့်အောင်ပြုခြင်း .......... ......... | ၂၆၆ |
| | တိုးတက်ခြင်းကိုကန့်သတ်မထား ......... ......... | ၂၆၇ |
| | နှောင်ကာလ၏ကျောင်း ......... .......... | ၂၆၈ |

## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅ | **ခရစ်ယာန်အမှုဆောင်ခြင်း** | |
| | အနီးသာသနာအလုပ် .......... ............ | ၂၇၀ |
| | မှန်ကန်သောသာသနာပြုခြင်းသဘော ............ | ၂၇၆ |
| | မိန်းမများသည်ဧဝံဂေလိအမှုဆောင်ဖြစ်ရကြမည် ............ | ၂၇၇ |
| | အသင်းတော်အတွင်းရှိအလုပ် .......... ............ | ၂၇၉ |
| | မှားနေသောသူကိုပြန်ရခြင်း ......... ............ | ၂၈၁ |
| | အိမ်အနီး၌အစပြုလော့ ......... ............ | ၂၈၃ |
| | ဆက်ကပ်ပူဇော်ရန်ခေါ်တော်မူခြင်း ............ | ၂၈၅ |
| ၆ | **ဆုကျေးဇူးတော်များ၏ဘဏ္ဍာစိုးများ** | |
| | ကျန်းမာခြင်းဆုကျေးဇူး ......... ............ | ၂၈၉ |
| | စာတန်၏အလွယ်ဆုံးစုံစမ်းသွေးဆောင်ခြင်း ............ | ၂၉၀ |
| | မငြိုးငြမ်ချုပ်တည်းခြင်း၏အကြောင်းရင်း ............ | ၂၉၁ |
| | အစားအသောက်ရွေးချယ်ခြင်း ............ | ၂၉၂ |
| | မှန်သောငြိုးငြံချုပ်တည်းခြင်း၏ပုံပမာ ............ | ၂၉၃ |
| | ဘဏ္ဍာဥစ္စာများတည်းဟူသောဆုကျေးဇူး ............ | ၂၉၄ |
| | ပူဇော်တော်မူခြင်းတွင်စီမံချထားတော်မူသော အကြံတော်............ | ၂၉၅ |
| ၇ | **နောက်ဆုံး၍ကျန်ကြွင်းသောအသင်းတော်၏အောင်မြင်ခြင်း** | |
| | ဘုရားသခင်အပ်နှံထားသောအရာတစ်ခု......... .......... | ၃၀၀ |
| | အသင်းတော်အဖို့ကတိတော်များ ......... .......... | ၃၀၁ |
| | ဘုရားသခင်၏ဝိညာဉ်ဗိမာန်တော် ........ .......... | ၃၀၁ |
| | စုံလင်သောစည်းလုံးညီညွတ်ခြင်း ......... .......... | ၃၀၄ |
| | သခင်ခရစ်တော်၏ ပတ္ထနာတော်ကိုပြည့်စုံစေခြင်း ......... | ၃၀၅ |

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အချင်းချင်းချစ်ခြင်းမေတ္တာရှိခြင်း | ၃၀၆ |
| | တစ်ယောက်ကိုတစ်ယောက်ထောက်ထားခြင်း | ၃၀၈ |
| | မှားယွင်းနေသောသူအတွက် ချစ်ခြင်းမေတ္တာ | ၃၀၉ |
| | လုံခြုံသောလမ်း | ၃၁၀ |
| | မြဲမြံသောတိုက်မြစ် | ၃၁၂ |
| | ဖြို့ဖျက်၍ကွဲပြားစေခြင်း | ၃၁၄ |
| | အသစ်သောဩဝါဒများနှင့်ဆက်သွယ်ခြင်း | ၃၁၅ |
| | မြဲမြံတည်ကြည်လော့ | ၃၁၅ |
| | ကွဲပြားခြင်းနှင့်စည်းလုံးခြင်း | ၃၁၈ |
| | လွန်ခဲ့သောအရာကိုစစ်ဆေးကြည့်ရှုခြင်း | ၃၁၉ |
| | မိမိအသင်းတော်ကိုဘုရားသခင်ကြည့်ရှု ပြုစုတော်မူခြင်း | ၃၂၀ |
| | တိုးတက်ခိုင်ခံ့သွားရန်အလုပ် | ၃၂၀ |
| | ကယ်ချွတ်တော်မူသောသူကိုစောင့်နေခြင်း | ၃၂၁ |
| | နောက်ဆုံး၌အသင်းတော်၏အောင်မြင်ခြင်း | ၃၂၂ |
| ၈ | **ဧဝံဂေလိအမှုဆောင်တို့အတွက်အကြံဉာဏ်** | |
| | ရှေ့အခြေအနေ | ၃၂၅ |
| | ဝိညာဉ်နှင့်ဆိုင်သောကင်းစောင့်များ | ၃၂၈ |
| | အမှုဆောင်ရာတွင်သစ္စာရှိခြင်း | ၃၃၀ |
| | လူတို့၏တည်ကြည်မြဲမြံခြင်းပုံသက်သေ | ၃၃၁ |
| | ဟေရှာယအားခေါ်တော်မူခြင်း | ၃၃၂ |
| | ဧဝံဂေလိအမှုဆောင်သခင်ခရစ်တော် | ၃၃၅ |
| | သန့်ရှင်းသောဝိညာဉ်တော် | ၃၄၀ |
| | ဝန်ထမ်းရမည့်ပျိုရွယ်သူများ | ၃၄၃ |
| | အပေါ်ယံသိနားလည်ခြင်း | ၃၄၆ |

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | နေရာတကျစီမံခြင်း ........... .......... | ၃၄၇ |
| | ယဉ်ကျေးခြင်းဆုကျေးဇူး ........... ......... | ၃၅၀ |
| | အမူအရာတင့်တယ်ခြင်း ........... .......... | ၃၅၃ |
| | ဆယ်ဖို့တစ်ဖို့ကိုမှန်ကန်စွာအသုံးချခြင်း ........... .......... | ၃၅၇ |
| | ဘုရားသခင်သည်မိမိ၏အမှုဆောင်တို့ကိုမည်ကဲ့သို့ သင်ကြားပြသတော်မူကြောင့် ........... .......... | ၃၅၉ |
| | ကျွန်ုပ်တို့၏အလိုဆုံးအရာ ............. .......... | ၃၆၁ |
| | ကိုယ့်အကျိုးတိုးပွားခြင်း ............ ........... | ၃၆၃ |
| | ငြင်းခုံခြင်းနှင့်တွေ့ဆုံခြင်း ............ ........... | ၃၆၆ |
| | အအုပ်အချုပ်မခံခြင်းသဘော ............ ........... | ၃၆၈ |
| | စာစောင်အားဖြင့်အမှုတော်ဆောင်ခြင်း ....... ........... | ၃၇၆ |
| | ကျွန်ုပ်တို့၏စာစောင့်များဝေငှခြင်း........... ............ | ၃၇၇ |
| | စာအုပ်ရောင်းခြင်းအလုပ် ............ ........... | ၃၇၈ |
| | စာအုပ်ရောင်းသောသူသည်ဧဝံဂေလိအမှုဆောင်ဖြစ်၏ ............ | ၃၇၆ |


---*---

# ကိုယ်တွေ့နှင့်ရှုမြင်ချက်များ

## စကားချီး

ဤစာအုပ်ကလေးထဲတွင် အလွန်ပင်ထူးဆန်းအံ့သြဖွယ်ကောင်းသောအမျိုးသမီးတစ်ယောက်၏အကြောင်းအရာအတ္ထုပ္ပတ္တိကိုရေးသားထားပါသည်။ ထိုအမျိုးသမီးရေးသားထားခဲ့သော ဘာသာတရားနှင့်စပ်ဆိုင်သည့်စာအုပ်များစွာတို့မှာလည်း ဘာသာစကားအမျိုးမျိုးတို့ဖြင့်ပြန်ဆိုရေးသားထား၍ကမ္ဘာပေါ်ရှိနိုင်ငံအများတို့တွင် ၎င်းစာအုပ်များကိုယခုဖတ်ရှုလျက်ရှိကြပါသည်။ ၎င်းအကြောင်းအရာများတွင်ဘာသာတရားရေးနှင့်စပ်ဆိုင်၍ထိုအမျိုးသမီးသည် ကလေးသူငယ်အရွယ်ကပင်စ၍ ထူးထူးခြားခြား တွေ့ကြုံရသော အဖြစ်အပျက်များနှင့်အသက်တစ်ဆယ့်ခုနှစ်နှစ်အရွယ်ကပင်သူတစ်ပါးအတွက်အမှုတော်ဆောင်ရွက်ရန် ခေါ်တော်မူခြင်းခံရခြင်းအကြောင်းများကို သူမကိုယ်တိုင် ပြောဆိုရေးသားထားခဲ့သော စကားများအတိုင်း ပြန်ဆိုရေးသား ဖော်ပြထားပါသည်၏ စိတ်ပါဝင်စားစရာကောင်းသည့်သူမ၏အမှုတော်ဆောင်ရွက်ခြင်းအကြောင်းများတွင်သူမကိုယ်တိုင်သတင်းစာများ၊ မဂ္ဂဇင်းများ၌ရေးသားထားခဲ့သော အကြောင်းအရာများမှ ရွေးချယ်ထားသောအချက်အနည်းငယ်ကိုလည်း ထပ်၍ထည့်သွင်းပြန်ဆိုထားပါသည်။

ဘာသာရေးနှင့်စပ်ဆိုင်၍ပထမဦးစွာမမဝှိုက်အမည်ရှိသည့်ထိုအမျိုးသမီးတွေ့ကြုံရသောအဖြစ်အပျက်များသည် အမေရိကန်ပြည်ထောင်စုသမ္မတနိုင်ငံ၌သာမက အခြားသောအရပ်ဒေသများ၌ပင် ဖြစ်ပေါ်လာသော ဘုရားရေး၊ တရားရေးနှင့်စပ်ဆိုင်၍ ကြီးကျယ်စွာလှုပ်ရှားထကြွခြင်းအကြောင်းအရာများနှင့်သက်ဆိုင်လေသည်။ မမဝှိုက်သည်ငယ်စဉ်အခါ ၁၈၄၀ ပြည့်နှစ်လောက်ကပင် ကမ္ဘာပေးတွင်အရပ်ရပ်၌ရှိအနာဂတ္တိကျမ်းစာများကိုလေ့ကျက်ဖတ်ရှုနေကြသောသူများကသက္ကရာဇ် ၁၈၄၄

ခုနှစ်လောက်တွင်သခင်ယေရှုခရစ်သည် ဤကမ္ဘာမြေကြီးပေါ်သို့ဒုတိယအကြိမ်ကြွလာတော်မူ၍ သေလျက်နေသောဖြောင့်မတ်သန့်ရှင်းသူများတို့ကို သင်္ချိုင်းမှထမြောက်စေတော်မူပြီးလျှင် အသက်ရှင်လျက်ကျန်ကြွင်းနေသောသူများနှင့်တကွ ထိုသူတို့ကိုကောင်းကင်သို့ယူဆောင်သွားတော်မူလိမ့်မည်ဟု ထင်မှတ်လျက် ယုံကြည်အယူရှိနေကြလေ၏။ ထိုသူများတို့က အရပ်ရပ်တွင် ဤအကြောင်းအရာကိုဟောပြောကြသဖြင့် လူအများတို့ပင်ယုံကြည်ကြ၏။ သို့သော်ထို ၁၈၄၄ ခုနှစ်ပင်လွန်သွား၍သူတို့မြော်လင့်သည်အတိုင်းသခင်ခရစ်တော်သည်ကြွလာတော်မမူ။ ထိုအခါကအယ်လင်ဟာမန်ခေါ် မမဝိုက်သည်လည်း ကြွလာတော်မူခြင်းကိုမြော်လင့်လျက်ရှိကြသည့်အသင်းသားထောင်ပေါင်းများစွာတို့နှင့်တကွ မိမိတို့၏မြော်လင့်ခြင်းပျက်ကွက်သွားသဖြင့် စိတ်ပျက်ခြင်းနှင့်စိတ်ရှုပ်ထွေးခြင်းအမျိုးမျိုးတို့ကိုတွေ့ကြုံရကြလေ၏။

ဤကဲ့သို့ကြီးစွာစိတ်ပျက်ခြင်းခံရပြီး ရက်သတ္တပတ်အနည်းငယ်ကြာသောအခါ မမဝိုက်သည်အလွန်ထူးခြားသောအဖြစ်အပျက်တစ်ခုနှင့်တွေ့ကြုံရလေ၏။ သူမသည်ဆုတောင်းနေစဉ်မေ့မြောသွား၍ အနီးအနားရှိလောကီအမှုအရာများတို့ကိုမမြင်တော့ဘဲ မြော်လင့်ခြင်းအသင်းသားတို့ နောင်ဖြစ်ပျက်တွေ့ကြုံရမည့်အမှုများကို ပုံပမာအားဖြင့်ထင်ရှားစွာဖေါ်ပြထားကြောင်းကို ရူပါရုံထဲမှာကဲ့သို့တွေ့မြင်ရလေသည်။ သူမပထမဦးစွာရေးသားထားခဲ့သောစာအုပ်တစ်အုပ်ထဲတွင် ဖေါ်ပြသည့်အတိုင်း ဤရူပါရုံအကြောင်းကိုဤစာအုပ်တွင်ဖေါ်ပြထားပါသည်။ မြော်လင့်ခြင်းအသင်းသားတို့သည် စိတ်ပျက်ခြင်းကိုတွေ့ကြုံရကြသော်လည်း ဘုရားသခင်သည် သူတို့ကိုအစဉ်သဖြင့် လမ်းပြစောင်မလျက်ရှိကြောင်းအားပေးဖေါ်ပြသောရူပါရုံဖြစ်ပါသည်။ ၎င်းပြင် ထိုသူတို့သည် ယေရှုခရစ်တော်ကိုမိမိတို့၏ရှေ့ဆောင်လမ်းပြသခင်ကဲ့သို့ထင်မှတ်လျက်နောက်တော်သို့ လိုက်လျှောက်ကြပါလျှင် ကောင်းကင်အိမ်တော်သည် အလွန်ဝေးသည်ဟုထင်မြင်ရသော်လည်း ၎င်းအရပ်သို့ရောက်ရာလမ်းကို သူတို့သည် အမှန်တွေ့နိုင်မည်အကြောင်း ယုံကြည်အားရှိစေအောင်ဖေါ်ပြသောရူပါရုံလည်းဖြစ်သည်။

ထိုနောက်အခြားသောရူပါရုံကိုတွေ့မြင်ရပါသေးသည်။ ထိုရူပါရုံတွင်အထက်က မမဝိုက်အား ဖေါ်ပြတော်မူခဲ့သော ဗျာဒိတ်ရူပါရုံတို့ကို သူတစ်ပါးအား ဖေါ်ပြရမည့်အကြောင်းမိန့်တော်မူသည်ကိုမမဝိုက်သည်တွေ့မြင်ရပါသည်။ အလွန်ပင်ခွန်အားနည်းလျက်မကျန်းမမာတတ်၍ရှက်ကြောက်တတ်သည့်အပြင် ပညာများစွာမရရှိသဖြင့် မမဝိုက်သည် ထိုအမှုကိုပြုလုပ်ရန် အလွန်ပင်ကြောင်ရွံ့၍ စိတ်ဒုက္ခရောက်လျက်နေလေ၏။ သို့ရာတွင် သူမသည် ကြောက်ရွံ့ရှက်ကြောက်ခြင်းသဘောကိုအောင်မြင်၍ ဘုရားသခင်ကိုယုံကြည်လျက်အမှုတော်ကိုဆောင်ရွက်ရန်ရှေ့သို့တိုးတက်လျက်ကြိုးစားလေ၏။ သူမသေချာစွာ ဖေါ်ပြပြောဆိုခဲ့သောသတင်းစကားများမှာ လူအများတို့အား ထင်ထင်ရှားရှားသိနားလည်စေနိုင်သောတန်ခိုးပါရှိသဖြင့်များမကြာမီပင် သူမ၏သတင်းစကားကိုကြားရသောသူများတို့က မမဝိုက်သည် သူတို့အား ကောင်းကင်မှအလင်းတရားကိုဧကန်အမှန်ပင်ကြားပြောယူဆောင်လာလေပြီဟုယုံကြည်ကြလေပြီ။

နောက်များမကြာမီ မမဝိုက်သည် မြော်လင့်ခြင်းအသင်းသားတစ်စုတွင် အပါအဝင်ဖြစ်လာ၍ သူတို့နှင့်တကွ မှန်ကန်သောတရား၊ သမ္မာကျမ်းစာနှင့်ညီညွတ်သောတရားများကိုသိရှိနားလည်ရန်စိတ်ပါစွာနှင့်ဆုတောင်းလျက်သမ္မာကျမ်းစာကို သေချာစွာ၏လေ့ကျက်ဖတ်ရှုလျက်ရှိ၏။ သူတို့သည်ကျမ်းစာနှင့်မညီညွတ်သောအချက်ရှိသမျှကို ပယ်ရှား၍ အထက်ကအယုံအကြည်ရှိခဲ့ကြသောအချက်များမှန်မမှန်ကိုမည်ကဲ့သို့စစ်ဆေးရှာဖွေလျက် ကျမ်းစာတော်မြတ်ကို မည်ကဲ့သို့ လေ့ကျက်ကြကြောင်း မမဝိုက်မြင်ရသောရူပါရုံများကို ထောက်ရှုခြင်းအားဖြင့် ယုံကြည်သောအချက်နှင့်ပြုမူကျင့်ကြံသင့်သောအချက်များတွင် မည်ကဲ့သို့သူတို့သည်စိတ်သဘောတစ်မျိုးတည်းဖြစ်လာကြကြောင်းကို မမဝိုက်သည် ဤစာအုပ်တွင်ဖေါ်ပြထားပါသည်။

သူမသည် ၁၈၄၆ ခုနှစ်တွင်ဆရာဂျိမ်း (စ) ဝိုက်နှင့်အိမ်ထောင်ကျပြီးနောက် ကျမ်းစာကိုလေ့ကျင့်ခြင်းအားဖြင့်လည်းကောင်း၊ မမဝိုက်

အပေါ်၌ ဝိညာဉ်တော်သက်ရောက်တော်မူခြင်းအားဖြင့်လည်းကောင်း သူတို့အား ကောင်ကင်မှ ပေးတော်မူသည်ဟု ယုံကြည်လျက်ရှိသောသတင်းတရားကို နှံ့ပျံ့စေခြင်းငှါ သူတို့သည်အချိန်ရှိသမျှကြိုးစား၍အမှုတော်ကိုအတူတကွဆောင်ရွက်ကြလေသည်။ သူတို့ဤသို့အမှုတော်ဆောင်ရွက်ရာတွင် မည်မျှလောက် ဆင်းရဲဒုက္ခရောက်ခြင်းအကြောင်း၊ မည်ကဲ့သို့စွန်းစားခြင်းအကြောင်းနှင့်မည်မျှစိတ်အားကြီးစွာအမှုတော်ကိုဆောင်ရွက်ခြင်းအကြောင်းများကို ဤစာအုပ်တွင်အနည်းငယ်လောက်သာဖေါ်ပြထားပါသည်။

မမဝိုက်သည်အတော်ကြာအသက်ရှင်လျက်နေရာသမျှကာလပတ်လုံး ရှေးဦးစွာ အမှုဆောင်သောသူတို့တွင် ပါဝင်သောသူအဖြစ်နှင့်လည်းကောင်း၊ နောက်မှမရာထူးကိုလက်မခံမယူဘဲ ထင်ရှားသောအမှုဆောင်အဖြစ်နှင့်လည်းကောင်း သတ္တမနေ့ဥပုသ်မြော်လင့်ခြင်းအသင်းသားတို့၏အလုပ်အကိုင်ကြီးပွားတိုးတက်ရေးအတွက် အထူးကြိုးစားလျက် အားကြီးမာန်တက်ဆောင်ရွက်နိုးဆော်လေ၏။ ၎င်း၏အလုပ်သည်ဘာမျှမဟုတ်သော အခြေအနေမှတဖြည်းဖြည်းတိုးပွားလာလျက် တစ်ကမ္ဘာလုံးနှံ့ပျံ့လျက်ရှိသည်ကို မမဝိုက်ကိုယ်တိုင်တွေ့မြင်လိုက်ရပေသည်။ ဤအလုပ်သည် ဤမျှလောက်လျင်မြန်စွာတိုးတက်နှံ့ပျံ့လာသောကြောင့် ရိုးသားဖြောင့်မတ်၍ ဘုရားဝတ်၌မွေ့လျော်ခြင်း၊ ကောင်းသောအကြံဉာဏ်နှင့်ပြည့်စုံခြင်း၊ ရက်ရောစွာလှူဒါန်းခြင်း၊ မောပန်းခြင်းမရှိဘဲကြိုးစား၍အမှုဆောင်ခြင်း၊ ၎င်းပြင် ဝိညာဉ်ရေးနှင့်ပတ်သက်၍မြောက်မြားစွာရေးသားခဲ့သောစာအုပ်များအတွက် ရိုသေကိုင်းညွှတ်ခြင်းကိုခံရသော ဤထူးဆန်းအံ့သြဖွယ်ကောင်းသည့် အမျိုးသမီးအကြောင်းကိုလူအများတို့သည် အထူးပင် သိရှိနားလည်လိုကြလေသည်။

၁၈၆၅ ခုနှစ်တွင် မမဝိုက်အကြံဉာဏ်ပေးခြင်းအားဖြင့် သောက်ရန်ဆေးများကိုအသုံးမပြုဘဲ ရေအားဖြင့်ကုသနည်းနှင့် အခြားဓမ္မတာနည်းအတိုင်း ကုသနည်းမှစသောအခြားနည်းများကိုသာအသုံးပြုသောကျန်းမာခြင်းနှင့်ဆိုင်ရာအဆောက်အအုံတစ်ခုကိုတည်ထောင်လေသည်။

ဤမရေရာသောအရာကအစပြု၍ကြီးပွားလာရာထင်ရှားကျော်စောသော ဘက်တလ်ကရိ(က်) Battle Creek ဆေးရုံကြီးနှင့် အခြားဆေးရုံကြီးများ၊ ဆေးရုံကလေးများကို ကမ္ဘာပေါ်တွင် အရပ်ရပ်၍ဆောက်လုပ်ထားလေပြီ။ ဤဆေးရုံများ၍မမဝိုက်၏စာအုပ်များတွင် ရေးသားဖေါ်ပြထားသော ကျန်းမာခြင်းနှင့်ဆိုင်ရာနည်းလမ်းဥပဒေများ၊ ကုသနည်းများကိုလိုက်နာအသုံးပြုလျက်ရှိကြပါသည်။

အလွန်ပင်ခက်ခဲသော အချိန်အခါ၌မမဝိုက်ကအားပေးတိုက်တွန်းချက်အရ ကာလီဖိုးနီးယားနယ်၊ လိုမာလင်းဒါအရပ်၌မြေကွက်တစ်ကွက်ကိုဝယ်၍ ဆေးရုံတစ်ရုံကိုဆောက်လုပ်ပြီးလျှင် ကမ္ဘာပေါ်တွင်အရပ်ရပ်တိုင်း၌အမှုတော်ကိုဆောင်ရွက်နိုင်ရန်ဆေးဘက်ဆိုင်ရာသာသနာပြုဆရာများအားဆရာဝန်အဘတ်ကို သင်ကြားပေးသောကျောင်းတစ်ကျောင်းကိုတည်ထောင်ဖွင့်လှစ်ရန်အထူးကြိုးစားရကြလေ၏။ လော့စ်အင်းဂျလစ် Los Angeles မြို့၌ မမဝိုက်ကို အောက်မေ့ဖို့ရန် ဆောက်လုပ်ထားသောဆေးရုံနှင့်စပ်ဆိုင်သောဆေးကောလိပ်ကျောင်းတစ်ကျောင်းကို ဖွင့်လှစ်ထားလေ၏။

၁၈၇၂ ခုနှစ်လောက်တွင် ကိုယ်ခန္ဓာကြီးပွားရေး၊ ပညာတိုးတက်ရေးနှင့်အကျင့်စာရိတ္တကောင်းမွန်တိုးတက်ရေးတို့တွင် ညီညွတ်စေဖို့ရန် သင်ကြားပေးသင့်သောပညာအကြောင်းကို မမဝိုက်သည်ရေးစပြု၏။ ၎င်းပြင် ဤကဲ့သို့သောပညာကိုသင်ကြားပေးရာ၌ ဘုရားသခင်၏နှုတ်ကပါဌ်တော်ကို ယုံကြည်အားကိုးရန်လိုကြောင်းကိုလည်း သူမကသတိပြုစေလေသည်။ ယခုအခါကမ္ဘာပေါ်တွင်အရပ်ရပ်တိုင်း၌ထောင်သောင်းမက များစွာသောကလေးသူငယ်များ၊ ယောကျ်ားကလေး၊ မိန်းကလေးများတို့သည် ခရစ်ယာန်ကျောင်းများတွင် ပညာသင်ကြားလျက်ရှိကြပါသည်။ ဤကျောင်းများတွင် သင်ကြားပြသသောဆရာ၊ ဆရာမများတို့သည် မမဝိုက်စာအုပ်များတွင် ရေးသားထားသောပညာသင်ကြားနည်းလမ်းများကိုလိုက်နာစောင့်ရှောက်လျက်ရှိနေကြပါသည်။

ယခုအခါတည်ရှိလျက်နေသည့်ကျန်းမာရေး၊ ပညာရေးနှင့်စပ်ဆိုင်သော ဤအဆောက်အအုံများမှာ မမဝိုက်၏အလုပ်အကိုင်တို့ကိုအောက်မေ့ဖို့ရာအဆောက်အအုံများပင်ဖြစ်သည်။ ၎င်းပြင် ကယ်တင်ရှင်ထံသို့ရောက်ရန်လမ်းကိုရှာဖွေရာ၌ မမဝိုက်ရေးသားထားသောအချက်များကိုဖတ်ရှုခြင်း၊ ကြားရခြင်းအားဖြင့်အကျိုးခံစားရသောသူများနှင့်ယုံကြည်ခြင်းကင်းမဲ့လျက် ယုံမျှားခြင်းများပြားသော ယခုကာလကြီး၌ ကောင်းမြတ်သောမြော်လင့်ခြင်းရှိသူများတို့သည်အဆောက်အအုံများထက်သာ၍မြင့်မြတ်သောအရာများဖြစ်သည်ဟု မမဝိုက်ကိုယ်တိုင်ပင်ပြောဆိုလိမ့်မည်ဟု ကျွန်ုပ်တို့သိရှိကြပါသည်။

မမဝိုက်၏အလုပ်အကိုင်နှင့်စပ်ဆိုင်၍အနည်းငယ်ဝမ်းနည်းဖွယ်ရာကောင်းသောအချက်တစ်ခုကိုလည်းဖေါ်ပြရလိမ့်ဦးမည်။ မိမိ၏အသင်းတော်သားများအားကြားပြောဖို့ရန် မမဝိုက်သည် ဆုံးမသြဝါဒစကားများကိုခံယူရရှိလေပြီ။ လူများတို့သည်အများအားဖြင့် ဤဆုံးမသြဝါဒစကားများကိုကောင်းမွန်စွာခံယူလျက် အကျိုးကျေးဇူးများကို ခံစားရကြပြီဖြစ်၍ ကျေးဇူးတင်လျက်ရှိကြ၏။ အချို့သောသူများတို့သည် ဤဆုံးမစကားများကို ကြားရသောအခါ နှစ်သက်ခြင်းမရှိ၊ မိမိတို့၏စိတ်သဘောအခြေအနေကိုပြောင်းလဲစေလိုသောဆန္ဒမရှိကြဘဲ ဤသတင်းစကားများကိုသာပြန်၍ခုခံငြင်းဆိုသည်သာမက ဆုံးမစကားကြားပြောသူကိုပင် ဆန့်ကျင်ဘက်ပြုလုပ်ကြလေသည်။ မမဝိုက်၏အလုပ်ကိုအမှုမထား ဂရုမစိုက်ဘဲကဲ့ရဲ့ပြစ်တင်သောရန်သူများ၊ ငြင်းဆန်သောသူများပေါ်လာသည်ကိုအံ့သြစရာမဟုတ်ပေ။ ထိုနည်းတူစွာပင်လူများတို့သည်အစဉ်သဖြင့် ပုရောဖက်တို့ကိုညှဉ်းဆဲခဲ့ကြလေပြီ။

ပုရောဖက်ဉာဏ်ကိုချပေးတော်မူခြင်းအကြောင်းကိုကျမ်းစာအားဖြင့်လည်းကောင်း၊ အကြောင်းအရာအတ္ထုပ္ပတ္တိအားဖြင့်လည်းကောင်း သိနားလည်လိုပါက 'ပုရောဖက်ဉာဏ်ကိုချပေးခြင်း" ဟူ၍ ခေါင်းစဉ်ပါရှိသောအခန်းကိုဖတ်ရှုကြည့်ကြလော့။ 'ပုရောဖက်အစစ်အမှန်နှင့်အတုအယောင်" ဟူ၍ ခေါင်းစဉ်တပ်ထားသောအခန်းကို ဖတ်ရှုခြင်းအားဖြင့် ပုရောဖက်ဉာဏ်ကိုမည်ကဲ့သို့နည်းအားဖြင့်ရရှိခြင်းအကြောင်း

နှင့်မမဝိုက်သည်ထိုပုရောဖက်ဉာဏ်ကိုရရှိကြောင်း၊ မဖျက်ဆီးနိုင်သော နှုတ်ကပါဠိတရားတော်အားဖြင့် ထင်ရှားစွာသက်သေခံအကြောင်းများ ကိုသိရှိကြလိမ့်မည်။

ဤစာအုပ်တွင်စာမျက်နှာများလွန်းမည်ကိုစိုးရိမ်သဖြင့် မမဝိုက်ကိုယ်တိုင်ရေးသားသော အကြောင်းအရာ အတ္တုပ္ပတ္တိ၏ စာပိုဒ်များ အကြားတွင်အချို့နေရာ၌အချုပ်အားဖြင့်ရေးသားဖေါ်ပြထားသောစာ ပိုဒ်များကိုထည့်သွင်းရလေသည်။ ၎င်းပြင်အဓိပ္ပါယ်မရှင်းသောနေရာ၌ ကောင်းစွာနားလည်စေခြင်းငှါ မှတ်ချက်များကိုလည်း ရေးသားထား ပါသည်။ ထပ်၍ထည့်ရသောစာပိုဒ်များ၊ မှတ်ချက်များကို မမဝိုက်၏ စာအုပ်များကို အုပ်ထိန်းကြည့်ရှုရသော ဆရာကြီးများကစီမံထည့်သွင်း လေသည်။ ( မမဝိုက်ကိုယ်တိုင်မရေးသားသောအချက်များကို (ကွင်းခတ် ခြင်း) များဖြင့်ရိုက်နှိပ်ထားသည်။ ) အချို့နေရာများ၌ ရှည်သောအခန်း များကို တိုအောင်ချုပ်၍ရေးသားထားပေသည်။

ပုံနှိပ်ထုတ်ဝေသူများ

--*--

အခန်း ၁

## မိဘမျိုးရိုးနှင့်ကလေးအရွယ်

(အမေရိကန်ပြည်၊ မိန်းနှယ်ရှိ ပေါ့တလန်မြို့၏အနောက်ဘက် ဆယ်မိုင်ကွာသောဂိုဟမ်ရွာတစ်ရွာရှိရောဘတ်ဟာရ်မန်နှင့်ယူနစ်ဟာရ်မန်တို့၏အိမ်ထောင်တွင်သားသမီးရှစ်ယောက်ရှိပါ၏။ ၎င်းတို့အနက်အယ်လင်နှင့်သူမ၏ညီမအယ်လီဇဘက်တို့သည် အငယ်ဆုံးအမွှာညီအစ်မဖြစ်ကြလေသည်။ ဤအမွှာကလေးများငယ်ရွယ်စဉ်အခါကပင် ဟာရ်မန်၏အိမ်ထောင်သားတစ်စုတို့သည် ပေါ့တလန်မြို့သို့ ပြောင်းရွှေ့သွား၍ ဖခင်ဖြစ်သူရောဘတ်ဟာရ်မန်သည် ဦးထုတ်လုပ်ငန်းကိုပြုလုပ်လေ၏။

ရောဘတ်ဟာရ်မန်သည် ရိုးသားဖြောင့်မတ်၍ ဘုရားတရားကိုရိုသေကိုင်းညွတ်သော ခရစ်ယာန်တစ်ယောက်ဖြစ်လေသည်။ သူ၏ဇနီးသည်လည်းဘုရားတရားကိုရိုသေ၍ ချစ်ခင်နှစ်သက်ဖွယ်သဘော သဘောနှင့်ပြည့်စုံသည့်အပြင် ဆင်းရဲသောသူများ၊ ဒုက္ခရောက်သောသူများကို မစကူညီမှုကိစ္စအဝဝတို့တွင် မကြာခဏပါဝင် ဆောင်ရွက်တတ်သော အမျိုးသမီးကြီးတစ်ဦးဖြစ်ပါသည်။ နှစ်ဦးစလုံးတို့သည် မက်သဒစ် အသင်းသားများဖြစ်၍ အပြစ်ရှိသူများအားပြောင်းလဲစေဖို့ရန်နှင့်ဘုရားသခင်အတွက်အသင်းတော်တိုးပွားရန် ထိုအသင်းတော်တွင် ထင်ထင်ရှားရှားအမှုတော်ကိုကြိုးစား၍ ဆောင်ရွက်ခဲ့သောသူများ ဖြစ်ကြပါသည်။ သူတို့သည်အနှစ်လေးဆယ်တိုင်တိုင် ဤအသင်းတော်တွင်ရှိနေကြသည်။ ထိုအခါအတွင်း၌ သူတို့၏သားသမီးများအားလုံးပင်စိတ်နှလုံးပြောင်းလဲလျက် ဘုရားသခင်ကိုလက်ခံသောသူများဖြစ်ကြသည်ကိုတွေ့မြင်ရကြလေ၏။

သူတို့သည်ဆင်းရဲကြသော်လည်း လုံ့လဝီရိယရှိလျက် ကိုယ့်ဒူးကိုယ်ချွန်သောသူများဖြစ်ကြလေသည်။ နယူးအင်္ဂလန်နယ်ရှိ ရှေးကလူများတို့သည် ဘုရားတရားကိုရိုသေခြင်း၊ လူကြီးမိဘ၏သြဇာကိုနာခံခြင်း အကျင့်ဓလေ့များရှိကြသဖြင့် ထင်ရှားကောင်းမြတ်သောပါရမီများနှင့်

ပြည့်စုံသည့်အလျောက် လောကတွင် အမြင့်မြတ်ဆုံးသော လူကြီးလူကောင်းများကိုဖြစ်စေသည့် လုံ့လဝီရိယရှိခြင်း၊ ဖြောင့်မတ်ရိုးသားခြင်း အကျင့်ဓလေ့များကို ထိုမိဘနှစ်ဦးတို့သည် ပုံသက်သေအားဖြင့်လည်းကောင်း၊ ကျင့်ဝတ္တရားများအားဖြင့်လည်းကောင်း သင်ကြားရကြလေပြီ။

မိဘနှစ်ဦးစလုံးပင် ကိုယ်ခန္ဓာကျန်းမာလျက် သန်မာခိုင်ခံ့သောကိုယ်ကာယများရှိသူများဖြစ်ကြ၍ သားသမီးများတို့သည်လည်း မိဘများကဲ့သို့ကာယဗလနှင့်ပြည့်စုံကြသည့်အပြင် မိခင်ကဲ့သို့အမှုကိစ္စအဝဝတို့တွင်ဖျတ်လတ်လျင်မြန်၍ ကောင်းမြတ်သောအကျင့်စာရိတ္တရှိလျက်အခြားသောအမှုကိစ္စများတွင်ပါဝင်ဆောင်ရွက်တတ်သောသူများဖြစ်ကြ၏။

## ဆိုးရွားသောကံကြမ္မာကြီး

(အယ်လင်သည်ကာယဗလ၊ ဉာဏဗလတွင်လျင်မြန်စွာတိုးတက်၊ ထက်မြက်လာသောသူဖြစ်ပေသည်။ သူမသည်ငယ်ရွယ်စဉ်အခါကပင် စာရေး၊ စာဖတ်ဝါသနာပါသူဖြစ်၍ အလွယ်တကူနှင့်သိမှတ်တတ်ပြီး လျှင် မှတ်ဉာဏ်ကောင်းသောသူဖြစ်လေသည်။ သူမသည်ရွှင်လန်း၍ အမြော်အမြင်နှင့်ပြည့်စုံလျက် ဖော်ရွေတတ်သောမိန်းမကလေးဖြစ်လေသည်။ ၎င်းပြင် ရဲရင့်တည်ကြည်၍ လုံ့လဝီရိယရှိသောသူလည်းဖြစ်ပေသည်။ ထို့ကြောင့်သူမ၏မိဘများကလည်း သူ့အားအထူးဂရုစိုက်လျက် သူ့အတွက် ရှေ့အဖို့များစွာပင်မျှော်လင့်ချက်ရှိကြလေသည်။

သို့ရာတွင် ကိုးနှစ်အရွယ်သို့ရောက်သောအခါ ဝမ်းနည်းဖွယ်ရာသောအကြောင်းတစ်ခု ရုတ်တရက်ဖြစ်ပေါ်လာသဖြင့် သူ့အဖို့နောင်ဘာမျှစိတ်ပျော်ရွှင်ဖွယ်ရာကောင်းသောအခွင့်များမရှိတော့ချေ။ သူမ၏ ကျောင်းနေဖက် အဖော်တစ်ယောက်သည် သူ့အားစိတ်ဆိုးသဖြင့် ကျောက်ခဲ တစ်လုံးနှင့် ပေါက်လိုက်ရာ နှာခေါင်းကို ထိမှန်သဖြင့် နှာခေါင်းရိုးကျိုးသွားလေ၏။ ထိုဝေဒနာကြောင့်ရုပ်ပျက်သွားသည်သာမက သေလောက်အောင်ပင်မမာမကျန်းဖြစ်၍ ဤရောဂါအတွက်ကြောင့်

နှစ်ပေါင်းများစွာပင် ဒုက္ခအမျိုးမျိုးကိုခံစားလျက်နေရလေသည်။ သူမသည်အိပ်ရာထဲ၌လူသေကဲ့သို့ကြာရှည်စွာအပ်နေရ၍ နောက်ဆုံး၌ကျန်းမာလာသောအခါ သူမသည် ကံကြမ္မာဆိုးရွားသောသူတစ်ယောက်ဖြစ်ကြောင်းကိုသိရှိလာလေ၏။

## အသက်တာတွင်မျှော်လင့်ချက်မရှိခြင်း

အယ်လင်သည် အသက်အရွယ် ငယ်ပင်ငယ်ငြားသော်လည်း အသက်တာတွင်ရှေ့အဖို့မျှော်လင့်စရာအကြောင်း မရှိတော့ချေဟု မိဘများကဲ့သို့ပင်ရိပ်မိသိရှိ၍ ဝမ်းနည်းစိတ်ပျက်လေ၏။ ဖျတ်လတ်လျင်မြန်သန်မာ၍ မိမိကိုယ်ကိုသာအားကိုးပြီးလျှင် ပျော်ရွှင်စွာနှင့်နေတတ်သော မိန်းမကလေးဖြစ်ရမည့်အစား သူမသည်အင်အားနွမ်းရိလျက်ကြောက်ရွံ့တတ်၊ ရှက်တတ်၍ညှိုးငယ်သဓော မိန်းကလေးဖြစ်သွားလေ၏။ သို့ရာတွင် သူမ၏မြင့်မြတ်သောစိတ်သဘောအခြေအနေသည် ပြောင်းလဲပျက်စီးသွားသည်မဟုတ်၊ အသက်တာတွင် လူအများကဲ့သို့ ပျော်ရွှင်စရာအခွင့်များကို ခံစားဖို့ရန် မျှော်လင့်ခြင်း မရှိတော့သဖြင့် သူမသည် အထက်ကောင်းကင်နှင့်သက်ဆိုင်သော ဝမ်းမြောက်ဖွယ်ရာအကြောင်းများကိုအရေးယူဂရုပြုလာလေ၏။ မိမိသည် အလွန်ပင်အထိအခိုက်ခံလွယ်၊ စိတ်နာလွယ်သည်ကို မိမိကိုယ်တိုင်ရိပ်မိသိရှိသည်ဖြစ်၍ အသက်တာ၌ မိမိခံစားရမည့်ဒုက္ခဆင်းရဲခြင်း၊ စုံစမ်းနှောင့်ယှက်ခြင်းများကို သည်းခံနိုင်၍ လောကတွင်သင့်လျော်စွာ နေထိုင်အသက်ရှင်လျက် နောင်ကောင်းကင်နိုင်ငံတော်အဖို့ အသင့်ပြင်ဆင်နိုင်မည်အကြောင်း ဘုရားသခင်ထံတော်မှကရုဏာကျေးဇူး၊ တော်များကိုမည်မျှလောက်မိမိ၌လိုကြောင်းကိုသူမသည် ဤမျှငယ်ရွယ်နုပျိုစဉ်အခါတွင်ပင် အတော်အတန်သိရှိနားလည်လေသည်။ ခရစ်တော်ကိုလည်း စိတ်နှလုံးပါလျက်ယုံကြည်အားထားပြီးလျှင် ဘုရားတရားကိုကြည်ညို၍ ဘုရားဝတ်ပြုကိုးကွယ်ရေးတွင်လည်းများစွာ စိတ်ပါဝင်စားလာသော မိန်းမကလေးတစ်ယောက်ဖြစ်ကြောင်းကိုလူအပေါင်းတို့ရှေ့တွင် ထင်ရှားကျော်စောလာလေ၏။ မိမိကိုယ်တိုင်ရေးထားသောအချက်မှာ)့

တစ်သက်ပတ်လုံးကျွန်ုပ်ခံစားရမည့်ဒုက္ခကို စဥ်းစားကြည့်သော အခါ၌အလွန်ပင်စိတ်ပျက်စရာကောင်းပါသည်။ ကျွန်ုပ်၏အသက်တာတွင် ဘာမျှပျော်ရွှင်စရာ အကြောင်းများကို မမြင်ရတော့ချေ။ ကျွန်ုပ်သည် အသက်ရှင်လျက်ပင်မနေလိုတော့ပါ။ သို့သော် ပြင်ဆင်ခြင်းမရှိသေးသဖြင့် သေဖို့ရန်လည်း ကြောက်ရွံ့ပါသည်။ မိတ်ဆွေများတို့သည် ကျွန်ုပ်၏ မိဘများထံအလည်အပတ် လာသောအခါ ကျွန်ုပ်ကိုကြည့်ရှုလျက်သနားသောကြောင့်ကျွန်ုပ်ကိုကျောက်ခဲနှင့်ပစ်လိုက်၍ ဒုက္ခရောက်အောင်ပြုလုပ်ခဲ့သော ထိုမိန်းမကလေး၏ဖခင်ကိုတရားစွဲဆိုရန်အကြံပေးကြပါသည်။ သို့ရာတွင် ကျွန်ုပ်၏မိခင်သည် ငြိမ်သက်ခြင်းကို နှစ်သက်သောသူဖြစ်ပါသည်။ သူမကအကယ်၍ ဤကဲ့သို့တရားစွဲဆိုခြင်းအားဖြင့် ကျွန်ုပ်အားကျန်းမာလာစေ၍နဂိုရုပ်ကိုဖြစ်ပေါ်လာစေနိုင်ပါက အကျိုးရှိပါသေးသည်။ သို့သော် မဖြစ်နိုင်သောအရာဖြစ်၍ ရန်သူမလုပ်ဘဲ အေးချမ်းငြိမ်သက်စွာနေခြင်းက ကောင်းပါသည်ဟု ပြောဖူးပါသည်။

## သေခြင်းကိုတောင့်တခြင်း

ဤအခါ၌ကျွန်ုပ်အားသေဖို့အခွင့်ပေးရန်ကျွန်ုပ်သည်ဘုရားသခင်အားဆုတောင်းမိပါသေးသည်။ ခရစ်ယာန်မိတ်ဆွေများတို့သည် ကျွန်ုပ်တို့ထံသို့ အလည်လာကြသောအခါ သူတို့ကမိခင်အား မိခင်သည်ကျွန်ုပ်အားသေဖို့ရန် အသင့်ရှိသည်မရှိသည်ကို မမေးဘူးလား၊ မပြောကြည့်ဘူးလားဟူ၍ မေးကြပါသည်။ ဤစကားများကိုကြားမိရသဖြင့်ကျွန်ုပ်စိတ်ထဲ၌ များစွာပင် ထကြွလှုပ်ရှားခြင်းဖြစ်လာပါသည်။ ကျွန်ုပ်သည်ခရစ်ယာန်တစ်ယောက်ဖြစ်လို၍ ကျွန်ုပ်၏အပြစ်များကို ဖြေလွှတ်တော်မူရန် ကျွန်ုပ်စိတ်အားကြီးစွာဆုတောင်းပါသည်။ ဤကဲ့သို့ပြုခြင်းအားဖြင့်စိတ်ငြိမ်သက်ခြင်းအခွင့်ကိုကျွန်ုပ်ခံစားရ၍လူတိုင်းကိုချစ်ခင်သဖြင့်ကျွန်ုပ်ကဲ့သို့အားလုံးသောလူအပေါင်းတို့သည် အပြစ်လွှတ်ခြင်းအခွင့်ကို ခံရလျက် သခင်ယေရှုကိုချစ်ခင်ကြစေရန် ကျွန်ုပ်များစွာအလိုဆန္ဒရှိလာလေသည်။

ကျွန်ုပ်သည်တဖြည်းဖြည်းခွန်အားကိုရလာပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ သူငယ်ချင်းမိတ်ဆွေများနှင့်အတူတကွ ကစားနိုင်သောအခါ

အများသောမိတ်ဆွေသူငယ်ချင်းများတို့သည် ရုပ်ရည်အဆင်းကိုအရေး ယူတတ်ကြကြောင်းကို ကျွန်ုပ်ကောင်းစွာသိရှိလာလေ၏။ ကျွန်ုပ်၍ဖြစ် ပျက်သော နှာခေါင်းရိုးကျိုးခြင်းတည်းဟူသော ဒုက္ခကိုခံရစဉ်အခါ၌ ကျွန်ုပ်၏ဖခင်သည် ဂျော်ဂျီယားနယ်သို့ခရီးသွားလျက် ရှိနေပါသည်။ သူပြန်လာသောအခါ ကျွန်ုပ်၏အစ်ကိုများ၊ အစ်မများကိုနှုတ်ဆက်ပြီး နောက် ကျွန်ုပ်ဘယ်မှာလဲဟုမေးလေ၏။ မိခင်သည်ပုန်းနေသောကျွန်ုပ် အားလက်ညှိုးထိုး၍ပြသဖြင့်ကျွန်ုပ်သည်ရှက်ကိုးရှက်ကန်းဖြစ်၍ နေလေ ၏။ ဖခင်လည်း ကျွန်ုပ်ကိုပင်မမှတ်မိတော့ချေ။ လအနည်းငယ်ကြာက သူထွက်သွားစဉ်အခါ ကျွန်ုပ်သည် ကျန်းမာရွှင်လန်းလျက် နေသော ကလေးသူငယ်ဖြစ်သော်လည်း ယခုမှာရုပ်ရည်တစ်မျိုး ပြောင်းလဲနေ သဖြင့် သူသည် ကျွန်ုပ်အား မိမိ၏သမီးကလေး အယ်လင်ဖြစ်သည်ဟု ထင်မှတ်ဖို့ရန် ခဲယဉ်းလေ၏။ ဤအတွက်ကြောင့် ကျွန်ုပ်သည်အလွန်ပင် စိတ်ပျက်သော်လည်း မျက်နှာ၌ကား ရွှင်ပျသောလက္ခဏာကိုပြဖို့ရန်ကြိုး စားပါသည်။

## ကျောင်းနေရန်ကြံစည်ခြင်း

(အယ်လင်သည်နှစ်နှစ်ပတ်လုံး မစွမ်းမသန် အားအင်နည်းပါး လျက်နေလေ၏။ သူမသည်နှာခေါင်းဖြင့်အသက်မရှူနိုင်ချေ။ သို့ရာတွင် သူမသည်စာသင်ဖို့ရန်စိတ်ပါသဖြင့် ကျောင်းနေရန် မကြာခဏကြံစည် လေ၏။ သို့သော် သူမ၏အကြောအခြင်းများကိုများစွာပင်ထိခိုက်သော ကြောင့် သူမသည်စာများကို ကောင်းစွာ လေ့ကျက်ဖို့ရန် အလွန်ပင် ခဲယဉ်း၍ သင်ကြားပြီးသောစာများကိုလည်း မမှတ်မိနိုင်ဘဲ ရှိလေ၏။ ထိုကြောင့်သူမ၏ကျောင်းဆရာများနှင့်မိဘများက သူ့အားကျောင်းမှာ ဆက်လက်၍ထားလျှင် အကျိုးမရှိကြောင်းကိုသိရှိကြ၍ သူမကောင်းစွာ ကျန်းမာလာသည်တိုင်အောင် သူမအားကျောင်းမှထွက်နေစေလိုကြ၏။ ထိုနောက်တစ်ဖန်ကျောင်းနေရန်ကြိုးစားပြန်လေ၏။ သို့ရာတွင်ကျောင်း မှာနေလျှင်သူမ၏အသက်ကိုပင်ထိခိုက်မည်ကိုစိုးရိမ်စရာအကြောင်းထင် ရှားလာသဖြင့် ကျောင်းနေဖို့ရန် လုံးလုံးစိတ်လျှော့လိုက်ရလေ၏။ တစ် ဆယ့်နှစ်နှစ်အရွယ် ရောက်သည့်တိုင်အောင် ကျောင်းမနေရတော့ချေ။

ဤကဲ့သို့ပညာသင်ကြားခွင့်မရခြင်းသည် သူမခံစားရသောဒုက္ခများတွင် အကြီးဆုံးပင်ဖြစ်သည်ဟူ၍ သူမသည်ထင်မှတ်နေလေ၏။ ဤအကြောင်းနှင့်စပ်ဆိုင်၍ဖေါ်ပြထားသည်မှာ)-

ကျွန်ုပ်သည်ကျောင်းမနေရတော့ဘဲပညာသင်ကြားဖို့ မျှော်လင့်စရာမရှိတော့ကြောင်းကို သိရှိရသောအခါ ကျွန်ုပ်သည်အလွန်ပင်စိတ်ပျက်ပါသည်။ ကျွန်ုပ်မှာကား ပညာသင်ကြားဖို့အလွန်ပင်စိတ်အားကြီးပါသည်။ သို့ရာတွင် ဤကဲ့သို့ စိတ်လုံးလုံး ပျက်စရာ အချက်များကိုတွေ့ရ၍ တစ်သက်ပတ်လုံးမသန်မစွမ်း၊ ခွန်အားနည်းလျက် နေရမည့်အဖြစ်ကိုတွေးမိသောအခါ၌လည်းအလွန်ပင်စိတ်ဆင်းရဲခြင်းဖြစ်မိပါသည်။ ဘုရားသခင်သည် ကျွန်ုပ်အား အဘယ်ကြောင့် ဤကဲ့သို့ ဒုက္ခများရောက်စေပါသနည်းဟု တစ်ခါတစ်ရံ ညည်းညူမိပါသေးသည်။ မကျန်းမမာစဉ်အခါက ခရစ်တော်ကို ယုံကြည်အားထားခဲ့သောစိတ်များသည်လည်း ပျောက်ကွယ်သွားလေ၏။ လောကမှာ ကျွန်ုပ်အဖို့ ဘာမျှပျော်ရွှင်စရာအကြောင်းကိုမမြင်တော့ချေ။ ၎င်းအပြင် ကောင်းကင်ချမ်းသာကိုလည်း ကျွန်ုပ်သည်ခံစားရတော့မည်မဟုတ်ဟုထင်မြင်မိပါသည်။

--*--

အခန်း ၂

# ဘုရားဝတ်၊ တရားဝတ်နှင့်သက်ဆိုင်၍ ထကြွနိုးကြားလှုပ်ရှားခြင်း

(နယူးယောက်နယ်၊ လိုဟမ်တန်မြို့တွင် နေထိုင်သော ဝီလျံမီးလား ဆိုသူတစ်ယောက်သည် အနာဂတ္တိကျမ်းများကို လေ့ကျက်ဖတ်ရှုခြင်းအားဖြင့် ယေရှုခရစ်သည် မိမိ၏ကတိတော် (ယော၊ ၁၄း၁-၃) အတိုင်း ၁၈၄၄ ခုနှစ်လောက်တွင် ဤမြေကြီးပေါ်သို့ တစ်ဖန် ကြွလာတော်မူလိမ့်မည်ဟု ယုံကြည်လျက် အများသောသူတို့အား ဟောပြောလေ၏။ မီးလားသည် အဘယ်ကြောင့် ဤကဲ့သို့ ယုံကြည်ကြောင်း ဤစာအုပ်ထဲတွင် တွေ့ရှိရကြပါလိမ့်မည်။)

၁၈၄၀ ပြည့်နှစ်၊ မတ်လတွင် ဝီလျံမီးလားသည် အမေရိကန်ပြည်၊ မိန်းနယ်၊ ပေါ့တလန်မြို့သို့ အလည်အပတ်ရောက်လာ၍ ခရစ်တော်ဒုတိယအကြိမ် ကြွလာတော်မူမည့်အကြောင်းကို ရက်အနည်းငယ်ကြာ နေ့စဉ်မရပ်မနား ဟောပြောလေ၏။ ဤတရားဟောချက်များကို လူများတို့သည် အလွန်ပင် နှစ်သက်သဘောကျကြသဖြင့် တရားဟောပြောသောတရားဇရပ်မှာလည်းနေ့ညဉ့်မပြတ်လူများနှင့်ပြည့်ကျပ်လျက်ရှိလေ၏။ ကြားရသောသူတို့၏စိတ်နှလုံး၌ များစွာပင် ထိခိုက်ခြင်းဖြစ်၍ အားလုံးသောသူတို့သည် ကြည်ညိုသောစိတ်နှင့် နားထောင်ကြလေ၏။ မြို့ထဲတွင်ရှိသောသူများသာမက အနီးအနားရှိ ရွာများမှပင် လူများတို့သည်  နေ့ညဉ့်မပြတ် လာရောက် နားထောင်ကြလေသည်။ သူတို့သည် စားစရာများကိုပါ တစ်ခါတည်း ယူဆောင်လာ၍ နံနက်ကစ၍ ညနေတိုင်အောင် တစ်နေ့လုံး လာရောက်နေကြလေ၏။

ကျွန်ုပ်သည်လည်း ကျွန်ုပ်၏မိတ်ဆွေများနှင့်အတူ ဤစည်းဝေးများသို့ သွားရောက်၍ တရားဟောချက်များကို နားထောင်ပါသည်။ မစ္စတာမီးလားသည် အနာဂတ္တိစကားများကို သေသေချာချာ အနတ်အဓိပ္ပါယ်ဖွင့်ပြသဖြင့်ကြားနာရသော သူတို့သည် မယုံကြည်ဘဲ မနေနိုင်

ကြချေ။ သူသည် အနာဂတ္တိစကားနှင့် စပ်ဆိုင်သော အချိန်ကာလများကို သက်သေသာဓကနှင့်တကွ သေချာစွာ ရှင်းလင်းဖေါ်ပြလေသည်။ ထိုနောက် အသင့်ပြင်ဆင်ခြင်းမရှိသော သူတို့အား တိုက်တွန်းနှိုးဆော်ဆုံးမစကားများကို တည်ကြည်စွာဟောပြောသဖြင့် လူပရိသတ်တို့မှာ များစွာပင် အံ့အားသင့်လျက်နေကြလေ၏။

အပြစ်ရှိသော သူများတို့သည် ကယ်တင်ရှင်ကို လက်ခံဖို့ရန် အခွင့်ရ၍ များမကြာမီဖြစ်ပျက်လိမ့်မည် ဖြစ်သောကြောက်စရာကောင်းသည့် အချိန်ကာလကြီးအတွက် အသင့်ပြင်ဆင်ခွင့် ရနိုင်ရန် ၎င်းလူများအတွက် အထူးစည်းဝေးများ ကိုလည်း ပြုလုပ်သေးသည်။ တစ်မြို့လုံး ဤတရားစကားများကို ကြားရ၍ ယုံကြည်လျက် ကြောက်ရွံ့တုန်လှုပ်ကြလေ၏။ ခရစ်တော်ကြွလာတော်မူမည့်အချိန်သည် နီးကပ်လျက် ရှိပြီဟူသော တရားဟောချက်အားဖြင့် စိတ်နှလုံးထဲ၌ ထိခိုက်ခြင်း ဖြစ်ကြသောကြောင့် ဆုတောင်းစည်းဝေးများကို ပြုလုပ်ကြလျက် ဘာသာတရားနှင့် စပ်ဆိုင်၍ လူအသီးသီး အမျိုးမျိုးတို့သည် နိုးကြားလာကြလေ၏။

အပြစ်ရှိသော သူများတို့အား ရှေ့ထိုင်ခုံများသို့ လာရောက်ရန် ခေါ်သောအခါ လူပေါင်းရာကျော်မက လာရောက်ကြလေ၏။ ကျွန်ုပ်လည်း ကျန်ရစ်ခဲ့သော ပရိသတ်အထဲမှထ၍ သူတို့နှင့်အတူ သွားရောက်၍ ထိုင်နေလေ၏။ သို့သော်ကျွန်ုပ်၏စိတ်ထဲ၌ ကျွန်ုပ်သည် ဘုရားသခင်၏သမီးဟုဘယ်တော့မျှ အခေါ်မခံထိုက်ဟု အောက်မေ့မိပါသည်။ ကျွန်ုပ်သည် ခရစ်တော်၌ရှိသော ငြိမ်သက်ခြင်းကို ရဖို့ရန် မကြာခဏကြိုးစား၍ ရှာဖွေခဲ့သော်လည်း ကျွန်ုပ် အလိုရှိသည့်အတိုင်း အပြစ်တရားမှ ကင်းလွတ်ခြင်းချမ်းသာကိုရပြီဟု ကျွန်ုပ်မထင်ပါ။ ကျွန်ုပ်၏စိတ်ထဲ၌ အလွန်တရားပင်ဝမ်းနည်းခြင်းဖြစ်လျက်ရှိနေပါသည်။ ကျွန်ုပ်အား အဘယ်အရာက ဝမ်းနည်းအောင်ပြုလုပ်နေသည်ကိုလည်း ကျွန်ုပ်စဉ်းစား၍ မရနိုင်ပါ။ သို့သော်လည်းကျွန်ုပ်သည် ကောင်းကင်နိုင်ငံတော်ထဲသို့ ဝင်ဖို့ရန်မထိုက်၊ ကျွန်ုပ်၌လည်း ဝင်ဖို့ရန် အကြောင်းအလျှင်းမရှိဟု ထင်မှတ်ပါသည်။

ကျွန်ုပ်ကိုယ်ကို ကျွန်ုပ် မယုံကြည် စိတ်မချသည့်အပြင် ကျွန်ုပ်၏ စိတ်ထဲ၌ရှိသော အရာကို မည်သူမျှ သိနားလည်လိမ့်မည် မဟုတ်ဟု ကျွန်ုပ်ထင်မှတ်လျက် ရှိနေသဖြင့် ကျွန်ုပ်သည် ကျွန်ုပ်၏ ခရစ်ယာန်မိတ်ဆွေများအား ဘာမျှမတိုင်ပင်၊ သူတို့ထံမှလည်း အကြံဉာဏ်ကို မတောင်းပါ။ ထိုကဲ့သို့ပင် ကျွန်ုပ်သည် မှောင်မိုက်ထဲတွင် တဝဲလည်လည်ရှိနေသော သူကဲ့သို့ ဘာမျှ မသိနားမလည်ဘဲ စိတ်ပျက်လျက် ရှိနေလေသည်။ ကျွန်ုပ်၏ မိတ်ဆွေများလည်း ကျွန်ုပ်၏ အတွင်းစိတ်သဘောကို မသိနိုင်ကြသောကြောင့် ကျွန်ုပ်၏စိတ်ထဲ၌ မည်ကဲ့သို့ဖြစ်ပျက်နေသည်ကို အနည်းငယ်မျှ မရိပ်မိကြတော့ချေ။

## ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်နိုင်ကြောင်း

နွေဥတုရောက်သောအခါ ကျွန်ုပ်၏ မိဘများသည် ကျွန်ုပ်ကို ခေါ်လျက် မိန်းနယ်၊ ဘတ်(ကစ)တန်မြို့၌ ပြုလုပ်သော မက်သဒ္ဒိဂိုဏ်း၏အစည်းအဝေးကြီးတစ်ခုသို့သွားရောက်ကြလေ၏။ ၎င်းအစည်းအဝေးကို ရွက်ထည်ဖြင့် ပြုလုပ်သော ယာယီတဲကြီး တစ်ခုတွင် ပြုလုပ်လေ၏။ ကျွန်ုပ်သည် ထိုနေရာသို့ ရောက်လျှင် ထာဝရဘုရားကိုကြိုးစား၍ရှာပြီးလျှင် ကျွန်ုပ်၏အပြစ်များကို လွှတ်တော်မူရန် ဘုရားသခင်အားတောင်းလျှောက်မည်ဟု လုံးလုံးစိတ်ပြဋ္ဌာန်းလေ၏။ ကျွန်ုပ်သည် ခရစ်ယာန်တို့ မျှော်လင့်သောအရာနှင့် ယုံကြည်ခြင်းအားဖြင့် ရရှိနိုင်သော ငြိမ်သက်ခြင်းကို အလွန်ပင် တောင့်တလျက်ရှိပါသည်။

'ရှင်ဘုရင်ထံသို့ဝင်မည်၊ သေလျှင်အသေခံပါမည်" (ဧသတာ၊ ၄း၁၅) ဟူသော တရားဟောချက်ကို ကြားရသောအခါ ကျွန်ုပ်သည် များစွာပင် အားတက်လာလေ၏။ ထိုကျမ်းချက်ကို အမှီပြု၍ တရားဟောသောသူသည် အပြစ်လွှတ်ခြင်းအခွင့်ကိုခံရ၍ ခရစ်တော်၏ ချစ်ခြင်းမေတ္တာတော်ကိုလက်ခံရန်မျှော်လင့်လျက်ရှိသော်လည်းမအောင်မြင်မည်ကို စိုးရိမ်ရှက်ကြောက်သဖြင့် ယုံမှားခြင်း ရှိသောသူတို့အကြောင်းကို ရည်ဆောင်၍ သတိပေးနှိုးဆော်လေ၏။ ဤကဲ့သို့သော သူတို့အား မိမိကိုယ်ကို ဘုရားသခင်၏လက်တော်ထဲသို့လုံးလုံးအပ်နှံ၍

နှောင့်နှေးခြင်းမရှိဘဲ ဘုရားသခင်၏မဟာကရုဏာတော်ကို လက်ခံရန် သူက အကြံပေးလေ၏။ ရှင်ဘုရင်အာရွှေရုသည် ဧသတာအားမျက်နှာ သာပေးသကဲ့သို့ ကရုဏာတော်နှင့် ပြည့်စုံတော်မူသော ကယ်တင်ရှင် သည်လည်း သူတို့အား ကရုဏာတော်လှံတံကို ကမ်းလှမ်းတော်မူလိမ့် မည်။ အပြစ်ရှိသောသူတို့ ပြုအပ်သောအမှုမှာကား ဘုရားသခင်၏ရှေ့ တော်၌ တုန်လှုပ်လျက်၊ ယုံကြည်ခြင်းရှိလျက် လက်ကိုဆန့်၍ ကရုဏာ တော်လှံတံကို ထိကိုင်ဖို့ရန်ပင် ဖြစ်သည်။ ဤကဲ့သို့ထိကိုင်ခြင်းဖြင့် အပြစ် လွတ်ခြင်းအခွင့်ကို အမှန်ရ၍ ငြိမ်သက်ခြင်းချမ်းသာကို မုချခံစားရလိမ့် မည်။

ဘုရားသခင်မိန့်တော်မူသော ကတိတော်များကိုမခံမယူသေးဘဲ ဘုရားသခင်ထံတော်၌မျက်နှာရဖို့ရန် စောင့်ဆိုင်း၍ ကုသိုလ်ရဖို့ကြိုးစား လျက်နေသောသူတို့သည် အသက်ဆုံးရှုံး စေလောက်သော အမှားကြီး ကို ပြုနေကြသည်သာတည်း။ ယေရှုတစ်ပါးတည်းသာ အပြစ်များနှင့် ကင်းစင်တော်မူသည်ဖြစ်၍ကိုယ်တော်သာလျှင်ကျွန်ုပ်တို့၏အပြစ်များကို ဖြေလွှတ်နိုင်တော်မူပါသည်။ ကိုယ်တော်ထံသို့ယုံကြည်ခြင်းနှင့်လာသော သူတို့၏ဆုတောင်းခြင်းကိုနားညောင်းတော်မူ၍ တောင်းလျှောက်သည့် အတိုင်း ခွင့်ပြုတော်မူမည်ဟု ကိုယ်တော်သည် ကတိထားတော်မူပါ သည်။ အများသောသူတို့က မိမိတို့သည်ဘုရားသခင်ရှေ့တော်၌ မျက်နှာ ရရန် ထူးခြားသော ကုသိုလ်ကောင်းမှုများ၊ ကိုယ်ကျင့်တရားများကို ပြုကျင့်သင့်သည်ဟူ၍ မှားသောအယူဝါဒ အထင်အမြင်ရှိကြပါသည်။ သို့ရာတွင် မိမိကိုယ်ကိုသာ အားကိုးအားထားပြုခြင်းသည် အချည်းနှီး သက်သက် အကျိုးမရှိသောအရာ ဖြစ်ပေသည်။ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်နှင့်ဆက်ဆံမှသာ အပြစ်ရှိသောသူသည် ဘုရားသခင်၏သား သမီးဖြစ်လာ၍ ယုံကြည်ခြင်း၊ မြော်လင့်ခြင်းနှင့် ပြည့်စုံသောသူ ဖြစ်လာ လေ၏။

ဤစကားများအားဖြင့် ကျွန်ုပ်သည် စိတ်သက်သာခြင်းကို ရ၍ ကျွန်ုပ်သည်ကယ်တင်ခြင်းကိုရရန် မည်ကဲ့သို့ ပြုလုပ်ရမည်ကို ထင်ရှားစွာ သိမြင်လာလေ၏။

ယခုမှ ကျွန်ုပ်သည် သာ၍ကောင်းမွန် ရှင်းလင်းစွာ ကျွန်ုပ်၏ အကြောင်းကို သိမြင်လာ၍ ကျွန်ုပ်၏ယုံမှားခြင်း တည်းဟူသောမှောင် မိုက်သည် ကွယ်ပျောက်သွားလေပြီ။ ကျွန်ုပ်၏ အပြစ်လွှတ်ဖို့ရန် ကျွန်ုပ် သည် စိတ်ပါစွာနှင့် ထာဝရဘုရားကိုရှာဖွေ၍ကျွန်ုပ်ကိုယ်ကိုကျွန်ုပ်ဘုရား သခင်၏ လက်တော်ထဲသို့ လုံးလုံးအပ်နှံရန် ကြိုးစားပါသည်။ ဘုရား သခင်သည် ကျွန်ုပ်ကိုလက်ခံတော်မူလျှင် ကျွန်ုပ်၏စိတ်နှလုံးသည် ဝမ်း မြောက်ခြင်းနှင့် ပြည့်စုံရလိမ့်မည်ဟု ထင်မြင်သည့်အတိုင်း ကျွန်ုပ်သည် ဝမ်းမြောက်ခြင်းအခွင့်ကို မရသေးသောကြောင့် ကျွန်ုပ်၏စိတ်နှလုံးထဲ၌ ကြီးစွာဒုက္ခဆင်းရဲခြင်း ရောက်လျက်ရှိပါသေးသည်။ ၎င်းပြင် ထိုကဲ့သို့ ဝမ်းမြောက်ခြင်း မရနိုင်လျှင် ကျွန်ုပ်သည် လုံးလုံးစိတ်ပြောင်းလဲသော သူဖြစ်သည်ဟု ကျွန်ုပ်သည် မယုံကြည်ဝံ့ပါ။ ကျွန်ုပ်သည်ယုံကြည်ခြင်း အကြောင်းကို ကောင်းစွာ နားလည်ဖို့ရန် များစွာလိုသေးသည် မဟုတ်ပါလား။

## ဝန်ပေါ့သွားခြင်း

ထာဝရဘုရားကိုဆုတောင်းနေသောသူတို့နှင့်အတူ ကျွန်ုပ်သည် ဒူးထောက်လျက်နေစဉ် ကျွန်ုပ်၏စိတ်ထဲ၌ ရှိသမျှသော အရာကိုဖေါ်ပြ လျက် 'ကျွန်ုပ်ကို ကယ်မတော်မူပါ သခင်ယေရှု၊ သို့မဟုတ်လျှင် ကျွန်ုပ် သည် ပျက်စီးပါလိမ့်မည်။ ကျွန်ုပ်၏ ဆုတောင်းခြင်းကိုနားမညောင်း၊ ကျွန်ုပ်၏အပြစ်များကို ဖြေလွှတ်တော်မမူဘဲ နေတော်မူသမျှကာလပတ် လုံး ကျွန်ုပ်သည် မရပ်မနားကိုယ်တော်ကို ဆုတောင်းလျက်နေပါမည်" ဟုဆုတောင်းလေ၏။ ကျွန်ုပ်သည်အားနည်း၍ မစခြင်းကိုလိုလျက်နေ ကြောင်းကို အထက်ထက်ကထက် ယခုသာ၍ သိရှိလာလေ၏။

ကျွန်ုပ်သည်ဒူးထောက်၍ဆုတောင်းနေစဉ်အခါကျွန်ုပ်အပေါ်၌ရှိ နေသောဝန်ထုတ်သည်ကျသွား၍ ကျွန်ုပ်၏စိတ်နှလုံးသည် ပေါ့သွားလေ ၏။ ထိုနောက် ပထမဦးစွာ ကျွန်ုပ်အထဲ၌ ကြောက်စိတ်အနည်းငယ်ပေါ် လာ၍ ဒုက္ခဆင်းရဲခြင်းတည်းဟူသော ဝန်ထုပ်ကိုပြန်၍ယူတင်ရန် ကျွန်ုပ်

သည်ကြံစည်မိ၏။ ကျွန်ုပ်၌ဝမ်းမြောက်ရွှင်မြူးခြင်း အခွင့်မခံမယူထိုက်၊ မရှိနိုင်ဟု ကျွန်ုပ်ထင်မြင်မိ၏။ သို့ရာတွင် ယေရှုသည်ကျွန်ုပ်၏အနီး၌ရှိတော်မူသည် ဟုထင်မြင်ရ၍ကိုယ်တော်သည်လောက၌ရှိနေစဉ်အခါဒုက္ခရောက်သောသူတို့သည်သက်သာခွင့်ရရန် ကိုယ်တော်ထံသို့လာကြသကဲ့သို့ ကျွန်ုပ်သည်လည်းစိတ်ဆင်းရဲခြင်း၊ ဒုက္ခဆင်းရဲခြင်း၊ စုံစမ်းခြင်း ရှိသမျှနှင့် ကိုယ်တော်ထံသို့လာရောက်ဖို့ရန် အခွင့်ရသည်ကိုသိရှိရလေ၏။ ကိုယ်တော်သည် ကျွန်ုပ်၏ထူးခြားသော ဒုက္ခဆင်းရဲ၊ စုံစမ်းခြင်း ရှိခြင်းတို့ကိုသိမြင်နားလည်တော်မူ၍ကျွန်ုပ်အားထောက်ထားစာနာတော်မူသည်ဟု ကျွန်ုပ်သည်စိတ်နှလုံးအကြွင်းမဲ့ယုံကြည်လာလေ၏။ ဂရုမစိုက်အမှုမထားလောက်သော ကျွန်ုပ်ကိုပင်ယေရှုသည် သနားကြင်နာသောသဘောနှင့် ဧကန်အမှန်ကြည့်ရှုတော်မူသည်ကို ကျွန်ုပ်သည် ထိုအခါကမည်မျှလောက် စိတ်နှလုံးအကြွင်းမဲ့ လုံးလုံးယုံကြည်စွဲလမ်းကြောင်းကို ကျွန်ုပ်သည်ဘယ်သောအခါမျှမမေ့နိုင်တော့ချေ။ ထိုသူတို့နှင့်ဆုတောင်းနေစဉ်အခါ ဘာမျှမကြာသောထိုခေတ္တခဏအချိန်အတွင်း ခရစ်တော်၏သဘောတော်အကြောင်းကို အထက်ထက်ကထက်သာ၍ သိနားလည်လာလေ၏။

က္ကသရေလအမျိုးမိခင်တစ်ဦးသည်ကျွန်ုပ်ထံသို့လာ၍ 'မိန်းကလေး၊ သင်သည်ယေရှုကိုတွေ့ပြီလား" ဟု မေးပါသည်။ ကျွန်ုပ်က 'ဟုတ်ကဲ့" ဟုဖြေဆိုမည်ကြံနေဆဲသူမက 'ဟုတ်တယ်၊ သင်သည်အမှန်ပင်ကိုယ်တော်ကိုတွေ့ပြီ၊ ကိုယ်တော်၏ငြိမ်သက်ခြင်းသည် သင်နှင့်အတူရှိသည်။ ထိုငြိမ်သက်ခြင်းကို သင့်မျက်နှာတွင် တွေ့ရပြီ"ဟု အော်ဟစ်ပြောဆိုလေ၏။

ကျွန်ုပ်သည်ထပ်ခါထပ်ခါ 'ဤအရာသည် ခရစ်ယာန်ဖြစ်ခြင်း၊ ဖြောင့်မတ်ခြင်းသို့ရောက်ခြင်းဟုဆိုနိုင်ပါမည်လား၊ ငါသည်မှားမနေဘူးလား" ဟုကျွန်ုပ်ကိုယ်ကိုပြောဆိုလျက်နေ၏။ ကျွန်ုပ်သည် ထိုအကြောင်းကိုအခိုင်အမာပြောဆိုပါက လွန်ရာ မကျပေဘူးလား။ ကျွန်ုပ်သည်လည်း အလွန်ပင်ချီးမြှောက်ခြင်း ခံရသည့် အနေသို့ ကျရောက်နေသည်ဟုထင်ရလေ၏။ ကျွန်ုပ်သည် ထိုအကြောင်းကို ပွင့်ပွင့်လင်းလင်း ဝန်ခံဖို့ရန် အလွန်ပင် ရှက်ကြောက်သော်လည်း ကယ်တင်ရှင်သခင်သည်

ကျွန်ုပ်အားကောင်းချီးပေး၍ ကျွန်ုပ်၏အပြစ်များကို လွှတ်တော်မူပြီဟု ကျွန်ုပ်အောက်မေ့မိပါသည်။

### အသစ်ပြောင်းလဲခြင်း

ဤအစည်းအဝေးပြီးသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့သည် အိမ်သို့ပြန်သွားကြလေ၏။ ကျွန်ုပ်သည် တရားဟောချက်များ၊ သတိပေးနှိုးဆော်ချက်များနှင့် ကြားခဲ့ရသောဆုတောင်းချက်များကို အလုံးစုံမှတ်မိသတိရလျက်ရှိပါသည်။ လောက၏အခြေအနေမှာလည်းပြောင်းလဲသွားသည်ဟု ထင်မြင်လေရလေ၏။ စည်းဝေးပွဲကို ကျင်းပနေစဉ် မိုးမှောင်ကျ၍ အတော်ကြာပင် မိုးရွာသွန်းလျက် ရှိပါသည်။ ထိုနည်းတူ ကျွန်ုပ်၏စိတ်သဘောအခြေအနေမှာလည်းရာသီဥတုနှင့်တူလျက်၊ စိတ်ရှုပ်ထွေးလျက်နေ၏။ ယခုမှာမူကား ကောင်းကင်သည် ကြည်လင်၍ နေရောင်ခြည်တောက်ပစွာ ထွန်းလင်းလျက်ရှိသဖြင့် ကမ္ဘာမြေကြီးသည်လင်း၍ပူနွေးလာလေ၏။ သစ်ပင်များနှင့်မျက်ပင်များသည် သာ၍စိမ်းလန်းလျက်ရှိ၍ ကောင်းကင်မျက်နှာကြက်သည်လည်းသာ၍ရင့်သောအပြာရောင်အဆင်းကိုဆောင်လေ၏။ ထိုအခိုက်တွင် ဖြောင့်မတ်ခြင်း တရားနေမင်းတည်းဟူသောသခင်ခရစ်တော်ထံမှရောင်ခြည်အလင်းသည် ကျွန်ုပ်၏စိတ်တွင်ရှိမိုးတိမ်နှင့် မှောင်မိုက်ကဲ့သို့သောယုံမှားခြင်းနှင့် စိတ်ဆင်းရဲခြင်းတို့ကို ထိုးဖေါက်၍ စိတ်ညှိုးငယ်ခြင်း တည်းဟူသောအမိုက်မှောင်ကိုပယ်ရှားလေ၏။

လူတိုင်းသည်ဘုရားသခင်နှင့်အတူ မိတ်သဟာယဖွဲ့ခြင်းအခွင့်ကိုရလျက်၊ ကိုယ်တော်၏ဝိညာဉ်တော်အားဖြင့် ထကြွလှုပ်ရှားလျက်ရှိကြသည်ဟု ကျွန်ုပ်ထင်မြင်ရပါသည်။ ကျွန်ုပ်မြင်သောအရာရှိသမျှသည် ပြောင်းလဲသွားသည်ဟု ထင်မြင်ရလေသည်။ သစ်ပင်များသည်ရှေးကထက်သာ၍ လှပပြီးလျှင် ငှက်များသည်လည်းသီချင်းများကိုသာ၍သီဆိုကျူးအေးခြင်းအားဖြင့် ၎င်းတို့သည် ထာဝရဘုရားအား ချီးမွမ်းလျက်ရှိကြသည်ဟု ထင်မြင်ရပါသည်။ ကျွန်ုပ်ယခုခံစားရသောဝမ်းမြောက်ခြင်းသည်ပျောက်ကွယ်သွား၍ ယေရှုသည် ကျွန်ုပ်အား ချစ်တော်မူ

ကြောင်း ပြတော်မူသောအဖိုးထိုက်တန်သည့် လက္ခဏာ သက်သေကို ကျွန်ုပ်သည် ဆုံးရှုံးသွားမည်ကိုစိုးရိမ်ကြောက်ရွံ့သဖြင့် မည်သူ့ကိုမျှ ကျွန်ုပ်သည်စကားမပြောဝံ့သေးပါ။

ကျွန်ုပ်၌ထူးခြားစွာပြောင်းလဲခြင်းဖြစ်ပေါ်လာပြီဟု ကျွန်ုပ်သည် ထင်မြင်ရပါသည်။ ငယ်ရွယ်စဉ်အခါ ကျွန်ုပ်၏စိတ်ကိုညှိုးငယ်စေသော ဒုက္ခဆင်းရဲခြင်းသည် ကျွန်ုပ်အား ကောင်းစေဖို့ဖြစ်ရသောအကြောင်း တစ်ခုကဲ့သို့ထင်မှတ်ရလေပြီ။ အဘယ်ကြောင့်ဆိုသော် ၎င်းဒုက္ခဆင်းရဲခြင်းအားဖြင့် ကျွန်ုပ်သည်မရောင့်ရဲစေနိုင်သောလောကီပျော်မွေ့ခြင်းကို မက်မောခြင်းမရှိတော့ဘဲကောင်းကင်ချမ်းသာနှင့်စပ်ဆိုင်သောအရာများ၌သာ စိတ်စွဲလမ်းလာလေ၏။ ထိုကြောင့် ကျွန်ုပ်သည် ထိုဒုက္ခဆင်းရဲခြင်းအားဖြင့်ကရုဏာတော်ကိုခံရ၍ စိတ်ပြောင်းလဲလာပေသည်ဟုထင်မြင်ရလေ၏။

## မက်သဒစ်အသင်းတော်နှင့်ဆက်ဆံခြင်း

ကျွန်ုပ်တို့သည် စည်းဝေးမှပြန်လာပြီး မကြာမီ အခြားသောလူများနှင့်အတူ ကျွန်ုပ်ကိုမက်သဒစ်အသင်းတော်က ခေတ္တအစမ်းအသင်းတော်သား၊အသင်းတော်သူအဖြစ်နှင့်လက်ခံလေ၏။ ကျွန်ုပ်သည်နှစ်ခြင်းမင်္ဂလာအကြောင်းနှင့်စပ်ဆိုင်၍များစွာ စိတ်ရှုပ်ထွေးလျက်ရှိ၏။ ကျွန်ုပ်သည်ငယ်သော်လည်း ကျမ်းစာကနှစ်ခြင်းမင်္ဂလာတစ်မျိုးတည်းကိုသာ ဖေါ်ပြထားကြောင်းကို သိပါသည်။ ၎င်းနည်းမှာလည်း ရေထဲတွင် နှစ်ခြင်းကိုဆိုလိုပေသည်။ မက်သဒစ်အသင်းသူများက ကျမ်းစာအတိုင်းဖြစ်သောနှစ်ခြင်းမင်္ဂလာမှာ ရေဖျန်းခြင်းပင်ဖြစ်သည်ဟု ကျွန်ုပ်အား ပြောကြားသော်လည်း အချည်းနှီးသက်သက်ဖြစ်ပေ၏။ မက်သဒစ်သင်းအုပ်ဆရာက ရေတွင် နှစ်ခြင်းကို သဘောကျသောသူသည် မိမိသဘောအတိုင်း ရေနှစ်ခြင်းမင်္ဂလာခံယူနိုင်ကြသည်ဟုပြောဆိုသဘောတူသော်လည်း ဘုရားသခင်သည်ရေဖျန်းခြင်းမင်္ဂလာကိုခံယူသောသူတို့ကိုလည်း အတူတကွလက်ခံတော်မူလိမ့်မည်ဟု ပြောပြသေးသည်။

နောက်ဆုံး၌ ကျွန်ုပ်တို့နှစ်ခြင်းမင်္ဂလာခံယူကြရန် နေ့ရက်အချိန်ကိုကန့်သတ်ထားလိုက်လေ၏။ ကျွန်ုပ်တို့လူနှစ်ဆယ်လောက်ပင်လယ်ထဲသို့ဆင်း၍ နှစ်ခြင်းမင်္ဂလာခံသောနေ့သည် အလွန်ပင်လေတိုက်သောနေ့တစ်နေ့ဖြစ်လေ၏။ ပင်လယ်လှိုင်းများသည် အတော်မြင့်၍ ပင်လယ်ကမ်းကိုရိုက်ခတ်လျက်ရှိ၏။ သို့သော် ကျွန်ုပ်သည်ဤလေးသောလက်ဝါးကပ်တိုင်တည်းဟူသော နှစ်ခြင်းကိုခံယူသောအခါ ကျွန်ုပ်၏ငြိမ်သက်ခြင်းသည်မြစ်ရေကဲ့သို့ဖြစ်လေ၏။ ကျွန်ုပ်သည်ရေထဲမှထလာသောအခါ ကျွန်ုပ်အပေါ်၌ ဘုရားသခင်၏ဝိညာဉ်တန်ခိုးတော်သက်ရောက်တော်မူသဖြင့်ကျွန်ုပ်သည်အားပြတ်လုမတတ်ဖြစ်သွားလေ၏။ ထိုအခါမှစ၍ ကျွန်ုပ်သည်ကမ္ဘာနှင့်မသက်ဆိုင်တော့ဘဲရေတည်းဟူသောသင်္ချိုင်းထဲမှထမြောက်လာလျက် အသစ်သောအသက်တာ၌အသက်ရှင်လျက်နေရသကဲ့သို့ထင်ရလေသည်။

ဇင်းနေ့ညနေတွင် စည်းဝေး၌သင်းအုပ်ဆရာသည် ကျွန်ုပ်အားမက်သဒစ်အသင်းတော်သူအဖြစ်နှင့်လက်ခံလေ၏။

နောက်များအကြာမီ ၁၈၄၃ ခုနှစ်တွင်ကျွန်ုပ်တို့သည်ခရစ်တော်ဒုတိယအကြိမ် ကြွလာခြင်းကို မြောက်လင့်သောသူများဖြစ်လာကြသဖြင့် ကျွန်ုပ်အဖေ၏အိမ်ထောင်သားတစ်စုတို့သည် မက်သဒစ်အသင်းတော်ဘောင်မှထွက်ကြလေ၏။

--*--

အခန်း ၃

## ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူမည်ဟူ
## သောသတင်းစကားကြောင့်အားရဝမ်း
## မြောက်လျက်နေကြခြင်း

၁၈၄၂ ခုနှစ်၊ ဇွန်လတွင် မစ္စတာမီးလားသည် ဒုတိယ အကြိမ်ပေါ့တလန်မြို့တွင် တရားဟောပြန်လေ၏။ ကျွန်ုပ်သည် ဤတရားဟောစည်းဝေးများကို သွားရောက်နားထောင်ရ၍ အခွင့်ထူးကြီးတစ်ခုကိုရရှိသည်ဟု ထင်ရပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် စိတ်ပျက်ခြင်းကိုခံခဲ့ရ၍ ကယ်တင်ရှင်ကိုတွေ့ဆုံရန်ပြင်ဆင်ခြင်းမရှိဟုထင်မြင်မိပြန်လေပြီး ဤမြို့တွင် ပထမအကြိမ်ထက် ဒုတိယအကြိမ်တွင်လာရောက်ဟောပြောသော ဤတရားဟောချက်များကြောင့် လူများတို့သည် သာ၍ပင် ထိတ်လန့်အံ့သြလျက် ရှိကြလေသည်။ သူ၏တရားဟောစည်းဝေးသို့ လာရောက်နားထောင်သောသူများမှာအလွန်ပင်များပြားသဖြင့် အိမ်သည်ပြည့်ကျပ်လျက်ရှိသည့်အပြင် များစွာသောသူတို့သည် အပြင်ဘက်၌ရပ်လျက်နားထောင်ရလေ၏။ သို့သော် လာရောက်သောပရိသတ်လူစုကြီးမှာထူးထူးခြားခြားငြိမ်သက်၍ဂရုစိုက်လျက်နားထောင်သောလူများဖြစ်ကြလေသည်။

ကျွန်ုပ်သည်စည်းဝေးများကို မကြာခဏသွားရောက်ပါသည်။ ၎င်းပြင် ယေရှုသည် မကြာမီမိုးတိမ်နှင့်တကွ ကြွလာတော်မူမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ သို့သော် ကိုယ်တော်ကိုတွေ့ဆုံရန် ပြင်ဆင်ဖို့အရေးတွင် ကျွန်ုပ်သည်များစွာပင် စိုးရိမ်ကြောင့်ကြလျက်ရှိပါသည်။ ကျွန်ုပ်သည်အစဉ်သဖြင့်စိတ်နှလုံးသန့်ရှင်းစင်ကြယ်ဖို့အကြောင်းကိုသာစိတ်ကူးလျက်ရှိပါသည်။ ကျွန်ုပ်သည်အခြားသောအရာများထက်စိတ်နှလုံးသန့်ရှင်းစင်ကြယ်စေခြင်း၊ ကောင်းချီးမင်္ဂလာကိုခံရသဖြင့် ဘုရားသခင်၏စိတ်တော်နှင့်လုံးလုံးတွေ့ဖို့ရန် သာ၍တောင့်တလိုချင်သောဆန္ဒရှိပါသည်။

## ပြည့်သင့်သောဝတ္တရားကိုဖယ်ထားခြင်း

ကျွန်ုပ်သည်ထိုအချိန်အခါတိုင်အောင်အစည်းအဝေး၌လူအများနှင့်အတူ တစ်ခါမျှဆုမတောင်းသေးပါ။ ဆုတောင်းစည်းဝေးများတွင်ရှက်ကြောက်စွာထ၍ တိုက်တွန်းနှိုးဆော်လျက် စကားအနည်းငယ်ကိုသာပြောဖူးပါသည်။ ယခုမူကားဆုတောင်းစည်းဝေး၊ သက်သေခံစည်းဝေးများထဲတွင် ဘုရားသခင်ကို ရှာဖွေလျက် ဆုတောင်းရန် ကျွန်ုပ်၌တာဝန်ရှိကြောင်းကိုသိရှိလာလေ၏။ သို့သော်စကားများရှုပ်ထွေးလျက်ကျွန်ုပ်၏စိတ်ထဲ၌ ရှိသည့်အတိုင်း ထုတ်ဖေါ်တောင်းလျှောက်နိုင်မည်မဟုတ်ဟု စိုးရိမ်ကြောင့်ကြသဖြင့် ကျွန်ုပ်သည် ဤအမှုကိုမပြုပံ့ချေ။ သို့ရာတွင် ကျွန်ုပ်၏စိတ်ထဲတွင် ဤဝတ္တရားကိုမပြုဘဲမနေသင့်ဟု ထင်မြင်သောကြောင့် ကျွန်ုပ်သည်စိတ်ထဲ၌သာတိတ်တဆိတ်ဆုတောင်းရန် ကြံစည်သောအခါ ဘုရားသခင်၏အလိုတော်ကိုမလိုက်သဖြင့် ဘုရားသခင်သည် ကျွန်ုပ်အားကျီစယ်နေသည်ဟုထင်မြင်ရလေ၏။ ထိုအခါ ကျွန်ုပ်သည်စိတ်ပျက်၊ စိတ်ညှိုးငယ်လာပြန်၍ရက်သတ္တသုံးပတ်လုံးလုံးကျွန်ုပ်၏ပတ်လည်တွင်ရှိသော အမှောင်ကို ထိုးဖေါက် လာနိုင်သောအလင်းကိုမရရှိဘဲနေလေ၏။

ကျွန်ုပ်သည်အလွန်ပြင်းထန်သောစိတ်ဆင်းရဲခြင်းကို ခံနေရပြန်လေ၏။ တစ်ခါတစ်ရံတစ်ညဉ့်လုံးပင်မျက်စိကိုမှိတ်မရဘဲနေသဖြင့်ကျွန်ုပ်၏အမွှာညီမအိပ်ပျော်သည့်တိုင်အောင်စောင့်ပြီးမှကျွန်ုပ်၏အိပ်ရာမှတိတ်ဆိတ်စွာထလာ၍ကြမ်းပေါ်တွင် ဒူးထောက်ပြီးလျှင်မပြောပြနိုင်လောက်အောင်ခံရသောပူဆွေးခြင်းနှင့်အသံမထွက်ဘဲဆုတောင်းလေ၏။ ကျွန်ုပ်သည် အစဉ်ထာဝရအပြီးတိုင်မီးလောင်ကျွမ်းခြင်းခံရမည်ကိုတွေးတော၍ကြောက်လန့်ပူဆွေးလျက်ရှိပါသည်။ ကျွန်ုပ်သည် မကြာခဏတစ်ညဉ့်လုံးလိုပင် မပြောနိုင်လောက်အောင်ပူဆွေး၍ ဘယ်အရာကိုမျှမျှော်လင့်ခြင်းမရှိတော့ဘဲကြောက်ရွံ့တုန်လှုပ်ပြီးလျှင်ညည်းညူလျက် ဒူးထောက်၍ဆုတောင်းနေပါသည်။ 'သခင်ဘုရား၊ ကျွန်ုပ်အပေါ်၌ သနားခြင်းကရုဏာရှိတော်မူပါ" ဟု ဆုတောင်း၍ကျွန်ုပ်သည်အထက်ကောင်းကင်

သို့မျှော်မကြည့်ဝံ့ဘဲ အောက်သို့သာ ငုံ့လျက် နေလေ၏။ ကျွန်ုပ်သည် အလွန်ပင် အားနည်း၍ပိန်ကြုံလာသော်လည်း ကျွန်ုပ်ခံနေရသောဒုက္ခ ဆင်းရဲခြင်းနှင့်ပူဆွေးစိတ်ဒုက္ခရောက်ခြင်းကိုကား မည်သူ့ကိုမျှမပြောဘဲ နေလေ၏။

## ဗိမာန်တော်နှင့်သိုးသငယ်အကြောင်းအိပ်မက်မြင်ခြင်း

ဤကဲ့သို့စိတ်ပျက်စိတ်ညှိုးငယ်နေသောအခါတွင်ကျွန်ုပ်သည်ဘယ် အခါမျှမမေ့နိုင်သောအိပ်မက်တစ်ခုကိုမြင်မက်ပါသည်။ ဗိမာန်တော် တစ်ခုအနီးတွင်လူအများစုရုံးလျက်နေသည်ကိုမြင်မက်ပါသည်။ ကာလ အချိန်ကုန်ဆုံးသောအခါ ထိုဗိမာန်တော်အထဲ၌ ခိုလှုံသောသူတို့သာ လျှင် ကယ်တင်ခြင်းကိုခံရ၍အပြင်ဘက်၌နေရစ်ခဲ့သောသူရှိသမျှတို့သည် ထာဝရပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်။ လမ်းအမျိုးမျိုးတို့တွင်သွား လာလျက်အပြင်ဘက်တွင် နေသောလူစုများက ဗိမာန်တော်ထဲသို့ဝင် နေသောသူတို့အားကဲ့ရဲ့ပြစ်တင်ပြောင်လှောင်ကြ၍ ဘေးရန်ကင်းလျက် လုံခြုံစေရန်ဟူ၍ ပြုလုပ်ထားသည့် ဤဗိမာန်တော်ကြီးမှာလည်းလှည့်ဖြား ခြင်းဖြင့် ပြုလုပ်ထားသောထောင်ချောက်သဖွယ်ဖြစ်သည်။ ၎င်းပြင် ရှောင်ရှား၍ပင် နေလျှင်လည်း မည်သည့်ဘေးရန်တစ်စုံတစ်ခုမျှမရှိဟု ပြောဆိုကြလေ၏။ သူတို့သည် ဗိမာန်တော်တံတိုင်းအတွင်းသို့ ဝင်ဖို့ရန် အလျင်အမြန်သွားနေသော သူတို့ကိုပင်တားဆီးထားကြပါသေးသည်။

ကျွန်ုပ်သည် ပြက်ရယ်ပြုခြင်း ခံရမည်ကိုစိုးရိမ်သဖြင့် ပရိသတ် များရှင်းလင်းသွားသည့်တိုင်အောင်၊ သို့မဟုတ်သူတို့မမြင်ဘဲဝင်သွားခွင့် ရသည့်တိုင်အောင်စောင့်နေလျှင်ကောင်းမည်ဟု စိတ်ထဲ၌ အောက်မေ့ ၏။ သို့ရာတွင်လူစုသည်လျော့၍သွားမည့်အစား တိုး၍ပင်များပြားလာ သဖြင့်နောက်ကျနေမည်ကိုစိုးရိမ်သောကြောင့်ကျွန်ုပ်သည်အိမ်မှလျင်မြန် စွာထွက်ခွါလာ၍ လူအစုအဝေးထဲသို့ တိုးဝင်သွားလေ၏။ ကျွန်ုပ်သည် ဗိမာန်တော်ထဲသို့ တော်တော်နှင့် မရောက်မည်ကိုစိုးရိမ်သဖြင့် ကျွန်ုပ်၏ ပတ်လည်၌ရှိသောလူအစုအဝေးကိုပင်ဂရုမစိုက်၊ မကြည့်ရှုနိုင်တော့ချေ။

အဆောက်အအုံထဲသို့ရောက်ရှိသောအခါ ကျယ်ဝန်းသောဗိမာန်တော်ကြီးတွင်အလွန်ကြီးကျယ်သောတိုင်ကြီးတစ်ခုသာရှိ၍ ၎င်းတိုင်ကြီးတွင်တစ်ကိုယ်လုံးစုတ်ပြတ်ရှနလျက် သွေးများထွက်နေသောသိုးသငယ်တစ်ကောင်ကို ချည်နှောင်ထားလျက်ရှိသည်ကိုတွေ့ရလေသည်။ ဤသိုးသငယ်သည်ကျွန်ုပ်တို့အတွက်သတ်ဖြတ်ခြင်း၊ရိုက်နှက်ခြင်းကိုခံရကြောင်း ဗိမာန်တော်အတွင်း၌ရှိသော ကျွန်ုပ်တို့အားလုံး သိရှိကြသည်။ ဗိမာန်တော်ထဲသို့ဝင်သောလူအပေါင်းတို့သည် သိုးသငယ်ရှေ့သို့လာရောက်၍ မိမိတို့၏အပြစ်များကိုဖော်ပြဝန်ချရကြမည်။ သိုးသငယ်၏ ရှေ့နားတွင် မြင့်သောထိုင်ခုံများရှိ၍ ၎င်းတို့အပေါ်တွင် ထိုင်လျက်နေသောလူတစ်စုသည် ဝမ်းမြောက်သောလက္ခဏာနှင့် ပြည့်စုံလျက်ရှိကြ၏။ ကောင်းကင်မှအလင်းသည်သူတို့၏မျက်နှာပေါ်တွင် ထွန်းတောက်လျက် သူတို့သည် ဘုရားသခင်အားချီးမွမ်းနေကြ၍ ကောင်းကင်တမန်များ ကြွေးကြော်သီချင်းဆိုသံနှင့်တူသောကျေးဇူးတော်ချီးမွမ်းခြင်းသီချင်းကိုဝမ်းမြောက်စွာဆိုလျက်နေကြ၏။ ဤလူများကားသိုးသငယ်၏ရှေ့သို့ လာရောက်ပြီးလျှင်မိမိတို့၏အပြစ်ကိုဖော်ပြတောင်းပန်သဖြင့် အပြစ်လွှတ်ခြင်းအခွင့်ကိုရကြလျက် ယခုဝမ်းမြောက်ရွှင်မြူးဖွယ်ရာအကြောင်းတစ်ခုခုကိုဝမ်းသာအားရစွာနှင့်မျှော်လင့်လျက်စောင့်နေကြသောသူများဖြစ်ကြလေ၏။

ကျွန်ုပ်သည်ဗိမာန်တော်အတွင်းသို့ဝင်ပြီးသောအခါ၌ပင်ကြောက်ရွံ့၍ဤလူများတို့၏မျက်မှောက်တွင် ကျွန်ုပ်ကိုယ်ကိုကျွန်ုပ်နှိမ့်ချရမည်ကိုရှက်ပါသည်။ သို့ရာတွင်ရှေ့သို့တိုး၍သွားရန်ကျွန်ုပ်၏စိတ်ကတိုက်တွန်းသဖြင့် သိုးသငယ်နှင့်မျက်နှာချင်းဆိုင်တွေ့မြင်ရန် ကျွန်ုပ်သည် ဗိမာန်တော်တိုင်ကြီးကိုလှည့်ပတ်၍သွားလေ၏။ ထိုခဏချင်းတွင်တံပိုးမှုတ်၍ဗိမာန်တော်သည်တုန်လှုပ်သွားလေ၏။ စုရုံးလျက်ရှိသောသန့်ရှင်းသူများတို့ထံမှဝမ်းမြောက်ခြင်းနှင့် ကြွေးကြော်သံများကို ကြားရ၍ ဗိမာန်တော် တစ်ခုလုံးသည်အလွန်တောက်ပသောရောင်ခြည်နှင့် ထွန်းလင်းလာပြီးမှတစ်ဖန်အလွန်ပင်ထူထပ်သောမှောင်မိုက်ဖြင့်ဖုံးလွှမ်းသွားပြန်လေ၏။ ဝမ်းမြောက်ရွှင်မြူးလျက်ရှိနေကြသောလူများတို့သည် တောက်ပသောအလင်းရောင်

ခြည်နှင့်အတူတကွပျောက်ကွယ်သွား၍ ကျွန်ုပ်တစ်ယောက်တည်းသာ တိတ်ဆိတ်သောညဉ့်မှောင်မိုက်ထဲတွင်ကျန်ရစ်ခဲ့လေ၏။

ကျွန်ုပ်သည်စိတ်လေးလံစွာနှင့်အိပ်ရာမှနိုးလာ၍အိပ်မက်နေသည် ဟူ၍ပင် ကျွန်ုပ်သည်မယုံကြည်နိုင်ပါ။ ထာဝရဘုရား၏ ဝိညာဉ်တော် သည်ကျွန်ုပ်ထံမှထွက်သွား၍ဘယ်အခါမျှပြန်မလာရတော့ချေဟု ကျွန်ုပ် အတွက်စီရင်ဆုံးဖြတ်လိုက်လေပြီဟုထင်မြင်ရလေ၏။

## ယေရှုကိုမြင်ရသောအိပ်မက်

ဤအိပ်မက်ကိုမြင်ပြီးနောက် များမကြာမီ အခြားသော အိပ်မက် တစ်ခုကိုကျွန်ုပ်မြင်မက်ပါသည်။ ကျွန်ုပ်သည်ကျွန်ုပ်၏မျက်နှာကိုလက်ဝါး များနှင့်အုပ်လျက် ဝမ်းနည်းပူပန်ခြင်းနှင့် ထိုင်နေပြီးလျှင်၊ ယေရှုသည် အကယ်၍ မြေကြီးပေါ်မှာသာရှိလျှင် ကျွန်ုပ်သည်ကိုယ်တော်ထံသို့သွား ပြီး ခြေတော်ရင်း၌ ဦးချလျက် ကျွန်ုပ်၏ဒုက္ခဆင်းရဲခြင်းရှိသမျှကို ထုတ် ဖေါ်ပြောပြမည်။ ကိုယ်တော်သည် ကျွန်ုပ်ထံမှ မျက်နှာလွှဲ၍ နေတော်မူ မည်မဟုတ်။ ကိုယ်တော်သည် ကျွန်ုပ်ကိုသနားတော်မူလိမ့်မည်။ ကျွန်ုပ် လည်းကိုယ်တော်ကိုချစ်၍အစဉ်သဖြင့်ကိုယ်တော်၏အမှုတော်ကို ဆောင် ရွက်ပါမည်ဟုမိမိကိုယ်ကိုမိမိပြောဆိုလျက်နေပါသည်။

ထိုခဏချင်းတွင်တံခါးပွင့်သွားပြီးလှပတင့်တယ်သောကိုယ်အင်္ဂါ လက္ခဏာ၊ လှပသောမျက်နှာနှင့်ပြည့်စုံသောပုဂ္ဂိုလ်တစ်ဦးသည်ဝင်လာ လေ၏။ သူသည်ကျွန်ုပ်အားကြင်နာစွာကြည့်ရှုလျက် 'သင်သည်ယေရှု ကိုတွေ့မြင်လိုသလား၊ ကိုယ်တော်သည်ဤနေရာမှာရှိပါသည်။ သင်သည် ကိုယ်တော်ကိုတွေ့မြင်လိုလျှင်သင်၌ရှိသမျှကိုယူလျက်ငါ့နောက်သို့လိုက်ခဲ့ လော့" ဟုပြောဆိုလေ၏။

ကျွန်ုပ်သည် ဤစကားကိုကြားရသောအခါ မပြောနိုင်လောက် အောင်အားရဝမ်းမြောက်လျက် ကျွန်ုပ်၌ရှိသမျှအနည်းငယ်မျှလောက် အဖိုးထိုက်သောအရာအားလုံးကို ဝမ်းသာစွာနှင့် စုသိမ်းပြီးလျှင် ကျွန်ုပ်

အားလမ်းပြသူနောက်သို့လိုက်သွားလေ၏။ သူသည်ကျွန်ုပ်အားစောက်၍အထင်အားဖြင့်မခိုင်ခံ့သောလှေကားတစ်ခုပေါ်သို့ ခေါ်ဆောင်သွားလေ၏။ ကျွန်ုပ်သည်လှေကားကိုတက်နေစဉ် သူကကျွန်ုပ်သည်မူးမေ့၍လိမ့်မကျရအောင်အပေါ်သို့သာစိုက်ကြည့်နေဖို့ကျွန်ုပ်အားသတိပေးပါသည်။ အခြားသောသူများတို့သည် တက်သွားနေကြစဉ် အထက်သို့မရောက်မီလိမ့်ကျကြလေ၏။

နောက်ဆုံး၌ကျွန်ုပ်တို့သည်နောက်ဆုံးလှေကားထစ်သို့ ရောက်၍တံခါးတစ်ခုအရှေ့တွင်ရပ်နေရကြလေ၏။ ကျွန်ုပ်အားလမ်းပြသောသူကဤနေရာတွင်ကျွန်ုပ်ယူဆောင်လာသမျှသောအရာအားလုံးကိုချထားခဲ့ရန်သတိပေးလေ၏။ ကျွန်ုပ်သည်ဝမ်းမြောက်စွာဖြင့်၎င်းတို့ကိုချထားလေ၏။ ထိုနောက်သူသည်တံခါးကိုဖွင့်၍ ကျွန်ုပ်အားဝင်ခွင့်ပြုလေ၏။ ထိုခဏချင်းတွင်ကျွန်ုပ်သည်ယေရှု၏ရှေ့တော်သို့ ရောက်လာလေ၏။ လှပတင့်တယ်၍ သနားခြင်းကရုဏာနှင့်ပြည့်စုံပြီးလျှင် ဘုန်းတန်ခိုးနှင့် ပြည့်စုံသော ထိုမျက်နှာတော်သည် သခင်ယေရှုအပြင် အခြားမည်သူ၌မျှမရှိကြောင်းကိုအမှန်သိရှိရလေ၏။ ကိုယ်တော်သည်ကျွန်ုပ်၏အတွင်း၌ရှိသောစိတ်ဖြစ်ပျက်သမျှသောအကြောင်းအရာများနှင့်ကျွန်ုပ်၏အတွင်း၌ရှိသောစိတ်သဘောအခြေအနေကိုသိရှိတော်မူကြောင်း ကျွန်ုပ်သည် ချက်ချင်းသိမြင်လာပါသည်။

ကျွန်ုပ်သည် အလုံးစုံကိုရှာဖွေစူးစမ်းသိရှိနိုင်တော်မူသော ကိုယ်တော်၏ မျက်စိတော်များ၏တန်ခိုးကို မခံမရပ်နိုင်သောကြောင့် ကိုယ်တော်မြင်တော်မမူရန်၊ ကာကွယ်ပုန်းရှောင်ဖို့ရန်ကြံစည်လေ၏။ သို့ရာတွင်ကိုယ်တော်သည်ပြုံးရွှင်သောမျက်နှာတော်နှင့် ကျွန်ုပ်၏အနီးသို့ချဉ်းကပ်ပြီးလျှင်ကျွန်ုပ်အပေါ်၌ လက်တော်ကို တင်တော်မူလျက် မကြောက်ရွံ့၊ မစိုးရိမ်နှင့်ဟုမိန့်တော်မူလေ၏။ ကျွန်ုပ်သည်ကိုယ်တော်၏ချိုသာသောစကားသံတော်ကိုကြားရသောအခါအထက်ထက်ကတစ်ခါမျှမကြုံကြိုက်ဖူးသောရွှင်မြူးဝမ်းမြောက်ခြင်းသုခကိုကျွန်ုပ်သည်ခံစားရလေ၏။ ကျွန်ုပ်သည် အလွန်ပင်ဝမ်းမြောက်လွန်းသဖြင့် ဘာမျှမပြောတတ်ဘဲရှိလေ၏။

၎င်းနောက်အလွန်ပင်စိတ်ထဲ၌ ထကြွလှုပ်ရှားခြင်းဖြစ်လာပြီးလျှင် ကိုယ်တော်၏ခြေတော်ရင်း၌မှောက်လှဲလျက် မေ့မြောနေလေ၏။ ထိုနေရာ၌ ကျွန်ုပ်သည်အားနည်းလျက်လဲနေစဉ်အလွန်လှပတင့်တယ်၍ဘုန်းတန်ခိုးနှင့်ပြည့်စုံသောအခြင်းအရာများကိုတွေ့မြင်ရပြီးကျွန်ုပ်သည်ဘေးကင်းရာနေရာဖြစ်၍ငြိမ်သက်ခြင်းနှင့်ယှဉ်သောကောင်းကင်သုခဘုံသို့ ရောက်နေလျက်ရှိသည်ဟု ထင်မြင်ရလေ၏။ နောက်ဆုံး၌ကျွန်ုပ်သည်ခွန်အားကိုပြန်ရ၍ နေရာမှထလေ၏။ ယေရှုသည် ကျွန်ုပ်ကို ချစ်ခြင်းမေတ္တာတော်နှင့် ကြည့်ရှုလျက်ရှိနေသေး၍ ကိုယ်တော်၏ ရွှင်မြူးသော မျက်နှာတော်ကို မြင်ရသဖြင့် ကျွန်ုပ်၏ ဝိညာဉ်သည် အားရဝမ်းမြောက်ခြင်းနှင့်ပြည့်စုံလျက်ရှိလေ၏။ ကိုယ်တော်ကိုမြင်သဖြင့် ကျွန်ုပ်၏အထဲ၌ကိုယ်တော်ကိုရိုသေကိုင်းညွှတ်၍ မဖေါ်ပြနိုင်သော ချစ်ခြင်းမေတ္တာနှင့် ပြည့်စုံသောစိတ်ဖြစ်ပေါ်လာလေ၏။

## လွယ်ကူသောယုံကြည်ခြင်း

ကျွန်ုပ်ကိုလမ်းပြသောသူသည် ယခုတံခါးကိုဖွင့်ပေးသဖြင့်ကျွန်ုပ်တို့နှစ်ဦးစလုံးအပြင်ဘက်သို့ထွက်လာကြလေ၏။ သူသည်ကျွန်ုပ်အားကျွန်ုပ်ချထားခဲ့သော အရာရှိသမျှကို ပြန်၍ကောက်ယူရန် ကြားပြောလေ၏။ ကျွန်ုပ်လည်း သူပြောသည့်အတိုင်း ပြုလုပ်ပြီးသောအခါ သူသည်ကျွန်ုပ်အားကျစ်လျစ်စွာ ခွေထားသော ကြိုးအစိမ်းကလေးတစ်ခုကို ပေးလေ၏။ သူက ကျွန်ုပ်သည် ၎င်းကို ကျွန်ုပ်၏နှလုံးနှင့်နီးကပ်စွာထားရမည်။ ၎င်းပြင် ကျွန်ုပ်သည် ယေရှုကိုတွေ့မြင်လိုသောအခါ ၎င်းကို ကျွန်ုပ်၏ရင်ခွင့်မှထုတ်ယူ၍ ၎င်းကြိုးကိုအဆုံးတိုင်အောင်ဆန့်တန်းလိုက်ရမည်ဟုပြောပြလေ၏။ ၎င်းသည် ရှုပ်ထွေးသွား၍၎င်းကိုဆန့်တန်းဖို့ရန်၊ ခဲယဉ်းခြင်းမဖြစ်စေရန်၊ ၎င်းကြိုးကိုအခွေလိုက် ကြာရှည်စွာ မထားရန် သူက သတိပေးပါသေးသည်။ ကျွန်ုပ်သည်ဤကြိုးအခွေကိုကျွန်ုပ်၏နှလုံးအနီး၌ပိုက်ပွေ့ထားလျက် ဝမ်းမြောက်စွာကျဉ်းမြောင်းသောလှေကားမှဆင်းလာရာတွင် ထာဝရဘုရားကိုချီးမွမ်းလျက်တွေ့သမျှသောသူတို့အားမည်သည့်အရပ်၌ ယေရှုကိုတွေ့မြင်နိုင်ကြောင်း ကျွန်ုပ်ကပြောပြလေ၏။

ဤအိပ်မက်အားဖြင့် ကျွန်ုပ်၌ မြော်လင့်ခြင်းရှိလာလေ၏။ ကြီး အစိမ်းသည်ကျွန်ုပ်၏စိတ်နှလုံးတွင်ရှိရမည်ဖြစ်သော ယုံကြည်ခြင်းကိုဆို လိုသည်။ ၎င်းပြင် ကျွန်ုပ်သည် ဘုရားသခင်ကို ယုံကြည်ဖို့ရန်လွယ်ကူ ကြောင်း၊ ထိုကဲ့သို့ယုံကြည်ခြင်းအားဖြင့် အားရဝမ်းမြောက်ဖွယ် ဖြစ် ကြောင်းကို ထိုအခါမှစ၍ သိနားလည်စပြုလာလေ၏။

## ထောက်ထားစာနာခြင်းနှင့်သတိပေးခြင်း

ယခုကျွန်ုပ်သည် ကျွန်ုပ်၏ဝမ်းနည်းဖွယ်ရာ အကြောင်းအရာ ရှိသမျှနှင့်ရှုပ်ထွေးသောအရာရှိသမျှကို ကျွန်ုပ်၏မိခင်အား ဖေါ်ပြလေ ၏။ သူမသည် ကျွန်ုပ်အား ကြင်နာစွာထောက်ထားစာနာလျက် အား ပေးမစ၍ ထိုအခါ၌ ပေါ့တလန်မြို့တွင်ခရစ်တော်ဒုတိယအကြိမ်ကြွလာ ခြင်း အကြောင်းနှင့် ဆိုင်သောတရားကို ဟောပြောလျက် ရှိနေသော ဓမ္မဆရာကြီး စတော့ကမန်အားကျွန်ုပ်သွားရောက်တိုင်ပင်ရန်အကြံပေး ပါသည်။ ထိုဆရာကြီးသည်ဘုရားတရားကိုကြည်ညိုသောစိတ်နှင့်ယေရှု ၏အမှုတော်ကို ဆောင်ရွက်သောသူဖြစ်၍ ကျွန်ုပ်သည်သူ့အားယုံကြည် အားကိုးပါသည်။ ဤဆရာကြီးကဘုရားသခင်သည် ပြစ်မှားသော မိမိ၏ သားသမီးများကို ချစ်တော်မူ၍ပျက်စီးစေခြင်းငှါ အလိုတော်မရှိဘဲရိုးရိုး နှင့်ကိုယ်တော်ကိုယုံကြည်အားကိုးစေဖို့ရန် သူတို့အား ကိုယ်တော်ထံ စုသိမ်းဆွဲယူခြင်းငှါသာ အလိုရှိတော်မူကြောင်းကို ကျွန်ုပ်အား ပြောပြ လေ၏။ ခရစ်တော်၏မဟာမေတ္တာတော်နှင့် သတ္တဝါတို့အားကယ်တင် ရန် စီမံတော်မူသောအကြံအစည်တော် အကြောင်းကိုလည်း သူကပြော ပြပါသည်။ ထိုနောက်သူသည် ကျွန်ုပ်အဖို့ကြိုးစား၍ စိတ်ပါစွာနှင့် ဆု တောင်းပေးပါသည်။ နှိမ့်ချခြင်းနှင့် ကျွန်ုပ်တောင်းလျှောက်သောအသံ ကိုပင် မကြားရသော်လည်း ဘုရားသခင်သည်ဧကန်အမှန် မိမိ၏သန့် ရှင်းသူဆုတောင်းသောအချက်ကိုအရေးယူတော်မူသည်ဟု ထင်မြင်ရပါ သည်။ ကျွန်ုပ်သည်စိတ်သက်သာခြင်းအခွင့်ကိုရ၍ထိုဆရာကြီးကကြင်နာ စွာဉာဏ်ပညာနှင့်ပြည့်စုံသောစကားများဖြင့် ဆုံးမသတိပေးသည်ကို ကြားသိရသောအခါ ကျွန်ုပ်၏စိတ်ထဲတွင် ညှဉ်းဆဲအုပ်စိုးလျက်ရှိသော

ယုံမှားခြင်းနှင့် စိုးရိမ်ခြင်းရှိသမျှတို့သည် ပျောက်ကွယ် သွားကြလေ၏။ ကျွန်ုပ်သည်လည်းစိတ်သက်သာလာ၍ခွန်အားတိုးတက်လာလျက်သူ့ထံမှထွက်လာခဲ့လေ၏။

### လက်ဝါးကပ်တိုင်ကိုပင့်ယူခြင်း

ကျွန်ုပ်သည် အိမ်သို့ပြန်သွားပြီးလျှင် ထာဝရဘုရား၏ရှေ့တော်၌ ဒူးထောက်လျက် သခင်ယေရှု၏ ပြုံးရွှင်သော မျက်နှာတော်အားဖြင့် ကျွန်ုပ်၏စိတ်နှလုံးသည် ဝမ်းမြောက်ရွှင်မြူးခြင်း အခွင့်ကိုသာရရှိခဲ့ပါလျှင် ကိုယ်တော် အလိုတော်ရှိတော်မူသမျှသော အမှုအရာရှိသမျှကို ကျွန်ုပ်သည် လုပ်ကိုင်ဆောင်ရွက်၍ ဒုက္ခဆင်းရဲခြင်းကိုပင် ခံပါမည်ဟု ကတိထားလျက် ဆုတောင်းပါသည်။ အထက်က ကျွန်ုပ်အားစိတ်ရှုပ်ထွေးစေသော အလုပ်ဝတ္တရားမျိုးကိုပင် ကျွန်ုပ်အားထပ်မံ၍ပေးတော်မူပြန်၏။ ထိုဝတ္တရားကား ဘုရားသခင်၏ရှေ့တော်တွင် စုရုံးနေသော သူတို့အထဲတွင်ကျွန်ုပ်သည်ကျွန်ုပ်၏လက်ဝါးကပ်တိုင်ကိုထမ်းဆောင်ရန် အလုပ်ပင်ဖြစ်သည်။ ထိုအလုပ်ကိုဆောင်ရွက်ရန် အခွင့်ကို ကြာမြင့်စွာ စောင့်ဆိုင်းနေရသည်မဟုတ်ပါ။ ဝင်းနေ့ညနေ၌ပင် ကျွန်ုပ်၏ဦးလေး အိမ်၌ ဆုတောင်းစည်းဝေးတစ်ခုကို ပြုလုပ်သဖြင့် ကျွန်ုပ်လည်း သွားရောက်ပါသည်။

အခြားသောသူများတို့သည် ဆုတောင်းရန်ဒူးထောက်ကြသော အခါ ကျွန်ုပ်လည်း ကြောက်ရွံ့တုန်လှုပ်ခြင်းနှင့် ဒူးထောက်လေ၏။ လူအနည်းငယ်ဆုတောင်းပြီးသောအခါ ကျွန်ုပ်သည် ဘာမျှမသိဘဲ ကျွန်ုပ်၏နှုတ်မှ ဆုတောင်းသောအသံသည်ထွက်လာလေ၏။ ထိုခဏချင်းတွင် ဘုရားသခင်၏ကတိတော်များကို အဖိုးမပေးဘဲ တောင်းလျှောက်ရုံမျှနှင့် ခံစားရနိုင်သော ပုလဲရတနာကြီးများကဲ့သို့ ကျွန်ုပ်မှတ်ထင်ရလေ၏။ ကျွန်ုပ်ဆုတောင်းနေစဉ် ကြာမြင့်စွာခံစားလျက်နေခဲ့ရသောစိတ်ဝိညာဉ် ဆင်းရဲခြင်း၊ ပူပန်ခြင်း၊ လေးလံခြင်းရှိသမျှတို့သည် ကျွန်ုပ်ထံမှကွယ်ပျောက်သွား၍ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာတော်သည် ကျွန်ုပ်အပေါ်သို့ နူးညံ့သောမိုးပွင့်ကဲ့သို့ သက်ရောက်လေ၏။ ကျွန်ုပ်သည်စိတ်ပါစွာနှင့် ထာဝရဘုရားကိုချီးမွမ်းလေ၏။ ယေရှုနှင့်ကိုယ်တော်၏ဘုန်း

တော်အပြင် ကျွန်ုပ်သည် ဘယ်အရာကိုမျှ မမြင်ရသည့်အပြင် ကျွန်ုပ်၏ အနားပတ်လည်၌ ဖြစ်ပျက်နေသောအရာများကိုပင် ကျွန်ုပ်သည်ဘာမျှ မသိနားမလည်တော့ချေ။

ထာဝရဘုရား၏ဝိညာဉ်တော်သည်ကျွန်ုပ်အပေါ်သို့ကြီးစွာသော တန်ခိုးဖြင့်ဆင်းသက်တော်မူသောကြောင့် ထိုညဉ့်၌ ကျွန်ုပ်သည် အိမ်သို့ မပြန်နိုင်တော့ချေ။ ကျွန်ုပ်သည်သတိရလာသောအခါကျွန်ုပ်တို့ဆုတောင်း စည်းဝေးကိုပြုလုပ်သော ကျွန်ုပ်ဦးလေး၏အိမ်၌ ကျွန်ုပ်အား ကောင်း စွာ စောင့်ရှောက်ပြုစုလျက်ရှိသည်ကို တွေ့မြင်ရလေ၏။ နောက်တစ်နေ့ ကျွန်ုပ်သည်အိမ်သို့ပြန်သွားသောအခါကျွန်ုပ်၏စိတ်နှလုံးသည်များစွာပင် ပြောင်းလဲလျက်ရှိကြောင်းကိုသိရလေ၏။ ကျွန်ုပ်သည် လွန်ခဲ့သောညနေ က ကျွန်ုပ်ဖခင်၏အိမ်မှ ထွက်လာသောအခါကနှင့်မတူတော့ဟု ထင်မြင် ရလေ၏။ 'ထာဝရဘုရားသည် ငါ၏သိုးထိန်း ဖြစ်တော်မူ၏။ ငါသည် ဆင်းရဲမခံရ။" (ဆာလံ၊ ၂၃း၁) ဟူသောကျမ်းချက်ကို ကျွန်ုပ်၏စိတ်ထဲ ၌ အစဉ်စွဲလမ်းလျက်ရှိပါသည်။ ကျွန်ုပ်သည် ဤစကားများကိုဖြည်းညင်း စွာ ရွတ်ဆိုသောအခါ ကျွန်ုပ်၏စိတ်သည် အလွန်ပင်ဝမ်းမြောက်ရွှင်မြူး ခြင်းနှင့်ပြည့်ဝလျက်ရှိလေ၏။

## ခမည်းတော်၏ချစ်ခြင်းမေတ္တာ

ယခု ကျွန်ုပ်၏နှလုံးထဲ၌ ယုံကြည်ခြင်းစိတ် တိုးပွားလာလေ၏။ ဘုရားသခင်ကို ကျွန်ုပ်အလွန်ပင်ချစ်၍ ကျွန်ုပ်၏အပြစ်များကိုလည်းဖြေ လွှတ်တော်မူကြောင်း ဝိညာဉ်တော်အားဖြင့် ထင်ရှားလျက်ရှိပါသည်။ ကျွန်ုပ်သည် အဖခမည်းတော်အား အထင်လွဲခဲ့သမျှတို့သည်ပြောင်းလဲ သွားလေ၏။ ကျွန်ုပ်သည် ယေရှုခရစ်၏ချစ်ခြင်းမေတ္တာတော်အကြောင်း ကိုအလွန်တရားပင်ပြောပြချင်ပါသ်ည။ သို့သော် လူအများနှင့်စကား စမြည်ပြောဆိုဖို့ရန် အနည်းငယ်မျှမနှစ်သက်၊ အလိုမရှိပါ။ လူ့ဉာဏ်ဖြင့် မမီနိုင်သောငြိမ်သက်ခြင်းနှင့် ပြည့်စုံလျက် ထာဝရဘုရားအားစိတ်နှလုံး ပါလျက်ချစ်သောကြောင့် ကျွန်ုပ်သည် ဆုတောင်း၍တရားတော်ကိုဆင် ခြင်အောက်မေ့ဖို့သာ နှစ်သက်ပါသည်။

## ပျို့ရွယ်သူတို့အတွက်အမှုဆောင်ခြင်း

ကျွန်ုပ်၏ အဖြစ်အပျက်များ ပြောပြစဉ်အခါ ကျွန်ုပ်၏ စိတ်နှလုံးကို ထူးဆန်းစွာ ပြောင်းလဲစေတော်မူသော ဘုရားသခင်၏ အပြစ်လွှတ်တတ်သော မေတ္တာသဘောတော်အကြောင်းကို မည်သူမျှမငြင်းဆန်နိုင်ဟု ကျွန်ုပ်ထင်ပါသည်။ မှန်ကန်သော ပြောင်းလဲခြင်းအခွင့်ကို ကျွန်ုပ်သည် ဧကန်အမှန်ခံစားရကြောင်း ထင်ရှားသဖြင့် ကျွန်ုပ်သည်ကျွန်ုပ်၏ပျို့ရွယ်သူ မိတ်ဆွေများအား အလင်းတရားထဲသို့ ရောက်ရှိစေရန် အခွင့်ရသည့်အခါတိုင်းမစကူညီလျက် ဤအလုပ်ကိုပြုလုပ်ရန် ကြိုးစားခဲ့လေပြီ။

ကျွန်ုပ်သည် စည်းဝေးများကို ပြုလုပ်ရန် ကျွန်ုပ်၏ပျို့ရွယ်သူမိတ်ဆွေများနှင့် တိုင်ပင်စီမံလေ၏။ အချို့သော သူများသည် ကျွန်ုပ်ထက်အနည်းငယ်အသက်ကြီးရင့်သောသူများဖြစ်ကြသည်။ အချို့တို့မှာလည်း အိမ်ထောင်ကျပြီးသော သူများဖြစ်ကြသည်။ အများသော သူတို့သည် စဉ်းစားဆင်ခြင်တတ်သောသဘော မရှိကြဘဲ ဝတ်ပြုကိုးကွယ်ခြင်းအမှုတွင်အချည်းနှီးကိုးကွယ်သောသူများဖြစ်ကြ၍ ကျွန်ုပ်ပြောပြသောကျွန်ုပ်၏အဖြစ်အပျက်များကို သူတို့သည် ပျင်းစရာကောင်းသော ဝတ္ထုကဲ့သို့ထင်မှတ်လျက် ကျွန်ုပ်၏နှိုးဆော်တောင်းပန်သော အရာများကို ဂရုမစိုက်ကြချေ။ သို့ရာတွင် ကျွန်ုပ်အထူးစိတ်ပါစွာ ဂရုစိုက်လျက်ရှိသော ဤဝိညာဉ်များသည်ထာဝရဘုရားအားမိမိတို့ကိုယ်ကိုမအပ်နှံသမျှကာလပတ်လုံး ကျွန်ုပ်သည် မရပ်မနားဘဲ သူတို့အတွက်ကြိုးစား၍ တိုက်တွန်းနှိုးဆော်လျက် အမှုဆောင်ရွက်မည်ဟု စိတ်ပြဌာန်းထားလေ၏။ သူတို့အတွက် ကျွန်ုပ်သည် တစ်ညလုံး ကြိုးစား၍ ဆုတောင်းပါသည်။

ဤလူများတွင် အချို့သောသူတို့သည် ကျွန်ုပ်ဘာကိုပြောမည်ကို သိရှိရန်သာ လာရောက်တွေ့ဆုံကြသောသူများဖြစ်ကြသည်။ အချို့သောသူတို့ကား မိမိတို့ကိုယ်ကိုမိမိတို့ ဂရုမစိုက်ကြောင်းကို ကျွန်ုပ်သိသဖြင့် မရပ်မနားဘဲ သူတို့အတွက် ကျွန်ုပ်အထူးကြိုးစားပြီး တိုး၍ဆုတောင်းလျက် အမှုဆောင်ရွက် ဟောပြော နေသေးသည်ကို ထောက်ရှုသဖြင့် ကျွန်ုပ်သည် သတိချွတ်ယွင်းလျက် ရှိနေသည်ဟု ထင်ကြလေသည်။

သို့ရာတွင် ကျွန်ုပ်တို့သည် စည်းဝေးကလေးကို ပြုလုပ်သောအခါတိုင်း အသီးသီးတို့သည် တစ်ယောက်စီ မိမိတို့ကိုယ်ကို ယေရှုလက်တော်ထဲသို့ အပ်နှံ၍ ကိုယ်တော်၏အပြစ်လွှတ်တတ်သော မေတ္တာတော်၏အကျိုးကျေးဇူးအကြောင်းကိုဝန်ခံသည့်တိုင်အောင် အသီးသီးတို့အဖို့ ခွဲခြား၍ တိုက်တွန်းနှိုးဆော်လျက် ဆုတောင်းလေ၏။ သူတို့တွင် လူတိုင်းပင် ဘုရားသခင်တက်သို့ ပြောင်းလဲလေ၏။

တစ်ညပြီးတစ်ည အိပ်မက်ထဲ၌ ကျွန်ုပ်သည် ဝိညာဉ်များကိုကယ်တင်ဖို့ရန် ကြိုးစား၍ အမှုဆောင်လျက်နေသည်ဟု မြင်မက်လေ၏။ ဤကဲ့သို့ အိပ်မက်နေစဉ် အခါများတွင် ကျွန်ုပ်သည် တစ်စုံတစ်ယောက် အကြောင်းကိုထင်ရှားစွာမြင်မက်လေ၏။ ကျွန်ုပ်သည်လည်း ၎င်းတို့ကို ရှာဖွေလျက်ကြိုးစား၍ သူတို့နှင့်အတူ ဆုတောင်းလေ၏။ ဤကဲ့သို့အိပ်မက်တွင် မြင်မက်သောသူတို့အတွက်ဆုတောင်းသောအခါတိုင်း ၎င်းလူများတို့တွင် တစ်ယောက်တည်းသာ ကိုယ်တော်ကိုငြင်းပယ်၍ ကျန်ကူအားလုံးတို့သည် မိမိကိုယ်ကိုမိမိ ဘုရားသခင်၏ လက်တော်သို့ အပ်နှံကြလေ၏။ ဘုရားဝတ်၌ မွေ့လျော် ယောင်ဆောင်သော ခရစ်ယာန်အချို့တို့က ကျွန်ုပ်သည် ဝိညာဉ်များကို စိတ်ပြောင်းလဲဖို့ရန် အရေးအတွက် စိတ်အားထက်သန်လွန်းအားကြီးသည်ဟု စိုးရိမ်လျက်ရှိကြ၏။ သို့ရာတွင် အချိန်အနည်းငယ်လောက်သာရှိသဖြင့်ထာဝရအသက်တည်းဟူသော သုခချမ်းသာကို မြော်လင့်လျက် ခရစ်တော်မကြာမီ ကြွလာမည်ကို မြော်လင့်စောင့်ဆိုင်းနေသော သူတို့သည် အပြစ်မှောင်မိုက်တွင် ရှိနေသေးလျက် ပျက်စီးခြင်းသို့ရောက်လုနီးသော သူတို့အတွက် မခြားမလပ်၊ ရပ်နားခြင်းမရှိဘဲ အမှုတော်ကိုကြိုးစား၍ လုပ်ဆောင်သင့်ကြသည်ဟု ကျွန်ုပ်ထင်မြင်ရလေ၏။

## ဘုရားသခင်နှစ်သက်တော်မူသောအမှုကိုပြုရန် စိတ်ပြဋ္ဌာန်းခြင်း

ကျွန်ုပ်သည်အသက်အရွယ်ငယ်သော်လည်းကျွန်ုပ်၏စိတ်ထဲ၌ကယ်တင်ခြင်းအကြံအစည်အကြောင်းကို ကောင်းစွာသိနားလည်သည် သာ

မကကျွန်ုပ်ကိုယ်တိုင်ကြုံကြိုက်ရသောအဖြစ်အပျက်များမှာလည်း အလွန်ပင် မှတ်သားအံ့သြဖွယ်ရန် ကောင်းသဖြင့် စဉ်းစားဆင်ခြင်ကြည့်သော အခါ၌ အဖိုးထိုက်တန်သောဝိညာဉ်များကိုကယ်တင်ဖို့ရန် ကျွန်ုပ်ကြံစည်လျက်ရှိသောအလုပ်များကို ဆက်လက်ပြုလုပ်၍အခွင့်ကြုံသောအခါတိုင်း ဆုတောင်းခြင်းဖြင့်လည်းကောင်း၊ ခရစ်တော်ကိုဝန်ခံ၍သက်သေခံခြင်းဖြင့်လည်းကောင်း အမှုတော်ကို ဆောင်ရွက်ရန် ကျွန်ုပ်၏တာဝန်ဖြစ်ကြောင်းကို သိရှိပါသည်။ ကျွန်ုပ်သည် သခင်ခရစ်တော်၏အမှုတော်ကို ဆောင်ရွက်ရန် ကျွန်ုပ်ကိုယ်ကိုတစ်ခါတည်း အပ်နှံထားပါသည်။ မည်ကဲ့သို့သောအခြေအနေသို့ပင်ရောက်စေကာမူ ကျွန်ုပ်သည် ဘုရားသခင်နှစ်သက်တော်မူသောအမှုကိုပြုလုပ်၍ ကယ်တင်ရှင်သည်မကြာမီပြန်လာတော်မူ၍ သစ္စာရှိသောသူအား အကျိုးကျေးဇူးကို ဆပ်ပေးတော်မူလိမ့်မည်ဟု မျှော်လင့်လျက်နေသောသူကဲ့သို့နေထိုင်ပြုမူန် သန္နိဋ္ဌာန်ချထားပါသည်။ ဖခင်ထံသို့လာသော ကလေးသူငယ်ကဲ့သို့ ကျွန်ုပ်သည်ဘုရားသခင်ထံသို့သွား၍ မည်ကဲ့သို့သောအလုပ်ကို ကိုယ်တော်သည် ကျွန်ုပ်အား ပြုစေလိုတော်မူသနည်းဟု မေးလျှောက်လေ၏။ ထိုအခါ ဘုရားသခင်သည် ကျွန်ုပ်၏အလုပ်ဝတ္တရားအကြောင်းကို ပြောပြတော်မူသောအခါ ကျွန်ုပ်သည် ဤအလုပ်ကို ပြုလုပ်ဆောင်ရွက်ရန် အလွန်တရာပင်အားရနှစ်သက်ပါသည်။ တစ်ခါတစ်ရံကျွန်ုပ်သည် ထူးခြားသောစုံစမ်းနှောင့်ယှက်ခြင်းကို ခံရပါသည်။ ကျွန်ုပ်ထက် ဗဟုသုတများသော လူကြီးများက ကျွန်ုပ်အားတားမြစ်၍ ကျွန်ုပ်၏စိတ်အားကြီးသောယုံကြည်ခြင်းကို လျော့စေခြင်းငှါ ကြိုးစားကြသော်လည်း ယေရှု၏ပြုံးရွှင်သောမျက်နှာတော်၏ရောင်ခြည်သည် ကျွန်ုပ်၏အသက်တာ၌ တောက်ပထွန်းလင်းလျက်ရှိ၍ ကျွန်ုပ်၏စိတ်နှလုံးထဲတွင် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်သည် တည်ရှိလျက် နေသောကြောင့် ကျွန်ုပ်ပြုလုပ်ရမည့် အလုပ်ဝတ္တရားကို ကျွန်ုပ်သည် ဝမ်းမြောက်သောစိတ်နှင့် ဆက်လက်လုပ်ကိုင်လျက်ရှိပါသည်။

--*--

အခန်း ၄

## သခင်ခရစ်တော်ကိုကြိုဆိုရန်ပြင်ဆင်ခြင်း

ကျွန်ုပ်တို့သည် ကြောက်ရွံ့တုန်လှုပ်လျက် သတိဝီရိယနှင့်တကွ ကယ်တင်ရှင်သခင်ကြွလာတော်မူလိမ့်မည်ဟု ထင်မှတ်လျက်နေကြသော အချိန်ကိုစောင့်ဆိုင်းလျက်ရှိနေကြပါသည်။

(ဤအခါ၌ဝီလျံမီးလားနှင့်သူ၏အပေါင်းအဖေါ်များက သခင်ခရစ်တော်သည် ၁၈၄၄ ခုနှစ်တွင် အစပြုရသော ရဟူဒီနှစ်အတွင်း လောက်တွင် ကြွလာတော်မူလိမ့်မည်ဟု မျှော်လင့်ကြပါသည်။ ရဟူဒီ ပြက္ခဒိန်နှင့် ရိုးရိုးအသုံးပြုနေကျပြက္ခဒိန်သည် ခြားနားသဖြင့် ထိုရဟူဒီနှစ် သည် ၁၈၄၄ ခုနှစ်၊ မတ်လလောက်တွင် အဆုံးသတ်၏။)

ကိုယ်တော်ကြွလာတော်မူသောအခါ ကိုယ်တော်ကိုကြိုဆိုရန် အသင့်ရှိစေခြင်းငှါ မြော်လင့်ခြင်းလူစုဖြစ်သောကျွန်ုပ်တို့သည် မိမိတို့ ကိုယ်ကို သန့်ရှင်းစင်ကြယ်စေခြင်းငှါ ကြည်ညိုသောစိတ်နှင့် စိတ်ပါ ကိုယ်ရောက်ကြိုးစားကြလေ၏။ မြို့ထဲ၌ ကျွန်ုပ်တို့နေရာအိမ်အသီးသီး တို့တွင် စည်းဝေးများကို ပြုလုပ်ကြသေးသည်။ များစွာအကျိုးဖြစ်ထွန်း သည်ကိုလည်း တွေ့ရှိရပါသည်။ ယုံကြည်သောသူတို့အား မိမိတို့၏ မိတ်ဆွေများနှင့်ဆွေမျိုးများအတွက် အမှုတော်ကိုဆောင်ရွက်စေခြင်းငှါ နိုးဆော်တိုက်တွန်းသဖြင့် စိတ်နှလုံး ပြောင်းလဲသောသူများတို့သည် တစ်နေ့ထက်တစ်နေ့ များပြားလာကြလေ၏။

သင်းအုပ်ဆရာများနှင့် အသင်းတော်သားများက တားမြစ်ကြ သော်လည်း ပေါ့တလန်မြို့တွင်ရှိသော ဘီသိုဗင်အမည်ရှိသည့်စည်းဝေး ကျောင်း အခန်းကြီးသည် ညတိုင်းစည်းဝေးသို့လာရောက်ကြသောသူတို့ နှင့် ပြည့်ကျပ်လျက်ရှိလေ၏။ အထူးသဖြင့်တနင်္ဂနွေနေ့တွင် လူအမြောက် အမြားလာရောက်ကြလေသည်။ ခရစ်တော်ဒုတိယအကြိမ်ကြွလာတော် မူခြင်းအကြောင်းကိုကြားနာလိုကြသဖြင့်လာရောက်ကြသောသူများမှာ

သူဌေးနှင့်သူဆင်းရဲ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဂုဏ်သိမ်သောသူ၊ သင်းအုပ်ဆရာကြီးများနှင့်သာမညအသင်းတော်သားများမှစ၍ အလုပ်အကိုင်အမျိုးမျိုး လုပ်ကိုင်နေကြသောသူများဖြစ်ကြသည်။ လူအများတို့သည် မတ်တပ်ရပ်၍နားထောင်ဖို့ရန်နေရာပင် မရှိသဖြင့် စိတ်ပျက်လျက်ပြန်သွားရကြလေ၏။

စည်းဝေးများ၏ အစီအစဉ်များမှာ ထူးထူးခြားခြား မဟုတ်ဘဲ ရိုးရိုးမျှသာဖြစ်၏။ အများအားဖြင့်တို၍ အချက်ကျသော တရားဟောချက်များကို ဟောပြောပြီးနောက် အသီးအသီး နှိုးဆော်တိုက်တွန်းလိုက နှိုးဆော်တိုက်တွန်းဖို့အခွင့်ပြုပါသေးသည်။ ဤမျှလောက်ကြီးသော ပရိသတ်ကြီးဖြစ်သော်လည်း အများအားဖြင့် အစည်းအဝေးတစ်ခုလုံးသည် အလွန်ပင်ငြိမ်သက်လေသည်။ သခင်ဘုရား၏အမှုတော်ဆောင်များတို့သည် မိမိတို့ယုံကြည်သောအချက်များအကြောင်းကိုဖေါ်ပြနေစဉ် သခင်ဘုရားသည် ငြင်းဆန်တတ်သောသဘောရှိသူတို့ကို တားမြစ်ထားတော်မူပါသည်။ တစ်ခါတစ်ရံ ဟောပြောသောသူသည် အားနည်းသော်လည်းဘုရားသခင်၏ဝိညာဉ်တော်သည် ကိုယ်တော်၏သမ္မာတရားတော်ကို ထင်ရှားစေရာ၌ အစွမ်းသတ္တိနှင့်ခွန်အားကို ချပေးတော်မူပါသည်။ စည်းဝေးရာအရပ်တွင် သန့်ရှင်းသောကောင်းကင်တမန်များပင်လာရောက်သည်ဟု ထင်မြင်ရပါသည်။ ယုံကြည်သောလူစုအနည်းငယ်ကလေးသည် နေ့စဉ်တိုးပွါးလျက် အသင်းသားများတိုး၍များပြားလာလေ၏။

## ဝမ်းမြောက်စွာမြော်လင့်ခြင်း

ယေရှုကိုစိတ်နှလုံးအကြွင်းမဲ့ချစ်ခင်သောသူတို့သည် ကယ်တင်ရှင်သခင်ကြွလာတော်မူမည်ကို စိတ်အားကြီးစွာနှင့် မြော်လင့်စောင့်စားနေသောသူတို့၏ ထင်မြင်ချက်သဘောထားမျိုးတို့ကိုနားလည်နိုင်သဖြင့် နှစ်သက်သဘောကျကြလိမ့်မည်။ ကိုယ်တော်ကိုကြိုဆိုဖို့ရန် ကျွန်ုပ်တို့မြော်လင့်လျက် နေသော အချိန်သည် ရောက်လုနီးလေပြီ။ ကျွန်ုပ်တို့သည် ထိုအချိန်ကို ကြည်ညိုသောစိတ်နှင့် ငြိမ်သက်တည်ကြည်စွာဖြင့်

စောင့်ဆိုင်းလျက်ရှိနေကြပါသည်။ ဧကန်အမှန်ယုံကြည်သောသူတို့သည် ဘုရားသခင်နှင့်အတူ မိတ်သဟာယဖွဲ့လျက်ငြိမ်သက်စွာစောင့်နေကြ၏။ ၎င်းငြိမ်သက်ခြင်းမှာနောင်ဘုန်းတော်ထွန်းလင်းသောအချိန်ကာလတွင် ခံစားရမည်ဖြစ်သော ငြိမ်သက်ခြင်းချမ်းသာကို အမှန်ခံစားစံစားရမည် ဟူသော မြော်လင့်ခြင်းကိုခံစားရန်ဖြစ်ပေ၏။ ဤကဲ့သို့ မြော်လင့်ခြင်း၊ ယုံကြည်ခြင်းရှိသောသူတို့သည်မြော်လင့်စောင့်ဆိုင်းနေရသော ထိုအချိန်ကာလများကို ဘယ်အခါမျှမမေ့နိုင်ချေ။

ရက်သတ္တပတ်အနည်းငယ်လောက်၊ လောကနှင့်ပတ်သက်သော အလုပ်အကိုင်များကိုအများအားဖြင့်ပယ်ရှား ထားကြပါသည်။ ကျွန်ုပ်တို့ သည် သေခါနီးအိပ်ရာပေါ်တွင် လောက၏ဇာတ်စခန်းကိုတစ်ခါတည်း သိမ်းဖို့ရန် အချိန်အနည်းငယ်သာရှိသည့်အခါ၌ ကဲ့သို့ကျွန်ုပ်တို့စိတ်နှလုံး ၏သဘောအခြေအနေကို သေသေချာချာစစ်ဆေးကြ၏။ ကယ်တင်ရှင် ၏အသွေးတော်အားဖြင့် အပြစ်ကိုဆေးကြော်တော်မူခြင်းကို ခံရသဖြင့် သန့်ရှင်းစင်ကြယ်သော အကျင့်စာရိတ္တနှင့် ပြည့်စုံသောသဘောအသစ် ကို ကျွန်ုပ်တို့၌လိုနေကြောင်းကိုသိရှိကြပါသည်။

## စိတ်ပျက်ခြင်း

သို့ရာတွင် ကျွန်ုပ်တို့မြော်လင့်လျက်နေကြသောအချိန်သည် လွန် လျက်သွားလေပြီ။ ယေရှုသည် မိုးတိမ်နှင့်တကွ ပေါ်လာတော်မူမည်ဟု ယုံကြည်လျက်မြော်လင့်နေကြသောသူတို့သည်ပထမဦးစွာတွေ့ကြုံရသော စုံစမ်းခြင်းကြီးမှာ၊ထိုအချိန်လွန်သွား၍မြော်လင့်ခြင်း ပျက်ကွက်ခြင်းဖြင့် သတည်း။ မြော်လင့်စောင့်ဆိုင်းနေသော ဘုရားသခင်၏လူများတို့သည် ကြီးစွာမြော်လင့်ချက် ပျက်ကွက်ခြင်းစိတ်ဒုက္ခသို့ရောက်ကြ၏။ ကဲ့ရဲ့ပြစ် တင်ပြက်ရယ်ပြုကြသောသူတို့ကား အားရဝမ်းမြောက်ကြ၍ ယုံကြည် အားနည်းပြီးလျှင် ကြောက်ရွံ့သောသူတို့သည်သူတို့ဘက်သို့အပါအဝင် ဖြစ်သွားကြလေ၏။ အမှန်ပင်ယုံကြည်သောသူများဟု ထင်မြင်ရသော သူအချို့တို့သည်လည်း စိုးရိမ်ကြောင့်ကြခြင်းကြောင့်သာလျှင် ကျွန်ုပ်တို့

လူစုထဲသို့ဝင်လာခဲ့ကြောင်းထင်ရှားလေ၏။ ယခုသူတို့မြော်လင့်လျက်နေကြသောအချိန်သည်ကုန်လွန်သွားသောအခါတစ်ခါတည်း စိတ်ပျက်အားလျော့၍ ပြက်ရယ်ပြုသောသူတို့နှင့်ရဲရင့်စွာ ပေါင်းသင်းကြလျက် ဘာသာတရား၌ ဖေါက်ပြန်သူအရှုးဖြစ်သော မီးလား၏တရားများကို ယုံကြည်ရမည့်အကြောင်း သူတို့သည် ဘယ်အခါမျှ သွေးဆောင်ဖြားယောင်းခြင်းခံခဲ့ရသော လူများမဟုတ်ဟု ငြင်းပယ်ပြောဆိုကြလေ၏။ အခြားသောသူများတို့သည် အလိုအလျောက် မိမိတို့၏စိတ်အလိုသို့လိုက်၍ ခရစ်တော်ကြွလာတော်မူခြင်းတရားကို တဖြည်းဖြည်းစွန့်ပယ်ကြလေ၏။

ကျွန်ုပ်တို့လည်းအလွန်ပင်စိတ်ရှုပ်ထွေး၍စိတ်ပျက်ကြသော်လည်း ကျွန်ုပ်တို့ ယုံကြည်သောတရားကိုမစွန့်ပယ်ကြသေးပါ။ ယေရှုကြွလာတော်မူမည့်အချိန်သည် နီးကပ်လျက်ရှိပြီဟု အများသောသူတို့သည် မြော်လင့်လျက်ရှိနေကြသေးသည်။ သခင်ဘုရားမိန့်တော်မူသောစကားသည် ဧကန်အမှန်ဖြစ်၍မမှားနိုင်ချေ။ ကျွန်ုပ်တို့သည်ကျွန်ုပ်တို့၏တာဝန်ကိုဆောင်ရွက်ခဲ့ကြပြီဟုထင်မြင်ရပါသည်။ ကျွန်ုပ်တို့၏မြင့်မြတ် အဖိုးထိုက်တန်သောယုံကြည်ခြင်းတရားကိုလက်မလွှတ်ကြသေးပါ။ ကျွန်ုပ်တို့သည် မြော်လင့်ချက်ပျက်ကွက်ခြင်းသို့ရောက်ကြသော်လည်း စိတ်အားမလျော့ကြသေးပါ။ အရာခပ်သိမ်းတို့၏ အဆုံးသည် ရောက်လုနီးပြီဖြစ်ကြောင်း ကပ်ကာလနှင့်ဆိုင်သော နိမိတ်လက္ခဏာများအားဖြင့် ထင်ရှားလျက်ရှိ၏။ ဘယ်အချိန်မဆို သခင်ခရစ်တော်ကြွလာတော်မူသောအခါ၌ကြိုဆိုဖို့ရန် ကျွန်ုပ်တို့သည်အသင့်ပြင်ဆင်လျက် စောင့်စားနေရကြမည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းနှင့် မြော်လင့်ခြင်းရှိလျက် စောင့်စားနေကြရမည်။ အပြစ်မှောင်မိုက်နှင့် ဖုံးလွှမ်းလျက်ရှိသော လောကကြီးတွင် ကျွန်ုပ်တို့၏အလင်းတရားကို ထွန်းတောက်စေခြင်းငှါ ဆုံးမဩဝါဒပေးခြင်း၊ အားပေးတိုက်တွန်းနှိုးဆော်ခြင်းနှင့် စိတ်သက်သာစေခြင်းအမှုတို့ကို ပြုလုပ်ရန် ကျွန်ုပ်တို့အသီးသီးအတူတကွ စုဝေးဝတ်ပြုကြဖို့ မေ့လျော့၍မနေသင့်ကြချေ။

မျှော်လင့်ချက်ပျက်ကွက်ခြင်းသို့ရောက်သော်လည်း ထိုသူတို့သည် မှောင်မိုက်ထဲမှာကဲ့သို့ ဘာမျှမသိနားမလည်ရကြဘဲ ကြာမြင့်စွာနေရကြသည်မဟုတ်။ စိတ်ပါစွာဆုတောင်းလျက်၊ ပုရောဖက်တို့၏အနာဂတ္တိကျမ်းနှင့်သက်ဆိုင်သော အချိန်ကာလများတို့ကို သေချာစွာစစ်ဆေးရှာဖွေစူးစမ်းခြင်းဖြင့် မိမိတို့၏အမှားများကို တွေ့မြင်ကြလေသည်။ ထိုကဲ့သို့ရှာဖွေစောင့်ဆိုင်းနေရသော အချိန်ကာလအကြောင်းကို အနာဂတ်ကာလများတွင်တွေ့ရှိရသည်။ ခရစ်တော်ကြွလာမည့်အကြောင်းကို ကြားရ၍ မြော်လင့်နေကြရာအလွန်ဝမ်းသာအားရလျက် နေကြသဖြင့် ထိုဆိုင်းလင့်စောင့်ဆိုင်းနေရသောအချိန်အကြောင်းကို သတိမထားမိကြချေ။ ထိုကြောင့် ဤကဲ့သို့အကြံပျက်ခြင်းနှင့်အံ့သြခြင်းသို့ရောက်ရကြလေ၏။ သို့သော် သမ္မာတရား၌ယုံကြည်သောသူများတို့အား ခွန်အားတိုးပွားလျက် စိတ်အားထက်သန်သောသူများဖြစ်စေရန် ဤကဲ့သို့စုံစမ်းခြင်းမျိုးကိုပင်လိုပေသည်။

## အသစ်သောမြော်လင့်ခြင်း

သခင်ခရစ်တော်သည် ၁၈၄၄ ခုနှစ်တွင် ကြွလာတော်မူလိမ့်မည်ဟု ကျွန်ုပ်တို့ယခုမြော်လင့်နေကြပါသည်။

(မှတ်ချက်။ ၁၈၄၄ ခုနှစ်တွင် သခင်ခရစ်တော်ကြွလာတော်မူလိမ့်မည်ဟု မြော်လင့်ခြင်းအသင်းသားများ အယုံအကြည်ရှိကြသောအချက်မှာ၊ ဒံယေလအနာဂတ္တိကျမ်း၊ ၈း၁၄ တွင် ရေးသားခဲ့သောအနာဂတ္တိစကားတွင် တွေ့ရှိရသည်။ ရက်ပေါင်း ၂၃၀၀ တိုင်တိုင်တည်လိမ့်မည်။ ထိုနောက်သန့်ရှင်းရာဌာနကို တစ်ဖန်ဆေးကြောသုတ်သင်လိမ့်မည်ဟူသောအချက်ပင်ဖြစ်သည်။ အနာဂတ်ကာလနှင့်ဆိုင်သောနေ့ရက်များသည်နှစ်များ၏အစားဖြစ်သည်ဟုသူတို့ယုံကြည်ကြ၏။ ၎င်းပြင် ထိုကာလအချိန်သည် ဒံယေလအနာဂတ္တိကျမ်း၊ ၉း၂၄ တွင် ဖေါ်ပြထားသော သီတင်းခုနှစ်ဆယ်နှင့်သက်ဆိုင်၍ ယေရုရှလင်မြို့ကို တစ်ဖန်တည်ထောင်ပြုစုစေခြင်းငှါအမိန့်တော်ရှိသည့်နေ့မှအစပြုသည်ဟု သူတို့အယူရှိကြ၏။ ဤအမိန့်တော်ထုတ်ပြန်ခြင်းအကြောင်းကိုဇေရမှတ်

စာအခန်းကြီး၊ ၇ တွင် ရေးမှတ်ထား၍ အမိန့်ထုတ်ပြန်တော်မူသော နှစ်သည်ပေရသိမင်းကြီး အာတဇေရန်နန်းစံခုနစ်နှစ် (ဧဇရ၊ ၇း၈) တည်းဟူသော ခ၊ ရ၊ ၄၅၇ တွင်အစပြုသည်။ ခရစ်တော်မပေါ်ထွန်းမီ ရှေ့တွင်ရှိသောနှစ် ၄၅၇ ကို နှစ်ပေါင်း ၂၃၀၀ ထဲမှနုတ်လိုက်သော အခါ ခရစ်တော်ပေါ်ထွန်းတော်မူပြီးနောက် နှစ်ပေါင်း ၁၈၄၃ ကို ရရှိလေ၏။ ဤနှစ်ကာလလွန်သောအခါ သူတို့သည်စိတ်ပျက်ကြလေ၏။ သို့ရာတွင် အမိန့်ထုတ်ပြန်တော်မူသောအချိန်သည် နှစ်အစတွင်မဟုတ်၊ နှစ်အလယ်တွင်ဖြစ်၍ ၄၅၇ အစား ၄၅၆ နှစ်ခွဲနှင့်နုတ်ရမည်။ ဤအမှား ကိုပြင်ဆင်၍တွက်ချက်ကြည့်သောအခါ ကျန်သော ၁၈၄၃ ခုနှစ်ခွဲကို ထောက်ရှုခြင်းအားဖြင့် အနာဂတ်ကာလသည် ခရစ်တော်သက္ကရာဇ် ၁၈၄၃ ခုနှစ်မဟုတ်ဘဲ ၁၈၄၄ ခုနှစ်အလယ်တွင်အဆုံးသို့ရောက်လေ သည်။ ဤအချက်ကိုထောက်ရှုခြင်းဖြင့် ထိုနှစ်တွင် သူတို့၌အသစ်သော မြော်လင့်ချက်ရှိလာကြပြန်လေ၏။)

ထိုအချိန်ကာလသည်ကောင်းကင်အလယ်၌ပျံဝဲလျက် ဗာဗုလုန် မြို့ကြီးပြိုလဲပြီ၊ ပြိုလဲပြီဟူသော သတင်းစကားကို ဒုတိယကောင်းကင် တမန်ကကြားပြောသောအချိန်ကာလလည်းဖြစ်သည်။ ဗျာ၊ ၁၄း၈။ ၁၈၄၄ ခုနှစ် နွေကာလတွင် ထာဝရဘုရားသခင်၏အမှုဆောင်ကျွန်များ တို့သည် ပထမဦးစွာ ထိုသတင်းစကားကို ကြွေးကြော်ကြလေသည်။ ထိုသတင်းစကားကြောင့် များစွာသောသူတို့သည် ဖေါက်ပြန်လျက်ရှိ သောအသင်းတော်များမှ နုတ်ထွက်ကြလေ၏။ ဤသတင်းစကားနှင့် စပ်ဆိုင်၍ "ကြည့်ရှုလော့၊ မင်္ဂလာဆောင်လုလင်သည် ရောက်လာပြီ၊ တွေ့ဆုံရန်ထွက်သွားလော့" ဟူသော ညဉ့်ဦးယံကြွေးကြော်သံ (မ၊ ၂၅း၁-၁၃) ကိုလည်း ဟစ်ကြော်ကြလေ၏။ အရပ်ရပ်တိုင်း၌သတင်း စကားအကြောင်းနှင့်စပ်ဆိုင်၍ အလင်းတရားကို ကြားပြောကြသဖြင့် ထောင်သောင်းမကသောသူတို့သည် ကြွေးကြော်ကြလေ၏။ ပညာရှိ သောသူများနှင့် ဂုဏ်ရှိသောသူများသာမက ပညာမဲ့သောသူများနှင့် ဆင်းရဲသောသူများပင် ထိုသတင်းစကားကိုကြားရကြ၏။

ကျွန်ုပ်သည်တစ်သက်တွင် ထိုနှစ်၌အပျော်ဆုံးဖြစ်သည်။ ကျွန်ုပ်၏ စိတ်ထဲ၌ အလွန်ပင်အားရဝမ်းမြောက်ခြင်းနှင့်မြော်လင့်ခြင်းရှိပါသည်။ သို့ရာတွင် စိတ်ပျက်လျက်ယေရှု၌မြော်လင့်ခြင်းမရှိကြသောသူတို့အတွက် သနား၍စိုးရိမ်မိပါသည်။ ကျွန်ုပ်တို့သည် ခရစ်ယာန်စစ်များ၊ ဘုရား သခင်၏သားသမီးစစ်များ ဖြစ်နိုင်မည့်အကြောင်းကို လည်းကောင်း၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဧကန်အမှန် လက်ခံတော်မူကြောင်း၊ မမှားနိုင်သောသက်သေများကို ရရှိနိုင်ကြမည်အကြောင်းကို လည်း ကောင်း မြော်လင့်ခြင်းအသင်းသားတစ်စုဖြစ်သော ကျွန်ုပ်တို့သည် စိတ်ပါစွာနှင့်ကြိုးစား၍ဆုတောင်းပတ္ထနာပြုကြပါသည်။

နာရီတိုင်း၊ မိနစ်တိုင်းတို့သည် ကျွန်ုပ်အတွက်အလွန်အရေးကြီး သောအချိန်များဖြစ်သည်ဟု ထင်မြင်ရပါသည်။ ကျွန်ုပ်တို့သည်ထာဝရ ကာလအတွက်အမှုတော်ကိုဆောင်ရွက်လျက်နေကြ၍ အမှုမဲ့အမှတ်မဲ့နေ လျက်အလုပ်တွင်စိတ်မပါသောသူများတို့ကား ကြီးစွာသောဘေးဒုက္ခသို့ ရောက်ကြလိမ့်မည်ဟုကျွန်ုပ်ထင်ပါသည်။ ကျွန်ုပ်၏ယုံကြည်ခြင်းကိုဘာ မျှဖုံးကွယ်လျက်ရှိသည်မဟုတ်။ ၎င်းပြင်ယေရှု၏အဖိုးထိုက်သောကတိ တော်များကိုကျွန်ုပ်သည်ကိုယ်တိုင်ခံစားရတော့မည်ဟု ထင်မှတ်အောက် မေ့ပါသည်။ ကိုယ်တော်က တပည့်တော်တို့အား တောင်းကြလော့၊ တောင်းလျှင်ရမည်ဟု မိန့်တော်မူပြီး နောက်ဆုံး၌ ကျွန်ုပ်သည် ဘုရား သခင်၏အလိုတော်နှင့်အညီ ဘယ်အရာမဆိုတောင်းလျှောက်လျှင်ဧကန် အမှန်ပင်ရပါသည်။ ထိုကြောင့် ကျွန်ုပ်သည် ကိုယ်တော်၏အလိုတော် နှင့်အညီနှိမ့်ချခြင်းနှင့်ယေရှု၏ခြေတော်ရင်း၌ဦးချလျက်နေလေ၏။

ကျွန်ုပ်တို့သည် မြော်လင့်လျက်နေကြသောအချိန်သို့ ကျရောက် သည်တိုင်အောင်ကျွန်ုပ်တို့၏စိတ်နှလုံးကိုကြိုးစား၍စစ်ဆေးရှာဖွေပြီးလျှင် ကျွန်ုပ်တို့၏ အပြစ်များကို ဖော်ပြဝန်ချတောင်းပန်လျက် ဆုတောင်း၍ စောင့်နေကြပါသည်။ နံနက်တိုင်း ကျွန်ုပ်တို့၏ အပြုအမူအနေအထိုင် တို့သည် ဘုရားသခင်၏ရှေ့တော်၌ မှန်မမှန်စစ်ဆေးရန် အလုပ်သည် ပထမဦးဆုံးသောအလုပ်ဝတ္တရားဖြစ်ပါသည်။ ကျွန်ုပ်တို့သည်ရှင်းလင်း ခြင်းမရှိလျှင် ဧကန်အမှန်ပင် ရှေ့သို့တိုးတက်ခြင်းမရှိဘဲ နောက်သို့သာ

ဆုတ်လျက်ရှိကြလိမ့်မည်ဟုယုံကြည်ကြပါသည်။ ကျွန်ုပ်တို့သည် အသီးသီး တစ်ယောက်ကိုတစ်ယောက်ချစ်ခြင်းမေတ္တာနှင့်ဂရုစိုက်လျက် အသီးသီး တို့အဖို့ကြိုးစား၍ ဆုတောင်းကြပါသည်။ ကျွန်ုပ်တို့သည် ဥယျာဉ်များ အတွင်း၌လည်းကောင်း၊ သစ်ပင်ရိပ်များအောက်၌လည်းကောင်း စုဝေး လျက် ထာဝရဘုရားနှင့်မိတ်သဟာယဖွဲ့၍ မိမိတို့၌လိုအပ်သောအချက် များကိုကိုယ်တော်အားတောင်းလျှောက်ကြလေ၏။ ကိုယ်တော်ဖန်ဆင်း ထားတော်မူသောအရာများဝန်းရံလျက်ရှိသဖြင့် ကျွန်ုပ်တို့သည် ကိုယ် တော်နှင့်အတူရှိသည်ဟု လုံးလုံးယုံကြည်ကြပါသည်။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းအားဖြင့်ခံစားရမည့်ဝမ်းမြောက်ခြင်းကိုကျွန်ုပ်တို့၏အစား အစာများထက်သာ၍နှစ်သက်လိုလားကြပါသည်။ ကျွန်ုပ်တို့၏စိတ်နှလုံး သည် မှောင်မိုက်နှင့်ဖုံးနေပါက ဘုရားသခင်သည် ကျွန်ုပ်တို့ကိုလက်ခံ တော်မူကြောင်းကိုမသိရသေးသမျှကာလပတ်လုံးကျွန်ုပ်တို့သည်မအိပ်ဝံ့ ကြပါ။

## အချိန်လွန်သွားခြင်း

ကယ်တင်ရှင်ကြွလာတော်မူခြင်းအားဖြင့် မိမိတို့သည် ဝမ်းမြောက် ခြင်းရှိကြလိမ့်မည်ဟုမြော်လင့်လျက်နေသောအချိန်သို့ စောင့်ဆိုင်းနေ သောဘုရားသခင်၏လူများတို့သည် ရောက်လာကြလေ၏။ သို့ရာတွင် ယေရှုသည်ကြွလာတော်မမူဘဲ အချိန်သည်ထူးခြားခြင်းမရှိ ကုန်လွန် သွားလေ၏။ ယုံကြည်ခြင်း၊ မြော်လင့်ခြင်းနှင့်စိတ်အားကြီးသော ဤလူစု ကလေးသည် ကြီးစွာစိတ်ပျက်ခြင်းသို့ရောက်ရကြပြန်လေ၏။ သို့သော် ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်ကောင်းစွာမိတ်ကျွမ်းဝင်ခွင့်ရ၍ ကိုယ် တော်၏အစွမ်းသတ္တိနှင့်ကျေးဇူးကရုဏာတော်အားဖြင့် ကျွန်ုပ်တို့သည် အားပေးမစခြင်းကိုခံရသဖြင့်ကျွန်ုပ်တို့သည်အံ့ဩလျက်ရှိနေကြပါသည်။

ကျွန်ုပ်တို့၏မြော်လင့်ချက်ပျက်ကွက်ခြင်းသို့ရောက်ကြသော်လည်း စိတ်အားမလျှော့ကြပါ။ မီးထဲတွင်ရွှေကိုအချေးမှချွတ်သကဲ့သို့ သခင် ဘုရားသည် ကျွန်ုပ်တို့ကိုသန့်ရှင်းစေခြင်းငှါ စုံစမ်းတော်မူသောအခါ ကျွန်ုပ်တို့သည်ညည်းညူးခြင်းမပြုရန် စိတ်ပြဋ္ဌာန်းကြပါသည်။ ဂင်းပြင်

ကျွန်ုပ်တို့နှင့်တော်လျော်သောစုံစမ်းခြင်းနည်းကိုစိတ်ရှည်စွာနှင့်ခံရာတွင် ပင်သစ္စာရှိသောသူများကိုကယ်ဆယ်ရန်ကြွလာတော်မူမည့်ကယ်တင်ရှင် ကိုမညည်းညူဘဲ မြော်လင့်စောင့်စားနေကြရန်လည်း စိတ်ပြဋ္ဌာန်းကြပါ သည်။

သေသေချာချာသတ်မှတ်ထားသောအချိန်ကို ဟောပြောခြင်း အလုပ်သည်ဘုရားသခင်နှင့်သက်ဆိုင်သောအလုပ်ဖြစ်သည်ဟု ကျွန်ုပ်တို့ လုံးလုံးယုံကြည်ကြပါသည်။ ထိုသို့ယုံကြည်သောကြောင့်ကျွန်ုပ်တို့သည် ကျမ်းစာကို တစ်ဖန် သေချာစွာကြိုးစားလျက် ရှာဖွေကြည့်ရှုပြန်လေ သည်။ ထိုကြောင့် ထိုသို့လေ့ကျက်ဖတ်ရှုခြင်းအားဖြင့် အထက်ထက်က မတွေ့မမြင်ဖူးသေးသော အကြောင်းအရာများကို ထင်ရှားစွာသိမြင် ရကြလေပြီ။ လောကီသားတို့က ကျွန်ုပ်တို့မြော်လင့်သောအချက်များ မှာ အချည်းနှီးသောအရာများဖြစ်၍ မျှော်လင့်ချက် ပျက်ကွက်ခြင်းသို့ ရောက်ရခြင်းမှာလည်း ထိုအချက်ကို လိုက်နာခြင်းကြောင့်ပင်ဖြစ်သည်။ သို့ရာတွင်ထိုအချိန်တွင်ဖြစ်ပျက်မည့်အကြောင်းအရာနှင့်စပ်ဆိုင်၍ ကျွန်ုပ် တို့သည် မှားနေကြသော်လည်း နှောင့်နှေးသည်ဟု ထင်မြင်ရသော ထိုအနာဂတ်အချိန်သည် အမှန်အားဖြင့် မနှောင့်နှေးမပျက်စီးပါ။

ခရစ်တော်ကြွလာတော်မူခြင်းကိုမြော်လင့်လျက်နေခဲ့ကြသောသူ တို့သည် စိတ်ပျက်ခြင်းသို့အစဉ်ရောက်ရကြသည်မဟုတ်၊ အကျိုးကျေးဇူး မခံစားရဘဲနေကြသည်မဟုတ်၊ သူတို့သည်ကျမ်းစာတော်မြတ်ကိုရှာဖွေ စစ်ဆေးကြည့်ရှုခြင်းအားဖြင့် အဖိုးထိုက်တန်သောအကြောင်းအရာများ ကိုသိမြင်နားလည်ခွင့်ရ၍ ဗဟုသုတများကိုဆည်းပူးရကြလေ၏။ သူတို့ သည် ကယ်တင်ခြင်းနှင့်စပ်ဆိုင်သော အကြံအစည်တော်အကြောင်းကို ကောင်းစွာနားလည်လာကြလေ၏။ ၎င်းပြင်ကျမ်းချက်တစ်ခုကိုအခြား သောကျမ်းချက်အားဖြင့် အဓိပ္ပါယ်ဖော်ပြလျက် အချည်းနှီးသက်သက် ရေးထားသော စကားများမပါရှိ။ ကျမ်းစာတစအုပ်လုံးသည် အံ့သြ လောက်အောင်ညီညွတ်စွာရေးသားဖော်ပြထားကြောင်းကိုလည်းတွေ့ရှိ ရကြသည်။

## သန့်ရှင်းရာဌာနကားအဘယ်အရာနည်း

မစ္စတာမီးလားနှင့်တကွသူ၏အပေါင်းအဖော်များက ဒံယေလ၊ ၈း၁၄ တွင်ဖော်ပြထားသည့်အတိုင်း ဗိမာန်တော်ကိုဆေးကြောသုတ်သင်ခြင်းသည် သန့်ရှင်းသူများနေဖို့ရန် ကမ္ဘာမြေကြီးကို မီးနှင့်သုတ်သင်သန့်ရှင်းစေခြင်းကို ဆိုလိုသည်ဟု ထင်မြင်ကြ၏။ ဤအဖြစ်အပျက်သည် ခရစ်တော်ဒုထိယအကြိမ်ကြွလာတော်မူသောအခါ ဖြစ်ပျက်လိမ့်မည်။ ထိုကြောင့် ကျွန်ုပ်တို့သည် ရက်ပေါင်း သို့မဟုတ် နှစ်ပေါင်း ၂၃၀၀ အဆုံးတွင် ထိုအဖြစ်အပျက်များနှင့်တွေ့ဆုံလိမ့်မည်ဟုမျှော်လင့်ကြပါသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် စိတ်ပျက်ခြင်းသို့ ရောက်ကြပြီးနောက် ကြိုးစား၍ဆုတောင်းပြီးလျှင် ကောင်းစွာ စဉ်းစားဆင်ခြင်လျက် ကျမ်းစာများကိုသေချာစွာ ဖတ်ရှုကြပါသည်။ အချိန်ကာလအနည်းငယ်ကြာသောအခါ ကျွန်ုပ်တို့သည် အလင်းတရားကိုရ၍ ယုံမှားခြင်းနှင့်ကင်းလျက်မှန်သောအချက်ကို နားလည်လာကြပါသည်။

ဒံယေလ၊ ၈း၁၄ တွင်ပါရှိသောကျမ်းချက်သည် ကမ္ဘာမြေကြီးကိုဆေးကြောသုတ်သင်ကြောင်းကိုမဖော်ပြဘဲကောင်းကင်ဘုံရှိသန့်ရှင်းရာဌာနတော်တွင် ကျွန်ုပ်တို့၏ရှေ့ဆောင်ယဇ်ပုရောဟိတ်ဖြစ်သောခရစ်တော်သည် အပြစ်ဖြေရာယဇ်ပူဇော်ခြင်းအလုပ်တည်းဟူသော မိမိ၏အမှုကိုပြီးစီးစေတော်မူခြင်းနှင့် ကိုယ်တော်ကြွလာတော်မူသောအခါကယ်တင်ခြင်းကိုစဖို့ရန်မိမိ၏လူများအဖို့ပြင်ဆင်တော်မူခြင်းအကြောင်းကိုဖော်ပြကြောင်းသေချာစွာထင်ထင်ရှားရှားသိရပါသည်။

--*--

# အခန်း ၅

# မြော်လင့်ခြင်းအသင်းသားတို့သည်မိမိတို့၏ယုံကြည်ခြင်း၌ သာ၍မြဲမြံလာခြင်း

## ကျွန်ုပ်၏ပထမရူပါရုံ

၁၈၄၄ ခုနှစ်တွင် ခရစ်တော်ကြွလာတော်မူမည်ဟု ကျွန်ုပ်တို့ မြော်လင့်လျက်နေကြသော နေ့ရက်သည် လွန်သွား၍ ရက်အနည်းငယ် မျှကြာသောအခါ ကျွန်ုပ်သည် ပထမရူပါရုံကို မြင်ရပါသည်။ ထိုအခါ၌ ကျွန်ုပ်သည် ကျွန်ုပ်နှင့်အလွန်ချစ်ခင်သော အသင်းသားချင်းအမျိုးသမီး တစ်ဦးဖြစ်သူပေါ့တလန်မြို့၌ရှိသော မစ္စစ်ဟိန်း(စ်)ထံသို့အလည်အပတ် သွားရောက်ပြီး နေထိုင်လျက်ရှိပါသည်။ ကျွန်ုပ်တို့ငါးယောက်မှာ မိန်းမ သားချည်းသာဖြစ်၍ ဆုတောင်းစည်းဝေးပြုလုပ်ရာတွင် ဆုတောင်းလျက် နေကြပါသည်။ ကျွန်ုပ်တို့ဆုတောင်းနေစဉ် ဘုရားသခင်၏ တန်ခိုးတော် သည် ကျွန်ုပ်အပေါ်၌တစ်ခါမျှ မသက်ရောက်စဖူး သက်ရောက်လာလေ ၏။ ကျွန်ုပ်၏ပတ်လည်၌အလင်းရောင်ခြည်ထွန်းတောက်၍ ကျွန်ုပ်သည် မှောင်မိုက်သော လောကကြီးမှ တဖြည်းဖြည်း အထက်သို့ တက်လျက်ရှိ သည်ဟု ထင်ရလေသည်။

ထိုအခါကျွန်ုပ်သည် လောကကြီးတွင် မြော်လင့်ခြင်းအသင်းသား များကို ကြည့်လိုက်သောအခါ သူတို့ကို ကျွန်ုပ်မတွေ့နိုင်ဘဲ ရှိနေစဉ်၊ 'ထပ်ခံ၍ကြည့်ပါဦး၊ အထက်သို့အနည်းငယ်မျှော်ကြည့်ပါ" ဟူ၍ ကျွန်ုပ် အားပြောဆိုနေသောစကားသံတစ်ချက်ကို ကြားရလေ၏။ ဤစကားသံ အတိုင်း ကျွန်ုပ်သည်အထက်သို့ မျှော်ကြည့်သောအခါ ကမ္ဘာမြေကြီးမှ အတော်မြင့်သောနေရာ၌ သူတို့ရှိနေကြ၍ ဖြောင့်တန်းသေးသွယ်ကျဉ်း မြောင်းသောလမ်းကလေးတစ်ခုကို မြင်ရလေ၏။ ဤလမ်းပေါ်တွင် မြော် လင့်ခြင်းအသင်းသားတို့သည် လမ်းအဆုံး၌ရှိသော မြို့တစ်မြို့သို့ ခရီး သွားလျက်ရှိနေကြသည် သူတို့၏နောက်၌လမ်းအစတွင်တောက်ပသော

အလင်းရောင်ခြည်တစ်ခုထွန်းလင်းလျက်ရှိ၏။ ၎င်းအလင်းမှာကားသန်းခေါင်ယံအချိန်၌ မင်္ဂလာဆောင်သတို့သားနှင့်သတို့သမီးကို ခရီးဦးကြိုပြုရန် မီးခွက်များကိုကိုင်လျက် ကြွေးကြော်သောသူတို့၏အသံနှင့်သက်ဆိုင်သောပုံပမာပင်ဖြစ်သည်ဟု ကောင်းကင်တမန်က ပြောကြားလေ၏။ ဤအလင်းရောင်ခြည်သည်လမ်းတစ်လျှောက်လုံး၌ ထွန်းလင်း၍ သူတို့အားမထိမခိုက်နိုင်စေခြင်းငှါ သူတို့သွားရာလမ်းခရီးကိုလင်းစေ၏။

သူတို့၏ရှေ့တွင်ရှိ၍ မြို့တော်သို့သွားရောက်လမ်းခရီးကို ညွှန်ပြလျက်နေတော်မူသော သခင်ယေရှုကို သူတို့သည်စိုက်၍ကြည့်ရှုလျက်နေလျှင်သူတို့၌ဘာမျှဒုက္ခမရောက်ချေ။ သို့ရာတွင် များမကြာမီ အချို့သောလူတို့သည် မောပန်းခြင်းသို့ရောက်ကြ၍ မြို့တော်သည်အလွန်ဝေးလျက်ရှိသေးသည်။ စောစောကပင်ရောက်ဖို့ မြော်လင့်လျက်နေပြီဟု ပြောဆိုကြလေ၏။ ထိုအခါယေရှုသည် ဘုန်းတန်ခိုးတော်နှင့်ပြည့်စုံသော မိမိ၏လက်ျာလက်ရုံးတော်ကိုပင့်လျက် သူတို့ကို အားပေးမစတော်မူ၍ ကိုယ်တော်၏လက်ရုံးတော်မှ အလင်းရောင်ခြည်တော်ထွက်လျက်ရှိနေသဖြင့် သူတို့က 'ဟာလေလုယ" ဟုကြွေးကြော်ကြလေ၏။ အချို့သောသူတို့သည် မိမိတို့၏နောက်တွင် ထွန်းတောက်လျက်ရှိသော အလင်းတော်ကို ငြင်းပယ်ကြ၍သူတို့အား ဤမျှလောက်ဝေးသောခရီးကို လမ်းပြနေသူမှာ ဘုရားသခင်မဟုတ်ဟု ပြောဆိုကြလေ၏။ ထိုအခါ သူတို့၏နောက်၌ရှိသော အလင်းသည်ပျောက်ကွယ်သွား၍သူတို့သည်ခလုတ်တိုက်၊ ခြေချော်ကျကြ၍ ယေရှု၏အခြေတော်ရာကိုမမြင်ရသောကြောင့် လမ်းပေါ်မှမှောင်မိုက်ဆိုးညစ်သောလောကကြီးထဲသို့ ကျရောက်သွားကြလေ၏။

များမကြာမီ သမုဒ္ဒရာအသံနှင့်တူသော ဘုရားသခင်၏စကားသံတော်ကိုကြားရ၍ ခရစ်တော်ကြွလာတော်မူမည့် နေ့ရက်အချိန်နာရီအကြောင်းကိုကျွန်ုပ်တို့အားကြားပြောတော်မူ၏။ အသက်ရှင်လျက်ကျန်ကြွင်းနေသော သန့်ရှင်းသူတစ်သိန်းလေးသောင်းလေးထောင်တို့သည် ထိုစကားသံတော်ကိုသိရှိနားလည်ကြသည်။ ဆိုးညစ်သောသူတို့မူကား ၎င်းအသံတော်ကိုမိုးချုန်းသံ၊ ငလျင်လှုပ်သံကဲ့သို့ထင်မှတ်ကြ၏။ ထာဝရဘုရားသည် အချိန်ကာလအကြောင်းကို မိန့်မြွက်တော်မူသောအခါ

ကျွန်ုပ်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ကိုသွန်းလောင်းတော်မူသဖြင့် မောရှေသည် သိနာတောင်ပေါ်က ဆင်းလာသောအခါ သူ၏မျက်နှာတောက်ပသကဲ့သို့ ကျွန်ုပ်တို့၏မျက်နှာများလည်းဘုရားသခင်၏ဘုန်းတော်နှင့်ထွန်းတောက်စပြုလာလေ၏။

သန့်ရှင်းသူ တစ်သိန်းလေးသောင်းလေးထောင်တို့မှာ တံဆိပ်ခတ်ခြင်းကိုခံရ၍ အားလုံးတို့သည်တစ်လုံးတစ်ဝတည်းရှိကြလေ၏။ သူတို့၏နဖူးပေါ်တွင် 'ဘုရားသခင်ယေရှုလင်မြို့တော်သစ်" ဟူ၍အက္ခရာတင်လျက်ရှိသည်။ ၎င်းပြင်သူတို့၌ ယေရှုခရစ်၏အသစ်သောနာမတော်ပါရှိသည့် အလွန်ပင်လှပတောက်ထွန်းသော ကြယ်တစ်လုံးစီရှိကြသည်။ ကျွန်ုပ်တို့၏သန့်ရှင်း၍ ပျော်ရွှင်သောအခြေအနေကို ဆိုးညစ်သောသူတို့သည်မြင်ရကြသောအခါ အမျက်ဒေါသထွက်သဖြင့် ကျွန်ုပ်တို့ကိုထောင်ထဲသို့ချပစ်ရန်ကိုင်ဖမ်းဖို့ အလျင်အမြန်ပြေးလာကြသောအခါ ကျွန်ုပ်တို့သည် သခင်ဘုရား၏နာမတော်ကိုအမှီပြု၍ ကျွန်ုပ်တို့၏လက်များကိုဆန့်တန်းလိုက်သော် သူတို့သည် ဘာမျှမတတ်နိုင်ဘဲ မြေကြီးပေါ်သို့ကျသွားကြလေ၏။ အချင်းချင်းတစ်ယောက်ကိုတစ်ယောက် သန့်ရှင်းသောနမ်းခြင်းဖြင့် နှုတ်ဆက်ကြသောကျွန်ုပ်တို့ကို ဘုရားသခင်သည်ချစ်တော်မူကြောင်းကိုထိုအခါ၌ စာတန်၏အပေါင်းအသင်းတို့သည် သိမြင်ကြကျွန်ုပ်တို့၏ ခြေရင်း၌ ပျပ်ဝပ်ကိုးကွယ်လျက်နေကြလေ၏။

## လူသား၏နိမိတ်လက္ခဏာ

လူ၏လက်ဝါး ထက်ဝက်ခန့်လောက်ရှိသည့် ထူထပ်သောမိုးတိမ်တစ်ခုသည် များမကြာမီအရှေ့ဘက်၌ပေါ်လာသဖြင့် ကျွန်ုပ်တို့သည် ၎င်းဘက်သို့လှည့်လျက်ကြည့်နေကြ၏။ ၎င်းမိုးတိမ်သည် လူသား၏လက္ခဏာဖြစ်သည်ဟု ကျွန်ုပ်တို့အားလုံးသိရှိကြ၏။ ကျွန်ုပ်တို့အားလုံးသည် ထိုနီးကပ်လာနေသော မိုးတိမ်ကိုတိတ်ဆိတ်စွာနှင့်ကြည့်ရှုနေကြစဉ် ၎င်းသည်သာ၍တောက်ပထွန်းလင်းလျက် သာ၍ပင်ဘုန်းတော်နှင့်ထွန်းလင်းလာပြီးလျှင် ၎င်းသည်အလွန်ကြီးသောမိုးတိမ်အဖြူကြီးတစ်ဖြစ်သည်ကိုတွေ့မြင်ရလေ၏။ ၎င်း၏ပတ်လည်၌ ထောင်သောင်းမက

များစွာသော ကောင်းကင်တမန်များခြံရရံလျက် အသာယာဆုံးသော သီချင်းကိုဆိုလျက်နေကြ၍ မိုးတိမ်ပေါ်တွင်လူသားသည်ထိုင်လျက်နေတော်မူ၏။ ကိုယ်တော်၏ဆံပင်တော်သည်ဖြူဖွေး၍ လိမ်ခွေလျက်၊ ပခုံးပေါ်တွင်ကျလျက်ရှိသည်။ ကိုယ်တော်၏ခြေတော်သည်မီးတောက်သဏ္ဍာန်ရှိ၏။ ကိုယ်တော်၏လက်ျာလက်တော်တွင်ထက်သောတံစဉ်ရှိ၍ လက်ဝဲလက်တော်တွင်ငွေဖြင့်ပြီးသောတံပိုးခရာရှိ၏။ ကိုယ်တော်၏မျက်စိတော်များသည် မီးလျှံကဲ့သို့တောက်ပ၍ မိမိသားသမီးတို့၏အတွင်းစိတ်သဘောတိုင်အောင် ကြည့်ရှုစစ်ဆေးလျက် နေတော်မူ၏။ ထိုအခါအားလုံးသောသူတို့၏မျက်နှာများသည် ညိုးငယ်လာ၍ အရောင်မှိန်သွားလေ၏။ ၎င်းပြင်ဘုရားသခင်ငြင်းပယ်တော်မူသောသူတို့၏မျက်နှာများတို့မူကားမှောင်မိုက်သွားလေ၏။ ထိုအခါ ကျွန်ုပ်တို့အားလုံးက 'မည်သူသည်ခံရပ်နိုင်လိမ့်မည်နည်း။ ငါ၏ဝတ်ရုံမှာ အစွန်းအကွက်နှင့်ကင်းစင်ပါ၏လော" ဟု အသီးသီးကြွေးကြော်ကြလေ၏။ ထိုအခါ ကောင်းကင်တမန်များတို့သည် သီချင်းကိုမဆိုဘဲရပ်စဲ၍ နေကြလေ၏။ ထိုနောက် အလွန်တိတ်ဆိတ်လျက်နေစဉ်အခါတွင် သခင်ယေရှုက 'သန့်ရှင်းသောလက်နှင့် ဖြူစင်သောနှလုံးရှိသူတို့သည် ရပ်နေနိုင်လိမ့်မည်။ ငါ့ကျေးဇူးသည်သင့်အဖို့လောက်ပေ၏" ဟု မိန့်တော်မူလေ၏။ ထိုစကားသံတော်ကို ကြားရပြီးနောက် ကျွန်ုပ်တို့၏မျက်နှာများသည် တောက်ပထွန်းလင်းလာ၍ ကျွန်ုပ်တို့၏စိတ်နှလုံးအသီးသီးတွင် ဝမ်းမြောက်ခြင်းနှင့်ပြည့်လျက်ရှိပါသည်။ ၎င်းပြင်ကောင်းကင်တမန်များသည်သာ၍ သာယာဖွယ်ကောင်းသောအသံနှင့်သီချင်းကိုသီဆိုကြပြန်စဉ်တွင်မိုးတိမ်သည်ကမ္ဘာမြေကြီးနှင့်သာ၍နီးကပ်လာလေ၏။

## သေလွန်သောသူများထမြောက်ခြင်း

ထိုနောက် သခင်ယေရှုသည် မီးလျှံနှင့်လွှမ်းမိုးလျက် တိမ်ကိုစီး၍ ဆင်းသက်တော်မူစဉ် ငွေတံပိုးခရာကိုမှုတ်တော်မူလေ၏။ ကိုယ်တော်သည် အိပ်ပျော်နေသောသန့်ရှင်းသူတို့၏သင်္ချိုင်းများပေါ်သို့စိုက်ကြည့်

တော်မူ၍ ကောင်းကင်သို့မျှော်ကြည့်ပြီးလျှင် လက်တော်တို့ကို မြှောက်လျက် 'ထကြ၊ ထကြ၊ ထကြ မြေမှုန့်တွင်အိပ်ပျော်နေသောသူတို့နိုးကြလော့" ဟု ကြွေးကြော်တော်မူလေ၏။ ထိုနောက်ကြီးစွာသောမြေလှုပ်ခြင်းဖြစ်လေ၏။ သင်္ချိုင်းများတို့သည်ပွင့်လျက် လူသေတို့သည် မပုပ်မပျက်မသေနိုင်သော ကိုယ်ကာယမျိုးနှင့် ထမြောက်လာကြလေ၏။ သေခြင်းကြောင့် ခွဲခွာ၍နေခဲ့ရသော မိမိတို့၏မိတ်ဆွေများတို့ကိုသန့်ရှင်းသူတစ်သိန်းလေးသောင်းလေးထောင်တို့သည် မြင်ရကြသောအခါ"ဟာလေလုယ" ဟုကြွေးကြော်ကြလေ၏။ ထိုခဏချင်းတွင် ကျွန်ုပ်တို့သည် ပြောင်းလဲခြင်းသို့ရောက်၍ အာကာသကောင်းကင်တွင်သခင်ဘုရားနှင့် တွေ့ဆုံခြင်းငှါ ကောင်းကင်သို့ယူဆောင်ခြင်းကိုခံရကြလေ၏။

## သန့်ရှင်းသူတို့ကောင်းကင်သို့တက်သွားကြခြင်း

ကျွန်ုပ်တို့အားလုံးအတူတကွ မိုးတိမ်ထဲသို့ပင် ရောက်သွားကြ၍ ခုနစ်ရက်တိုင်တိုင်အထက်သို့တက်သွားပြီးမှ ဖန်ရေကန်သို့ ရောက်နေကြလေသည်။ ထိုနေရာသို့ရောက်သောအခါ ယေရှုသည် သရဖူများကိုယူဆောင်တော်မူခဲ့၍ ကိုယ်တော်၏လက်ျာလက်တော်နှင့်ပင် သရဖူများကို ကျွန်ုပ်တို့၏ခေါင်းများအပေါ်သို့ ဆောင်းပေးတော်မူ၏။ ကိုယ်တော်သည် ကျွန်ုပ်တို့အားရွှေစောင်းများနှင့်အောင်မြင်ခြင်း၏လက္ခဏာများဖြစ်သော သံလွင်ခက်များကိုပေးတော်မူ၏။ ဤဖန်ရေကန်ဘေးတွင် သန့်ရှင်းသူတစ်သိန်းလေးသောင်းလေးထောင်တို့သည် စတုရန်းလေးထောင့်ပုံသဏ္ဍာန်ကဲ့သို့ရပ်လျက်နေကြလေ၏။ အချို့သောသရဖူများသည် ကြယ်များနှင့်ပြည့်လျက်လေး၍နေ၏။ အချို့သောသူတို့မှာ အလွန်တောက်ပသောသရဖူများရှိ၏။ အခြားသောသူတို့၌ကားထိုမျှလောက်မတောက်ပချေ။ အခြားသောသရဖူများ၌ကားကြယ်အနည်းငယ်သာရှိ၏။ သို့ရာတွင် ထိုသူအပေါင်းတို့သည်မိမိတို့အသီးသီးရရှိကြသောသရဖူများနှင့်ပင် စိတ်ကျေနပ်လျက်ရှိကြသည်။ ၎င်းပြင် ထိုသူအပေါင်းတို့သည် ပခုံးမှခြေဖဝါးထိသည်တိုင်အောင် ဘုန်းတန်ခိုးနှင့်တောက်ပဖြူစင်သော ဝတ်ရုံကို ဝတ်ဆင်လျက်ရှိကြသည်။ ကျွန်ုပ်တို့သည်ဖန်ရေကန်မှမြို့တော်၏

တံခါးဝသို့ခရီးသွားလျက်နေကြစဉ် ကောင်းကင်တမန်များသည် ကျွန်ုပ်တို့၏ပတ်လည်၌ဝန်းရံလျက်ရှိကြလေသည်။ ယေရှုသည်ဘုန်းတော်နှင့်ပြည့်စုံ၍စွမ်းအားရှိသောလက်တော်နှင့် ရွှေဖြင့်ပြီးသောပတ္တာများနှင့်ပြုလုပ်ထားသောမြို့တံခါးကိုကိုင်ဖွင့်တော်မူ၍ "သင်တို့သည်ငါ၏အသွေးတော်၌ သင်တို့၏ဝတ်ရုံများကိုလျှော်၍ ငါ၏သမ္မာတရားဘက်၌တည်ကြည့်မြဲမြဲကြပြီ၊ တံခါးအတွင်းသို့ဝင်ကြလော့" ဟု ကျွန်ုပ်တို့အားမိန့်တော်မူလေ၏။ ကျွန်ုပ်တို့အားလုံးမြို့တံခါးအတွင်းသို့ဝင်ရောက်ကြ၍ဝင်ခွင့်လုံးလုံးခံထိုက်သည်ဟူ၍လည်း ကိုယ့်ကိုကိုယ်အောက်မေ့လျက်ရှိကြလေ၏။

## အသက်ပင်

ဤနေရာ၌ ကျွန်ုပ်တို့သည် အသက်ပင်နှင့် ဘုရားသခင်၏ပလ္လင်တော်ကို တွေ့မြင်ရလေသည်။ ပလ္လင်တော်အောက်မှသန့်ရှင်းသောအသက်စမ်းရေမြစ်သည်စီးဆင်းလျက်ရှိ၏။ ၎င်းမြစ်၏တစ်ဖက်တစ်ချက်တွင် အသက်ပင်ရှိ၏။ မြစ်တစ်ဖက်တွင်သစ်ပင်၏ပင်စည်တစ်ခုပေါက်လျက်ရှိ၍ မြစ်၏အခြားကမ်းတစ်ဖက်တွင်ပင်စည်တစ်ခုရှိသေးသည်။ ၎င်းတို့သည် ရွှေစင်ဖြင့်ပြီးသောပင်စည်များဖြစ်ကြသည်။ ပထမဦးစွာ သစ်ပင်နှစ်ပင်ကိုမြင်ရသည်ဟု ကျွန်ုပ်ထင်ပါသည်။ ကျွန်ုပ်သည်သေချာစွာထပ်ခံ၍ကြည့်ရှုသောအခါ ၎င်းတို့အထက်၌ အရွက်အကိုင်းများမှာဆက်လျက်တစ်ခုတည်းဖြစ်နေသည်ကို မြင်ရလေ၏။ ထို့ကြောင့် မြစ်နှစ်ဖက်၌အသက်ပင် (အပင်များမဟုတ်တစ်ခုတည်း) ရှိ၏ဟူသောကျမ်းချက် (ဗျာ၊ ၂၂း၂) လာရှိသည့်အတိုင်းပင်မှန်ပေ၏။ ကျွန်ုပ်တို့ရပ်လျက်နေသောနေရာတွင်အကိုင်းများသည်ကိုင်းညွတ်လျက်ရှိ၍ သစ်သီးများမှာဘုန်းရောင်ခြည်နှင့်တောက်ပလျက်ရှိကြ၏။ ၎င်းတို့သည်ငွေနှင့်ရောနှောထားသောရွှေများနှင့်သဏ္ဌာန်တူကြသည်။

ကျွန်ုပ်တို့အားလုံးထိုသစ်ပင်အောက်သို့သွား၍ ၎င်းနေရာ၏ဘုန်းတော်များကိုကြည့်ရှုရန်ထိုင်နေကြစဉ် ကောင်းကင်နိုင်ငံတော်နှင့်ဆိုင်သည့်ဧဝံဂေလိတရားတော်ကိုဟောပြောခဲ့ကြ၍ ဘုရားသခင်သည်ကယ်

ဆယ်တော်မူရန်သချိုင်းတွင်း၌အိပ်နေစေတော်မူသော ဆရာကြီးဖစ်(ချ) နှင့်စတော့ (က) မင်တို့သည် ကျွန်ုပ်တို့ထံသို့လာရောက်၍ သူတို့အိပ်ပျော်နေကြစဉ်အခါကျွန်ုပ်တို့သည်မည်သည့်အဖြစ်အပျက်များနှင့်တွေ့ကြုံရကြသနည်းဟုမေးမြန်းကြပါသည်။ ကျွန်ုပ်တို့သည်ကျွန်ုပ်တို့ခံခဲ့ရသော ဒုက္ခဆင်းရဲခြင်းအကြီးဆုံးတို့အကြောင်းကိုပြောဆိုရန်ပြန်၍ စဉ်းစားလိုက်သောအခါ ကျွန်ုပ်တို့၏ပတ်လည်၌ရှိမပြောနိုင်လောက်အောင်ကြီးကျယ်သောဘုန်းအသရေတော်ကိုခံစားနေရသဖြင့် ထိုအကြောင်းအရာများကိုသတိမရဘဲမပြောပြနိုင်ကြတော့ချေ။ ၎င်းပြင် ကျွန်ုပ်တို့အားလုံးက 'ဟာလေလုယ၊ ကောင်းကင်သို့ရောက်ဖို့ရန် ပေးရသောအဖိုးအခသည်မများပါတကား" ဟု ကြွေးကြော်ကြ၍ ဘုန်းတော်နှင့်တောက်ပသောစေင်းများကိုကိုင်လျက် ကောင်းကင်ဘဝင်ဝယ် တုန်လှုပ်သွားသည်တိုင်အောင် သီချင်းကျူးအေးလျက်ကြွေးကြော်ကြလေ၏။

ကျွန်ုပ်ထံမှထိုရှုပါရုံသည်ပျောက်ကွယ်သွားသောအခါ ရှိသမျှတို့သည်ပြောင်းလဲသွားသည်ကိုမြင်ရလေ၏။ ကျွန်ုပ်သည်ဘာမျှမမြင်ရဘဲ မှောင်မိုက်အတိထဲ၌ နေသကဲ့သို့ထင်ရ၏။ ဤကမ္ဘာမြေကြီးသည် အဘယ်မျှလောက်မှောင်မိုက်လျက်နေသည်ကို ကျွန်ုပ်သည်တွေ့မြင်ရလေပြီတကား။ ကျွန်ုပ်သည် ဤနေရာ၌ရှိနေသေးသည်ကိုတွေ့မြင်ရသောအခါ မျက်ရည်ကျမိလျက် ကျွန်ုပ်၏အိမ်တော်နေရာဖြစ်မည့် ထိုကောင်းကင်ဌာနသို့ပြန်လိုသောစိတ်ဖြစ်ပေါ်လာလေ၏။ ကျွန်ုပ်သည်သာ၍ကောင်းသောကမ္ဘာကိုတွေ့မြင်ရလေပြီ။ ဤအရာကိုတွေ့ရခြင်းဖြင့် ကျွန်ုပ်တို့နေသောကမ္ဘာကြီးသည်မကောင်းတော့ဟု ကျွန်ုပ်ထင်မြင်ရလေသည်။

--*--

## အခန်း ၆

# မြေကြီးသစ်နှင့်ဆိုင်သောရူပါရုံ

(မှတ်ချက်။ပထမရူပါရုံကိုမြင်ပြီး နောက်တစ်နှစ်ကြာသော အခါမစ္စဟိန်း(စ်) ၏နေအိမ်သို့နောက်တစ်ကြိမ်သွားရောက်လည်ပတ်ရာ တွင် မစ္စဟာရ်မွန်အားအောက်တွင်ဖေါ်ပြထားသည့်အတိုင်း ခရစ်တော် ဒုတိယအကြိမ်ကြွလာတော်မူပြီးသည့်နောက်အနှစ်တစ်ထောင်ကြသော အခါမြေကြီးသစ်ကိုဖြစ်စေ၍ သန့်ရှင်းသောမြို့တော်ဆင်းသက်လာခြင်းနှင့် ဆိုင်သောရူပါရုံကိုဖေါ်ပြပြန်လေသည်။ ဗျာ၊ ၂၀း၂၂။ ဇာ၊ ၁၄း၄)။

ခရစ်တော်သည် ကျွန်ုပ်တို့၏ရှေ့တွင်လမ်းပြလျက် ကျွန်ုပ်တို့သည် မြို့တော်ကြီးမှ ဤကမ္ဘာမြေကြီးပေါ်တွင်ရှိ အလွန်ကြီးမြင့်ခိုင်ခံ့သော တောင်ကြီးတစ်တောင်ပေါ်တွင် ဆင်းသက် လာကြသောအခါ ၎င်း တောင်းကြီးသည်သခင်ယေရှုကိုမခံမရပ်နိုင်ရကား၊ ၎င်းသည် ကွဲသွား၍ ကျိုးပဲ့သွားပြီးလျှင်အလွန်ကျယ်သောလွင်ပြင်ကြီးတစ်ခုပေါ်လာလေ၏။ ထိုနောက်ကျွန်ုပ်တို့သည်အထက်သို့ မျှော်ကြည့်ကြသောအခါ တိုက်မြစ် တစ်ဆယ့်နှစ်ထပ်ရှိ၍တံခါးတစ်ဆယ့်နှစ်ပေါက်ရှိသောမြို့တော်ကြီးကိုမြင် ရလေ၏။ တံခါးများသည်မြို့ရိုးလေးဘက်၌တစ်ဖက်တစ်ဖက်တွင်သုံးခုစီရှိ လေသည်။ ထိုအခါကျွန်ုပ်တို့ကမြို့တော်ကြီး၊ ကြီးကျယ်သောမြို့တော်ကြီး၊ ကောင်းကင်ဘုံ ဘုရားသခင်ထံမှဆင်းသက်လာပြီ၊ ဆင်းသက်လာပြီဟု ကြွေးကြော်ကြစဉ် မြို့တော်ကြီးသည် ဆင်းသက်လာ၍ ကျွန်ုပ်တို့ရပ်နေ သောနေရာ၌တည်လေ၏။ ထိုနောက်ကျွန်ုပ်တို့သည်မြို့တော်အပြင်ဘက် တွင်ရှိသောဘုန်းတော်နှင့်ပြည့်စုံသည့်အရာများကို လိုက်၍ ကြည့်ရှုလေ ၏။ ပုလဲများနှင့်စီထား၍ကြည့်ရှုဖွယ်ကောင်းလောက်အောင် လှပတင့် တယ်သောတိုင်လေးတိုင်ဖြင့်ဆောက်လုပ်ထားလျက် ငွေရောင်အဆင်းရှိ ၍အလွန်လှပတင့်တယ်သည့်အိမ်များကိုကျွန်ုပ်မြင်ရလေ၏။ ဤအိမ်များ ကားသန့်ရှင်းသူတို့နေဖို့ဖြစ်လေသည်။ အိမ်အသီးသီးတို့တွင် ရွှေဖြင့်ပြီး။ သောအဆင့်တစ်ခုစီရှိလေ၏။ သန့်ရှင်းသူ များစွာတို့သည် ဤအိမ်များ အတွင်းသို့ဝင်သွား၍ သူတို့၏တောက်ပသောသရဖူများကို ချွတ်ပြီးလျှင် အဆင့်တစ်ခုစီပေါ်တွင်တင်ထားကြလေ၏။ ထိုနောက်အိမ်များနှင့်ကပ်

လျက်ရှိသောဥယျာဉ်နှင့်ယာခင်းတို့၌ တစ်စုံတစ်ခုသောအလုပ်ကို လုပ်ကိုင်ရန်ထွက်သွားကြလေ၏။ သို့သော်သူတို့သည် ကျွန်ုပ်တို့အလုပ်လုပ်သကဲ့သို့မဟုတ်၊ သူတို့၏ဦးခေါင်းပတ်လည်တွင် ဘုန်းရောင်ခြည်ထွန်းတောက်လျက်သူတို့သည် ဘုရားသခင်၏ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းမြွက်ဆိုလျက်၊ အစဉ်သဖြင့်ကြွေးကြော်လျက်ရှိကြသည်။

ပန်းအမျိုးပေါင်းစုံသော အခြားဥယျာဉ်တစ်ခုကို ကျွန်ုပ်မြင်ပြန်၏။ ၎င်းပြင် ကျွန်ုပ်သည် ၎င်းပန်းများကို ဆွတ်ခူးနေစဉ် ကျွန်ုပ်က ဤပန်းများသည်ဘယ်တော့မျှ မညှိုးနွမ်းဟု ပြောဆိုလျက်ရှိ၏။ ထိုနောက်ကြည့်ရှုဖွယ်ကောင်းလောက်အောင်လှပတင့်တယ်၍ ရှည်သောမြက်ခင်းများရှိသည့်ယာခင်းတစ်ခုကို မြင်ပြန်လေ၏။ ၎င်းမြက်များသည် အစဉ်စိမ်းလန်းလျက်ယေရှုဘုရင်၏ဘုန်းတော်ကို ချီးမွမ်းသောသဘောနှင့်ရွှင်မြူးစွာလှုပ်ရှားနေစဉ် ရွှေရောင်ငွေရောင်တောက်ပလျက်ရှိကြသည်။ ထိုနောက်ကျွန်ုပ်တို့သည်တိရစ္ဆာန်အမျိုးမျိုးနှင့်ပြည့်စုံလျက်ရှိသောကွင်းပြင်တစ်ခုထဲသို့ရောက်လာကြလေ၏။ ခြင်္သေ့၊ သိုးသငယ်၊ ကျားသစ်၊ ဝံပုလွေမှစ၍ တိရစ္ဆာန်အပေါင်းတို့သည် အသင်းအတင်းအတူတကွ ရှိနေကြလေ၏။ ကျွန်ုပ်တို့သည် ၎င်းတို့အထဲသို့ဖြတ်သွားသောအခါ ၎င်းတို့သည်ငြိမ်သက်စွာကျွန်ုပ်တို့နောက်၌လိုက်လာကြလေ၏။ ထိုနောက် ကျွန်ုပ်တို့သည်တောတစ်ခုထဲသို့ ဝင်သွားကြရာ ထိုတောသည် ကျွန်ုပ်တို့၏မြေကြီးဟောင်းတွင်ရှိသောတောကြီးများနှင့် အနည်းငယ်မျှမတူချေ။ ၎င်းတွင်အလင်းရောင်ခြည်ထွန်းလင်းလျက် တစ်တောလုံးအလွန်ပင်လှပတင့်တယ်ရှုချင်စဖွယ်ကောင်းလေသည်။ သစ်ကိုင်းများသည်ထိုမှဤမှလှုပ်ရှားလျက်ရှိကြသည်။ ကျွန်ုပ်တို့အားလုံးက ကျွန်ုပ်တို့သည်တောထဲတွင်လုံခြုံစွာနေ၍ တောထဲ၌ပင်အိပ်လျက်နေကြမည်ဟုကြွေးကြော်ကြလေသည်။ ကျွန်ုပ်တို့သည်ဇိအုန်တောင်းထိပ်သို့ ခရီးသွားလျက်ရှိနေကြသဖြင့်ဤတောများကိုဖြတ်လျက်သွားရကြ၏။

ကျွန်ုပ်တို့သည် ခရီးသွားလျက်နေကြစဉ် အခြားတစ်စုတွင် ပါရှိသောသူတို့သည်လည်း ဘုန်းတော်နှင့်ပြည့်စုံသောနေရာများတို့ကိုကြည့်ရှုလျက်နေကြသည်ကိုတွေ့ရကြပါသည်။ သူတို့အကျီများ၏အကွပ်တွင်

သွေးကဲ့သို့နီသောအရာများကိုမြင်ရသည်။ သူတို့၏သရဖူများသည်အလွန်တောက်ပလျက်ရှိ၍သူတို့၏ဝတ်ရုံများမှာလည်းသန့်ရှင်းဖြူစင်လျက်ရှိလေသည်။ ကျွန်ုပ်တို့သည်သူတို့နှင့်နှုတ်ဆက်နေကြစဉ် ကျွန်ုပ်ကသခင်ယေရှုအားသူတို့သည်မည်သူများဖြစ်ကြသနည်းဟုမေး၏။ ကိုယ်တော်ကသူတို့သည် ကိုယ်တော်အတွက် အပြစ်မရှိဘဲအသေသတ်ခြင်းကို ခံရကြသောသန့်ရှင်းသူများ ဖြစ်ကြသည်ဟု မိန့်တော်မူ၏။ ထိုသူတို့နှင့်အတူ မရေမတွက်နိုင်အောင်များပြားသော ကလေးသူငယ်များလည်းရှိ၏။ သူတို့၌လည်းနီးသောအကွပ်ပါရှိသည့် အင်္ကျီများကိုဝတ်ဆင်ထားကြ၏။ ဇိအုန်တောင်သည်ကျွန်ုပ်တို့၏ရှေ့တွင်ရှိ၏။ ၎င်းတောင်ထိပ်ပေါ်တွင်တင့်တယ်လှပသော ဗိမာန်တော်တစ်ဆောင်ရှိ၏။ ၎င်းတောင်၏ပတ်လည်တွင်အခြားသောတောင်ခုနစ်လုံးရှိ၍ ၎င်းတောင်များပေါ်တွင်နှင်းဆီပန်းနှင့်နှင်းပန်းများပေါက်လျက်ရှိ၏။ ကလေးသူငယ်များတို့သည်ခြေကျင်၊ သို့မဟုတ်အလိုရှိကြသောအခါမိမိတို့၏ အတောင်ကလေးများကို အသုံးပြုကြလျက် တောင်ထိပ်ပေါ်သို့တက်ကြ၍ ဘယ်အခါမျှ ညှိုးနွမ်းခြင်း မရှိသောပန်းများကိုခူးကြလေ၏။ ဗိမာန်တော်၏အနားပတ်လည်တွင်လှပအောင် သစ်ပင်အမျိုးမျိုးစိုက်ထားလျက် ရှိကြလေသည်။ ထင်းရှူးပင်၊ သံလွင်ပင်၊ သလဲပင်နှင့်အချိန်အလျောက်သီးလျက်နေသော အသီးများနှင့်လေးလျက်ရှိသောသဖန်းပင်မှစသောသစ်ပင်အမျိုးမျိုးရှိ၍ ၎င်းနေရာတစ်ခုလုံးသည် လှပတင့်တယ်ရှုချင်စဖွယ်ကောင်းပေ၏။ ကျွန်ုပ်တို့သည်သန့်ရှင်းသောဗိမာန်တော်ထဲသို့ဝင်မည်ပြုနေစဉ်ယေရှုသည်မိမိ၏ချိုသာသောအသံနှင့်သန့်ရှင်းသူတစ်သိန်းလေးသောင်းလေးထောင်တို့သာ ဤနေရာထဲသို့ဝင်ခွင့်ရှိသည်ဟုမိန့်တော်မူ၏။ ထိုအခါ ကျွန်ုပ်တို့က 'ဟာလေလုယ" ဟု ကြွေးကြော်ကြလေ၏။

ဤဗိမာန်တော်ကိုရွှေဖြင့်မွမ်းမံလျက် လှပတင့်တယ်သောပုလဲများတွင်စီထားသောတိုင်ခုနစ်တိုင်ဖြင့်ဆောက်လုပ်ထားလေသည်။ ထိုနေရာတွင် ကျွန်ုပ်မြင်ရသည့်ထူးဆန်းအံ့သြဖွယ်ရာများကို ကျွန်ုပ်သည် ပြောပြခြင်းငှါမတတ်နိုင်ပါ။ သာ၍ကောင်းသောကမ္ဘာသစ်၏ ဘုန်းစည်းစိမ်များအကြောင်းကိုပြောနိုင်ရန်ကျွန်ုပ်သည်ခါနာန်အမျိုးသား (ကောင်း

ကင်သား) တို့၏ဘာသာစကားကိုပြောတတ်ချင်လှပါသည်။ သန့်ရှင်းသူ တစ်သိန်းလေးသောင်းလေးထောင် တို့၏ အမည်နာမများကို ရွှေစာလုံး များဖြင့်အက္ခရာတင်ထားသောကျောက်ပြားများကိုထိုနေရာတွင်တွေ့ရှိရ ပါသည်။ ကျွန်ုပ်တို့သည် ဗိမာန်တော်၏ဘုန်းတော်ကိုမြင်ရကြပြီးသည် နောက် ဗိမာန်တော်ထဲကထွက်လာကြပါသည်။ ထိုနောက်ယေရှုသည် ကျွန်ုပ်တို့ကို ထားခဲ့ပြီးမှမြို့တော်ကြီးသို့ထွက်ကြွတော်မူ၏။ နောက်များ မကြာမီကိုယ်တော်သည်ချိုသာသောအသံနှင့် 'လာကြ၊ ငါ၏လူမျိုးတို့၊ သင်တို့သည်ကြီးစွာသောဒုက္ခဆင်းရဲခြင်းထဲကထွက်လာရကြ၍ငါ၏အလို တော်ကိုဆောင်ရွက်ကြပြီ၊ ငါ့အတွက်ဒုက္ခဆင်းရဲခြင်းကိုခံခဲ့ရကြပြီ၊ လာ၍ စားသောက်ကြလော့။ ငါသည်ကိုယ်တိုင်ခါးပန်းကိုစည်းလျက်သင်တို့ကို လုပ်ကျွေးပြုစုမည်ဟူ၍ပြောဆိုလျက်နေတော်မူသည်ကို ကျွန်ုပ်တို့ကြားရ ကြ၏။ ထိုအခါကျွန်ုပ်တို့က 'ဟာလေလုယဘုန်းတန်ခိုးတော်ကြီးမြတ် လှပါ၏တကား" ဟုကြွေးကြော်ကြလျက်မြို့တော်သို့ဝင်ကြ၏။ ထိုနောက် ငွေအစစ်ဖြင့်ပြုလုပ်ထားသောစားပွဲကြီးတစ်ခုကိုမြင်ရလေ၏။ ၎င်းသည် မိုင်ပေါင်းအတော်ရှည်လျားသော်လည်း ကျွန်ုပ်တို့သည် ၎င်း၏ အဆုံး တိုင်အောင်မြင်နိုင်ကြသည်။ ၎င်းစားပွဲပေါ်တွင် အသက်ပင်၏ အသီး၊ မန္နမုန့်၊ ဗာဒံသီး၊ သဖန်းသီး၊ သလဲသီး၊ စပျစ်သီး မှစ၍ အခြားသော စပျစ်သီးမျိုးစုံကိုတွေ့မြင်ရလေ၏။ ထိုအခါကျွန်ုပ်ကသစ်သီးများကိုစား ဖို့အခွင့်ပြုရန် ယေရှုထံအခွင့်တောင်းလေ၏။ ကိုယ်တော်က 'ယခု မစားရသေး၊ ဤကမ္ဘာသစ်ကသစ်သီးများကိုစားသောက်သောသူသည် မြေကြီးဟောင်းသို့ဘယ်တော့မျှပြန်မသွားရချေ။ သို့ရာတွင်သင်သည် သစ္စာရှိလျှင် များမကြာမီအသက်ပင်၏အသီးကိုသာမက အသက်စမ်းရေ ကိုပင်သုံးဆောင်ရလိမ့်မည်" ဟု မိန့်တော်မူလေ၏။ ထိုအပြင်ကိုယ်တော် က 'သင်သည်မြေကြီးပေါ်သို့တစ်ဖန်ပြန်သွား၍ သင့်အားငါဖော်ပြသော အရာများကိုအခြားသူတို့အားဖော်ပြလော့" ဟု မိန့်တော်မူပြန်၏။ ထို နောက်ကောင်းကင်တမန်သည်ကျွန်ုပ်ကိုဖြည်းညင်းစွာဤမှောင်မိုက်သော လောကကြီးသို့ယူဆောင်လာလေသည်။

--*--

အခန်း ၇

# သန့်ရှင်းရာဌာနအကြောင်းနှင့်စပ်ဆိုင်၍သိရှိရသော အချက်အကြောင်း

၁၈၄၄ ခုနှစ်တွင် မြော်လင့်ခြင်းအသင်းသားတို့သည် ကြီးစွာသောစိတ်ပျက်ခြင်းကိုတွေ့ရပြီးနောက် အတော်ကြာ သတင်းတရားကိုယုံကြည်သောသူများတို့သည် စိတ်ရှုပ်ထွေး၍ ယောင်မှားခြင်းဖြစ်လျက်နေကြလေ၏။ အများသောသူတို့သည် ယခင်က တွက်ချက်ထားသောအနာဂတ္တိကာလအချိန်တို့ကိုဖယ်ရှား၍ ဤအချက်နှင့်စပ်ဆိုင်ပြီးလှုပ်ရှားထကြွခြင်းအမှုကိစ္စသည်မဟုတ်မမှန်နိုင်ဟုငြင်းပယ်ကြလေ၏။ သို့ရာတွင်အနည်းငယ်သောသူတို့မှာကားနှုတ်ကပါဌ်တော်အားဖြင့်လည်းကောင်း၊ ဘုရားသခင်ဝိညာဉ်တော်၏ ထူးခြားသော သက်သေခံချက်အားဖြင့်လည်းကောင်း ထင်ရှားသောယုံကြည်ချက်တရားများနှင့် အဖြစ်အပျက်အကြောင်းအရာများကို မစွန့်ပယ်နိုင်ကြချေ။ ထိုလူအနည်းငယ်တွင်မမဝိုက်လည်းပါဝင်ပါသည်။ ဤကဲ့သို့ စုံစမ်းခြင်းခံရ၍ ခက်ခဲသောကာလတွင် မိမိကိုယ်တိုင်တွေ့ကြုံရသော အဖြစ်အပျက်နှင့် မိမိနှင့်အတူကျမ်းစာကို လေ့ကျက်ဖတ်ရှုသောသူတို့၏ အဖြစ်အပျက်အကြောင်းအရာများတို့ကို မမဝိုက်သည် အောက်ပါအတိုင်း ရေးသားဖော်ပြလေ၏။)

ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည်မည်မျှလောက်မြဲမြံတည်ကြည်လျက်ရှိသည်ကိုကျွန်ုပ်တို့နှင့်အတူရှိကြသော လူအများတို့သည် မသိရှိမရိပ်မိကြသေးပါ။ ကျွန်ုပ်၏ယောကျ်ားဖြစ်သူဆရာကြီးဂျိမ်းဝိုက်၊ ဆရာကြီးဂျိုးဇက်ဘိတ်(စ်)၊ ဆရာကြီးပီးယား(စ်)၊ ဆရာကြီးအက်(ဒ်) ဆန်နှင့် ဘုရားတရားဘက်၌ စိတ်အားထက်သန်၍ စိတ်သဘောမြင့်မြတ်ပြီးလျှင် သစ္စာရှိကြသောအခြားသူများတို့သည် ၁၈၄၄ ခုနှစ်တွင် စိတ်ပျက်ဖွယ်ရာကောင်းသောအချိန်ကာလကြီး လွန်သည့်အခါ ဝှက်ထားသောဘဏ္ဍာကိုရှာဖွေသကဲ့သို့ ကျမ်းစာကို စေ့စေ့ရှာဖွေကြသောသူတို့တွင် အပါ

အဝင် ဖြစ်ကြလေသည်။ ကျွန်ုပ်သည် သူတို့နှင့်စည်းဝေး၍ ကျွန်ုပ်တို့သည် စိတ်အားကြီးစွာ ကျမ်းစာကိုလေ့ကျက်ဖတ်ရှုလျက် ဆုတောင်းပတ္ထနာပြုခြင်းဝတ်ကိုလည်း ပြုကြလေသည်။ မကြာခဏကျွန်ုပ်တို့သည် ညဥ့်နက်သည့်တိုင်အောင်အတူရှိကြလျက် တစ်ခါတစ်ရံ တစ်ညလုံးပင် အလင်းတရားကိုရဖို့ရန် ဆုတောင်း၍ကျမ်းစာတော်မြွက်ကို လေ့ကျက်ဖတ်ရှုကြပါသည်။ ကျမ်းစာ၏အဓိပ္ပါယ်များကိုသိရှိ၍တန်ခိုးပါလျက်၎င်းကို သင်ကြားဟောပြောနိုင်စေခြင်းငှါ ပြင်ဆင်ခြင်းရှိကြမည်အကြောင်း ကျမ်းစာတော်မြွက်ကိုလေ့ကျက်ဖတ်ရှုရန် ညီအစ်ကိုများတို့သည်မကြာခဏ ထပ်ခါထပ်ခါစုရုံးကြလေ၏။ သူတို့သည်လေ့ကျင့်လျက် ဖတ်ရှုနေကြရာတွင် 'ကျွန်ုပ်တို့မတတ်နိုင်တော့ဘူး" ဟူ၍ ပြောဆိုရသောအချက်သို့ ရောက်လာသောအခါ သခင်ဘုရား၏ဝိညာဉ်တော်သည် ကျွန်ုပ်အပေါ်သို့သက်ရောက်၍ ကျွန်ုပ်သည်ရူပါရုံကိုမြင်ရပြီးလျှင် ကျွန်ုပ်တို့ လေ့ကျက်လျက်နေသောကျမ်းချက်၏ အနက်အဓိပ္ပါယ်ကို ရှင်းလင်းစွာ သိနားလည်ကြသည့်အပြင် အကျိုးဖြစ်ထွန်းအောင် မည်ကဲ့သို့ အမှုတော်ဆောင်ရွက်လျက် တရားတော်မြွက်ကို သွန်သင်ဟောပြောရမည်အကြောင်း နည်းနာများကိုနာခံရကြလေ၏။ ထိုကဲ့သို့နည်းအားဖြင့် ခရစ်တော် အကြောင်း၊ ခရစ်တော်၏ အမှုတော် ဆောင်ရွက်ခြင်းအကြောင်းနှင့် ခရစ်တော်သည် ယဇ်ပရောဟိတ်အဖြစ်နှင့် လုပ်ကိုင်ဆောင်ရွက်တော်မူခြင်းအကြောင်းများနှင့် စပ်ဆိုင်တော်မူသော ကျမ်းချက်များကို ကျွန်ုပ်တို့သည်နားလည်ပါမည့်အကြောင်း အလင်းတရားကို ရရှိပါသည်။ ခရစ်တော်ဆောင်ရွက်တော်မူသော ထိုအချိန်ကစ၍ ဘုရားသခင်၏မြို့တော်ထဲသို့ဝင်ရမည့်အချိန်ကာလအထိ ကြာရှည်သောကာလနှင့် စပ်ဆိုင်သည့် အကြောင်းကို ကျွန်ုပ်တို့အား ဝိညာဉ်တော်သည် ရှင်းလင်းစွာဖော်ပြ၍ ကျွန်ုပ်သည်လည်းသခင်ဘုရားဖော်ပြတော်မူသော အချက်ရှိသမျှကိုအခြားသောသူတို့အားဖော်ပြပါသည်။

ထိုအချိန်တွင် ကျွန်ုပ်သည် ၎င်းညီအစ်ကိုတို့ ပြောဆိုဆွေးနွေးနေကြသောအချက်များကို တစ်ခုမျှနားမလည်နိုင်ပါ။ ကျွန်ုပ်သည်ဘာမျှ မစဉ်းစားတတ်တော့ချေ။ ကျွန်ုပ်တို့လေ့ကျက်သင်ကြားနေသောကျမ်း

စာများ၏ အနက်အဓိပ္ပါယ်များကိုလည်း ကျွန်ုပ်သည်နားမလည်နိုင်ပါ။ ကျွန်ုပ်၏ အသက်တာတွင် ဤအရာသည် အလွန်ဝမ်းနည်းဖွယ်ရာ ကောင်းသောအချက်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ယုံကြည်ကြသောအချက်များသည် ဘုရားသခင်၏နှုတ်ကပါဌ်တော်နှင့် ညီညွတ် ရှင်းလင်းစွာ မသိရကြသမျှကာလပတ်လုံး ကျွန်ုပ်သည် ဤကဲ့သို့သောအခြေအနေ၌ ရှိနေလေသည်။ ကျွန်ုပ်သည်ရူပါရုံကိုမမြင်ရလျှင် ဤအကြောင်းအရာများကိုနားမလည်နိုင်ဟု အခြားသောဆရာကြီးများကသိကြ၍ ကျွန်ုပ်အား ချပေးသောရူပါရုံတို့ကိုသူတို့သည် ကောင်းကင်မှတိုက်ရိုက်ခံယူရရှိသော အလင်းဟူ၍ သဘောပိုက်လျက် ၎င်းအလင်းတရားကို မိမိတို့ကိုယ်တိုင် ခံယူကြပါသည်။

တစ်ကြိမ်လျှင် ဤအချက်တစ်ခုလောက်သော ဆွေးနွေးတိုင်ပင်၍ ရှာဖွေစစ်ဆေးကြသည်။ ဤကဲ့သို့ရှာဖွေစူးစမ်းရန် စည်းဝေးလုပ်သော အခါအထူးသဖြင့် ကြည်ညိုသောသဘောဖြင့် ပြုလုပ်ကြသည်။ ရိုသေကိုင်းညွတ်ကြောက်ရွံ့သောသဘောဖြင့်ကျမ်းစာကိုဖတ်ကြသည်။ သမ္မာတရားကို ကောင်းစွာနားလည်နိုင်သောအခွင့်ရရှိရန်မကြာခဏကျွန်ုပ်တို့သည်အစာရှောင်ကြသည်။ စိတ်ပါစွာဆုတောင်းပြီးနောက် နားမလည်နိုင်သောအချက်များရှိလျှင် ၎င်းတို့ကို ဆွေးနွေးကြပြီးနောက် အသီးအသီးတို့သည်မိမိတို့၏ထင်မြင်ချက်တို့ကိုဖေါ်ပြကြပြီးလျှင် ကျွန်ုပ်တို့သည် တစ်ဖန်ဒူးထောက်၍ဆုတောင်းကြပြန်သည်။ ခရစ်တော်နှင့်ခမည်းတော်သည် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ ကျွန်ုပ်တို့သည်လည်းဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းဖြစ်၍ ဘုရားသခင်ကို ကောင်းစွာသိမြင်နိုင်မည် အကြောင်း မစတော်မူရန် စိတ်ပါလျက်ဆုတောင်းကြပါသည်။

(သန့်ရှင်းရာဌာနတော် အကြောင်းနှင့် ဣသရေလလူတို့ကျင့်အပ်သော သန့်ရှင်းရာဌာန၏ဝတ်များ အကြောင်းကိုလည်းကောင်း၊ ဓမ္မသစ်ကျမ်းတွင် ဖေါ်ပြသည်အတိုင်း ထိုသန့်ရှင်းရာဌာနသည် ကောင်းကင်ဘုံ၌ယဇ်ပုရောဟိတ်ကဲ့သို့ ခရစ်တော်အမှုဆောင်ရွက်လျက် ရှိနေသော သန့်ရှင်းရာဌာန၏ ပုံပမာအရိပ်မျှသာ ဖြစ်ကြောင်းကို

လည်းကောင်းဖတ်ရှုသင်ကြားရသဖြင့် ဒံယေလအနာဂတ္တိကျမ်း၊ ၈း၁၄ တွင် ရေးထားသောစကားတို့ကိုအထက်ကမိမိတို့အဓိပ္ပါယ်ကောက်ချက် သည် မှားယွင်းကြောင်းကျမ်းစာကိုလေ့လာသောသူတို့သည်ကောင်းစွာ သိနားလည်လာကြ လေသည်။ ထိုကြောင့် သန့်ရှင်းရာဌာနတော် အကြောင်းကို လေ့ကျက်ဖတ်ရှုခြင်းအားဖြင့် သမ္မာတရားနှင့် ညီညွတ် သောအချက်များကိုသူတို့သည်သိရှိနားလည်လာကြလေသည်။ ဤကဲ့သို့ လေ့ကျက်ရာတွင်လည်းကောင်း၊ နောက်ဆုံးတွင် ထင်ရှားသိရှိလာရ သောအချက်များတွင်လည်းကောင်း သန့်ရှင်းသောဝိညာဉ်တော်သည် လမ်းပြလျက်ရှိသည်ကို အမှန်ယုံကြည်ကြောင်း မမဝိုက်သည် ထပ်ခါ ထပ်ခါဖော်ပြပါသည်။

မမဝိုက်နှင့်အတူ ကျမ်းစာကိုလေ့ကျက်သောသူတို့နှင့် မမဝိုက် တို့ သဘောတူကြသည့်အတိုင်း သန့်ရှင်းရာဌာနနှင့် ဂုဏ်းဝတ္တရားနှင့် စပ်ဆိုင်၍အရေးကြီးသောအချက်ကြီးများကို မမဝိုက်သည်အချုပ်အား ဖြင့် ကိုယ်တိုင်အောက်တွင်ဖော်ပြထားပါသည်။)

မြော်လင့်ခြင်းအသင်းသားတို့ ယုံကြည်ကြသောအချက်များတွင် အခြေအမြစ်ဖြစ်၍ အရေးကြီးသော ကျမ်းစာချက်ကား 'ရက်ပေါင်း ၂၃၀၀ တိုင်တိုင် တည်လိမ့်မည်။ ထိုနောက် တစ်ဖန် သန့်ရှင်းရာ ဌာနကိုဆေးကြောသုတ်သင်လိမ့်မည်'' ဟူသောအချက်ကြီးဖြစ်သတည်း။ ကမ္ဘာပေါ်တွင်ရှိ အခြားသောခရစ်ယာန်များနှင့်အတူတကွ မြော်လင့် ခြင်း အသင်းသားတို့က ကမ္ဘာမြေကြီး တစ်ခုလုံးသို့မဟုတ်ဂုဏ်း၏အစိတ် အပိုင်းတစ်ခုသည်သန့်ရှင်းရာဌာနဖြစ်၍သန့်ရှင်းရာဌာနကို ဆေးကြော သုတ်သင်ခြင်း၏အဓိပ္ပါယ်မှာ ကမ္ဘာမြေကြီးကို နောက်ဆုံးသောနေ့ကြီး၌ မီးဖြင့် ဆေးကြောသုတ်သင်သန့်ရှင်းစေခြင်းကိုဆိုသည်ဟု ယုံကြည်ကြ သည်။ ဤအဖြစ်အပျက်သည် ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူ သောအခါ၌ ဖြစ်လိမ့်မည်ဟုသူတို့သည် ထင်မှတ်လျက်နေကြသည်။ ထိုကြောင့်ခရစ်တော်သည် မြေကြီးပေါ်သို့ ၁၈၄၄ ခုနှစ်တွင် ကြွလာ တော်မူလိမ့်မည်ဟု သဘောတူညီဆုံးဖြတ်ကြသည်။

ဘုရားသခင်မိန့်မှာတော်မူသည့်အတိုင်း တောင်ပေါ်တွင်ဖော်ပြသောပုံစံနမူနာနှင့်အညီ မောရှေဆောက်လုပ်ထားသောမြေကြီးပေါ်ရှိ သန့်ရှင်းရာဌာနတော်သည် 'ပူဇော်သကာနှင့်ယဇ်များကိုပူဇော်သောကာလတည်းဟူသောမျက်မှောက်ကာလပတ်လုံး ပုံပမာဖြစ်သည်" ကိုလည်းကောင်း၊ ၎င်းဌာန၏ သန့်ရှင်းသော အခန်းနှစ်ခုမှာလည်း ကောင်းကင်ဘုံ၌ရှိသောအရာတို့၏ ပုံများဖြစ်သည်ကို လည်းကောင်း ကျွန်ုပ်တို့၏ ရှေ့ဆောင်ယဇ်ပုရောဟိတ်ကြီးဖြစ်သော ခရစ်တော်သည်လည်း 'လူမဆောက်ဘဲထာဝရဘုရားသခင် ဆောက်တော်မူသော တဲတော်စစ်တည်းဟူသောသန့်ရှင်းရာဌာန၌ ဘုရားဝတ်ကိုပြုသောသူဖြစ်တော်မူသည်" ကိုလည်းကောင်း၊ ထိုမှတစ်ပါး 'လူတို့လက်ဖြင့်လုပ်သော သန့်ရှင်းရာဌာနထဲသို့ ခရစ်တော်သည်မဝင်ဘဲ ငါတို့အတွက်ကြောင့်ယခုဘုရားသခင်ရှေ့တော်၌ကိုယ်ကိုပြခြင်းငှါ၊ ကောင်းကင်ကိုယ်ထဲသို့ ဝင်တော်မူပြီ" ဖြစ်ကြောင်းကိုလည်းကောင်း သူတို့သည်စစ်ဆေးရှာဖွေကြည့်ရှုကြရာတွင် သိရှိနားလည်ကြ၏။ (ဟေဗြဲ၊ ၉း၉-၂၃။ ၈း၂။ ၉း၂၄)။

မြေကြီးပေါ်တွင်ရှိသောသန့်ရှင်းရာဌာန၌ ဟဂျာခေါ် သန့်ရှင်းသောပထမအခန်းနှင့် ဟဂျာဟဂျန်ခေါ် အသန့်ရှင်းဆုံးသော ဒုတိယအခန်းဟူ၍နှစ်ခန်းရှိသည်နည်းတူကောင်းကင်တွင်ရှိ သန့်ရှင်းရာဌာန၌လည်းသန့်ရှင်းသောအခန်းနှစ်ခန်းရှိလေသည်။ မြေကြီးပေးတွင်ရှိသောသန့်ရှင်းရာဌာနတွင် ဘုရားသခင်၏ ပညတ်တော် ထည့်ထားသောပဋိညာဉ်သေတ္တာတော်၊ နံ့သာပေါင်းကိုမီးရှို့ရာယဇ်ပလ္လင်မှစ၍ဝတ်ပြုရာတွင်သုံးဆောင်ရသော တန်ဆာများရှိသည်နည်းတူ ကောင်းကင်သန့်ရှင်းရာဌာနတွင်လည်း ဤအရာများနှင့်ထပ်တူထပ်မျှတူညီသောတန်ဆာများရှိသည်။ သန့်ရှင်းသောရူပါရုံ၌တမန်တော်ရှင်ယောဟန်သည် ပေါင်းကို မီးရှို့ရာယဇ်ပလ္လင်ကိုမြင်ရသည့်အပြင် ဘုရားသခင်၏ဗိမာန်တော်ကိုဖွင့်သောအခါသူသည် ပဋိညာဉ်သေတ္တာတော်ကိုလည်းမြင်ရလေ၏။ (ဗျာ၊ ၁၁း၁၉)။

သမ္မာတရားကိုစေ့စေ့ရှာဖွေစူးစမ်းကြသောသူတို့သည် ကောင်းကင်ဘုံ၌ သန့်ရှင်းရာဌာနရှိတော်မူသည်ဟူ၍မငြင်းဆန်နိုင်သောအချက်ကိုတွေ့ရှိကြပါသည်။ မောရှေသည်သူ့အားပြသောပုံစံနမူနာအတိုင်း မြေကြီးပေါ်တွင်သန့်ရှင်းရာဌာနကိုဆောက်လုပ်လေ၏။ ရှင်ပေါလုက ထိုပုံစံနမူနာမှာလည်း ကောင်းကင်တွင်ရှိသောသန့်ရှင်းရာဌာနအစစ်ဖြစ်၏ဟုဖော်ပြပါသည်။ ယောဟန်ကလည်း ၎င်းသန့်ရှင်းရာဌာနကို ကောင်းကင်တွင်သူကိုယ်တိုင်မြင်ရ၏ဟု သက်သေခံပါသည်။

## ဘုရားသခင်၏ပလ္လင်တော်

ဘုရားသခင်ကိန်းဝပ်တော်မူရာ ကောင်းကင်တွင်ရှိဗိမာန်တော်ထဲ၌တည်ရှိသော ဘုရားသခင်၏ပလ္လင်တော်သည် ဖြောင့်မတ်ခြင်း၊ တရားစီရင်ပိုင်ခြင်းနှင့်တည်၏။ ဟဂျာဟဂျန်ခေါ် အသန့်ရှင်းဆုံးအခန်းတွင် လူအပေါင်းတို့ကိုစုံစမ်းဖို့ရန်အကြီးဆုံးသောဥပဒေဖြစ်သည့် ထာဝရဘုရား၏ ပညတ်တရားတော်ဖြစ်၏။ ပညတ်တော်ကိုရေးထားသောကျောက်ပြားများထည့်ထားသည့် ပဋိညာဉ်သေတ္တာတော်အပေါ်တွင်ကရုဏာတော်ပလ္လင်ဖြင့်ဖုံးအုပ်ထား၏။ ထိုပလ္လင်တော်ရှေ့၌ ခရစ်တော်သည်အပြစ်ရှိသောသူတို့အတွက် မိမိ၏အသွေးတော်နှင့်အပြစ်ဖြေရာဝတ်ကိုပြုလျက်နေတော်မူ၏။ ထို့ကြောင့်လူသတ္တဝါတို့ကို ကယ်တင်ရန်စီမံတော်မူသောအကြံအစည်တော်၌ ဖြောင့်မှန်ခြင်းတရားနှင့်ကရုဏာတော်တရားပူးပေါင်းလျက်ရှိကြောင်း ထင်ရှားလေသည်။ ဤကဲ့သို့သောအကြံတော်ကိုအနန္တဉာဏ်တော်နှင့်ပြည့်စုံတော်မူသောသူသာစီမံနိုင်တော်မူ၍ အနန္တတန်ခိုးတော်နှင့်ပြည့်စုံသောသူသာလျှင် ဤအကြံအစည်တော်ကိုပြီးမြောက်စေနိုင်သည်။ ကောင်းကင်တစ်ဝန်းလုံးတွင်ရှိသောကောင်းကင်သားများတို့သည် ထိုအကြံတော်ကိုအံ့သြလျက်ကြည်ညိုရိုသေကြလေသည်။

မြေကြီးပေါ်တွင်ရှိသန့်ရှင်းရာဌာနထဲ၌ကရုဏာတော်ပလ္လင်ပေါ်သို့ငုံ့ကြည့်နေသော ခေရုဗိမ်အရုပ်မှာ ကောင်းကင်သားများတို့သည် လူသတ္တဝါတို့ကိုကယ်ဆယ်ရန် အလုပ်ကို စိတ်ပါစွာနှင့် အာရုံပြုလျက်

စဉ်းစားဆင်ခြင်နေကြသည်ကို ပုံပမာပြလေသည်။ ကောင်းကင်တမန်များတို့သည် ကရုဏာတော်၏နက်နဲရာအကြောင်းများကိုကြည့်ရှုသိနားလည်လိုကြသည်။ ထိုနက်နဲရာကား အပြစ်ရှိသော်လည်း နောင်တရသောသူအားဖြောင့်မတ်ရာ၌တည်စေတော်မူ၍ ပြစ်မှားသောလူများတို့နှင့်ပြန်၍မိတ်သဟာယဖွဲ့တော်မူသည်ဖြစ်၍ ဘုရားသခင်သည် တရားတော်မူသောအရှင်ဖြစ်နိုင်ကြောင်းခရစ်တော်သည်မရေမတွက်နိုင်သောလူမျိုးအပေါင်းတို့ကို ပျက်စီးခြင်းထဲက ကယ်နုတ်တော်မူ၍သူတို့သည်အဘယ်အခါမျှမပြစ်မှားခဲ့ဖူးသောကောင်းကင်တမန်များနှင့်အတူတကွပေါင်းသင်းလျက်ဘုရားသခင်ရှေ့တော်၌အစဉ်ထာဝရအသက်ရှင်လျက်နေနိုင်မည့်အကြောင်း ကိုယ်တော်သည်သူတို့အားမိမိ၏ဖြောင့်မတ်ခြင်းတည်းဟူသော စွန်းကွက်ခြင်းကင်းလျက် ဖြူစင်သန့်ရှင်းသောဝတ်ရုံနှင့်ခြုံပေးနိုင်တော်မူကြောင်းတည်းဟူသောအချက်များဖြစ်ပါသည်။

## သန့်ရှင်းရာဌာနကိုဆေးကြောသုတ်သင်ခြင်း

သန့်ရှင်းရာဌနသည်မြေကြီးပေါ်၌မရှိဘဲနေသည်မှာ နှစ်ပေါင်းများစွာကြာလှပြီဖြစ်သောကြောင့် ရက်ပေါင်း ၂၃၀၀ ကာလ၏အဆုံးတည်းဟူသော ၁၈၄၄ ခုနှစ်တွင် အဘယ်သန့်ရှင်းရာဌာနမျှမြေကြီးပေါ်၌မရှိတော့ချေ။ ထိုကြောင့် နှစ်ပေါင်း ၂၃၀၀ တိုင်တိုင် တည်လိမ့်မည်။ ထိုနောက်သန့်ရှင်းရာဌာနကိုတစ်ဖန် ဆေးကြောသုတ်သင်ကြလိမ့်မည်ဟူသောအချက်၌ ကောင်းကင် သန့်ရှင်းရာဌာနတစ်ခုကိုသာအမှီပြုကြောင်းကိုသိရှိနိုင်သည်။ သို့ရာတွင် ကောင်းကင်၌သန့်ရှင်းရာဌာနကိုမည်ကဲ့သို့ဆေးကြောသုတ်သင်နိုင်မည်နည်း။

ကျမ်းစာများကို ပြန်၍ကြည့်ရှုပြန်သောအခါ ဆေးကြောသုတ်သင်ခြင်းအမှုသည် အရာဝတ္ထုနှင့်ဆိုင်သော အညစ်အကြေးများကိုပယ်ရှင်းခြင်းမဟုတ်၊ အကြောင်းမူကား အသွေးအားဖြင့်ဆေးကြောသုတ်သင်ခြင်းအမှုကို ပြီးမြောက်စေရမည်ဖြစ်သောကြောင့် အပြစ်မှဆေးကြောခြင်းအမှုကိစ္စသာလျှင်ဖြစ်ကြောင်းကို အနာဂတ္တိစကားများကိုလေ့ကျက်ဖတ်ရှုကြသောသူတို့သိနားလည်လာကြ၏။ တမန်တော်

ရှင်ပေါလုကလည်း 'ထိုကြောင့်ကောင်းကင်ဘုံ၌ရှိသော အရာတို့၏ ပုံများကိုထိုသို့သောယဇ်ပူဇော်ခြင်း (တိရစ္ဆာန်များ၏အသွေး) အား ဖြင့်စင်ကြယ်စေရသည်ဖြစ်၍ ကောင်းကင်အရာတို့ကိုသာ၍မြတ်သော ယဇ်ပူဇော်ခြင်း (ခရစ်တော်၏အဖိုးထိုက်သော အသွေးတော်မြတ်) အားဖြင့်စင်ကြယ်စေရ၏။" (ဟေဗြဲ၊ ၉း၂၃)။

အနာဂတ္တိစကားအားဖြင့်ဖေါ်ပြထားသော ဆေးကြောသုတ်သင်ခြင်းအကြောင်းတို့ကို တိုး၍သိနားလည်လိုလျှင် ကောင်းကင်သန့်ရှင်းရာဌာနနှင့်ဆိုင်သော ဝတ်အကြောင်းကိုနားလည်ဖို့လိုပေသည်။ ဤအကြောင်းကိုလည်း မြေကြီးပေါ်ရှိ သန့်ရှင်းရာဌာန၏ဝတ်အကြောင်းအားဖြင့်သာသိနားလည်နိုင်သည်။ အကြောင်းမူကားပေါလုက ထိုနေရာတွင် ခေတ္တခဏ အမှုတော်ဆောင်ရွက်လျက်ရှိသော ယဇ်ပုရောဟိတ်များတို့သည် 'ကောင်းကင်အရာတို့၏ ပုံပမာအရိပ်နှင့်သာဆိုင်လျက်ဝတ်ကိုပြုနေကြ၏။" ဟုဖေါ်ပြပါသည်။

## နေစဉ်ပြုရသောဝတ်

မြေကြီးပေါ်တွင်ရှိ သန့်ရှင်းရာဌာနနှင့်ဆိုင်သော ဝတ်နှစ်မျိုးရှိသည်။ ယဇ်ပုရောဟိတ်များသည် ဟဂျာခေါ် သန့်ရှင်းရာအခန်းတွင် နေ့စဉ်ဝတ်ပြုကြသည်။ တစ်နှစ်လျှင်တစ်ကြိမ်သာ ယဇ်ပုရောဟိတ်မင်းသည် သန့်ရှင်းရာဌာနကို ဆေးကြောသုတ်သင်ခြင်းအလို့ငှါ ဟဂျာဟဂျုန်ခေါ် အသန့်ရှင်းဆုံးသောအခန်းတွင် အပြစ်ဖြေခြင်းနှင့်ဆိုင်သောဝတ်ကိုအထူးသဖြင့်ပြုလုပ်ရလေသည်။ တစ်နေ့ပြီးတစ်နေ့အပြစ်ရှိ၍နောင်တရသောသူသည် တဲတော်တံခါးရှေ့သို့ပူဇော်ရာယဇ်ကောင်ကို ယူဆောင်လာ၍ တိရစ္ဆာန်၏ခေါင်းပေးတွင် မိမိ၏လက်များကိုတင်လျက်အပြစ်များကိုဖေါ်ပြရလေ၏။ ထိုနည်းအားဖြင့်မိမိ၏အပြစ်များကိုအပြစ်ကင်းသောယဇ်ကောင်ပေါ်သို့ပြောင်းလွှဲကြောင်းပုံပမာဖြစ်လေ၏။

ထိုနောက် တိရစ္ဆာန်ကိုသတ်၍ အသွေးသို့မဟုတ် အသားယဇ်ပုရောဟိတ်သည် သန့်ရှင်းရာ ဟဂျာအရပ်ထဲသို့ ယူသွားလေ၏။

ထိုနည်းအားဖြင့်အပြစ်ကိုသန့်ရှင်းရာဌာနထဲသို့ပြောင်းလွှဲလိုက်ကြောင်း ပုံပမာဖြစ်လေ၏။

ထိုကဲ့သို့သောဝတ်ကိုတစ်နှစ်လုံးဆောင်ရွက်ရ၏။ ထပ်ခါထပ်ခါ သန့်ရှင်းရာဌာနထဲသို့အပြစ်ကို ယူဆောင်ပြောင်းလွှဲရသဖြင့် ၎င်းအပြစ်များကိုပယ်ရှားဖို့ရန်အခြားသော ဝတ်တစ်ခုကိုထပ်မံပြုလုပ်ဖို့လိုသေး၏။ သတ္တမလေ၊ ဆယ်ရက်မြောက်သောနေ့၌ အခြားသော အချိန်အခါများ တွင်ဝင်လျှင် အသေခံရမည်ဖြစ်သော ဟဂျာဟဂျုန်ခေါ် အသန့်ရှင်း ဆုံးဖြစ်သည့် အတွင်းခန်းထဲသို့ ယဇ်ပုရောဟိတ်သည် ဝင်ရလေသည်။ ထိုအခါ တစ်နှစ်လုံးပြုရသော ဝတ်များ၏ အဆုံးသတ်ဖြစ်သော သန့်ရှင်းရာဌာနကို ဆေးကြောသုတ်သင်ခြင်းဝတ်ကို ပြုလေ၏။

## နှစ်စဉ်ပြုရသောဝတ်

အပြစ်ဖြေရာနေ့ကြီးရောက်လာသောအခါ ဆိတ်သငယ်နှစ်ကောင် ကိုတဲတော်တံခါးရှေ့သို့ယူဆောင်လာ၍ ထာဝရဘုရားအဖို့စာရေးတံ တစ်တံ၊ လွတ်လပ်လဟာအဖို့တစ်တံ၎င်းတို့အပေါ်၌ စာရေးတံချလေ၏။ ထာဝရဘုရားအဖို့စာရေးတံကျသောဆိတ်သည်လူများအတွက် အပြစ် ဖြေရာ ယဇ်ကောင်အဖြစ်နှင့် သတ်ဖို့ရာဖြစ်သည်။ ထိုနောက် ယဇ် ပုရောဟိတ်သည် ၎င်း၏အသွေးကိုကန့်လန့်ကာအတွင်းသို့ ယူဆောင် လာ၍ ကရုဏာတော်ပလ္လင်ပေါ်၌လည်းကောင်း၊ ကရုဏာတော်ပလ္လင် ရှေ့၌လည်းကောင်း ဖျန်းရလေ၏။

'ဣသရေလအမျိုးသားတို့၏ မစင်ကြယ်သော အပြစ်ကြောင့် လည်းကောင်း၊ ပြစ်များသောအပြစ်အမျိုးမျိုးတို့ကြောင့်လည်းကောင်း သန့်ရှင်းရာဌာနတော်အဖို့အပြစ်ဖြေခြင်းကိုပြုရမည်။ ထိုသို့ဣသရေလအမျိုး သားတို့၏ မစင်ကြယ်သောအပြစ်ထဲမှာ နေရသောပရိသတ်စည်းဝေးရာ တဲတော်အဖို့ ပြုလုပ်ရမည်။" (ဝတ်၊ ၁၆း၁၆)။

အပြစ်ဖြေရာနေ့တွင် ပြုရသောဝတ်များသည် သန့်ရှင်းရာဌာန တော်ကိုဆေးကြောသုတ်သင်ခြင်းနှင့်သာသက်ဆိုင်သည်ဟူ၍ သဘော

ရကြောင်းကို ဖေါ်ပြသော အခြားကျမ်းချက်များကိုသိလိုလျှင် ဝတ်ပြုရာကျမ်း၊ ၁၆း၉၊ ၃၀ ကိုကြည့်ပါ။

'အာရုန်သည် အသက်ရှင်သော ဆိတ်ခေါင်းပေါ်မှာ လက်နှစ်ဖက်ကိုတင်လျက် ဣသရေလအမျိုးသားတို့၏ ဒုစရိုက်မျစ၍ပြစ်မှားသောအပြစ်အမျိုးမျိုး ရှိသမျှကိုဖေါ်ပြ၍ ဆိတ်၏ခေါင်းပေါ်မှာတင်ထားပြီးလျှင်တော်လျော်သောလူတစ်ဦး၏လက်တွင် တောသို့စေလွှတ်ရမည်။ သူတို့အပြစ်ရှိသမျှကို လူမနေသောအရပ်သို့ ဆောင်သွားသော ထိုဆိတ်ကို တော၌လွှတ်လိုက်ရမည်။" (ဝတ်၊ ၁၆း၂၁၊ ၂၂)။

လွတ်လပ်လဟာသို့ လွှတ်လိုက်သောဆိတ်သည် ဣသရေလတပ်ထဲသို့ဘယ်တော့မျှ ပြန်မလာစေရ။ ၎င်းပြင် ထိုဆိတ်ကို တောသို့ယူဆောင်သွားရသောသူသည်လည်းတပ်ထဲသို့ပြန်၍မဝင်မီ မိမိကိုယ်ကိုရေချိုး၍အဝတ်များကို လျှော်ရမည်။

ဘုရားသခင်သည်သန့်ရှင်းတော်မူ၍အပြစ်ကိုစက်ဆုပ်ရွံရှာတော်မူကြောင်းကိုလည်းကောင်း၊ ညစ်ညူးခြင်းမရှိဘဲ အပြစ်နှင့်မဆက်ဆံနိုင်ကြောင်းကိုလည်းကောင်း ဣသရေလအမျိုးသားတို့သည် စွဲလမ်းမှတ်သားစေရန်၊ ဤကဲ့သို့အပြစ်ဖြေခြင်း ဝတ်အားလုံးကိုပြုလုပ်စေရန် စီမံထားတော်မူ၏။ ဤကဲ့သို့အပြစ်ဖြေခြင်းဝတ်ကို ပြုလုပ်စဉ်အခါ လူတိုင်းမိမိတို့၏စိတ်ကိုဆုံးမလျက် နေရကြသည်။ လောကီမှုရေးနှင့် ပတ်သက်သောအလုပ်အကိုင်ရှိသမျှတို့ကို ပယ်ထား၍ ဣသရေလအမျိုးသား ပရိသတ်တစ်ခုလုံးသည် ဆုတောင်းလျက်၊ အစာရှောင်လျက် ဘုရားသခင်၏ရှေ့တော်တွင် ရိုသေကိုင်းညွတ်သောသဘောနှင့် နှိမ့်ချလျက်နေ့ကို ကုန်လွန်စေရမည်။

### ပုံပမာဖြစ်သည့်ဝတ်ပြုကိုးကွယ်ခြင်းမှသိရှိရသောတရားများ

ပုံပမာဖြစ်သည့် ဝတ်ပြုကိုးကွယ်ခြင်းအကြောင်းများမှအပြစ်ဖြေခြင်းနှင့်စပ်ဆိုင်၍ အရေးကြီးသော တရားများကို သိရှိနားလည်နိုင်ပါသည်။ အပြစ်ရှိသောသူ၏နေရာတွင် အခြားသောသတ္တဝါတစ်ကောင်

ကိုအစားထားရလေသည်။ သို့သော်ယဇ်ကောင်၏အသွေးကိုသွန်းခြင်းအားဖြင့် အပြစ်ကိုပယ်ရှားစေသည်မဟုတ်၊ ထိုကြောင့် ၎င်းတို့သန့်ရှင်းရာဌာနအတွင်းသို့ ယူဆောင်သွားဖို့ရန် နည်းတစ်မျိုးကို ပေးထားလေသည်။

အသွေးကိုယဇ်ပူဇော်ခြင်းအားဖြင့်အပြစ်ရှိသောသူသည်ပညတ်တရားတော်ဟုတ်မှန်ကြောင်းကိုဝန်ခံ၍ ပညတ်တရားတော်ကိုလွန်ကျူးခြင်းဖြင့် မိမိ၌အပြစ်ရှိကြောင်းကို ဖော်ပြဝန်ချလျက် ပေါ်ထွန်းတော်မူမည့်ကယ်တင်ရှင်ကို ယုံကြည်ခြင်းအားဖြင့် မိမိ၏အပြစ်များလွှတ်စေဖို့ အလိုရှိကြောင်းကို ဖော်ပြလေသည်။ သို့ရာတွင် သူသည်ပညတ်တရား၏စီရင်ခြင်းမှ လုံးလုံးလွတ်ကင်းသေးသည်မဟုတ်။

အပြစ်ဖြေရာနေ့ကြီးရောက်လာသောအခါ ယဇ်ပုရောဟိတ်မင်းသည် ပရိသတ်တို့အထဲမှယဇ်ပူဇော်စရ ယဇ်ကောင်ကိုယူပြီးမှ အသန့်ရှင်းဆုံးအရပ်ဖြစ်သည့် ဟဂျာဟဂျန်ခေါ် အရပ်ထဲသို့ဝင်သွား၍ လူအပေါင်းတို့အတွက်ဖြစ်သော၍ယဇ်ကောင်၏အသွေးကို ပညတ်တော်၏အပေါ်၌တည့်တည့်တည်ရှိသော ကရုဏာပလ္လင်တော်ပေါ်တွင် ဖျန်းဆွတ်လေ၏။ ထိုနည်းအားဖြင့်ပညတ်တရား၏တောင်းဆိုချက်ကိုပြည့်စုံစေလေ၏။ ထိုနောက်သူသည် သူတစ်ပါးအတွက်တာဝန်ခံသောအမှုဆောင်အဖြစ်နှင့်အပြစ်များကို မိမိအပေါ်၌တင်၍ သန့်ရှင်းရာဌာနအတွင်းမှယူဆောင်လာလေ၏။ လွတ်လပ်လဟာသို့စာရေးတံကျသောဆိတ်၏ခေါင်းပေါ်တွင် မိမိ၏လက်ကိုတင်လျက် သူသည် ဤအပြစ်ရှိသမျှအားလုံးတို့ကို ၎င်းအပေါ်၌ဖော်ပြဝန်ချလေ၏။ ထိုနည်းအားဖြင့် သူယအပေါ်၌ရှိသောအပြစ်များကို ဆိတ်အပေါ်သို့ ပြောင်းလွှဲလိုက်ကြောင်းသိရှိရလေ၏။ ထိုနောက်ဆိတ်သည် ၎င်းအပြစ်များကိုအဝေးသို့ယူဆောင်သွားသဖြင့် ၎င်းအပြစ်များသည် လူအပေါင်းတို့နှင့်ဘယ်တော့မျှမသက်ဆိုင်၊ မဆက်စပ်ဟူ၍သဘောထားရ၏။

ထိုနည်းအားဖြင့် 'ကောင်းကင်အရာတို့၏ပုံပမာအရိပ်" တို့နှင့်သက်ဆိုင်သောဝတ်များကိုပြုရကြ၏။ ပုံပမာအားဖြင့် မြေကြီးပေါ်တွင်

ပြုရသောဝတ်များအတိုင်း ကောင်းကင်သန့်ရှင်းရာဌာနစစ်တွင်မှန်ကန်သောဝတ်ကိုပြုရကြလေသည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ကောင်းကင်သို့တက်ကြွသွားတော်မူပြီးနောက် ကျွန်ုပ်တို့၏ရှေ့ဆောင် ယဇ်ပုရောဟိတ်မင်းအဖြစ်နှင့်မိမိ၏အမှုတော်ကိုအစပြု၍ ဆောင်ရွက်တော်မူပါသည်။

ရှင်ပေါလုက 'မှန်သောသန့်ရှင်းရာဌာန၏ပုံဖြစ်သော လူတို့၏လက်ဖြင့်လုပ်သော သန့်ရှင်းရာဌာနထဲသို့ ခရစ်တော်သည် မဝင်ဘဲငါတို့အတွက်ကြောင့် ယခုဘုရားသခင်၏ရှေ့တော်၌ ကိုယ်ကိုပြခြင်းငှါကောင်းကင်ကိုယ်ထဲသို့ ဝင်တော်မူပြီဟု ဖေါ်ပြပါသည်။ (ဟေဗြဲ၊ ၉း၂၄)။

ပုံပမာဖြစ်သော ဝတ်များနှင့်ညီညွတ်စွာကိုယ်တော်သည်သန့်ရှင်းရာဌာနတော်တွင် မိမိ၏အမှုတော်များကိုဆောင်ရွက်စပြုတော်မူ၍ပုရောဖက်ဒံယေလဟောထားသည်အတိုင်း အနာဂတ္တိစကားနှင့်ဆိုင်သောရက်များ၏အဆုံးဖြစ်သည့် ၁၈၄၄ ခုနှစ်တွင် ကိုယ်တော်သည် မိမိ၏နောက်ဆုံးအမှုဖြစ်သည့် သန့်ရှင်းရာဌာနကို ဆေးကြောသုတ်သင်ခြင်းအမှုကိုဆောင်ရွက်တော်မူရန် အသန့်ရှင်းဆုံးအရပ်ဖြစ်သည့် ဒုတိယအခန်းထဲသို့ဝင်တော်မူသည်။

## တရားစီရင်ခြင်းအလုပ်

ပုံပမာအတိုင်းရှေးကလူများတို့၏အပြစ်များကိုအပြစ်ဖြေရာယဇ်ကောင်၏အသွေးဖြင့် မြေကြီးပေါ်ရှိသန့်ရှင်းရာဌာန အတွင်းသို့ပြောင်းလွှဲယူဆောင်သွားရသည်နည်းတူ ကျွန်ုပ်တို့၏အပြစ်များကိုကောင်းကင်သန့်ရှင်းရာဌာနထဲသို့ ခရစ်တော်၏အသွေးတော်အားဖြင့် ပြောင်းလွှဲယူဆောင်သွားရလေ၏။ ပုံပမာအတိုင်း မြေကြီးပေါ်တွင် ရှိသောသန့်ရှင်းရာဌာနကို ဆေးကြောသုတ်သင်ရာတွင် ၎င်းကို ညစ်ညူးစေသောအပြစ်များကို ပယ်ရှားခြင်းအားဖြင့် ပြီးမြောက်စေသည်နည်းတူအကယ်စင်စစ် ကောင်းကင်သန့်ရှင်းရာဌာနကို ဆေးကြောသုတ်သင်ရာတွင်လည်း ရေးမှတ်ထားသောအပြစ်များကို ဖျက်ပယ်ခြင်းအားဖြင့်

ပြီးမြောက်စေရာသည်။ ထိုကြောင့် ကိုယ်တော်သည် အပြစ်ဖြေခြင်း ဝတ်ကိုပြုရာ၌ မိမိတို့၏အပြစ်ကိုနောင်တရ၍ ခရစ်တော်ကိုယုံကြည်ခြင်း အားဖြင့် မည်သူတို့သည်အကျိုးကျေးဇူးကိုခံစားထိုက်ကြောင်း သိရှိရန် ရေးမှတ်ထားသောစာစောင်တို့ကိုကြည့်ရှုစစ်ဆေးဖို့လိုပေသည်။

ထိုကြောင့်သန့်ရှင်းရာဌာနကို ဆေးကြောသုတ်သင်ခြင်းအမှုတွင် တရားစီရင်ဖို့ရန် စစ်ဆေးဖို့အလုပ်တစ်ခုပါဝင်လေသည်။ ခရစ်တော် သည်မိမိ၏လူများကိုရွေးနုတ်ဖို့ရန် ကြွလာတော်မမူမီ ဤအလုပ်ကိုပြုလုပ် ရမည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်ကြွလာတော်မူသောအခါ၊ 'လူအသီးသီးတို့အားမိမိတို့အကျင့်အတိုင်းဆပ်ပေး'' ရန်အကျိုးအပြစ် ကိုဆောင်ယူခဲ့တော်မူမည်။ (ဗျာ၊ ၂၂း၁၂)။

ဤအချက်တို့ကိုထောက်ရှုခြင်းအားဖြင့် ခရစ်တော်သည် ရက် ပေါင်း ၂၃၀၀ ၏အဆုံးဖြစ်သော ၁၈၄၄ ခုနှစ်တွင်မြေကြီးပေါ်သို့ ကြွလာတော်မမူဘဲ မိမိကြွလာတော်မမူမီ အပြစ်ဖြေခြင်းအမှုတော်ကို ပြီးစီးအောင်ဆောင်ရွက်ဖို့ရန် ဘုရားသခင်၏ရှေ့တော်၊ ကောင်းကင် သန့်ရှင်းရာဌာန၏ အသန့်ရှင်းဆုံးသော ဟဂျာဟဂျန်အရပ်ထဲသို့ ဝင်တော်မူလေသည်ဟု အနာဂတ္တိစကားများကို ဖတ်ရှုစစ်ဆေးရှာဖွေ ခြင်းအားဖြင့် အလင်းတရားကိုတိုး၍ရရှိသောသူများတို့သည် သိမြင်ရ ကြလေ၏။

(ယခုကာလတိုင်အောင်ရဟူဒီလူမျိုးတို့သည်ရှေးကစောင့်ရှောက် ခဲ့ကြသောအပြစ်ဖြေရာနေ့ကို 'ယုမ်ကစ်ပါ'' ဟူသောအမည်နာမဖြင့် စောင့်ရှောက်လျက်ရှိကြသေးသည်။ ၎င်းနေ့သည်သူတို့အဖို့တစ်နှစ်လုံး တွင်အရေးကြီးကြည်ညိုဖွယ်ရာ အကောင်းဆုံးနေ့ဖြစ်၍နောက်ဆုံးတရား စီရင်ရာနေ့၏ပုံပမာလည်းဖြစ်ပေသည်။)

## သမ္မာတရားနှင့်စပ်ဆိုင်သောအချက်များကို ထင်ရှားစေသောအခွင့်

သန့်ရှင်းရာဌာနနှင့်စပ်ဆိုင်သောအချက်အားဖြင့် ၁၈၄၄ ခုနှစ် တွင်စိတ်ပျက်ခြင်းကိုဖြစ်စေသည့် နက်နဲသောအရာကို ထင်ရှားစွာ သိရှိရ

သဖြင့် ၎င်းသည်သော့နှင့်တူပေသည်။ သမ္မာတရားနှင့်စပ်ဆိုင်၍တစ်ခုနှင့်တစ်ခုညီညွတ်ဆက်စပ်လျက်ရှိသည့်အချက်များကိုလည်း ထင်ရှားစွာဖွင့်ပြလေသည်။ ၎င်းပြင် မြော်လင့်ခြင်းအသင်းသားတို့၏အလုပ်ကြီးတွင် ဘုရားသခင်၏လက်တော်သည်ညွှန်ပြထောက်မလျက်ရှိကြောင်းကိုလည်း ဖေါ်ပြသည့်အပြင် မိမိလူများတို့၏အလုပ်အကိုင်၊ အခြေအနေများ အကြောင်းကိုလည်းထင်ရှားစေသည်။ ယေရှု၏တပည့်တော်များတို့သည် အလွန်စိတ်ပျက်၍ ကြီးစွာဒုက္ခရောက်လျက်နေကြသည့် ညအချိန်လွန်ပြီးမှနောက်တစ်နေ့ကိုယ်တော်ကိုတွေ့မြင်ရကြသောအခါ ဝမ်းမြောက်ကြသည်နည်းတူ ကိုယ်တော်ဒုတိယအကြိမ်ကြွလာတော်မူမည်ကိုမြော်လင့်ပြီးနေသောသူတို့သည်လည်းယခုဝမ်းမြောက်ကြလေ၏။ မိမိ၏ကျွန်များအားဆုကျေးဇူးများကိုဆပ်ပေးရန် ကိုယ်တော်သည် ဘုန်းတန်ခိုးနှင့်တကွ ကြွလာတော်မူမည်ဟု သူတို့သည် မြော်လင့်လျက် နေခဲ့ကြ၏။ သို့သော် သူတို့၏မြော်လင့်ခြင်းပျက်ကွက်သွားသောအခါ သူတို့သည် ယေရှုကိုမမြင်ဘဲရှိနေကြ၏။ ယခုကိုယ်တော်သည်အသန့်ရှင်းဆုံးအရပ်ဖြစ်သည့် ဟဂျာဟဂျန်အရပ်တွင် ကရုဏာနှင့်ပြည့်စုံသော ယဇ်ပုရောဟိတ်ကဲ့သို့အမှုဆောင်ရွက်လျက်မကြာမီ မိမိတို့၏ရှင်ဘုရင်ကဲ့သို့လည်းကောင်း၊ ကယ်တင်ရှင်ကဲ့သို့လည်းကောင်း ကြွလာတော်မူရန်ပြင်ဆင်လျက်ရှိသည်ကိုသူတို့မြင်ရကြပြန်လေ၏။

သန့်ရှင်းရာဌာနတော်နှင့်ပတ်သက်သော အကြောင်းအရာအားဖြင့် အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ်ကာလတို့၏အကြောင်းအရာများကို ထင်ရှားစွာသိမြင်ရလေ၏။ ဘုရားသခင်သည် သူတို့အား မမှားမယွင်းစေခြင်းငှါ အစဉ်ကြည့်ရှု စောင်မလျက် ရှိသည်ကို သူတို့သိရှိကြသည်။ ရှေးကတမန်တော်များကဲ့သို့ သူတို့သည် မိမိတို့ယူဆောင်ရသော သတင်းစကားအကြောင်းကို နားမလည်ကြသော်လည်း ၎င်းသတင်းစကားမှာ မူကား အလုံးစုံမှန်ကန်ပေသည်။ သူတို့သည် ထိုသတင်းစကားကိုကြားပြောခြင်းအားဖြင့်ဘုရားသခင်၏အကြံတော်ကိုပြည့်စုံစေ၍မိမိတို့ဆောင်ရွက်ကြသောအလုပ်သည် သခင်ဘုရား၌အချည်းနှီးအကျိုးမဲ့သောအရာမဟုတ်ချေ။ 'အသက်ရှင်ခြင်းနှင့်စပ်ဆိုင်သော မြော်လင့်ခြင်းအားဖြင့်

တစ်ဖန်ဖြစ်ပွားစေတော်မူ"၍သူတို့သည်ဘုန်းအသရေနှင့်စပ်ဆိုင်သော၊ ပြော၍မမီနိုင်သော ရွှင်လန်းခြင်းစိတ်နှင့် ဝမ်းမြောက်ကြ လေ၏။ ( ၁ ပေ၊ ၁း ၃၊ ၈ )။

'ရက်ပေါင်း ၂၃၀၀ တိုင်တိုင်တည်လိမ့်မည်၊ ထိုနောက် သန့်ရှင်းရာဌာနကို တစ်ဖန်ဆေးကြော သုတ်သင်ကြလိမ့်မည်" ဟူ၍ ဒံယေလ၊ ၈း၁၄ တွင်ပါရှိသောအနာဂတ္တိစကားနှင့် 'ဘုရားသခင်ကို ကြောက်ရွံ့၍ ချီးမွမ်းကြလော့၊ တရားစီရင်တော်မူသောအချိန် ရောက် လာပြီ၊" (ဗျာဒိတ်၊ ၁၄း ၆။) ဟူသောအနာဂတ္တိစကား နှစ်ခုစလုံး သည် အသန့်ရှင်းဆုံးအရပ်တွင် ခရစ်တော်အမှုတော် ဆောင်ရွက်ခြင်း အကြောင်းနှင့် တရားစီရင်ဆုံးဖြတ်ရန် စစ်ဆေးနေခြင်း အကြောင်း ကိုသာ ညွှန်ပြသည်ဖြစ်၍ မိမိလူများကို ကယ်တင်ရန်လည်းကောင်း၊ မတရားသောသူတို့ကို ဖျက်ဆီးရန်လည်းကောင်း ခရစ်တော်ကြွလာ တော်မူမည့်အကြောင်း ဖေါ်ပြညွှန်ပြသောအချက်မဟုတ်ပေ။

ပုရောဖက် အနာဂတ္တိစကားနှင့် စပ်ဆိုင်သောနေ့ရက်ကာလကို ရေတွက်ရာတွင် မှားယွင်း့ကြသည်မဟုတ်၊ ရက်ပေါင်း ၂၃၀၀ အဆုံး တွင် ဖြစ်ပျက်သောအကြောင်းအရာနှင့်စပ်ဆိုင်၍ မှားယွင်းလျက်ရှိကြ သည်။ ဤအချက်၌ မှားယွင်းနေကြသဖြင့်ယုံကြည်သောသူတို့သည် စိတ် ပျက်ခြင်းသို့ ရောက်ရကြသည်။ သို့သော်အနာဂတ္တိစကားအားဖြင့်ဖေါ် ပြသောအချက်ရှိသမျှနှင့် ကျမ်းစာက အာမခံသည့်အတိုင်း သူတို့မြော် လင့်လျက်ရှိသော အရာရှိသမျှတို့သည်ပြီးမြောက်လျက်ရှိလေပြီ။

## ဘုရားသခင်၏နှုတ်ကပါဠ်တော်သည်ပျက်ကွက်ခြင်းမရှိ

မိမိတို့မြော်လင့်သည့်အချိန်တွင်ယေရှုသည်ကြွလာတော်မမူသဖြင့် လူများတို့သည်ကြီးစွာစိတ်ပျက်ခြင်းသို့ရောက်ကြမည့်အကြောင်း ကျွန်ုပ် သည်ရူပါရုံတွင်မြင်ရပါသည်။ အနာဂတ္တိစကားနှင့်စပ်ဆိုင်သောကာလ သည် အဆုံးသို့မရောက်သေးကြောင်း သက်သေခံသောအချက်များကို သူတို့သည် မတွေ့မမြင်နိုင်ကြသဖြင့် သူတို့၏ကယ်တင်ရှင်သည် အဘယ်

ကြောင့်ကြွလာတော်မမူကြောင်းကို သူတို့မသိမမြင်နိုင်ကြပါ။ ကောင်းကင်တမန်ကပြောသည်မှာ အောက်ပါအတိုင်းဖြစ်၏။ 'ဘုရားသခင်၏စကားတော်သည် ပျက်ကွက်ခြင်း ရှိခဲ့သလား၊ ဘုရားသခင်သည် မိမိ၏ကတိတော်အတိုင်းမပြုလုပ်ဘဲ နေတော်မူခဲ့ပြီလား၊ မဟုတ်ပါ။ ကိုယ်တော်သည်ကတိထားတော်မူသမျှအတိုင်းပြုတော်မူပြီ။ ယေရှုသည် တက်ကြွတော်မူ၍ သန့်ရှင်းရာအရပ်တည်းဟူသောဟဂျာအရပ်၏တံခါးကိုပိတ်တော်မူပြီးလျှင် အသန့်ရှင်းဆုံးအရပ်ဖြစ်သည့်ဟဂျာဟဂျုန်အရပ်၏တံခါးကိုဖွင့်လျက် သန့်ရှင်းရာဌာနကို ဆေးကြောသုတ်သင်ရန် ထိုနေရာထဲသို့ဝင်တော်မူပြီ။ သည်းခံလျက်စောင့်နေသောသူရှိသမျှတို့သည် နက်နဲသည့်အရာကိုနားလည်ကြလိမ့်မည်။ လူသည်မှားခဲ့ပြီ။ သို့သော် ဘုရားသခင်သည် မှားတော်မမူ။ ဘုရားသခင်ကတိထားတော်မူသော အရာရှိသမျှတို့သည်ပြီးမြောက်ခြင်းသို့ရောက်လေ၏။ သို့ရာတွင် အနာဂတ္တိကာလ၏အဆုံးတွင် ဆေးကြောသုတ်သင်မည်ဖြစ်သောသန့်ရှင်းရာဌာနသည်ကမ္ဘာမြေကြီးဖြစ်သည်ဟု လူသည်ယုံကြည်သဖြင့် မှားယွင်းလေပြီ။ ဘုရားသခင်၏ကတိတော်သည်မှားယွင်းသည်မဟုတ်၊ လူ၏မြော်လင့်ခြင်းအချက်သည်မှားယွင်းခဲ့လေပြီ။

### သန့်ရှင်းရာဌာနအကြောင်းကိုဆင်ခြင်စဉ်းစားစေခြင်း

ကိုယ်တော်သည် သန့်ရှင်းရာဌာနကို ဆေးကြောသုတ်သင်၍ ကြကရေလလူများတို့အတွက် ထူးခြားသောအပြစ်ဖြေခြင်း ဝတ်ကိုပြုရန် ဝင်တော်မူသော ဟဂျာဟဂျုန် အရပ်တည်းဟူသော အသန့်ရှင်းဆုံး အရပ်အကြောင်းကိုစိတ်ပျက်လျက်နေသောသူတို့သည် ဆင်ခြင်စဉ်းစားစေခြင်းငှါ သူတို့၏စိတ်ကိုပြုပြင်ရန်ယေရှုသည်ကောင်းကင်တမန်များကို စေလွှတ်တော်မူ၏။ ကိုယ်တော်ကို တွေ့သောသူတို့သည် ကိုယ်တော်ဆောင်ရွက်ရမည့်အမှုအကြောင်းကို နားလည်ကြလိမ့်မည်ဟု ယေရှုက ကောင်းကင်တမန်များအား မိန့်တော်မူ၏။

ယေရှုသည်ကရာနီကုန်းပေါ်၌အသက်ကိုစွန့်တော်မူစဉ်"အမှုပြီးပြီ" ဟုမိန့်တော်မူ၏။"ထိုအခါဗိမာန်တော်၏ကန့်လန့်ကာသည်အထက်

စွန်းမှ အောက်စွန်းတိုင်အောင် စုတ်ကွဲလေ၏။" ဤအကြောင်းအရာ အားဖြင့်မြေကြီးပေါ်တွင်ရှိသည့် သန့်ရှင်းရာဌာနနှင့်ဆိုင်သောဝတ်များ သည် တစ်ခါတည်းနှင့် ပြီးဆုံးသွား၍ ဘုရားသခင်သည် ယဇ်ပူဇော် ခြင်းကိုလက်ခံရန် ယဇ်ပုရောဟိတ်များနှင့် မြေကြီးပေါ်ရှိ သန့်ရှင်းရာ ဌာနတွင် ဘယ်တော့မျှမတွေ့ဆံလိုတော့ကြောင်းကို ထင်ရှားစွာသိရှိရ လေ၏။ ထိုအခါ၌ မိမိကိုယ်တော်တိုင်ကောင်းကင်သန့်ရှင်းရာဌာနတော် တွင်ဆက်ကပ်ပူဇော်ရမည်ဖြစ်သော မိမိ၏အသွေးတော်ကိုယေရှုသည် သွန်းတော်မူရလေ၏။

တစ်နှစ်တစ်ကြိမ်ယဇ်ပုရောဟိတ်သည် သန့်ရှင်းရာဌာနကို ဆေး ကြောသုတ်သင်ရန် အသန့်ရှင်းဆုံးအရပ် တည်းဟူသော ဟဂျာဟဂျန် အရပ်ထဲသို့ ဝင်ရသည့်နည်းတူ ဒံယေလအနာဂတ္တိကျမ်း၊ ၈ တွင်ပါရှိ သောရက်ပေါင်း ၂၃၀၀ ၏အဆုံးဖြစ်သော ၁၈၄၄ ခုနှစ်တွင် ကိုယ် တော်ကိုလက်ခံသော သူအပေါင်းတို့အတွက် နောက်ဆုံးအကြိမ်အပြစ် ဖြေခြင်းဝတ်ကိုပြုလျက် သန့်ရှင်းရာဌာနကို ဆေးကြောသုတ်သင်ရန် ယေရှုခရစ်သည် ကောင်းကင်သန့်ရှင်းရာဌာန၏ အသန့်ရှင်းဆုံး အရပ် ဖြစ်သော ဟဂျာဟဂျန်အရပ်ထဲသို့ ဝင်တော်မူ၏။

--*--

အခန်း ၈

## ဥပုသ်နေ့နှင့်ကောင်းကင်သန့်ရှင်းရာဌာန

၁၈၄၆ ခုနှစ်တွင် ကျွန်ုပ်သည် မက်စချူစက်နယ်၊ နယူးဘက်ဖေါ့(ဒ်) မြို့သို့သွားရောက်လည်ပတ်နေစဉ် ဆရာကြီး ဂျိုးဇက် (ဖို) ဘိတ် (စ်) နှင့် မိတ်ကျွမ်းဝင်လာပါသည်။ သူသည် စောစောကပင် ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူမည်ဟူသော သတင်းတရားကို ယုံကြည်စွဲလမ်းသောသူဖြစ်၍ ဤတရားတော်အတွက် အမှုတော်ကို ကြိုးစား၍ဆောင်ရွက်နေပါသည်။ သူသည်ယဉ်ကျေး၍ စိတ်သဘော ကောင်းပြီးလျှင် မှန်ကန်တည်ကြည်သော ခရစ်ယာန်လူကြီးလူကောင်း တစ်ယောက်ဖြစ်ပါသည်။

ကျွန်ုပ်ပြောဆိုသောစကားများကို ပထမဦးစွာသူသည် ကြားရသောအခါ များစွာစိတ်ပါဝင်စားကြောင်းကိုပြပါသည်။ ကျွန်ုပ်စကားပြောဆိုပြီးသောအခါသူသည်မတ်တတ်ရပ်လျက်"ကျွန်ုပ်သည်ယုံမှားနေသော (သောမ) ဖြစ်နေပါသည်။ ကျွန်ုပ်သည်ဗျာဒိတ်ရူပါရုံများကိုမယုံကြည်ပါ၊ သို့ရာတွင် ယနေ့ည ဤညီမဖေါ်ပြနေသောသက်သေခံချက်များသည် ဧကန်အမှန်ပင်ကျွန်ုပ်တို့အဖို့ ဘုရားသခင်မိန့်တော်မူသောစကားတော် ဖြစ်ကြောင်းကို ကျွန်ုပ်သည် ယုံကြည်နိုင်မည်ဆိုလျှင် ကျွန်ုပ်သည် စိတ်အပျော်ရွှင်ဆုံးလူတစ်ယောက် ဖြစ်လိမ့်မည်။ ကျွန်ုပ်၏စိတ်သည် များစွာလှုပ်ရှားလျက်ရှိပါသည်။ သူသည်စိတ်ပါဝင်စားစွာနှင့်ပြောဆိုသော်လည်း သူ့အားဖေါ်ပြ၍ ကျွန်ုပ်တို့အားသူကတစ်ဖန်ပြောပြနေသည့် အံ့ဩဖွယ်ရာအကြောင်းအရာများအကြာင်းကို သူသည်ကောင်းစွာရှင်းလင်းမပြနိုင်ဟု ကျွန်ုပ်ထင်ပါသည်" ဟု ပြောလေ၏။

ဆရာကြီးဘိတ် (စ်) သည်သတ္တမနေ့ဖြစ်သောစနေနေ့ကိုအထူးစိတ်စွဲလမ်းလျက်ရှိ၍ဎင်းသည်မှန်သောဥပုသ်နေ့ဖြစ်သောကြောင့်ဎင်းနေ့ကို သတိပြုရမည်အကြောင်း ကျွန်ုပ်တို့အား တိုက်တွန်းနှိုးဆော်လျက်နေပါသည်။ ဎင်းနေ့သည်အရေးမကြီးလှဟု ကျွန်ုပ်တို့ထင်မှတ်၍ သူသည်

အခြားသောပညတ်ကိုးပါးထက် ဟတုတ္တပညတ်ကိုသာအမှီပြုနေသဖြင့် မှားသည်ဟုထင်ပါသေးသည်။

သို့ရာတွင် သခင်ဘုရားသည် ကျွန်ုပ်အားကောင်းကင်သန့်ရှင်းရာဌာန၏ ရူပါရုံကိုပြတော်မူပါသည်။ ကောင်းကင်တွင် ဘုရားသခင်၏ ဗိမာန်တော်သည် ပွင့်လာ၍ ကရုဏာပလ္လင်နှင့် ဖုံးအုပ်လျက်ရှိသော ဘုရားသခင်၏ ပဋိညာဉ်သေတ္တာတော်ကို ကျွန်ုပ်အား ပြတော်မူ၏။ ကောင်းကင်တမန်နှစ်ပါးသည် ပဋိညာဉ်သေတ္တာတော်၏ တစ်ဖက်တစ်ချက်၌ မတ်တတ်ရပ်လျက်ကရုဏာပလ္လင်ပေါ်တွင်မိမိတို့၏အတောင်များကိုဖြန့်ပြီးလျှင် ကရုဏာပလ္လင်ပေါ်သို့ ငုံ့ကြည့်လျက်နေပါသည်။ ကျွန်ုပ်နှင့်အတူရှိသောကောင်းကင်တမန်က ကောင်းကင်သားအပေါင်းတို့သည် ဘုရားသခင်၏ လက်ညှိုးတော်နှင့်ရေးတော်မူသော ဘုရားသခင်၏ပညတ်တော်ကိုရိုသေကြောက်ရွံ့သောသဘောနှင့်ကြည့်ရှုလျက်နေကြကြောင်း၌အရာသည်ပုံပမာဖြစ်သည်ဟု ကျွန်ုပ်အား ပြောပြပါသည်။

ယေရှုသည်ပဋိညာဉ်သေတ္တာတော်၏အဖုံးကိုဖွင့်လိုက်တော်မူသောအခါ ကျွန်ုပ်သည်ပညတ်တော်ဆယ်ပါးကိုရေးထားသောကျောက်ပြားများကိုမြင်ရပါသည်။ စတုတ္ထပညတ်သည် ပညတ်တော်ဆယ်ပါး၏ အလယ်တည့်တည့်တွင်တည်ရှိ၍ ၎င်း၏ပတ်လည်၌ဘုန်းရောင်ခြည်ထွန်းလင်းလျက် ရှိသည်ကိုမြင်ရသောအခါ ကျွန်ုပ်သည်အံ့အားသင့်သွားပါသည်။ ထိုကောင်းကင်တမန်က 'ပညတ်တော်ဆယ်ပါးတွင်၎င်းစတုတ္ထပညတ်တစ်ပါးတည်းကသာကောင်းကင်မြေကြီးနှင့် ၎င်းတို့တွင်ရှိသမျှသောအရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူ၍ အသက်ရှင်တော်မူသောဘုရားသခင်၏အကြောင်းကိုဖော်ပြပေသည်" ဟုပြောပြလေသည်။

ကမ္ဘာမြေကြီး၏တိုက်မြစ်ကိုချတော်မူသောအခါ၌ပင် ဥပုသ်နေ့ကိုလည်း စီမံထားတော်မူပါသည်။ အကယ်၍ မှန်သောဥပုသ်ကို လူအပေါင်းတို့သည်စောင့်ရှောက်ခဲ့ကြပါမူ ဘယ်အခါမျှ ဘုရားတရားကိုမယုံကြည်သောသူ ရှိလိမ့်မည်မဟုတ်ဟု ကျွန်ုပ်အား ဖော်ပြပါသည်။

ဥပုသ်နေ့ကိုစောင့်ရှောက်ကြလျှင် မြေကြီးပေါ်တွင် ရုပ်တုကိုကိုးကွယ်ခြင်းအမှုရှိလိမ့်မည်မဟုတ်။

စတုတ္ထပညတ်တော်သည်ချိုးဖဲ့ ချေနင်းခြင်းကို ခံရလျက်ရှိ၍ ပညတ်တရားတော်တွင် ပြိုပျက်သောနေရာကိုပြုပြင်၍ရှုတ်ချခြင်းခံရသော ဥပုသ်နေ့အတွက်တောင်းပန်ရန် ကျွန်ုပ်တို့ကိုခေါ်လျက်နေတော်မူသည်။ မိမိကိုယ်ကိုဘုရားသခင်ထက်ချီးမြှောက်၍ ပညတ်တရားနှင့်အချိန်ကာလကိုပြောင်းလဲရန် ကြံစည်သောဒုစရိုက်သားသည် ဥပုသ်နေ့ကိုရက်သတ္တပတ်တွင် သတ္တမနေ့မှ ပထမနေ့သို့ပြောင်းလဲစေပြီ။ ဤကဲ့သို့ပြုပြင်ခြင်းဖြင့် သူသည်ပညတ်တရားတော်တွင် ပြိုပျက်ခြင်းကိုဖြစ်စေ၏။ ဘုရားသခင်၏ကြီးမြတ်သောနေ့ကြီးမရောက်မီ အန္တိခရစ်ကဖျက်ဆီးချိုးဖဲ့သော ပညတ်တရားတော်ကို စောင့်ရှောက်ရိုသေခြင်းငှါ လူများတို့အား ပြန်လာဖို့ရန် သတင်းစကားတော်ကိုကြားပြောလျက်ရှိသည်။ စောင့်ရှောက်၍ ပုံသက်သေပြခြင်းအားဖြင့် ပညတ်တရားတော်၌ပြိုပျက်သောအရာတို့ကိုပြုပြင်ရန် သတိပြုရကြမည်။

ဟေရှာယ၊ ၅၈း၁၂-၁၄ တွင်ပါရှိသည့် အဖိုးထိုက်သော ကတိတော်များသာမှန်သောဥပုသ်နေ့ကိုပြန်၍တည်မြဲစေခြင်းငှါကြိုးစားလျက် အမှုတော်ဆောင်သောသူတို့နှင့်သက်ဆိုင်ကြောင်းကို ကျွန်ုပ်အား ဖေါ်ပြတော်မူပါသည်။ ဘုရားသခင်၏ပညတ်တော်နှင့်ယေရှုခရစ်၏သက်သေခံချက်၊ ဗျာဒိတ်ကျမ်း၊ ၁၄း၉-၁၂ အကြောင်းကိုကြွေးကြော်သော ကောင်းကင်တမန်ကား၊ ဤသတင်းတရားကိုလက်ခံ၍ ကမ္ဘာပေါ်ရှိ လူများတို့အား ဘုရားသခင်၏ပညတ်တရားတော်ကို စောင့်ရှောက်စေလျက် သခင်ဘုရား၏ဥပုသ်နေ့ကို လက်ခံစေခြင်းငှါ နိုးဆော်တိုက်တွန်းလျက်နေကြသောလူများ၏ ပုံပမာ ဖြစ်ကြောင်းကို ကျွန်ုပ်အားဖေါ်ပြပါသေးသည်။

--*--

အခန်း ၉

## ကောင်းကင်သန့်ရှင်းရာဌာနနှင့်စပ်ဆိုင်၍ မြင်ရသောအခြားရူပါရုံ

၁၈၄၇ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ဖြစ်သောဥပုသ်နေ့၌ ကျွန်ုပ်တို့သည်အစ်ကိုစတော့(က်) ဘရစ်(ဂျ်) ဟောင်လန်၏အိမ်၌ ဓမ္မစည်းဝေးတစ်ခုပြုလုပ်ရာတွင်ကျွန်ုပ်တို့၏စိတ်ထဲ၌ ထူးခြားစွာဆုတောင်းလိုသောဆန္ဒဖြစ်ပေါ်လာကြလေသည်။ ကျွန်ုပ်တို့သည် ဆုတောင်းလျက်နေစဉ်သန့်ရှင်းသောဝိညာဉ်တော်သည်ကျွန်ုပ်တို့အပေါ်သို့ သက်ရောက်တော်မူပါသည်။ ထိုအခါ ကျွန်ုပ်တို့သည် အလွန်ပင်အားရဝမ်းမြောက်ကြပါသည်။ များမကြာမီကျွန်ုပ်သည်လောကနှင့်ဆိုင်သောအရာများကို ဘာမျှသတိမရတော့ဘဲ ဘုရားသခင်၏ ဘုန်းတော်နှင့် ပြည့်ဝလျက်ရှိသောရူပါရုံကိုသာမြင်ရလျက်ရှိနေလေသည်။

ကောင်းကင်တမန်တစ်ပါးသည် အလျင်အမြန် ကျွန်ုပ်ထံသို့ပျံဝဲလာသည်ကိုကျွန်ုပ်မြင်ရပါသည်။ သူသည်ကျွန်ုပ်ကိုမြေကြီးပေါ်မှ သန့်ရှင်းသောမြို့တော်သို့လျင်မြန်စွာယူဆောင်သွားပါသည်။ မြို့တော်ထဲတွင်ဗိမာန်တော်တစ်ခုကိုကျွန်ုပ်မြင်ရ၍၎င်းအထဲသို့ ကျွန်ုပ်သည် ဝင်သွားရပါသည်။ ပထမကန့်လန့်ကာအနီးသို့မရောက်မီ ကျွန်ုပ်သည် တံခါးတစ်ခုအတွင်းသို့ ဝင်သွားရပါသည်။ ဤကန့်လန့်ကာကို တင်လိုက်ပြီးနောက်ကျွန်ုပ်သည်သန့်ရှင်းရာအရင်ထဲသို့ရောက်လာပါသည်။ ဤနေရာ၌နံ့သာပေါင်းကို မီးရှို့ရာပလ္လင်၊ မီးခွက်ခုနှစ်လုံးရှိသောမီးခုံနှင့်ရှေ့တော်မုန့်ကိုတင်ထားသောစားပွဲကို ကျွန်ုပ်သည်မြင်ရပါသည်။ သန့်ရှင်းသောအရပ်၏ဘုန်းတော်ကိုမြင်ရပြီးသည်နောက် ယေရှုသည်ဒုတိယကန့်လန့်ကာကိုတင်လိုက်ပြန်တော်မူသောအခါ ကျွန်ုပ်သည်အသန့်ရှင်းဆုံးအခန်းထဲသို့ရောက်လာပါသည်။

အသန့်ရှင်းဆုံးအရပ်တွင် ကျွန်ုပ်သည်ပဋ္ဌိညာဉ်သေတ္တာတော်ကို မြင်ရပါသည်။ ၎င်း၏အဖုံးနှင့်အနားလေးဘက်သည် ရွှေစင်နှင့် မွမ်းမံထားလေသည်။ ပဋ္ဌိညာဉ်သေတ္တာတော်၏ အလျားတစ်ဖက်တစ်ချက်၌ ၎င်းအပေါ်တွင် အတောင်များကို ဖြန့်မိုးလျက်နေသည့် မြတ်နိုးဖွယ်ရာကောင်းသောခေရုဗိမ်နှစ်ပါးရှိ၏။ ၎င်းတို့သည်မျက်နှာချင်းဆိုင်လျက်အောက်သို့ငုံ့ကြည့်လျက်နေကြလေ၏။ ကောင်းကင်တမန်များ၏အကြားတွင်နံ့သာပေါင်းကိုမီးရှို့ရသောရွှေလင်ပန်းတစ်ခုရှိ၏။ ပဋ္ဌိညာဉ်သေတ္တာတော်ပေါ်၌ကောင်းကင်တမန်များရပ်လျက်နေကြသော နေရာတွင်အလွန်ပင်တောက်ပထွန်းလင်းသောဘုန်းတော်ထင်ရှားလေ၏။ ၎င်းသည်ဘုရားသခင်ကိန်းဝပ်တော်မူသောပလ္လင်တော်နှင့်တူပါသည်။ ယေရှုသူတို့၏ဆုတောင်းသောအချက်များသည် ကိုယ်တော်ထံသို့ ရောက်လာသောအခါရွှေလင်ပန်းတွင်ရှိသောနံ့သာပေါင်းမှမီးခိုးထွက်လျက် ကိုယ်တော်သည်သူတို့၏ဆုတောင်းချက်များကို နံ့သာပေါင်း၏အခိုးအငွေ့နှင့်အတူတကွခမည်းတော်အားဆက်သပူဇော်တော်မူလိမ့်မည်။

ပဋ္ဌိညာဉ်သေတ္တာတော်ထဲတွင်မန္နကိုထည့်ထားသောရွှေအိုး၊ အပွင့်ပွင့်သောအာရုန်၏လှံဘံနှင့်စာအုပ်ကဲ့သို့ခေါက်ထားသောကျောက်ပြားနှစ်ပြားရှိ၏။ ယေရှုသည် ၎င်းတို့ကိုဖွင့်လိုက်သောအခါ ၎င်းတို့အပေါ်တွင် ဘုရားသခင်၏လက်ညှိုးတော်ဖြင့် ရေးထားတော်မူသော ပညတ်တော်ဆယ်ပါးကို ကျွန်ုပ်မြင်ရပါသည်။ ကျောက်ပြားတစ်ခုပေါ်တွင် ပညတ်တော်လေးပါး၊အခြားတစ်ခုပေါ်တွင်ခြောက်ပါးရေးထားတော်မူသည်။ သို့ရာတွင် ဥပုသ်နေ့နှင့်စပ်ဆိုင်သော စတုတ္ထပညတ်တော်သည်အားလုံးသောပညတ်တို့ထက် သာ၍ထွန်းလင်း တောက်ပလေ၏။ အကြောင်းမူကား ဘုရားသခင်၏သန့်ရှင်းသောနာမတော်ကို ရိုသေစေခြင်းငှါစောင့်ရှောက်ဖို့ရန်ဥပုသ်နေ့ကိုခန့်ထားတော်မူပြီ။ သန့်ရှင်းသောဥပုသ်သည်ဘုန်းတော်နှင့်ပြည့်ဝလျက်ရှိသည်ကိုမြင်ရသည်။ ၎င်း၏ပတ်လည်တွင် ဘုန်းရောင်ခြည်ထွန်းတောက်လျက်ရှိသည်။ ဥပုသ်နေ့နှင့်စပ်ဆိုင်သောပညတ်တော်ကိုလက်ဝါးကပ်တိုင်တွင် ရိုက်မထားသည်ကို

ကျွန်ုပ်မြင်ပါသည်။ ၎င်းသည်လက်ဝါးကပ်တိုင်၌ ရိုက်ထားခြင်းခံရလျှင် အခြားသောပညတ်ကိုးပါးသည်လည်းထိုနည်းတူဖြစ်ရလိမ့်မည်။ ၎င်းပြင် ကျွန်ုပ်တို့သည်စတုတ္ထပညတ်ကိုဖျက်ပယ်သကဲ့သို့အခြားပညတ်တော်အားလုံးကိုလည်းဖျက်ပယ်နိုင်ခွင့်ရှိလိမ့်မည်။ ဘုရားသခင်သည်ဥပုသ်နေ့ကိုမပြောင်းလဲစေတော်မူသည်ကိုကျွန်ုပ်မြင်ရပါသည်။ အဘယ်ကြောင့်ဆိုသော်ကိုယ်တော်သည်ဘယ်အခါမျှပြောင်းလဲတော်မမူ။ သို့ရာတွင် ပါပရဟန်းမင်းကြီးသည်ဥပုသ်နေ့ကို သတ္တမနေ့ရက်မှ ပထမနေ့ရက်သို့ပြောင်းလဲလိုက်လေ၏။ အဘယ်ကြောင့်ဆိုသော်သူသည်ကာလအချိန်နှင့်ပညတ်တော်တို့ကိုပြောင်းလဲသောသူဖြစ်လိမ့်မည်ဟုကျမ်းစာကဖော်ပြထားပါသည်။

(ဤကဲ့သို့ရေးသားဖော်ပြရာ၌ပါပမင်းတစ်ပါးပါးကဥပုသ်နေ့ကိုပြောင်းလဲသည်မဟုတ်၊ ပါပရဟန်းမင်းများ အုပ်ချုပ်သော ဗရင်ဂျီအသင်းတော်ကပြောင်းလဲသည်ဟုမမဝိုက်ကဆိုလိုပါသည်။ အခြားသောနေရာများ၌မမဝိုက်ဖော်ပြသည့်အချက်များ၊- 'ဗရင်ဂျီအသင်းသားများကမိမိတို့၏အသင်းတော်သည်ဥပုသ်နေ့ကိုပြောင်းလဲသည့်ဟုဝန်ခံ၍ဗရင်ဂျီအသင်းမှခွဲထွက်သောအသင်းသားတို့သည် တနင်္ဂနွေနေ့ဥပုသ်စောင့်ခြင်းအားဖြင့် ဗရင်ဂျီအသင်းတော်၏တန်ခိုးအာဏာကို အမှတ်တရပြုကြသည်ဟုပြောဆိုကြပါသေးသည်။" GC. 447, 448.

ဘုရားသခင်သည် သတ္တမနေ့မှ ပထမနေ့ဥပုသ်ကို ပြောင်းလဲတော်မူလျှင် ကောင်းကင်ဗိမာန်တော်၏ အသန့်ရှင်းဆုံးအခန်းအရပ်တွင်ရှိသော ပဋိညာဉ်သေတ္တာအတွင်း၌ ယခုတည်ရှိနေသောကျောက်ပြားပေါ်တွင် ရေးထားတော်မူသော ဥပုသ်နေ့နှင့်ဆိုင်သည့်ပညတ်တော်ကို ကိုယ်တော်သည်ပြောင်းလဲတော်မူလိမ့်မည်။ ၎င်းပြင် ပထမနေ့ရက်သည် သင်၏ ဘုရားသခင်ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏ဟူ၍ ဖတ်ရလိမ့်မည်။

သို့ရာတွင်"သတ္တမနေ့ရက်သည်သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏" ဟု ကျောက်ပြားပေါ်တွင် ထာဝရဘုရား၏လက်

သိုးတော်နှင့် ရေးထားတော်မူပြီးသည်နောက် မောရှေအား သိနာတောင်ပေါ်၌ ပေးထားတော်မူသောအခါ၌ ဖတ်ရသကဲ့သို့ပင်ရေးထားသည်ကို တွေ့မြင်ရပါသည်။ သန့်ရှင်းသော ဥပုသ်သည် ဘုရားသခင်၏ ကြွသရေလလူတို့နှင့် မယုံကြည်သောသူတို့၏အကြားတွင် ခြားထားသော နံရံကဲ့သို့ယခုကာလ၌ဖြစ်သည်သာမကနောင်ကာလ၌လည်း ထိုကဲ့သို့ပင် ဖြစ်လိမ့်မည်။ ၎င်းပြင်ဥပုသ်သည် ကိုယ်တော်ကိုစောင့်နေကြသောဘုရားသခင်၏သန့်ရှင်းသူတို့၏ စိတ်နှလုံးကိုတစ်လုံးတစ်ဝတည်း ဖြစ်စေသော ပြဿနာကြီးတစ်ခုလည်း ဖြစ်သည်ကို ကျွန်ုပ်မြင်ရပါသည်။

ဥပုသ်နေ့အကြောင်းကို မသိမြင်သေး၍ မစောင့်ရှောက်ဘဲနေကြသေးသော ဘုရားသခင်၏သားသမီးများရှိသေးသည်ကို ကျွန်ုပ်မြင်ရပါသည်။ သူတို့သည် ၎င်းနှင့်စပ်ဆိုင်သော အလင်းတရားကို ငြင်းပယ်ကြသည်မဟုတ်၊ ဒုက္ခဆင်းရဲခြင်း၏အစအဦး၌ ကျွန်ုပ်တို့သည်အရပ်ရပ်သို့သွား၍ ဥပုသ်နေ့အကြောင်းကို သာ၍စုံလင်စွာ ဖေါ်ပြသောအခါ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလျက်ရှိကြပါသည်။ ဤအမှုကိုပြုခြင်းအားဖြင့် အခြားသောအသင်းများသည် ဥပုသ်နေ့နှင့် စပ်ဆိုင်သော သမ္မာတရားကို ခုခံပြောဆိုခြင်းငှါ မတတ်နိုင်ကြသဖြင့် ဒေါသအမျက်ထွက်ကြပါသည်။ ဤအခါ၌ဘုရားသခင်၏ရွေးချယ်တော်မူခြင်းကို ခံရသောသူအပေါင်းတို့သည် မှန်သောတရားကို ရရှိကြောင်း သေချာစွာသိရှိကြ၍ သူတို့သည် လောကထဲက ထွက်လာကြပြီးလျှင် ကျွန်ုပ်တို့နှင့်အတူ ညှဉ်းဆဲခြင်းကို ခံကြပါသည်။

(မှတ်ချက်၊ ဤအချက်နှင့်စပ်ဆိုင်၍မမဝိုက်သည် နောက်များမကြာမီရေးသားဖေါ်ပြထားသည်မှာ- 'ဤနေရာ၌ဖေါ်ပြခဲ့သော ဒုက္ခဆင်းရဲခြင်း၏အစအဦးသည် ဘေးဒဏ်ခုနစ်ပါးကိုအစပြု၍ဖြစ်ပေါ်လာစေသောအချိန်ကိုမဆိုလိုပါ။ ဤဘေးဒဏ်များမကျရောက်မီ ခရစ်တော်သည်သန့်ရှင်းရာဌာနအတွင်း၌ရှိတော်မူစဉ်အချိန်ကာလအနည်းငယ်ဆိုလိုသည်။ ထိုအချိန်၌ကယ်တင်ခြင်းအမှုနှင့်စပ်ဆိုင်သော အလုပ်ကိုအဆုံးသတ်နေစဉ်မြေကြီးပေါ်၌ဒုက္ခဆင်းရဲခြင်းကျရောက်လိမ့်မည်။ ၎င်းပြင်

လူအမျိုးမျိုးတို့သည် အမျက်ဒေါသထွက်ကြလိမ့်မည်။ သို့ရာတွင်တတိယကောင်းကင်တမန်၏အမှုကို တားဆီးကန့်ကွက်ခြင်းမပြုရန် သူတို့ကိုပိတ်ပင်တားဆီးတော်မူလိမ့်မည်။ ထိုအခါ၌တတိယကောင်းကင်တမန်သည် ကျယ်သောအသံနှင့်ကြွေးကြော်နိုင်ရန် ခွန်အားရရှိသည်နှင့် နောက်ဆုံးဘေးဒဏ်ခုနစ်ပါးကို သွန်းလောင်းသောအခါ၌သန့်ရှင်းသူတို့သည်ခံရပ်နိုင်မည်အကြောင်း ပြင်ဆင်ခြင်းရှိဖို့ရန် သခင်ဘုရားထံတော်မှနောက်မိုးသို့မဟုတ်ဝိညာဉ်ခွန်အားသက်ရောက်လိမ့်မည်။" EW 85, 86.

## ဆင်းရဲဒုက္ခရောက်ရာကာလ

မြေကြီးပေါ်၌စစ်တိုက်ခြင်း၊ အစာခေါင်းပါးခြင်းရောဂါဝေဒနာသက်ရောက်ခြင်းနှင့်ရှုပ်ယှက်ခတ်ခြင်းဘေးအန္တရာယ်များကို ကျွန်ုပ်မြင်ရပါသည်။ ကျွန်ုပ်တို့ကြောင့် သူတို့အပေါ်သို့ တရားစီရင်ခြင်း သက်ရောက်လေပြီဟု မတရားသောသူတို့သည် ထင်မှတ်ကြသည်။ ၎င်းပြင်မြေကြီးပေါ်မှ ကျွန်ုပ်တို့ကိုသုတ်သင်ပယ်ရှင်းခြင်းအားဖြင့်ဘေးဥပဒ်ကိုတားဆီးနိုင်လိမ့်မည်ဟုအောက်မေ့လျက် သူတို့သည်ကျွန်ုပ်တို့တစ်ဖက်၌ထကြ၍အချင်းချင်းတိုင်ပင်စည်းဝေးကြပါသည်။

ဒုက္ခဆင်းရဲခြင်း ရောက်ရာကာလတွင် ကျွန်ုပ်တို့အားလုံးမြို့ကြီးများနှင့်မြို့ရွာများမှထွက်ပြေးကြပါသည်။ သို့ရာတွင် မတရားသောသူတို့သည် ကျွန်ုပ်တို့ကိုလိုက်လံရှာဖွေ၍ သန့်ရှင်းသူတို့၏အိမ်များအတွင်းသို့ဓါးများနှင့်ဝင်ရောက်လာကြပါသည်။ သူတို့သည် ကျွန်ုပ်တို့ကိုသတ်ရန်သူတို့၏ဓါးများနှင့်ရွယ်သောအခါ ၎င်းဓါးများသည် အသုံးမကျသောကောက်ရိုးများကဲ့သို့ ကျိုးပဲ့ လျက် အောက်သို့ကျသွား၏။

ထိုနောက်ကျွန်ုပ်တို့အားလုံး ကယ်လွတ်ခြင်းရရန် နေ့ညမပြတ်ကြွေးကြော်ကြ၍ ဘုရားသခင်၏ရှေ့တော်သို့ ထိုကြွေးကြော်သံသည်ရောက်လေ၏။

နေသည် ထွက်လာ၍ လသည်လည်း မရွေ့ဘဲ ရပ်လျက်နေ၏။ မြစ်ရေချောင်းရေတို့သည်မစီးဆင်းတော့ဘဲရပ်လျက်နေကြ၏။ ထူထပ်

လေးလံသောမိုးတိမ်များထက်လာ၍ ၎င်းတို့သည် အချင်းချင်းထိခိုက်ကြလေ၏။ သို့ရာတွင် ဘုန်းတော်နှင့်ပြည့်စုံ၍ ကြည်လင်သောနေရာတစ်ခုရှိ၏။ ၎င်းနေရာမှသမုဒ္ဒရာသံကဲ့သို့သော ထာဝရဘုရား၏အသံတော်ကိုကြားရ၍ ကောင်းကင်နှင့် မြေကြီးသည် တုန်လှုပ်၏။ ကောင်းကင်သည်ပွင့်လျက် ပိတ်လျက် မငြိမ်မသက်တုန်လှုပ်ချောက်ချားလျက်ရှိ၏။ လေထဲတွင်လှုပ်နေသောကျူပင်ကဲ့သို့ တောင်းများတို့သည် တုန်လှုပ်၍ပတ်လည်၌ကျောက်တုံးများပဲ့လျက် ကျလာလေ၏။ ပင်လယ်သည်ရေနွေးအိုးကဲ့သို့ ပွက်ပွက်ဆူလျက် ကုန်းပေါ်သို့ ကျောက်ခဲများကိုကျရောက်စေ၏။

ဘုရားသခင်သည်ယေရှုကြွလာတော်မူမည့်နေ့ရက်နှင့်အချိန်နာရီကိုမိန့်တော်မူ၍ မိမိ၏လူတို့အားထာဝရပဋိညာဉ်ကိုပေးလျက်နေတော်မူသောအခါ ကိုယ်တော်သည်စကားတစ်ခွန်းကိုမိန့်တော်မူပြီးနောက် ရပ်လျက်နေတော်မူစဉ်စကားအသံတော်သည် ကမ္ဘာတစ်ဝန်းလုံးအသံမြည်လျက်သွားလေ၏။ ဘုရားသခင်၏ဣသရေလလူတို့သည်အပေါ်သို့မျှော်ကြည့်လျက် မတ်တတ်ရပ်နေစဉ် ကမ္ဘာတစ်ဝန်းလုံးအကျယ်ဆုံးသောမိုးချိန်းသံကြီးကဲ့သို့ ထာဝရဘုရားအထံတော်မှ လာသောစကားသံတော်ကိုနားထောင်လျက်နေကြလေ၏။ ၎င်းသည်အလွန်ပင်ကြောက်ရွံ့ရှိသေဖွယ်ကောင်းသောအရာဖြစ်ပေသည်။ စကားတစ်ခွန်းနှင့်တစ်ခွန်းအဆုံးတွင် သန့်ရှင်းသူတို့က 'ဟာလေလုယ၊ ဘုန်းကြီးတော်မူစေသတည်း" ဟုကြွေးကြော်ကြလေ၏။ သူတို့မျက်နှာသည် ဘုရားသခင်၏ဘုန်းရောင်ခြည်တော်နှင့် တောက်ပထွန်းလင်းလျက်ရှိ၍ သိနာတောင်ပေါ်မှ ဆင်းလာသောအခါ မောရှေ၏ မျက်နှာသည်တောက်ပနေသကဲ့သို့ သူတို့သည်ဘုန်းရောင်ခြည်နှင့်တောက်ပလျက်ရှိ၏။ မတရားသောသူတို့သည် ဘုန်းရောင်ခြည်တော်ကြောင့် သူတို့ကိုမကြည့်ရှုနိုင်ကြချေ။ ၎င်းပြင် သန့်ရှင်းသောဥပုသ်တော်ကိုစောင့်ရှောက်ခြင်းအားဖြင့် ဘုရားသခင်ကိုရိုသေသောသူတို့အပေါ်သို့ ဘယ်အခါမျှမကုန်မဆုံးနိုင်သောကောင်းချီးမင်္ဂလာများကိုချပေးတော်မူသောအခါ သားရဲနှင့်သူ၏ရုပ်တုကိုအောင်မြင်ကြွေးကြော်သောအသံကြီးတစ်ခုကိုကြားရလေ၏။

ထိုနောက်မြေကြီးပေါ်တွင် ငြိမ်သက်ခြင်းကိုရစေမည့်ယုတိလကာလရောက်စပြုလာလေ၏။ ကြည်ညိုသောကျွန်သည် အောင်မြင်ခြင်းနှင့် ဝမ်းမြောက်စွာထလာ၍သူ့အားချည်နှောင်ထားသောသံကြိုးများကိုချွတ်ချသောအခါ သူ၏မတရားသောသခင်သည် ဘာမျှမတတ်နိုင်တော့ဘဲ စိတ်ရှုပ်ထွေးလျက်ရှိနေသည်ကိုကျွန်ုပ်မြင်ရပါသည်။ အကြောင်းမူကား မတရားသောသူသည် ထာဝရဘုရားသခင်၏စကားသံတော်ကို နားမလည်နိုင်ကြချေ။

များမကြာမီဖြူသောမိုးတိမ်ကြီးတစ်ခုပေါ်လာလေ၏။ ၎င်းသည် ယခင်ကထက် ကြည့်ရှုဖွယ်ကောင်း၏။ ၎င်းအပေါ်တွင်လူသားသည် ထိုင်တော်မူ၏။ ကျွန်ုပ်တို့သည် ပထမဦးစွာမိုးတိမ်ပေါ်၌ ယေရှုကိုမမြင်ကြသေးပါ။ သို့ရာတွင် ၎င်းသည် မြေကြီးနှင့်နီးကပ်လာသောအခါ ကိုယ်တော်၏လှပတင့်တယ်သောပုံသဏ္ဍာန်တော်ကိုမြင်ရကြလေသည်။ ကောင်းကင်တွင် ပထမဦးစွာပေါ်လာသော၍မိုးတိမ်သည်ကောင်းကင်၌လူသား၏လက္ခဏာဖြစ်၏။

အိပ်ပျော်နေသောသန့်ရှင်းသူတို့သည် ဘုရားသခင်၏သားတော်ကြွေကြော်ခြင်းအသံကိုကြားရသောအခါ မသေနိုင်သောအဖြစ်၌တည်လျက်၊ ဘုန်းတော်နှင့်ပြည့်ဝလျက်ထမြောက်လာကြလေ၏။ အသက်ရှင်လျက်ရှိနေသောသန့်ရှင်းသူတို့သည် တစ်ခဏချင်းတွင် ပြောင်းလဲခြင်းသို့ ရောက်၍ သူတို့နှင့်အတူ မိုးတိမ်ကဲ့သို့သောရထားတော်ဖြင့် ယူဆောင်ခြင်းကိုခံရလေ၏။ ၎င်းသည် ကောင်းကင်သို့ တက်သွားသောအခါ ဘုန်းတော်နှင့် ပြည့်ဝလျက်ရှိ၍ အလွန်ကြည့်ရှုဖွယ်ကောင်းလေ၏။ ရထား၏တစ်ဖက်တစ်ချက်စီတွင်အတောင်များရှိ၍ ၎င်း၏အောက်တွင် ဘီးများရှိ၏။ ရထားသည်တက်သွားစဉ်ဘီးများတို့က 'သန့်ရှင်းတော်မူ၏" ဟု ကြွေးကြော်ကြလေ၏။ အတောင်များသည်လည်းလှုပ်ရှားလျက်နေကြစဉ် 'သန့်ရှင်းတော်မူ၏" ဟု ကြွေးကြော်ကြလေ၏။ ၎င်းပြင် မိုးတိမ်ပတ်လည်၌ခြံရံလျက်ရှိသောကောင်းကင်တမန်များလည်း 'ထာဝရအရှင်ဘုရားသခင်သည် သန့်ရှင်းတော်မူ၏၊သန့်ရှင်းတော်မူ၏" ဟု

ကြွေးကြော်ကြလေ၏။ မိုးတိမ်အထဲတွင်ရှိသောသန့်ရှင်းသူများကလည်း 'ဟာလေလုယ၊ဘုန်းကြီးတော်မူစေသတည်း" ဟုကြွေးကြော်ကြ၏။ ရထားသည်သန့်ရှင်းသောမြို့တော်သို့ တက်သွားလေ၏။ သခင်ယေရှုသည်ရွှေမြို့တော်၏တံခါးများကိုဖွင့်တော်မူ၍ကျွန်ုပ်တို့ကိုအတွင်းသို့ခေါ်ဆောင်သွားတော်မူ၏။ ကျွန်ုပ်တို့သည်ဘုရားသခင်၏ပညတ်တော်တို့ကိုစောင့်ရှောက်သောကြောင့် ကျွန်ုပ်တို့ကို ဤနေရာတွင် လက်ခံတော်မူ၍ အသက်ပင်၏အသီးကိုစားဖို့ရန် အခွင့်ကိုပေးတော်မူ၏။ ဗျာ၊ ၁၄း၁၂။ ၂၂း၁၄။

--*--

## အခန်း ၁၀

# ပုရောဖက်ဉာဏ်

အစအဦး၌လူကိုဖန်ဆင်းတော်မူ၍ ဧဒင်ဥယျာဉ်တွင်ထားတော်မူစဉ်အခါက လူသည် ဖန်ဆင်းတော်မူသောအရှင်နှင့်လည်းကောင်း၊ ကောင်းကင်တမန်များနှင့်လည်းကောင်း မျက်နှာချင်းဆိုင်တွေ့ဆုံလျက် စကားပြောဆိုနိုင်လေသည်။ အပြစ်တရားဝင်လာသောအခါ ဤအခွင့်ကိုရုပ်သိမ်းတော်မူပါသည်။ လူသည်သေတတ်သောအဖြစ်သို့ရောက်ရှိလာ၍ ဘုရားသခင်၏ရှေ့တော်တွင်မနေနိုင်၊ ဘုရားသခင်၏အံ့ဩဖွယ်သောဘုန်းတော်ကိုမကြည့်ရှုနိုင်တော့ချေ။

သို့ရာတွင် ပျက်ဆီးဆုံးရှုံးသောလူသတ္တဝါသည် ဘုရားသခင်နှင့်တိုက်ရိုက်စကားမပြောနိုင်သော်လည်း ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံတော်မူသောကောင်းကင်ဘုံရှင်ကျွန်ုပ်တို့၏အဖခမည်းတော်သည် မိမိ၏အကြံအစည်တော်တို့ကို လူသတ္တဝါတို့အား ဖေါ်ပြရန်နည်းလမ်းတစ်ခုကိုစီမံတော်မူပါသည်။ လူယောကျ်ား၊ မိန်းမတို့အားမကောင်းသောအမှုအရာများမှကာကွယ်၍ ဘုရားသခင်၏အလိုတော်နှင့်အညီအသက်ရှင်လျက်နေစေခြင်းငှါ စောင့်ရှောက်ကူညီဖို့ရန် ကောင်းကင်တမန်များကိုဘုရားသခင်သည်စေလွှတ်တော်မူပါသည်။ မိမိ၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဘုရားသခင်သည် လူ၏စိတ်နှလုံးအတွင်းမှ နေလျက်နှုတ်မြွတ်တော်မူ၍အပြစ်အများဆုံးသောသူ၊ အမိုက်ဆုံးသောသူကိုပင်ထာဝရအသက်ရှင်ရာလမ်းကိုတွေ့စေခြင်းငှါတတ်စွမ်းနိုင်တော်မူ၏။

သခင်ဘုရားသည်အချို့သောလူများတို့အားဗျာဒိတ်ရူပါရုံအားဖြင့်လည်းကောင်း၊ အိပ်မက်များအားဖြင့်လည်းကောင်း မိန့်မြွက်တော်မူလျက်ထိုလူများအားဖြင့်အခြားသောသူများတို့အား မိမိအကြံအစည်တော်ကိုဖေါ်ပြစေတော်မူပါသည်။ ဤကဲ့သို့ မိမိ၏အကြံအစည်တော်ကိုဖေါ်ပြရသောစေတမန်များကို ပုရောဖက်ဟူ၍ ခေါ်ဝေါ်ကြသည်။ ကောင်းကင်မှ သမ္မတရားနှင့်ဆိုင်သော သတင်းစကားကို ခံယူ၍

လူသတ္တဝါတို့အား ကြားပြောစေဖို့ရန် ထူးခြားသောအမှုတော်အတွက် ဘုရားသခင်သည် ထိုသူတို့ကို တသီးတခြားခွဲခန့်ထားတော်မူပါသည်။ ဘုရားသခင်က 'သင်တို့တွင်ပုရောဖက်ရှိလျှင် ငါထာဝရဘုရားသည် ထိုသူ၌ထူးဆန်းသောရူပါရုံအားဖြင့် ကိုယ်ကိုပြမည်။ သို့မဟုတ်အိပ်မက်အားဖြင့်ဗျာဒိတ်ပေးမည်" ဟုမိန့်တော်မူပါ၏။ (တော၊ ၁၂း၆။)

သမ္မာကျမ်းစာတော်မြတ်သည်အများအားဖြင့်ပုရောဖက်များရေးသားထားခဲ့သောအချက်များကိုစုပေါင်းထားသောစာများဖြစ်ပေသည်။ ဤလူများတို့သည် မိမိတို့ကာလတွင်ရှိသောလူများအတွက်သာ ဘုရားသခင်၏အထံတော်မှသတင်းစကားများကို ကြားပြောကြသည်မဟုတ်ပါ။နောင်အနာဂတ်ကာလတွင်ရှိသောအသင်းတော်များအတွက်လည်း သတိပေးစကား၊ ဆုံးမစကားများကိုကြားပြောပါသေးသည်။ သင်တို့အား ဧဝံဂေလိတရားကိုဟောပြောသောသူတို့သည် ယခု သင်တို့အား ကြားပြောသောအရာများကိုပုရောဖက်တို့အား သူတို့အဖို့မဟုတ်ဘဲကျွန်ုပ်တို့အဖို့ဖွင့်ပြတော်မူ၏။ (၁ပေ၊ ၁း၁၀-၁၂။)

## ဘိုးဘေးတို့၏လက်ထက်ကာလ

မည်သည့်ကာလ၌ရှိသောလူမျိုးမဆို ပုရောဖက်ဉာဏ်ကိုရရှိနိုင်လေသည်။ ဘုရားသခင်သည် ပုရောဖက်ဉာဏ်ကို ချပေးတော်မူရန် အချိန်ကာလ အပိုင်းအခြားကို ကန့်သတ်ထားတော်မူသည်မဟုတ်။ သမ္မာကျမ်းစာ၌ကမ္ဘာဦးကပင် ဘုရားသခင်သည် ပုရောဖက်ဉာဏ်ကို ချပေးတော်မူကြောင်း ရေးမှတ်ထားပါသည်။ အာဒံမှဆင်းသက်၍ ခုနှစ်ဆက်မြောက်သော ဧနောက်သည်ပုရောဖက်ဖြစ်ပါသည်။ ပုရောဖက်ဉာဏ်ဖြင့်နှစ်ရာပေါင်းများစွာလိုသေးသောအနာဂတ်ကာလကို ကြည့်ရှုလိုက်သောအခါ သခင်ဘုရားသည် ကြွလာတော်မူ၍ မတရားသောသူတို့အားနောက်ဆုံးတရားစီရင်လျက်အပြစ်ပေးတော်မူမည်အကြောင်းကိုဧနောက်သည်တွေ့မြင်ရလေ၏။ (ယု၊ ၁၄၊ ၁၅။)

ထာဝရဘုရားသည်အာဗြဟံ၊ ဣဇာက်နှင့်ယာကုပ်အသီးသီးတို့ထံသို့ အိပ်မက်တွင်ပေါ်လာတော်မူ၍ သူတို့၏သားမြေးအစဉ်အဆက်တို့အပေါ်

၌သက်ရောက်မည့်ကောင်းချီးမင်္ဂလာများကိုကြိုတင်၍ ဖေါ်ပြတော်မူပါသည်။ ဘုရားသခင်သည် သူတို့နှင့်ထပ်မံ၍ပဋိညာဉ်ဖွဲ့တော်မူပြန်သည်။ ၎င်းပြင် သူတို့သည်ဗျာဒိတ်ရူပါရုံအားဖြင့်နောက်ဆုံးကာလတွင်သန့်ရှင်းသူတို့ခံစားရမည့်ဆုကျေးဇူးကိုမျှော်ကြည့်ကြ၍ ဘုရားသခင်တည်ထောင်ပြုလုပ်တော်မူသော ကောင်းကင်ရွှေမြို့တော်၏ဘုန်းစည်စိမ်တော်များကိုမြင်ရကြလေသည်။ (ဟေဗြဲ၊ ၁၁း၁၀။)

ဣသရေလလူများတို့ကို ကျွန်ခံနေရာအဲဂုတ္တုပြည်မှ နုတ်ဆောင်၍ ခါနာန်ပြည်သို့ပို့ဆောင်စေခြင်းငှါဘုရားသခင်ရွေးနုတ်တော်မူခြင်းကိုခံရသော မောရှေသည် ကြီးမြတ်သောပုရောဖက်ကြီးတစ်ပါးဖြစ်ပါသည်။ ဘုရားသခင်သည် သူ့အားဖြင့် မေရှိယသခင် ကြွလာတော်မူမည့်အကြောင်းကိုအနာဂတ်ရိုက်ထားတော်မူ၏။ မောရှေက 'သင်၏ဘုရားသခင်ထာဝရဘုရားသည်သင်၏အမျိုးသားချင်းတို့အထဲ၌ငါနှင့်တူသောပုရောဖက်တစ်ပါးကို သင်တို့အဖို့ပေါ်ထွန်းစေတော်မူမည်။ ထိုပုရောဖက်၏စကားကိုနားထောင်ရမည်" ဟုဟောပြောလေ၏။ (တရား၊ ၁၈း၁၅) ဘုရားသခင်သည် ဤသစ္စာရှိသောပုဂ္ဂိုလ်အားများစွာသောဗျာဒိတ်ရူပါရုံများကိုမြင်စေတော်မူ၏။ ၎င်းပြင် ဘုရားသခင်သည် မိမိဘုန်းတော်ကိုမောရှေအားအကုန်အစင်ဖေါ်ပြတော်မမူသော်လည်း ဘုရားသခင်သည်မောရှေအားမျက်နှာချင်းဆိုင်လျက် မိန့်မြွက်တော်မူကြောင်းကို နှုတ်ကပါဋ်ကျမ်းစာတော်မြတ်တွင် ကျွန်ုပ်တို့ဖတ်ရကြပါသည်။ (တရား၊ ၃၄း၁၀။)

ဣသရေလလူများတို့သည် ခါနာန်ပြည်၌နေရာကျကြသောအခါ ရုပ်တုကို ကိုးကွယ်သောသူတို့နှင့်ရောနှောနေထိုင်ကြသဖြင့် သူတို့၏စိတ်နှလုံးသည်ဖေါက်ပြန်လျက်မှန်သောဘုရားသခင်ကိုမကိုးကွယ်ဘဲနေ၊လ၊ ကြယ်နက္ခတ်တို့နှင့်တကွ ရွှေရုပ်တု၊ ငွေရုပ်တု၊ သစ်သားရုပ်တု၊ သံရုပ်တုတို့ကိုပင်ကိုးကွယ်ကြလေ၏။ ထိုနည်းအားဖြင့် သူတို့သည် သူတို့၏ကောင်းကျိုးအလို့ငှါ ကောင်းကင်ဘုံမှချပေးတော်မူသောပညတ်တော်များကိုလွှန်ကျူးကြလေသည်။ မိမိရွေးချယ်တော်မူသော လူမျိုးသည် ဖန်ဆင်းတော်မူသောအရှင်၊ သူတို့အား ကျေးဇူးပြုတော်မူသောအရှင်

ထံတော်မှလမ်းလွဲလျက်ပျက်စီးရာလမ်းသို့ လျှောက်လိုက်သွားကြသည်ကို မြင်တော်မူသောအခါ ချစ်သနားခြင်းကရုဏာနှင့်ပြည့်စုံတော်မူသော ဘုရားသခင်သည်ဝမ်းနည်းတော်မူပါသည်။

ဤကဲ့သို့ ဖေါက်ပြန်ကြသောလူမျိုးတွင် ထာဝရဘုရားဘက်၌ သစ္စာရှိသောလူအချို့ရှိကြသေးသည်။ သူတို့အထဲမှ ဘုရားသခင်သည် ပုရောဖက်များကိုရွေးကောက်၍ လူများတို့အား နောင်တရစေခြင်းငှါ လည်းကောင်း၊ သူတို့၏ နားမထောင်ခြင်းကြောင့် သူတို့အပေါ်၌ရောက် လတ္တံ့သောဘေးဒဏ်မှ ကင်းလွတ်စိမ့်သောငှါ၊ သတိပေးခြင်းငှါလည်း ကောင်း သတင်းစကားတော်ကို ကြားပြောစေတော်မူ၏။ 'ဘိုးဘေးတို့ ၏ဘုရားသခင်ထာဝရဘုရားသည် မိမိလူမျိုးနှင့်မိမိနေတော်မူရာအရပ်ကို သနားသောကြောင့် စောစောထ၍ အထပ်ထပ်စေလွှတ်သောတမန်တို့ အားမှာလိုက်တော်မူ၏။ (၆ရာ၊ ၃၆း၁၅။)

ဣသရေလလူတို့တွင် ထင်ရှားသော ပုရောဖက်များကား၊ ရှမွေလ၊ ဧလိယ၊ ဧလိရှဲ၊ ဟောရှာယ၊ ယေရမိ၊ ယေဇကျေလနှင့်ဒံယေလ တို့ဖြစ်သတည်း။ သူတို့သည် မတရားသောသူတို့အား မိမိတို့၏ဒုစရိုက် လမ်းမှပြန်လာဖို့ရန် စိတ်လှုပ်ရှားစေသောစကားများဖြင့် သတိပေးကြ ပြီ။ ထာဝရဘုရားသခင်သည် သူတို့ကို ကရုဏာတော်နှင့်ကြင်နာစွာ လက်ခံတော်မူ၍သူတို့အပေါ်၌ ကောင်းချီးမင်္ဂလာကိုချပေးတော်မူလျက် သူတို့၏ဖေါက်ပြန်ခြင်းသဘောကိုပယ်ရှားတော်မူမည်ဟု ထိုသူတို့သည် ထိုဖေါက်ပြန်သောသူတို့အားဝန်ခံရကြလေသည်။ သူတို့၏အချို့သော အနာဂတ်စကားများသည် အလွန်ရှည်လျားသည့် အနာဂတ်ကာလ များနှင့်သက်ဆိုင်လေသည်။ သူတို့သည် နောက်ဆုံးသောကာလ သို့ မဟုတ်အမှုကုန်ရသည့်ကာလတိုင်အောင် ဖြစ်ပျက်မည့်အကြောင်းအရာ များအကြောင်းကိုထပ်ခါထပ်ခါရေးသားဖေါ်ပြကြပါသည်။ (ဟောရှာ၊ ၂း၂။ ဒံ၊ ၁၂း၄)။

### ခရစ်တော်ပထမအကြိမ်ကြွလာတော်မူသောအခါ၌

ဓမ္မဟောင်းကျမ်းစာတွင် ဖေါ်ပြထားသော ပုရောဖက်များတွင် မာလခိသည် နောက်ဆုံး ပုရောဖက် ဖြစ်ပေသည်။ ထိုနောက်

အနှစ်လေးရာအတွင်း ပုရောဖက်ဉာဏ်ကိုရသောသူ တစ်စုံတစ်ယောက် အကြောင်းကိုမျှရာဇဝင်တွင် ဖော်ပြမထားချေ။ သို့ရာတွင်မေရှိယသခင် အတွက်လမ်းခရီးကိုပြင်ဆင်ခြင်းငှါပုရောဖက်များကို စေလွှတ်တော်မူ၏။ နှစ်ခြင်းဆရာယောဟန်၏ အဘဇာခရိသည် 'သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်ဝလျက်. . . . . ပုရောဖက်ဉာဏ်နှင့်ဟောလေ၏။" (လု၊ ၁း၆၇၊၇၉။) ဖြောင့်မတ်သောသူ၊ တရားကိုရိုသေသောသူဖြစ်၍ ဣသရေလအမျိုး၏ သက်သာခြင်းအကြောင်းကို မျှော်လင့်သောသူ၊ ရှမောင်သည် ဝိညာဉ်တော်အားဖြင့် ဗိမာန်တော်သို့လာ၍ ယေရှု အကြောင်းနှင့်စပ်ဆိုင်ပြီး ကိုယ်တော်၏လူဣသရေလအမျိုးကိုချီးမြှောက်စေခြင်းငှါလည်းကောင်း၊ တစ်ပါးအမျိုးသားတို့ကို လင်းစေခြင်းငှါ လည်းကောင်း အလင်းတရား၏အရှင်ဖြစ်လိမ့်မည်ဟု ပုရောဖက်ပြု၍ ဟောပြောလေ၏။ အန္နအမည်ရှိသောပုရောဖက်မသည် ယေရုရှလင်မြို့၌ရွေးနုတ်ခြင်းအရာကို မျှော်လင့်သူအပေါင်းတို့အား ထိုသူငယ်၏ အကြောင်းကိုပြောလေ၏။ (လု၊ ၂း၂၅၊ ၃၂၊ ၃၈)။

'ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်" ကြွလာတော်မူမည်အကြောင်းကိုဣသရေလူတို့အားဟောပြောစေခြင်းငှါ ဘုရားသခင်ရွေးချယ်တော်မူခြင်းခံရသော နှစ်ခြင်းဆရာ ယောဟန်ထက်ကြီးမြတ်သော ပုရောဖက် အဘယ် ပုရောဖက်မျှမပေါ် မထွန်းဖူးချေ။ (ယော၊ ၁း၂၉)။

## တမန်တော်တို့၏လက်ထက်၌

ခရစ်ယာန်ဟူ၍ ရှေးဦးစွာအခေါ်ခံရသော တမန်တော်များ၏ လက်ထက်၌တပည့်တော်များတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကိုခံယူရရှိကြ၍အထူးထူးအပြားပြားသော ဝိညာဉ်ဆုကျေးဇူးတည်းဟူသော အမှုကိစ္စအမျိုးမျိုးကိုပြုလုပ်နိုင်ခွင့်ရရှိကြလေသည်။ အထူးသဖြင့် သူတို့ ခံစားရသောဆုကျေးဇူးကား ပုရောဖက်ဉာဏ်နှင့်ဟောပြောနိုင်ရသော အခွင့်ပင်တည်း။ တမန်တော်ဝတ္ထု၌ဝိညာဉ်တော်တိုက်တွန်းခြင်းကိုခံရကြသောပေတရု၊ သတေဖန် ဧင်းပြင် ရှေးဦးစွာသောခရစ်ယာန်တို့၏

အသင်းတော်နှင့်သက်ဆိုင်သောသူအချို့ သာသနာပြုဆရာဖိလိပ္ပု၏ ပုရောဖက် ပြုသောသမီးကညာလေးယောက်၊ ၎င်းပြင်အာဂဗုတို့ အကြောင်းကိုကျွန်ုပ်တို့ဖတ်ရကြပါသည်။ (တ၊ ၂၁း၉၊၁၀) ။ တမန် တော်ပေါလုသည် များစွာသော ဗျာဒိတ်ရူပါရုံကို ခံယူရရှိဖူးပါသည်။ ၂ကော၊ ၁၂း၁-၇။ ဂလ၊ ၁း၁၁၊၁၂ ကိုကြည့်။ ကောရိန်သုဩဝါဒစာ ပထမစောင်အခန်းကြီး ၁၂ တွင်ရှင်ပေါလုသည် ဝိညာဉ်ဆုကျေးဇူး များအကြောင်းနှင့်စပ်ဆိုင်၍ ဖေါ်ပြထားလေသည်။ တစ်ကာလအတွက် သာလျှင် ဤဆုကျေးဇူးများကို ပေးတော်မူသည်မဟုတ်ပါ၊ ငါတို့ရှိ သမျှသည် ယုံကြည်ခြင်းသို့လည်းကောင်း၊ ဘုရားသခင်၏သားတော်ကို သိကျွမ်းခြင်းသို့လည်းကောင်း၊ တညီတညွတ်တည်းရောက်၍ခရစ်တော် ၏ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူ၏အဖြစ်သို့ ရောက်သည်တိုင်အောင် ဤဆုကျေးဇူးများကိုလည်း ချပေးတော်မူ၏။ (ဧ၊ ၄း၁၃)။ ဘုရားသခင်သည် ပထမအရာ၌တမန်တော်တို့ကိုလည်း ကောင်း၊ ဒုတိယအရာ၌ ပုရောဖက်တို့ကိုလည်းကောင်း၊ တတိယအရာ ၌ဆရာတို့ကိုလည်းကောင်း၊ ထိုနောက်တန်ခိုးပြသောသူတို့ကို လည်း ကောင်း၊ ထိုနောက်အနာရောဂါကိုငြိမ်းစေနိုင်သောအခွင့်ရှိသောသူတို့ ကိုလည်းကောင်း၊ သင်းထောက်တို့ကိုလည်းကောင်း၊ စီရင်အုပ်စိုးသော သူတို့ကိုလည်းကောင်း၊ အမျိုးမျိုးသောဘာသာစကားကိုပြောနိုင်သော သူတို့ကိုလည်းကောင်းအသင်းတော်အရာ၌ခန့်ထားတော်မူ၏။ (၁ကော၊ ၁၂း၂၈)။

ယေရှု၏တမန်တော်တစ်ဆယ့်နှစ်ပါးတွင် နောက်ဆုံး ကျန်ရစ် ခဲ့သောတမန်တော်ယောဟန်သည် ပုရောဖက်ဖြစ်ပါသည်။ သူသည် ပတ်မုကျွန်းသို့ပို့ထားခြင်းခံနေရစဉ်အခါ သူ့အားဖေါ်ပြတော်မူသော ဗျာဒိတ်ရူပါရုံများအကြောင်းကို သူသည်သမ္မာကျမ်းစာ၏နောက်ဆုံး ကျမ်းတွင်ဖေါ်ပြထားခဲ့ပေသည်။ ဤရူပါရုံများကိုရေးမှတ်ထားရာ၌သူ က ၎င်းတို့ကားကာလမကြာမြင့်မီဖြစ်ရမည့်အမှုအရာများကို ယေရှုခရစ် သည် မိမိအစေခံကျွန်တို့အားပြစေခြင်းငှါ၊ ဘုရားသခင်အပ်ပေးတော် မူသော ထိုသခင်၏ဗျာဒိတ်တော်ဖြစ်သည်ဟု အတိအလင်းပြောဆိုပါ

သည်။ ၎င်းပြင်သခင်ခရစ်တော်သည် 'မိမိ၏ကောင်းကင်တမန်တို့ကို စေလွှတ်၍ မိမိ၏အစေခံကျွန်ယောဟန်အား ဗျာဒိတ်တော်အရိပ်ကိုပြ တော်မူ၏။ ယောဟန်သည်လည်း ဘုရားသခင်၏နှုတ်ကပါဌ်တော်နှင့် ယေရှုခရစ်၏သက်သေခံတော်မူချက်ကို မြင်သမျှအတိုင်းသက်သေခံတော် မူ၏।" ဟုပြောဆိုပါသေးသည်။ ဗျာ၊ ၁း၁၊ ၂။

## ကြီးစွာသောဖေါက်ပြန်ခြင်း

ကျမ်းစာက ကြီးစွာသောဖေါက်ပြန်ခြင်းဖြစ်မည်ဟု အနာဂတ် ဟောထားပါသည်။ တမန်တော်တို့လက်ထက်၌ပင် အသင်းတော်တွင် မမှန်သောအသင်းတော်သားအချို့တွင် ဤကဲ့သို့ဖေါက်ပြန်ခြင်းအစပြု၍ ဖြစ်ပေါ်လာကြောင်းသိရှိရလေသည်။ နောက်ဆုံး၌ဖေါက်ပြန်သင်းကွဲ ခြင်းဖြစ်ပေါ်လာ၍ ဒုစရိုက်လူတည်းဟူသော ပျက်စီးခြင်း၏သားသည် ပေါ်လာလိမ့်မည်ဟူ၍ ရှင်ပေါလုသည် သက်သာလောနိတ်မြို့သားတို့ အား စာအားဖြင့်ရေးသားလိုက်ဖူးပါသည်၊ (၂သက်၊ ၂း၁-၇။)

ဤအနာဂတ်စကားသည် ပြည့်စုံခြင်းသို့ ရောက်သည့်အကြောင်း ကိုတွေ့ရှိရပါသည်။ ယေရှုခရစ်၏တမန်တော်များတွင် နောက်ဆုံးကျန် နေသော တမန်တော်သေဆုံးပြီးသောအခါ၌ ခရစ်ယာန်အသင်းတော် သားအချို့တို့သည် ခရစ်တော်သင်ကြားပေးခဲ့တော်မူသောသမ္မာတရား ရိုးရိုးမှုလမ်းလွဲစပြု၍နောက်ဆုံး၌ဤအသင်းတော်သားများတို့သည်မိစ္ဆာ အယူဝါဒများကိုပြုကျင့်ခြင်းအားဖြင့် လောကီသားတို့နှင့်ပေါင်းသင်း ဆက်ဆံကြလေ၏။

နောက်နှစ်များအတွင်းတွင် အသင်းတော်သည်တိုးပွါးလာ၍ လူ အပေါင်းတို့တွင် ထင်ရှားလာသောအခါ ကျမ်းစာတွင် ဖေါ်ပြထား သောဩဝါဒစကားများကို သေချာစွာမလိုက်မနာမစောင့်မရှောက်ကြ သောသူများ များပြားလာသဖြင့် နောက်ဆုံး သခင်ခရစ်တော်ပေါ် ထွန်းပြီးနောက် သက္ကရာဇ် ၄၀၀ မှ ၆၀၀ တိုင်တိုင်လောက်တွင်ခရစ်ယာန် ဟုခေါ်ဝေါ်ခြင်းကိုခံယူကြသောသူများတို့သည် အမှန်အားဖြင့် ခရစ် တော်၏ဆုံးမဩဝါဒအတိုင်းမကျင့်ကြတော့ချေ။ ထိုနောက်နှစ်ရာပေါင်း

များစွာကြာသောအခါ ခရစ်ယာန်အယူဝါဒမှ လမ်းလွဲလျက်ဖေါက်ပြန်ခြင်းသဘောဖြစ်ပေါ်လာလေ၏။ သမ္မာတရားကိုရှုတ်ချလျက်မိုက်မဲခြင်းအားကြီးတိုးတက်လာလေ၏။

ဤကဲ့သို့ ဖေါက်ပြန်သည့်ရှည်လျားသောကာလကို ရာဇဝင်တွင် 'မှောင်မိုက်ကာလကြီး" ဟူ၍ခေါ်ဆိုထားသည်မှာ မှန်ကန်ပေသည်။ ဤအချိန်ကာလအတွင်း၌ ကျမ်းစာတော်မြတ်တွင် ရေးမှတ်ထားသည့် အရေးကြီးလိုအပ်သောတရားများ၊ ပညတ်များကို ပြောင်းလဲရန်သော်လည်းကောင်း၊ ပယ်ရှားရန်သော်လည်းကောင်း ကြံစည်ပြုခဲ့ကြလေပြီ။ ခရစ်တော်ပထမအကြိမ် မပေါ်ထွန်းမီ အနှစ်လေးရာအတွင်းလောက်မှာကဲ့သို့ ဝိညာဉ်ရေးနှင့်ပတ်သက်၍ မှောင်မိုက်ခြင်းတည်းဟူသောဤကာလအတွင်းမှာလည်းပုရောဖက်ဉာဏ်ကိုရရှိသောသူတို့၏အကြောင်းအနည်းငယ်ရေးမှတ်ထားသည်ကို ကျွန်ုပ်တို့သိရှိရကြပေသည်။

## နောက်ဆုံးသောကာလတွင်အသစ်ပြုပြင်တော်မူခြင်း

ကျမ်းစာက ဤကဲ့သို့ ကြောက်စရာကောင်းသောဖေါက်ပြန်ခြင်းအကြောင်းကိုကြိုတင်ဖေါ်ပြထားသော်လည်း သခင်ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူချိန် ရောက်လုနီးသောအခါ အများသောသူတို့သည်မှားသောအယူဝါဒ၊ ဖေါက်ပြန်ခြင်း၊ ယုံမှားခြင်းတည်းဟူသောမှောင်မိုက်ထဲမှကယ်ဆယ်ခြင်းကိုခံရကြလိမ့်မည်။ တစ်ဖန်ကမ္ဘာမြေကြီးသည် ဘုရားသခင်၏ဘုန်းတော်နှင့်ထွန်းတောက်လိမ့်မည်။ သမ္မာကျမ်းစာတွင် ပါရှိသည့်မှန်ကန်ရှင်းသော သမ္မာတရားတော်များသည်လည်းထွန်းတောက်လိမ့်မည်။ နောက်ဆုံးသောကာလရောက်လုနီးကြောင်းထင်ရှားသည့်လက္ခဏာဖြစ်သော ကောင်းကင်အလင်းကိုရရှိသည့် ဤအချိန်ကာလတွင်မှန်သောအသင်းတော်၌ဝိညာဉ်ဆုကျေးဇူးအမျိုးမျိုးကိုခံစားရကြလိမ့်မည်။ 'နောင်ကာလ၌လူမျိုးတကာတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကိုငါသွန်းလောင်းမည်။ သင်တို့၏သားသမီးတို့သည် ပုရောဖက်ဉာဏ်နှင့်ဟောပြောကြလိမ့်မည်။ အသက်ငယ်သောသူတို့သည် ဗျာဒိတ်ရူပါရုံတို့ကိုမြင်ရကြလိမ့်မည်။ အသက်ကြီးသောသူတို့သည်လည်း နိမိတ်

အိပ်မက်တို့ကို မြင်မက်ရကြလိမ့်မည်။ ထိုကာလ၌လည်း ငါ၏အမှုကို ဆောင်ရွက်သောယောက်ျား၊ မိန်းမတို့အပေါ်၌ ငါ၏ဝိညာဉ်တော်ကို ငါသွန်းလောင်း၍ သူတို့သည် ပုရောဖက်ဉာဏ်များနှင့် ဟောပြောကြလိမ့်မည်ဟု ဘုရားဗျာဒိတ်တော်ရှိ၏။" (တ၊ ၂း၁၇၊၁၈။ ယောလ၊ ၂း၂၈၊ ၂၉။)

ပုရောဖက်ယောဟန်က 'ကျန်ကြွင်းသော နောက်ဆုံးအသင်းတော်သည်ဘုရားသခင်၏ပညတ်တော်ကိုကျင့်၍ ယေရှုခရစ်၏သက်သေခံတော်မူချက်ကို စွဲလမ်းသောသူများ" ဟူ၍အသေအချာ ဖေါ်ပြပါသည်။ (ဗျာ၊ ၁၂း၁၇)။ ထိုပုရောဖက်ကပင်အခြားသောကျမ်းချက်၌ ယေရှု၏သက်သေခံချက်သည် အဘယ်သို့ဆိုလိုသည်ကို သေချာစွာ အဓိပ္ပါယ်ဖေါ်ပြပါသေးသည်။ တစ်ရံရောအခါ ယောဟန်သည်ရူပါရုံတွင်မြင်ရသော ကောင်းကင်တမန်၏ရှေ့တွင် ဦးညွတ်ချလျက်နေစဉ် ကောင်းကင်တမန်က 'မပြုပါနှင့်၊ ငါကား၊ သင်၏လုပ်ဖေါ်ဆောင်ဖက်ဖြစ်၏။ ယေရှု၏သက်သေခံတော်မူချက်ကိုဆောင်သောသင်၏ညီအစ်ကိုတို့၏လုပ်ဖေါ်ဆောင်ဖက်လည်းဖြစ်၏။ ဘုရားသခင်ကိုကိုးကွယ်လော့" ဟုပြောဆို၏။ (ဗျာ၊ ၁၉း၁၀)။

ဗျာဒိတ်ကျမ်း၊ ၁၂း၁၇ တွင် 'ဘုရားသခင်၏ပညတ်တော်တို့ကိုကျင့်၍ ယေရှု၏သက်သေခံတော်မူချက်ကို စွဲလမ်းသောသူတည်းဟူသောကျန်ကြွင်းသောအမျိုးအနွယ်" ၏အကြောင်းနှင့်စပ်ဆိုင်၍ဖေါ်ပြထားသောအချက်တစ်ချက်ရှိပေသည်။ 'ယေရှု၏သက်သေ" သည် 'ပုရောဖက်ဟောသောစကားချက်သဘော" ဖြစ်သည်ဟုဖေါ်ပြထားပါသည်။ (ဗျာဒိတ်၊ ၁၉း၁၀)။ ထိုကြောင့်ကျန်ကြွင်းသောအသင်းတော်သည် ပုရောဖက်ဟောသောစကားချက်သဘောကို ခံယူရရှိလိမ့်မည်ဟု ကျွန်ုပ်တို့သိရှိရကြပေသည်။

ယေရှု၏သက်သေခံတော်မူချက်ကိုရရှိကြသောသူတို့သည် ပုရောဖက်များဖြစ်ကြောင်းကိုလည်း ကျွန်ုပ်တို့သိရှိကြပေသေးသည်။ (ဗျာ၊ ၁၉း၁၀။ ၂၂း၉)။ ထိုကြောင့်ကျန်ကြွင်းသောအသင်းတော်တွင်ပုရော

ဖက်တစ်စုံတစ်ယောက် သို့မဟုတ် ပုရောဖက်များကိုမျှော်လင့်ကြရမည် အကြောင်းထင်ရှားပေသည်။

ကပ်ကမ္ဘာကုန်ဆုံးလုနီးကြောင်း ထင်ရှားသောနိမိတ်လက္ခဏာ များနှင့်အဖြစ်အပျက်အကြောင်းအရာများအကြောင်းနှင့်စပ်ဆိုင်၍ သမ္မာကျမ်းစာတော်မြတ်တွင် ကြိုတင်၍ ဟောပြောထားသောအချက်များအလျင်အမြန်ပြည့်စုံလျက်ရှိကြောင်းကိုထောက်ရှုခြင်းအားဖြင့်ကျွန်ုပ်တို့သည် ယခု နောက်ဆုံးသောကာလ၌ အသက်ရှင်လျက်ရှိနေကြကြောင်းအမှန် ထင်ရှားပေသည်။ ဤနောက်ဆုံးသောကာလကား မြေကြီးပေါ်၌ကျန်ကြွင်းသောအသင်းတော်တည်ရှိသောကာလပင်တည်း။ ထိုကြောင့်ယခု အချိန်အခါကာလတွင် ဘုရားသခင်၏ပညတ်တော်တို့ကိုစောင့်ရှောက်သောခရစ်ယာန်တစ်စုရှိပေမည်။ ၎င်းပြင်ထိုသူတို့တွင် ယေရှုခရစ်၏သက်သေခံတော်မူတည်းဟူသော ပုရောဖက်ဟောသော စကားချက်သဘောရရှိသောသူအချို့ရှိရကြမည်။

ယခုကာလတွင်ရှိ များစွာသောအသင်းများနှင့် ဘာသာအယူဝါဒအမျိုးမျိုးတို့တွင် သိနာတောင်ပေါ်၌ပေးတော်မူသောပညတ်တော်ဆယ်ပါးအတိုင်း၊ 'ဘုရားသခင်၏ပညတ်တော်တို့ကိုစောင့်ရှောက်သောသူ" အနည်းငယ်သော ရှိကြပါသည်။ ဤပညတ်တော်များတွင် စတုတ္ထပညတ်တော်က 'သတ္တမနေ့ရက်သည်ဥပုသ်နေ့ဖြစ်၏" ဟုအသေအချာဖေါ်ပြထားသော်လည်း လူအများတို့သည်ထိုနေ့ရက်၌အလုပ်လုပ်ကြ၍ ဘုရားသခင်အမိန့်မရှိဘဲ မိမိတို့နားနေဖို့ရန်နှင့်ဝတ်ပြုကိုးကွယ်ဖို့ရန်အတွက်ခုနစ်ရက်တွင်ပထမနေ့ရက်ကို ရွေးချယ်ကန့်သတ်ထားကြလေပြီ။

ထိုကြောင့် အနည်းငယ်သောအသင်းတော်များအနက် မိမိ၏အသင်းတော်များအား ဘုရားသခင်၏ပညတ်တော်အလုံးစုံတို့ကိုကျမ်းစာတွင်ဖတ်ရှုရသည့်အတိုင်း စောင့်ရှောက်စေသောအသင်းတော်တစ်ခုတွင်ပုရောဖက်ဥာဏ်နှင့်ဟောပြောနိုင်သောအခွင့်တည်းဟူသောဝိညာဉ်ဆုကျေးဇူးကို ခံစားရသည့်အကြောင်းအရာများ ကြားသိရသည်မှာ

ထူးခြားသောအချက်ကြီးတစ်ခုဖြစ်ပေသည်။ ထိုနည်းအားဖြင့်ပုရောဖက်ယောဟန်ဖေါ်ပြထားသည်အတိုင်း ယုံကြည်သောဤခရစ်ယာန်တစ်စုတွင်ကျန်ကြွင်းသောအသင်းတော်နှင့်စပ်ဆိုင်သည့်ထူးခြားသောအချက်နှစ်ချက်ရှိပေသည်။ ထိုအချက်များကား 'ဘုရားသခင်၏ပညတ်တော်တို့" ကိုစောင့်ရှောက်ခြင်းနှင့်"ယေရှုခရစ်၏သက်သေခံတော်မူချက်" သို့မဟုတ်ပုရောဖက်များပေါ်လာခြင်းအားဖြင့်ထင်ရှားသည့်"ပုရောဖက်ဟောသောစကားချက်" သဘောကိုရရှိကြခြင်းတည်း။

--*--

အခန်း ၁၁

## လူအများရှေ့တွင်အမှုတော်ဆောင်ရွက်ရန် ခေါ်တော်မူခြင်း

ပထမအိပ်မက်ကို မြင်မက်ပြီး ခုနစ်ရက်လောက် ကြာသောအခါ ကျွန်ုပ်မြင်မက်သော ဒုတိယအိပ်မက်တွင် သခင်ဘုရားက ကျွန်ုပ်တွေ့ကြုံရမည့်စုံစမ်းခြင်းများကို ဖေါ်ပြတော်မူ၍ ကိုယ်တော်သည် ကျွန်ုပ်အားဗျာဒိတ်ပေးတော်မူသော အရာများကို သူတစ်ပါးအား သွား၍ ပြန်ပြောရမည်ဟုမိန့်တော်မူပါသည်။ ကျွန်ုပ်၏အလုပ်များတွင် ကျွန်ုပ်သည်များစွာသောနှောင့်ယှက်ခြင်းကိုခံရ၍ ကျွန်ုပ်သည်စိတ်နှလုံးကြေကွဲလုမတတ် စိတ်ညစ်လိမ့်မည်။ သို့သော် ကျွန်ုပ်သည် ထိုအရာအားလုံးကို ခံရပ်နိုင်ပါမည့်အကြောင်း ဘုရားသခင်၏ကျေးဇူးတော်ကို လုံလောက်စွာ ခံစားရမည်ဟူ၍လည်း ကျွန်ုပ်အားဖေါ်ပြပါသေးသည်။

ကျွန်ုပ်၏အလုပ်မှာ လူများအထဲသို့ သွား၍ သမ္မာတရားကို ဖေါ်ပြဖို့ရန် ဖြစ်သည်ဟု သိရသောကြောင့် ကျွန်ုပ်သည် အိပ်မက်ကိုမြင်မက်ပြီးသောအခါ ကျွန်ုပ်၌ များစွာပင် စိတ်ဒုက္ခရောက်လျက်ရှိပါသည်။ ကျွန်ုပ်သည် အလွန်ပင်ချူချာသဖြင့် အစဉ်လိုလိုပင် ကိုယ်ခန္ဓာ၌ ဝေဒနာခံစားနေရ၍ လူအများကပင် ကျွန်ုပ်သည်ကြာရှည်စွာ အသက်ရှင်လျက်နေရမည်မဟုတ်ဟု ထင်ကြပါသည်။ ကျွန်ုပ်သည် အသက်တစ်ဆယ့်ခုနစ်နှစ်သာရှိသေး၍ ငယ်ရွယ်သည့်အပြင် ခွန်အားနည်းလျက်လူအများနှင့် သွားလာနေထိုင်လေ့မရှိပါ။ နဂိုကပင် ရှက်ကြောက် တတ်သဖြင့် သူစိမ်းများနှင့် တွေ့ကြုံဖို့ရန်အလွန်ကြောက်ရွံ့တတ်ပါသည်။

ရက်ပေါင်းများစွာ ညဉ့်နက်သည်တိုင်အောင် ကျွန်ုပ်ထံမှ ဤတာဝန်ကိုပယ်ရှား၍ ၎င်းကိုရွက်ဆောင်နိုင်မည့်သူတစ်စုံတစ်ယောက်အပေါ်တွင်ချထားတော်မူပါမည့်အကြောင်းကျွန်ုပ်ဆုတောင်းပါသည်။ သို့ရာတွင်ထိုတာဝန်ကို ကျွန်ုပ်ထံမှမယူသည့်အပြင်၊ 'ငါသည်သင့်အားဗျာဒိတ်ပေးတော်မူသော အရာကို သူတစ်ပါးအား ဖေါ်ပြလော့" ဟူ

သော ကောင်းကင်ကင်တမန်၏စကားများကိုပင် ကျွန်ုပ်နား၌ အစဉ်ကြား လျက်နေပါသည်။

ဘုရားသခင်၏ ဝိညာဉ်တော်သည် ကျွန်ုပ်အား ထိုတာဝန်ကို ဆောင်ရွက်ရန် အားပေးတိုက်တွန်းတော်မူသည့်အခါကစ၍ကျွန်ုပ်သည် ယေရှု၏ချစ်ခြင်းမေတ္တာတော်နှင့် ကျွန်ုပ်အတွက် ကိုယ်တော်ပြုတော်မူသည့်အံ့ဩဖွယ်ကောင်းသော အလုပ်ကို ဆင်ခြင်အောက်မေ့ပြီးလျှင် ကြောက်ရွံ့ခြင်းနှင့် ရှက်ကြောက်ခြင်းအားလုံးတို့ကို မေ့လျော့ပယ်ရှားလျက် ကျွန်ုပ်၏တာဝန်ကို ဆောင်ရွက်ရန် စိတ်အားထက်လာလေ၏။

သို့သော် ကျွန်ုပ်အား စေခိုင်းတော်မူသော ဤအလုပ်ကို လုပ်ဆောင်ဖို့ရန် ကျွန်ုပ်သည် တတ်စွမ်းနိုင်လိမ့်မည်မဟုတ်ဟု ကျွန်ုပ်ထင်ပါသည်။ ၎င်းအလုပ်သည် ပျက်ကွက်ခြင်း ဖြစ်လိမ့်မည်ဟု ထင်စရာရှိပါသည်။ ထိုအလုပ်၌ခံရမည့်စုံစမ်းခြင်းများကို ကျွန်ုပ်သည်ခံရပ်နိုင်လိမ့်မည်မဟုတ်ဟုထင်ရပါသည်။ အသက်ငယ်သေးသောကျွန်ုပ်သည်တစ်နေရာမှတစ်နေရာသို့ သွား၍ လူများတို့အား ဘုရားသခင်၏ သန့်ရှင်းသော သမ္မာတရားတော်များကို အဘယ်သို့ဖေါ်ပြနိုင်ပါမည်နည်း။

ကျွန်ုပ်အပေါ်၌ကျလျက်ရှိသောတာဝန်များမှလွတ်ကင်းအံ့သောငှါ၊ ကျွန်ုပ်သည်သေချင်ပါသည်။ နောက်ဆုံး၌ကျွန်ုပ်ကြာမြင့်စွာခံစားနေရသော ငြိမ်သက်ခြင်းကို မခံစားရတော့ဘဲ ကျွန်ုပ်၌တစ်ဖန်စိတ်ပူပန်ခြင်းဖြစ်လျက်နေပါသည်။

## ညီအစ်ကိုမောင်နှမများကအားပေး နိုးဆော်ခြင်း

ပေါ့တလန်မြို့တွင်ရှိ ယုံကြည်သောလူတစ်စုသည် ကျွန်ုပ်အား စိတ်ပျက်ညှိုးငယ်စေလောက်အောင် ကျွန်ုပ်၏စိတ်ထဲ၌ဖြစ်ပျက်နေသော အကြောင်းခြင်းရာများကို ဘာမျှမသိကြချေ။ သို့ရာတွင် ကျွန်ုပ်သည် အကြောင်းတစ်ခုခုကြောင့် စိတ်ပျက်ညှိုးငယ်နေသည်ကို သူတို့သိရှိကြ၍ ဘုရားသခင်သည် ကျွန်ုပ်အားကရုဏာတော်ကိုပြလျက် ထင်ရှားတော်မူ

ကြောင်းကိုထောက်ရှုလျက် ဤအကြောင်းအရာများကို ဝှက်ထားလျှင် ကျွန်ုပ်၌အပြစ်ရှိသည်ဟု သူတို့ထင်မြင်၏။ ကျွန်ုပ်ဖခင်၏အိမ်တွင်စည်းဝေးများကို ပြုလုပ်သော်လည်း ကျွန်ုပ်သည် အလွန်ပင်စိတ်ပျက်ညှိုးငယ်နေသဖြင့်အတော်ကြာ စည်းဝေးသို့မသွားမရောက်ချေ။ ကျွန်ုပ်၌မခံနိုင်လောက်အောင်စိတ်ဒုက္ခဆင်းရဲခြင်းသို့ရောက်သည့်တိုင်အောင်ကျွန်ုပ်၏တာဝန်သည်တိုး၍လေးလံလာလေ၏။

နောက်ဆုံး၌ ကျွန်ုပ်၏အိမ်တွင် ပြုလုပ်သောစည်းဝေးတစ်ခုကိုသွားရလေ၏။ အသင်းတော်သည်လည်း အထူးသဖြင့် ကျွန်ုပ်အတွက်ကြိုးစား၍ ဆုတောင်းလေသည်။ အထက်ထက်က ကျွန်ုပ်၌ဖြစ်ပျက်သောအမှုအရာများတွင်ဘုရားသခင်၏ဝိညာဉ်တော်ထင်ရှားခြင်းဖြစ်ကြောင်းကိုမယုံကြည်သောအစ်ကိုကြီးပီယာဆန်က ယခုကျွန်ုပ်အတွက်စိတ်အားကြီးစွာနှင့်ဆုတောင်းပြီးလျှင်ဘုရားသခင်၏အလိုတော်ကိုဝန်ခံ၍မိမိကိုယ်ကို ဘုရားသခင်၏လက်တော်သို့အပ်နှံရန် ကျွန်ုပ်အားအကြံပေးပါသေးသည်။ သူသည် ကျွန်ုပ်အား သနားကြင်နာတတ်သောဖခင်ကဲ့သို့ အားပေး၍ စိတ်သက်သာစေပြီးလျှင် အပြစ်ရှိသောသူအပေါင်းတို့၏မိတ်ဆွေကြီးသည် ကျွန်ုပ်အားစွန့်ပစ်တော်မမူဟု ကျွန်ုပ်သည် ယုံကြည်ရမည်အကြောင်း တိုက်တွန်းနှိုးဆော်ပါသည်။

ကျွန်ုပ်သည်အလွန်ပင်အားနည်း၍စိတ်ဒုက္ခရောက်နေသောကြောင့် ကျွန်ုပ်အတွက် ထူးခြားသောအမှုများကို မလုပ်နိုင်ချေ။ သို့ရာတွင် ကျွန်ုပ်၏စိတ်ထဲ၌ကား ကျွန်ုပ်၏မိတ်ဆွေများနှင့်အတူ ဆုတောင်းလျက်နေလေ၏။ ယခုကျွန်ုပ်သည် လောက၏ တားဆီးပိတ်ပင်ခြင်းများကို အမှုမထားတော့ချေ။ ဘုရားသခင်သည် ကျွန်ုပ်အားအခွင့်ထူးကိုပြန်၍ပေးတော်မူလျှင် ကျွန်ုပ်သည် ဘယ်အမှုကိစ္စကိုမဆို စွန့်စားရန် အလိုရှိလာလေ၏။

ဘုရားသခင်သည် ကျွန်ုပ်အားသတင်းစကားကိုကြားပြောနိုင်ရန် ခွန်အားနှင့် ရဲရင့်ခြင်းသတ္တိကို ချပေးသနားတော်မူပါမည့်အကြောင်း၊ ကျွန်ုပ်အတွက် ဆုတောင်းနေကြစဉ် ကျွန်ုပ်အား လွှမ်းမိုးလျက်ရှိသော

ထူထပ်သည့်မှောင်မိုက်သည် လွင့်သွား၍ ကျွန်ုပ်အပေါ်၌ ချက်ချင်း အလင်းရောက်လာ၏။ မီးလုံးသဏ္ဍာန်ရှိသောအရာဝတ္ထုတစ်ခုသည် ကျွန်ုပ်၏နှလုံးသားပေါ်တွင်ထိခိုက်လေ၏။ ကျွန်ုပ်သည်လည်း ခွန်အား ဆုတ်လျော့သွားပြီးလျှင်ကြမ်းပြင်ပေါ်သို့လဲကျသွားလေ၏။ ကျွန်ုပ်သည် ကောင်းကင်တမန်များတို့၏အရှေ့တွင် ရောက်ရှိလျက်နေသည်ဟုထင်မြင် ရ၏။ ထိုအခါ ၎င်းသန့်ရှင်းသောသတ္တဝါများအထဲမှတစ်ဦးသောသူက 'သင့်အား ငါဖော်ပြခဲ့ပြီးသောအရာများကို သူတစ်ပါးအား ပြောပြ လော့" ဟူသောစကားများကိုပြောဆိုပြန်လေ၏။

ဒူလာရောဂါကြောင့် ဒူးမထောက်နိုင်သော အစ်ကိုကြီးပီယာ ဆန်သည် ဤအဖြစ်အပျက်ကို တွေ့မြင်နိုင်လေ၏။ ကျွန်ုပ်သည်မြင်နိုင် ကြားနိုင်လောက်အောင်သတိပြန်ရလာသောအခါ သူသည်ကုလားထိုင် မှ ထလျက် 'ကျွန်ုပ်တစ်ခါမျှမမြင်ဖူးသော အခြင်းအရာတို့ကိုတွေ့မြင်ရ ပါသည်။ ကောင်းကင်မှမီးလုံးတစ်လုံးလည်းဆင်းသက်လာ၍ အယ်လင် ဟာရ်မွန်၏ နှလုံးသားပေါ်တွင် ထိခိုက်လေသည်။ ကျွန်ုပ်မျက်စိနှင့် သေသေချာချာမြင်ရပါသည်။ ဘယ်အခါမျှကျွန်ုပ်မမေ့နိုင်ပါ။ ကျွန်ုပ်သည် လုံးလုံးပြောင်းလဲပါပြီ။ ညီမအယ်လင်၊ ထာဝရဘုရား၌ရဲရင့်ခြင်းရှိလော့။ ဤညကစ၍ ကျွန်ုပ်သည်ယုံမှားခြင်းရှိတော့မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ခင်ဗျားကိုမစပါမည်။ စိတ်ပျက်အောင်မလုပ်တော့ပါ" ဟုပြောပြလေ၏။

## ကိုယ်ကိုကိုယ်ချီးမြှောက်မိမည်ကိုစိုးရိမ်ရခြင်း

ကျွန်ုပ်သည် အမှုတော်ကိုဆောင်ရွက်ရန် ခေါ်တော်မူခြင်းကို နားထောင်၍ အမြင့်ဆုံးသောဘုရားသခင်သည် ဗျာဒိတ်ရူပါရုံများနှင့် လူများတို့အဖို့ကြားပြောရန် ဗျာဒိတ်များဖြင့် ကျွန်ုပ်အားအခွင့်ထူးကို ချပေးတော်မူကြောင်းကို ကြားပြောပါမူ ကျွန်ုပ်သည် မိမိကိုယ်ကို ချီးမြှောက်၍ မိမိနှင့်ထိုက်တန်သောနေရာထက်မြင့်သောနေရာကိုလှမ်းလို သော စိတ်သဘောများ ကျွန်ုပ်၌ဖြစ်ပေါ်လာကောင်း ဖြစ်ပေါ်လာလိမ့် မည်။ ထိုအခါဘုရားသခင်သည် ကျွန်ုပ်ကိုနှစ်သက်တော်မမူဘဲ ကျွန်ုပ်၏ ဝိညာဉ်သည်ဆုံးရှုံးခြင်းသို့ရောက်လိမ့်မည်။ ဤအရာများအတွက် ကျွန်ုပ်

သည် အလွန်စိုးရိမ်လျက်ရှိပေသည်။ ဤအမှုအရာမျိုးကို ကျွန်ုပ်သည် ကြားဖူး၊ တွေ့ကြုံခဲ့ဖူးပြီ။ ဤကဲ့သို့စုံစမ်းသွေးဆောင်ခြင်းကို ကျွန်ုပ်သည် မခံမရပ်နိုင်တော့ချေ။

သခင်ဘုရားပြတော်မူသောအရာများကို လူများတို့အားသွား၍ ဟောပြောရလျှင် ကျွန်ုပ်၌ ဤကဲ့သို့မသင့်လျော်သော ကိုယ့်ကိုကိုယ်ချီးမြှောက်ခြင်းစိတ်သဘောများမရှိစေရန် စောင်မတော်မူမည့်အကြောင်း ယခုကျွန်ုပ်သည်တောင်းပန်ရပြန်လေသည်။ ထိုအခါ ထိုကောင်းကင်တမန်က အောက်ပါအတိုင်းပြောပြသည်မှာ၊ 'သင်၏ဆုတောင်းချက်ကို ဘုရားသခင်နားညောင်းတော်မူ၍ သင့်အား ကတိထားတော်မူပြီ။ သင်ကြောက်လန့်စိုးရိမ်သော ဤမကောင်းမှုဒစရိုက်သည်သင့်၌ဖြစ်ပေါ်လာလျှင် ဘုရားသခင်၏လက်တော်သည်သင့်ကိုကယ်တင်ရန် ဆန့်တော်မူမည်။ စိတ်ပင်ပန်းစေခြင်း၊ စိတ်ဒုက္ခရောက်စေခြင်းအားဖြင့် သင့်ကို ဘုရားသခင်သည် အထံတော်သို့ဆွဲယူတော်မူ၍ သင့်အား နှိမ့်ချသော စိတ်သဘောကိုပေးတော်မူမည်။ သစ္စာနှင့်တကွသတင်းစကားကိုလူများတို့အားကြားပြောလော့။ အဆုံးတိုင်အောင်တည်ကြည်လော့။ သို့ပြုလျှင်သင်သည် အသက်ပင်၏အသီးကိုစား၍ အသက်ရေကိုသောက်ရလိမ့်မည်။"

မြေကြီးနှင့်စပ်ဆိုင်သောအရာများကို သိရှိလာသည့်တိုင်အောင် သတိရလာသောအခါ ကျွန်ုပ်သည်မိမိကိုယ်ကိုဘုရားသခင်၏လက်တော်ထဲသို့အပ်နှံ၍ အဘယ်အမှုမျိုးပင်ဖြစ်စေကာမူ သခင်ဘုရားသခင်အလုပ်ကို ဆောင်ရွက်ရန်အသင့်ရှိလာလေ၏။

## အားနည်းခြင်းကိုအောင်မြင်ခြင်း

နောက်များမကြာမီသခင်ဘုရားသည် ကျွန်ုပ်အား ပေါ့တလန်မြို့တွင်ရှိ ကျွန်ုပ်၏အစ်မများထံသို့ ကျွန်ုပ်၏ခဲအိုနှင့်သွားဖို့ လမ်းဖွင့်ပေးတော်မူ၏။ ၎င်းနေရာသည် မိုင် ၃၀ ကွာဝေးသည်။ ထိုနေရာ၌ ကျွန်ုပ်သည် မိမိအကြောင်းကိုသက်သေခံဖို့အခွင့်ရခဲ့ပါသည်။ ကျွန်ုပ်၏လည်ချောင်းနှင့်အဆုတ်များသည် သုံးလလုံးလုံးရောဂါစွဲနေသဖြင့်ကျွန်ုပ်သည်

အနည်းငယ်သောလေသံနှင့်စကားတိုးတိုးပြောနိုင်ပါသည်။ ဤအခါ၌ကား ကျွန်ုပ်သည်စည်းဝေးတွင်မတ်တတ်ရပ်၍ လေသံနှင့်အစပြုလျက်စကား ပြောလေ၏။ ထိုကဲ့သို့ငါးမိနစ်ခန့်ကြာပြောနေပြီးနောက် နာကျင်ခြင်းနှင့် ခက်ခဲခြင်းများပပျောက်သွား၍ ကျွန်ုပ်၏စကားသံမှာကျယ်၍ ထင်ထင် ရှားရှားဖြစ်လာပြီးလျှင် ကျွန်ုပ်သည်လွယ်ကူစွာနှင့်ဘာမျှခက်ခဲခြင်းမရှိဘဲ နှစ်နာရီကြာစကားပြောဆိုနိုင်လေသည်။ ကျွန်ုပ်ပြောဆိုသော သတင်း စကားတို့သည် ဆုံးသွားသောအခါ ကျွန်ုပ်၏စကားသံမှာမကျယ်တော့ ချေ။ တစ်ဖန်လူတိုင်း၏ရှေ့တွင် ထလျက်စကားပြောပြန်သောအခါအသံ ကျယ်စွာနှင့်ပြောနိုင်ပြန်၏။ ကျွန်ုပ်သည် ဘုရားသခင်၏အလိုတော်ကို ဆောင်ရွက်နေကြောင်း အမှန်ယုံကြည်စိတ်ချပါသည်။ ၎င်းပြင်ကျွန်ုပ်ပြု လုပ်ဆောင်ရွက်ရာတွင် ထူးခြားသောအကျိုးခံစားရကြောင်းကိုသိမြင်ရ လေသည်။

မိန်းနယ်၏အရှေ့အပိုင်းကိုလည်း သွားရောက်ဖို့ရန် ဘုရားသခင် သည် ကျွန်ုပ်အားလမ်းဖွင့်ပေးတော်မူလေသည်။ အစ်ကိုဝီလျံ၊ ဂျော်ဒန် သည် ကိစ္စတစ်ခုအတွက် အော်ရင်တန်မြို့သို့သွားရာတွင်သူ၏နှမလည်း လိုက်ပါသွားသဖြင့် ကျွန်ုပ်ကိုလည်း သူတို့နှင့်အတူလိုက်ရန် ခေါ်သွား ကြလေ၏။ ကိုယ်တော်လမ်းဖွင့်ပေးတော်မူသည့်အတိုင်း ကျွန်ုပ်သည် လျှောက်လိုက်ပါမည်ဟု ကတိထားတော်မူသည့်အတွက် ကျွန်ုပ်သည် သူတို့ကခေါ်သည်ကို မငြင်းဆန်လိုချေ။ ထိုအရပ်၌ သတင်းစကားကို ကြားပြောရာတွင်လည်း ဘုရားသခင်၏ ဝိညာဉ်တော်သည် ကျွန်ုပ်နှင့် အတူရှိတော်မူ၏။ လူများတို့သည်သမ္မာတရားကိုကြားရကြသောအခါ ဝမ်းမြောက်ကြ၍ စိတ်ပျက်ညှိုးငယ်နေသော သူများတို့သည်လည်း မိမိတို့၏ အသစ်သောယုံကြည်ခြင်းအတွက် အားရဝမ်းမြောက်လျက် စိတ်အားတက်လာကြလေ၏။

အော်ရင်တန်မြို့၌ ကျွန်ုပ်သည်ဆရာဂျိမ်း (စ်)ဝိုက်နှင့် တွေ့ဆုံပါ သည်။ သူသည် ကျွန်ုပ်၏မိတ်ဆွေများနှင့်ကောင်းစွာမိတ်ကျွမ်းဝင်ပါ သည်။ သူသည်လည်း ဝိညာဉ်ကယ်တင်ခြင်းအမှုကို ဆောင်ရွက်လျက် ရှိပါသည်။

ဘုရားသခင်က ကျွန်ုပ်အား ဖေါ်ပြတော်မူသော အရာများကို သက်သေခံ၍ အမှုတော်ကိုဆောင်ရွက်တိုင်း ဘုရားသခင်နှစ်သက်တော်မူကြောင်းကို သိရှိရပြီးနောက် များမကြာမီကျွန်ုပ်သည် ပေါ့တလန်မြို့သို့ ပြန်သွားလေ၏။

--*--

အခန်း ၁၂

## အိမ်ထောင်ပြုခြင်း၊ အတူတကွအမှုတော်ဆောင်ရွက်ခြင်း

၁၈၄၆ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင်ကျွန်ုပ်သည်ဆရာကြီး ဂျိမ်း(စ်) ဝှိုက်နှင့် အိမ်ထောင်ကျပါသည်။ ဆရာကြီးဝှိုက်သည် ကြွလာတော်မူခြင်းကိုမြော်လင့်သောအသင်းသားတို့၏ အလုပ်တွင်များစွာစိတ်ဝင်စားခဲ့သောသူဖြစ်၍ သမ္မာတရားတော်ကို ကြွေးကြော်ခြင်းအမှုများတွင်သူသည်ဘုရားသခင်ထံတော်မှကောင်းချီးမင်္ဂလာတော်များကိုခံစားခဲ့ရပေသည်။ ကျွန်ုပ်တို့သည်ကြီးကျယ်သောအမှုတော်ကိုဆောင်ရွက်ရာတွင်စိတ်သဘောချင်းတူမျှကြသဖြင့်အတူတကွခရီးသွားကြလျက် ဝိညာဉ်ကယ်တင်ရေးအတွက်အမှုဆောင်ရွက်ကြလေ၏။

### ဟုတ်မှန်ကြောင်းသက်သေခံချက်

၁၈၄၆ ခုနှစ်၊ နိုဝင်ဘာလတွင် မိန်းနယ်၊ တော့(ပစ) ဟမ်မြို့၌ပြုလုပ်သောစည်းဝေးတစ်ခုသို့ ကျွန်ုပ်ခင်ပွန်းနှင့်အတူ သွားရောက်ပါသည်။ ထိုအခါဆရာကြီး ဂျိုးဇက်ဘိတ်လည်းရှိလေသည်။ အထက်က ကျွန်ုပ်၏ ဗျာဒိတ်ရူပါရုံများတို့သည် ဘုရားသခင်ထံမှ ဟုတ်သည်ဟု သူသည်လုံးလုံးမယုံကြည်ချေ။ ထိုအစည်းအဝေးသည် အထူးသဖြင့်စိတ်ပါဝင်စားစရာကောင်းပေသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်အပေါ်သို့ဆင်းသက်တော်မူ၍ဘုရားသခင်၏ဘုန်းတော်နှင့်ပြည့်ဝသောဗျာဒိတ်ရူပါရုံကိုကျွန်ုပ်သည်မြင်ရလေ၏။ ထိုအခါပထမဦးဆုံး အခြားသောဂြိုဟ်များကိုလည်း မြင်ရပါသည်။ ကျွန်ုပ်ထံမှ ရူပါရုံသည် ကွယ်ပျောက်သွားသောအခါ ကျွန်ုပ်သည် မြင်ရသောအရာများအကြောင်းကိုလူများတို့အားပြောပြ၏။ ထိုနောက် ဆရာကြီးဘိတ်က ကျွန်ုပ်အားနက္ခတ်တာရာနှင့် အတတ်ပညာများကိုသင်ဖူးသလားဟု မေးပါသည်။ ဘယ်အခါမျှမဖတ်ဖူးကြောင်း ကျွန်ုပ်ကပြောပြပါသည်။ ထိုအခါသူက 'ဤအမှုသည်သခင်ဘုရားပြတော်မူသောအရာပင်ဖြစ်သည်" ဟုပြောဆို၏။ သူ၏မျက်နှာသည်ကောင်းကင်အလင်းရောင်ခြည်ကြောင့်တောက်ပလျက် သူသည်အသင်းတော်အား တန်ခိုးနှင့်နှိုးဆော်တိုက်တွန်းလေ၏။

'ရုပ်ပါရုံအကြောင်းနှင့်စပ်ဆိုင်၍ မိမိထင်မြင်သောအချက်များကို ဆရာကြီးဘိတ်သည်အောက်ဖေါ်ပြပါအတိုင်းဖေါ်ပြလေသည်။

'နတ်ကပါဠ်တော်နှင့်ဆန့်ကျင်ဘက်ဖြစ်သောအရာများ မဟုတ်နိုင်ကြောင်းကိုကျွန်ုပ်သိရှိသော်လည်း ကျွန်ုပ်သည်ထိတ်လန့်၍ အထူးသဖြင့်စုံစမ်းကြည့်ရှုပါသည်။ ၎င်းအမျိုးသမီးသည် ကြာရှည်စွာခွန်အားဆုတ်လျော့နေသည့် အတွက်ကြောင့် ထင်ရောင်ထင်မှား ပြောဆိုမိသည်ဟု ကျွန်ုပ်ထင်မြင်ခဲ့ပါသည်။"

'ထိုကြောင့်စည်းဝေးအပြင်ဘက်၌သူသည် ထိတ်လန့်ခြင်းကင်း၍သတိကောင်းစွာရရှိနေစဉ်အခါ အခြားသူများရှေ့တွင်သူ့အားလည်းကောင်း၊ သူနှင့်အတူလိုက်နေသောသူ၏မိတ်ဆွေများ၊ အထူးသဖြင့်သူ၏အစ်မအားလည်းကောင်း အမှန်ကိုသိရှိရန် စုံစမ်းမေးမြန်းရန်ကြိုးစားခဲ့ပါပြီ။ နယူးဘက်ဖေါ့မြို့နှင့် ဖဲရာဟေဗင်မြို့သို့ သူသည် ရောက်ခဲ့၍ကျွန်ုပ်တို့၏အစည်းအဝေးများကို တက်ရောက်သောအခါ၌ သူသည် ရုပ်ပါရုံများကို မကြာခဏ တွေ့ကြုံခဲ့ကြောင်းကို ကျွန်ုပ်သိမြင်ရပါသည်။ ၎င်းပြင်မိန်းနယ်တော့(ပစ) ဟမ်မြို့၌လည်းမြင်ရပါသေးသည်။ ဤအခါများတွင် သူပြမူသောအရာများ၊ ပြောဆိုသောစကားများမှာလိမ်လည်လှည့်ဖြားခြင်းလော၊ သို့မဟုတ် စိတ်ညို့ခြင်းအတတ်နှင့် သက်ဆိုင်သလောဟုသိရှိရန် စုံစမ်းသောသဘောနှင့်သူ့အားအထူးစိတ်ပါစွာနှင့်ဂရုစိုက်လျက်၊ သူ၏စကား အပြောအဆို၊ အပြုအမူများကို အသေအချာနားထောင်၊ ကြည့်မှတ်ခဲ့ပါသည်။ ဤအမှုအရာများကိုအခြားသောသူများရှေ့တွင် တွေ့မြင်ရသောအခွင့်များကို ရရှိသည့်အတွက် ဘုရားသခင်အား ကျေးဇူးတင်ပါသည်။ ယခုကျွန်ုပ်သည်ယုံကြည်လျက်ပြောဆိုပါသည်။ ယခုဖြစ်ပျက်သောအမှုကိစ္စတို့သည် ဘုရားသခင်၏အလိုတော်ကြောင့်ဖြစ်၍ ပျောက်လွင့်ပျက်စီးနေသောမိမိ၏လူများတို့အားစိတ်သက်သာစေ၍ ခွန်အားနှင့်ပြည့်စုံစေခြင်းငှါဘုရားသခင်သည် ဤအမှုအရာများကို ချပေးတော်မူကြောင်းကိုကျွန်ုပ်ယုံကြည်ပါသည်။

--*--

## အခန်း ၁၃

## ပုံနှိပ်ဖို့ရန်အစပြုခြင်း

မက်စချူးစက်နယ်၊ ဒေါ်ချက်စကားမြို့၌ ၁၈၄၈ ခုနှစ်၊ နိုဝင်ဘာလတွင်ပြုလုပ်သောစည်းဝေး၌အခြားသောရူပါရုံတစ်ခုကို မြင်ရပြန်လေသည်။ ထိုရူပါရုံ၌တံဆိပ်တော်နှိပ်ခြင်းသတင်းတရား (၁)ကို ကြေငြာဖို့ရန်အကြောင်းနှင့် အသင်းတော်သားများတို့၌ မိမိတို့၏ လမ်းခရီးတွင် ထွန်းတောက်သောအလင်းတရားအကြောင်းကို ပုံနှိပ်ထုတ်ဝေရန်တာဝန်ရှိကြောင်းဖေါ်ပြပါသည်။

ရူပါရုံကွယ်ပျောက်သွားသောအခါ ကျွန်ုပ်သည်ကျွန်ုပ်၏ခင်ပွန်းအားပြောပြသည်မှာ၊....."ကျွန်ုပ်မှာပြောစရာသတင်းစကားတစ်ခုရှိပါသည်။ သတင်းစာကလေးတစ်ခုကိုပုံနှိပ်၍လူများတို့အားဝေငှပေးရလိမ့်မည်။ ပထမ၌ငယ်သောစာရွက်ကလေးဖြစ်ပါစေ။ လူများတို့သည် ၎င်း

(၁) မှတ်ချက်။ ဤအချက်သည် ဗျာဒိတ်ကျမ်း ၇ တွင်ပါရှိသော အနာဂတ္တိစကားနှင့် သက်ဆိုင်ပေသည်။ ၎င်းအချက်တွင် ခရစ်တော် ဒုတိအကြိမ် ကြွလာတော်မမူမီ ပုရောဖက်တွေ့မြင်ရသောအဖြစ်အပျက်တို့အကြောင်းနှင့်ဆိုင်သောရူပါရုံများကို ဖေါ်ပြထားပါသည်။ စစ်တိုက်ခြင်း၊ စစ်ပြိုင်ခြင်း တည်းဟူသောလေသည် ကမ္ဘာမြေကြီးပေါ်တွင် တိုက်ခတ်မည်ပြုစဉ် ဘုရားသခင်၏ကျွန်တို့ကို နဖူး၌တံဆိပ်မခတ်မီတိုင်အောင်လေကိုမလာစေခြင်းငှါ တားမြစ်သောအသံတစ်ခုကိုကောင်းကင်ကကြားရလေသည်။ ဘုရားသခင်၏ ပညတ်တော်နှင့်ဆိုင်သောတံဆိပ်သည်စတုတ္ထပညတ်တွင်တွေ့ရှိရပါသည်။ ပညတ်တော်ဆယ်ပါးတွင်၎င်းပညတ်တော်၌သာ ပညတ်တော်ကိုပေးတော်မူသောထာဝရဘုရား၏နာမတော်၊ အာဏာတော်၊ ပိုင်ဆိုင်တော်မူသော အခွင့်တန်ခိုးတော်များအကြောင်းကိုဖေါ်ပြထားပါသည်။ ထို့ကြောင့်မမဝိုက်ဖေါ်ပြသည့်အတိုင်း တစ်ကမ္ဘာလုံးပျံ့နှံ့အောင် မှန်သောဥပုသ်တော်နှင့်ဆိုင်သော တရားတော်ကို ဟောပြောကြွေးကြော်ခြင်းသည် တံဆိပ်ခတ်ခြင်းသတင်းပင်ဖြစ်ပေသည်။

ကိုဖတ်ရကြသောအခါ ပုံနှိပ်ဖို့ရန်အတွက် သူတို့ကငွေများကို ပေးကြပါလိမ့်မည်။ ပထမဦးစွာကပင်ဤအမှုသည် အောင်မြင်ပါလိမ့်မည်။ ဤငယ်သောအမှုအရာကလေးကအစပြု၍ ၎င်းသည် တစ်ကမ္ဘာလုံးကို လွှမ်းမိုးသွားသောအလင်းရောင်ခြည်များကဲ့သို့ ကြီးကျယ်သွားလိမ့်မည်ဖြစ်ကြောင်းကို ကျွန်ုပ်သည်ရူပါရုံတွင်မြင်ရပါသည်။"

၁၈၄၉ ခုနှစ်၊ နွေကာလအခါတွင်ကွန်နက်တိကတ်မြို့၌ကျွန်ုပ်တို့ရှိနေကြစဉ်ခေတ်ကာလနှင့်စပ်ဆိုင်သောသမ္မာတရား (Present Truth) ကိုရေးသား၍ ပုံနှိပ်ထုတ်ဝေဖို့ရန် အချိန်ကျရောက်ပြီဟု ကျွန်ုပ်၏ခင်ပွန်းသည်များစွာစိတ်စွဲလမ်းလျက်ရှိ၏။ သူသည်ဤအမှုကိုပြုလုပ်ရန်ဆုံးဖြတ်ပြီးသောအခါသူသည်များစွာပင်စိတ်အားတက်လာ၍ကောင်းချီးမင်္ဂလာကို ခံစားရပါသည်။ သို့ရာတွင်သူ၌ပိုက်ဆံကြေးငွေမရှိသဖြင့် တစ်ဖန်ယုံမှားခြင်းဖြစ်လျက်စိတ်ရှုပ်ထွေးလာပါသည်။ ပိုက်ဆံကြေးငွေအတော်အတန်ရှိသောသူများရှိကြသော်လည်းသူတို့၌ထောက်ပံ့လိုသောစိတ်မရှိကြ။ ထိုကြောင့်နောက်ဆုံး၌သူသည်စိတ်ပျက်ခြင်းနှင့်ထိုအကြံအစည်ကိုစွန့်လိုက်၍မြက်များကိုရိတ်ရန်မြက်ခင်းတစ်ခုကို လိုက်လံရှာဖွေဖို့ဆုံးဖြတ်လေ၏။

သူသည် အိမ်မှထွက်သွားသောအခါ ကျွန်ုပ်အပေါ်၌ တာဝန်တစ်ခုသည် ရောက်လာ၍ ကျွန်ုပ်သည် မေ့မြောသွားလေ၏။ ကျွန်ုပ်အတွက်ဆုတောင်းကြ၍ ကျွန်ုပ်သည် ကောင်းချီးမင်္ဂလာကို ခံစားရပြီးလျှင် ရူပါရုံတစ်ခုကို မြင်ရပြန်လေ၏။ သခင်ဘုရားသည် ကျွန်ုပ်၏ခင်ပွန်းအားမြက်ခင်းတွင် လွန်ခဲ့သောတစ်နှစ်အတွင်းအလုပ်လုပ်ကိုင်ဖို့ ကောင်းချီးပေးလျက် ခွန်အားကို ချပေးတော်မူခဲ့ပြီ။ ၎င်းပြင် သူသည် ဤအလုပ်အားဖြင့် ရသောအခကို နေရာတကျအသုံးချခဲ့ပြီ။ ထို့ပြင် သူသည် ဤအသက်တာ၌အဆတစ်ရာသောအကျိုးကိုခံစားရ၍ အဆုံးတိုင်အောင်သစ္စာစောင့်လျှင် ဘုရားသခင်၏နိုင်ငံတော်တွင် များစွာသောဆုကျေးဇူးတော်ကို ခံစားရလိမ့်မည်။ သို့ရာတွင် ယခုသူ၌ အခြားသောအလုပ်တစ်ခုလုပ်ဖို့ရန်ရှိပေသည်။ ၎င်းပြင်မြက်ခင်းထဲတွင် အလုပ်လုပ်ရန်ကြံစည်ပါလျှင် အဖျားရောဂါအားဖြင့် အသက်ဆုံးလိမ့်မည်။ သို့ရာတွင်သူသည်သမ္မာတရားများကိုရေးလျက်ရေးလျက်နေ၍ယုံကြည်ခြင်းနှင့်

ချောက်လိုက်ရလိမ့်မည်ဟု ရူပါရုံတွင်တွေ့မြင်ရပါသည်။ ထို့ကြောင့်သူသည်ချက်ချင်းသမ္မာတရားကို ရေးစပြုလေ၏။ ခက်ခဲသောအချက်များကို တွေ့ကြုံလာသောအခါ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အမှုတော်နှင့်စပ်ဆိုင်သောအရာ၏အဓိပ္ပါယ်ကို မှန်ကန်စွာသိနားလည်မည်အကြောင်း ဘုရားသခင်ထံတော်၌ အတူတကွ ဆုတောင်းကြလေသည်။

## The Present truth ခေါ်ခေတ်ကာလနှင့်ဆိုင်သော သမ္မာတရားကိုဖေါ်ပြသောသတင်းစာ

ဇူလိုင်လတွင် တစ်နေ့သ၌ကျွန်ုပ်၏ခင်ပွန်းသည် မစ်ဒလ်တောင်းမြို့မှ သူ၏နံပါတ်တစ် သတင်းစာစောင်ရေတစ်ထောင်ကိုယူလာလေ၏။ ဤအလုပ်အတွက် စီစဉ်နေစဉ် သူသည်ရှစ်မိုင်ဝေးသော မစ်ဒလ်တောင်းမြို့သို့အသွားအပြန် အခေါက်ပေါင်းများစွာ ခြေကျင်ခရီးသွားခဲ့ရလေသည်။ သို့သော် ဤနေ့၌ သူသည် မစ္စတာဘယ်လ်ဒင်၏မြင်းရထားကို ငှါးလျက် သတင်းစာများကိုတင်၍ အိမ်သို့ယူဆောင်လာလေ၏။

အဖိုးထိုက်သောပုံနှိပ်ပြီးသားစာရွက်များကိုအိမ်ထဲသို့ယူဆောင်ပြီး ကြမ်းပေါ်တွင်ချထားပြီးနောက် စိတ်ပါဝင်စားသောသူ အချို့တို့ကို စုရုံးစေလျက် စာရွက်များပတ်လည်တွင် ဒူးထောက်၍ သမ္မာတရားအကြောင်းကိုပုံနှိပ်ထားသည့် ဤစာရွက်များအပေါ်၌ကောင်းချီးမင်္ဂလာတော်ကို ချပေးတော်မူပါမည့်အကြောင်း နှိမ့်ချသောစိတ်သဘောနှင့် မျက်ရည်များစွာလျက် သခင်ဘုရားအားတောင်းလျှောက်ကြလေ၏။

ကျွန်ုပ်တို့သည်စာရွက်များကိုခေါက်၍ကျွန်ုပ်၏ခင်ပွန်းသည် ၎င်းတို့ကိုစက္ကူနှင့်ပတ်လျက် ၎င်းတို့ကိုဖတ်မည်ဟု ထင်ရသောသူတို့၏ လိပ်စာများကိုရေးပြီးနောက် အိတ်တစ်ခုတွင်ထည့်လျက် မစ်ဒလ်တောင်းမြို့ရှိစာတိုက်သို့ခြေကျင်ယူဆောင်သွားလေ၏။

ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလတွင် သတင်းစာနံပါတ်၊ ၁၊၂၊၃၊၄ ကို ဖစ်ဒလ်တောင်းမြို့တွင် ပုံနှိပ်သည်။ တစ်စောင်လျှင် စာမျက်နှာရှစ်မျက်နှာရှိ၏။ (စာရွက်များ၏အရွယ်များမှာကိုးလက်မခွဲနှင့် ခြောက်လက်မဖြစ်၏။)

အစဉ်သဖြင့် သတင်းစာများကိုမပို့မီ ၎င်းတို့ကိုသခင်ဘုရား၏ ရှေ့တွင်ချထား၍ ကိုယ်တော်၏ ကောင်းချီးမင်္ဂလာသည် အသံမထွက်သောစေတမန်ဖြစ်သည် ဤသတင်းစာများပေါ်၌ သက်ရောက်တော်မူပါမည့်အကြောင်း စိတ်ပါစွာနှင့်မျက်ရည်ကျလျက် ဆုတောင်းကြလေသည်။ နံပါတ်တစ်သတင်းစာကိုပို့ပြီးနောက် များမကြာမီ သတင်းစာများကိုဆက်လက်၍ ရိုက်နှိပ်ထုတ်ဝေဖို့ရန် ထောက်ပံ့သောငွေများနှင့် တကွစာများကိုရရှိကြပါသည်။ ၎င်းပြင် များစွာသော လူများတို့သည် သမ္မာတရားကိုနှစ်သက်ခံယူကြသည်ဆိုသော သတင်းကောင်းများကိုလည်းကျွန်ုပ်တို့ကြားရကြပါသည်။

ဤပုံနှိပ်ထုတ်ဝေခြင်းအလုပ်ကိုအစပြု၍ လုပ်ဆောင်သော်လည်း သမ္မာတရားတော်ကို ဟောပြောခြင်း အလုပ်ကိုလည်း မရပ်မနားဘဲ တစ်နေရာကတစ်နေရာသို့ ခရီးသွားလျက်ကျွန်ုပ်တို့အားကြီးကျယ်သော အလင်းနှင့်ဝမ်းမြောက်ခြင်းအခွင့်ကို ပေးသောသမ္မာတရားကို ကြွေးကြော်၍ယုံကြည်သောသူတို့အား တိုက်တွန်းအားပေးလျက် မှားသော အရာများကိုပြုပြင်ပြီးလျှင် အသင်းတော်၌ နေရာတကျရှိရလေအောင် စီမံပြုလုပ်ကြပါသေးသည်။ စာစောင်များကိုလည်း ပြတ်စဲခြင်းမရှိဘဲ ဆက်လက်ရိုက်နှိပ်လျက်အရပ်ရပ်တွင်လည်းတရားတော်ကိုဆက်လက်၍ ဟောပြောနိုင်မည်အကြောင်း သတင်းစာများကို မကြာခဏနေရာ ပြောင်း၍ရိုက်နှိပ်ထုတ်ဝေရလေသည်။

## **The Review and Herald** ခေါ်ကြွလာခြင်းနှင့်ဥပုသ် အကြောင်းကြွေးကြော်သောသတင်းစာ

၁၈၅၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ဤသတင်းစာကိုမိန်းနယ်၊ ပယ်ရစ်မြို့တွင်ပုံနှိပ်လေသည်။ ဤနေရာ၌၎င်းသတင်းစာကို အထက်ကထက်စာမျက်နှာများလာ၍ကြီးလာအောင်ချဲ့ထွက်ပါသည်။ ၎င်းပြင် "ကြွလာခြင်းနှင့်ဥပုသ်အကြောင်း ကြွေးကြော်သောသတင်းစာ" ဟုယခုထက်တိုင်အသုံးပြုနေသော အမည်နာမသို့ ပြောင်းလိုက်လေသည်။ ကျွန်ုပ်တို့သည်အစ်ကိုတစ်ဦး၏အိမ်တွင် ထမ်းငှားလခပေး၍ နေထိုင်ခဲ့ရ

ကြပါသည်။ သတင်းစာများကို ဆက်လက်ရိုက်နှိပ်မည်အကြောင်း ကျွန်ုပ်တို့သည်အစားအသောက်အနေအထိုင်တို့တွင် ချွေတာသုံးစွဲကြပါသည်။ ကျွန်ုပ်တို့ကဲ့သို့ယုံကြည်သောမိတ်ဆွေများသည် အလွန်နည်း၍လောကတွင်ငွေကြေးနှင့်ပတ်သက်၍ ဆင်းရဲသောသူများဖြစ်ကြသည်။ ဝင်းပြင် ကျွန်ုပ်တို့သည်လည်း ဆင်းရဲကြလျက် များစွာစိတ်ပျက်ခြင်းနှင့်တွေ့ကြုံရကြလေသည်။ ကျွန်ုပ်တို့၌ စိုးရိမ်ကြောင့်ကြခြင်းများစွာရှိသဖြင့်အတော်ညဉ့်နက်သည်တိုင်အောင် ထိုင်လျက် အလုပ်လုပ်ကြပါသည်။ တစ်ခါတစ်ရံ သန်းခေါင်ကျော်နှစ်နာရီ၊ သုံးနာရီတိုင်အောင် အကြမ်းပုံနှိပ်စာရွက်များ ဖတ်လျက်အမှားများကိုပြင်ရလေသည်။

အလွန်အမင်းအလုပ်လုပ်ခြင်း၊ များစွာစိုးရိမ်ကြောင့်ကြခြင်း၊ ပူပန်ခြင်း၊ သင့်လျော်၍အာဟာရဖြစ်စေသော အစားအစာများကို လုံလောက်စွာမသုံးဆောင်ရခြင်း၊ ဆောင်းအခါခရီးဝေးသွားရာတွင် အအေးမိခြင်းအတွက် ကျွန်ုပ်၏ခင်ပွန်းသည် မခံမရပ်နိုင်အောင် တာဝန်ကိုဆောင်ရွက်နေရသဖြင့် မမာမကျန်းဖြစ်လာလေ၏။ သူသည် အလွန်ပင် အားနည်းလာသောကြောင့် စာပုံနှိပ်တိုက်ကိုပင် မသွားနိုင်တော့ချေ။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းရှိမရှိစုံစမ်းခြင်းကိုအထူးပင်ခံရကြလေပြီ။ ကျွန်ုပ်တို့သည်ဆင်းရဲဒုက္ခနှင့်ပင်ပန်းသောအလုပ်များတွင် သည်းခံလျက်စိတ်ပါစွာနှင့်အမှုတော်ကို ဆောင်ရွက်ခဲ့ကြသော်လည်း ကျွန်ုပ်တို့၏အကြံအစည် အလုပ်အကိုင်များကို အခြားသောသူများက တလွဲထင်မှတ်လျက် ကျွန်ုပ်တို့ကိုမယုံသင်္ကာဖြစ်ကြပြီးလျှင် မနာလိုပြုစုကြလေသည်။ အနည်းငယ်သောသူများတို့သာ ကျွန်ုပ်တို့၏အလုပ်ကိုသဘောကျနှစ်သက်ကြပါသည်။

ကျွန်ုပ်တို့သည် ကောင်းစွာအိပ်ဖို့ အခွင့်များစွာ မရကြချေ။ ခွန်အားရှိဖို့ရန်အိပ်ဖို့ သင့်သောအချိန်များတွင် ကျွန်ုပ်တို့အား မနာလိုသောသဘောနှင့်ပြောဆိုရေးသားသောအရာများကိုဖြေဆိုရန်ရေးသားလျက် နေရကြပါသည်။ အခြားသောလူများ အိပ်ပျော်နေကြသော

အချိန်တွင် ကျွန်ုပ်တို့သည် သခင်ဘုရား၏ရှေ့တော်တွင် ပူဆွေးခြင်းနှင့် မျက်ရည်ကျလျက် ဆုတောင်းနေကြပါသည်။ နောက်ဆုံး၌ကျွန်ုပ်၏ ခင်ပွန်းက 'ဤအလုပ်ကိုဆက်လက်လုပ်ကိုင်ဖို့အကျိုးမရှိ။ ဤအလုပ် များအတွက်ကြောင့်ငါဒုက္ခရောက်လှပြီ၊ ကြာလျှင်ငါသေသွားရလိမ့်မည်။ ငါဆက်လက်ပြီးမလုပ်နိုင်တော့ဘူး။ ဤသတင်းစာကို ဆက်လက်ပြီး မရိုက်တော့ဘူးဟုစာတစ်စောင်ကိုငါရေးထားပြီးပြီ" ဟုပြောဆိုလေ၏။ သူသည်သတင်းစာတိုက်သို့စာကိုပေးရန် တံခါးပေါက်ဝမှထွက်သွား သောအခါ ကျွန်ုပ်သည် မေ့မြောသွားပါသည်။ သူသည် ပြန်လာ၍ ကျွန်ုပ်အတွက် ဆုတောင်းပေးပါသည်။ ဘုရားသခင်သည် သူ၏ဆု တောင်းခြင်းကိုနားညောင်းတော်မူ၍ ကျွန်ုပ်သည် သက်သာခွင့်ရပါ သည်။

နောက်တစ်နေ့နံနက်တွင် အိမ်ထောင်ပတ္ထနာစည်းဝေး၌ ကျွန်ုပ် သည်ရူပါရုံကိုမြင်ရပြန်၍ ဤအမှုကိစ္စများအကြောင်းနှင့်စပ်ဆိုင်သော အရာများကိုတွေ့မြင်ရပါသည်၊ ကျွန်ုပ်၏ခင်ပွန်းသည် သတင်းစာရိုက် နှိပ်ထုတ်ဝေခြင်းအလုပ်ကိုမစွန့်ပစ်ရ။ စာတန်သည်မိမိ၏ကိုယ်စားလှယ် များအားဖြင့် သူ့အား ဤကဲ့သို့ပြုလုပ်ဖို့ရန် သွေးဆောင်လျက်နေပါ သည်။ ကျွန်ုပ်တို့သည်၎င်းကိုဆက်လက်ရိုက်နှိပ်ရမည်။ ၎င်းပြင်ဘုရား သခင်သည် ကျွန်ုပ်တို့ကိုစောင်မတော်မူမည်ဟု ရူပါရုံတွင်တွေ့မြင်ရလေ သည်။

များမကြာမီ အနယ်နယ်တွင်အစည်းအဝေးများ ပြုလုပ်ဖို့ရန် ဖိတ်ကြားစာများရရှိ၍ မက်စချူးစက်နယ်၊ ဘော့စတန်မြို့၊ ကွန်နက်တိ ကတ်နယ်၊ ရော့ကီးဟီးလ်မြို့၊ နယူးယောက်နယ်၊ ကမ်ဒင်မြို့နှင့် ဝက်(စတ)မီလ်တန်မြို့များတွင် အစည်းအဝေးများသို့သွားရောက်ရန် ဆုံးဖြတ်ကြပါသည်။ ဤစည်းဝေးများ၌အမှုဆောင်ရွက်ခဲ့ရ၍ အတော် ပင်ပန်းကြပါသည်။ သို့ရာတွင်နှံ့ပြားနေသော အသင်းတော်သားများ အတွက်အလွန်အကျိုးရှိသောအစည်းအဝေးများဖြစ်ကြပါသည်။

## နယူးယောက်နယ်၊ ရိုချက်စတားမြို့၌

၁၈၅၂ ခုနှစ်၊ ဧပြီလတွင် ကျွန်ုပ်တို့သည် အလွန်စိတ်ပျက်စရာကောင်းသောအခြေအနေနှင့်နယူးယောက်နယ်၊ ရိုချက်စတားမြို့သို့ပြောင်းရွှေ့သွားကြပါသည်။ ကျွန်ုပ်တို့သည်မည်သည့်အမှုကိုမဆိုပြုလုပ်တိုင်းယုံကြည်ခြင်းနှင့်ပြုလုပ်ကြပါသည်။ ကျွန်ုပ်တို့သည်ဆင်းရဲဒုက္ခရောက်လျက်ပင်ရှိကြသေးသည့်အတွက် အထူးသဖြင့်ချွေတာသုံးစွဲ၍အလွန်ပင်ခြိုးခြံကြရပါသည်။ ၁၈၅၂ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့က အစ်ကိုဟောလန်ထံသို့ ရေးသားလိုက်သောစာထဲမှာအချုပ်စကားကို ကျွန်ုပ်ဖော်ပြပါသည်။

'ကျွန်ုပ်တို့သည် ယခု ရိုချက်စတားမြို့၌နေထိုင်ရန် ရောက်လာကြပါသည်။ ဟောင်းသောအိမ်တစ်ဆောင်ကိုတစ်နှစ်အတွက်ငွေ ၅၀၀ လောက်နှင့်ငှါးရပါသည်။ ကျွန်ုပ်တို့သည် အိမ်၌စာပုံနှိပ်စက်တစ်ခုကိုဝယ်ထားပါသည်။ ဤအရာမရှိခဲ့ပါမူ အလုပ်ခန်းတစ်ခုအတွက်တစ်နှစ်လျှင်ငွေ ၁၅၀ လောက်ကုန်ကျလိမ့်ဦးမည်။ ကျွန်ုပ်တို့၏ အိမ်ထောင်ပရိဘောဂများကိုမြင်လျှင် သင်ရယ်ချင်လိမ့်မည်။ ကျွန်ုပ်တို့သည်ခုတင်အဟောင်းနှစ်လုံးကိုတစ်လုံးလျှင်သုံးမတ်စီနှင့်ဝယ်ရလေသည်။ ကျွန်ုပ်၏ခင်ပွန်းသည် တစ်ခုနှင့်တစ်ခုမတူသော ကုလားထိုင်ခြောက်ခုကိုငွေ ၃ ကျပ်ပေး၍ဝယ်ခဲ့ပါသည်။ ၎င်းပြင်ထိုင်စရာအခင်းမရှိသော ကုလားထိုင်အဟောင်းလေးလုံးကိုငွေ ၂ ကျပ်ပေး၍ ဝယ်ခဲ့ပြန်၏။ ၎င်းတို့မှာသစ်သားဘောင်များခိုင်ခံ့၍ ထိုင်စရာနေရာတွင် ရွက်ထည်ဖျင်ကိုခင်းလျက်ထိုင်ရပါသည်။ ထောပတ်သည်အလွန်ဈေးကြီး၍ ကျွန်ုပ်တို့ဝယ်မစားနိုင်ကြပါ။ အာလူးများကိုလည်းမဝယ်နိုင်။ ကျွန်ုပ်တို့သည်ထောပတ်အစားချဉ်ရည်နှင့်အာလူးအစား မုန်လာဥဝိုင်းကို အသုံးပြုရကြပါသည်။ ဂျုံထည့်သောစည်လွတ်နှစ်ခုပေါ်တွင် ပျဉ်ပြားတစ်ချပ်ကိုတင်၍ ၎င်းအပေါ်တွင် ကျွန်ုပ်တို့ပထမဦးစွာ ထမင်းစားရကြပါသည်။ ဘုရားသခင်၏အမှုတော်သည်ကြီးပွားနိုင်လျှင် ကျွန်ုပ်တို့သည် ဒုက္ခခံကြပါမည်။ ကျွန်ုပ်တို့ ဤနေရာသို့လာရောက်ကြရာ၌ ဘုရားသခင်၏လက်

တော်သည် ကျွန်ုပ်တို့ကိုစောင်မတော်မူသည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ အမှုတော်ဆောင်ရွက်ရန်နေရာသည် အလွန်ကျယ်ဝန်းသော်လည်း လုပ်ဆောင်သောသူနည်းပါသည်။ လွန်ခဲ့သောဥပုသ်နေ့က ကျွန်ုပ်တို့၏စည်းဝေး၌လူအများလာရောက်ကြပါသည်။ သခင်ဘုရားသည် မိမိကိုယ်တော်တိုင်လာရောက်တော်မူခြင်းဖြင့် ကျွန်ုပ်တို့အားခွန်အားအသစ်ကိုချပေးတော်မူပါသည်။

ကျွန်ုပ်တို့သည် ရိုချက်စတားမြို့၌ များစွာသော စိတ်ပျက်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ ခက်ခဲခြင်းနှင့်အမှုတော်ကိုဆောင်ရွက်ရကြပါသည်။ မြို့ပေါ်တွင် ကာလဝမ်းရောဂါဖြစ်နေသည့်အတွက် တစ်ညလုံးလိုလိုပင်လူအလောင်းများကိုမောင့်ဟုတ်(ပ်) သင်္ချိုင်းသို့ယူဆောင်သွားရသောရထားများ၏အသံများကိုလမ်းများပေါ်မှကြားရကြပါသည်။ ဤရောဂါသည် ဆင်းရဲသော သူများတို့၌သာဖြစ်ပေါ်လာသည်မဟုတ်။ သူဌေး၊ သူဆင်းရဲမရွေး လူအစားစားတို့အပေါ်၌သက်ရောက်ပါသည်။ အလွန်ပင်ကျွမ်းကျင်သောဆရာဝန်ကြီးများပင်ရောဂါကြောင့်သေဆုံး၍ မောင့်ဟုတ်(ပ်) သင်္ချိုင်းသို့ပို့ရလေသည်။ ကျွန်ုပ်တို့သည် ရိုချက်စတားမြို့၏လမ်းများတွင်လျှောက်သွားသောအခါ လမ်းကွေ့တိုင်းမှာလိုပင်လူသေအလောင်းများကိုထည့်ရန် ထင်းရှူးသားနှင့်လုပ်သော ခေါင်းများနှင့်ရထားများကိုတွေ့ဆုံရကြပါသည်။

ကျွန်ုပ်တို့၏သားကလေးအက်(ဒ်)ဆန်သည် ဝမ်းရောဂါဖြစ်၍ သူ့အားနာမည်ကျော်သောဆရာဝန်ထံသို့ခေါ်သွားရပါသည်။ ကျွန်ုပ်သည် သူ့အားလက်ထဲတွင်ပိုက်ပွေ့လျက် သခင်ယေရှု၏နာမတော်ဖြင့်ရောဂါကိုဆုံးမပါသည်။ ချက်ချင်းသူသည်သက်သာလာပါသည်။ သူ့အားကျန်းမာစေရန် အခွင့်ပေးတော်မူပါမည့်အကြောင်းဆုတောင်းရန်အစပြုလိုက်သောအခါ သုံးနှစ်သားအရွယ်ရှိသော ထိုကလေးသည်အံ့ဩသောလက္ခဏာနှင့်မျှော်ကြည့်လျက်သူတို့ထပ်မံ၍ဆုတောင်းဖို့မလိုတော့ပါ။ သခင်ဘုရားသည် ကျွန်တော့်အား ကျန်းမာစေတော်မူပြီ" ဟုပြောဆိုလေ၏။ သူသည် အလွန်အားနည်း၏။ သို့ရာတွင် ရောဂါ

သည်ထူးခြားခြင်းမရှိချေ။ သူသည်လည်း ခွန်အားဆုတ်လျော့လျက် ရှိ၏။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းရှိမရှိစုံစမ်းခြင်းကိုခံရကြသေးသည်။ သုံးရက်ပတ်လုံး သူသည်ဘာမျှမစားနိုင်ချေ။

## စာရေးလျက်ခရီးသွားခြင်း

နယူးယောက်နယ်၊ ရိုချက်စတားမြို့မှစ၍မိန်းနယ်၊ ဘန်ဂိုမြို့အထိ စပ်ကြားတွင်ရှိသောအရပ်များသို့နှစ်လအတွင်းသွားရောက်ရန်ချိန်းချက်ထား၍ ကျွန်ုပ်တို့သည် ၎င်းခရီးတွင်အမိုးပါသောမြင်းလှည်းနှင့်သွားရကြပါသည်။ ၎င်းရထားကိုဆွဲရန် ဗာမောင့်နယ်မှ အသင်းသားများက ချာလီအမည်ရှိသောမြင်းတစ်ကောင်ကိုကျွန်ုပ်တို့အားပေးထားပါသည်။ အလွန်ရောဂါပြင်းထန်နေသောအခါ၌ကလေးကို ကျွန်ုပ်တို့သည်မထားခဲ့ဝံ့ချေ။ သို့ရာတွင် အဆိုးဆုံးသောအခြေအနေသို့မရောက်လျှင် ခရီးသွားဖို့ရန်ဆုံးဖြတ်လျက်ရှိလေ၏။ ပထမဦးစွာ ချိန်းဆိုထားသောနေရာသို့အချိန်နှင့်ရောက်ရန် ကျွန်ုပ်တို့သည် နှစ်ရက်လောက်တွင်ခရီးကိုအစပြုရကြမည်။ ကျွန်ုပ်တို့သည်အဖြစ်အပျက်ကိုသခင်ဘုရားအားလျှောက်ထားကြလျက် ကလေးသည် အစာစားလိုသောဆန္ဒရှိလာလျှင် ကျွန်ုပ်တို့သည် ခရီးထွက်ဖို့သင့်သည်ဟု ဆုံးဖြတ်ကြလေသည်။ ပထမနေ့တွင် ကလေး၌ဘာမျှထူးခြားခြင်းမရှိချေ။ သူသည်အစာအနည်းငယ်ကိုမျှမသုံးဆောင်နိုင်ချေ။ နောက်တစ်နေ့မွန်းတည့်အချိန်လောက်တွင် သူသည် စွပ်ပြုတ်ကိုသောက်နိုင်၍အနည်းငယ်ခွန်အားရှိလာလေ၏။

ထိုနေ့မွန်းလွဲအချိန်တွင် ကျွန်ုပ်တို့သည် ခရီးအစပြု၍ထွက်ကြ၏။ လေးနာရီလောက်ကျသောအခါ ကျွန်ုပ်သည် မမာနေသောကလေးကို ခေါင်းအုံးပေါ်တွင်တင်ထား၍ ကျွန်ုပ်တို့သည်မိုင်နှစ်ဆယ်ခန့်ဝေးသော ခရီးကိုသွားကြ၏။ ထိုည၌ကလေးသည်အလွန်ပင်လန့်၍ ကောင်းစွာမအိပ်နိုင်သဖြင့် ကျွန်ုပ်သည် သူ့အား တစ်ညလုံးလက်ထဲတွင်ပိုက်ပွေ့ထားရပါသည်။

နောက်တစ်နေ့ နံနက်၌ ကျွန်ုပ်တို့သည် ရိုချက်စတားမြို့သို့ ပြန်သွားရမည်လား၊ သို့မဟုတ်ဆက်လက်ခရီးသွားရမည်လားဟုတိုင်ပင်ကြ

ပါသည်။ ကျွန်ုပ်တို့ဝင်ရောက်တည်းခိုသောအိမ်တွင်ရှိအိမ်သူအိမ်သား များအားလုံးက ကျွန်ုပ်တို့ခရီးဆက်လက်သွားလျှင် ကလေးကိုလမ်းတွင် မြှုပ်ရလိမ့်မည်ဟု ထင်မြင်ရကြပါသည်။ သို့ရာတွင် ကျွန်ုပ်သည်ရှိချက် စတားမြို့သို့ပြန်မသွားဝံ့ချေ။ ကျွန်ုပ်တို့ခရီးမသွားရအောင်စာတန်သည် တားမြစ်ရန်ကလေးအား ဒုက္ခရောက်စေသည်ဟုကျွန်ုပ်တို့ထင်ကြသည်။ ထိုကြောင့် ကျွန်ုပ်တို့သည် စာတန်သွေးဆောင်ရာသို့မလိုက်မပါဝံ့ကြ ချေ။ ကျွန်ုပ်ကကျွန်ုပ်၏ခင်ပွန်းအား 'ကျွန်ုပ်တို့ပြန်သွားလျှင် ကလေး သေလိမ့်မည်ဟုထင်ရပါသည်။ ကျွန်ုပ်တို့ခရီးဆက်လက်သွားလျှင်လည်း သေမည်ဟု ထင်ရပါသည်။ သို့သော် သခင်ဘုရား၌ ယုံကြည်အားကိုး လျက် ခရီးဆက်လက်သွားကြစို့" ဟုပြောပြ၏။

ကျွန်ုပ်တို့သည်မိုင်တစ်ရာဝေးသောခရီးကို နှစ်ရက်အတွင်းသွား ရကြလိမ့်မည်။ သို့ရာတွင် ဤကဲ့သို့ဘေးဒုက္ခကြီးစွာရောက်နေသောအခါ ၌ပင် ဘုရားသခင်သည်ကျွန်ုပ်တို့အားစောင်မကြည့်ရှုတော်မူလိမ့်မည်ဟု ယုံကြည်ကြပါသည်။ ကျွန်ုပ်သည်အလွန်ပင်မောပန်းအားနည်းနေသဖြင့် အိပ်ပျော်သွားပြီးလျှင်ကလေးကိုလက်ပေါ်မှလွှတ်ချမိမည်ကိုစိုးရိမ်သဖြင့် ကလေးကို ကျွန်ုပ်၏ပေါင်ပေါ်တွင်တင်ထားပြီးနောက် ကလေးအား ကျွန်ုပ်၏ခါးတွင် အဝတ်တစ်ခုဖြင့် ချည်ထားရလေသည်။ ထိုနောက် ကျွန်ုပ်တို့နှစ်ယောက်စလုံးအတော်ဝေးဝေးခရီးရောက်သည်တိုင်အောင် ထိုနေ့၌အိပ်ပျော်သွားကြလေသည်။ ကလေးသည်သက်သာလာ၍ ခရီး တစ်လျှောက်လုံးတဖြည်းဖြည်းအားရှိလာလေ၏။ ကျွန်ုပ်တို့သည်အိမ်သို့ ရောက်လာကြသောအခါကလေးသည်တော်တော်ကျန်းမာလာလေ၏။

ဗာမောင့်မြို့သို့သွားရာခရီးတွင် သခင်ဘုရားသည် ကျွန်ုပ်တို့အား များစွာကောင်းချီးပေးတော်မူပါသည်။ ကျွန်ုပ်၏ခင်ပွန်းသည်အလွန် စိုးရိမ်လျက်ပင်ပန်း၏။ စည်းဝေးအမျိုးမျိုးတွင် သူသည်တရားဟော၍စာ အုပ်များရောင်းလျက်ထိုသတင်းစာကိုများများရောင်းချရအောင်ကြိုးစား ရလေ၏။ စည်းဝေးတစ်ခုပြီးသောအခါ သူသည် အခြားစည်းဝေး တစ်ခုသို့လျင်စွာထွက်သွားရ၏။ မွန်းတည့်အချိန်တွင်ကျွန်ုပ်တို့သည် မြင်း

အား လမ်းနံဘေးတွင် မြက်စားစေ၍ ကျွန်ုပ်တို့သည် နေ့လယ်စာစားကြ၏။ ထိုနောက်ကျွန်ုပ်၏ခင်ပွန်းသည် သူ၏စာရေးစက္ကူများကိုစားစရာထည့်သောသေတ္တာ၏အဖုံး သို့မဟုတ် သူ၏ဦးထုပ်ပေါ်တွင်ထိုင်လျက် 'ကြွလာခြင်းနှင့်ဆိုင်သောသတင်းစာ ( Review ) နှင့် ပျိုရွယ်သူများအဖို့ ဆုံးမစာဖြစ်သောသတင်းစာ ( Youth Instructor ) များအတွက်စာများကိုရေးသားလျက်နေ၏။

--*--

## အခန်း ၁၄

## လမ်းနှစ်လမ်း

၁၈၅၆ ခုနှစ်၊ မေလ ၂၇ ရက်နေ့မီရှိဂန်နယ်၊ ဘက်တလ်ကရိ (ခ်)မြို့၌ ပြုလုပ်သောစည်းဝေးတွင် ကျွန်ုပ်သည် အသင်းတော်နှင့်သက်ဆိုင်သော အကြောင်းအရာများကို ရူပါရုံတွင် မြင်ရပြန်လေသည်။ ဘုရားသခင်၏ ဘုန်းအသရေတော်သည်ကျွန်ုပ်၏ရှေ့တွင်ပေါ်လာလေ၏။ ကောင်းကင် တမန်က 'ဘုရားသခင်၏ဘုန်းတော်နှင့်ဖုံးအုပ်လျက်ရှိတော်မူစဉ်အလွန် ကြောက်မက်ဖွယ်ကောင်းပေသည်။ သို့သော်သင်သည် သိနားလည်လိမ့် မည်မဟုတ်။ ကိုယ်တော်၏အမျက်တော်သည် အလွန်ကြောက်မက်ဖွယ် ကောင်းပေ၏။ သို့သော် သင်သည် ဘုရားသခင်အားနေ့စဉ်ပြစ်မှားမိ၏။ ကျဉ်းမြောင်းသောတံခါးသို့ ဝင်ခြင်းငှါကြိုးစားလော့။ အကြောင်းမူကား ပျက်စီးခြင်းသို့ ရောက်စေသောလမ်းနှင့် တံခါးသည် ကျယ်ဝန်း၍ ဝင် သောသူများကြ၏။ ထာဝရအသက်ရှင်ခြင်းသို့ ညွှန်ပြသောလမ်းနှင့် တံခါးသည် ကျဉ်းမြောင်း၍ဝင်သောသူနည်းကြ၏" ဟု ပြောဆို၏။ ဤ လမ်းနှစ်လမ်းသည်ခြားနား၍တစ်လမ်းနှင့်တစ်လမ်းဝေးကွာလျက်ရှိသည့် အပြင်တစ်လမ်းသည်တစ်ဖက်သို့ညွှန်ပြ၍ အခြားတစ်လမ်းသည်အခြား တစ်ဖက်သို့ညွှန်ပြ၏။ ဤလမ်းများမှာခြားနားကြောင်းကိုလည်းကောင်း၊ ၎င်းလမ်းများတွင် ခရီးသွားလျက်နေကြသောသူတို့သည်လည်းခြားနား ကြောင်းကိုလည်းကောင်းကျွန်ုပ်မြင်ရပါသည်။ လမ်းများသည်ဆန့်ကျင် ဘက်ဖြစ်၏။ တစ်လမ်းသည်ကျယ်၍ညီညာလေသည်။ အခြားတစ်လမ်း မှာ ကျဉ်းမြောင်း၍ ကြမ်းတမ်းလေသည်။ ထိုနည်းတူလမ်းနှစ်လမ်း တွင် သွားလာနေကြသော လူနှစ်စုသည်လည်း အကျင့်စာရိတ္တ၊ အနေ အထိုင်၊ အသွားအလာ၊ အဝတ်အစား၊ အပြောအဆိုမှစ၍ များစွာခြား နားလေသည်။

ကျဉ်းမြောင်းသော လမ်း၌ ခရီးသွားနေကြသော သူတို့သည် ခရီး၏အဆုံးတွင်မိမိတို့ခံစားရမည်ဖြစ်သောဝမ်းမြောက်ခြင်း၊ ပျော်ရွှင် ခြင်းအကြောင်းများကို ပြောဆိုလျက်နေကြလေသည်။ သူတို့၏မျက်နှာ

သည်အကြာခဏညိုးငယ်နေ၏။ သို့သော် မကြာခဏသန့်ရှင်း၍ကြည်ညို ဖွယ်ကောင်းသောဝမ်းမြောက်ရွှင်မြူးခြင်းနှင့်တောက်ပလျက်ရှိ၏။ သူတို့၏အဝတ်အစား၊ အပြောအဆို၊ အပြုအမူများမှာကျယ်သောလမ်းတွင် ခရီးသွားနေသော လူစုများကဲ့သို့မဟုတ်ဘဲ ခြားနားလေသည်။ သူတို့ လိုက်လျှောက်ရန် ပုံသက်သေရှိပေသည်။ ဝမ်းနည်းခြင်း၊ စိတ်ပူပန်ခြင်း တို့ကိုခံစားခဲ့ရသောလူသားသည် သူတို့အတွက်ထိုလမ်းကိုဖွင့်ပေး၍ မိမိ ကိုယ်တော်တိုင် ထိုလမ်းတွင် ခရီးသွားလျက် ရှေ့ဆောင်တော်မူ၏။ သူ၏နောက်တော်သို့ လိုက်သောတပည့်များတို့သည်သူ၏ခြေတော်ရာကို မြင်ရကြ၍စိတ်သက်သာခြင်းအခွင့်ရလျက် အားရဝမ်းမြောက်ခြင်းရှိကြ၏။ ကိုယ်တော်သည် ဘေးရန်ကင်းလျက် လျှောက်သွားတော်မူ၍ ကိုယ်တော်၏ ခြေတော်ရာတွင် လျှောက်လိုက်သောသူတို့သည်လည်း ဘေးကင်းလွတ်ခြင်းအခွင့်ကိုရနိုင်ကြလေသည်။

ကျယ်သောလမ်းတွင် လျှောက်နေကြသော သူများတို့သည် မိမိ တို့ကိုယ်ကိုသာ ဂရုစိုက်လျက် မိမိတို့၏အဝတ်အစားနှင့် အပျော်အပါး၊ ကာမဂုဏ်တို့ဖြင့် ကြွားဝါပျော်ရွှင်နေကြလေသည်။ သူတို့သည် အလွန် အမင်း ပျော်ရွှင်မြူးထူးလျက် နေကြသည့်အတွက် မိမိတို့၏ ခရီးအဆုံး တွင် မည်ကဲ့သို့ ဖြစ်မည်ကိုလည်းကောင်း၊ လမ်းခရီးအဆုံးတွင် ဧကန် အမှန် ပျက်စီးဆုံးရှုံးကြလိမ့်မည်ကိုလည်းကောင်း မစဉ်းစားမိကြချေ။ တစ်နေ့ထက်တစ်နေ့သူတို့သည် ပျက်စီးဆုံးရှုံးခြင်းသို့နီးကပ်လာကြလေ သည်။ သို့သော် သူတို့သည် သာ၍လျင်မြန်စွာ မိုက်မဲခြင်းနှင့်တစ်ဟုန် တည်း ခရီးသွားလျက်နေကြသည်။ ဤအခြင်းအရာသည် အလွန်ထိတ် လန့်စရာကောင်းသော အရာပါတကား။

'လောကကို ရွံရှာလော့၊ အလုံးစုံတို့၏အဆုံးသည် ရောက်လု နီးပြီ၊ သင်တို့သည်လည်း အသင့်ပြင်ဆင်လျက် နေကြလော့" ဟူသော စကားများကို မိမိတို့၏ ကိုယ်ပေါ်၌ရေးထားသော ကျွန်ုပ်မြင်ရပါသည်။ ဤသူတို့သည် သူတို့၏ပတ်လည်တွင်ရှိ လျှင်ပေါ်သောသူတို့နှင့်အတူတူ

လိုဖြစ်ကြ၏။ သို့ရာတွင် သူတို့၏ မျက်နှာတွင် ညိုးငယ်ခြင်းလက္ခဏာ ကို တွေ့မြင်ရပါသည်။ သူတို့၏ အပြောအဆိုများမှာ သူတို့ပတ်လည် တွင်ရှိ ပျော်ရွှင်မြူးထူး၍ စဉ်းစားဆင်ခြင်ခြင်း ကင်းမဲ့သောသူတို့၏ အပြောအဆိုနှင့် အတူတူပင်ဖြစ်၏။ သို့ရာတွင်မိမိတို့၏ဝတ်ရုံများပေါ် တွင်ရေးထားသောစာများကိုအလွန်နှစ်သက်သောလက္ခဏာနှင့်တစ်ခါ တစ်ခါညွှန်ပြလျက် အခြားသော သူတို့အားလည်း မိမိတို့အပေါ်၌ ထိုစာမျိုးကိုရေးထားစေရန် နှိုးဆော်နေကြလေ၏။ သူတို့သည် ကျယ် သောလမ်းတွင်ရှိနေကြသော်လည်း ကျဉ်းသောလမ်းတွင်ခရီးသွားနေ သောလူများဖြစ်သည်ဟု ပြောဆိုကြလေ၏။ သူတို့၏ အနားပတ်လည် ၌ ရှိသောသူများက 'သင်တို့နှင့်ငါတို့သည် ဘာမျှခြားနားခြင်းမရှိ၊ အတူတူပင်ဖြစ်ကြ၏။ အပြောအဆို၊ အနေအထိုင်၊ အပြုအမူ၊ အဝတ် အစားတို့မှာလည်း အတူတူပင်ဖြစ်ကြသည်" ဟုပြောဆိုကြလေ၏။

ယခုနောက်ဆုံးသော ကာလနှင့်ဆိုင်သော သမ္မာတရားတော် ကို ယုံကြည်ကြသည်ဟု ပြောဆိုနေကြသော သူတို့သည် ခရီးသွားနေ စဉ် ညည်းညူကြသော ဣသရေလလူများတို့ကို အံ့သြလျက်နေကြသည် ကို ကျွန်ုပ်တွေ့မြင်ရပါသည်။ သူတို့အတွက် ဘုရားသခင်သည်အံ့သြဖွယ် သောအမှုများကို ပြုတော်မူသော်လည်း ကိုယ်တော်ပြုတော်မူသော အမှုများကို မေ့လျော့လျက် ဘုရားသခင်အားကျေးဇူးမတင်တတ်သော ဣသရေလလူများတို့ကို သူတို့ကအံ့သြကြလေသည်။ ကောင်းကင်တမန် က 'သင်တို့သည် သူတို့ထက်ဆိုးသောအမှုကို ပြုကြပြီ" ဟုပြောဆိုလေ ၏။ မတားဆီးနိုင်လောက်အောင် ထင်ရှား၍ ရှင်းလင်းသော သမ္မာ တရားကို ဘုရားသခင်သည် မိမိ၏ကျွန်များတို့အားပေးတော်မူပြီ။သူတို့ သည် ဘယ်အရပ်သို့သွားသည်မဆို အောင်မြင်ခြင်းအခွင့်ကို ဧကန် အမှန်ရရှိကြလေသည်။ သူတို့၏ရန်သူများတို့သည် ထင်ရှားသောသမ္မာ တရားတော်ကိုမခုခံကြချေ။ အလင်းသည် သူတို့၏ရှေ့တွင် ထင်ရှား စွာထွန်းလင်းတောက်ပလျက်ရှိ၍ ဘုရားသခင်၏ကျွန်များတို့သည်ဘယ် နေရာ၌မဆို နေနိုင်ပြီးလျှင်သမ္မာတရားအားဖြင့် ထင်ရှားစွာအောင်မြင် ခြင်းအခွင့်ကိုရကြလေသည်။ ဤကဲ့သို့ ကြီးကျယ်သော ကောင်းချီး

မင်္ဂလာတော်ကို သူတို့သည် အလေးအမြတ်မပြုကြ၊ သို့မဟုတ်မသိနားမည်ကြချေ။

## စုံစမ်းနှောင့်ယှက်ခြင်း၌ညည်းညူခြင်း

စုံစမ်းနှောင့်ယှက်ခြင်းတွေ့ကြုံရသောအခါအချို့တို့သည်နောက်သို့လှည့်ကြည့်ကြ၍ သူတို့၌ ခက်ခဲသောအချိန်ကျရောက်လေပြီဟုထင်မှတ်ကြလေသည်။ ဘုရားသခင်၏ကျွန်များဟု မိမိတို့ကိုယ်ကိုခေါ်ဝေါ်နေသောသူတို့သည် စင်ကြယ်ခြင်းနှင့်ဆိုင်သောစုံစမ်းခြင်းအကြောင်းကို မသိနားမလည်ကြချေ။ တစ်ခါတစ်ရံ သူတို့သည် စုံစမ်းခြင်းမဟုတ်သောအရာများကို စုံစမ်းခြင်းဟု ထင်မှတ်ကာ အလွယ်တကူနှင့် စိတ်ပျက်ကြ၊ အလွယ်တကူထိခိုက်နာကျင်ကြပြီးလျှင် မိမိတို့ဂုဏ်ကို လျင်မြန်စွာထိခိုက်စေကြလေပြီ။ ထိုကြောင့် သူတို့သည် မိမိတို့ကိုယ်တိုင်၌သာမက အခြားသောသူများနှင့် အမှုတော်ဆောင်ရွက်ခြင်းအလုပ်ကိစ္စကိုလည်း ထိခိုက်စေကြပြီ။ စာတန်သည် သူတို့ခံရသောဘာမျှမဟုတ်သည့်စုံစမ်းခြင်းကို ကြီးကျယ်သောအရာဖြစ်စေအောင် ထင်မှတ်စေလျက်မာရ်နတ်တို့၏သွေးဆောင်ခြင်းကို လိုက်ပါမိသောသူတို့သည်စုံစမ်းခြင်းအားဖြင့် အကျိုးကိုမခံစားရဘဲအလွယ်တကူပျက်စီးဆုံးရှုံးကြလေသည်။

အချို့သော သူများတို့သည် အမှုဆောင်အလုပ်မှ ထွက်သွား၍ မိမိတို့လက်နှင့်လုပ်ရသည့်အလုပ်ကိုလုပ်ရန် သွေးဆောင်ခြင်းကိုခံရကြသည်။ အကယ်၍ ဘုရားသခင်၏လက်တော်ကို သူတို့ထံမှရုပ်သိမ်းတော်မူ၍ ရောဂါဝေဒနာ၊ ဒုက္ခဆင်းရဲခြင်းနှင့်သေခြင်းကို သူတို့ခံရကြလျှင် မည်သည့်အရာသည် ဒုက္ခဆင်းရဲခြင်းဖြစ်ကြောင်းကို သူတို့သည်သိရှိကြလိမ့်မည်ကို ကျွန်ုပ်မြင်ရသည်။ ဘုရားသခင်ဘက်၌ညည်းညူခြင်းသည် အလွန်ကြောက်စရာကောင်းသောအရာဖြစ်ပေသည်။ သူတို့ခရီးသွားနေရသောလမ်းသည် ကြမ်းတမ်း၍ ကိုယ်တော်ကိုငြင်းပယ်လျက် ငြီးငြူစွန့်စားရမည်ကိုလည်းကောင်း၊ ကျယ်သောလမ်းတွင် သွားနေရသကဲ့သို့ အရာခပ်သိမ်းတို့သည် ချောမောညီညွတ်ခြင်းရှိလိမ့်မည်မဟုတ်ကြောင်းကိုလည်းကောင်း သူတို့သည် သတိမပြုကြချေ။

ဘုရားသခင်၏အချို့သောကျွန်များ၊ သင်းအုပ်ဆရာကြီးများပင် အလွယ်တကူနှင့်စိတ်ပျက်ပြီးလျှင် မိမိတို့ကိုယ်တိုင်၌ လျင်မြန်စွာ ထိခိုက်စေခြင်းဖြင့်ဘာမျှမဟုတ်သော်လည်းမိမိတို့ကိုယ်ကိုမိမိတို့ကဲ့ရဲ့ရှုတ်ချခြင်း၊ ထိခိုက်ခြင်းခံရပြီဟု ထင်မှတ်တတ်ကြသည်ကို ကျွန်ုပ်မြင်ရသည်။ သူတို့သည်ခက်ခဲခြင်းနှင့် တွေ့ကြုံရကြပြီဟုထင်ကြသည်။ သူတို့အား စောင်မကြည့်ရှုလျက်ရှိသော ဘုရားသခင်၏ လက်တော်ကို ရုပ်သိမ်းတော်မူ၍ သူတို့သည် ဝိညာဉ်ဒုက္ခဆင်းရဲခြင်းကိုခံရလျှင် မည်ကဲ့သို့ မိမိတို့၌ဖြစ်မည်ကို သူတို့သည် သတိမပြုကြချေ။ ထိုအခါ၌ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်စဉ် ဒုက္ခဆင်းရဲခြင်း၊ စုံစမ်းသွေးဆောင်ခြင်းကို ခံရသောအခါ သူတို့သည် အယင်ကထက် ဆယ်ဆလောက် ခက်ခဲခြင်းနှင့်တွေ့ကြုံကြရသည်ဟု ထင်မှတ်ကြလိမ့်ဦးမည်။ သို့သော်ဘုရားသခင်သည် သူတို့အား ချီးမြှောက်တော်မူလိမ့်မည်။

ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်နေကြသော သူအချို့တို့သည် မိမိတို့၌အဘယ်သောအခါ၌ အေးဆေးသောအချိန်ရှိခဲ့ကြောင်းကိုမသိကြချေ။ သူတို့၌ ဒုက္ခဆင်းရဲခြင်း အနည်းငယ်လောက်သာရောက်၍ ပင်ပန်းသောအလုပ်အကိုင် သို့မဟုတ် ဝိညာဉ်ရေးနှင့်ပတ်သက်သောဝန်တာအနည်းငယ်လောက်သာရှိကြသည်ဖြစ်သောကြောင့် သူတို့အားဘုရားသခင်အခွင့်ထူးပေးတော်မူသဖြင့် ဝိညာဉ်စိတ်ပူပန်ခြင်းနှင့်လုံးလုံးကင်းလွတ်၍ အေးဆေးသောအချိန်အခါကို တွေ့ကြုံရသောအခါ သူတို့သည်မသိရှိနားမလည်ကြဘဲ သူတို့၌ခံစားရသည့် ဘာမျှမဟုတ်သောအရာများကို ကြီးကျယ်သော စုံစမ်းခြင်းဟု ထင်မှတ်ကြသည်။ ဤလူမျိုးတို့၌ကိုယ်ကိုစွန့်စားသောစိတ်သဘောမျိုးမရှိ။ ၎င်းပြင် မိမိတို့ ကိုယ်ကိုမညှာတာဘဲအမှုတော်ကို ဝမ်းမြောက်စွာဆောင်ရွက်ရန် အသင့်မရှိကြလျှင်ဘုရားသခင်သည် လူတို့ကို စွန့်လွှတ်တော်မူမည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ ကိုယ်တော်သည် သူတို့အားကိုယ်ကိုစွန့်စားသောမိမိကျွန်များဟုဝန်ခံတော်မမူ၊ ပျင်းရိခြင်းမရှိဘဲစိတ်ပါစွာနှင့်အမှုဆောင်ရွက်၍အဘယ်သောအခါသူတို့၌ အေးဆေးသောအချိန်ရှိကြောင်းကိုသိနားလည်သောသူတို့ကိုထူထောင်တော်မူမည်။ ဘုရားသခင်၏ကျွန်သည်ဝိညာဉ်များ၏

ဝန်တာကိုသိရှိလျက် 'အိုထာဝရဘုရား၊ ကိုယ်တော်၏လူများတို့ကို သနားတော်မူပါ" ဟု အိမ်တော်ဦးနှင့်ယဇ်ပလ္လင်စပ်ကြားတွင်ငိုကြွေးရကြမည်။

အချို့သောဘုရားသခင်၏ကျွန်များတို့ကား၊ ဘုရားသခင်၏အမှုတော်အတွက် အသုံးချရန် မိမိတို့အသက်ကို အပ်ပေးကြလေသည်။ သူတို့၏ ကိုယ်ခန္ဓာသည်စိတ်ပူပန်ခြင်း၊ စိုးရိမ်ခြင်း၊ ပင်ပန်းစွာလုပ်ကိုင်ခြင်းနှင့် ဆင်းရဲဒုက္ခခံရခြင်းအားဖြင့် လွန်စွာ ပင်ပန်းနွမ်းရိသွားသည့်တိုင်အောင် မိမိတို့ကိုယ်ကို ဆက်ကပ်ပူဇော်ကြလေသည်။ အခြားသောသူတို့အပေါ်၌ တာဝန်များမရှိသော်လည်း ထိုကဲ့သို့သောသူတို့ပင် ဒုက္ခဆင်းရဲခြင်း၊ ခက်ခဲခြင်းကိုမတွေ့ကြုံဖူးသဖြင့်ခဲယဉ်းသောအချိန်ကာလနှင့်တွေ့ကြုံရကြသည်ဟုထင်မှတ်တတ်ကြသည်။ သူတို့သည် ဒုက္ခဆင်းရဲခြင်းတည်းဟူသောနှစ်ခြင်းကို ဘယ်အခါမျှမခံရကြချေ။ ၎င်းပြင် သူတို့သည် အလွန် ခွန်အားနည်း၍ ဒုက္ခကိုသည်းခံနိုင်သော သတ္တိအလွန်နည်းကြောင်းတို့ကိုဖေါ်ပြနေလျက် အေးဆေးသောအချိန်ကို နှစ်သက်သမျှကာလပတ်လုံး သူတို့သည်ထိုကဲ့သို့ရှိနေကြလိမ့်မည်။

## အေးဆေးစွာနေတတ်သောသင်းအုပ်များ

ဘုရားသခင်သည် ကျွန်ုပ်အား ဖေါ်ပြသည့်အချက်တွင်သင်းအုပ်ဆရာများတို့အား ဆုံးမဖို့လိုကြောင်းသိရှိရသည်။ ပျင်းရိ၍ ကြန့်ကြာနှောင့်နှေးပြီးလျှင် မိမိကိုယ်ကိုဂရုစိုက်တတ်သောသူတို့ကို ဆုံးမတော်မူ၍သန့်ရှင်းလျက် သစ္စာရှိပြီး ကိုယ်ကိုစွန့်စားတတ်သော လူစုများသောကျန်ရှိတော့မည်။ သူတို့သည် အေးဆေးစွာမနေလိုကြဘဲ ခရစ်တော်အတွက်ခပ်သိမ်းသောအရာတို့၌ ဆင်းရဲဒုက္ခခံ၍သည်းခံလျက် ကိုယ်တော်ကယ်တင်ရန် အလိုရှိတော်မူသောသူတို့ကိုကယ်တင်တော်မူရန် အသင့်ရှိကြလျက် သစ္စာနှင့်တကွတရားတော်ကို ဟောပြောသွန်သင်ကြလိမ့်မည်။ ဤကျွန်များတို့သည်ဧဝံဂေလိတရားတော်ကိုမဟောဘဲနေကြလျှင်မိမိတို့အပေါ်၌ရောက်လတ္တံ့သောအမင်္ဂလာကိုသိရှိကြ၏။ ထိုသို့သိလျှင်သင့်လျော်ပေ၏။ သို့သော်အားလုံးတို့၌ထိုကဲ့သို့စိတ်သဘောမရှိကြချေ။

--*--

## အခန်း ၁၅

## သရဖူနှစ်မျိုး

၁၈၆၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့၌ မီရိုဂန်နယ်၊ ဘက်တလ်ကရိ (ခ်) မြို့၌ကျွန်ုပ်မြင်ရသောရူပါရုံတွင်မှောင်မိုက်၍ညိုးငယ်နေသော ဤလောကကြီးကို တွေ့မြင်ရပါသည်။ ကောင်းကင်တမန်က 'သေသေချာချာကြည့်'ဟုပြောဆိုသဖြင့် ကြည့်ရှုရာ မြေကြီးပေါ်တွင် လူများကိုလည်းမြင်ရပြန်လေ၏။ အချို့တို့၏ပတ်လည်တွင် ဘုရားသခင်၏ကောင်းကင်တမန်များဝန်းရံလျက်၊ အခြားသောသူတို့ကား လုံးလုံးမှောင်မိုက်နှင့်ဖုံးလွှမ်း၍ မကောင်းသောနတ်ဆိုးများဝန်းရံလျက်ရှိသည်။ ကောင်းကင်မှ လက်တစ်ဖက်သည် ရွှေရာဇလှံတံကိုကိုင်လျက် မြေကြီးပေါ်သို့လှမ်းလျက် ရှိသည်ကိုတွေ့မြင်ရ၏။ ၎င်းရာဇလှံတံ၏ ထိပ်ပေါ်တွင်သရဖူတစ်ခုရှိ၏။ ၎င်းသရဖူသည်စိန်များဖြင့်မွမ်းမံထား၍စိတ်အသီးသီးတို့သည် တောက်ပကြည်လင်ပြီးလှပသောရောင်ခြည်ကိုလွှတ်ကြလေ၏။ သရဖူပေါ်တွင် 'ဤအရာကို အောင်မြင်ရသော သူအပေါင်းတို့သည် အားရဝမ်းမြောက်ခြင်းရှိကြ၍ ထာဝရအသက်ကိုရရှိလိမ့်မည်။" ဟူ သောအက္ခရာများကိုရေးထားလျက်ရှိ၏။

၎င်းသရဖူ၏အောက်တွင် အခြားသောရာဇလှံတံတစ်ခုရှိသေး၍ ၎င်း၏အပေါ်တွင်လည်းသရဖူတစ်ခုရှိသေး၏။ ၎င်းသရဖူ၏အလယ်တွင် ကျောက်မျက်များ၊ ရွှေနှင့်ငွေတို့ဖြင့်မွမ်းမံလျက်ရှိ၍ အလင်းရောင်ခြည်အနည်းငယ်တောက်ပလျက်ရှိ၏။ ၎င်းသရဖူပေါ်တွင် 'လောကဘဏ္ဍာများ၊ ဉစ္စာပစ္စည်းကြွယ်ဝခြင်းသည်တန်ခိုးနှင့်ပြည့်စုံစေ၏။ ဤအရာကိုရရှိသောသူတို့၌ ဂုဏ်အသရေနှင့်ကျော်စောခြင်းရှိလိမ့်မည်" ဟုအက္ခရာတင်လျက်ရှိ၏။ ကြီးစွာသောလူအစုအဝေးကြီးသည် ဤသရဖူကိုယူခြင်းငှါ တစ်ဟုန်တည်းပြေးသွားလျက်ရှိသည်ကို ကျွန်ုပ်မြင်ရပါသည်။ သူတို့သည် ဆူညံစွာအော်ဟစ်ကြလျက်ရှိကြသည်။ အချို့တို့သည် အလိုရမ္မက်ကြီးသောကြောင့် စဉ်းစားဆင်ခြင်တတ်သောဉာဏ်ကင်းမဲ့ကြလေ၏။ မိမိတို့ထက်အားနည်းသောသူများကိုအနောက်သို့တွန်းဖယ်လျက် သူတို့သည်

တစ်ယောက်ကိုတစ်ယောက်တွန်းလျက်တိုးဝင်ကြ၍အလျင်တဆောပြေး ရာတွင်လဲသောသူတို့၏အပေါ်သို့တက်နင်းကြလေ၏။ များစွာသောသူ တို့သည် ရမွက်ကြီးစွာ သရဖူတွင်ရှိသောဘဏ္ဍာများကို လုမ်းယူ၍ မိမိ တို့၏လက်ထဲတွင်မြဲစွာကိုင်ထားလေ၏။ အချို့သောသူတို့၏ဆံပင်များ သည် ငွေကဲ့သို့ဖြူနေ၍ သူတို့၏မျက်နှာတွင် စိုးရိမ်ခြင်း၊ ပူပန်ခြင်းအား ဖြင့် အရေများတွန့်လျက်ရှိလေ၏။ မိမိတို့၏ အသွေးအသားဖြစ်သော ဆွေမျိုးများကိုသူတို့သည်ဂရုမစိုက်ကြချေ။ ထိုသူတို့ကသူတို့အားတောင်း ပန်နေသောမျက်နှာနှင့်ကြည့်ရှုကြသောအခါ သူတို့သည်မိမိတို့၏ဘဏ္ဍာ များကိုလက်ထဲတွင် မြဲစွာဆုပ်ကိုင်ထားကြလေသည်။ အကွယ်အကာမရှိ သည့်အခါတွင် သူတို့၏ ဘဏ္ဍာအနည်းငယ် ဆုတ်လျော့ သွားမည်ကို လည်းကောင်း၊ ဆွေမျိုးများအား အချို့တစ်ဝက်ခွဲပေးရမည်ကိုလည်း ကောင်း သူတို့သည် စိုးရိမ်လျက်ရှိကြသည်။ သူတို့သည် တပ်မက်မော သောမျက်စိများဖြင့် လောကီသရဖူကို စိုက်ကြည့်လျက်နေကြ၍ ၎င်း၏ ဘဏ္ဍာများကိုထပ်ခါထပ်ခါ ရေတွက်လျက်ရှိနေကြ၏။

## အားနည်းသောသူတို့အပေါ်သို့တက်နင်းလျက် ရှိနေကြခြင်း

ခွန်အားကြီးသောသူတို့ကခွန်အားနည်းသောသူတို့အား အနိုင် ပြုလျက် နောက်သို့နှင်ပစ်သောအခါ ထိုနေရာ၌ရှိသောဘဏ္ဍာများကို တောင့်တသောလက္ခဏာနှင့်ကြည့်ရှုလျက်ပင် မျှော်လင့်ခြင်းကင်းမဲ့လျက် ပြန်လှည့်သွားရသော လူစုတို့ကို ထောက်ရှုခြင်းအားဖြင့် ထိုလူစုကြီး တွင် ဆင်းရဲ၍ အလွန်စိတ်ဒုက္ခ ရောက်သော အခြေအနေများကိုလည်း တွေ့ရှိရလေသည်။ သို့သော်သူတို့သည် ဤကဲ့သို့နည်းအားဖြင့်ထိုအရာကို မစွန့်ပယ်နိုင်ကြဘဲ အင်္ဂါချို့တဲ့သောသူများ၊ ဖျားနာသောသူများ၊ လူအိုများနှင့်အတူတကွသူတို့သည်လောကီသရဖူရှိရာနေရာသို့တိုးဖေါက် ၍သွားရန်ကြံစည်ကြသေး၏။ အချို့တို့သည်ထိုအရာကိုလုမ်းယူရန်ကြိုးစား ရာတွင်သေဆုံးရကြသည်။ အခြားသော သူတို့သည် ထိုအရာကိုဆွဲကိုင် ယူလျက်ရှိစဉ်အခါပင် လဲသွားကြလေသည်။ များစွာသောလူများတို့

သည်လဲသွားသောအခါ၌ပင်၎င်းကိုကိုင်ဖမ်းကြလေသည်။ လူသေကောင်များသည်မြေကြီးပေါ်တွင်ပြည့်လျက်ရှိ၏။ သို့သော်လူအစုအဝေးကြီးသည်လဲနေ၍ သေနေသောမိမိတို့၏ အပေါင်းအဖော်များ အပေါ်သို့တက်နင်းသွားလျက်ရှေ့သို့တစ်ဟုန်တည်းပြေးသွားကြ၏။ သရဖူအနီးသို့ရောက်သောသူတိုင်းဝေစုတစ်စုကိုရရှိကြ၍ ၎င်း၏အနားတွင်ဝိုင်းလျက်ရှိ၍ စိတ်ဝင်စားနေသောလူစုကကျယ်စွာသြဘာပေးကြလေ၏။

အလွန်များသောနတ်ဆိုးတစ်စုသည်အလွန်ရှုပ်လျက်ရှိ၏။ စာတန်သည် ၎င်းတို့၏အလယ်တွင်ရှိ၍ သရဖူကိုဖမ်းကိုင်ဆွဲယူရန်ကြိုးစားလျက်ရှိသော လူစုကိုအလွန်ပင်ဝမ်းမြောက်ရွှင်မြူး၍ နှစ်သက်သောလက္ခဏာနှင့်ကြည့်လျက်နေ၏။ ၎င်းအရာကိုရရှိရန် ကြိုးစားလျက်နေသောသူတို့၌ထူးခြားစွာတပ်မက်မောသောစိတ်သဘောကိုစာတန်သည်ချပေးလျက်ရှိသည်ဟုထင်မြင်ရလေသည်။

ဤလောကီသရဖူကိုရှာဖွေနေသောလူအများတို့သည် မိမိတို့ကိုယ်ကိုခရစ်ယာန်ဟုခေါ်ဝေါ်ခြင်းခံနေကြသောသူများဖြစ်ကြသည်။ အချို့သောသူတို့၌သာ အလင်းရောင်ခြည် အနည်းငယ် ရှိသည်ဟု ထင်မြင်ရသည်။ သူတို့သည် တောင့်တသောလက္ခဏာနှင့် ကောင်းကင်သရဖူကိုမျှော်ကြည့်၍ ၎င်း၏ လှပသောအဖြစ်ကို သဘောကျဟန် ရှိကြပါသည်။ သို့ရာတွင် ၎င်း၏တန်ဖိုးနှင့်ဘန်းတန်ခိုးကို သူတို့သည်မသိနားမလည်ကြချေ။ သူတို့သည် လက်တစ်ဖက်ဖြင့် ကောင်းကင်အရာကို နှေးကန်စွာလှမ်းလျက်ရှိသော်လည်း အခြားလက်တစ်ဖက်ဖြင့် လောကီအရာကိုပိုင်ဆိုင်ဖို့ရန်စိတ်ပြဌာန်းလျက်ဆွဲကိုင်ရန် ကြိုးစားလျက်ရှိနေကြသည်။ ၎င်းပြင် သူတို့သည်လောကီအရာကို ကြိုးစား၍လိုက်လံရှာဖွေနေရခြင်းအားဖြင့်ကောင်းကင်အရာကို သူတို့သည် မတွေ့မမြင်ရတော့ချေ။ သူတို့သည်မှောင်မိုက်တွင်ရှိနေရစ်ခဲ့ကြသော်လည်း ရမ္မက်ကြီးစွာစမ်းတဝါးဝါးနှင့်လောကီသရဖူကိုကိုင်ဆွဲရန်ကြိုးစားရှာဖွေလျက်ရှိနေကြသေး၏။

## ထာဝရဘဏ္ဍာများကိုရှာဖွေခြင်း

အချို့သောသူတို့သည်လောကီအရာကိုစိတ်တိုစွဲလမ်းလျက်ရှာဖွေကြသောလူစုကိုရွံရှာ၍ထိုအရာသည်ဘေးဥပဒ်ဖြစ်စေတတ်ကြောင်းကိုသိရှိ

လာကြသဖြင့် ကောင်းကင်သရဖူကိုရရှိရန်စိတ်အားထက်သန်စွာရှာဖွေ ကြိုးစားကြလေ၏။ ထိုကဲ့သို့သောသူအချို့တို့၏ မျက်နှာသည် မကြာမီ မှောင်မည်းနေသောနေရာမှထွန်းလင်းတောက်ပလာ၍ စိတ်ညိုးငယ်ခြင်း မှအားရရွှင်မြူးခြင်းနှင့်သန့်ရှင်းသောဝမ်းမြောက်ခြင်းသို့ ပြောင်းလဲသွား လေ၏။

လူအစုအဝေးကိုဖြတ်လျက်ကောင်းကင်သရဖူကိုသာစိတ်အားကြီး စွာမျှော်ကြည့်ပြီး ထွက်လာသောလူတစ်စုကို ကျွန်ုပ်မြင်ရလေသည်။ ရှုပ်ထွေးလျက်နေသောလူအစုအဝေးထဲသို့ စိတ်ပါစွာနှင့်တိုးလျက်ဖြတ် သွားနေစဉ် ကောင်းကင်တမန်များသည်သူတို့နှင့်အတူလိုက်ပါလာ၍သူ တို့အားရှေ့သို့တိုးတက်သွားနိုင်ရန်လမ်းဖွင့်ပေးကြလေ၏။ သူတို့သည် ကောင်းကင်သရဖူအနားသို့ ရောက်သောအခါ ၎င်းမှ ထွက်လာသော ရောင်ခြည်သည် သူတို့အပေါ်၌ လည်းကောင်း၊ သူတို့ပတ်လည်၌လည်း ကောင်း ဟပ်သဖြင့်မှောင်မိုက်သည်ကွယ်ပျောက်သွား၍ သူတို့သည် တစ်ခါတည်းပြောင်းလဲသွား၍ကောင်းကင်တမန်များနှင့်တူသည်ဟုထင် မြင်ရသည့်တိုင်အောင်ထိုရောင်ခြည်သည်တိုး၍ထင်ရှားပြီးလျှင်ကြည်လင် တောက်ပလာလေ၏။ သူတို့သည် အနည်းငယ်မျှလောကီသရဖူကိုမကြည့် ရှုကြတော့ချေ။ လောကီအရာကိုလိုက်လံရှာဖွေနေသောသူတို့သည် သူ တို့အားပြောင်လှောင်၍သူတို့ထံသို့ မည်းသောဘောလုံးများကိုပစ်လိုက် ကြလေ၏။ သူတို့သည်ကောင်းကင်သရဖူကိုစိုက်ကြည့်နေသမျှကာလပတ် လုံး၌အရာအားဖြင့်သူတို့၌ဘာမျှထိခိုက်ခြင်းမရှိချေ။ သို့ရာတွင်မည်း သောဘောလုံးများကိုလှည့်ကြည့်ကြသောသူတို့မူကားစွန်းကွက်ခြင်းခံရ ကြလေ၏။ ထိုနောက်အောက်ပါကျမ်းချက်ကိုကျွန်ုပ်အားဖော်ပြလေ၏။

သံချေး၊ ပိုး၍ဖျက်ဆီး၍သူခိုးထွင်းဖေါက်ခိုးယူရာမြေကြီးပေါ်မှာ ဘဏ္ဍာကိုမဆည်းပူးကြနှင့်၊ သံချေး၊ ပိုး၍မဖျက်ဆီး၍သူခိုးမထွင်းမဖေါက် မခိုးမယူရာကောင်းကင်ဘုံ၌ဘဏ္ဍာကိုဆည်းပူးကြလော့။ အကြောင်းမူ ကားအကြင်အရပ်၌သင်တို့ဘဏ္ဍာရှိ၏။ ထိုအရပ်သို့ သင်တို့၏စိတ်နှလုံး ရောက်တတ်၏။ မျက်စိကားကိုယ်၏ဆီမီးဖြစ်၏။ ထိုကြောင့်မျက်စိကြည်

လင်လျှင်တစ်ကိုယ်လုံးလင်းလိမ့်မည်။ မျက်စိမြေးယှက်လျှင် တစ်ကိုယ်လုံးမိုက်လိမ့်မည်။ သင်၏အလင်းသော်ကား၊ မှောင်မိုက်ဖြစ်လျှင် ထိုအမိုက်သည်အလွန်မိုက်စွတကား။ အဘယ်သူမျှသခင်နှစ်ဦး၏အစေကို မခံနိုင်၊ သခင်တစ်ဦးကိုမုန်း၍ သခင်တစ်ဦးကိုချစ်မည်။ သခင်တစ်ဦးကိုမှီခို၍ တစ်ဦးကိုမခန့်မညားပြုမည်။ သင်တို့သည် ဘုရားသခင်၏ အစေကိုလည်းကောင်း၊ လောကီစည်းစိမ်၏ အစေကိုလည်းကောင်း မခံနိုင်ကြ။ မ၊ ၆း၂၀-၂၄။

## မြင့်သောအရာကိုမမြတ်နိုင်ခြင်း

ထိုနောက် ကျွန်ုပ်မြင်သောအရာများ၏အဓိပ္ပါယ်ကိုအောက်ပါအတိုင်းကျွန်ုပ်အားဖေါ်ပြလေ၏။ လောကီသရဖူကိုရခြင်းငှါရမွက်ကြီးစွာကြိုးစားနေကြသောလူစုတို့သည် လောကီဘဏ္ဍာကို ထပ်မက်မောကြ၍ခေတ္တခဏသာ တည်သောစည်းစိမ်၏ သွေးဆောင်ခြင်းကို ခံရကြသောသူများဖြစ်ကြသည်။ မိမိတို့ကိုယ်ကိုသခင်ယေရှု၏တပည့်တော်များဟုခေါ်ဝေါ်လျက်နေသောသူအချို့တို့သည် လောကီစည်းစိမ်ကို လိုချင်တပ်မက်အားကြနေကြသဖြင့်ကောင်းကင်အရာကိုနှစ်သက်လိုသောစိတ်မရှိကြ။ သူတို့သည်လောကီသားများတို့ကဲ့သို့ပြုကျင့်နေကြ၍ဘုရားသခင်သည်သူတို့အားလောကနှင့်သာဆိုင်သော သူများဟုမှတ်တော်မူပြီ။ သူတို့သည်ကောင်းကင်နှင့်ဆိုင်သော ဘဏ္ဍာတည်းဟူသော မပျက်စီးနိုင်သောသရဖူကိုရခြင်းငှါကြိုးစားနေကြသည်ဟု ထင်မြင်ရကြသော်လည်း သူတို့သည်လောကီစည်းစိမ်ကိုသာရှာဖွေရရှိရန်စိတ်စွဲလမ်းလျက် ၎င်းအရာသာလျှင် သူတို့၏အသက်တာတွင် အရေးကြီးသောအချက်ဖြစ်ပေသည်။ ဤလောက၌သာမိမိတို့တွင် ဘဏ္ဍာများရှိ၍ မိမိတို့၏စည်းစိမ်ကိုတပ်မက်သော သူတို့သည် သခင်ယေရှုကိုမချစ်နိုင်။ သူတို့ပြုသောအမှုသည်မှန်သည်ဟုသူတို့ထင်မှတ်ကြ၍ မိမိတို့၏ဥစ္စာပစ္စည်းများကို ငွေတပ်မက်သူကဲ့သို့ စွဲလမ်းနေကြသော်လည်း သူတို့သည် သမ္မာတရားနှင့်ဆိုင်သောအမှုသို့မဟုတ် ကောင်းကင်ဘဏ္ဍာထက်ရွှေငွေတို့ကိုတပ်မက်လျက်နေကြကြောင်းကိုသူတို့ကိုယ်တိုင်မသိမမြင်နားမလည်နိုင်ကြချေ။

'သင်၏အလင်းသော်ကားမှောင်မိုက်ဖြစ်လျှင် ထိုအမိုက်သည် အလွန်မိုက်စွတကား" မိမိတို့အားချပေးသောအလင်းကိုတိုးပွားအောင် မပြုလုပ်သောသူတို့သည်အဆုံး၌ဒုက္ခတွေ့ကြုံကြရ၍ထိုအလင်းသည်မှောင် ကိုတပ်မက်၍ကိုးစားစဉ်အခါမှန်သောစည်းစိမ်များကိုမရနိုင်" ဟု ပြော ဆိုလေ၏။

## ရှုံးသွပ်ခြင်းတစ်မျိုး

လောကီသရဖူအတွက် အသံကျယ်စွာ အော်လျက် လှမ်းယူနေ သောသူတို့ကား ဥစ္စာပစ္စည်းဘဏ္ဍာများကိုရရှိစေရန် နည်းအမျိုးမျိုးကို ကြံစည်ပြုလုပ်နေကြမည့် လူများဖြစ်ကြောင်းကို ကျွန်ုပ်အားဖေါ်ပြလေ သည်။ သူတို့သည်ထိုနေရာ၌ပင်အရှုံးကဲ့သို့ဖြစ်သွားကြလေသည်။ သူတို့ ၏အကြံအစည်နှင့်အစွမ်းသတ္တိရှိသမျှတို့သည် လောကီစည်းစိမ်ကို ရရှိဖို့ ရန်အတွက်သာရည်ရွယ်လျက်ရှိကြလေသည်။ သူတို့သည် အခြားသော သူတို့ရထိုက်သော အခွင့်အရေးကို ပယ်ဖျက်၍ ဆင်းရဲသောသူများနှင့် အငှါးထားသောသူတို့၏အခများကိုမပေးဘဲနေခြင်းဖြင့်သူတို့ကိုညှဉ်းဆဲ ကြလေပြီ။ မိမိတို့ထက်ဆင်းရဲ၍မထက်မြက်သောသူတို့အပေါ်၌ ရောင့် တက်နိုင်၍ထိုနည်းအားဖြင့် သူတို့၏ဘဏ္ဍာစည်းစိမ်များတိုးပွားအောင် စီမံနိုင်ကြလျှင် သူတို့အား သူတောင်းစားအဖြစ်သို့ ရောက်သည့်တိုင် အောင်ညှဉ်းဆဲရန်ကြိုးစားကြခြင်း၌ သူတို့သည် တစ်ခဏလောက်ပင် ဆိုင်းလင့်လိမ့်မည်မဟုတ်ပါ။

အိုသောကြောင့် မိမိတို့၏ဆံပင်များဖြူလျက်သူတို့၏မျက်နှာတွင် အရေမများတွန့်နေသော်လည်း သရဖူ၏အတွင်း၌ရှိသောဘဏ္ဍာများကို ရမွက်ကြီးစွာဆုပ်ကိုင်လျက်နေသောသူတို့ကား နောင်နှစ်အနည်းငယ် အတွင်းသေဆုံးရကြမည်ဖြစ်သော လူအိုကြီးများဖြစ်ကြ၏။ သို့သော် သူတို့သည် မိမိတို့၏လောကီဘဏ္ဍာများကို ရမ္မက်ကြီးစွာလမ်းလျက် နေကြလေ၏။ သူတို့သည်သချိုင်းနှင့် သာ၍နီးလာလေလေ လောကီ ဘဏ္ဍာများကိုသာ၍စွဲလမ်းလျက် ၎င်းတို့အတွက် သာ၍ရမ္မက်လောဘ ကြီးလာလေ၏။

ဘုန်းတန်ခိုးတော်ကိုခံစားဖို့ရန် ထိုက်တန်၍မသေမပုပ်နိုင်သော အဖြစ်အတွက် နေ့စဉ်ကြိုးစားသင့်သော သူတို့သည် လောကီဘဏ္ဍာ အတွက် မိမိတို့၏ခွန်အားအစွမ်းသတ္တိကို အသုံးချလျက်နေကြသည် မှာ အလွန်စိတ်နာစရာကောင်းပေသည်။ ထိုကဲ့သို့သော သူတို့သည် ကောင်းကင်ဘဏ္ဍာကိုမမြတ်နိုးမနှစ်သက်နိုင်ကြချေ။ သူတို့သည်လောကီ အရာ၌ အလွန်ပင်စိတ်စွဲလမ်းနေကြသောကြောင့် မိမိအသက်ကိုစွန့် စားရလောက်အောင် ကောင်းကင်ဘဏ္ဍာသည် အဖိုးမထိုက်တန်ဟု ထင်မှတ်ကြကြောင်း သူတို့၏အပြုအမူအလုပ်အကိုင်အားဖြင့်ထင်ရှားစွာ ပြကြ၏။

## နှစ်ဖက်သောဆုံးရှုံးခြင်း

လောကီသရဖူကိုရရှိရန်တိုးဝင်လျက်သွားနေကြသည့်ချို့တဲ့ဖျား နာနေသောလူတစ်စုကား ဤလောကတွင်စိတ်ဝင်စားနေလျက်ဘဏ္ဍာ များကိုဆည်းပူးနေကြသောသူများဖြစ်ကြသည်။ သူတို့သည်နေရာတိုင်း ၌စိတ်ပျက်ခြင်းနှင့်တွေ့ဆုံရကြသော်လည်းကောင်းကင်အရာကိုမစွဲလမ်း၊ ၎င်းပြင် ထိုအရပ်၌ဘဏ္ဍာနှင့်နေစရာအိမ်ကိုရရှိရန် ကြိုးစားကြလိမ့်မည် မဟုတ်။ သူတို့သည်လောကီအရာ၌လည်းဆုံးရှုံးကြသည့်အပြင် ၎င်းကို လိုက်လံရှာဖွေနေစဉ် ကောင်းကင်အရာကိုလည်းဆုံးရှုံးရပြန်လေသည်။ လောကီစည်းစိမ်များရရှိရန်သာလုံးလုံးကြိုးစားနေကြသော သူတို့သည် စိတ်ပျက်ခြင်း၊ အသက်တာ၌မပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း၊ အသက်ရှုံး ခြင်းကို တွေ့ဆုံရကြကြောင်း သိရှိရကြသော်လည်း အခြားသောသူတို့ သည် ထိုလမ်းကို လိုက်လျှောက်ကြလေ၏။ မိမိတို့အားပုံသက်သေ ပြထားသော သူတို့၏ဒုက္ခဆင်းရဲခြင်းနှင့်ပြည့်စုံသောအဆုံးကို သတိ မထား ဂရုမစိုက်ဘဲ ၎င်းတို့၏နောက်သို့လိုက်ရန် ထိုသူတို့သည်အလွန် မိုက်မဲစွာတစ်ဟုန်တည်းပြေးသွားကြလေ၏။

သရဖူရှိရာနေရာသို့ရောက်၍ ၎င်းတွင် ရှိသောဝေစုတစ်စုကိုပိုင် ဆိုင်ခွင့်ရပြီး အခြားသော သူတို့၏ဩဘာပေးခြင်းကိုခံရသော သူတို့ ကား မိမိတို့၏အသက်တာတစ်လျှောက်လုံးရည်ရွယ်ထားလျက်ရှိသော

လောကီစည်းစိမ်ကိုရရှိသောသူများဖြစ်ကြသည်။ လောကီစည်းစိမ်ရှိသော သူတို့အပေါ်၌ချပေးသောဂုဏ်အသရေကို သူတို့သည်ရရှိကြလေသည်။ သူတို့သည် လောကတွင်ဩဇာအာဏာနှင့်ပြည့်စုံသောသူများဖြစ်ကြသည်။ စာတန်နှင့်သူ၏နတ်ဆိုးများသည်သဘောကျနှစ်သက်ကြလေ၏။ ထိုကဲ့သို့သောသူများတို့သည်အမှန်အားဖြင့် သူတို့၏အပေါင်းအသင်းများဖြစ်၍ သူတို့သည် ဘုရားသခင်၏တစ်ဖက်၌ ပုန်ကန်လျက်ဆန့်ကျင်ဘက်ပြုလုပ်နေသမျှကာလပတ်လုံး သူတို့သည်စာတန်၏တန်ခိုးကြီးသောကိုယ်စားလှယ်များဖြစ်ကြောင်းကို စာတန်နှင့်သူ၏နတ်ဆိုးများတို့သည်သိရှိကြလေသည်။

## အဆုံးကိုကြည့်ရှုခြင်း

လောကီသရဖူအတွက်အသံကျယ်စွာအော်ဟစ်လျက်တောင့်တနေသောသူတို့အား ရွံရှာလာကြသောသူတို့ကား လောကီစည်းစိမ်များကိုကြိုးစားလျက် ရှာဖွေနေကြသောသူတို့၏ အသက်တာနှင့်အဆုံးအကြောင်းကိုကြည့်ရှုဆင်ခြင်ဂရုပြုမိသောသူများဖြစ်ကြသည်။ ထိုကဲ့သို့သောသူတို့သည် ဘယ်တော့မျှစိတ်ကျေနပ်ခြင်းမရှိဘဲ ဝမ်းနည်းစိတ်ပင်ပန်းသောသူများဖြစ်ကြောင်းကို သူတို့သည်သိမြင်ရကြသဖြင့် ထိတ်လန့်ကြောက်ရွံ့လာကြပြီးလျှင် ဝမ်းမြောက်ဝမ်းသာခြင်းမရှိသောထိုလူစားတို့အထဲမှထွက်ခွာလာကြ၍ မပျက်စီးနိုင်သော စည်းစိမ်အမှန်ကိုရှာဖွေကြလေသည်။

ကောင်းကင်သရဖူကိုရရှိရန်လူအစုအထဲမှဖြတ်ကျော်လျက်ကောင်းကင်တမန်များခြံရံလျက်ထွက်လာကြသောသူများတို့ကား ဘုရားသခင်၏သစ္စာရှိသောလူများဖြစ်ကြောင်းကို ကျွန်ုပ်အားဖေါ်ပြပါသည်။ သူတို့အား ကောင်းကင်တမန်တို့က ရှေ့ဆောင်ပြီးခေါ်ဆောင်သွားကြ၍ သူတို့သည် ကောင်းကင်ဘဏ္ဍာကိုရရှိဖို့ရန် ရှေ့သို့တိုးတက်သွားဖို့စိတ်ဝင်စားလျက်ရှိနေကြလေသည်။

သန့်ရှင်းသောသူတို့၏နောက်၌ပစ်လိုက်သည့်မည်းသောဘောလုံးများကားလိမ်လည်၍ပြောဆိုခြင်းကို နှစ်သက်ပြုလုပ်ကြသောသူများက ဘုရားသခင်၏လူများအကြောင်းကိုအပြစ်တင်လျက်ပြောဆိုပြီး သတင်းလွှင့်သောမဟုတ်မမှန်သည့်သတင်းများဖြစ်ကြသည်။ ကျွန်ုပ်တို့သည်အပြစ်တင်ခွင့်နှင့်ကင်းလျက်နေထိုင်ပြုမူကြဖို့ရန် အထူးသဖြင့်သတိပြုပြီးလျှင် မကောင်းသောအရာရှိသမျှတို့ကိုအရိပ်အမြွက်မျှမရှိစေရအောင်ပယ်ရှားပြီးနောက် ရဲရင့်စွာရှေ့သို့တိုးတက်သွားဖို့ရန် ကျွန်ုပ်တို့၏တာဝန်ဖြစ်ပေသည်။ မတရားသောသူတို့ပြစ်တင်ပြောဆိုကြသော မဟုတ်မမှန်သည့်စကားများ၊ သတင်းများကိုဂရုမပြုအမှုမထားဘဲနေရကြမည်။ ဖြောင့်မတ်သောသူတို့၏မျက်စိများသည် အဖိုးမဖြတ်နိုင်သောကောင်းကင်ဘဏ္ဍာကိုစိုက်ကြည့်နေကြသမျှကာလပတ်လုံး သူတို့သည်သခင်ခရစ်တော်နှင့်သာ၍သာ၍တူလာကြလိမ့်မည်။ ၎င်းပြင်သူတို့သည် ဤနည်းအားဖြင့်ပြောင်းလဲသွားကြ၍ ကောင်းကင်ဘုံသို့တက်သွားဖို့ရန် အခွင့်ရကြလိမ့်မည်။

--*--

## အခန်း ၁၆

## ကျွန်ုပ်တို့ယုံကြည်ခြင်းကိုစုံစမ်းခြင်း

စုံစမ်းခြင်းကိုခံရသောယခုအချိန်အခါတွင် ကျွန်ုပ်တို့သည် တစ်ယောက်ကိုတစ်ယောက်အားပေးကူညီလျက် စိတ်သက်သာစေရအောင်ကြိုးစားရမည်။ မိမိအဖို့အချိန်ကာလအနည်းငယ်လောက်သာရှိတော့၍ မိမိ၏ရှင်ရေးသေရေးအတွက် မကြာမီမိမိ၏အမှုအသီးသီကိုစစ်ဆေးဆုံးဖြတ်ရန်အချိန်သည် အလွန်နီးကပ်လာကြောင်းကိုစာတန်သည်သိရှိသည့်အတွက်ကြောင့်ရှေးကထက်ယခုသူသည်အထူးသဖြင့်သွေးဆောင်စုံစမ်းရန်သာ၍ကြိုးစားလိမ့်မည်။ ယခုစုံစမ်းခြင်း၊ စိတ်ပျက်ခြင်းတို့အောက်တွင်နှစ်မြုပ်နေကြဖို့အချိန်မဟုတ်ချေ။ ကျွန်ုပ်တို့သည် ဒုက္ခဆင်းရဲခြင်းရှိသမျှတို့ကိုသည်းခံလျက် အနန္တတန်ခိုးတော်နှင့်ပြည့်စုံတော်မူသော ယာကုပ်၏ဘုရားသခင်ကိုလုံးလုံးကိုးစားရကြမည်။ ကိုယ်တော်၏ကျေးဇူးတော်သည်ကျွန်ုပ်တို့၏စုံစမ်းနှောင့်ယှက်ခြင်းအပေါင်းတို့အတွက်သင့်လောက်ပေ၏။ ၎င်းပြင်ထိုစုံစမ်းခြင်းများသည် ရှေးကထက်သာ၍ ကြီးကျယ်လာသော်လည်း ကျွန်ုပ်တို့သည် ဘုရားသခင်၌လုံးလုံးကိုးစားလျှင် စုံစမ်းသွေးဆောင်ခြင်းတိုင်းတို့ကိုအောင်မြင်နိုင်၍ ကိုယ်တော်၏ကျေးဇူးတော်အားဖြင့်အောင်မြင်သောသူများ ဖြစ်လာကြလိမ့်မည်ဟု သခင်ဘုရားသည် ကျွန်ုပ်အားဖေါ်တော်မူပါသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စုံစမ်းနှောင့်ယှက်ခြင်းများကို အောင်မြင်၍ စာတန်၏သွေးဆောင်ခြင်းကိုလည်းအောင်မြင်ကြပါလျှင်ရွှေထက်သာ၍ အဖိုးထိုက်တန်သည့်ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းကို ကျွန်ုပ်တို့သည်သည်းခံကြ၍ နောက်တစ်ဖန်ခံရမည့်စုံစမ်းခြင်းတို့ကို ခံရပ်နိုင်မည်အကြောင်း သာ၍ခွန်အားနှင့်ပြည့်စုံပြီးလျှင် သာ၍အသင့်ရှိလိမ့်မည်။ သို့ရာတွင်ကျွန်ုပ်တို့သည် စာတန်၏သွေးဆောင်ခြင်းတွင်နှစ်မြုပ်လျက်စိတ်လျော့ပေးလျှင် ကျွန်ုပ်တို့သည်သာ၍အားနည်းလာလျက်စုံစမ်းနှောင့်ယှက်ခြင်းအတွက် မည်သည့်အကျိုးကျေးဇူးကိုမျှမခံရ

ကြချေ။ ၎င်းပြင်နောက်ခံရမည့်စုံစမ်းခြင်းကိုလည်းခံရပ်နိုင်ရန် ကောင်းစွာပြင်ဆင်ခြင်း ရှိကြလိမ့်မည်မဟုတ်။ ဤနည်းအားဖြင့်ကျွန်ုပ်တို့သည် စာတန်၏အလိုအတိုင်း ဖမ်းသွားချုပ်ထားခြင်းကို ခံရသည်တိုင်အောင် ကျွန်ုပ်တို့သည်သာ၍ သာ၍ခွန်အားနည်းလာကြလိမ့်မည်။

ကျွန်ုပ်တို့သည် ဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံကို လုံးလုံးဝတ်ဆင်ရကြ၍ မှောင်မိုက်ကိုအစိုးရသောအာဏာစက်များနှင့် ဆိုင်ပြိုင်တိုက်လှန်ဖို့ရန် ဘယ်အခါမဆို အသင့်ရှိရကြလိမ့်မည်။ စုံစမ်းနှောင့်ယှက်ခြင်းနှင့် သွေးဆောင်ခြင်းများတို့သည် ကျွန်ုပ်တို့အပေါ်သို့ တစ်ဟုန်တည်း ရောက်ရှိလာသောအခါ ဘုရားသခင်ထံသို့ ကျွန်ုပ်တို့ သွားကြ၍ ဆုတောင်းခြင်းဖြင့် ဘုရားသခင်ထံ လျှောက်ထားကြစို့။ ကိုယ်တော်သည် ကျွန်ုပ်တို့အား လက်ချည်းစွန့်လွှတ်တော်မမူဘဲ ရန်သူ၏တနန်ခိုးကိုအောင်မြင်၍ ချိုးဖဲ့နှိပ်ကွပ်နိုင်ရန် ကျွန်ုပ်တို့အား ကျေးဇူးတော်နှင့် ခွန်အားကိုပေးတော်မူလိမ့်မည်။ အို၊ဤအရာများကို မှန်ကန်စွာ သူတို့အားမြင်စေ၍ စုံစမ်းနှောင့်ယှက်ခြင်းကို ခရစ်တော်၏ စစ်သူရဲတို့ကဲ့သို့ သည်းခံစေချင်ပါသည်။ ထိုအခါလူသရေလလူတို့သည် ထာဝရဘုရား၌လည်းကောင်း၊ ကိုယ်တော်၏ တန်ခိုးတော်၌လည်းကောင်း ခွန်အားတိုးတက်လျက် ရှေ့သို့တိုးတက်သွားနိုင်ကြလိမ့်မည်။

ဘုရားသခင်သည်မိမိလူတို့အား စင်ကြယ်စေ၍ ဆေးကြောခြင်း ဂိုသောက်ဖို့ ခါးသောခွက်ကိုပေးတော်မူသည်ကို ကျွန်ုပ်အား ဘုရားသခင်သည် ဖေါ်ပြတော်မူပါသည်။ ၎င်းသည် ခါးသောခွက်ဖြစ်၍ သူတို့သည်ညည်းညူခြင်း၊ အပြစ်တင်ခြင်း၊ စိတ်မကျေနပ်ခြင်းအားဖြင့် ၎င်းကိုသာ၍ခါးအောင်ပြုလုပ်နိုင်ကြလေသည်။ သို့ရာတွင်ဤကဲ့သို့၎င်းကိုရရှိသောသူတို့သည်အခြားသောခွက်ကိုရရှိရကြလိမ့်ဦးမည်။ အကြောင်းမူကားပထမခွက်သည်နှလုံးပေါ်၌ရည်ရွယ်ထားသောအကျိုးကိုမဖြစ်ထွန်းစေ။ ထိုကြောင့် သူတို့၌ရည်ရွယ်ထားသော အကျိုးဖြစ်ထွန်းသည့်တိုင်အောင် သူတို့သည် အခြားသောခွက်များကို တစ်ခွက်ပြီးတစ်ခွက် သောက်ရကြလိမ့်မည်။ သို့မဟုတ်သူတို့၏နှလုံးသည်ညစ်ညူးလျက်မစင်

ကြယ်ဘဲရှိနေရစ်လိမ့်မည်။ ဤခါးသာခွက်သည် သည်းခံခြင်း၊ စိတ်ရှည်ခြင်း၊ ဆုတောင်းခြင်းအားဖြင့်ချိုလာနိုင်၍ ၎င်းကိုထိုနည်းအတိုင်းလက်ခံသောသူတို့၏ နှလုံးများပေါ်၌ ရည်ရွယ်ထားသောအကျိုးကျေးဇူးဖြစ်ထွန်းလာလျက် ဘုရားသခင်သည်ချီးမြှောက်ခြင်း၊ ရိုသေခြင်းကိုခံတော်မူရလိမ့်မည်။

ခရစ်ယာန်ဖြစ်၍ ဘုရားသခင် ပိုင်ဆိုင်တော်မူခြင်းကိုခံရပြီးလျှင် နှစ်သက်တော်မူခြင်းခံရဖို့ရန် အမှုသည် သေးငယ်သောအမှုဖြစ်သည် မဟုတ်။ ခေတ်ကာလနှင့်ဆိုင်သောသမ္မာတရားကိုနှစ်သက်သည်ဟုပြောဆိုပြီးလျှင် မိမိတို့ပြောဆိုသည့်အတိုင်း အသက်တာ၌ မကျင့်မသောသူအချို့ကို သခင်ဘုရားသည် ကျွန်ုပ်အားပြတော်မူပါသည်။ သူတို့၌ ဘုရားတရားကို ကြည်ညိုသော စိတ်သဘောအနည်းငယ်သာရှိ၍ သူတို့သည် သမ္မာကျမ်းစာတော်နှင့်အညီ သန့်ရှင်းခြင်းမရှိ။ အချို့တို့သည် အချည်းနှီးသောစကား၊ မသင့်လျော်သောစကားများကို ပြောဆိုလျက်နေကြ၍ အခြားသောသူတို့သည် မိမိတို့ကိုယ်ကိုမိမိတို့ချီးမြှောက်ရန်ကြိုးစားလျက်နေကြလေ၏။ ကျွန်ုပ်တို့သည် ကိုယ်ကိုကိုယ်ချစ်ခင်နှစ်သက်၍ လောကနည်းတူ ပြုမူလေ့လာနေထိုင်ပြီးလျှင် ၎င်း၏ကာမဂုဏ်များနှင့် ပျော်မွေ့လျက် လောကနှင့်သက်ဆိုင်သောလူစုတို့နှင့်အတူ ပျော်ရွှင်ခြင်းရှိနေကြလျက်ပင် ခရစ်တော်နှင့်အတူ ဘုန်းစည်းစိမ်ကိုခံစားရကြလိမ့်မည်ဟုမမျှော်လင့်ရကြချေ။

ကျွန်ုပ်တို့သည် နောင်ကိုယ်တော်၏ဘုန်းတန်ခိုးတော်ကိုအတူတကွခံစားလိုကြလျှင် ယခုခရစ်တော်နှင့်အတူဒုက္ခဆင်းရဲခြင်းကိုခံရကြလိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှစ်သက်တော်မူဖွယ်သော အမှုကိုမရှာကြ။ ကိုယ်တော်၏အဖိုးထိုက်တန်၍ ဒုက္ခဆင်းရဲခြင်းနှင့်ပြည့်ဝသောအမှုတော်ကို တိုးပွားစေခြင်းငှါ မရှာကြကြဘဲ မိမိအကျိုးကိုသာရှာလျက် မည်ကဲ့သို့မိမိတို့ကိုယ်ကိုရှောင့်ရဲစေမည်နည်းဟု ကြိုးစားရှာဖွေနေကြပါလျှင် ကျွန်ုပ်တို့သည်ဘုရားသခင်ကိုလည်းကောင်း၊ ကျွန်ုပ်တို့နှစ်သက်ကြသည်ဟု ပြောဆိုခဲ့ကြသောအမှုတော်ကိုလည်းကောင်း ရှုတ်ချ

ကြလိမ့်မည်။ ဘုရားသခင်အတွက်အမှုတော်ကိုဆောင်ရွက်ရန် ကျွန်ုပ်တို့၌ အချိန်အနည်းငယ်သာကျန်တော့သည်။ ပျောက်လွင့်၍စုတ်ပြတ်နေသောသခင်ယေရှု၏သိုးစုများကို ကယ်ဆယ်ဖို့ရန် စွန့်စား၍ ကိုယ်ကိုကိုယ်ဆက်ကပ်ပူဇော်ရာ၌ ကျွန်ုပ်တို့သည် အခြားမည်သည့်အရာကိုမျှ နှစ်သက်လိုလားဖို့မသင့်ကြချေ။ ယခုဆက်ကပ်ပူဇော်ခြင်းအားဖြင့်ဘုရားသခင်နှင့် ပဋိညာဉ်ပြုသောသူတို့သည် မကြာမီ အဖိုးထိုက်တန်သောဆုကျေးဇူးကိုခံစားရအံ့သောငှါ အိမ်တော်သို့စုသိမ်းခြင်းကိုခံရ၍ ကာလအစဉ်အဆက် အသစ်သောနိုင်ငံတော်ထဲသို့ဝင်စားရကြလတ္တံ့။

အို၊ ကျွန်ုပ်တို့ ယခုသခင်ဘုရားအတွက်လုံးလုံးအသက်ရှင်ကြစို့။ ၎င်းပြင် အသက်တာတွင်နေရာတကျနေထိုင်ပြုမူခြင်း၊ ဘုရားတရားနှင့်ညီညွတ်သောစကားများကို ပြောဆိုခြင်းဖြင့် ကျွန်ုပ်တို့သည် သခင်ယေရှုနှင့် အတူတကွရှိနေကြ၍ ကိုယ်တော်၏ နှိမ့်ချသောတပည့်များဖြစ်ကြောင်းကိုပြကြစို့။ ကျွန်ုပ်တို့သည် နေ့အချိန်ရှိသောတပည့်တော်ကိုဆောင်ရွက်ကြရမည်။ အကြောင်းမူကားဒုက္ခဆင်းရဲခြင်း၊ ခက်ခဲခြင်းတည်းဟူသော ညဉ့်မှောင်မိုက်ရောက်လာသောအခါ ဘုရားသခင်အတွက်အမှုတော်ကိုဆောင်ရွက်ဖို့ရန် နောက်ကျသွားလိမ့်မည်။ သခင်ယေရှုသည် မိမိ၏သန့်ရှင်းရာအရပ်တည်းဟူသော ဟဂျာအရပ်တွင်ရှိနေတော်မူ၍ ယခုကျွန်ုပ်တို့၏ယဇ်ပူဇော်သကာများ၊ ဆုတောင်းခြင်းများ၊ အပြစ်ဒုစရိုက်များအတွက် ဖေါ်ပြဝန်ချခြင်းတို့ကိုလက်ခံတော်မူပြီးလျှင် ကိုယ်တော်သည်သန့်ရှင်းရာဌာနမှ ထွက်ကြွတော်မူသောအခါ ၎င်းတို့ကိုပယ်ဖျက်တော်မူမည်အကြောင်း ကိုယ်တော်သည်ဣသရေလလူတို့၏ ပြစ်မှားသော အပြစ်ဒုစရိုက်ရှိသမျှတို့ကို ခွင့်လွှတ်တော်မူလိမ့်မည်။ သခင်ယေရှုသည် သန့်ရှင်းရာဌာနမှထွက်ကြွတော်မူသောအခါ သန့်ရှင်း၍ဖြောင့်မတ်သောသူတို့သည် သန့်ရှင်း၍ဖြောင့်မတ်လျက်ပင် ရှိနေကြသေး၍ သူတို့၏ အပြစ်ရှိသမျှတို့ကို ပယ်ဖျက် တော်မူလိမ့်မည်။ ၎င်းပြင်သူတို့သည် အသက်ရှင်တော်မူသော ဘုရားသခင်၏တံဆိပ်တော်နှင့် တံဆိပ်နှိပ်ခြင်းကို ခံရကြလိမ့်မည်။ သို့ရာတွင် မဖြောင့်မတ်မတရား၍ ညစ်ညူးသောသူတို့သည်မဖြောင့်မတ်မတရား၍ညစ်ညူးလျက်

ရှိနေကြသေး၏။ သူတို့၏ယဇ်ပူဇော်သကာများ၊ သူတို့၏အပြစ်များကို ဖေါ်ပြဝန်ချ တောင်းပန်ခြင်းများနှင့်ဆုတောင်းခြင်းတို့ကို ဘုရားသခင် ရှေ့တော်၌ဆက်ကပ်ဖို့ရန် သန့်ရှင်းရာဌာနတွင် သူတို့အတွက်ယဇ် ပုရောဟိတ်ရှိလိမ့်မည်မဟုတ်။ ထိုကြောင့်သခင်ယေရှုသည် ကောင်းကင် သန့်ရှင်းရာဌာနတွင် အသန့်ရှင်းဆုံးဟဂျာဟဂျန်အရပ်မှ ထွက်ကြွ တော်မမူ လာလတ္တံ့သောဘုရားသခင်၏အမျက်တော်နေ့ကြီးမှဝိညာဉ် များကို ကယ်ဆယ်ဖို့ရန် အလုပ်ကိုအချိန်ရှိစဉ်စောစောကဆောင်ရွက်ရ ကြမည်။

---*--

အခန်း ၁၇

## လှုပ်ရှား၍ယိမ်းယိုင်ကျခြင်း

အချို့တို့သည် ယုံကြည်ခြင်း စိတ်အားကြီး၍ ပူပြင်းစွာ ငိုကြွေးလျက် ဘုရားသခင်အား တောင်းလျှောက်နေကြသည်ကို ကျွန်ုပ်မြင်ရပါသည်။ မိမိတို့၏အတွင်း၌တိုက်ခိုက်နေရသောအရာကို ဖော်ပြသည့်လက္ခဏာနှင့် သူတို့၏ မျက်နှာသည် ညှိုးငယ်နေ၍ လွန်စွာစိုးရိမ်သောအခြင်းအရာကို ပြလေသည်။ မြဲမြံတည်ကြည်ခြင်းနှင့် စိတ်အားကြီးခြင်းလက္ခဏာများသည် သူတို့၏မျက်နှာတွင်ထင်ရှား၏။ ချွေးလုံးများသည်လည်း နဖူးမှကျလျက်ရှိ၏။ မကြာခဏသူတို့၏မျက်နှာသည်ဘုရားသခင်နှစ်သက်သဘောကျသောလက္ခဏာနှင့်တောက်ပလျက်ရှိ၍ သူတို့၌ကြည်နူးရှိ၍ စိတ်အားကြီးလျက် စိုးရိမ်သော လက္ခဏာကို တစ်ဖန်တွေ့ရပြန်လေသည်။

သူတို့၏ မျက်စိများကို ပတ်လည်၌ရှိသော အမှောင်ဘက်သို့ ဆွဲယူ၍ထိုနည်းအားဖြင့် ဘုရားသခင်ကိုမယုံကြည်ဘဲ ဘုရားသခင်တစ်ဖက်၌ ညည်းညူစေရန် သူတို့၏မျက်မှောက်မှ သခင်ယေရှုကို ကာကွယ်ထားရန် မှောင်မိုက်ကို ဖြစ်စေလျက် နတ်ဆိုးများတို့သည် သူတို့၏ပတ်လည်တွင် စုရုံးလာကြလေ၏။ သူတို့သည် မိမိတို့အထက်၌ ရှိသော အရာကို စိုက်ကြည့်နေခြင်းအားဖြင့်သာ ဘေးလွတ်ကင်းနိုင်ကြလိမ့်မည်။ ဘုရားသခင်၏ကောင်းကင်တမန်များသည် ကိုယ်တော်၏ လူများကို စောင့်ရှောက်ကြည့်ရှုကြ၍ ဤစိုးရိမ်လျက်ရှိသော လူတို့၏ ပတ်လည်တွင် နတ်ဆိုးတို့၏ အဆိပ်အတောက်ဖြစ်သော အငွေ့များရောက်ရှိလာသော အခါကောင်းကင်တမန်များတို့သည် ဝင်းထူထပ်သော မှောင်မိုက်ကို ပျောက်လွင့်သွားစေရန် မိမိတို့၏ အတောင်ပံများဖြင့် အစဉ်လိုပင်ခတ်လျက်ရှိနေကြသည်။

ဆုတောင်းနေသော သူတို့သည် ဆက်လက်၍ စိတ်အားကြီးစွာ ငိုကြွေးနေကြစဉ်သူတို့၏စိတ်ကိုအားပေးတိုက်တွန်း၍ သူတို့၏မျက်နှာ

ကို ထွန်းတောက်စေရန် တစ်ခါတစ်ရံ သခင်ယေရှုထံမှ အလင်းရောင်ခြည်တော်သည် သူတို့အပေါ်သို့ ဆင်းသက်လေ၏။ အချို့တို့သည် ဤကဲ့သို့ ပြင်းစွာ ဝိုက်ခြွေးပူဆွေးခြင်းနှင့် တောင်းလျှောက်ခြင်းအမှုကိစ္စတွင် မပါဝင်မဆောင်ရွက်ဘဲနေကြသည်ကို ကျွန်ုပ်မြင်ရပါသည်။ သူတို့သည်ဂရုမစိုက်အမှုမထားဘဲနေကြသည်။ သူတို့သည် သူတို့၏ပတ်လည်တွင်ရှိသောအမှောင်ကို မခုခံမတားဆီးကြသဖြင့် ၎င်းသည်သူတို့အားထူထပ်သောမိုးတိမ်ကဲ့သို့ဖုံးအုပ်လေ၏။ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် ထိုသူတို့ထံမှထွက်ခွာသွား၍စိတ်အားကြီးလျက် ဆုတောင်းနေသောသူတို့အား မစရန်သွားကြသည်။ မိမိတို့၏အစွမ်းသတ္တိရှိသမျှနှင့် နတ်ဆိုးတို့ကိုတားဆီးခုခံရန်ကြိုးစားလျက်မိမိတို့အားမစကူညီရန်ဘုရားသခင်အား လုံ့လဝီရိယနှင့် ခေါ်လျက်နေသောသူတို့အား မစကူညီရန် ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် လျင်မြန်စွာ ထွက်သွားကြသည်ကို ကျွန်ုပ်မြင်ရလေ၏။ သို့ရာတွင် မိမိတို့ကိုယ်ကိုမိမိတို့မစကူညီစေဖို့ရန် မကြိုးစားသောသူတို့ထံမှ ကိုယ်တော်၏ကောင်းကင်တမန်တို့သည် ထွက်ခွာသွား၍ ကျွန်ုပ်သည် သူတို့ကို မမြင်ရတော့ချေ။

ကျွန်ုပ်မြင်ရသော လှုပ်ရှားခြင်း၏အဓိပ္ပါယ်ကို ကျွန်ုပ်က မေးမြန်းသောအခါ လောဒိကိအသင်းသားများတို့အား ဟုတ်မှန်သောသက်သေခံသခင်၏အကြံပေးချက်အရ ထင်ရှားစွာဖေါ်ပြသည့် မှန်ကန်သော သက်သေခံချက်ကြောင့် ဤအမှုသည်ဖြစ်ရလိမ့်မည်ဟု ဖေါ်ပြပါသည်။ ၎င်းကိုခံယူသော သူတို့၏စိတ်နှလုံး၌ကား အကျိုးဖြစ်ထွန်း၍ သူ့အားတံခွန်အောင်လံစိုက်သောနေရာသို့ပို့ဆောင်လျက်မှန်ကန်သောသမ္မာတရားကို ချပေးလိမ့်မည်။ အချို့သောသူတို့သည် ဤဟုတ်မှန်သောသက်သေခံချက်ကိုနှလုံးပိုက်ကြလိမ့်မည်မဟုတ်။ သူတို့သည် ၎င်း၏တစ်ဖက်၌ ထကြွကြသဖြင့် ဘုရားသခင်၏ လူများတွင် ဤကဲ့သို့ လှုပ်ရှားခြင်းဖြစ်လိမ့်မည်။

မှန်သော သက်သေခံသခင်၏ သက်သေခံချက်ကို ထက်ဝက်လောက်တို့သည် အမှုမထားဂရုမစိုက်ကြသည်ကို ကျွန်ုပ်မြင်ရပါသည်။ အသင်းတော်၌ နောက်ဆုံးဖြစ်ရမည့်အခြေအနေသည် မှီခိုလျက်

ရှိသော ကြည်ညိုဖွယ်ကောင်းသည့်သက်သေခံချက်ကို လူများတို့သည် ပေါ့ပေါ့ဆဆထင်မှတ်ကြသည်။ သို့မဟုတ်လျှင်လည်း လုံးလုံးပင် ဂရုမစိုက် အမှုမထားကြချေ။ ဤသက်သေခံချက်အားဖြင့် ကြီးစွာသော နောင်တကိုဖြစ်စေ၍ ၎င်းကို မှန်ကန်စွာလက်ခံသောသူရှိသမျှတို့သည် ၎င်းကို နားထောင်စောင့်ရှောက်ခြင်းဖြင့် မိမိတို့ကိုယ်၌ သန့်ရှင်းခြင်း အခွင့်ကို ရရှိကြလိမ့်မည်။

'သင်နားထောင်'' ဟု ကောင်းကင်တမန်ကပြောဆို၏။ နောက်များမကြာမီ အလွန်သာယာညီညွတ်သောတူရိယာသံကဲ့သို့သောအသံ တစ်ခုကိုကျွန်ုပ်ကြားရ၏။ ၎င်းသည်ကျွန်ုပ်ကြားဖူးသမျှသောတူရိယာ အသံတို့ထက် အဆပေါင်းများစွာသာလွန်၍ ၎င်းသည်ကရုဏာ၊ သနား ကြင်နာခြင်း၊ မြင့်မြတ်သန့်ရှင်းသော ဝမ်းမြောက်ခြင်းနှင့်ပြည့်စုံသည့် လက္ခဏာရှိ၏။ ၎င်းသည်ကျွန်ုပ်၏တစ်ကိုယ်လုံးကိုအေးသွားအောင်ပြု လုပ်လေ၏။ ထိုအခါကောင်းကင်တမန်က 'သင်ကြည့်လော'' ဟု ပြောဆိုသဖြင့် ကျွန်ုပ်မြင်ခဲ့ပြီးသောပြင်းစွာလှုပ်ရှားခြင်းခံရသည့်လူတစ်စုကို ကျွန်ုပ်သည်လှည့်၍ကြည့်လိုက်လေ၏။ ကျွန်ုပ်သည်ပထမကမြင်ခဲ့ပြီးသော ပြင်းစွာပူဆွေးခြင်းနှင့်ငိုကြွေးလျက်ဆုတောင်းနေကြသော လူတစ်စုကို ကျွန်ုပ်အားပြပြန်လေ၏။ စောင့်ရှောက်ကြည့်ရှုသောကောင်းကင်တမန် တစ်စုသည် နှစ်ဆတိုးပွါးလာ၍ သူတို့သည်ခေါင်းမှခြေအထိလက်နက်စုံ ကိုဝတ်ဆင်လျက်ရှိကြလေသည်။ သူတို့သည်စစ်သားတစ်စုကဲ့သို့အလွန် နေရာတကျချီတက်သွားကြ၏။ သူတို့၏မျက်နှာများ၌ မိမိတို့သည်းခံ လျက် ခုခံခဲ့ရသည့်ပြင်းစွာသောတိုက်လှန်ခြင်း၊ ဝေဒနာခံစားလျက် တိုက်ခိုက်ခဲ့ရခြင်းတို့၏ လက္ခဏာများသည် ထင်ရှားလျက်ရှိ၏။ သို့ရာတွင်အတွင်း၌ပြင်းထန်စွာတိုက်လှန်ခြင်းကိုဖော်ပြသောသူတို့၏ မျက်နှာပုံပန်းများမှာ ယခုပြောင်းလဲသွား၍ ကောင်းကင်အလင်းနှင့်ဘုန်းတော်တို့ဖြင့်ထွန်းတောက်လျက်ရှိလေ၏။ သူတို့သည်အောင်မြင်ခြင်းကိုရကြ၍ ထိုအောင်မြင်ခြင်းကြောင့်သူတို့၌အလွန်ပင်ကျေးဇူးတင်သောလက္ခဏာ၊ သန့်ရှင်း၍ ဘုရားဝတ်နှင့်ညီလျော်သောဝမ်းမြောက်ခြင်းလက္ခဏာများကိုတွေ့မြင်ရလေသည်။

ဤအစုတွင်ရှိသော လူများတို့သည် တဖြည်းဖြည်း ဆုတ်လျော့သွားကြလေသည်။ အချို့တို့သည်လှုပ်ချခြင်းခံရ၍ လမ်းဘေးတွင် ကျန်ရစ်ခဲ့ကြ၏။ အောင်မြင်ခြင်းနှင့်ကယ်တင်ခြင်းကို အမြတ်တနိုး ထားကြသောလူများနှင့်အတူ ၎င်းအတွက်ကြိုးစား၍တောင်းလျှောက်ခြင်းကို မပြုဘဲ၊ ဂရုမစိုက်အမှုမထားဘဲနေကြသောသူတို့သည် ၎င်းကိုမရရှိနိုင်ကြ။ ၎င်းအပြင် သူတို့သည် နောက်၌ မှောင်မိုက်တွင် ကျန်ရစ်ခဲ့ကြ၍ သူတို့၏ နေရာတွင် သမ္မာတရားကိုဆွဲကိုင်ပြီးလျှင် ရှေ့သို့တက်လာသောသူများတို့သည် ချက်ချင်းဝင်ရောက်လာကြ၏။ နတ်ဆိုးများသည် သူတို့၏ ပတ်လည်၌ ဝိုင်းဝန်းရန် ကြိုးစားကြသော်လည်း သူတို့သည်မတတ်စွမ်းနိုင်ကြချေ။

လက်နက်စုံကို ဝတ်ဆင်ထားသောသူတို့သည် ကြီးစွာသော တန်ခိုးဖြင့် သမ္မာတရားကိုကြွေးကြော်လျက်နေသည်ကို ကျွန်ုပ်ကြားရပါသည်။ ၎င်းသည်အကျိုးကိုဖြစ်ထွန်းစေခဲ့လေပြီ။ များစွာသောသူကိုသည် ဆီးတားခြင်းကိုခံရကြလေပြီ။ အချို့သောအမျိုးသမီးများသည် မိမိတို့၏ ခင်ပွန်းအားဖြင့်၊ အချို့သောသားသမီးတို့သည် မိဘများအားဖြင့်တားဆီးခြင်းကို ခံရကြလေပြီ။ သမ္မာတရားကိုမကြားစေခြင်းငှါတားမြစ်ကန့်ကွက်ခြင်း ခံရသည့် ဖြောင့်မတ်သောသူတို့သည် ယခုမှ၎င်းကိုစိတ်အားထက်သန်စွာနှင့်ကိုင်ဖမ်းကြလေ၏။ မိမိ၏ဆွေမျိုးတို့ကိုအားနာကြောက်လန့်သောစိတ်များတို့သည် ပျောက်ကွယ်သွားကြ၍ သမ္မာတရားကိုသာ သူတို့သည် အမြတ်တနိုးထားကြလေ၏။ သူတို့သည် သမ္မာတရားကို ဆာငတ်မွတ်လျက်နေခဲ့ရကြပြီ။ ၎င်းကို မိမိတို့၏အသက်ထက် သာ၍ နှစ်သက်မြတ်နိုး၍ အဖိုးထိုက်သော အရာကဲ့သို့ မှတ်ယူကြလေ၏။ အဘယ်ကြောင့် ဤကဲ့သို့ စိတ်သဘောပြောင်းလဲခြင်းဖြစ်ရသနည်းဟု ကျွန်ုပ်ကမေးမြန်းသောအခါ ကောင်းကင်တမန်က '၎င်းသည်တတိယ ကောင်းကင်တမန်၏ ကျယ်သောကြွေးကြော်ခြင်းတည်းဟူသော သခင်ဘုရားထံတော်မှ သက်ရောက်သော ကောင်းချီးမင်္ဂလာဖြစ်သော နောက်မိုးရွာခြင်းဖြစ်သည်" ဟုပြန်ပြောပြလေ၏။

ရွေးချယ်ခြင်းခံရသော ဤသူတို့သည် အလွန်တန်ခိုးကြီးကြလေသည်။ 'သင်ကြည့်ရှုလော့" ဟု ကောင်းကင်တမန်ကပြောဆို၍ ကျွန်ုပ်သည် ဆိုးယုတ်သောသူ သို့မဟုတ် မယုံကြည်သောသူတို့ကိုလှည့်ကြည့်လေ၏။ သူတို့အားလုံးသည် လှုပ်လှုပ်ရှားရှားဖြစ်လျက်နေကြသည်။ ဘုရားသခင်၏လူတို့၌ ရှိသောစိတ်အားထက်သန်ခြင်းနှင့်တန်ခိုးကိုမြင်ရသဖြင့် သူတို့သည်ထကြွလှုပ်ရှားလျက် ဒေါသဖြစ်နေကြလေ၏။ နေရာတိုင်း ရှုပ်ထွေးခြင်း၊ မငြိမ်မသက်ဖြစ်ခြင်းကိုတွေ့ရလေ၏။ ဘုရားသခင်၏ အလင်းရောင်ခြည်နှင့် တန်ခိုးတော်ကိုရရှိပြီးသောလူစုတို့အား တိုက်ခိုက်ရန် ကြိုးစားလျက်နေကြသည်ကိုကျွန်ုပ်တွေ့မြင်ရလေ၏။ မှောင်မိုက်သည် သူတို့၏ပတ်လည်တွင် သာ၍ထူထပ်လာလေ၏။ သို့သော် သူတို့သည် တည်ကြည်စွာရပ်လျက် ဘုရားသခင်နှစ်သက်တော်မူရန် ကြိုးစားပြီးလျှင် ကိုယ်တော်ကိုယုံကြည်အားကိုးကြလေ၏။ သူတို့သည်စိတ်ရှုပ်ထွေးလျက် နေကြသည်ကို ကျွန်ုပ်မြင်ရသည်။ ထိုနောက်သူတို့သည်စိတ်အားကြီးစွာ ဘုရားသခင်အား ကြွေးကြော်လျက်ရှိကြသည်ကို ကြားရပြန်လေ၏။ 'ကိုယ်တော်၏ အလိုတော်အတိုင်း ဖြစ်ပါစေ။ အို၊ ဘုရားသခင်၊ ကိုယ်တော်၏နာမတော်ကို ချီးမြှောက်နိုင်စရာအကြောင်းဖြစ်ပါလျှင် ကိုယ်တော်၏လူများတို့အား လွတ်မြောက်ရန် လမ်းဖွင့်ပေးတော်မူပါ။ ကျွန်ုပ်တို့၏ ပတ်လည်၌ရှိသောတစ်ပါးအမျိုးသားတို့၏ဘေးရန်မှကျွန်ုပ်တို့အားကယ်နုတ်တော်မူပါ။ သူတို့သည်ကျွန်ုပ်တို့အားမရဏာနိုင်ငံသို့ ဖို့ခြင်းငှါ ကြိုးစားလျက်ရှိကြပါသည်။ သို့သော် ကိုယ်တော်၏ လက်တော်သည်ကျွန်ုပ်တို့အဖို့ကယ်တင်ခြင်းကို ယူဆောင်နိုင်တော်မူပါသည်" ဟူသောသူတို့၏အော်ဟစ်သံသည် နေ့ညမစဲဘဲရှိလေ၏။ အားလုံးတို့သည် မိမိတို့၏အသုံးမကျသောအခြေအနေကို ကောင်းစွာ သိရှိနားလည်ဟန်ရှိကြသည်။ ၎င်းပြင် ဘုရားသခင်၏ အလိုတော်ကို လုံးလုံးဝန်ခံကြောင်း ဖေါ်ပြကြလေသည်။ သို့သော်တစ်ယောက်မကျန် လူတိုင်းတို့သည် ယာကုပ်ကဲ့သို့ကယ်လွှတ်ခြင်းအခွင့်ရရှိရန် စိတ်အားကြီးစွာနှင့်တောင်းလျှောက်ပြီးထွေးလုံးလျက်ရှိနေကြလေသည်။

သူတို့သည်စိတ်အားကြီးစွာကြွေးကြော်စပြုပြီး နောက်များမကြာမီ ကောင်းကင်တမန်တို့သည် ထောက်ထားစာနာသော သဘောနှင့် သူတို့အားကယ်လွှတ်ရန် သွားချင်ကြလေ၏။ သို့ရာတွင် အရပ်မြင့်၍ ဩဇာအာဏာရှိသော ကောင်းကင်တမန်ကြီးတစ်ပါးက သူတို့အား သွားဖို့ရန်အခွင့်မပေးချေ။ ထိုနောက်သူက 'ဘုရားသခင်၏အလိုတော်သည် မပြည့်စုံသေး။ သူတို့သည်ထိုခွက်ကိုသောက်ရကြမည်။ သူတို့သည် ထိုနှစ်ခြင်းကိုခံရကြလိမ့်မည်" ဟုပြောဆိုပြန်လေ၏။

များမကြာမီကောင်းကင်နှင့်မြေကြီးကိုတုန်လှုပ်စေလောက်အောင် ကျယ်သော ဘုရားသခင်၏အသံတော်ကိုကြားရလေ၏။ ကြီးစွာသော ငလျင်လှုပ်ခြင်းဖြစ်လေ၏။ အရပ်ရပ်တိုင်း၌အဆောက်အအုံများတို့သည် ပြိုကျလေ၏။ ထိုစေနက်အလွန်ကျယ်၍ တူရိယာသံနှင့်တူလျက်ထင်ရှားသော ကြွေးကြော်သံကိုကြားရလေ၏။ ၎င်းအသံသည် အောင်မြင်၍ ဝမ်းမြောက်ခြင်းနှင့်ကြွေးကြော်သောအသံဖြစ်လေ၏။ အချိန်ကာလ အနည်းငယ်ကြာလောက်ကလွန်စွာပင် ဒုက္ခရောက်၍ချည်နှောင်ခြင်းကိုခံနေရသောလူစုတို့ကို ကျွန်ုပ်သည်ကြည့်ရှုသောအခါသူတို့သည် ဖမ်းသွားချုပ်ထားခြင်းမှ လွတ်ကင်းလာကြ၍ သူတို့၏အပေါ်တွင် ဘုန်းတော်နှင့် တောက်ပသောအလင်းရောင်ခြည်သည် ထွန်းတောက်လျက်ရှိသည်ကို မြင်ရလေ၏။ သူတို့သည် အလွန်ပင်လှပသော သူများဖြစ်ကြပါသည်တကား။ စိုးရိမ်ခြင်းနှင့်ပူပန်ခြင်းလက္ခဏာရှိသမျှတို့သည် ပျောက်ကွယ်သွား၍သူတို့၏မျက်နှာတွင် ကျန်းမာသန်စွမ်း၍လှပသောအခြေအနေကို တွေ့မြင်ရလေ၏။ သူတို့၏ရန်သူဖြစ်၍သူတို့ပတ်လည်တွင်ရှိသောတစ်ပါးအမျိုးသားတို့သည်လူသေကောင်များကဲ့သို့လဲကျနေကြလေ၏။ ကယ်နုတ်ခြင်းခံရ၍သန့်ရှင်းသောသူတို့၏အပေါ်၌ထွန်းတောက်သောအလင်းရောင်ခြည်ကိုသူတို့သည် မခံမရပ်နိုင်ကြချေ။ ယေရှုသည်ကောင်းကင်၌မိုးတိမ်တွင်ပေါ်လာသည်တိုင်အောင် ဤအလင်းရောင်ခြည်နှင့်ဘုန်းတော်သည်သူတို့အပေါ်၌တည်ရှိလျက်နေသေး၏။ ၎င်းပြင် သစ္စာရှိ၍စုံစမ်းခြင်းခံရသော လူစုံတို့သည် မျက်စိတစ်မှိတစ်ခဏချင်းတွင် ဘုန်းတော်မှ ဘုန်းတော်သို့ပြောင်းလဲသွားကြလေ၏။ ထိုနောက် သင်္ချိုင်းတို့သည်

ပွင့်လာကြ၍ သန့်ရှင်းသောသူတို့သည် 'သေခြင်းနှင့် သင်္ချိုင်းတို့ကို အောင်မြင်ပြီ" ဟုကြွေးကြော်လျက် မသေမပုပ်နိုင်သောကိုယ်နှင့် သင်္ချိုင်းမှ ထမြောက်လာကြလေ၏။ ထိုအခါသူတို့သည်အသက်ရှင်လျက် နေသောသန့်ရှင်းသူတို့နှင့်တကွအာကာသကောင်းကင်တွင်သခင်ဘုရား နှင့် တွေ့ဆုံရန် အထက်သို့ဆောင်ယူခြင်းကိုခံရကြလေ၏။ ထိုခဏချင်း တွင် လူအသီးသီးတို့သည် ဘုန်းတော်နှင့်အောင်မြင်ခြင်းအခွင့်ကို ရကြ သောကြောင့် စူးရှ၍တူရိယာသံကဲ့သို့သာယာသောအသံနှင့်ကြွေးကြော် ကြလေ၏။

--*--

အခန်း ၁၈

# ဆုတောင်းခြင်းနှင့်ယုံကြည်ခြင်း

ဘုရားသခင်၏သားသမီးတို့သည် ဆုတောင်းဖို့ရန် ပေါ့လျော့တတ်ကြသည်ကိုကျွန်ုပ်မကြာခဏတွေ့ရှိရသည်။ အထူးသဖြင့်တိတ်ဆိတ်သောနေရာတွင် တစ်ယောက်တည်းဆုတောင်းဖို့ရန် အထူးသဖြင့်ပေါ့လျော့တတ်ကြသည်။ မိမိတို့၏ယုံကြည်ခြင်းကိုဖေါ်ပြ၍ ထင်ရှားစေရန်ပြုကျင့်ဖို့မိမိတို့၌ အခွင့်ထူးနှင့်ဝတ္တရားရှိကြသော်လည်း ထိုအခွင့်ကိုအသုံးမပြုကြဘဲ ယုံကြည်ခြင်းအားဖြင့်သာ ဖြစ်ပေါ်လာနိုင်သောစိတ်သဘောမျိုးကိုရရှိရန်သာ သူတို့သည် မျှော်လင့်စောင့်ဆိုင်းလျက်ရှိနေကြသည်။ စိတ်သဘောအခြေအနေသည် ယုံကြည်ခြင်းနှင့်ကွာခြားလေသည်။ ယုံကြည်ခြင်းကား ကျွန်ုပ်တို့၏အကျင့်နှင့်ဆိုင်သောအရာဖြစ်၍ ဝမ်းမြောက်သောစိတ်သဘောနှင့်ကျောင်းချီးမင်္ဂလာကို ဘုရားသခင်က ချပေးတော်မူရန် ဝတ္တရားဖြစ်ပေသည်။ အသက်ရှင်လျက်နေသော ယုံကြည်ခြင်းအားဖြင့်သာ ဘုရားသခင်ထံမှကျေးဇူးကရုဏာတော်သည် လူတို့အပေါ်သို့သက်ရောက်လာ၍ ကျွန်ုပ်တို့၌ပြုကျင့်ရန် အစွမ်းရှိသော ထိုယုံကြည်ခြင်းကိုရရှိကြပေသည်။

ယုံကြည်ခြင်းရှိကြောင်းကိုမသိရှိမီ မှန်သောယုံကြည်ခြင်းရှိသူသည် ကတိထားတော်မူသော ကောင်းချီးမင်္ဂလာကိုကိုင်ယူလျက် တောင်းဆိုတတ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့လိုသောအချက်များကိုယုံကြည်ခြင်းနှင့် ဒုတိယကနဲ့လနဲ့ကာအတွင်း၌ တောင်းလျှောက်ရကြမည်။ ၎င်းအပြင် ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် ကတိတော်နှင့်ဆိုင်သောကောင်းချီးမင်္ဂလာများကိုကိုင်ဆွဲ၍ ၎င်းတို့ကိုကျွန်ုပ်တို့ပိုင်ဆိုင်သောအရာကဲ့သို့တောင်းဆိုကြစို့။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် ၎င်းတို့ကိုကိုင်ဆွဲ၍နှုတ်ကပါဌ်တော်အတိုင်း ၎င်းတို့သည်ကျွန်ုပ်တို့ပိုင်ဆိုင်သောအရာဖြစ်လာသည့်အတွက်ကြောင့် ထိုအခါကျွန်ုပ်တို့သည် ကောင်းချီးမင်္ဂလာများကိုရကြလိမ့်မည်ဟု ယုံကြည်ရကြမည်။ 'သင်တို့သည်ဆုကျေးဇူးကို

ရမည်ဟု ယုံကြည်သောစိတ်နှင့်ဆုတောင်းသမျှတို့ကို ရကြလိမ့်မည်" မာ၊ ၁၁း၂၄။ ကျွန်ုပ်တို့ မသိရှိမီကပင် ကောင်းချီးမင်္ဂလာကိုခံရကြ လိမ့်မည်ဟု ယုံကြည်လျှင်ဤနေရာ၌ယုံကြည်ခြင်း၊ ထင်ရှားသောယုံကြည် ခြင်းဖြစ်ပေသည်။ ကတိတော်နှင့်ဆိုင်သောကောင်းချီးမင်္ဂလာတော်ကို ခံစားရပြီဟုသိရှိလာလျှင်ယုံကြည်ခြင်းသည်တိမ်မြုပ်သွားလေပြီ။ သို့ရာ တွင်သန့်ရှင်းသော ဝိညာဉ်ဆုကျေးဇူးများကိုများစွာခံစားရသောအခါ သူတို့၌ ယုံကြည်ခြင်းရှိသည်ဟု အများသော သူတို့ကထင်မှတ်ကြလေ သည်။ ၎င်းပြင်မိမိတို့၌ ယုံကြည်ခြင်းရှိကြောင်းစိတ်ထဲ၌မသိရှိလာသေး သမျှကာလပတ်လုံးသူတို့၌ယုံကြည်ခြင်းမရှိနိုင်ဟုထင်မှတ်ကြသေးသည်။ ကျွန်ုပ်တို့၌ ဝိညာဉ်ဆုကျေးဇူးများစွာချို့ယွင်းနေသည်ကိုသိရှိရသောအ ချိန်သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုဖေါ်ပြရန် ပြုကျင့်ဖို့အသင့်လျော်ဆုံး အချိန်ဖြစ်ပေသည်။ မှောင်မိုက်တည်းဟူသော ထူထပ်သောမိုးတိမ်သည် ကျွန်ုပ်တို့၏စိတ်တွင်း၌ရစ်ဝဲနေစဉ်အခါ၌ပင် အသက်ရှင်သောယုံကြည် ခြင်းသည် မှောင်မိုက်ကိုထိုးဖေါက်၍မိုးတိမ်များကိုပျောက်လွင့်အောင် ပြုလုပ်စေရမည်။

မှန်သောယုံကြည်ခြင်းသည် ဘုရားသခင်၏နှုတ်ကပါဌ်တော်တွင် ပါရှိသောကတိတော်တို့ကိုမှီခိုလျက်နေ၍နှုတ်ကပါဌ်တော်ကိုနားထောင် သောသူတို့သာ ဘုန်းတော်နှင့်ပြည့်စုံသော ၎င်း၏ကတိတော်များ ကိုတောင်းဆိုနိုင်ခွင့်ရှိကြသည်။ 'သင်တို့သည်ငါ၌တည်၍ ငါ့စကား သည်သင်တို့၌တည်လျှင် သင်တို့သည်တောင်းချင်သမျှကိုတောင်း၍ရကြ လိမ့်မည်" ယော၊ ၁၅း၇။ 'ငါတို့သည်ပညတ်တို့ကိုစောင့်ရှောက်၍ နှစ်သက်တော်မူသောအကျင့်ကိုကျင့်သောကြောင့် ဆုတောင်းသမျှတို့ကို ဘုရားခင်ထံတော်မှရကြ၏။" ၁ယော၊ ၃း၂၂။ ကျွန်ုပ်တို့သည်အထူး သဖြင့် တိတ်ဆိတ်သောနေရာတွင် တစ်ယောက်တည်း မကြာခဏ ဆုတောင်းရကြမည်။ သခင်ခရစ်တော်သည် စပျစ်နွယ်ပင်ဖြစ်၍ကျွန်ုပ်တို့ သည် အကိုင်းအခက်များဖြစ်ကြ၏။ ၎င်းအပြင်ကျွန်ုပ်တို့သည်ကြီးပွား၍ သန်စွမ်းလိုလျှင်အသက်ရှင်လျက်နေသောစပျစ်နွယ်တော်တည်းဟူသော သခင်ယေရှုထံတော်မှ သစ်စေးနှင့်အာဟာရကို အစဉ်သဖြင့်ဆွဲယူရကြ

မည်။ အကြောင်းမူကား ကျွန်ုပ်တို့သည် စပျစ်နွယ်တော်နှင့်ကွာလျက် နေလျှင် ကျွန်ုပ်တို့၌ခွန်းအားမရှိချေ။

ဣသရေလလူတို့၌ အဘယ်ကြောင့် ယုံကြည်ခြင်းနှင့်တန်ခိုးမရှိသနည်းဟုကျွန်ုပ်ကကောင်းကင်တမန်အားမေးမြန်း၏။ ထိုအခါထိုသူက 'သင်တို့သည် သခင်ဘုရား၏လက်ရုံးတော်ကိုချက်ချင်းရုပ်သိမ်းတော်မူစေပြီ။ ပလ္လင်တော်သို့ချက်ချင်းလိုသောအချက်များကိုလျှောက်ထားကြ၍ကြီးစွာသောယုံကြည်ခြင်းနှင့်ကိုင်ဆွဲယူလော့။ ကတိတော်တို့သည် ဇကန်မုချမလွဲနိုင်သောအရာများဖြစ်သည်။ ယုံကြည်ခြင်းရှိသည့်အတိုင်း သင်တို့တောင်းလျှောက်သမျှကို ရကြလိမ့်မည်" ဟု ပြန်ပြောဆိုလေ၏။ ထိုနောက်ကျွန်ုပ်အားဧလိယကိုညွှန်ပြတော်မူ၏။ သူသည်ကျွန်ုပ်တို့ကဲ့သို့ လောကဓံတရား၌ကျင်လည်သောသူဖြစ်၍ စိတ်အားကြီးစွာနှင့် အထူးသဖြင့်ဆုတောင်း၏။ သူ၏ယုံကြည်ခြင်းသည် စုံစမ်းခြင်းကိုခံရပ်နိုင်လေ၏။ သူသည်ဘုရားသခင်ရှေ့တော်၌ ခုနှစ်ကြိမ်တိုင်အောင်ဆုတောင်း၍ နောင်ဆုံး၌မိုးတိမ်ကိုမြင်ရလေ၏။ ကျွန်ုပ်တို့သည် မှန်ကန်သောကတိတော်များကို ယုံမှားခဲ့ကြ၍ ကျွန်ုပ်တို့၌ယုံကြည်ခြင်းကင်းမဲ့ခြင်းအားဖြင့် ကယ်တင်ရှင်ကို စိတ်နာစေခဲ့ကြကြောင်းကို ကျွန်ုပ်မြင်ရပါသည်။ ကောင်းကင်တမန်က 'သင့်ကိုယ်၌လက်နက်စုံကိုဝတ်ဆင်လော့၊ ၎င်းပြင်ခပ်သိမ်းသောလက်နက်တို့အပေါ်တွင် ယုံကြည်ခြင်း တည်းဟူသောဒိုင်းလွှားကိုတပ်ဆင်၍ယူတင်လော့။ ၎င်းသည် စိတ်နှလုံးနှင့်သင်၏အသက်ကိုကွယ်ကာ၍ မတရားသောသူတို့ပစ်ခတ်သောမီးစက်လက်နက်ကိုကာသတ်နိုင်လိမ့်မည်" ဟုပြောဆို၏။ စိတ်ပျက်နေသောသူတို့အား မိမိတို့၏မျက်စိများကို သခင်ယေရှုထံတော်မှလွဲ၍ မိမိတို့ကိုယ်ကိုသာကြည့်ရှုလျက် သခင်ယေရှု၏မစကူညီတတ်သောသဘော ကိုယ်တော်၏မေတ္တာတော်ကျေးဇူးတော်နှင့် မဟာကရုဏာတော်ကိုမကိုးစားမမှီခိုဘဲ မိမိတို့၏အသုံးမကျမထိုက်တန်သောအခြေအနေကို ခိုလှုံကိုးစားစေခြင်းငှါရန်သူသည်သွေးဆောင်နိုင်လျှင် သူတို့၏ယုံကြည်ခြင်းတည်းဟူသောဒိုင်းလွှားကိုပယ်ရှား၍ မိမိအကြံအစည်အောင်မြင်လိမ့်မည်။ သူတို့သည်လည်းသူ၏စုံစမ်းသွေးဆောင်ခြင်းတည်းဟူသော မီးစက်လက်နက်၏

ပစ်ခတ်ခြင်းကိုခံရကြတော့မည်။ ထိုကြောင့် အားနည်းသောသူသည် သခင်ယေရှုကိုအားကိုးခြင်းနှင့်ကြည့်လျက်ကိုယ်တော်ကိုယုံကြည်ရမည်။ ထိုအခါယုံကြည်ခြင်း၏အကျင့်တို့သည်ထင်ရှားလာလေ၏။

--*--

အခန်း ၁၅

# ကျဉ်းမြောင်းသောလမ်းတွင်ခရီးသွားခြင်း

၁၈၆၈ ခုနှစ်၊ ဩဂုတ်လတွင်မီရှိကန်နယ်၊ ဘက်ဘလ်ကရိ(ခ်) မြို့၌ရှိစဉ် ကျွန်ုပ်သည် အလွန်ကြီးသောလူတစ်စုနှင့်နေရသည်ဟုအိပ်မက် မြင်မက်ရပါသည်။ ဤလူစုကြီးတွင် အချို့သောသူတို့သည် ခရီးထွက်ရန် ပြင်ဆင်လျက်ရှိကြသည်။ ကျွန်ုပ်တို့တွင် အလွန်လေးလံသောဝန်ထုပ်များ တင်ထားသောကုန်တင်မြည်းလှည်းများရှိကြ၏။ ကျွန်ုပ်တို့ခရီးသွားလျက် နေစဉ် လမ်းသည် အပေါ်သို့ တက်သွားသည်ဟု ထင်ရ၏။ ဤလမ်း၏ တစ်ဖက်တွင် အလွန်နက်သော ချောက်နက်ကြီးတစ်ခုရှိ၍ အခြားသော တစ်ဖက်တွင် အလွန်မြင့်၍ချောပြီး ဖြူသောတောင်ကမ်းပါးတစ်ခုရှိ၏။

ကျွန်ုပ်တို့သည် ဆက်လက်၍ခရီးသွားကြစဉ် လမ်းသည် တဖြည်း ဖြည်းသာ၍ကျဉ်းမြောင်းပြီးလျှင် စောင်လာလေ၏။ အချို့သောနေရာ များ၌အလွန်ပင်ကျဉ်းမြောင်းသည်ဟုထင်မြင်ရသောကြောင့် ကျွန်ုပ်တို့ သည်ဝန်ထုပ်များတင်ထားသောမြင်းလှည်းများနှင့် ဆက်လက်သွားနိုင် ကြလိမ့်မည်မဟုတ်ဟုဆုံးဖြတ်ကြ၏။ ထိုကြောင့်ကျွန်ုပ်တို့သည်ထိုကုန်တင် မြင်းလှည်းများမှမြင်းများကိုဖြုတ်၍ မြင်းလှည်းထဲမှ ဝန်ထုတ်အချို့ကိုယူ လျက်၊ မြင်းများပေါ်သို့တင်ပြီးကျွန်ုပ်တို့သည်မြင်းစီးလျက်ခရီးဆက်လက် သွားကြလေသည်။

ကျွန်ုပ်တို့သည် ရှေ့သို့ဆက်လက်တက်သွားကြပြန်သော်လမ်းသည် သာ၍ပင်ကျဉ်းမြောင်းလာသေး၏။ ထိုကြောင့်ကျဉ်းမြောင်းသောလမ်းမှ နက်သော ချောက်ထဲသို့ ကျွန်ုပ်တို့ ကျမသွားစေရန် ကျွန်ုပ်တို့သည် ကျောက်ကမ်းပါးသို့ ကပ်လျက်ခရီးသွားရကြ၏။ ဤကဲ့သို့ပြုလုပ်သော အခါ မြင်းပေါ်တွင်ရှိသောဝန်ထုပ်များသည် ကျောက်ကမ်းပါးနှင့် တိုက်မိသဖြင့် ကျွန်ုပ်တို့သည် ချောက်ဘက်သို့ယိမ်းယိုင်သွားတတ်ကြ လေ၏။ ကျွန်ုပ်တို့သည်ချောက်ထဲသို့ကျ၍ကျောက်ဆောင်များနှင့်ထိခိုက်

မိမည်ကိုစိုးရိမ်ရကြပြန်လေ၏။ ထိုကြောင့်ကျွန်ုပ်တို့သည် မြင်းများပေါ်မှ ဝန်ထုပ်များကို ဖြေချလိုက်ကြ၍ ၎င်းတို့သည် ချောက်ထဲသို့လိမ့်ကျသွားကြလေ၏။ တစ်ဖန်ကျွန်ုပ်တို့သည်မြင်းစီးလျက်ခရီးဆက်လက်သွားကြစဉ်တွင်လမ်းခရီး၌ သာ၍ကျဉ်းသောနေရာများသို့ ရောက်ကြသောအခါ ကျွန်ုပ်တို့သည် အားလွန်၍ ကျသွားကြမည်ကို စိုးရိမ်ရကြပြန်လေ၏။ ထိုအခါများ၌ လက်တစ်ဖက်သည် ကျွန်ုပ်တို့မြင်း၏ဇက်ကြိုးများကိုကိုင်လျက်ကျွန်ုပ်တို့အားခဲယဉ်းသောလမ်းတွင် ခရီးညွှန်ပြနေသည်ဟုထင်မြင်ရလေသည်။

လမ်းသည်သာ၍ ကျဉ်းမြောင်းလာပြန်သောကြောင့် ကျွန်ုပ်တို့သည်မြင်းစီးလျက်သွားလျှင် ဘေးကင်းလိမ့်မည်မဟုတ်ဟု ဆုံးဖြတ်ကြသဖြင့် ကျွန်ုပ်တို့သည်မြင်းများကိုထားခဲ့၍ တစ်ယောက်နောက်ကတစ်ယောက်လိုက်လျက် ခြေကျင်ဖြင့် သွားရကြလေ၏။ ထိုအခါ၌ဖြူစင်သောကျောက်ကမ်းပါးထိပ်ပေါ်မှ သေးငယ်သောကြိုးကလေးများကျလာ၏။ ကျွန်ုပ်တို့သည် ခရီးသွားရာတွင် အားလွန်၍မကျအောင် ကျွန်ုပ်တို့အားကူညီစေဖို့ ကျွန်ုပ်တို့သည် ဤကြိုးများကို စိတ်အားထက်သန်စွာနှင့် ကိုင်ဖမ်းကြလေ၏။ ကျွန်ုပ်တို့သည် ရှေ့သို့ဆက်လက်သွားသောအခါ ကြိုးများသည်လည်း နေရာမှရွေ့လိုက်လာကြလေ၏။ သွားစဉ်တွင်လမ်းသည်အလွန်ကျဉ်းမြောင်းလာသေးသောကြောင့် ကျွန်ုပ်တို့သည် ဖိနပ်ချွတ်လျက်သွားကြလျှင် သာ၍ဘေးကင်းလိမ့်မည်ဟု ဆုံးဖြတ်ကြလေ၏။ ထိုကြောင့်ကျွန်ုပ်တို့သည် ဖိနပ်များကိုချွတ်လျက် အတော်ဝေးသည့်တိုင်အောင် ဖိနပ်မစီးဘဲ သွားခဲ့ရလေ၏။ များမကြာမီ ခြေစွပ်မပါဘဲသွားသော် သာ၍ဘေးကင်းလိမ့်မည်ဟု ဆုံးဖြတ်ကြသဖြင့် ၎င်းကိုချွတ်လျက် ခြေထောက်သက်သက်ဖြင့် ကျွန်ုပ်တို့သည် ခရီးဆက်လက်သွားရကြပြန်လေ၏။

ထိုနောက်ကျွန်ုပ်တို့သည် ဒုက္ခရခြင်း၊ ခဲယဉ်းခြင်းတို့ကိုခံကျင့်မရှိသောသူတို့ကို သတိရကြလေ၏။ ယခုသူတို့သည်အဘယ်မှာရှိကြသနည်း။ သူတို့သည် ကျွန်ုပ်တို့လူစုတွင် မပါမရှိကြချေ။ လမ်းခရီး၏အခြေအနေတစ်မျိုးစီပြောင်းလဲသွားတိုင်းပင်လူအချို့တို့သည် နောက်

တွင်ကျန်ရစ်ခဲ့ကြ၍ ဒုက္ခဆင်းရဲခြင်း၊ ခဲယဉ်းခြင်းတို့ကို မိမိတို့ကိုယ်တိုင် ခံကျင့်ရှိကြသောသူတို့သာလျှင် ဤလူစုတွင်ရှိနေတော့သည်။ လမ်းခရီးတွင်တွေ့ကြုံရသောဒုက္ခဆင်းရဲခြင်းတို့ကြောင့်ပင် သူတို့သည်လမ်းဆုံးသို့ ရောက်ရှိရန် သာ၍စိတ်အားထက်သန်စွာ ရှေ့သို့ တိုးတက်သွားလိုကြလေ၏။

ကျွန်ုပ်တို့အား လမ်းပေါ်မှ ကျသွားလောက်အောင် ဘေးဒုက္ခသည် သာ၍တိုးလာလေ၏။ ကျွန်ုပ်တို့သည် ကျောက်ကမ်းပါးသို့ ကပ်လျက်သွားကြ၏။ သို့သော်လမ်းသည်အလွန်တရာပင်ကျဉ်းသောကြောင် ကျွန်ုပ်တို့၏ခြေကို ၎င်းအပေါ်တွင် လုံးလုံးချထား၍ မရနိုင်ချေ။ ထိုကြောင့် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တစ်ကိုယ်လုံးကြိုးများကို တွယ်ခိုလျက်နေ၍ 'ကျွန်ုပ်တို့ကိုအပေါ်မှဆွဲထားပြီ၊ ကျွန်ုပ်တို့ကိုအပေါ်မှဆွဲထားပြီ" ဟုကြွေးကြော်ကြလေ၏။ ကျဉ်းမြောင်းသော လမ်းတွင်ရှိသော လူစုတွင်ပါသောသူအပေါင်းတို့သည်လည်း ဤစကားမျိုးကို ကြွေးကြော် အော်ဟစ်ကြလေ၏။

အောက်တွင်ရှိသောချောက်ထဲမှလာသည်ဟုထင်ရသောပျော်ရွှင်မြူးထူးသောအသံများကို ကျွန်ုပ်တို့ကြားရသောအခါတုန်လှုပ်သွားကြလေ၏။ ကျွန်ုပ်တို့သည်ညစ်ညူးသောကျိန်ဆိုခြင်း၊ ရိုင်းစိုင်းသောစကားများဖြင့်ကဲ့ရဲ့ပြောင်လှောင်ခြင်း ဘုရားတရားနှင့်မဆိုင်ဘဲ ယုတ်မာသောသီချင်းသံများကိုကြားရကြ၏။ ကျွန်ုပ်တို့သည်တူရိယာသံများ၊ ကျယ်စွာရယ်သောအသံများနှင့်တကွ ဝေဒနာကြောင့်ကျိန်ဆဲခြင်း၊ ငိုကြွေးခြင်း၊ ပြင်းစွာညည်းတွားခြင်းအသံများရောနှောလျက်ကြားရကြ၍ကျွန်ုပ်တို့၌ကျဉ်းမြောင်းခက်ခဲသောလမ်းကို ရှေးကထက်သာ၍ဆက်လက်သွားလိုသောဆန္ဒရှိလာကြလေ၏။ အများအားဖြင့် ကျွန်ုပ်တို့သည် ကြိုးများတွင် မိမိတို့၏တစ်ကိုယ်လုံးကို တွယ်လျက်နေရကြလေ၏။ ၎င်းကြိုးများသည်လည်း ကျွန်ုပ်တို့ခရီးဆက်လက်သွားနေစဉ် တဖြည်းဖြည်းတိုး၍အလုံးကြီးလာကြလေ၏။

လှပဖြူစင်သော ကျောက်ကမ်းပါးသည် သွေးများနှင့်ပေကျံလျက်ရှိသည်ကိုကျွန်ုပ်မြင်ရ၏။ ကမ်းပါးသည်သွေးများနှင့်ပေလျက်ရှိ

သည်ကိုမြင်ရသဖြင့် ဝမ်းနည်းကြလေ၏။ သို့ရာတွင်များမကြာမီဂေါင်းကမ်း ပါးတစ်ခုလုံးသည် ထိုကဲ့သို့သွေးစွန်းလျက်ရှိရမည်ဟု စဉ်းစားမိသော အခါ ထိုကဲ့သို့ဝမ်းနည်းသောစိတ်သဘောသည်ခဏသာတည်၍ပျောက် ကွယ်သွားလေ၏။ နောက်တွင်လိုက်နေသော လူတို့သည် မိမိတို့ရှေ့ တွင်ကျဉ်းမြောင်း၍ ခဲယဉ်းသောလမ်းကို လျှောက်သွားနေသူတို့ကား ထိုလမ်းခရီးကိုဖြတ်ကျော်ပြီးကြသည်ကိုသိကြလိမ့်မည်။ ၎င်းပြင်အခြား သောသူတို့သည် မိမိတို့၏ရှေ့တွင်ရှိသောလမ်းကို ဆက်လက်သွားနိုင် ကြလျှင် မိမိတို့သည်လည်း ထိုနည်းတူပြုလုပ်နိုင်ကြလိမ့်မည်ဟု ဆုံးဖြတ် ကြလေ၏။ ၎င်းပြင် သူတို့၏နာကျင်သောခြေထောက်များမှသွေးများ သည်စိမ့်ထွက်လျက်ရှိစဉ် သူတို့သည် စိတ်မပျက် အားမလျှော့ကြချေ။ သို့ရာတွင် ကမ်းပါးပေါ်တွင်ရှိသောသွေးများကိုမြင်ကြသဖြင့် အခြား သောသူတို့သည်လည်း ဝေဒနာကိုသည်းခံကြပြီဟု သိရှိကြလိမ့်မည်။

နောက်ဆုံး၌ကျွန်ုပ်တို့သည်ကြီးကျယ်သောချောက်တစ်ခုရှိရာသို့ ရောက်လာကြ၍ ထိုနေရာတွင် ကျွန်ုပ်တို့၏လမ်းသည်ဆုံးလေ၏။ ထို အခါ၌ကျွန်ုပ်တို့သွားစရာလမ်း၊ ခြေချစရာမရှိတော့ချေ။ ကျွန်ုပ်တို့ သည်ကြိုးများကိုသာလုံးလုံးအားကိုးကြလေ၏။ ၎င်းကြိုးများသည်လည်း ကျွန်ုပ်တို့၏ကိုယ်လုံးလောက် ရှိလာအောင် အလုံးကြီးလာလေ၏။ ဤ နေရာ၌ကျွန်ုပ်တို့သည်စိတ်ရှုပ်ထွေးခြင်း၊ ဆင်းရဲဒုက္ခတို့နှင့်တွေ့ကြုံရလေ ၏။ ကျွန်ုပ်တို့သည်စိုးရိမ်ခြင်းနှင့် "ကြိုးကိုမည်သည့်အရာနှင့်ချည်ထား သနည်း" ဟုလေသံနှင့်မေးမြန်းကြလေ၏။ ကျွန်ုပ်၏ခင်ပွန်းသည်ကျွန်ုပ် ၏ရှေ့တွင်သွားလျက်ရှိ၏။ သူ၏နဖူးမှချွေးလုံးကြီးများသည်ကျဆင်းလျက် ရှိ၍ သူ၏လည်ပင်းနှင့်နားထင်တွင်ရှိသော သွေးကြောများသည်နှစ်ဆ လောက်ကြီးမားလာလျက် သူ၏နှုတ်မှညည်းဆဲခံရ၍ ဝေဒနာခံစားရ သောညဉ်းညူသံမျိုးကိုကြားရ၏။ ကျွန်ုပ်၏မျက်နှာမှလည်း ချွေးများစီး ကျလျက်ရှိ၍ ရှေးကတစ်ခါမျှမခံစားခဲ့ရဖူးသောဝေဒနာမျိုးကိုခံစားရလေ ၏။ ကျွန်ုပ်တို့၏ရှေ့တွင် ကြောက်စရာကောင်းသော တိုက်လှန်ခြင်းဖြစ် ပေါ်လာလေ၏။ ကျွန်ုပ်တို့သည် ဤနေရာ၌ဆုံးရှုံးခဲ့ကြပါမူကျွန်ုပ်တို့ခရီး

တစ်လျှောက်လုံးခံစားခဲ့ရကြသောခက်ခဲခြင်း၊ ဒုက္ခဆင်းရဲခြင်းတို့ဖြင့် ကျွန်ုပ်တို့သည်ဘာမျှအကျိုးခံစားရကြတော့မည်မဟုတ်ပါ။

## ယုံကြည်ခြင်းနှင့်စွန့်စားခြင်း

ကျွန်ုပ်တို့၏ချောက်တစ်ဖက်တွင်ခြောက်လက်မလောက်မြင့်သည့် မြက်စိမ်းများပေါက်နေ၍ လှပသောမြေပြင်တစ်ခုရှိ၏။ ကျွန်ုပ်သည် နေကိုမမြင်နိုင်သော်လည်း ရွှေစင်ငွေစင်နှင့်တူသည့်ဖျော့သောအလင်း ရောင်ခြည်သည် လွင်ပြင်ပေါ်၌အရောင်ဟပ်လျက်ရှိ၏။ ကမ္ဘာမြေကြီး ပေါ်တွင်ကျွန်ုပ်မြင်ခဲ့ပြီးသောအရာတစ်ခုမျှဤကွင်းပြင်၏လှပသောဘုန်း တော်ကိုမနှိုင်းယှဉ်မတုပနိုင်ပေ။ 'သို့ရာတွင်ကျွန်ုပ်တို့သည်ထိုအရပ်သို့ အောင်မြင်စွာရောက်ရှိကြပါမည်လား'' ဟု ကျွန်ုပ်တို့သည်စိုးရိမ်ခြင်း နှင့်မေးမြန်းလျက်ရှိကြ၏။ ကြိုးသည်အကယ်၍ပြတ်သွားပါမူ ကျွန်ုပ်တို့ သည်ပျက်စီးဆုံးရှုံးရကြလိမ့်မည်။ တစ်ဖန်ပူဆွေးခြင်းလေသံဖြင့် 'ကြိုး များကိုမည်သူဆွဲထားသနည်း'' ဟု မေးမြန်းကြပြန်လေ၏။

ရှေ့သို့တိုး၍ စွန့်စားလျက်သွားဖို့ရန် ကျွန်ုပ်တို့သည် ခေတ္တခဏ မျှတွေးဆနှောင့်နှေးနေကြလေ၏။ ထိုနောက် 'ကျွန်ုပ်တို့သည်ကြိုး ကိုလုံးလုံးယုံကြည်အားထားမှသာ မျှော်လင့်စရာအကြောင်းရှိပေတော့ သည်။ ခက်ခဲသောလမ်းတစ်လျှောက်လုံးကျွန်ုပ်တို့သည် ၎င်းတို့ကိုအား ကိုးခဲ့ရကြပြီ။ ယခုလည်း ၎င်းသည် ကျွန်ုပ်တို့အား ဆုံးရှုံးစေလိမ့်မည် မဟုတ်'' ဟု ကျွန်ုပ်တို့သည်အော်ဟစ်ကြ၏။ ထိုအခါ 'ဘုရားသခင်သည် ကြိုးကိုဆွဲကိုင်တော်မူ၏။ ကျွန်ုပ်တို့၌ စိုးရိမ်ကြောက်လန့်စရာအကြောင်း မရှိ'' ဟု ပြောဆိုပြန်၏။ ကျွန်ုပ်တို့၏နောက်တွင်ရှိသော လူများတို့ သည် ဤစကားများကို ထပ်မံပြောဆိုပြီးနောက် ဆက်လက်၍ 'ကိုယ် တော်သည် ကျွန်ုပ်တို့ကိုဆုံးရှုံးစေတော်မမူ။ ကိုယ်တော်သည် ကျွန်ုပ်တို့ အား ဤမျှဝေးသောခရီးကို လုံခြုံစွာဆောင်ယူခဲ့တော်မူပြီ'' ဟု ပြောဆို ကြပြန်သေး၏။

ထိုနောက်ကျွန်ုပ်၏ခင်ပွန်းသည်ချောက်ကိုကျော်လျက်၎င်းတစ်ဖက် တွင်ရှိသော လှပသည့်ကွင်းပြင်ထဲသို့ ခုန်ချလိုက်လေ၏။ ကျွန်ုပ်သည်

လည်းသူ့နောက်သို့ချက်ချင်းလိုက်ပါသွားလေ၏။ ၎င်းပြင် သက်သာသောအခြေအနေ၊ ဘုရားသခင်ကိုကျေးဇူးတင်သောစိတ်သဘောများတို့သည်ကျွန်ုပ်တို့အထဲ၌ဖြစ်ပေါ်လာလေ၏။ အောင်မြင်ခြင်းနှင့်ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းသောအသံများကို ကျွန်ုပ်ကြားရလေ၏။ ကျွန်ုပ်သည်လည်း အလွန်တရာပင် စိတ်ပျော်ရွှင်လျက်နေ၏။

ကျွန်ုပ်သည် အိပ်မက်ရာမှနိုး၍ ခဲယဉ်းသောလမ်းခရီးတွင်တွေ့ကြုံရသောအဖြစ်အပျက်များကြောင့် စိုးရိမ်ပူပန်လျက်နေခြင်းဖြင့် ကျွန်ုပ်၏ကိုယ်တွင်ရှိသော အာရုံကြောတိုင်းတို့သည် တုန်လှုပ်လျက် ရှိနေသည်ကိုတွေ့ရလေ၏။ ဤအိပ်မက်ကို အနက်ကောက်ဖို့မလိုချေ။ ၎င်းသည်ကျွန်ုပ်၏ စိတ်ထဲတွင် စွဲမြဲလျက် ရှိနေသောကြောင့် ကျွန်ုပ်သည်မချွတ်ယွင်းသမျှကာလပတ်လုံး ၎င်းအိပ်မက်တွင် မြင်ရသောအခြင်းအရာအဖြစ်အပျက်အသီးသီးတို့ကိုဧကန်အမှန်ပင်ထင်ရှားစွာမှတ်မိပါလိမ့်မည်။

--*--

# အခန်း ၂၀

## တရားစီရင်ရန်အချိန်အတွက်ပြင်ဆင်ထားခြင်း

'ဖျက်ဆီးသောလက်နက်ကိုအသီးသီးကိုင်လျက် ဤမြို့ခံရသော ဒဏ်တို့ကိုအနီးသို့ဆောင်ခဲ့ကြလော့ဟု ကျယ်သောအသံနှင့်ခေါ်တော်မူသည်ကိုငါကြား၏။"

'ပိတ်ချောအဝတ်ကို ဝတ်လျက်၊ နံပါး၌မင်အိုးပါသောသူကို ခေါ်၍ထာဝရဘုရားက ယေရုရှလင်မြို့အလယ်သို့လျှောက်သွားလော့၊ မြို့ထဲ၌ပြုသမျှသော စက်ဆုပ်ရွံရှာဖွယ်အမှုတို့ကြောင့် ညည်းတွားငိုကြွေးသောသူတို့၏နဖူးကို ထိုးမှတ်လော့ဟူ၍လည်းကောင်း၊ အခြားသောသူတို့အားသည် ထိုသူနောက်မြို့ထဲသို့လျှောက်သွား၍ ဒဏ်ခတ်ကြလော့။ နှမြောစုံမက်ခြင်းမရှိကြနှင့်၊ အသက်ကြီးသောသူ၊ အသက်ငယ်သောသူ၊ အပျိုမ၊ သူငယ်၊ မိန်းမတို့ကို ရှင်းရှင်းသတ်ကြလော့။ သို့ရာတွင် အမှတ်ပါသောသူကို မချဉ်းကပ်ကြနှင့်။ ငါ၏သန့်ရှင်းရာဌာန၌ အဦးပြုကြလော့ဟု မိန့်တော်မူသည်ကိုငါကြား၏။ သူတို့သည်လည်း အိမ်တော်ရှေ့မှာရှိသော အသက်ကြီးသူတို့ကို ရှေးဦးစွာသတ်ကြ၏။" ယေဇ၊ ၉း၁၊၃-၆။

ယေရှုသည် မတရားသောသူတို့အား ကလဲ့စားချေဖို့ရန် ဝတ်ရုံများကိုဝတ်၍ ဘုရားသခင်ချပေးတော်မူသောအလင်းကို လက်မခံသောသူတို့အပေါ်၌ တရားစီရင်ရာတွင် ဘုရားသခင်၏အမျက်တော်ဒေါသဖလားကို သွန်းလောင်းတော်မူရန် ကိုယ်တော်သည် ကောင်းကင်သန့်ရှင်းရာဌာနတွင်ရှိကရုဏာတော်ပလ္လင်မှထွက်ကြွတော်မူရန်အသင့်ရှိလေပြီ။ 'အဓမ္မအမှုကို အလျင်အမြန်စစ်ကြော၍ ဒဏ်မပေးသောကြောင့် လူသားတို့သည် အဓမ္မအမှုကိုပြုခြင်းငှါခိုင်မာစွာသဘောထားကြ၏။" ဒေ၊ ၈း၁၁။ သူတို့အားသခင်ဘုရားသည်သည်းခံခြင်းနှင့်စိတ်ရှည်ခြင်းသဘောကိုပြတော်မူသော်လည်း သူတို့သည် စိတ်နှလုံးနူးညံ့သိမ်မွေ့လာရမည့်အစား ဘုရားသခင်ကိုမကြောက်ရွံ့သည့်အပြင်သမ္မာတရားကိုမနှစ်သက်သော ဤသူတို့သည်မိမိတို့၏မတရားသောအမှုများကိုပြုကျင့်ရာ၌မိမိတို့၏စိတ်နှလုံးကိုသာ၍ခိုင်မာစေကြလေပြီ။

နောက်ဆုံးအရေးကြုံကြိုက်ရာကာလသည်လျင်မြန်စွာရောက်လာလျက်ရှိလေပြီ။ ဘုရားသခင်အကြည့်အရှုကြွလာဖို့ရန်အချိန်သည်ကျရောက်တော့မည်။ ဒဏ်ခတ်တော်မူရန်အလိုမရှိသော်လည်း ကိုယ်တော်သည်ဒဏ်ခတ်တော်မူ၍ထိုအမှုသည်လျင်မြန်စွာရောက်လာလိမ့်မည်။ အလင်းတွင်လျှောက်လိုက်သောသူတို့သည် ရောက်လာလတ္တံ့သော ဘေးဥပဒ်၏နိမိတ်လက္ခဏာများကို တွေ့မြင်ရကြလိမ့်မည်။ သို့ရာတွင်သူတို့သည်မျှော်လင့်နေကြသော ပျက်စီးခြင်းတို့နှင့်မသက်ဆိုင်ဟု ထင်မှတ်ကာငြိမ်သက်စွာထိုင်လျက်နေကြမည်မဟုတ်။ ၎င်းပြင်ဘုရားသခင် အကြည့်အရှုကြွလာတော်မူသောနေ့၌ဘုရားသခင်သည် မိမိ၏လူတို့ကိုကာကွယ်တော်မူလိမ့်မည်ဟု ယုံကြည်လျက် စိတ်သက်သာစွာနှင့်နေရကြမည်မဟုတ်။ ထိုကဲ့သို့ပြုလုပ်နေဖို့အလျဉ်းမသင့်လျော်ချေ။ မစကူညီခြင်းရရန်ဘုရားသခင်အား ကြီးစွာသောယုံကြည်ခြင်းနှင့် အခြားသောသူများကိုကယ်ဆယ်ရန်ကြိုးစား၍အမှုဆောင်ရွက်ဖို့ရန် မိမိတို့တာဝန်ဖြစ်ကြောင်းကို သူတို့သည်သိရှိနားလည်ရကြမည်။ 'သူတော်ကောင်းဆုတောင်း၍အရှိန်ကြီးသောပတ္ထနာသည်အလွန်တန်ခိုးပါ၏။" ယာ၊ ၅း၁၆။

ဘုရားတရား၌ မွေ့လျော်ခြင်းနှင့်စပ်ဆိုင်သော တဆေး၏သတ္တိသည် လုံးလုံးပျောက်ကွယ်သွားသေးသည်မဟုတ်။ အသင်းတော်၌ကျရောက်သောဘေးဥပဒ်နှင့်ဒုက္ခဆင်းရဲခြင်းတို့သည် အကြီးကျယ်ဆုံးသော အခြေအနေ၌ရှိနေစဉ်အခါ အလင်းတွင်ရပ်နေကြသောလူစုကလေးသည် ပြည်၌ပြုသမျှသော စက်ဆုပ်ရွံရှာဖွယ်သောအမှုများအတွက် ညည်းတွားငိုကြွေးလျက်နေကြလိမ့်မည်။ သို့ရာတွင်အသင်းတော်သားများတို့သည် လောကီသားများတို့၏နည်းတူ ပြုကျင့်နေကြသောကြောင့် သူတို့သည်အထူးသဖြင့် အသင်းတော်အတွက်သာ၍ဆုတောင်းနေကြလိမ့်မည်။

ဤသစ္စာရှိသော သူအနည်းငယ်တို့ စိတ်ပါစွာတောင်းလျှောက်ကြသော ပတ္ထနာများသည် အချည်းနှီးသက်သက် ဖြစ်ရကြလိမ့်မည်မဟုတ်။ မတရားသောသူတို့အား ကလဲ့စားချေသောသူကဲ့သို့ ဘုရားသခင်သည် ထွက်ကြွလာတော်မူသောအခါ ယုံကြည်ခြင်းတရားကို သန့်

ရှင်းခြင်းနှင့် စောင့်ရှောက်၍ မိမိတို့၏ကိုယ်ကို လောကီအညစ်အကြေး နှင့်ကင်းစင်အောင် ပြုကျင့်ကြသောသူတို့အား ကာကွယ်တော်မူသော အရှင်ကဲ့သို့လည်း ကိုယ်တော်သည် ကြွလာတော်မူလိမ့်မည်။

မတရားသောသူတို့အား ထာဝရဘုရား ကလဲ့စားချေတော်မူ မည့်နေ့ရက်သည် ကျွန်ုပ်တို့အပေါ်၌ရောက်လာလျက်ရှိပြီ။ ပြည်ပေါ်၌ပြု သမျှသောစက်ဆုပ်ရွံရှာဖွယ်သောအမှုတို့ကြောင့် ညည်းတွားငိုကြွေးကြ သောသူတို့၏နဖူးပေါ်၌သာ ဘုရားသခင်၏ တံဆိပ်တော်ကို ရေးမှတ် တော်မူလိမ့်မည်။ လောကီသားတို့ကိုထောက်ထားစာနာသောသူတို့နှင့် ပေါင်းသင်းနေကြသောသူတို့သည် သေသောက်ကြူးတို့နှင့်စားသောက် လျက်နေကြသဖြင့် သူတို့သည်အပြစ်ဒုစရိုက်ကို ပြုသောသူတို့နှင့်အတူ ဧကန်အမှန်ပျက်စီးခြင်းသို့ရောက်ရကြလိမ့်မည်။ 'ထာဝရဘုရားသည် ဖြောင့်မတ်သောသူတို့ကိုကြည့်ရှုတော်မူ၏။ သူတို့အော်ဟစ်သံကိုလည်း နားထောင်တော်မူ၏။" သို့ရာတွင် ဒုစရိုက်ပြုသောသူတို့ကား မြေကြီး ပေါ်မှာအောက်မေ့စရာအမှတ်မျှမရှိစေခြင်းငှါ ပယ်ရှင်းမည်အကြောင်း ထာဝရဘုရားသည် မျက်နှာထားတော်မူ၏။ ဆာ၊ ၃၄း၁၅၊၁၆။

ကျွန်ုပ်တို့၏ အပြု အမူ အနေ အထိုင် အကျင့်ဓလေ့တို့ အလျောက် ကျွန်ုပ်တို့သည် အသက်ရှင်တော်မူသော ဘုရားသခင်၏ တံဆိပ်တော်ကို ခံယူရရှိကြလိမ့်မည်။ သို့မဟုတ် ပျက်စီးစေတတ်သော လက်နက်အားဖြင့် ပယ်ရှင်းခြင်းကို ခံရကြလိမ့်မည်။ ဘုရားသခင်၏ အမျက်တော်ဖလားမှအစက်အချို့တို့သည်မြေကြီးပေါ်သို့ကျရောက်လျက် ရှိပြီ။ ဘုရားသခင်၏အမျက်တော်ဖလားထဲသို့ ရောနှောခြင်းမရှိဘဲ နောက်ဆုံးသော ဘေးဒဏ်ခုနစ်ပါးကို သွန်းလောင်းချသောအခါ၌ နောင်တရ၍ ခိုလှုံရာနေရာကို ရှာဖွေရန် အလွန်ပင်နောက်ကျသွား၍ နောင်ဘယ်တော့မျှအခွင့်မရတော့ချေ။ ထိုအခါအပြစ်စွန်းကွက်ခြင်းကို မည်သည့် အပြစ်ဖြေရာအသွေးကမျှ ဆေးကြောစင်ကြယ်စေတော့မည် မဟုတ်။

'ထိုကာလ၌ သင့်အမျိုးသားချင်းတို့၏အမှုကို စောင့်ရသော အရှင်မင်းကြီးမိက္ခေလသည် ပေါ်လာလိမ့်မည်။ လူမျိုးတစ်စုံတစ်မျိုးမျှ ဖြစ်သည်ကာလမှစ၍ထိုကာလတိုင်အောင်မဖြစ်စဖူးသောဆင်းရဲဒုက္ခကပ် ကာလသည် ရောက်လာလိမ့်မည်။ ထိုအခါစာစောင်၌စာရင်းဝင်သမျှ သော သင်၏အမျိုးသားချင်းတို့သည် ကယ်လွှတ်ခြင်းသို့ရောက်ကြလိမ့် မည်။" ဒံ၊ ၁၂း၁။ ဤဒုက္ခဆင်းရဲခြင်းကာလသည် ရောက်လာသော အခါ အမှုတိုင်းတို့ကို ဆုံးဖြတ်ပြီးစီးလေပြီ။ စုံစမ်းစစ်ဆေးခြင်းလည်း မရှိတော့ချေ။ နောင်တမရသောသူတို့အတွက် ကရုဏာတော်ကိုပြတော့ မည်မဟုတ်၊ အသက်ရှင်လျက်နေတော်မူသော ဘုရားသခင်၏ တံဆိပ် သည် ကိုယ်တော်၏လူတို့နဖူးပေါ်တွင် နှိပ်ထားလေ၏။

ဥပုသ်နေ့ကိုစောင့်သည်ဟုပြောဆိုသမျှသောသူအပေါင်းတို့သည် တံဆိပ်နှိပ်ခြင်းကိုခံရကြမည်မဟုတ်။ သမ္မာတရားတော်ကို အခြားသော သူများအား သင်ကြားပေးသောသူတို့တွင် အများသောသူတို့သည် မိမိတို့၏နဖူး၌ ဘုရားသခင်၏တံဆိပ်တော်ကိုရိုက်နှိပ်ခြင်းခံရကြလိမ့်မည် မဟုတ်။ သူတို့သည်သမ္မာတရား၏အလင်းကိုရရှိကြ၍ မိမိတို့သခင်၏ အလိုတော်တို့ကိုသိရှိကြလျက် ကျွန်ုပ်တို့ယုံကြည်ခြင်းနှင့်စပ်ဆိုင်သော အချက်တိုင်းကိုနားလည်ကြသော်လည်း သူတို့သည် သင့်လျော်သော အမှုတော်ကိုမဆောင်ရွက်ကြချေ။ အနာဂတ္တိစကားများနှင့်ဘုရားသခင် ၏ဉာဏ်တော်နှင့်သက်ဆိုင်သောဘဏ္ဍာများတို့ကိုကောင်းစွာနားလည် ကြသော၍သူတို့သည် မိမိတို့၏ယုံကြည်ခြင်းကို အကျင့်အားဖြင့်ပြရကြ မည်။ နေရာတကျစီမံခွဲခန့်ထားသော အိမ်ထောင်အားဖြင့် သူတို့သည် လူ၏စိတ်နှလုံးကိုပြုပြင်နိုင်သော သမ္မာတရားတော်၏ တန်ခိုးအကြောင်း ကိုလောကအား ထင်ရှားစေမည်အကြောင်းသူတို့၌ မိမိတို့၏အိမ်ထောင် ကို ကောင်းစွာအုပ်ချုပ်ထိန်းသိမ်းနိုင်သောသတ္တိရှိရကြမည်။

ကျွန်ုပ်တို့၏ အကျင့်စာရိတ္တများတွင် အစွန်းအကွက် ရှိနေသမျှ ကာလပတ်လုံး ကျွန်ုပ်တို့နှင့်တစ်ယောက်မျှ ဘုရားသခင်၏တံဆိပ်တော် ကို ခံရကြမည်မဟုတ်။ ကျွန်ုပ်တို့၏အကျင့်စာရိတ္တတွင် ချွတ်ယွင်းသော

အရာကိုကုသသရန်၊ ဝိညာဉ်ဗိမာန်တော်၏အညစ်အကြေးရှိသမျှကိုဆေးကြောရန် အလုပ်သည် ကျွန်ုပ်တို့၏တာဝန် ဖြစ်ပေသည်။ သို့ပြီးမှ ပင်တေကုတ္တေပွဲနေ၌ တပည့်တော်တို့အပေါ် သို့ပထမဦးဆုံးမိုးတည်းဟူသောသန့်ရှင်းသောဝိညာဉ်တော်သက်ရောက်သကဲ့သို့ကျွန်ုပ်တို့အပေါ်၌ နောက်မိုးကိုသွန်းလောင်းရွာချပေးတော်မူလိမ့်မည်။

ကျွန်ုပ်တို့သည် မိမိတို့ကြိုးစားအားထုတ်၍ရရှိသော အရာများနှင့် အလွယ်တကူပင် ရောင့်ရဲတင်းတိမ်တတ်ကြသည် ကျွန်ုပ်တို့သည် ဥစ္စာပစ္စည်းများနှင့် ကြွယ်ဝလျက်ရှိ၍ ဘဏ္ဍာများ တိုးပွါးလျက်ရှိပြီဟုထင်မှတ်ကြ၍ 'ကိုယ်တိုင်ပင်ပန်းခြင်း၊ သနားဖွယ်ဖြစ်ခြင်း၊ ဆင်းရဲခြင်း၊ မျက်စိကန်းခြင်း၊ အဝတ်အချည်းစည်းရှိခြင်းဖြစ်သည်" ကို မသိကြချေ။ ဗျာ၊ ၃း၁၇။ ယခုဟုတ်မှန်သောသက်သေခံသခင်၏ ဆုံးမဩဝါဒကိုလိုက်နာစောင့်ရှောက်ဖို့ရန်အချိန်ကျလေပြီ။ 'သင်သည် ဥစ္စာရတတ်ခြင်းငှါ၊ မီးနှင့်ချွတ်ပြီးသောရွှေကိုလည်းကောင်း၊ အဝတ်အချည်းစည်းရှိ၍ သူတစ်ပါးရှေ့တွင် မရှက်စေခြင်းငှါခြုံစရာဖို့ ဖြူသောအဝတ်ကို လည်းကောင်း ငါ့ထံမှဝယ်ယူကြလော့။ သင်၏မျက်စိမြင်စေခြင်းငှါမျက်စိ၌မျက်စဉ်းခတ်လော့ဟု သင့်အားငါသည်အကြံပေး၏။" ငယ်၊ ၁၈။

မိမိ၌မျှော်လင့်စရာအချက်မရှိတော့ချေ။ မိမိသည် ခရစ်ယာန်စစ်ကဲ့သို့ ပြုမူကျင့်ကြံနေထိုင်ခြင်းငှါ မတတ်နိုင်ချေဟု မည်သူမျှပြောဆိုဖို့မသင့်ချေ။ ဝိညာဉ်အသီးသီးတို့အတွက် ခရစ်တော်အသေခံတော်မူခြင်းအားဖြင့် လူအပေါင်းတို့အဖို့ လုံလောက်သောအမှုကိုစီမံထားတော်မူပြီ။ ကျွန်ုပ်တို့အလိုရှိကြသောအချိန်တွင် သခင်ယေရှုသည်ကျွန်ုပ်တို့နှင့်အတူတကွရှိတော်မူပါသည်။ ကိုယ်တော်အား ယုံကြည်ခြင်းနှင့်ခေါ်ရုံသာပြုကြပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့၏တောင်းလျှောက်ချက်ကိုနားညောင်း၍ တောင်းသမျှအတိုင်းချပေးတော်မူမည်ဟု ကတိထားတော်မူပြီ။

အို၊ အသက်ရှင်လျက်လှုပ်ရှားသောယုံကြည်ခြင်းရှိပါစေ။ ၎င်းကိုကျွန်ုပ်တို့အလိုရှိကြသည်။ ၎င်းကိုကျွန်ုပ်တို့ရရှိကြမည်။ သို့မဟုတ်စုံစမ်းရ

ကာလ၌ ကျွန်ုပ်တို့သည် အားလျော့၍ဆုံးရှုံးကြလိမ့်မည်။ ထိုအခါကျွန်ုပ်တို့၏လမ်းခရီးပေါ်တွင် ဖုံးအုပ်လျက်ရှိမည့်မှောင်မိုက်သည် ကျွန်ုပ်တို့အား စိတ်ပျက်၍ညှိုးငယ်ခြင်းမဖြစ်စေရ၊ ဘုရားသခင်သည်များစွာသော ကောင်းချီးမင်္ဂလာများကိုချပေးတော်မူရန် ကြွလာတော်မူသောအခါ ဂုင်းသည် ဘုရားသခင်၏ဘုန်းတော်ကိုကာကွယ်ထားသောကန့်လန့်ကာကဲ့သို့ဖြစ်လေ၏။ ကျွန်ုပ်တို့သည် လွန်ခဲ့သော အဖြစ်အပျက်များကို ထောက်ရှုခြင်းအားဖြင့်ဤအရာကိုသိရှိနားလည်သင့်ပါသည်။ ထိုကာလ၌ ဘုရားသခင်သည် မိမိ၏လူတို့နှင့် တရားတွေ့မှုရှိတော်မူသောအခါ ဤအဖြစ်အပျက်သည် စိတ်သက်သာခြင်းနှင့် ဝမ်းမြောက်ခြင်းတို့၏ အကြောင်းရင်းဖြစ်လိမ့်မည်။

ယခုအချိန်အခါ၌ ကျွန်ုပ်တို့သည် မိမိတို့၏ကိုယ်၌လည်းကောင်း၊ သားသမီးများ၌လည်းကောင်း လောကီအညစ်အကြေး၏စွန်းကွက်ခြင်းနှင့်ကင်းစင်စေရန် စောင့်ရှောက်သတိပြုရကြမည်။ ကျွန်ုပ်တို့၏ အကျင့်စာရိတ္တတည်းဟူသော ဝတ်ရုံများကို ဆေးကြော၍ သိုးသငယ်၏အသွေးတော်အားဖြင့် ဖြူစင်အောင်ပြုလုပ်ရန်အချိန်သည် ယခုပင်ဖြစ်သည်။ ကြွားဝါခြင်း၊ ဒေါသအမျက်ထွက်ခြင်းနှင့်ဝိညာဉ်ရေးနှင့်ဆိုင်သောအမှု၌ ပျင်းရိခြင်းရှိသမျှတို့ကို ကျွန်ုပ်တို့သည်ယခုအချိန်အခါ၌ အောင်မြင်ရကြမည်။ ကျွန်ုပ်တို့သည်အိပ်ပျော်နေရာမှနိုး၍အကျင့်စာရိတ္တညီညွတ်မှန်ကန်ဖို့ရန် ကြိုးစားဖို့ရန်အချိန်သည် ယခုပင်ဖြစ်ပေ၏။ 'ယနေ့တွင် သင်တို့သည် ဗျာဒိတ်တော်အသံကို ကြားလျက်ရှိကြသည်ဖြစ်၍ ခိုင်မာသော စိတ်နှလုံးမရှိကြနှင့်။" ဟေဗြဲ ၄း၇၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဘုရားသခင်ကြွလာတော်မူခြင်းကို မြော်လင့်စောင့်ကြည့်နေလျက် အထူးသဖြင့် ဒုက္ခရောက်ရာအခြေအနေတွင် ရောက်ရှိနေကြသည်။ လောကသည် မှောင်မိုက်နှင့်ဖုံးလွှမ်းလျက်ရှိ၏။ 'သို့သော်လည်း ညီအစ်ကိုတို့၊ ထိုနေ့ရက်သည်သူခိုးကဲ့သို့ သင်တို့အပေါ်သို့ ရောက်လာမည်အကြောင်း သင်တို့သည်မှောင်မိုက်၌ နေကြမည်မဟုတ်" ဟု ရှင်ပေါလုကပြောပါသည်။ ၁သက်၊ ၅း၄။ မြော်လင့်စောင့်စား၍တောင့်တနေသောဝိညာဉ်အတွက် မှောင်မိုက်ထဲမှအလင်း၊ ဝမ်းနည်းခြင်းမှဝမ်းမြောက်ခြင်းနှင့်

ပင်ပန်းခြင်းမှနားနေခြင်း၊ ငြိမ်သက်ခြင်းကို ဖြစ်ပေါ်စေရန်အမှသည် အစဉ်သဖြင့်ဘုရားသခင်၏ရည်ရွယ်ချက်ဖြစ်ပေသည်။

ညီအစ်ကိုမောင်နှမများတို့၊ ပြင်ဆင်ခြင်းအလုပ်ကြီးတွင် သင်တို့သည် မည်သည့်အရာကိုပြုလုပ်လျက်နေကြသနည်း။ လောကနှင့်ဆက်ဆံနေကြသောသူတို့သည် လောကီပုံသဏ္ဍာန်ကိုယူဆောင်ကြ၍ သားရဲ၏တံဆိပ်အတွက်ပြင်ဆင်နေကြသည်။ မိမိကိုယ်ကိုမယုံကြည်အားမကိုးဘဲ ဘုရားသခင်၏ရှေ့တော်၌ မိမိတို့ကိုယ်ကိုနှိမ့်ချလျက် သမ္မာတရားကိုစောင့်ရှောက်ခြင်းအားဖြင့်မိမိတို့၏ဝိညာဉ်ကိုသန့်ရှင်းစင်ကြယ်စေသောသူတို့ကား၊ ကောင်းကင်ပုံသဏ္ဍာန်တော်ကိုဆောင်လျက်ဘုရားသခင်၏တံဆိပ်တော်ကို မိမိတို့၏နဖူး၌ခံယူဖို့ရန် ပြင်ဆင်လျက်နေကြလေ၏။ အမိန့်တော်ထုတ်၍တံဆိပ်တော်ကိုနှိပ်သောအခါ သူတို့၏အကျင့်စာရိတ္တသည် ထာဝရကာလပတ်လုံးသန့်ရှင်းစင်ကြယ်ခြင်းရှိ၍ အညစ်အကြေး၏စွန်းကွက်ခြင်းနှင့်ကင်းလွတ်လျက်ရှိနေကြလိမ့်မည်။

ယခုအချိန်သည် ပြင်ဆင်ဖို့ရန် အချိန်ဖြစ်ပေသည်။ မသန့်ရှင်းမစင်ကြယ်သောယောကျာ်း၊ မိန်းမ၏နဖူးပေါ်၌ ဘုရားသခင်၏တံဆိပ်တော်ကို အဘယ်အခါမျှ နှိပ်ခတ်တော်မူလိမ့်မည်မဟုတ်။ ရမ္မက်ကြီး၍ လောကကိုချစ်သောယောကျာ်း၊ မိန်းမ၏နဖူးပေါ်၌ဘယ်တော့မျှတံဆိပ်ကို နှိပ်ခတ်တော်မူလိမ့်မည်မဟုတ်။ မုသားပြောတတ်၍ စိတ်သဘောကောက်ကျစ်စဉ်းလဲသောယောကျာ်း၊ မိန်းမများတို့၏နဖူးပေါ်၌ ၎င်းကိုဘယ်တော့မျှ နှိပ်ခတ်လိမ့်မည်မဟုတ်။ တံဆိပ်တော်ကိုရရှိသော သူအပေါင်းတို့သည် ဘုရားသခင်ရှေ့တော်တွင်အပြစ်နှင့်ကင်းစင်သောသူ၊ ကောင်းကင်ချမ်းသာကို ဝင်လိုသောသူများဖြစ်ရကြမည်။ ယခုအချိန်ကာလနှင့်စပ်ဆိုင်၍ ကြောက်မက်ဖွယ်ရာကောင်းသော အခြေအနေကို သင်တို့သည်သိရှိနားလည်မည့်အကြောင်း သင်တို့ကိုယ်တိုင်နှုတ်ကပါဌ်ကျမ်းစာတော်ကို စေ့စေ့ကြည့်ရှုရှာဖွေမှတ်သားကြပါကုန်လော့။

--*--

အခန်း ၂၁

## စိတ်အားကြီးစွာကြိုးစားခြင်းဖြင့် ခံစားရသောဆုကျေးဇူး

'အကြောင်းသူ၏ အလုပ်သည် မြဲ၏၊ ထိုသူသည် အကျိုးကိုခံရလိမ့်မည်'' ၁ကော၊ ၃း၁၄။ ဘုရားသခင်၏ပလ္လင်တော်ပတ်လည်တွင် သစ္စာရှိသော အမှုဆောင်တို့သည် စုရုံးလာကြသောအခါ သူတို့အပေါ်၌ ချပေးသောဆုကျေးဇူးသည် ဘုန်းတော်နှင့်ပြည့်စုံလိမ့်မည်။ ယောဟန်သည် မိမိ၏ ပုပ်ပျက်သေတတ်သောကိုယ်နှင့်ပင် ဘုရားသခင်၏ ဘုန်းတော်ကို မြင်ရသောအခါ သူသည် လူသေကောင်ကဲ့သို့ လဲကျသွားလေ၏။ သူသည် ထိုဘုန်းတော်ကို ကြည့်ရှုခြင်းငှါ မခံရပ်နိုင်ချေ။ သို့ရာတွင် ဘုရားသခင်၏သားသမီးတို့သည် မပုပ်မပျက်မသေနိုင်သော ပုံသဏ္ဍာန်ကိုဆောင်ကြသောအခါ သူတို့သည်ကိုယ်တော်ဖြစ်တော်မူသည့်အတိုင်း မြင်ကြလတ္တံ့။ ၁ယော၊ ၃း၂။ ချစ်တော်မူသော သားတော်ကြောင့် သူတို့သည် ပလ္လင်တော်ရှေ့တွင် မတ်တတ်ရပ်နေကြလိမ့်မည်။ သူတို့၏အပြစ်ရှိသမျှကို ပယ်ဖျက်တော်မူ၍ သူတို့၏လွန်ကျူးခြင်းရှိသမျှတို့ကိုလည်း ယူဆောင်သွားတော်ပြီ။ ယခုသူတို့သည် ဘုရားသခင်၏ပလ္လင်တော်မှ ထွက်သောမမှေးမမှိန်သော ဘုန်းတော်ကို ကြည့်ရှုနိုင်ကြလေပြီ။ သူတို့သည်ခရစ်တော်နှင့်အတူဒုက္ခဆင်းရဲခြင်းကိုခံခဲ့ကြ၍ လူသတ္တဝါတို့အား ရွေးနုတ်ခြင်းအကြံအစည်တွင် သူတို့သည်ကိုယ်တော်နှင့်အတူတကွ အမှုတော်ကိုဆောင်ရွက်ခဲ့ကြလေပြီ။ ၎င်းပြင် ဘုရားသခင်၏ ကျေးဇူးတော်ကို ထာဝရကာလအစဉ်အဆက်ချီးမွမ်းကြရန် ဘုရားသခင်၏နိုင်ငံတော်တွင် လူများကယ်တင်ခြင်းခံရသည်ကို မြင်ရကြသဖြင့် သူတို့သည် ကိုယ်တော်နှင့်အတူ ဝမ်းမြောက်ခြင်းအခွင့်ကို ခံစားခဲ့ရကြလေပြီ။

### ရွေးနုတ်ခြင်းခံရသူတို့၏ဝမ်းမြောက်ခြင်း

ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများတို့၊ သင်တို့သည် မိုးတိမ်များနှင့်တကွကြွလာတော်မူမည့်ခရစ်တော်ကို တွေ့ဆုံရန်ပြင်ဆင်လျက်နေကြဖို့ ကျွန်ုပ်တိုက်တွန်းပါသည်။ တစ်နေ့ပြီးတစ်နေ့သင်တို့၏စိတ်နှလုံးထဲမှ

လောကကိုချစ်သောသဘောကို စွန့်ပယ်ကြပါလော့။ ခရစ်တော်နှင့်အတူပေါင်းသင်းဆက်ဆံခြင်းသည် အဘယ်သို့ဆိုလိုသည်ကိုသင်တို့တွေ့ကြုံရသောအဖြစ်အပျက်များအားဖြင့်သိရှိနားလည်ကြပါလော့။ ခရစ်တော်ကြွလာတော်မူသောအခါ ယုံကြည်သောသူအပေါင်းတို့၏ ချီးမွမ်းခြင်းကိုခံရလျက် ကိုယ်တော်ကို ငြိမ်သက်ခြင်းနှင့်တွေ့ဆုံရသောသူနှင့်အတူသင်သည်လည်းရှိရမည်အကြောင်း၊ တရားစီရင်ခြင်းအတွက် ပြင်ဆင်လျက်နေလော့။ ထိုနေ့၌ ရွေးနုတ်ခြင်းခံရသောသူတို့သည် ဘုရားသခင်နှင့်သားတော်၏ ဘုန်းရောင်ခြည်တော်ဖြင့် ထွန်းတောက်လျက်ရှိကြလိမ့်မည်။ ကောင်းကင်တမန်များတို့သည် ရွှေနှင့်ပြုလုပ်သော စောင်းများကိုတီးလျက် ရှင်ဘုရင်နှင့်ကိုယ်တော်အောင်မြင်ခြင်း၏ အထိမ်းအမှတ်များတည်းဟူသော သိုးသငယ်၏အသွေးတော်၌ဆေးကြော၍ဖြူစင်ခြင်းခံခဲ့ရသောသူတို့ကို ကြိုဆိုကြလိမ့်မည်။ အောင်မြင်ခြင်းနှင့်သီဆိုသောသီချင်းသံများသည် ထွက်ပေါ်လာ၍ ကောင်းကင်တစ်ဝန်းလုံး ဟိန်းသွားလေ၏။ ခရစ်တော်သည် အောင်မြင်တော်မူပြီ။ ဒုက္ခဆင်းရဲခြင်း၊ မိမိ၏အသက်ကို ဆက်ကပ်ပူဇော်ခြင်း တည်းဟူသော မိမိ၏အမှုတော်သည် အချည်းနှီးသက်သက်မဟုတ်ကြောင်း ထင်ရှားသော သက်သေများဖြစ်သည့်ရွေးနုတ်ခြင်းခံရသူတို့လိုက်ပါလျက် ကိုယ်တော်သည် ကောင်းကင်သန့်ရှင်းရာဌာနများထဲသို့ ကြွဝင်တော်မူ၏။

ကျွန်ုပ်တို့၏သခင်ဘုရားသေခြင်းမှထမြောက်၍ ကောင်းကင်ဘုံသို့တက်ကြွသွားတော်မူခြင်းသည်ဘုရားသခင်၏ သန့်ရှင်းသူတို့သေခြင်းနှင့်သချိုင်းကိုအောင်မြင်ရမည့်အကြောင်း မှန်ကန်သောသက်သေလက္ခဏာဖြစ်၍ မိမိတို့အကျင့်စာရိတ္တတည်းဟူသော ဝတ်ရုံများကိုသိုးသငယ်၏အသွေးတွင် ဆေးကြောဖြူစင်စေသောသူတို့အား ကောင်းကင်ကိုဖွင့်လှစ်ပေးတော်မူမည်ဟူသော ကတိဝန်ခံချက်ပင်ဖြစ်သည်။ ယေရှုသည် လူသတ္တဝါတို့၏ကိုယ်စား ခမည်းတော်၏ရှေ့တော်သို့တက်ကြွတော်မူ၍ ဘုရားသခင်သည်မိမိ၏ပုံသဏ္ဌာန်တော်ကို ထင်ရှားစေသောသူတို့အား မိမိ၏ဘုန်းတော်ကိုမြင်စေ၍၎င်းဘုန်းတော်ကိုကိုယ်တော်နှင့်အတူ ခံစားစေရန် ယူဆောင်လာတော်မူလိမ့်မည်။

လောကတွင် ခရီးသွားနေရသော ဧည့်သည်အဂ္ဂန္တုများအဖို့ ထိုအရပ်တွင်နေစရာအိမ်များရှိသည်။ ဖြောင့်မတ်သောသူတို့အဖို့ဝတ်ရုံများနှင့်တကွ ဘုန်းတော်နှင့်ပြည့်စုံသောသရဖူများနှင့်အောင်မြင်ခြင်းနှင့်ဆိုင်သော စွန့်ပလွှဲခက်များလည်းထိုအရပ်၌ရှိ၏။ ဘုရားသခင်စီမံထားတော်မူသောအမှုကိစ္စတို့တွင် ကျွန်ုပ်တို့အားစိတ်ရှုပ်ထွေးစေသောအရာရှိသမျှတို့သည် နောင်လာလတံ့သော ကမ္ဘာတွင် ရှင်းလင်းသွားလိမ့်မည်။ နားလည်ဖို့ရန်ခက်ခဲသောအရာများတို့၏ အဓိပ္ပါယ်များကို ထိုအခါရှင်းလင်းစွာနားလည်ရလိမ့်မည်။ ကျေးဇူးတော်၏ နက်နဲခြင်းတို့ကိုကျွန်ုပ်တို့အား ဖွင့်ပြတော်မူလိမ့်မည်။ ကျွန်ုပ်တို့၏ ချို့တဲ့သောစိတ်သည်ရှုပ်ထွေးခြင်းနှင့်မဖေါက်ပြန်သော ကတိတော်များကိုသာ တွေ့ရှိရသော်လည်း ထိုအရပ်၌ ကျွန်ုပ်တို့သည် အထူးသဖြင့်ပြည့်စုံ၍လှပတင့်တယ်သောညီညွတ်ခြင်းကိုတွေ့မြင်ရကြလိမ့်မည်။ အနန္တမေတ္တာတော်သည် အလွန်မှပင် ဒုက္ခဆင်းရဲရောက်စေသော အဖြစ်အပျက်တို့ကိုစီမံတော်မူကြောင်းကို ကျွန်ုပ်တို့သိရှိကြလိမ့်မည်။ ကျွန်ုပ်တို့ကောင်းဖို့အတွက် ခပ်သိမ်းသောအရာတို့ကိုတညီတညွတ်တည်းပြုစုတော်မူသောဘုရားသခင်၏ ကြင်နာစွာစောင့်ရှောက်ပြုစုခြင်းကို ကျွန်ုပ်တို့သည်သိရှိနားလည်လာကြသောအခါကျွန်ုပ်တို့သည် ဘုန်းတော်နှင့်ပြည့်စုံ၍နှုတ်မမြွက်နိုင်သောဝမ်းမြောက်ခြင်းနှင့်ဝမ်းမြောက်ရွှင်မြူးကြလိမ့်မည်။

ကောင်းကင်ပတ်ဝန်းကျင်တွင် ဝေဒနာခံစားရခြင်းမရှိနိုင်။ ရွှေးနုတ်ခြင်းခံရသော သူတို့နေစရာအိမ်တွင် ငိုကြွေးခြင်း၊ မသာချ၍သွားခြင်း၊ ဝမ်းနည်းညည်းတွားခြင်း၏လက္ခဏာများရှိလိမ့်မည်မဟုတ်။ 'မြို့သားကလည်းငါနာသည်ဟုမဆိုရ၊ ထိုမြို့၌နေသောသူတို့သည် အပြစ်ဖြေရှင်းခြင်းသို့ရောက်ကြလိမ့်မည်'' ဟေရှာ၊ ၃၃း၂၄။ အလွန်တရာဝမ်းမြောက်ခြင်းဒီရေသည် တက်လာ၍ ထာဝရကာလ အစဉ်အဆက်ဂုဏ်သည်သာ၍များပြားလာလိမ့်မည်။

ကျွန်ုပ်တို့သည် လောကီရှုပ်ထွေးခြင်း၏အရိပ်များနှင့်ဒုက္ခဆင်းရဲခြင်းများအတွင်း၌ ရှိနေကြသေးသည်။ ကောင်းချီးမင်္ဂလာနှင့်ပြည့်ဝသောနောင်ကာလအကြောင်းကို ကျွန်ုပ်တို့သည် အလွန်စိတ်အားကြီး

စွာစဉ်းစားဆင်ခြင်ကြစို့။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းအား မှောင်မိုက်၏ မိုးတိမ်ကိုထိုးဖေါက်စေ၍ လောက၏အပြစ်များအတွက် အသေခံတော်မူသော ကိုယ်တော်၏ မျက်နှာတော်ကို ဖူးမြင်ကြစို့။ ကိုယ်တော်သည် ကိုယ်တော်အားလက်ခံ၍ယုံကြည်သောသူတို့အတွက်ပရဒိသုဘုံ၏တံခါးများကိုဖွင့်တော်မူပြီ။ ကိုယ်တော်သည်သူတို့အား ဘုရားသခင်၏သားသမီးများဖြစ်ရသောအခွင့်တန်ခိုးကို ပေးတော်မူ၏။ ကျွန်ုပ်တို့အားပြင်းထန်စွာသောဝေဒနာခံစားစေသောဒုက္ခဆင်းရဲခြင်းတို့သည် ခရစ်တော်အတွက်ကျွန်ုပ်တို့အားခေါ်တော်မူခြင်းတည်းဟူသော မြင့်မြတ်သောဆုကျေးဇူးကိုခံစားအံ့သောငှါ ကျွန်ုပ်တို့သည်ရှေ့သို့တိုးတက်သွားမည်အကြောင်း သွန်သင်လျက်ရှိသည်ဖြစ်၍ ၎င်းဆင်းရဲဒုက္ခတို့အား ကျွန်ုပ်တို့အဖို့ဆုံးမသောသင်ခန်းစာများဖြစ်ပါစေ။ သခင်ဘုရားသည်မကြာမီကြွလာတော်မူမည်ဟူသောအချက်အားဖြင့် ကျွန်ုပ်တို့စိတ်အားတက်လာကြစို့။ ဤကဲ့သို့သောမြော်လင့်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ စိတ်နှလုံး၌ အားရဝမ်းမြောက်ခြင်းရှိကြစို့။ ကြွလာလတ္တံ့သောသူသည် မဆိုင်းမလင့်ဘဲမကြာမမြင့်မီရောက်တော်မူလိမ့်မည်။ ဟေဗြဲ ၁ဝး၃၇။ သခင်ဘုရားကြွလာတော်မူသောအခါ စောင့်လျက်နေသည်ကို တွေ့ရသောထိုကျွန်တို့သည် မင်္ဂလာရှိကြ၏။

## အိမ်တော်သို့ခရီးသွားခြင်း

ကျွန်ုပ်တို့သည် အိမ်တော်သို့ ခရီးသွားလျက်ရှိကြသည်။ ကျွန်ုပ်တို့အတွက် အသေခံတော်မူသည်တိုင်အောင် ကျွန်ုပ်တို့ကိုချစ်တော်မူသော သခင်သည် ကျွန်ုပ်တို့အဖို့ မြို့တစ်မြို့ကို တည်ထောင်တော်မူပြီ။ ယေရုရှလင်မြို့တော်သစ်သည် ကျွန်ုပ်တို့နားနေစရာအရပ်ဖြစ်ပေသည်။ ဘုရားသခင်၏မြို့တော်၌ ဝမ်းနည်းခြင်း ရှိရလိမ့်မည်မဟုတ်။ ဝမ်းနည်းပူပန်းခြင်းကြောင်း ငိုကြွေးခြင်း၊ သို့မဟုတ် မိမိတို့ချစ်ခင်သော သူတို့သေဆုံးခြင်းအတွက် ငိုကြွေးမြည်တမ်းသံများ၊ စိတ်ပျက်အားကြီး၍ ပူဆွေးညည်းညူသံများကိုကြားရကြတော့မည်မဟုတ်။ မကြာမီ လေးလံသော ဝတ်ရုံများကိုမင်္ဂလာဆောင်ဝတ်ရုံများနှင့်လဲလှယ်ရကြလိမ့်မည်။

မကြာမီကျွန်ုပ်တို့သည်ကျွန်ုပ်တို့၏ရှင်ဘုရင်အားဘိသိတ်မြှောက်သည်ကို မြင်ရကြလိမ့်မည်။ ခရစ်တော်အားဖြင့်မိမိတို့၏အသက်တာကိုဝှက်ထား၍ဤကမ္ဘာမြေကြီးပေါ်တွင် ယုံကြည်ခြင်းအတွက် ကောင်းစွာတိုက်လှန်ခြင်းကိုပြုသူတို့သည် ဘုရားသခင်၏နိုင်ငံတော်တွင်ရွေးနုတ်တော်မူသောအရှင်၏ဘုန်းတန်ခိုးတော်နှင့် ထွန်းတောက်လျက်ရှိကြလိမ့်မည်။

ကျွန်ုပ်တို့မြော်လင့်နေသော ထာဝရအသက်တည်ရာကိုယ်တော်ကို ကျွန်ုပ်တို့မြင်ရကြမည်မှာ မကြာတော့ချေ။ ၎င်းပြင်ကိုယ်တော်၏ရှေ့တော်တွင် ဤအသက်တာ၌ခံစားရသော စုံစမ်းနှောင့်ယှက်ခြင်းတို့သည် ဘာမျှမဟုတ်သောအရာများကဲ့သို့ ဖြစ်လိမ့်မည်။

'ထို့ကြောင့် ကြီးစွာသောအကျိုးနှင့်ယှဉ်သော သင်တို့၏ရဲရင့်ခြင်းစိတ်ကိုမစွန့်ကြနှင့်။ . . . . သည်းခံခြင်းစိတ်ရှိရမည်။ အဘယ်ကြောင့်နည်းဟူမူကား ကြွလာလတ္တံ့သောသူသည် မဆိုင်းမလင့်ဘဲမကြာမြင့်မီရောက်တော်မူလိမ့်မည်။ ဟေဗြဲ၊ ၁၀း၃၅-၃၇။ အထက်သို့မျှော်ကြည့်လော့။ ၎င်းပြင် သူတို့၌ယုံကြည်ခြင်းအစဉ်တိုးပွားပါစေ။ ဤယုံကြည်ခြင်းသည် ဘုရားသခင်၏မြို့တော်တံခါးအတွင်းသို့ ညွှန်ပြလျက်ရှိသောကျဉ်းမြောင်းသော လမ်းတစ်လျှောက်လုံး သင်တို့ကိုလမ်းပြပါစေ။ ထိုတံခါး၏တစ်ဖက်အလွန်ဝေးကွာ၍ ကျယ်ဝန်ပြီးလျှင်အစအဆုံးမရှိသောနေရာတွင် ရွေးနုတ်ခြင်းခံရသောသူတို့အတွက်ဘုန်းတော်ထင်ရှားလျက်ရှိ၏။" ထို့ကြောင့် ညီအစ်ကိုတို့၊ သခင်ဘုရားကြွလာတော်မူသည်တိုင်အောင်သည်းခံလျက်စောင့်နေကြလော့။ အကယ်၍လယ်လုပ်သောသူသည် အယင်းမိုးနောက်မိုးကိုရသည်တိုင်အောင်အဖိုးထိုက်သောမြေအသီးကို သည်းခံလျက်စောင့်နေ၍မျှော်လင့်တတ်၏။ သင်တို့သည်လည်း သည်းခံလျက်စောင့်နေကြလော့။ ကိုယ်စိတ်နှလုံးကို မြဲမြံစေကြလော့။ သခင်ဘုရားကြွလာတော်မူသောအချိန် ရောက်လုနီးပြီ။" ယာ၊ ၅း၇၊၈။

--*--

## အခန်း ၂၂

# ဆိုင်ပြိုင်တိုက်လှန်ခြင်းရူပါရုံ

ကျွန်ုပ်သည်ရူပါရုံတွင် အလွန်ပြင်းထန်စွာ တိုက်ခိုက်နေသော စစ်တပ်နှစ်တပ်ကိုတွေ့မြင်ရပါသည်။ စစ်တစ်တပ်မှာ လောက၏အမှတ်တံဆိပ်ပါသောအသံများကလမ်းညွှန်၍ အခြားသော စစ်တပ်မှာကား ဗမာနွေလမင်း၏ အသွေးစွန်းကွက်နေသောအလံက လမ်းညွှန်လေ၏။ သခင်ဘုရား၏စစ်တပ်မှာ တစ်စုပြီးတစ်စုရန်သူဘက်သို့ကူးကြသောအခါ အလံများသည် တစ်ခုပြီးတစ်ခု မြေပေါ်သို့ကျသွားကြလေ၏။ ၎င်းပြင် လူတစ်မျိုးပြီးတစ်မျိုး ရန်သူ၏စစ်တပ်မှ ပညတ်တော်ကိုစောင့်ရှောက်သော ဘုရားသခင်၏လူတို့ဘက်သို့ပါဝင်ကြ၏။ ကောင်းကင်တွင်ပျံဝဲလျက်ရှိသောကောင်းကင်တမန်တစ်ပါးသည် များစွာသောသူတို့၏လက်ထဲသို့ဗမာနွေလမင်း၏အလံများကိုပေး၍ ခွန်အားကြီးသောဗိုလ်ချုပ်ကြီးတစ်ပါးကအသံကျယ်စွာဖြင့် 'ရှေ့သို့တိုးတက်ကြလော့၊ ဘုရားသခင်၏ပညတ်တော်များနှင့် ခရစ်တော်၏ သက်သေခံချက်များတို့တွင်သစ္စာရှိသောသူတို့၊ ယခုသင်တို့၏နေရာသို့တက်လာကြလော့၊ သူတို့အထဲကထွက်၍အသီးအခြားနေကြလော့။ မစင်ကြယ်သောအရာတို့ကိုလက်နှင့်မျှမတို့ကြနှင့်၊ ထိုသို့ပြုလျှင် သင်တို့ကိုငါသည်လက်ခံမည်၊ သင်တို့၏အဘဖြစ်မည်၊ သင်တို့သည် ငါ၏သားသမီးများ ဖြစ်ကြလိမ့်မည်။ သခင်ဘုရားအား မစကူညီလိုသောသူအပေါင်းတို့၊ ရန်သူတစ်ဖက်၌ သခင်ဘုရားကိုမစခြင်းငှါ လာကြလော့" ဟု မိန့်တော်မူ၏။

စစ်ပွဲသည်ပြင်းထန်စွာတိုက်ခိုက်လျက်ရှိ၏။ စစ်ပွဲတွင်သူတစ်ပြန်ငါတစ်ပြန်နိုင်လျက်ရှိကြ၏။ ယခုအလံကိုင်သောသူသည် အားလျော့သကဲ့သို့လက်ဝါးကပ်တိုင်၏စစ်သားများသည်နောက်သို့ဆုတ်ကြလေ၏။ (ဟေရှာ၊ ၁၀း၁၈။) သို့ရာတွင် အထင်အားဖြင့်ဆုံးရှုံးခြင်းအကြောင်းမှာ ရှေ့သို့တိုး၍အောင်မြင်နိုင်စရာအကြောင်းဖြစ်ပေသည်။ ဝမ်းမြောက်စွာကြွေးကြော်သောအသံများကိုကြားရ၏။ ခရစ်တော်၏ စစ်သားများတို့

သည် ထိုအခါက ရန်သူတို့ပိုင်ဆိုင်သောရဲတိုက်၏ မြို့ရိုးပေါ်တွင် ကိုယ်တော်၏အောင်လံတော်ကို စိုက်ထူလိုက်သောအခါ ဘုရားသခင်၏ ကျေးဇူးတော်ကိုချီးမွမ်းမြွက်ဆိုသော သီချင်းဆိုသံကိုကြားရ၍ ကောင်းကင်တမန်တို့၏သီဆိုသံများသည်လည်းသီချင်းသံနှင့်ရောနှောလျက်ထွက်လာ၏။ ကျွန်ုပ်တို့အား ကယ်တင်တော်မူသော ဗိုလ်ချုပ်မင်းသည် စစ်ပွဲကိုစီမံအမိန့်ပေးလျက် မိမိ၏စစ်သားများအား ထောက်မကျွေးမွေးလျက်နေတော်မူ၏။ ကိုယ်တော်သည် မိမိ၏စွမ်းအားကို အစွမ်းကုန်ထင်ရှားစွာပြလျက် တံခါးများသို့ရောက်အောင် စစ်သားများအားချီတက်သွားဖို့ရန် တိုက်တွန်းအားပေးလျက် ရှိတော်မူ၏။ အောင်မြင်လျက်လည်းကောင်း၊ အောင်မြင်ဖို့ရန်လည်းကောင်း ကိုယ်တော်သည် သူတို့အားတစ်လှမ်းပြီးတစ်လှမ်း ရှေ့ဆောင်၍ ခေါ်ဆောင်သွားသောအခါ တရားတော်နှင့်အညီ အံ့ဩဖွယ်သောအရာများကို သူတို့အားသင်ကြားတော်မူ၏။

နောက်ဆုံး၌စစ်ပွဲတွင် အောင်မြင်ခြင်းအခွင့်ကို ရရှိကြလေ၏။ 'ဘုရားသခင်၏တပည့်တော်များနှင့် ယေရှု၏ယုံကြည်ခြင်း'' ဟူသောအက္ခရာများရေးထားသော အလံတော်နောက်သို့ လိုက်သွားကြသောစစ်တပ်သည် ကောင်းစွာအောင်မြင်ကြ၍ ဝမ်းမြောက်ခြင်းရှိကြလေ၏။ ခရစ်တော်၏စစ်သားများတို့သည် မြို့တံခါးအနီးသို့ရောက်လာကြ၍ မြို့တော်သည်မိမိ၏ရှင်ဘုရင်ကိုဝမ်းမြောက်စွာလက်ခံလေ၏။ ခရစ်တော်၏စစ်သားများသည်ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ထာဝရကာလပတ်လုံး ဖြောင့်မတ်ခြင်းနှင့်ယှဉ်သော နိုင်ငံတော်သည်တည်ထောင်လေ၏။

## အသင်းတော်၏အောင်မြင်ခြင်း

ယခုအသင်းတော်သည် စစ်မှုထမ်းနေသော အသင်းတော်ဖြစ်လေ၏။ ယခုကျွန်ုပ်တို့သည် ရုပ်တုကိုလုံးလုံးလိုပင် ကိုယ်စားပြုသောလောကကြီး၏ညဉ့်သန်းခေါင်ယံကဲ့သို့သော မှောင်မိုက်နှင့်တွေ့ကြုံလျက်ရှိကြသည်။ သို့ရာတွင်စစ်ပွဲကိုခင်းကျင်း၍အောင်မြင်ရမည့်နေရက်သည်ရောက်လာလျက်ရှိသည်။ ဘုရားသခင်၏အလိုတော်သည် ကောင်းကင်

ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌လည်းပြည့်စုံရတော့မည်။ ထိုအခါ လူအမျိုးမျိုးတို့၌ကောင်းကင်ကချပေးတော်မူသောပညတ်အပြင်အခြား ပညတ်မရှိတော့ချေ။ အားလုံးတို့သည်တစ်လုံးတစ်ဝတည်းဝမ်းမြောက် ကြသော အိမ်ထောင်သားများဖြစ်ကြ၍ ခရစ်တော်၏ဖြောင့်မတ်ခြင်း ဝတ်ရုံတည်းဟူသော ချီးမွမ်းခြင်းနှင့် ကျေးဇူးတင်ခြင်း အဝတ်များကို ဝတ်ရကြလိမ့်မည်။ လောကဓါတ်ရှိသမျှတို့သည် အလွန်လှပတင့်တယ် ခြင်းနှင့် ဘုရားသခင်အားချီးမွမ်း၍ ရိုသေကိုင်းညွတ်သောလက္ခဏာကို အစဉ်သဖြင့် ပြကြလိမ့်မည်။ လောကကြီးသည်ကောင်းကင်အလင်းနှင့် ဖုံးအုပ်လျက်ရှိလိမ့်မည်။ နှစ်ကာလများသည်လည်းဝမ်းမြောက်ခြင်းနှင့် ကုန်လွန်သွားကြလိမ့်မည်။ လ၏အလင်းရောင်ခြည်သည်နေ၏အလင်း ရောင်ခြည်ကဲ့သို့ဖြစ်၍ နေ၏အလင်းရောင်ခြည်သည် ယခုထက်ခုနစ်ဆ တိုးလာလိမ့်မည်။ ထိုအရာများအပြင်နံနက်ကြယ်တို့သည် အတူတကွသီ ချင်းဆိုကြလျက်ဘုရားသခင်၏သားတို့သည်လည်း ဝမ်းမြောက်ခြင်းနှင့် ကြွေးကြော်လျက်နေကြစဉ် ဘုရားသခင်နှင့်ခရစ်တော်သည် 'နောက် တစ်ဖန်အပြစ်ဒုစရိုက်မရှိရ၊ သေခြင်းမရှိရ" ဟု အတူတကွကြွေးကြော် တော်မူလိမ့်မည်။

## စောင့်လျက်ရပ်နေခြင်း

ဤအဖြစ်အပျက်များကို ကျွန်ုပ်တို့အားဖေါ်ပြတော်မူ၏။ သို့ရာ တွင်အသင်းတော်သည် မြင်ရသောရန်သူနှင့်မမြင်နိုင်သောရန်သူတို့ကို တိုက်ခိုက်ရကြလိမ့်မည်။ စာတန်၏ကိုယ်စားလှယ်ဖြစ်သော လူများတို့ သည်မြေကြီးပေါ်တွင်ရှိကြသည်။ လူများတို့သည် ဗိုလ်ခြေအပေါင်းတို့ ၏သခင်ဘုရားကိုစစ်တိုက်ရန်သင်းဖွဲ့ကြလေပြီ။ ခရစ်တော်သည်ကရုဏာ တော်ပလ္လင်ရှေ့၌ရှိ မိမိအပြစ်ဖြေရာအမှုကိုပြုရသောနေရာမှထွက်ကျသော ၍ မတရားသောသူတို့အား အပြစ်ပေးခြင်းဝတ်ရုံကိုဝတ်တော်မူသော အခါတိုင်အောင် ဤကဲ့သို့ သင်းဖွဲ့ခြင်းကိုပြုလုပ်လျက်နေကြလိမ့်မည်။ စာတန်၏ကိုယ်စားလှယ်များသည် မြို့ကြီးတိုင်းတွင်ရှိလျက် ဘုရားသခင် ၏ပညတ်တော်ကို တားဆီးကန့်ကွက်သောသူတို့အား အသင်းများဖွဲ့ စည်းစေဖို့ရန် စီမံနေကြ၍အလွန်အလုပ်ရှုပ်လျက်နေကြပါသည်။ သန့်ရှင်း

သောသူတို့၏အယောင်ကိုဆောင်သော သူတို့နှင့်အတည့်အလင်းဝန်ခံကြသောမယုံကြည်သောသူတို့သည် ဤအသင်းသားများနှင့်ပေါင်းသင်းဆက်ဆံကြလေသည်။ ဤအချိန်သည် ဘုရားသခင်၏လူများတို့၌အားနည်းလျက်နေကြဖို့အချိန်မဟုတ်၊ ကျွန်ုပ်တို့သည်စောင့်နေခြင်းအလုပ်ကိုခဏမျှပယ်ရှားခြင်းမရှိကြချေ။

'သခင်ဘုရားအားဖြင့်လည်းကောင်း၊ တန်ခိုးတော်အားဖြင့်လည်းကောင်း ခိုင်ခံ့ခြင်းရှိကြလော့။" မာရ်နတ်၏ပရိယာယ်ကိုဆီးတားနိုင်မည့်အကြောင်း၊ ဘုရားသခင်ပြင်ဆင်တော်မူသောလက်နက်စုံကိုဝတ်ဆောင်ကြလော့။ အကြောင်းမူကား ငါတို့သည်အသွေးအသားရှိသော ရန်သူတို့နှင့် ဆိုင်ပြိုင် တိုက်လှန်ရကြသည်မဟုတ်၊ အထွတ်အမြတ်တို့နှင့်လည်းကောင်း၊ အာဏာစက်နှင့်လည်းကောင်း၊ လောကီမှောင်မိုက်နှင့် အစိုးတရပြုလုပ်သောမင်းတို့နှင့်လည်းကောင်း၊ မိုးကောင်းကင်၌နေသောနတ်ဆိုးတို့နှင့်လည်းကောင်းဆိုင်ပြိုင်တိုက်လှန်ရကြ၏။ ထိုကြောင့် ခဲယဉ်းဆိုးယုတ်သောနေ့ရက်ကာလ၌ဆီးတားနိုင်သဖြင့် ကိစ္စအလုံးစုံတို့ကိုပြီးစီး၍ခံရပ်နိုင်မည့်အကြောင်း ဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံကိုယူဆောင်ကြလော့။ သစ္စာတည်းဟူသော ခါးပန်းကိုစည်းလျက်၊ ဖြောင့်မတ်ခြင်းပါရမီတည်းဟူသောရင်အုပ်တန်ဆာကိုဝတ်ဆင်လျက်၊ ငြိမ်သက်ခြင်းနှင့်ယှဉ်သော ဧဝံဂေလိတရားစကားကိုဟောပြောအံ့သောငှါပြင်ဆင်သောအဖြစ် တည်းဟူသောခြေစွပ်ကိုစွပ်လျက်ခံရပ်ကြလော့။ မာရ်နတ်ပစ်ခတ်သောမီးစက်လက်နက်ကို ကာသတ်နိုင်သောယုံကြည်ခြင်းတည်းဟူသော လွှားကိုလည်းခပ်သိမ်းသော လက်နက်တို့အပေါ်မှာ ထပ်ဆင့်ယူဆောင်ကြလော့။ ကယ်တင်ခြင်းတည်းဟူသော သံခမောက်လုံးကိုလည်းကောင်း၊ ဘုရားသခင်၏နှုတ်ကပါဌ်တည်းဟူသော ဝိညာဉ်တော်ဓါးကိုလည်းကောင်းယူကြလော့။ ဧ၊ ၆း၁၀-၁၇။

'ငါသည်အဘယ်သို့ဆုတောင်းသနည်းဟူမူကား၊ သင်တို့သည်ခြားနားသောအရာကိုပိုင်းခြားစေခြင်းငှါ ဉာဏ်ပညာအမျိုးမျိုးရှိလျက်၊ မေတ္တာပါရမီတိုးပွား၍ ပြည့်စုံမည့်အကြောင်းကိုလည်းကောင်း၊ ယေရှု

အားဖြင့် ဘုရားသခင်၏ဘုန်းအသရေတော်ကို ထင်ရှားစေတတ်သော ဖြောင့်မတ်ခြင်းအကျင့်နှင့်သင်တို့သည် ပြည့်စုံ၍ ခရစ်တော်၏နေ့ရက် တိုင်အောင်စိတ်ကြည်ဖြူလျက်တိမ်းလဲခြင်းအမှုနှင့် ကင်းလွတ်လျက်ရှိမည့် အကြောင်းကိုလည်းကောင်း ငါဆုတောင်းပတ္ထနာပြု၏။" ဖိ၊ ၁။ ၉-၁၁။

'သင်တို့သည်ရန်သူများကြောင့်အလျှင်းမကြောက်ရွံ့မတုန်လှုပ်ဘဲ တစ်ပါးတည်းသော စိတ်ဝိညာဉ်၌ တည်၍ ဧဝံဂေလိတရားနှင့်ဆိုင် သောယုံကြည်ခြင်းအဖို့အလို့ငှါ တညီတညွတ်တည်းကြိုးစားအားထုတ် ကြသည့် အကြောင်းအရာကို.... ခရစ်တော်၏ ဧဝံဂေလိတရားနှင့် အထိုက်အလျောက် ဝတ်ကြီးဝတ်ငယ်များကိုပြု၍သာနေကြလော့။ ထို သို့ရန်သူများကြောင့် အလျှင်းမကြောက်ရွံ့မတုန်လှုပ်သော အကြောင်း အရာသည် သူတို့၌ပျက်စီးခြင်း၏နိမိတ်လက္ခဏာဖြစ်၏။ ဘုရားသခင် စီရင်တော်မူသောအားဖြင့် သင်တို့၌ကား၊ ကယ်တင်ခြင်း၏နိမိတ်လက္ခ ဏာဖြစ်၏။ အကြောင်းမူကား.... သင်တို့သည်..... ခရစ်တော်ကို ယုံကြည်ခြင်းအခွင့်မျှတစ်ပါး၊ ခရစ်တော်အတွက်ကြောင့် ဆင်းရဲခံရခြင်း အခွင့်ကိုကျေးဇူးတော်အားဖြင့်ရကြ၏။" ဖိ၊ ၁း၂၇-၂၉။

## နောင်ကာလ၏ဘုန်းတော်များကိုဖေါ်ပြသော ရှုပါရုံများ

ဤနောက်ဆုံးသောနေ့ရက်များတွင် ဘုရားသခင်၏လက်တော် အားဖြင့် နောက်စံစားရမည့်ဘုန်းတော်၏အကြောင်းအရာအဖြစ်အပျက် များကိုဖေါ်ပြတော်မူ၍ ဘုရားသခင်၏အသင်းတော်သည်ဤအရာများကို နှစ်သက်ရကြလိမ့်မည်။ ဘုရားသခင်၏သားတော်သည် ကျမ်းပြုဆရာဖါရိ ရှဲတို့၏လက်ထဲသို့အပ်နှံခြင်း၊ စုံစမ်းနှောင့်ယှက်ခြင်း၊ ဒုက္ခဆင်းရဲခြင်း တို့ကိုအဘယ်အတွက်ကြောင့်ခံရပ်နိုင်တော်မူသနည်း။ ကိုယ်တော်သည် မိမိ၏စိတ်ထဲ၌ခံစားရမည့်ဒုက္ခဝေဒနာအကြောင်းကိုသိမြင်တော်မူသော် လည်း စိတ်သက်သာခြင်းရှိ၏။ ထာဝရကာလ၏ ကျယ်ဝန်းသော

အဖြစ်ကို ကိုယ်တော်သည်ရှုမြင်တော်မူလျက် မိမိခံစားရသောရှုတ်ချခြင်းအားဖြင့် အပြစ်လွှတ်ခြင်းအခွင့်ကိုရရှိ၍ ထာဝရအသက်ကိုခံစားရကြမည်ဖြစ်သော သူတို့၏ဝမ်းမြောက်ခြင်းကိုလည်း သိမြင်တော်မူ၏။ ကိုယ်တော်သည် သူတို့၏လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံတော်မူ၏။ သူတို့၏ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသောဆုံးမခြင်းသည် ကိုယ်တော်၏အပေါ်သို့ရောက်၍ ကိုယ်တော်ခံရသောဒဏ်ချက်အားဖြင့် သူတို့သည်အနာပျောက်လျက်ရှိကြ၏။ ရွေးနုတ်ခြင်းခံရသောသူတို့သည် မောရှေ၏သီချင်းနှင့်သိုးသငယ်၏သီချင်းများကိုသီဆိုလျက်နေကြသည်ကိုကိုယ်တော်သည်ကြားရတော်မူ၏။

ကျွန်ုပ်တို့သည် နောင်ကာလနှင့်စပ်ဆိုင်သောအဖြစ်အပျက်များနှင့်ကောင်းကင်သုခချမ်းသာများအကြောင်းကိုသိမြင်ရကြမည်။ ထာဝရကာလ၏တံခါးဝတွင်ရပ်ပြီးမှ ခရစ်တော်အတွက် ဒုက္ခဆင်းရဲခြင်းခံရသည်ကိုထူးမြတ်သောအခွင့်၊ ဂုဏ်အသရေဟုမှတ်ယူပြီး ဤလောက၏အသက်တာတွင်ခရစ်တော်နှင့်အတူတကွကူညီလျက် အမှုတော်ဆောင်ရွက်သူတို့အား ကရုဏာတော်ဖြင့် ခေါ်လျက်နေသောစကားသံတော်ကိုနားထောင်ကြလော့။ သူတို့သည် ကောင်းကင်တမန်တို့နှင့် အတူတကွစုပေါင်းကြသောအခါ သူတို့သည်မိမိတို့၏သရဖူများကို ရွေးနုတ်တော်မူသောအရှင်၏ခြေတော်ရင်း၌ ချထားကြပြီးလျှင် 'အသေသတ်ခြင်းကိုခံခဲ့ပြီးသောသိုးသငယ်သည်တန်ခိုး၊ စည်းစိမ်၊ ပညာ၊ အစွမ်းသတ္တိ၊ ဂုဏ်အသရေ၊ ဘုန်းအားနုဘော်ကောင်းချီးမင်္ဂလာကိုခံထိုက်တော်မူ၏။ ပလ္လင်တော်ပေါ်မှာထိုင်တော်မူသောသူနှင့်သိုးသငယ်သည် ကမ္ဘာအဆက်ဆက်ကောင်းချီးမင်္ဂလာ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ အစွမ်းသတ္တိရှိစေတော်မူသတည်း" ဟု ကြွေးကြော်ကြ၏။ ဗျာ၊ ၅း၁၂၊ ၁၃။

ထိုအရပ်၌ရွေးနုတ်ခြင်းခံရသောသူတို့သည် ချီးမြှင့်ခြင်းခံရသောကယ်တင်ရှင်ထံသို့ သူတို့အားညွှန်ပြသောသူတို့နှင့်တွေ့ဆုံလျက်နှုတ်ခွန်းဆက်ကြ၏။ လူသတ္တဝါတို့သည်ဘုရားသခင်၏အသက်တာနှင့်ညီမျှသောအသက်မျိုးကိုရရှိကြမည်အကြောင်း အသေခံတော်မူခဲ့သောကိုယ်တော်

ကိုသူတို့သည်အတူတကွစုပေါင်း၍ချီးမွမ်းကြလေ၏။ တိုက်လှန်ရသော စစ်ပွဲသည်အဆုံးသို့ရောက်လေ၏။ ဒုက္ခဆင်းရဲခြင်းနှင့် ဖက်ပြိုင်တိုက်လှန်ရခြင်းအမှုအပေါင်းတို့သည်အဆုံးသို့ ရောက်လေ၏။ ရွေးနုတ်ခြင်းခံရသောသူတို့သည် ဘုရားသခင်၏ပလ္လင်တော်ပတ်လည်တွင် ရပ်နေကြသောအခါ ကောင်းကင်တစ်ဝန်းလုံးသည် အောင်မြင်ခြင်းနှင့်သီဆိုကြသောအသံအားဖြင့် ဟိန်းသွားလေ၏။ 'အသေသတ်ခြင်းကိုခံရ၍ အောင်မြင်သောသူကဲ့သို့ တစ်ဖန်အသက်ရှင်တော်မူသော သိုးသငယ်တော်၌ဂုဏ်အသရေရှိစေတော်မူသတည်း၊ ဂုဏ်အသရေရှိစေတော်မူသတည်း" ဟုအားလုံးတို့သည်ဝမ်းမြောက်စွာနှင့်ကြွေးကြော်ကြလေ၏။

'ထိုနောက်မှငါကြည့်လျှင် အသီးသီးသောဘာသာစကားကိုပြောသောလူအမျိုးအနွယ်ခပ်သိမ်းတို့အထဲမှထွက်၍ အဘယ်သူမျှမရေတွက်နိုင်သောလူများအပေါင်းတို့သည် ဖြူသောဝတ်ရုံကိုဝတ်ဆင်လျက် စွန်ပလွံခက်ကိုကိုင်လျက်၊ ပလ္လင်တော်ရှေ့၊ သိုးသငယ်ရှေ့မှာရပ်နေကြ၏။ သူတို့ကလည်း ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောငါတို့၏ဘုရားသခင်နှင့် သိုးသငယ်သည် ကယ်တင်တော်မူခြင်း ချမ်းသာရှိတော်မူစေသတည်း" ဟု ကြီးသောအသံနှင့်ကြွေးကြော်ကြ၏။ ဗျာ၊ ၇း၉၊၁၀။

'ဤသူတို့သည် ကြီးစွာသော ဆင်းရဲဒုက္ခအထဲက ထွက်မြောက်၍မိမိတို့ဝတ်ရုံကိုသိုးသငယ်၏အသွေး၌လျှော်၍ဖြူစေသောသူဖြစ်ကြသတည်း။ ထိုကြောင့် ဘုရားသခင်၏ပလ္လင်တော်ရှေ့မှာ နေရာရ၍ ဗိမာန်တော်၌ဘုရားဝတ်ကိုနေ့ညမပြတ်ပြုရကြ၏။ ပလ္လင်ပေါ်မှာ ထိုင်တော်မူသောသူတို့တွင် ကိန်းဝပ်တော်မူလိမ့်မည်။ သူတို့သည်နောက်တစ်ဖန် ရေစာကို မငတ်မမွတ်ရ။ နေရောင်ခြည် အလျှင်းမထိုရ။ အဘယ်အပူကိုမျှ မခံရကြ။ အကြောင်းမူကား ပလ္လင်တော်အတွင်း၌ရှိသောသိုးသငယ်သည် သူတို့ကိုလုပ်ကျွေး၍ အသက်စမ်းရေတွင်းသို့ လမ်းပြလိမ့်မည်။ ဘုရားသခင်သည်လည်းသူတို့မျက်စိ၌ရှိသောမျက်ရည်ရှိသမျှတို့ကိုသုတ်ပေးတော်မူမည်" 'နောက်တစ်ဖန်သေဘေးမရှိရ၊

စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။
အကြောင်းမူကား၊ ရှေးဖြစ်ဖူးသောအရာတို့သည် ရွေ့သွားလေပြီ။"
ဗျာ၊ ၇း၁၄-၁၇။ ၂၁း၄။

--*--

## အခန်း ၂၃

# ပုရောဖက်အစစ်အမှန်နှင့်အတုအယောင်

မိမိတို့အား ဘုရားသခင်သွန်သင်ဆုံးမသည်ဟု လူအများတို့က မမှန်မကန်ပြောဆိုကြလျက် လှည့်ဖြားသဖြင့် အယူဝါဒတိမ်းလဲခြင်းကြောင့် တစ်စုံတစ်ယောက်သောသူက ဘုရားသခင်ထံမှ ရရှိသော ဗျာဒိတ်ရူပါရုံအကြောင်းကို ပြောပြသည်ကို အများသောသူတို့သည် များစွာပင်မယုံသင်္ကာဖြစ်ကြသည်။ သို့မဟုတ် ယုံပင်မယုံကြည်ကြချေ။ သို့ရာတွင် မှန်ကန်သောတရားကို စေ့စေ့လိုက်ထံရှာဖွေသောသူသည် မမှန်သောပုရောဖက်သို့မဟုတ် ဆရာများ၏လှည့်ဖြားခြင်းတို့ကိုတားဆီး ပိတ်ပင်ရကြမည်၊ ၎င်းအပြင်မှန်ကန်သောပုရောဖက်အကြောင်းကို သိရှိနားလည်ရကြမည်။ 'ပုရာဖက်ပြုခြင်းကို မထီမဲ့မြင် မမှတ်ကြနှင့်၊ ခပ်သိမ်းသောအရာကိုစုံစမ်း၍ ကောင်းသောအရာကို အမြဲကိုင်စွဲကြလော့" ဟုတမန်တော်ပေါလုကရေးသားလေ၏။ ၁သက်၊၅း၂၀၊၂၁။

ဤဆုံးမသြဝါဒပေးချက်ကိုထောက်ရှုခြင်းအားဖြင့် ယခုကာလ၌ ပြန့်ပွားလျက်နေသော မြော်လင့်ခြင်းအသင်းသားတို့၏ အလုပ်တွင် ဘုရားသခင်သည်စောင်မကြည့်ရှုတော်မူကြောင်း ထင်ရှားသောသက်သေများနှင့် ဤအလုပ်နှင့်စပ်ဆိုင်၍ချပေးတော်မူသောဝိညာဉ်ဆုကျေးဇူးများအကြောင်းကို ခရစ်တော်၌ယုံကြည်သောသူတို့သည်မှန်ကန်စွာစဉ်းစားဆင်ခြင်းကြပါမည့်အကြောင်း တိုက်တွန်းနှိုးဆော်ပါသည်။ ဝိညာဉ်ဆုကျေးဇူးအားဖြင့် ထင်ရှားသောသန့်ရှင်းသောဝိညာဉ်တော်၏အလုပ်ကို ပယ်ခြင်းသည် အလွန်ကြောက်စရာကြောင်းပေသည်။ 'သို့ရာတွင် အတွင်း၌ကြမ်းတမ်းသောတော်ခွေးဖြစ်လျက် သိုးရေကိုခြုံ၍သင်တို့ရှိရာသို့ လာသောမိစ္ဆာပုရောဖက်" တို့ကို ရှောင်ကြဉ်ရန် ကျွန်ုပ်တို့သည် ဆုံးမသြဝါဒပေးခြင်းကိုခံရကြပြီ။ သူတို့အား မည်ကဲ့သို့စုံစမ်းရမည်ကို ဖေါ်ပြထားပါသည်။ 'ထိုသူတို့၏အကျင့်ကိုထောက်၍သူတို့၏သဘောကိုသိရကြလိမ့်မည်။"

လူတို့သည် ဆူးပင်၌စပျစ်သီး သို့မဟုတ် ဆူးလေပင်၌သင်္ဘော သဖန်းသီးကိုဆွတ်ရန် မျှော်လင့်ကြသကဲ့သို့ ယုတ်မာသောလူလိမ် လူကောက်ထံမှသူတို့သည် မှန်ကန်သောသမ္မာတရားနှင့် သန့်ရှင်းသော တန်ခိုးထွက်လာလိမ့်မည်ဟု မျှော်လင့်ကောင်းမျှော်လင့်နေကြလိမ့်မည်။ 'ကောင်းသောအပင်သည် ကောင်းသောအသီး၊ မကြောင်းသော အပင်သည် မကောင်းသောအသီးကိုသီးတတ်၏။ ကောင်းသောအပင် သည် မကောင်းသောအသီး၊ မကောင်းသောအပင်သည်ကောင်းသော အသီးကိုမသီးနိုင်။ . . . . . သို့ဖြစ်လျှင် ထိုပုရောဖက်တို့၏အကျင့်ကိုထောက် သော်သူတို့၏သဘောကိုသိရကြလိမ့်မည်။" မ၊ ၇း၁၅-၂၀။

လက်ထပ်ပြီးမှ မစ္စစ်၊ အီး၊ ဂျီ၊ ဝိုက်ဟု အများသိရှိကြသော အယ်လင်၊ ဂျီ၊ ဟာရ်မွန်သည် အနှစ်ခုနစ်ဆယ်ပတ်လုံး ကြိုးစားလျက် အမှုတော်ကိုဆောင်ရွက်ခဲ့လေပြီ။ အမေရိကန်ပြည်၌အနှစ်ခြောက်ဆယ်၊ ဥရောပတိုက်နှင့် ဩစတြေးလျတိုက်တို့၌ ဆယ်နှစ်ကြာအမှုတော်ထမ်းခဲ့ ပါသည်။ ဤမျှလောက်ကြာရှည်သောကာလတွင် သူသည်ကောင်းကင်မှ ချပေးတော်မူသည်ဟု ယုံကြည်သော ဗျာဒိတ်ရူပါရုံများအားဖြင့်ချီးမြှင့် ခြင်းကိုခံရ၍ ဤအရာများကိုအသင်းတော်အား ဆုံးမဩဝါဒပေးဖို့ရန် အတွက်သစ္စာနှင့်တကွကြိုးစားလျက်ရေးသားခဲ့လေပြီ။

သူရေးသားသောစာအုပ်ပေါင်းများစွာတို့ကို ပုံနှိပ်လျက် ကမ္ဘာ တစ်ဝန်းလုံးနှံ့ပြားအောင်ရောင်းချဝေငှရလေပြီ၊ ကျွန်ုပ်တို့သည်၍ကမ္ဘာ မြေကြီး၏အဆုံးကာလတွင် အသက်ရှင်လျက်နေရကြသည်ဟု ကျမ်းစာ အားဖြင့်အသေအချာသိရှိကြသဖြင့် မမဝိုက်သည်ပုရောဖက်ဟောသော စကားချက်သဘောအားဖြင့်ဘုရားသခင်မိန့်တော်မူသောအရာကိုဖော်ပြ ဖို့ရန် ဘုရားသခင်ခန့်ထားတော်မူသော ကိုယ်စားလှယ်ဖြစ်ကြောင်း ကို အများသောသူတို့သည်ယုံကြည်လာကြလေပြီ။ ဤကဲ့သို့ယုံကြည်ဖို့ရန် သူမ၏ပြောဆိုဆုံးမသောစကားများနှင့် သူမရရှိသော ဗျာဒိတ်ရူပါရုံ တို့၏သဘောကိုထောက်ရှုခြင်းအားဖြင့် သူမ၏အလုပ်အကိုင်၊ အမှုကိစ္စ တို့၏ဂုဏ်အင်္ဂါတို့ကိုစစ်ဆေးကြည့်ရှုနိုင်လိမ့်မည်။

သူမ၏အလုပ်နှင့်ဆုံးမဩဝါဒများကို သမ္မာကျမ်းစာတော်မြတ်တွင်ဖော်ပြထားသော ဘုရားသခင်၏ နှုတ်ကပါဌ် တော်အားဖြင့် စမ်းသပ်ကြည့်ရှုစေဖို့ မမဝိုက်သည် အစဉ်အလိုရှိပါသည်။ သူမကပြောသည်မှာ 'သက်သေခံချက်များကို ၎င်းတို့၏အကျိုးများအားဖြင့်စစ်ဆေးကြည့်ရှုကြပါ။ ၎င်းတို့၏ဩဝါဒများ၏သဘောကားအဘယ်သို့နည်း။ ၎င်းတို့၏တန်ခိုးအားဖြင့် မည်သည့်အကျိုးများခံစားရပြီနည်း။ ဘုရားသခင်သည် အသင်းတော်သားများ၏ အပြစ်များကိုဖော်ပြ၍ သူတို့၏ယုံကြည်ခြင်းကို တိုးပွားစေလျက် အသင်းတော်ကိုဆုံးမနေသလား၊ သို့မဟုတ် ဤသို့မပြဘဲနေသလား။ ဤအမှုသည် ဘုရားသခင်နှင့် ဆိုင်သလော၊ သို့မဟုတ်မဆိုင်သလော။ ဘုရားသခင်သည် စာတန်နှင့်အတူတကွ အမှုတော်ဆောင်ရွက်လိမ့်မည်မဟုတ်။ ကျွန်ုပ်၏အမှုဆောင်ရွက်ခြင်း၌ ဘုရားသခင်၏တံဆိပ်ပါသလား။ သို့မဟုတ်ရန်သူ၏တံဆိပ်ပါသလား။ ဤအမှုကိစ္စတို့မှာ ထက်ဝက်မျှသာပြီးစီးသော အမှုမဟုတ်။

'သခင်ဘုရားသည် ပုရောဖက်ဟောသော စကားချက်သဘောအားဖြင့် မိမိကိုယ်တော်တိုင် ထင်ရှားတော်မူသောအခါ ကျွန်ုပ်သည် အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ်ကာလ၏အဖြစ်အပျက်များကို တွေ့မြင်ရပါပြီ။ ကျွန်ုပ်တစ်ခါမျှမမြင်ခဲ့ဖူးသောသူတို့၏မျက်နှာများကို ကျွန်ုပ်အားဖော်ပြ၍ နှစ်ပေါင်းများစွာကြာသောနောက် ကျွန်ုပ်သည် သူတို့ကိုတွေ့ကြုံရသောအခါသူတို့ကိုမှတ်မိလေ၏။ လွန်ခဲ့သောအခါကကျွန်ုပ်၏စိတ်ထဲတွင် ထင်မြင်လာသောအရာများကို တစ်ဖန်ထင်ရှားစွာမြင်ရ၍ ကျွန်ုပ်သည် အိပ်ရာမှလန့်နိုးခဲ့ဖူး၏။ ၎င်းပြင် သန်းခေါင်ယံအချိန်တွင် အမေရိကန်တိုက်တစ်ဖက်မှ တစ်ဖက်သို့ရောက်ရှိသွားသော စာများကို ကျွန်ုပ်သည်ရေးသားခဲ့၍ ၎င်းတို့သည် ဘုရားသခင်၏အမှုတော်နှင့်စပ်ဆိုင်၍အရေးကြုံကြိုက်ရာ အခါကာလတွင် ကြီးစွာသော ဘေးဒုက္ခများကကင်းလွတ်စေကြပြီ။ နှစ်ပေါင်းများစွာကျွန်ုပ်သည် ဤအမှုကိုဆောင်ရွက်ခဲ့လေပြီ။ ကျွန်ုပ်မစဉ်းစားမထင်မြင်ခဲ့သောအမှားများကို ဖော်ပြ၍ ဆုံးမဖို့ရန် ကျွန်ုပ်အား ဝိညာဉ်တော်ကတိုက်တွန်းတော်မူလေပြီ။ ဤအလုပ်သည် အထက်အရပ်မှလာသောအလုပ်လား၊ သို့မဟုတ်အောက်အရပ်မှ

လာသောအလုပ်လား။ သမ္မာတရားကို ဇကန်အမှန်လိုလားသောသူတို့သည် ယုံကြည်ရန်လုံလောက်သောသက်သေခံချက်များကို တွေ့ကြလိမ့်မည်။" 5T. 671, 672

## ရူပါရုံကိုမြင်ရစဉ်သူမ၏အခြေအနေ

အထူးသဖြင့်စောစောကအမှုဆောင်ခဲ့သောနှစ်များတွင်မမဝိုက်သည် လူများတို့၏ရှေ့တွင်ရူပါရုံများကိုမြင်မက်ပါသည်။ ဤအရာများကိုဖေါ်ပြနေစဉ်အခါ သူမသည် လောက၌ သူမ၏အနားပတ်လည်တွင်ဖြစ်ပျက်နေသောအရာများကိုလုံးလုံးဘာမျှမသိချေ။ သို့ရာတွင် သူမသည်မိမိမြင်ရသောအကြောင်းအရာများကိုဖေါ်ပြနေစဉ်သူမသည်မကြာခဏလမ်းလျှောက်လျက် ကိုယ်လက်များကိုဣန္ဒြေရစွာနှင့်လှုပ်ရှားလေသည်။ ထိုအခါများ၌သူမ၏ခွန်အားသည် သိသိသာသာထူးခြားလှပေသည်။ သာမန်သောလူများပင်သူမမြောက်ပင့်ဆန့်တန်းထားသောလက်များကိုရွှေ့ရန်ကြိုးစားကြသော်လည်းမရကြချေ။ တစ်ခါကလည်း သူမ၏အိမ်၌သူမသည်ဆယ့်ရှစ်ပေါင်လေးသည့် သူမအိမ်ထောင်၏ကျမ်းစာအုပ်ကြီးတစ်အုပ်ကို စားပွဲပေါ်မှယူလျက် အခန်းထဲတွင် လမ်းလျှောက်နေစဉ်သူမ၏လက်ဝဲလက်တစ်ဖက်နှင့်ကိုင်ထားလေ၏။ သူမ၏နဂိုရှိရင်းခွန်အားနှင့်သူမသည်ဤလေးလံသောစာအုပ်ကိုမယူရန်ခဲယဉ်းလိမ့်မည်။ သို့ရာတွင်ရူပါရုံကိုရရှိနေစဉ် ကောင်းကင်တန်ခိုးကြောင့် သူမသည်၎င်းစာအုပ်ကိုဆန့်တန်းထားသောလက်ပေါ်တွင် နာရီဝတ်ကျော်ကျော်လောက်တင်ထားနိုင်လေ၏။

မမဝိုက်သည် မိမိမြင်ရသောရူပါရုံအကြောင်းကို ပြောပြနေစဉ်သူ့အားသွန်းသင်ပြသသူအား 'ကျွန်ုပ်နှင့်အတူလိုက်ပါသောကောင်းကင်တမန်" သို့မဟုတ် 'ကျွန်ုပ်ကိုသွန်သင်သူ" သို့မဟုတ် 'ကျွန်ုပ်၏လမ်းပြ" ဟုမကြာခဏပြောတတ်ပါသည်။ ဤစကားများကို ပြောဆိုရာ၌သူ့အားအစဉ်သဖြင့် လမ်းပြသော သို့မဟုတ် သွန်သင်ပြသသောသူ၊ တောက်ပထွန်းလင်း၍ ဘုန်းတန်ခိုးကြီးသောကောင်းကင်တမန်တစ်ပါးကိုဆိုလိုသည်။

ရှုပါရုံရနေစဉ်အခါမမဝိုက်သည်စကားပြောဆိုသော်လည်းသူမ၏နှုတ်မှလေမထွက်ပါ။ ဇွန်လ ၂၆ ရက်၊ ၁၈၅၄ ခုနှစ်တွင် နယူးယောက်နယ်၊ ရိုချက်စတားမြို့၌ သူမသည်ရှုပါရုံကိုမြင်မက်နေစဉ် သူမ၏အဆုတ်များမှလေကိုထုတ်ရလိမ့်မည်ဟုဖော်ပြရန် ဆရာဝန်ကြီးနှစ်ဦးကကြိုးစားစမ်းသပ်လေသည်။ အခြားသောစမ်းသပ်ကြည့်ရှုသောအခက်များတွင်မီးထွန်းအားမပူမလောင်စေအောင်သတိပြုလျက်သူမ၏နှုတ်ရှေ့နားတွင်မီးထွန်းထားသောဖယောင်းတိုင်တစ်ခုကိုထားကြည့်လေ၏။ သို့သော်သူမသည်စိတ်ပါစွာနှင့် စကားပြောနေသော်လည်း မီးသည်လှုပ်ရှားခြင်းမရှိချေ။

ရှုပါရုံများကွယ်ပျောက်သွားပြီး သူမ၌ပထမဦးစွာဖြစ်ပျက်သောအခြေအနေမှာ လေကိုပြင်းစွာရှူရှိုက်ခြင်းဖြစ်သည်။ ထိုနောက်စက္ကန့်အနည်းငယ်ကြာမှသူမသည်အသက်ရှူရှိုက်ပြန်လေ၏။ ထိုနောက်အနည်းငယ်ကြာအသက်ပြင်းပြင်း ရှူရှိုက်နေပြီးမှနဂိုအတိုင်းအသက်ရှူစပြုလေ၏။

ဒံယေလသည် မိမိ၏အနာဂတ္တိကျမ်းအခန်းကြီး ၁၀ တွင်ဖော်ပြထားသည့်အတိုင်း ဗျာဒိတ်ရှုပါရုံများကိုမြင်မက်နေစဉ်အခါကိုယ်ခန္ဓာ၌ဖြစ်ပျက်သောအခြေအနေမျိုးနှင့်မမဝိုက်၌ဖြစ်ပျက်သောကိုယ်ခန္ဓာနှင့်စပ်ဆိုင်သော၍အခြေအနေမျိုးသည်တူညီပေသည်။ မိမိကိုယ်ခန္ဓာ၌အစွမ်းသတ္တိအလျှင်းမရှိသဖြင့်ကောင်းကင်တမန်တစ်ပါးသည်ပေါ်လာ၍မိမိအားကောင်းကင်မှတန်ခိုးကိုချပေးကြောင်း ဒံယေလကဖော်ပြလေသည်။ 'ယခုပင်ကျွန်ုပ်ကိုယ်၌ခွန်အားအလျှင်းမရှိပါ။ ကျွန်ုပ်အသက်လည်းကုန်ပါပြီ၊ နောက်တစ်ဖန် လူသဏ္ဍာန်ရှိသောသူသည်လာ၍ ငါ့ကိုလက်နှင့်တို့လျက်အားပေးလေ၏။'' ဒံ၊ ၁၀း၁၇၊၁၈။

အထက်ကဖော်ပြခဲ့သည့်ကိုယ်ခန္ဓာနှင့်စပ်ဆိုင်သောထူးခြားသည့်အဖြစ်အပျက်အခြေအနေမျိုးကိုပင် နတ်ဆိုးဝင်သောသူတို့သည် အတုပြုလုပ်တတ်ကြသည်ကို ကျွန်ုပ်တို့သိရှိရကြမည်။ ဤကဲ့သို့ထူးခြားသောတန်ခိုးကြောင့်သော်လည်းကောင်း၊ နတ်ဆိုးဝင်သောကြောင့် သော်လည်းကောင်း ဖြစ်ပျက်တတ်သောအခြေအနေမျိုးတွင် ၎င်းတို့ကိုမယုံ

ကြည်မပယ်ရှားမီ ၎င်းတို့အားဖြင့် ခံစားရသောအကျိုး အပြစ်များကို စစ်ဆေးကြည့်ရှုရာသည်။

## အလွန်နီးစပ်သောမိတ်ဆွေများ

မမဝိုက်နှင့်သူမ၏ခင်ပွန်းတို့နှင့် အသက်ရှည်သမျှကာလပတ်လုံး မိတ်ကျွမ်းဝင်သောဆရာကြီးယူရိုင်ယာစမစ် (သ်) ဆိုသော ပုဂ္ဂိုလ်ကြီးတစ်ဦးက မမဝိုက်၏ထူးခြားသော ဝိညာဉ်ဆုကျေးဇူးအကြောင်းကို အောက်ပါစကားများဖြင့်သက်သေခံပါသည်။

'ဤကဲ့သို့ မမဝိုက်၌ဖြစ်ပျက်သောအကြောင်းအရာများကို စစ်ဆေးစမ်းသပ်ကြည့်ရှုသောအခါတိုင်း ထိုအရာတို့သည်မှန်ကန်ကြောင်းထင်ရှားလေသည်။ ၎င်းတို့ကိုထောက်မသောသက်သေခံချက်များသည် အတွင်းအပြင်နှစ်ခုစလုံးနှင့်သက်ဆိုင်ပေသည်။ ၎င်းတို့သည် ဘုရားသခင်၏နှုတ်ကပါဠိတော်နှင့်သော်လည်းကောင်း၊ ၎င်းတို့အချင်းချင်းနှင့်သော်လည်းကောင်း ညီညွတ်ပေသည်။ အထူးသဖြင့်ဝိညာဉ်တော်သက်ရောက်လာသောအခါ ၎င်းဝိညာဉ်တော်တန်ခိုးများကိုချပေးတော်မူ၍ ကောင်းစွာစစ်ဆေးကြည့်ရှုခြင်းမပြုသောသူတို့ကားလိမ်လည်လှည့်ဖြားခြင်းကိုခံရကြလေ၏။ မမဝိုက်၏အပြုအမူများမှာ ငြိမ်သက်တည်ကြည်၍ ဣန္ဒြေရလျက်စိတ်ဝင်စားဖွယ်ဖြစ်၍ မမှန်မကန်အယူဝါဒမှောက်မှားသောသူတို့၏အပြုအမူတို့နှင့် များစွာပင်ကွာခြားကြောင်း လာရောက်ကြည့်ရှုသူအသီးသီးတို့သည်တွေ့မြင်ရပါသည်။

'၎င်းတို့ခံစားရသောအကျိုးကျေးဇူးကို ထောက်ရှုခြင်းအားဖြင့် ၎င်းတို့ဖြစ်ပေါ်လာသော မူရင်းသဘောတို့မှာ မကောင်းဆိုးရွားတို့နှင့်မတူချေ။"

'၎င်းတို့သည် အလွန်သန့်ရှင်းသော သဘောနေသဘောထားကိုပြပေသည်။ ၎င်းတို့သည်ညစ်ညူးဆိုးသွမ်းသောအရာများကိုမထင်ရှားစေဘဲ ကောင်းသောအကျင့်သီလတို့နှင့်ဆိုင်သော ကျင့်ဝတ္တရားများကိုသာ သွန်သင်ပြသလေသည်။ ကျွန်ုပ်တို့သည် နိုင်ငံတော်သို့သွားရာ

လမ်းတွင်တွေ့ကြုံရမည့်ဘေးဒုက္ခများအကြောင်းကို ၎င်းတို့ကညွှန်ပြလေသည်။ ၎င်းတို့သည်စာတန်၏လမ်လည်လှည့်ဖြားသော ပရိယာယ်ဉာဏ်များအကြောင်းကို ဖေါ်ပြပေသည်။ ၎င်းတို့သည်ကျွန်ုပ်တို့အား ညွှတ်ကွင်းများမှလည်းလွတ်ကင်းအောင် သတိပေးနှိုးဆော်လေသည်။ ရန်သူက ကျွန်ုပ်တို့အထဲတွင် လျှို့ဝှက်စွာထည့်သွင်းရန် ကြိုးစားကြံစည်သည့် တိမ်းသောအယူဝါဒနှင့်စပ်ဆိုင်သည့် အကြံအစည်များတို့ကို တစ်ခုပြီးတစ်ခု ၎င်းတို့ကဖြစ်ပေါ်လာစကပင် ပယ်ဖျက်လေပြီ။ ၎င်းတို့သည် ဝှက်ထားသော အပြစ်ဒုစရိုက်များကို ထင်ရှားစေ၍ ဖုံးအုပ်ထားသော အမှားများကိုလည်း ပေါ်စေလေပြီ။ ၎င်းမှောက်မှားသောစိတ်နှလုံး၏ မကောင်းသော အကြံအစည်များကိုလည်း ထွက်ပေါ်လာစေလေပြီ။ သမ္မာတရားအတွက် လူအသီးသီးတို့အပေါ်၌ ရောက်လတ္တံ့သောဘေးဥပဒ်များကို ၎င်းတို့သည်ပယ်ရှားလေပြီ။ ကျွန်ုပ်တို့သည် ဘုရားသခင်အား သာ၍ဆက်ကပ်ပူဇော်လျက် စိတ်နှလုံးသန့်ရှင်းစင်ကြယ်စေရန် သာ၍စိတ်အားကြီးစွာကြိုးစားအားထုတ်၍ သခင်ဘုရားနှင့်သခင်ဘုရား၏အမှုတော်အတွက်သာ၍ကြိုးစားဆောင်ရွက်စေရန်၎င်းတို့သည် ကျွန်ုပ်တို့အား ထပ်ခါထပ်ခါနှိုးဆော်လေပြီ။

'၎င်းတို့သည် လူအများတို့၏စိတ်နှလုံးကို သက်သာနှစ်သိမ့်စေပြီ။ ၎င်းတို့သည် အားနည်းနေသောသူတို့အား ခွန်အားနှင့်ပြည့်စုံစေ၍ချို့တဲ့နွမ်းရိသောသူတို့အား တိုက်တွန်း နှိုးဆော်လျက် စိတ်ပျက်ညိုးငယ်သောသူတို့အား ထောက်ပင့်ကူမခဲ့လေပြီ။ ၎င်းတို့သည်ရှုပ်ထွေးသော အရာများကို နေရာတကစီမံ၍ ကောက်ကွေ့သောနေရာများကို ဖြောင့်စေလျက်မှောင်မိုက်၍ မထင်ရှားသောအရာများအပေါ်သို့အလင်းကို ရောက်ရှိစေခဲ့လေပြီ။ သန့်ရှင်းမြင့်မြတ်သော စိတ်သဘောအခြေအနေရှိရန် ၎င်းတို့က တောင်းပန်နှိုးဆော်သောအချက်များ၊ ဘုရားသခင်နှင့်ကယ်တင်ရှင်အား ၎င်းတို့က ချီးမြှောက်ခြင်းအကြောင်းများ၊ အပြစ်ဒုစရိုက်ရှိသမျှကို ဖေါ်ပြသောအချက်များ၊ သန့်ရှင်းကောင်းမြတ်သတင်းစကားများအားဖြင့် ဆုံးမသွန်သင်သောအချက်များကို၊ 'ဤအရာတို့သည် နတ်ဆိုးဝင်သောသူ၏စကားများမဟုတ်" ဟု

ပြောဆိုဝန်ခံခြင်းမရှိဘဲ ဤအရာတို့ကိုအမှုမထား၊ ဂရုမစိုက်သောသူ တစ်ယောက်မျှ ဖတ်ရှုနားလည်နိုင်ကြလိမ့်မည်မဟုတ်။"

## ခရစ်တော်၏အမှုတော်ကိုချီးမြှင့်ခြင်း

လူတို့တွင် မွေးဖွားခြင်းကိုခံယူတော်မူသော ဘုရားသခင်၏သား တော်သခင်ယေရှုခရစ်၊ 'ဘုန်းအသရေကိုမြောက်လင့်ခြင်းအကြောင်း တည်းဟူသော သင်တို့အထဲ၌တည်တော်မူသောခရစ်တော်" သည်ကား ဧဝံဂေလိတရားတော်၏အရေးကြီးသောအချက်ဖြစ်ပေသည်။ ဘုရား သခင်၏ဇာတိတော်အဖြစ်၏ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ကိုယ် ထင်ရှား၍ကိန်းဝပ်တော်မူ၏။ ထိုသခင်၌သင်တို့သည်စုံလင်ခြင်းရှိကြ ၏။" ကော၊ ၁း၂၇။ ၂း၉၊၁၀။ ဤအရေးကြီးသောသမ္မာတရားကို လက်ခံခြင်းသို့မဟုတ် ငြင်းပယ်ခြင်းအမှုများကို ထောက်ရှုခြင်းအားဖြင့် ပုရောဖက်ဥာဏ်ကိုရသော သူတို့ကို စုံစမ်းစစ်ဆေးဖို့ရန် ဘုရားသခင်ကမိန့် တော်မူခဲ့လေပြီ။

'ခပ်သိမ်းသောစိတ်ဝိညာဉ်တို့ကိုမယုံကြနှင့်၊ စိတ်ဝိညာဉ်တို့သည် ဘုရားသခင်နှင့်စပ်ဆိုင်သည်မစပ်ဆိုင်သည်ကိုစုံစမ်းကြလော့၊ အကြောင်း မူကား၊ မိစ္ဆာပုရောဖက်အများတို့သည်ဤလောကသို့သွားကြပြီ၊ ဘုရား သခင်၏ဝိညာဉ်တော်ကိုအဘယ်သို့သိနိုင်သနည်းဟူမူကား၊ လူဇာတိ အားဖြင့် ကြွလာတော်မူသော ယေရှုခရစ်ကိုဝန်ခံသောဝိညာဉ်မည်သည် ကား ဘုရားသခင်နှင့်စပ်ဆိုင်၏။ လူဇာတိအားဖြင့်ကြွလာတော်မူသော ယေရှုခရစ်ကိုဝန်မခံသောဝိညာဉ်မည်သည်ကား၊ ဘုရားသခင်နှင့်မစပ် ဆိုင်။" ၁ယော၊ ၄း၁-၃။

မိစ္ဆာပုရောဖက်တို့သည် သခင်ခရစ်တော်ကိုမချီးမြှောက်ကြချေ။ သူတို့သည်မိမိတို့ကိုယ်ကိုသာဂရုစိုက်တတ်ကြလေသည်။ မိမိတို့၏နောက် သို့လိုက်စေရန် 'တပည့်တော်များကိုသွေးဆောင်ခြင်းငှါ သူတို့သည် မှားသောစကားများကိုပြောတတ်" ကြလေသည်။ (တ၊ ၂၀း၃၀) 'သူတို့သည် မိမိတို့၏အကြံအစည်ထမြောက်ရန်၊ 'ဗျာဒိတ်တော်ကို မခံနှင့်" ဟု ဗျာဒိတ်ခံသူတို့အားလည်းကောင်း၊ မှန်သောစကားကိုငါတို့

အားမဟောပါနှင့်၊ ချော့မော့သောစကားကိုပြောကြပါဟု ပုရောဖက်တို့အားလည်းကောင်း မိမိတို့စိတ်ထဲ၌ပြောဆိုတတ်၍ ဇာတိပကတိစိတ်သဘောရှိသော သူတို့အား သူတို့နှစ်သက်တတ်သောစကားများအားဖြင့် သွန်သင်ပြတတ်ကြလေသည်။ ဟေရှာ၊ ၃၀း၁၀။ မိစ္ဆာပုရောဖက်များသို့မဟုတ် ဆရာများသည် လောကနှင့်သက်ဆိုင်သောကြောင့် လောကီ အကြောင်းအရာကိုပြောတတ်ကြ၏။ လောကီသားတို့သည်လည်းသူတို့စကားကိုနားထောင်တတ်ကြ၏။" ၁ယော၊ ၄း၅။

မမဝိုက်၏ဆုံးမဩဝါဒများတွင် သခင်ခရစ်တော်ကိုဝန်ခံ၍ကိုယ်တော်သာလျှင် အပြစ်ရှိသောသူတို့ကို ကယ်တင်နိုင်သောအရှင်ဖြစ်သည်ဟုချီးမြှောက်ပါသည်။ 'ထိုသခင်၏နာမတော်မှတစ်ပါး ငါတို့ကိုကယ်တင်နိုင်သောနာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက်လူတို့တွင်မပေါ်မရှိ" (တ၊ ၄း၁၂) ဟုခရစ်တော်အကြောင်းကိုဖေါ်ပြထားပါသည်။ သူမသည်သခင်ဘုရားအတွက်အမှုတော်ဆောင်ရွက်ရာတွင်အမှုတော်ဆောင်ရွက်ရာ၌ပါဝင်သော မိမိညီအစ်ကိုမောင်နှမများအား မိမိဆိုဆုံးမခဲ့သော ဩဝါဒစကားများ၏ စံနမူနာကို အောက်တွင်သူမကိုယ်တိုင်ဖေါ်ပြထားပါသည်။

လက်ဝါးကပ်တိုင်တွင် အသေသတ်ခြင်းကိုခံရသော သခင်ခရစ်တော်၊ သေခြင်းမှထမြောက်သောသခင်ခရစ်တော်၊ ကောင်းကင်ဘုံသို့တက်ကြွတော်မူသော သခင်ခရစ်တော် တစ်ဖန်ပြန်ကြွလာတော်မူမည့်သခင်ခရစ်တော်၏ အကြောင်းတည်းဟူသော သမ္မာတရားများကို လူအပေါင်းတို့အား ချစ်ခြင်းမေတ္တာနှင့် စိတ်အားထက်သန်စွာဟောပြောသွန်သင်နိုင်မည့်အကြောင်း၊ အမှုတော်ဆောင်များတို့၏စိတ်နှလုံးပင်ဤအရာများအားဖြင့်နူးညံ့သိမ်မွေ့ခြင်း၊ ဝမ်းမြောက်ခြင်း၊ ဝိညာဉ်တော်နှင့်ပြည့်စုံခြင်းရှိရမည်။ ထိုအခါအမှုတော်ဆောင်တို့သည် မိမိတို့၏အကြောင်းကိုမထင်ရှားစေဘဲ သခင်ယေရှု၏အကြောင်းကိုသာထင်ရှားစေလိမ့်မည်။ လူများတို့အားသွန်သင်ဆုံးမဟောပြောသောသူတို့၊ သင်တို့သည် တရားဟောရာ၌လည်းကောင်း၊ သီချင်းဆိုရာ၌ လည်းကောင်း၊

ဆုတောင်းရာ၌လည်းကောင်း သခင်ယေရှုကိုချီးမြှောက်ကြပါလော့။သင်တို့၏အစွမ်းသတ္တိရှိသမျှသည် ရှုပ်ထွေးယောင်မှား၍ပျောက်လွင့်နေသောဝိညာဉ်တို့အား ဘုရားသခင်၏သိုးသငယ်သို့ညွှန်ပြရန်ဖြစ်ပါစေ။ သေခြင်းမှထမြောက်တော်မူသောကယ်တင်ရှင်ကိုချီးမြင့်ကြ၍နားထောင်ကြသောသူအပေါင်းတို့အား 'ငါတို့ကိုချစ်တော်မူ၍ မိမိကိုယ်တော်တိုင်ကိုငါတို့အတွက်အပ်ပေးတော်မူသောကိုယ်တော်ထံသို့လာကြလော့" ဟုပြောဆိုကြလော့။ တရားဟောချက်တိုင်း၊ သီချင်းတိုင်းတို့တွင် ကယ်တင်ခြင်းနှင့်စပ်ဆိုင်သော အချက်သည် အကြောင်းရင်းဖြစ်ပါစေ။ ဆုတောင်းသောအခါတိုင်း ဤအချက်ကိုဖေါ်ပြပါ။ သင်တို့တရားဟောပြောရာတွင်သခင်ခရစ်တော်၏အကြောင်း၊ ဘုရားသခင်၏ဉာဏ်တော်၊ တန်ခိုးတော်အကြောင်းအပြင် အခြားမည်သည့်အရာကိုမျှ ထည့်၍မပြောဆိုပါနှင့်။ ယေရှုသည်နောင်တရသောသူတို့၏မျှော်လင့်ခြင်းအကြောင်းနှင့်ယုံကြည်သောသူတို့၏ ခိုင်ခံ့သောရဲတိုက်ဖြစ်ကြောင်းကို ထင်ရှားစေလျက် အသက်ရှင်သောနှုတ်ကပါဌ်တော်ကို ဖေါ်ပြကြလော့။ ဒုက္ခဆင်းရဲခြင်းရောက်၍စိတ်ပျက်ညှိုးငယ်သောသူတို့အားငြိမ်သက်ခြင်းလမ်းကိုဖွင့်ပြ၍ ကယ်တင်ရှင်၏ကရုဏာတော်၊ ကျေးဇူးတော်နှင့်ပြည့်စုံခြင်းအကြောင်းတို့ကိုဖေါ်ပြကြလော့။" GW 159, 160.

## 'တရားတော်ကိုလည်းကောင်း၊ သက်သေခံတော်မူချက်ကိုလည်းကောင်းနားထောင်ကြကုန်"

ဖြောင့်မတ်ခြင်း၏ရန်သူသည်လူများတို့အားထာဝရဘုရားသခင်၏ပညတ်တော်ကို ဂရုမစိုက်ရန် အစဉ်သဖြင့်ကြံစည်ကြိုးစားလျက်ရှိနေသည်။ ဘုရားသခင်သည်လည်း လူများတို့အားမိမိ၏မပြောင်းလဲသောထာဝရပညတ်တော်နှင့် ချည်နှောင်လျက် ရှိသည်ကိုသိစေရန် မိမိ၏ပုရောဖက်များအားဖြင့် အစဉ်ကြိုးစားလျက်ရှိတော်မူ၏။ ရှေးကာလကမိမိ၏လူများအကြောင်းနှင့်စပ်ဆိုင်၍ရေးသောအချက်ကား၊ 'ထာဝရဘုရားသခင်က အဓမ္မလမ်းတို့ကိုရှောင်ကြလော့၊ ငါသည် သင်တို့ဘိုးဘေးတို့၌ထားသောတရား၊ ငါ့ကျွန်ပုရောဖက်တို့ဖြင့် ပေးလိုက်သော

တရားကို အကုန်အစင်ကျင့်၍ ငါစီရင်ထုံးဖွဲ့ချက်တို့ကို စောင့်လျှောက်ကြလော့ဟု ပုရောဖက်များနှင့်အနာဂတ်ဟောဆရာများတို့ဖြင့် ဣသရေလအမျိုး၊ ယုဒအမျိုး၌ သက်သေခံတော်မူ၏။" ၄ရာ၊ ၁၇း၁၃။

ကျွန်ုပ်တို့၏ ယခုခေတ်ကာလအချိန်တွင် ဘုရားသခင်၏ပညတ်တော်၏ဆီးတားခြင်းကို ပယ်ရှားဖို့ရန် အရပ်ရပ်ရှိလူအပေါင်းတို့က ကြံစည်ပြုလုပ်နေကြစဉ် မမဝိုက်သည် လူတို့၏သတ္တပွစိတ်တွင် ဘုရားသခင်၏ပညတ်တော်များ၏ သန့်ရှင်းခြင်း၊ ရိုသေဖွယ်ဖြစ်ခြင်း အဖြစ်ကိုထင်ရှားစေရန် ကြောက်ရွံ့ခြင်းမရှိဘဲ တည်ကြည်မြဲမြံစွာ ကြိုးစားလေသည်။ ထိုတရားတော်၏မပြောင်းမလဲနိုင်သောအဖြစ်၊ ခရစ်တော်၏တန်ခိုးတော်အားဖြင့် စတုတ္ထပညတ်တော်ပါမကျန်ပညတ်တရား၏တောင်းဆိုချက်ရှိသမျှကိုစောင့်ရှောက်ဖို့ရန် အရေးကြီးကြောင်း လူအပေါင်းတို့အတွက်အမှုတော်ဆောင်ရွက်ရာတွင် သူမသည်အစဉ်သဖြင့် အားပေးတိုက်တွန်းနှိုးဆော်ခဲ့လေပြီ။ ပညတ်တော်သည်ဧဝံဂေလိတရားတော်နှင့်သက်ဆိုင်ကြောင်း သူမသည်အောက်ပါစကားများဖြင့်ဖေါ်ပြထားပေသည်။

'ခရစ်တော်၏အကြောင်းအရာအတ္ထုပ္ပတ္တိတို့တွင် ပညတ်တရား၏ကျင့်ဝတ်စဉ်များကို ထင်ရှားစေလေပြီ။ ၎င်းအပြင် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်သည်စိတ်နှလုံးကိုထိခိုက်၍လူများတို့၌အပြစ်ကိုဆေးကြောသော ကိုယ်တော်၏အသွေးတော်နှင့် ကိုယ်တော်၏သန့်ရှင်းစင်ကြယ်စေသောဖြောင့်မတ်ခြင်းကိုလိုကြောင်း ခရစ်တော်၏အလင်းတော်က လူများတို့အားဖေါ်ပြသောအခါ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်မည်အကြောင်း ပညတ်တရားတော်သည် ကျွန်ုပ်တို့အားခရစ်တော်ထံသို့ပို့ဆောင်သောအထိန်းဖြစ်သေး၏။ 'ထာဝရဘုရား၏ ပညတ်တော်သည် စုံလင်သည်ဖြစ်၍ စိတ်ဝိညာဉ်ကိုပြုပြင်တတ်၏။"

'ကောင်းကင်နှင့်မြေကြီးမပျက်စီးမီတိုင်အောင်ပညတ္တိကျမ်း၌အငယ်ဆုံးသောစာလုံး၊ ဗိန္ဒုတစ်လုံးမျှပြည့်စုံခြင်းသို့မရောက်မီမပျက်စီးရ"

ဟုသခင်ယေရှုကမိန့်တော်မူ၏။ ကောင်းကင်တွင် ထွန်းတောက်လျက်ရှိသောနေ၊ သင်တို့နေထိုင်လျက်ရှိနေကြသောကမ္ဘာကြီးတို့ကားဘုရားသခင်၏ပညတ်တော်သည် မပြောင်းမလဲ ထာဝရအစဉ်တည်ရှိကြောင်းဖေါ်ပြသော ကိုယ်တော်၏ သက်သေများဖြစ်ကြသည်။ ၎င်းတို့သည်ပျက်စီးပျောက်လွင့် သွားကြသော်လည်း ထာဝရဘုရားသခင်၏တရားတော်တို့သည်အစဉ်အမြဲတည်၏။ 'ပညတ်တော်၏ဗိန္ဒုတစ်လုံးပျက်စီးချွတ်ယွင်းဖို့ထက် ကောင်းကင်နှင့်မြေကြီးပျက်စီးဖို့ရန်က သာ၍လွယ်ကူလေသည်။" သခင်ယေရှုအားဘုရားသခင်၏သိုးသငယ်ကဲ့သို့ ညွှန်ပြသောဗိမာန်တော်နှင့် ဆိုင်သော ဝတ်များကိုသာ ကိုယ်တော်အသေခံတော်မူရာ၌ဖျက်ပယ်ရလေသည်။ ပညတ်တော်တွင်ပါရှိသောတရားတော်များသည်ကား ဘုရားသခင်၏ပလ္လင်တော်ကဲ့သို့ မပြောင်းလဲဘဲအစဉ်ထာဝရတည်ရှိ၏။"

## ကျမ်းစာတော်မြတ်ကိုချီးမြှောက်ခြင်း

ကျမ်းစာသည်ဝိညာဉ်တော်နှင့်ဆိုင်သော သမ္မာတရားအပေါင်းတို့ကိုချပေးသောအရင်းအမြစ်ကြီးကဲ့သို့ဖြစ်ကြောင်း မမဝိုက်ရေးသားသောဩဝါဒစာများက အစဉ်သဖြင့်ညွှန်ပြပါသည်။ ၎င်းတို့တွင်သမ္မာကျမ်းစာတော်မြတ်မှထုတ်နုတ်ရေးသားထားသောကျမ်းချက်အများပါရှိ၍၎င်းတို့၏အဓိပ္ပါယ်များကိုသူတို့သည်စိတ်ကူးအားဖြင့်ဖေါ်ပြထားသည်မဟုတ်။ သူမရေးသားသောစကားများကိုကျမ်းစာတော်မြတ်တွင်ထပ်မံထည့်သွင်း၍ ရေးသားသောအချက်များ၊ သို့မဟုတ်ကျမ်းစာတော်မြတ်ကိုလေ့ကျက်ရမည့်အစား ၎င်းတို့ကိုသာလေ့ကျက်ရန် ဖေါ်ပြထားသောအချက်များကဲ့သို့သူမကိုယ်တိုင်နှင့် သူမ၏မိတ်ဆွေများကမထင်မှတ်ခဲ့ကြပါ။ သူမကိုယ်တိုင်ဖေါ်ပြသောအချက်မှာ-

'ဘုရားသခင်၏ နှုတ်ကပါဌ်တော်သည် အလွန်တရာပင်မှောင်မိုက်နေသောစိတ်ကိုပင် လင်းစေခြင်းငှါတတ်စွမ်းနိုင်၍၎င်းကိုနားလည်ခြင်းငှါအလိုရှိသော သူသည် ကောင်းစွာနားလည်နိုင်ပေသည်။ သို့သော်လည်း ဘုရားသခင်၏နှုတ်ကပါဌ်တော်ကို မိမိတို့ကိုယ်တိုင်

လေ့ကျက်ကြသည်ဟုပြောဆိုကြသောသူအချို့တို့သည် ၎င်းတွင်ဖေါ်ပြထားသောအလွယ်ကူဆုံးသော ဆုံးမဩဝါဒများနှင့်ညီညွတ်စွာမပြုကျင့်မနေထိုင်ကြချေ။ ယောက်ျား၊ မိန်းမတို့အားအပြစ်လွှတ်ခြင်းအခွင့်နှင့်ကင်းလွတ်လျက်ရှိနေစေခြင်းငှါ ဘုရားသခင်သည် လွယ်ကူ၍အချက်ကျသော သက်သေခံချက်များကိုပေးလျက် မိမိတို့လျှောက်လိုက်ရန် ဂရုမစိုက်ကြသောနှုတ်ကပါဌ်တော်ထံသို့ သူတို့အားတစ်ဖန်ပြန်၍ယူဆောင်လာတော်မူ၏။ 'သက်သေခံချက်များကား'' ဘုရားသခင်၏နှုက်ကပါဌ်တော်ကို သိမ်ဖျင်းအောင်လုပ်သောအရာများမဟုတ်ဘဲ သမ္မာတရားတော်၏တင့်တယ်ရိုးသားခြင်းအခြေအနေကို လူအပေါင်းတို့အားထင်ရှားစေရန်၎င်းကိုချီးမြှင့်၍လူများတို့၏စိတ်နှလုံးထဲ၌၎င်းကိုစွဲလမ်းစေ၏။

'ကျွန်ုပ်တို့လိုက်နာ စောင့်ရှောက်ကြသော စကားချက်ကား 'တရားတော်ကိုလည်းကောင်း၊ သက်သေခံတော်မူချက်ကိုလည်းကောင်း နားထောင်ကြကုန်။ သူတို့ပြောသောစကားသည် နှုတ်ကပါဌ်တော်နှင့်မညီလျှင် သူတို့၌အာရုံမတက်သေး'' ဟူသောအချက်ဖြစ်သည်။ ကျွန်ုပ်တို့၌အလွန်တရားအဖိုးထိုက်တန်သော သမ္မာတရားနှင့်ပြည့်စုံသောကျမ်းစာတော်မြတ်ရှိကြပါသည်။ ၎င်းတွင်းဉာဏ်ပညာ၏အစနှင့်အဆုံးတည်းဟူသောအာလဖနှင့်ဩမေဃပါရှိ၏။ ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့် ဖြစ်သောနှုတ်ကပါဌ်တော်ကား 'ဘုရားသခင်၏လူသည်စုံလင်သောသူ၊ ကောင်းမှုအမျိုးမျိုးတို့ကိုပြုစုခြင်းအလို့ငှါပြင်ဆင်သောသူဖြစ်မည်အကြောင်း ဩဝါဒပေးခြင်း၊ အပြစ်ကိုဖေါ်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကိုပြုတတ်၏။'' ကျမ်းစာတော်မြတ်ကိုသင်လေ့ကျက်ရာ စာအုပ်ကဲ့သို့အမှတ်ပြုလော့။''

အမှုတော်ဆောင်ရွက်ရာတွင် သူမနှင့်လုပ်ဖေါ်ဆောင်ဖက်ဖြစ်သော ညီအစ်ကိုမောင်နှမများအား သူမကရေးသားဖေါ်ပြသည်မှာ- 'ခရစ်တော်က ဘယ်အခါမျှဖေါ်ပြတော်မမူ၊ ကျမ်းစာတော်မြတ်တွင်လည်းအခြေအမြစ်မရှိသော သူတို့၏စိတ်ကူးဉာဏ်ဖြင့်ရေးသားသောအကြံဉာဏ်များသို့မဟုတ်နည်းစနစ်များကိုမထောက်မကြပါနှင့်။ ကျွန်ုပ်

တို့တွင် လူများအတွက်အလွန်ကြီးကျယ်၍အရေးပြဖွယ်ဖြစ်သော သမ္မာတရားရှိပေသည်။ 'ကျမ်းစာ၌လာသည်ကား'' ဆိုသောစကားသည်စစ်ဆေးရာစကားဖြစ်သည်ကို လူတိုင်းနားလည်ရမည်။ ကျွန်ုပ်တို့အားလမ်းပြစောင်မဖို့ရန် ဘုရားသခင်၏နှုတ်ကပါဌ်တော်ထံသို့သွားကြစို့။ 'ထာဝရဘုရားမိန့်တော်မူသည်ကား''ဆိုသောအချက်ကို ကျွန်ုပ်တို့ရှာကြစို့။ ကျွန်ုပ်တို့၌လူတို့၏စည်းစနစ်များလုံလောက်စွာရှိပေ၏။ လောကီအတတ်ပညာတို့၌သာ လေ့လာသောစိတ်သဘောသည် ဘုရားသခင်နှင့်စပ်ဆိုင်သောအရာတို့ကို သိရှိလိမ့်မည်မဟုတ်။ သို့ရာတွင် ထိုစိတ်သဘောမျိုးရှိသူတို့သည် ပြောင်းလဲ၍သန့်ရှင်းခြင်းသို့ ရောက်သွားကြလျှင်နှုတ်ကပါဌ်တော်တွင်ရှိသော ဘုရားသခင်၏တန်ခိုးတော်ကို သိရှိနားလည်လိမ့်မည်။'' GW 309,310.

## အနာဂတ်စကားများပြည့်စုံခြင်း

မှန်သောဘုရားသခင်အား မမှန်သောမိစ္ဆာဘုရားများအပေါင်းမှခြားနားစေသောအချက်တစ်ခုကား လူတို့အား လွန်ခဲ့သည့်ကာလနှင့်စပ်ဆိုင်သောအချက်များကို ဖေါ်ပြနိုင်သောတန်ခိုးအစွမ်းသတ္တိတော်ပင်ဖြစ်ပေသည်။ ထာဝရဘုရားသခင်ကတစ်ပါးအမျိုးသားတို့ကိုးကွယ်ဝတ်ပြုကြသောဘုရားများတစ်ဖက်၌ ပုရောဖက်ဟေရှာယအားဖြင့် မိန့်ကြားတော်မူသောအချက်ကား- 'ထုတ်ဖေါ်၍ အနာဂတ္တိအရာတို့ကိုငါတို့အားပြကြစေ။ အယင်ဖြစ်ဖူးသောအရာတို့သည် အဘယ်သို့ဖြစ်သည်ကို ငါတို့ဆင်ခြင်၍ ထိုအရာတို့၏အဆုံးကိုသိရမည်အကြောင်းဖေါ်ပြကြစေ။ သို့မဟုတ်ဖြစ်လတ္တံ့သောအရာတို့ကိုငါတို့အားဟောပြောကြစေ။ သင်တို့သည် ဘုရားဖြစ်သည်ကိုငါတို့သိရမည်အကြောင်းဖြစ်လတ္တံ့သောအရာတို့ကို ပြကြလော့။'' ဝင်းပြင် ဤအမှုကိုဤမှားသောမိစ္ဆာဘုရားတို့သည် မပြုလုပ်နိုင်ကြသောကြောင့် ထာဝရဘုရားက 'သင်တို့သည်အဘယ်မျှမဟုတ်သောအရာထက် သာ၍ယုတ်မာကြ၏။ သင်တို့အမှုလည်းအဘယ်မျှမဟုတ်သောအမှုထက်သာ၍ယုတ်မာ၏ သင်တို့ကိုရွေးယူသောသူသည် ရွံရှာဖွယ်ဖြစ်၏။'' ဟေရှာ၊ ၄၁း၂၂-၂၄။

ဘုရားသခင်စီမံတော်မူသောစစ်ဆေးကြည့်ရှုရန်စနှစ်တစ်ခုမှာကား ဘုရားသခင်၏မှန်ကန်သော ပုရောဖက်၏စကားများသည် ဧကန်အမှန် ပြည့်စုံခြင်းသို့ရောက်ခြင်းအကြောင်းတည်း။ ရှေးဣသရေလလူတို့အား ဘုရားသခင်သည် တန်ခိုးကြီးသောပုရောဖက်ကြီးတစ်ပါးဖြစ်သူမောရှေ အားဖြင့် မိန့်မြွက်တော်မူသော အချက်ကား- 'သင်ကလည်း ထာဝရ ဘုရားမိန့်တော်မူသည်၊ မမူသည်ကိုငါတို့အဘယ်သို့ သိနိုင်သနည်းဟု တွေးတောလျှင်ပုရောဖက်သည်ထာဝရဘုရား၏အခွင့်ကိုဆောင်၍ဟော ပြောသည်အတိုင်းအမှုမဖြစ်၊ ဟောပြောသောစကားများအပြည့်စုံလျှင် ထိုစကားကိုထာဝရဘုရားမိန့်တော်မမူ။ ပုရောဖက်သည်ရဲရင့်စွာဟော ပြောပြီ၊ သူ့ကိုမကြောက်ရ။" တရား၊ ၁၈း၂၁-၂၂။

မမဝိုက်အား နောင်ဖြစ်ပျက်မည့်အကြောင်းများကို ကြိုတင်၍ ဖေါ်ပြသော ဗျာဒိတ်ရူပါရုံများစွာပင်ရှိပါသေးသည်။ မကြာခဏသူမ သည်ရူပါရုံတွင် သူမတစ်ခါမျှမဖြစ်ဖူးမသိဖူးသောပုဂ္ဂိုလ်များကိုမြင်ရပါ သည်။ နောက်များမကြာမီသူမခရီးလှည့်လည်စဉ် ရူပါရုံတွင်မြင်ရသော ဤလူအသီးသီးတို့ကိုတွေ့ကြုံ၍ သူတို့အတွက် မိမိအား ရူပါရုံတွင်ဖေါ်ပြ ခဲ့သောအမှာစကားများကိုကြားပြောလေ၏။ ထိုမှာလိုက်သောစကား များကား ထိုလူများ၏အလုပ်အကိုင် အကြံအစည်တို့နှင့်သက်ဆိုင်၍ မမဝိုက်သည် ၎င်းတို့ကိုလူတစ်စုံတစ်ယောက်ထံမှကြားသိရသည်မဟုတ်။

မမဝိုက်သည် အမှုတော်ကိုဆောင်ရွက်စနှစ်များတွင် မမဝိုက်၊ ဆရာဝိုက်နှင့် ဆရာကြီးဂျိုးဇက်ဘိတ်(စ်)တို့သာ ဥပုသ်နေ့နှင့်စပ်ဆိုင် သော သမ္မာတရားကိုဟောပြောနေကြစဉ်အခါ၌ မိမိတို့အလုပ်သည် တိုးပွားမည့်အကြောင်း ရူပါရုံတွင် သူ့အားဖေါ်ခဲ့တော်မူပါသည်။ ထို အခါက ၎င်း၏အလုပ်သည် အားနည်း၍သူတို့သည်ရှေးဦးစွာအစပြုပြီး အမှုဆောင်သောသူများဖြစ်ကြသည်။ ၁၈၄၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့၌မတ်စချူးစက်နယ်၊ ဒေါ်ချက်စတားမြို့၌ပြုလုပ်သောစည်းဝေး တစ်ခုတွင်မမဝိုက်သည်သတင်းတရားနှင့်စပ်ဆိုင်သောရူပါရုံတစ်ခုကိုမြင် မက်လေ၏။ ထိုသတင်းတရားကို ကမ္ဘာတစ်ဝန်းလုံး ထွန်းတောက်သွား

သည်တိုင်အောင်တက်နေလျက် တဖြည်းဖြည်းပြင်းထန်လာသောနေနှင့်ပုံဆောင်ပြထားလေ၏။

ဤရူပါရုံသည်သူ့ထံမှကွယ်ပျောက်သွားသောအခါ သခင်ဘုရားသည်မိမိ၏ခင်ပွန်းအား ငယ်သောသတင်းစာတစ်စောင်ကိုအစပြု၍ရိုက်စေရန်အလိုရှိကြောင်း၊ ရိုက်နှိပ်ထုတ်ဝေသောစာများသည် ကမ္ဘာတစ်ဝန်းလုံးလွှမ်းမိုးသွားသောအလင်းရောင်ခြည်ကဲ့သို့ဖြစ်လာသည်တိုင်အောင် သမ္မာတရားနှင့်ဆိုင်သောစာများကို ရိုက်နှိပ်ခြင်းအလုပ်သည်ကြီးပွားတိုးတက်သွားလိမ့်မည်ဖြစ်ကြောင်းများကို မမဝိုက်သည်မိမိ၏ခင်ပွန်းအားပြောပြလေ၏။ သူတို့၏အထင်အမြင်အတိုင်း ၎င်းသည်အမှန်ပင်အံ့ဩဖွယ်ကောင်းသောအနာဂတ်စကားဖြစ်ပေသည်။ ယုံကြည်သောသူအလွန်နည်းကြ၍ သူတို့သည် လောကီဥစ္စာပစ္စည်းဘက်တွင်ဆင်းရဲသောသူများဖြစ်ကြသည်။ ၎င်းပြင်သူတို့၏ဒေသနာများတို့ကိုလူအများမနှစ်သက်ကြချေ။ သို့သော်အလုံးစုံတို့ကိုတတ်စွမ်းနိုင်တော်မူသောဘုရားသခင်သည် ဤစကားကိုထူးဆန်းအံ့ဩလောက်အောင်ပြည့်စုံစေတော်မူပါသည်။ ထိုအခါမှစ၍နှစ်ပေါင်းများစွာအတွင်း ဤအသင်းမှရိုက်နှိပ်သောသမ္မာတရားနှင့်စပ်ဆိုင်သည့်သတင်းစာ၊ စာအုပ်များ၊ ဝေစာများသည်တဖြည်းဖြည်းတိုးတက်ကြီးပွားလာ၍ တစ်ကမ္ဘာလုံးအရပ်ရပ်တွင် ၎င်းစာများကိုရောင်းချရာ၌နှစ်စဉ်စုစုပေါင်းငွေ ၁၅၀၀၀၀၀၀ ခန့်ရရှိလာလေပြီ။

မမဝိုက်သည် မိမိရှေးဦးစွာမြင်ရသော ရူပါရုံများအကြောင်းကိုပြောပြရာ၌ သခင်ဘုရားကြွလာတော်မမူမီ မြော်လင့်ခြင်းအသင်းသားတို့တွေ့ကြုံရကြမည်အဖြစ်အပျက်များကို သရုပ်သကန်ထင်ပေါ်အောင်ဖော်ပြလေသည်။ တစ်ရံရောအခါ နယူးယောက်နယ်၊ ရိုချက်စတားမြို့၌လက်ဖြင့်ခေါက်ခြင်းတည်းဟူသော ထူးဆန်းနက်နဲသောနည်းတစ်မျိုးဖြင့် နက်ဝိဇ္ဇာအတတ်များကို ပြလျက်နေကြစဉ် နောင်ကာလ၌ ဤအယူဝါဒတွင်စိတ်စွဲလမ်းသောသူတို့၏အလုပ်သည်လျင်မြန်ဆန်းကြယ်စွာတိုးတက်လာမည့်အကြောင်းကိုလည်း မမဝိုက်အားဖော်ပြတော်မူခဲ့လေပြီ။ ဤအရာတို့နှင့်တကွ အခြားအကြောင်း အရာများကို ရိုက်နှိပ်လျက်အနှံ့

အပြားထုတ်ဝေခဲ့လေပြီ။ ဤကဲ့သို့အနာဂတ်ဟောပြောထားသောစကားများကို ရေးသားထားသည့်အခါကာလမှစ၍ ပြောင်းလဲဖြစ်ပေါ်လာသောအကြောင်းအရာများတို့ကိုထောက်ရှုခြင်းအားဖြင့် ၎င်းတို့သည်အများအားဖြင့်မှန်ကန်ကြောင်းထင်ရှား၍ ကြွလာတော်မူခြင်းကိုမြော်လင့်သောသတ္တမနေ့ဥပုသ်အသင်းသားတို့၏အလုပ်၌ နောက်ဆုံးအောင်မြင်ခြင်းရှိလိမ့်မည်အကြောင်း မမဝိုက်အနာဂတ်ဟောထားသောအချက်တို့သည်လည်းပြည့်စုံလိမ့်မည်ဟုလူများတို့သည်တိုး၍ ယုံကြည်အားထားလာကြလေသည်။ ရှေ့ဆောင်များနှင့်အမှုဆောင်များတို့အားမမဝိုက်က ဆုံးမသြဝါဒပေး၍သတိပေးနှိုးဆော်ခဲ့သောနှုတ်ထွက်စကားများနှင့်စာများအားဖြင့် ဤအမှုဆောင်ရွက်ခြင်းအလုပ်သည် ထင်ရှားစွာတိုးတက်ကြီးပွားလာလေပြီ။

--*--

အခန်း ၂၄

# နောက်နှစ်များတွင်အမှုဆောင်ဆောင်ရွက်ခြင်း အကြောင်းအကျဉ်းချုပ်

မမဝိုက်၏အကြောင်းအရာအတ္ထုပ္ပတ္တိနှင့်စပ်ဆိုင်၍ ဖေါ်ပြခဲ့ပြီးသောအချက်များတို့မှာ နှစ်အနည်းငယ်လောက်အတွင်း၌သာ မမဝိုက်သည် လူအများတို့ရှေ့တွင်ထင်ရှားစွာ အမှုတော်ဆောင်ရွက်ကြောင်း ဖေါ်ပြသည့်အချက်များဖြစ်ပါသည်။ ၁၈၅၅ ခုနှစ်တွင် မီရှီဂန်နယ်၊ ဘက်တလ်ကရိ(ခ်)မြို့သို့ ပြောင်းရွှေ့သွားသည်မှစ၍ အလွန်စိတ်ပျက်စရာကောင်းလိမ့်မည်ဟု ထင်မြင်ရသောအချက်သည်အထူးသဖြင့်အားရဝမ်းမြောက်စရာဖြစ်လာလေ၏။ နှစ်ပေါင်းအတော်ကြာ ဆင်းရဲဒုက္ခခံလျက် ကြိုးစားအားထုတ်၍အမှုဆောင်ရွက်ခြင်းဖြင့် တည်ထောင်လာသော ယုံကြည်သူများတို့အထဲတွင် ဆရာကြီးဝိုက်နှင့်မမဝိုက်တို့သည်မိမိတို့အားထားလောက်၍မိမိတို့၏လေးလံသောဝန်တာများကိုကူညီလျက် ထမ်းဆောင်နိုင်သော မိတ်ဆွေများကိုတွေ့ရှိရကြလေ၏။

သို့ရာတွင် မမဝိုက်၌မူကား မိမိအိမ်တွင် အေးဆေးပျော်ရွှင်စွာ နေထိုင်လိုသောဆန္ဒမရှိချေ။ သူမသည်ရှေးဦးစွာ အမှုဆေတာ်ဆောင်ခဲ့သောနှစ်များမှာကဲ့သို့နောက်နှစ်များတွင်လည်းအသစ်သောသာသနာနယ်များတွင် ရှေးဦးစွာ အမှုဆောင်ရွက်သော သူတို့ကဲ့သို့သွားရောက်လျက် အမှုတော်ကိုဆောင်ရွက်ခဲ့ပါသည်။ ၁၈၇၂ ခုနှစ်တွင်သူမသည် မိမိ၏ခင်ပွန်းနှင့်အတူ ကာလီဖိုးနီးယားနယ်သို့ လာရောက်နေထိုင်၍ ကိရိယာအပြည့်အစုံရှိသော စာပုံနှိပ်တိုက်တစ်ခုကို ဖွင့်လှစ်ပြီးလျှင် 'The Signs of The Times' ဆိုသော ခေတ်ကာလ၏ပုဗ္ဗနိမိတ်လက္ခဏာတို့၏အကြောင်းအရာကို ရေးသားသည့် ရက်သတ္တတစ်ပတ်တစ်ခါထုတ်သောသတင်းစာကိုရိုက်နှိပ်ကြလေ၏။ ၁၈၈၁ ခုနှစ်တွင် သူမ၏ခင်ပွန်းအနိစ္စရောက်ပြီးသည်နောက် နှစ်အနည်းငယ်ကြာသောအခါမမဝိုက်သည် အတ္တလန္တိသမုဒ္ဒရာတစ်ဖက်တွင်ရှိသော တိုင်းနိုင်ငံ

အသီးသီးတို့တွင် ယုံကြည်ကြသော သူတို့၏ရှေ့ဆောင်လူကြီးများအား တိုက်တွန်းနှိုးဆော်၍ သတိပေးဆုံးမရန်ဥရောပတိုက်သို့ သွားရောက်ပါသေးသည်။ ထိုနေရာ၌သူမသည်လူအများတို့၏ရှေ့တွင်နှစ်နှစ်ပတ်လုံးထင်ရှားစွာအမှုတော်ကိုဆောင်ရွက်ခဲ့ပြီး ၁၈၈၇ ခုနှစ်တွင်အမေရိကန်ပြည်သို့ပြန်သွားလေ၏။ မိမိ၏နေရပ်ဌာနေတွင်လေးနှစ်မျှသာနေထိုင်ပြီးနောက် ၁၈၉၁ ခုနှစ်တွင်ပစိဖိတ်သမုဒ္ဒရာကိုကျော်ဖြတ်လျက်ဩစတြေးလျတိုက်သို့သွားရောက်၍ ထိုအရပ်၌ဆယ်နှစ်နီးပါးအမှုတော်ကို ကြိုးစားအားထုတ်လျက်ဆောင်ရွက်ခဲ့ပါသည်။ ဤအချိန်အခါ၌ သူမတစ်သက်ပတ်လုံးကြိုးစားဆောင်ရွက်ခဲ့သောအလုပ်သည် အံ့ဩမှတ်သားဖွယ်ရာကောင်းလောက်အောင်တိုးတက်ကြီးပွားလာကြောင်း သူမကိုယ်တိုင်တွေ့မြင်သိရှိရလေ၏။ ထိုနေရာ၌လည်း သူမသည်အမှုတော်ကိုအစပြု၍ဆောင်ရွက်ခဲ့ပါသည်။ တော်များကိုရှင်းလင်းပြီးနောက် ဥယျာဉ်များစိုက်ပြီးပညာသင်ကြားပေးသော ကျောင်းတစ်ကျောင်း တည်ထောင်ရန်အတွက် တောထဲတွင် ဝယ်ယူထားသော မြေကွက်တစ်ကွက်ပေါ်တွင် အိမ်တစ်ဆောင်ကိုဆောင်လုပ်ခဲ့ပါသည်။

ဩစတြေးလျတိုက်မှပြန်လာသောအခါ မမဝိုက်သည် ကာလီဖိုးနီးယားနယ်၊ စိန့်ဟယ်လင်နားမြို့အနီးရှိ ငြိမ်သက်သော ရွာတစ်ရွာတွင် နေထိုင်လေ၏။ ဤအရပ်၌ သူမသည် မိမိထံသို့ သစ္စာရှိသော စာရေးများကိုခေါ်၍ စာများ၊ စာအုပ်များအတွက်ရေးသားပြင်ဆင်စေခြင်းအမှုကိစ္စတို့ကို မိမိတတ်စွမ်းနိုင်သမျှပြုလုပ်လျက်နေခဲ့လေ၏။ သူမသည်တဲရှင်နှင့်ပြုလုပ်သောစည်းဝေးများနှင့် ယုံကြည်သောသူတို့ပြုလုပ်သည့်စည်းဝေးပွဲကြီးများသို့ မကြာခဏလှည့်လည်သွားရောက်ရသဖြင့် ဤအလုပ်၌ များစွာပျက်ကွက်ခြင်းရှိလေ၏။ ထိုစည်းဝေးများ၌သူမ၏သက်သေခံသောအချက်များသည် အလွန်အဖိုးထိုက်မြင့်မြတ်အသုံးဝင်ဖွယ်ဖြစ်၏။

အနှစ်ခုနှစ်ဆယ်ပတ်လုံး များစွာသောအရပ်ဒေသများသို့ သွား၍ကိုယ်တိုင်အမှုဆောင်ရွက်ခြင်း၊ တရားဟောပြောခြင်းအမှုကိစ္စများကို

ပြုလုပ် ဆောင်ရွက်ပြီးနောက် မမဝှိုက်သည် ကာလီဖိုးနီးယားနယ်၊ စိန့်ဟယ်လင်နားမြို့ရှိ မိမိ၏အိမ်၌ ၁၉၁၅ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် သခင်ယေရှု၌ ငြိမ်သက်စွာအိပ်ပျော်လေ၏။ ဇူလိုင်လ ၂၄ ရက်နေ့တွင် မီရှိဂန်နယ်၊ ဘက်တလ်ကရိ(ခ်)မြို့၊ အုတ်(က်) ဟီး(လ်) သင်္ချိုင်းတွင် သူမ၏ခင်ပွန်းဘေး၌သူ့ကိုသင်္ဂြိုဟ်ကြလေ၏။

ခရစ်တော်ကြွလာတော်မူခြင်းကိုမြော်လင့်သောသတ္တမနေ့ဥပုသ်အသင်းကြီး၏ဥက္ကဋ္ဌဖြစ်သူ ဆရာကြီး အေ၊ ဂျီ၊ ဒံနီယယ်(လ်စ်) က သင်္ဂြိုဟ်မှုကိစ္စတွင် တရားဟောရာ၌ မမဝှိုက်၏အလုပ်အကိုင်များ အကြောင်းကိုအောက်ပါအတိုင်းဖေါ်ပြပြောဆိုပါသေးသည်။

မမဝှိုက်သည်အသက်ရှင်လျက်ရှိနေစဉ်အခါ ပြုလုပ်ဆောင်ရွက်ခဲ့သော အလုပ်အကိုင်တို့တွင် မည်သည့် အမှုကိစ္စတို့သည် ကမ္ဘာလောကကြီးအဖို့ အထူးသဖြင့် များစွာ အကျိုးရှိကြောင်းကို ကျွန်ုပ်တို့အသေအချာမပြောပြနိုင်ပါ။ သို့ရာတွင် အထူးသဖြင့်ဘာသာတရားနှင့်သက်ဆိုင်၍ရေးသားခဲ့သောစာအုပ်များတို့သည် လူသတ္တဝါတို့အတွက်များစွာပင် အကျိုးရှိလိမ့်မည်ဟု ထင်မြင်ရကြပါသည်။ အချို့သောစာအုပ်များကို ကမ္ဘာပေါ်တွင်ရှိအရပ်ရပ်က ဘာသာစကားအမျိုးမျိုးတို့ဖြင့် ဘာသာပြန်ဆိုထားပြီးလေပြီ။ ယခုရင်းစာအုပ်ပေါင်း ၂၀၀၀၀၀၀ ကျော်ခန့်တို့သည် အရပ်ရပ်နှံ့ပြားလျက်ရှိ၍ ယခုထက်တိုင်ထောင်သောင်းမကသောစာအုပ်များကို လူများတို့ထံသို့ယူဆောင်သွားလျက်ကြသေးသည်။

လူသည် မိမိ၏သခင်ဘုရားနှင့်လည်းကောင်း၊ လူအချင်းချင်းနှင့်လည်းကောင်း သက်ဆိုင်ကြောင်းကိုဖေါ်ပြသည့် ဧဝံဂေလိသမ္မာတရားတော်ကို ဟောပြောခြင်းအမှုကိစ္စအလုပ်အကိုင်တို့ကို ကျွန်ုပ်တို့ကြည့်ရှုဆင်ခြင်သောအခါ၌ မမဝှိုက်သည်အသက်ရှင်နေစဉ်အခါသူမ၏အလုပ်အကိုင်အားဖြင့် ဤအရေးကြီးသည့်အခြေအမြစ်ဖြစ်သောဝတ္တရားများကို ထင်ရှားစွာအကျိုးဖြစ်ထွန်းလောက်အောင် ကူညီမစခဲ့ကြောင်း သိမြင်ရလိမ့်မည်။ မမဝှိုက်သည် လူသတ္တဝါတို့အား အရေးကြီးသော

အချက်များတွင် မစကူညီထောက်ပင့်၍ မြင့်မြတ်သောအခြေအနေသို့ ရောက်ရှိရန် ချီးမြှင့်ခဲ့လေသည်။

ယခုသူမသည်အိပ်ပျော်လျက်ရှိလေပြီ။ သူမသည်မဟောမပြောနိုင်၊ စာမရေးနိုင်တော့ချေ။ သို့ရာတွင် လုံ့လဝီရိယနှင့်ပြည့်စုံ၍ အကျိုးဖြစ်ထွန်းစေလျက် ဝိညာဉ်နှင့်ပြည့်ဝသောထိုအသက်၏ကြီးစွာသောတန်ခိုးသည်ဆက်လက်တည်ရှိနေပါလိမ့်မည်။ ထိုအသက်သည်ထာဝရအသက်နှင့်ဆက်စပ်လျက်ရှိလေသည်။ ၎င်းသည် ဘုရားသခင်၌တည်၏။ ကြွေးကြော်ခဲ့သောသတင်းစကားနှင့်ပြုလုပ်ခဲ့သောအလုပ်အကိုင်တို့သည်ဘယ်အခါမျှမပျက်စီး၊ မကြေမွနိုင်သောအရှိန်တန်ခိုးကို ချန်ထားခဲ့လေပြီ။ အိမ်ထောင်၊ မြို့ရွာ၊ တိုင်းပြည်၊ နိုင်ငံတို့၏ကောင်းကျိုးအလို့ငှါ လိုအပ်သောနည်းသစ်စနစ်သစ်အသီးသီးတို့ကို ပြုလုပ်ရန် နှိုးဆော်တိုက်တွန်းလျက် လူတို့၏ခေတ်ကာလအပြောင်းအလွှဲအသီးအသီးတို့နှင့်သက်ဆိုင်သောအချက်များကိုဖေါ်ပြထားခဲ့သော သူမ၏စာအုပ်များတို့သည် လူအများတို့၏ စိတ်သဘောထားနှင့်လူအသီးသီးတို့၏ အကျင့်စာရိတ္တကို ဆက်လက်ပြုပြင်လျက် ရှိနေလိမ့်မည်။ ၎င်းတို့၏ ဒေသနာစကားများကို ရှေးကထက် ယခုသာ၍နှစ်သက်မြတ်နိုးလာကြလိမ့်မည်။ သူမအသက်ရှင်စဉ်အခါစိတ်ပါစွာဆောင်ရွက်ခဲ့သောအလုပ်၊ သူမ၏အစွမ်းသတ္တိအားဖြင့် ပြုပြင်ခြင်းခံရ၍ ထိုမျှလောက် ကြီးပွားတိုးတက်လာသောအလုပ်သည် တစ်နှစ်ပြီးတစ်နှစ်လျင်မြန်စွာ တိုးပွားကြီးကျယ်လာလိမ့်မည်။

--*--

# ကိုယ်တွေ့နှင့်ရှုမြင်ချက်များ

[အီး ဂျီး ဝှိုက်]

ဒုတိယပိုင်း

အခန်း ၁

# မမြင်ရသောတိုက်ခိုက်ခြင်း

## ရန်သူ

ဆုံးရှုံးသောလူသည် တရားအတိုင်း စာတန်၏ဖမ်းဆီးချုပ်ထားခြင်းကို ခံရသောသူဖြစ်သည်။ ခရစ်တော် ဆောင်ရွက်တော်မူရသည့် အလုပ်ကိစ္စကား လူ၏ရန်သူကြီးလက်မှ သူ့ကိုကယ်နုတ်ဖို့ရန်ပင် ဖြစ်သည်။ လူသည်ဇာတိပကတိသဘောအားဖြင့် စာတန်၏အကြံအစည်တို့ကိုသာလိုက်နာလိုသောဆန္ဒရှိ၍ စွမ်းအားကြီးသောအောင်မြင်သူအရှင်သခင်ခရစ်တော်သည်သူ၏အထဲ၌မနေ၊ သူ၏အလိုဆန္ဒများကို မည္ထန်ပြ၊ သူ့အား ခွန်အားကိုမပေးဘဲ နေတော်မူလျှင် သူသည် ထိုမျှလောက်ကြောက်မက်ဖွယ်ကောင်းသော ရန်သူကို အောင်မြင်စွာခုခံတားဆီးရန်မတတ်စွမ်းနိုင်ချေ။ ဘုရားသခင်တစ်ပါးတည်းသော စာတန်၏တန်ခိုးအာဏာကိုကန့်သတ်ပိုင်းခြားထားနိုင်တော်မူသည်။ သူသည်မြေကြီးပေါ်၌ထိုမှ ဤမှသွားလာလျက် အပေါ်တက်အောက်ဆင်းလိုက် ပြုလုပ်နေလေ၏။ ဝိညာဉ်များကိုဖျက်ဆီးဖို့ရန် အခွင့်အရေးလစ်ဟင်းသွားမည်ကို စိုးရိမ်သဖြင့် သူသည်တစ်ခဏလောက်မျှ သတိမချွတ်ယွင်းဘဲ အစဉ်သဖြင့် ချောင်းမြောင်းလျက်ရှိ၏။ ဘုရားသခင်၏လူတို့သည် သူ၏ကျော့ကွင်းမှ ကင်းလွတ်အံ့သောငှါ ဤအချက်ကိုသိနားလည်ဖို့ရန် အရေးကြီးပေသည်။

နောက်ဆုံးဘုရားသခင်၏လူတို့တစ်ဖက်၌တပ်ချီတိုက်ခိုက်ရာတွင် သူသည်ရန်သူမဟုတ်ကြောင်းကိုသိရှိစေရန်ပင် စာတန်သည်သူတို့အားလိမ်လည်လှည့်ဖြားရန်ပြင်ဆင်လျက်ရှိလေသည်။ (၂ကော၊ ၁၁း၁၄)။ ဤအမှုသည် အံ့သြဖွယ်ဖြစ်သည်မဟုတ်၊ စာတန်ပင်လျှင် လင်းသောကောင်းကင်တမန် ဖြစ်ယောင်ဆောင်တတ်၏။ လိမ်လည်လှည့်ဖြားခြင်းကို ခံရသောသူတချို့က စာတန်မရှိဟု ထောက်ခံလျက်ရှိနေကြစဉ်ပင်

စာတန်သည် လူတို့ကိုဖမ်းဆီးချုပ်ထား၍ သူတို့အားကြီးကျယ်သောအမှုကိစ္စတို့ကို အနှံ့အပြားပြုလုပ်လျက်ရှိလေ၏။

ဘုရားသခင်၏လူများတို့သည် ခရစ်တော်ကိုခိုလှုံအားကိုးလျက်ရှိနေသောအခါ စာတန်ကိုနိုင်နင်းအောင် မိမိတို့ရရှိသောတန်ခိုးအစွမ်းသတ္တိအကြောင်းကို စာတန်သည် သူတို့ထက်သာ၍ သိရှိနားလည်၏။ သူတို့သည် စိတ်နှလုံးနှိမ့်ချခြင်းနှင့် အားကြီးသော အောင်မြင်သူသခင်အား မစတော်မူရန် တောင်းပန်ကြသောအခါ၊ သမ္မာတရား၌ အာနည်းသော ယုံကြည်သူပင်ခရစ်တော်၌မြဲမြံစွာအားကိုးလျှင်စာတန်နှင့်သူ၏အပေါင်းအဖော်ရှိသမျှတို့ကို အောင်မြင်စွာ နှင်ထုတ်ပယ်ရှားခုခံနိုင်လေသည်။ သူသည်အလွန်ပင်ပါးနပ်သဖြင့်သွေးဆောင်လှည့်ဖြားရန် ထင်ထင်ရှားရှား၊ ရဲရင့်စွာနှင့်လာသည်မဟုတ်။ ထိုသို့ပြုလျှင် အိပ်ငိုက်နေသော ခရစ်ယာန်၏ခွန်အားသည် ထကြွနိုးကြားလာ၍ သူသည်ခွန်အားနှင့်ပြည့်စုံသော ကယ်ချွတ်ရှင်ကြီးကို အားကိုးလိမ့်မည်။ သို့ရာတွင်စာတန်သည် မသိသာဘဲ တိတ်တဆိတ် ရောက်လာ၍ ဘုရားဝတ်၌မေ့လျော့ယောင်ဆောင်၍ နားမထောင်၊ ဒုစရိုက်အပြစ်ကိုကျူးလွန်သောသူတို့အားဖြင့် ဖြားယောင်းသွေးဆောင်ခြင်းအမှုကို ပြုလုပ်လိမ့်မည်။

## ကောင်းကင်တမန်တို့အားစစ်ပွဲတွင်တိုက်ခိုက်ရန် ခန့်ထားတော်မူခြင်း

ဆိုးသောတမန်များတို့သည် ဝိညာဉ်များအတွက် ဆိုင်ပြိုင်တိုက်ခိုက်လျက်ရှိကြ၍ ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် သူတို့ကိုတားဆီးခုခံလျက်ရှိသည်ကို ကျွန်ုပ်မြင်၏။ ဆိုးသောတမန်တို့သည်ပတ်ဝန်းကျင်၌သူတို့၏ယိုယွင်းဖေါက်ပြန်တတ်သော သဘောများနှင့်ပြည့်ဝစေလျက် ဤဝိညာဉ်များတို့၏ ပိုင်းခြားဝေဖန်တတ်သော အသိဉာဏ်ကိုထုံထိုင်းစေခြင်းငှါ သူတို့၏ပတ်လည်တွင် စုရုံးလာကြလေ၏။ သန့်ရှင်းသော ကောင်းကင်တမန်များတို့သည် စာတန်၏ တပ်ကိုတွန်းလှန်ရန်စိတ်အားကြီးစွာကြည့်ရှု၍ စောင့်ဆိုင်းလျက်ရှိနေကြလေ၏။ သို့ရာတွင်

ကောင်းသောတမန်တို့၏ အလုပ်ကား လူတို့၏အလိုဆန္ဒကို ဆန့်ကျင်ဘက်ပြုလျက် သူတို့၏စိတ်သဘောကို ချုပ်ချယ်စိုးမိုးထားဖို့မဟုတ်ချေ။ လူတို့သည် ရန်သူဘက်သို့လိုက်ပါ၍ သူ့ကိုတားဆီးရန် မကြိုးစားလျှင် ထိုအခါ၌ ဒုက္ခရောက်နေသောသူသည် နိုးကြားလာ၍ကောင်းကင်သို့မစခြင်းရရန် မျှော်ကြည့်စေဖို့ သူ့အားထပ်မံ၍ အလင်းကိုရရှိစေသည့်တိုင်အောင် သူ့ကိုမဖျက်ဆီးရန် စာတန်၏ဗိုလ်ခြေတို့ကို ကောင်းကင်တမန်တို့သည် တားဆီးကန့်ကွက်ခြင်းကိုသာ ပြုနိုင်ကြလေသည်။ မိမိတို့ကိုယ်ကိုမိမိတို့လွတ်မြောက်ရန် မကြိုးစားသောသူတို့ကို ကယ်နုတ်စေရန် သန့်ရှင်းသော ကောင်းကင်တမန်များအား ယေရှုသည်စေခိုင်းတော်မူလိမ့်မည်မဟုတ်။

မိမိ၏လက်ထဲမှ တစ်စုံတစ်ယောက်သောသူသည် လက်လွတ်သွားမည်ကို စာတန်သည်သိမြင်ရသောအခါထိုတစ်ယောက်တည်းသောသူကို မိမိဘက်၌ တည်မြဲတည်ရှိစေရန် စာတန်သည်မိမိကိုယ်တိုင်အစွမ်းကုန် ကြိုးစားလိမ့်မည်။ တစ်စုံတစ်ယောက်သောသူသည် မိမိ၌ရောက်နေသော ဘေးအန္တရာယ်ကိုသိရှိလာ၍ စိတ်ဒုက္ခရောက်လျက် စိတ်ပူပန်+ခင်းဖြစ်နေစဉ် ခွန်အားကိုရရှိရန် သခင်ယေရှုထံတော်သို့ မျှော်ကြည့်သောအခါ မိမိဖမ်းထားသောသူတစ်ဦးသည် လက်လွတ်သွားတော့မည်ကို စာတန်သည်စိုးရိမ်သဖြင့် ကောင်းကင်အလင်းသည် ထိုသူထံသို့မရောက်နိုင်မည့်အကြောင်း သနားစရာကောင်းသောထိုဝိညာဉ်၏ပတ်လည်တွင် မှောင်မိုက်အတိဖုံးလွှမ်းနေစေခြင်းငှါ သူ့အားခြံရံနေစေဖို့ မိမိ၏တမန်များကို စာတန်သည် ထပ်မံရောက်လာရန်ခေါ်လေသည်။ သို့ရာတွင် ဘေးဒုက္ခရောက်နေသောသူ တစ်စုံတစ်ယောက်သည် ကြိုးစားလျက် မိမိခိုကိုးရာမဲ့သောအခြေအနေတွင် သခင်ခရစ်တော်၏အသွေးတော်ကို ခိုလှုံအားကိုးလျှင် ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် စိတ်ပါကိုယ်ရောက် ဆုတောင်းသော ယုံကြည်သူ၏ စကားသံကို နားညောင်းတော်မူ၍ သူ့အား ကယ်နှုတ်နိုင်ရန် အားကြီးသောကောင်းကင်တမန်များကို ထပ်မံစေလွှတ်တော်မူလိမ့်မည်။

## စာတန်သည်သခင်ယေရှု၏အာနုဘော်တော်ကို ကြောက်ရွံ့သည်

တန်ခိုးကြီးသောပြိုင်ဖက်အား တောင်းလျှောက်ခြင်းကိုစာတန်သည်မခံနိုင်ချေ။ အကြောင်းမူကားစာတန်သည် ကိုယ်တော်၏ခွန်အားနှင့် ဘုန်းအာနုဘော်တော်ရှေ့၌ ကြောက်ရွံ့တုန်လှုပ်လေ၏။ စိတ်ပါစွာဆုတောင်းနေသော အသံကိုကြားလျှင် စာတန်၏ဗိုလ်ခြေအပေါင်းတို့သည်တုန်လှုပ်ကြလေ၏။ မိမိ၏အကြံအစည် အောင်မြင်စေခြင်းငှါစာတန်သည်ဆိုးသောတမန်များကိုတပ်ချီလာစေရန် ဆက်လက်ခေါ်ငင်လျက်နေလေ၏။ အလုံးစုံတို့တွင် တန်ခိုးကြီးသောကောင်းကင်တမန်များတို့သည် ကောင်းကင်လက်နက်စုံကို ဝတ်ဆင်လျက် အားနည်း၍လိုက်လံခြင်း ခံရသောသူအားမစရန် ရောက်လာသောအခါ မိမိတို့၏စစ်တပ်သည်ဆုံးရှုံးကြောင်းကို ကောင်းစွာသိရှိလျက် စာတန်နှင့်သူ၏ဗိုလ်ခြေများသည်နောက်သို့ဆုတ်ပြေးကြလေ၏။ မိမိတို့အလိုအလျောက်စာတန်၏ကျွန်ဖြစ်သူများသည်သစ္စာရှိ၍ဖျတ်လတ်လျင်မြန်ပြီးလျှင်တစ်ခုတည်းသော အကြံအစည်ကို ပြုလုပ်ရန် စုပေါင်းညီညွတ်ကြပေသည်။ သူတို့သည် အချင်းချင်းမုန်း၍ တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်နေကြသော်လည်း မိမိတို့အားလုံးတို့နှင့်ဆိုင်သောအကြံအစည်တစ်ခုကို အောင်မြင်စေရန် အခွင့်အရေးရှိသမျှကို အတူတကွ ကြိုးစားဆောင်ရွက်တတ်ကြသည်။ သို့ရာတွင်ကောင်းကင်နှင့်မြေကြီးကို အစိုးရတော်မူသောစစ်ဗိုလ်ချုပ်ကြီးသည် စာတန်၏တန်ခိုးအာဏာကို ကန့်သတ်ထားတော်မူ၏။
1T, 345-6

## ကာကွယ်စောင့်ရှောက်မည်အကြောင်း ကတိထားတော်မူ၏

မိမိ၏ ဘာမျှမဟုတ်သော အခြေအနေကို သိရှိနားလည်၍ကယ်တင်ရှင်ကိုလုံးလုံးမှီခိုအားကိုးသောသူသည် ခိုကိုးရာမဲ့ဖြစ်သည်ဟုထင်မြင်ရသော်လည်း ဆုံးရှုံးခြင်းမရှိနိုင်ချေ။ ထိုကဲ့သို့သောသူတို့အား

ဆုံးရှုံးစေမည့်အစား မစကူညီရန်ဘုရားသခင်သည် ကောင်းကင်တမန်ရှိသမျှကို စေလွှတ်တော်မူမည်။ 7T. 17.

## နောက်ဆုံးအရေးဆိုက်ရာကာလ

ကျွန်ုပ်တို့သည် ကပ်ကာလ၏အဆုံးတွင်အသက်ရှင်လျက်နေရကြသည်။ ကပ်ကာလနှင့်စပ်ဆိုင်၍လျင်မြန်စွာပြည့်စုံလျက်ရှိသောပုဗ္ဗနိမိတ်လက္ခဏာအားဖြင့် သခင်ခရစ်တော် ကြွလာတော်မူသော အချိန်ရောက်လုနီးကြောင်း ထင်ရှားပေသည်။ ကျွန်ုပ်တို့ယခုရောက်ရှိလျက်နေသောအချိန်ကာလသည်အရေးကြီး၍ ဘုရားတရားကိုကြည်ညိုဖွယ်သောအချိန်အခါဖြစ်ပေသည်။ ဘုရားသခင်၏ဝိညာဉ်တော်ကိုမြေကြီးပေါ်မှတဖြည်းဖြည်းပင်ဖြစ်သော်လည်း ဧကန်အမှန် ရုပ်သိမ်းလျက်နေတော်မူသည်။ ဘုရားသခင်၏ကျေးဇူးတော်ကို ရှုတ်ချသောသူတို့၏အပေါ်သို့ ဘေးဒဏ်များနှင့်တရားစီရင်ခြင်းတို့သည် ယခုပင်ကျရောက်လျက်ရှိလေပြီ။ မြေကြီးနှင့်ပင်လယ်ပေါ်၌ ကျရောက်သောဘေးဒုက္ခကြီးများ၊ လူအများတို့၏ လှုပ်လှုပ်ရွရွဖြစ်ခြင်း၊ စစ်တိုက်ခြင်းငှါနှိုးဆော်ကြိုးဝါးခြင်းတို့သည်ရှေ့ပြေးနိမိတ်များဖြစ်ကြလေသည်။ ၎င်းတို့သည်အကြီးအကျယ်ဆုံးသောအရာနှင့် စပ်ဆိုင်သောအဖြစ်အပျက်များ ရောက်ရှိလာလျက်ရှိကြောင်းကြိုတင်၍ဖော်ပြပေသည်။

ဆိုးသောအာဏာတန်ခိုးများတို့သည် မိမိတို့၏အင်အားများကိုစုပေါင်းလျက် ခိုင်ခံ့စေကြလေပြီ။ သူတို့သည် နောက်ဆုံးအရေးဆိုင်ရာကာလကြီးအတွက်တိုး၍ခွန်အားကြီးလာရန် ကြိုးစားလျက်ရှိကြသည်။ အခြေအနေကြီးစွာ ပြောင်းလဲခြင်းများသည် ကျွန်ုပ်တို့၏လောကကြီးတွင် မကြာမီဖြစ်လာ၍ နောက်ဆုံးသောပြောင်းလဲခြင်းများသည်အလွန်လျင်မြန်သောအမှုဖြစ်လိမ့်မည်။ 9T. 11

## ကျွန်ုပ်တို့၏ရှေ့တွင်ရှိစုံစမ်းရာကာလ

များမကြာမီ တစ်ကမ္ဘာလုံးတွင် ဘေးဒုက္ခ ရောက်လိမ့်မည်။ ထိုအခါ လူတိုင်းသည် ဘုရားသခင်ကိုသိရှိဖို့ရန် ကြိုးစားရှာဖွေသင့်ကြသည်။ ကျွန်ုပ်တို့၌ နှောင့်နှေးကြန့်ကြာနေဖို့အချိန်မရှိတော့ချေ။

မိမိ၏အသင်းတော်အားချစ်တော်မူသောဘုရားသခင်၏မေတ္တာတော်သည်အနန္တမေတ္တာဖြစ်၏။ ဘုရားသခင်သည်မိမိ၏အမွေတော်ကို အစဉ်မပြတ် ကြည့်ရှုစောင်မတော်မူ၏။ ယခုကာလနှင့် ထာဝရကာလအတွက်ကောင်းကျိုးအလို့ငှါ အသင်းတော်အား သန့်ရှင်းစင်ကြယ်စေဖို့ ရောက်စေသောဒုက္ခမျိုးမှတစ်ပါးအခြားဒုက္ခများကိုအခွင့်ပေးတော်မမူ။ ကိုယ်တော်သည်မြေကြီးပေါ်၌ မိမိ၏အမှုတော်ကို ဆောင်ရွက်စပြုသည့် အခါနှင့် အဆုံးသတ်သောအခါ၌ ဗိမာန်တော်ကိုသန့်ရှင်းစင်ကြယ်စေသည်နည်းတူ မိမိ၏ အသင်းတော်ကိုလည်း သန့်ရှင်းစင်ကြယ်စေတော်မူမည်။ မိမိ၏လူများတို့သည် လောကတွင် အရပ်ရပ်သို့ လက်ဝါးကပ်တိုင်၏ အောင်မြင်ခြင်းအခွင့်များကိုယူဆောင်သွားဖို့ရန် ဘုရားတရား၌ သာ၍ ကြည်ညိုလျက် သာ၍ခွန်အားသတ္တိရှိရနိုင်မည်အကြောင်း ကိုယ်တော်သည်အသင်းတော်ပေါ်၌ စုံစမ်းခြင်းနှင့် နှောင့်ယှက်ညှဉ်းဆဲခြင်းအပေါင်းတို့ကို သက်ရောက်စေတော်မူ၏။ လူတိုင်းဆောင်ရွက်ရန်အမှုတစ်ခုကိုခန့်ထားတော်မူသည်။

အစဉ်သဖြင့် ကြီးပွားတိုးတက်ခြင်းနှင့် ကျယ်ပြန့်ပွားများခြင်းရှိရမည်။ အမှုတော်သည် တစ်မြို့မှတစ်မြို့၊ တစ်နိုင်ငံမှတစ်နိုင်ငံ၊ လူတစ်မျိုးမှတစ်မျိုးသို့ ကျယ်ပြန့်ပွားများသွား၍ ဆက်လက်ပြီး ရှေ့သို့ တိုးတက်တည်ထောင်လျက် ခွန်အားတိုးတက်လာပြီး ခိုင်ခံ့မြဲမြံရမည်။
9T. 228.

## ဆိုင်ပြိုင်တိုက်လှန်ခြင်းမကြာမီပြီးဆုံးတော့မည်

ကောင်းကင်တွင် စာတန်အစပြုခဲ့သော ဆိုင်ပြိုင်တိုက်ခိုက်ပွဲကြီးသည် မကြာမီတစ်ခါတည်း အပြီးဆုံးဖြတ်ခြင်းသို့ ရောက်တော့မည်။ များမကြာမီမြေကြီးသားအပေါင်းတို့သည် ကောင်းကင်ဘုံရှင်၏ဘက်၌လည်းကောင်း၊ ဆန့်ကျင်ဘက်ဖြစ်သော ဘက်၌လည်းကောင်း တစ်ဖက်ဖက်သို့ဝင်ရကြမည်။ ရှေးကဘယ်အခါမျှမလုပ်ဖူးဘဲ စာတန်သည် ယခုအဆင်သင့်ပြင်ဆင်ခြင်းမရှိသောဝိညာဉ်တိုင်းတို့ကို ယုံမှားစေလျက် ဖျက်စီးရန် မိမိ၏လိမ်လည်လှည့်ဖြားခြင်းနည်းအမျိုးမျိုးကို အစွမ်းသတ္တိ

ရှိသမျှပြုလုပ်လျက်ရှိ၏။ လူများတို့အားမိမိတို့၏ရှေ့တွင်ရှိ နောက်ဆုံး ခံစားရမည့် ဆုကျေးဇူးကြီးအတွက် ပြင်ဆင်ခြင်းရှိစေရန် နှိုးဆော် တိုက်တွန်းစေခြင်းငှါ ကျွန်ုပ်တို့သည် ခေါ်တော်မူခြင်းကို ခံရကြသည်။ ပျက်စီးဆုံးပါးရာနေရာ၏ အစွန်းအစနားတွင် ရပ်လျက်နေသော သူတို့ အား ကျွန်ုပ်တို့သည် သတိပေးရကြမည်။ ဘုရားသခင်၏လူများတို့သည် စာတန်၏မှားသောအယူဝါဒများကိုခုခံတိုက်ခိုက်၍ သူ၏ခံတပ်များကို ဖြိုဖျက်ရာတွင် အစွမ်းသတ္တိရှိသမျှ ကြိုးစားအားထုတ်ရကြမည်။

ကမ္ဘာတစ်ဝန်းလုံးတွင် သတိပေးခြင်းကိုအမှုထားသောလူတိုင်း တို့အား ကျွန်ုပ်တို့သည် ကြီးစွာသောဆိုင်ပြိုင်တိုက်လှန်ခြင်းတွင် အငြင်း အခုံဖြစ်လျက်နေခြင်း၏အကြောင်းရင်းများကို ထင်ရှားစွာဖေါ်ပြရကြ မည်။ ထိုအကြောင်းရင်းများအပေါ်၌ ဝိညာဉ်၏ထာဝရအကျိုးအပြစ် သည် မှီခိုလျက်ရှိသည်။ 'သင်သည် ဘုရားသခင်၏ ပညတ်တော်ကို နားမထောင်ဘဲနေခြင်းဖြင့် ဖေါက်ပြန်သောကောင်းကင်တမန်ကြီး၏ နောက်သို့ လိုက်လျက်နေသလော။ သို့မဟုတ်ငါသည် ခမည်းတော်၏ ပညတ်တို့ကို စောင့်ရှောက်၏။ (ယော၊ ၁၅း၁၀) ဟုမိန့်တော်မူသော ဘုရားသခင်၏သားတော်နောက်သို့လိုက်လျက်နေသလော" ဟူသော ပြဿနာကို ရပ်ဝေး၌ဖြစ်စေ၊ အနီး၌ဖြစ်စေ ရှိသောလူများတို့အား အသေအချာဆုံးဖြတ်စေရန် ကျွန်ုပ်တို့သည်တိုက်တွန်းနှိုးဆော်ရကြမည်။
7T. 141.

## ယောရှုနှင့်ကောင်းကင်တမန်

မြင်နိုင်သောလောကနှင့်မမြင်နိုင်သောလောကစပ်ကြားတွင်ခြား ထားသောကန့်လန့်ကာကို ဖယ်ရှားထားလျက် လူတို့အားရွေးနုတ်ဖို့ရန် အကြံအစည်အကြောင်းနှင့်စပ်ဆိုင်၍ သခင်ခရစ်တော်နှင့် သန့်ရှင်းသော ကောင်းကင်တမန်များတို့သည် စာတန်နှင့်သူ၏ဆိုးသောဗိုလ်ခြေများ တို့အား အကြီးအကျယ်ဆိုင်ပြိုင်တိုက်လှန်နေကြကြောင်းကိုဘုရားသခင် ၏လူတို့သည်မြင်ရလျှင် ၎င်းပြင်အပြစ်၏ချည်နှောင်ခြင်းမှဝိညာဉ်များကို ကယ်လွှတ်ရန်အတွက် ဘုရားသခင်စီမံတော်မူသော အံ့သြဖွယ်အမှုကြီး

နှင့်မာရ်နတ်၏ရန်ငြိုးမှကာကွယ်ရန် ကိုယ်တော်သည်အစဉ်သဖြင့် မိမိ၏တန်ခိုးကို အသုံးပြုလျက်ရှိကြောင်းကို သူတို့သည် သိရှိနားလည်လျှင် စာတန်၏ပရိယာယ်များကိုတားဆီးခုခံနိုင်ဖို့ရန် သူတို့သည် သာ၍ပြင်ဆင်ခြင်းရှိကြလိမ့်မည်။

ရွေးနုတ်ခြင်းအကြီးအစည်တော်၏ကြီးကျယ်၍ အရေးကြီးခြင်းနှင့် သခင်ခရစ်တော်၏လုပ်ဖေါ်ဆောင်ဖက်အဖြစ်နှင့်မိမိတို့လုပ်ကိုင်ရသောအမှုကြီး၏ ကြီးမားခြင်းအကြောင်းကိုထောက်ရှုလျက် သူတို့၏ဘုရားတရားကိုကြည်ညိုလာသောစိတ်သဘော တိုးပွားလာလိမ့်မည်။ သူတို့၌နှိမ့်ချခြင်းစိတ်သဘောဝင်စားလာလိမ့်မည်။ သို့သော် ကောင်းကင်တစ်ဝန်းလုံးသည် သူတို့၏ကယ်တင်ခြင်းအမှုကြီးတွင် စိတ်ပါဝင်စားလျက်ရှိကြောင်းကိုသိရှိလျက် သူတို့သည် ရဲရင့်ခြင်းရှိလာကြလိမ့်မည်။

စာတန်၏အလုပ်၊ သခင်ခရစ်တော်၏အလုပ်နှင့်မိမိ၏လူများကိုအပြစ်တင်သောသူကိုနိုင်နင်းရန် ကျွန်ုပ်တို့ အာမခံသခင်၏တန်ခိုးအကြောင်းနှင့်စပ်ဆိုင်၍ အထူးသဖြင့်သိသာလျက် သဘောသက်ဝင်သောပုံပမာကို ဇာခရိအနာဂတ္တိကျမ်း အခန်းကြီး ၃ တွင်ဖေါ်ပြထားပါသည်။ သန့်ရှင်းသောရူပါရုံတွင် 'ညစ်ညူးသောအဝတ်ကိုဝတ်လျက်" နေသောယဇ်ပုရောဟိတ်မင်း ယောရှုသည် ထာဝရဘုရား၏ကောင်းကင်တမန်ရှေ့၌ မတ်တတ်ရပ်နေလျက် ဒုက္ခဆင်းရဲခြင်းရောက်နေသောမိမိလူများအတွက် ဘုရားသခင်အား ကရုဏာတော်ကိုပြုရန်တောင်းပန်နေကြောင်းကို ပုရောဖက်သည်မြင်ရလေ၏။ စာတန်သည်သူ့ကိုတားဆီးပိတ်ပင်ရန် သူ၏လက်ျာလက်တွင် ရပ်လျက်နေ၏။

ဣသရေလလူတို့သည် ဘုရားသခင်ကိုသိသောဉာဏ်မြေကြီးပေါ်တွင် မကွယ်ပျောက်စေခြင်းငှါ ရွေးချယ်ခြင်းခံရသောကြောင့်သူတို့သည် လူတစ်မျိုးကဲ့သို့ ဖြစ်ပေါ်လာသည့်အခါစမှ၍ အထူးသဖြင့် စာတန်၏ရန်ဖက်ပြုခြင်းကိုခံရသောသူများဖြစ်ကြသည်။ ၎င်းပြင် စာတန်သည်သူတို့ကိုဖျက်ဆီးရန်စိတ်ပြဋ္ဌာန်းလေပြီ။ သူတို့သည်ဘုရားသခင်၏စကားတော်ကိုနားထောင်နေသမျှကာလပတ်လုံး သူသည် သူတို့အားမထိ

ခိုက်နိုင်ချေ။ ထိုကြောင့် သူတို့အား အပြစ်ပြုစေခြင်းငှါ စာတန်သည် အစွမ်းသတ္တိရှိသမျှပရိယာယ်များဖြင့် သူတို့ကိုသွေးဆောင်လျက်ရှိ၏။ သူ၏သွေးဆောင်ခြင်းကိုလိုက်ပါသွားသောအခါသူတို့သည်ဘုရားသခင်၏ပညတ်တော်ကို ကျူးလွန်၍ ထိုနည်းအားဖြင့် သူတို့သည် ခွန်အားအစွမ်းသတ္တိကိုချပေးတော်မူသောအရှင်နှင့်ကွာလျက်နေသဖြင့် ဘုရားမဲ့တရားမဲ့သောရန်သူတို့၏လက်ထဲသို့ ရောက်ရှိသွားကြလေ၏။ သူတို့သည် ဗာဗုလုန်ပြည်သို့ ဖမ်းသွားချုပ်ထားခြင်းကိုခံရကြ၍ ထိုနေရာ၌ နှစ်ပေါင်းများစွာနေရကြ လေ၏။ သို့ရာတွင် ထာဝရဘုရားသခင်သည် သူတို့ကိုစွန့်ပစ်တော်မမူချေ။ သူတို့အားဆုံးမ၍သတိပေးရန်ဘုရားသခင်သည် မိမိ၏ပုရောဖက်များကိုလွှတ်တော်မူ၏။ လူများတို့သည်မိမိတို့၏အပြစ်ဒုစရိုက်ကို သိမြင်လာကြ၍ ဘုရားသခင်၏ရှေ့တော်၌ မိမိတို့ကိုယ်ကိုမိမိတို့နှိမ့်ချကြပြီး မှန်သောနောင်တနှင့်ဘုရားသခင်၏ထံတော်သို့ပြန်လာကြလေ၏။ ထိုအခါထာဝရဘုရားသခင်သည် သူတို့အားဖမ်းသွားချုပ်ထားခြင်း ခံနေရာမှကယ်နုတ်၍ မိမိ၏ရှေ့တော်၌ ရှေးကကဲ့သို့မျက်နှာရစေခြင်းငှါပြုတော်မူမည်ဟု ဖေါ်ပြလျက် သူတို့အားတက်စဖွယ်သတင်းစကားကို ကြားပြောစေတော်မူ၏။ စာတန်သည် ဤအမှုကိုတားဆီးရန် စိတ်ပြဋ္ဌာန်းလေပြီ။ ကျန်ကြွင်းသောဣသရေလလူတို့သည် မိမိတို့၏နေရင်းပြည်သို့ပြန်သွားကြလေပြီ။ ထိုကြောင့်စာတန်သည် မိမိ၏ကိုယ်စားဖြစ်သောရုပ်တုကိုးကွယ်သောနိုင်ငံများအားဣသရေလလူတို့ကို ရှင်းရှင်းဖျက်ဆီးစေရန် ကြိုးစားလျက်နှိုးဆော်တိုက်တွန်းနေလေ၏။

## အပြစ်တင်သူကိုဆုံးမခြင်း

ယောရှုသည် နှိမ့်ချခြင်းနှင့်ဘုရားသခင်၏ ကတိတော်ပြည့်စုံစေတော်မူဖို့ရန်တောင်းလျှောက်နေစဉ် စာတန်သည်ရဲရင့်စွာမတ်တတ်ရပ်လျက် သူ့ကိုကန့်ကွက်တားဆီးနေလေ၏။ ဣသရေလလူတို့သည် ဘုရားသခင်ရှေ့တော်၌ တစ်ဖန်မျက်နှာရရှိစေဖို့ မသင့်ကြောင်း စာတန်သည် ထိုလူမျိုးတို့၏ လွန်ကျူးခြင်းအပြစ်များကိုညွှန်ပြလေ၏။ လူသည် သူတို့

ကိုမိမိ၏ လက်ရဥစ္စာကဲ့သို့ တောင်းဆို၍ သူတို့အားဖျက်ဆီးရန် သူ၏ လက်ထဲသို့အပ်နှံဖို့အနိုင်အသက်တောင်းလေ၏။

ယဇ်ပုရောဟိတ်မင်းသည် မိမိ၏အတွက်သော်လည်းကောင်း၊ မိမိ၏ လူများအတွက်သော်လည်းကောင်း စာတန်ကအပြစ်တင်သော စကားများကိုခုခံကာကွယ်၍ မပြောနိုင်ချေ။ ဣသရေလလူတို့သည်အပြစ်နှင့်ကင်းကြသည်ဟုသူကမဖေါ်ပြချေ။ ယောရှုသည်လူများ၏ ကိုယ်စားအဖြစ်နှင့်သူတို့၏အပြစ်များကိုပုံဆောင်သည့်ညစ်ရှူးသောအဝတ်နှင့်သူတို့၏အပြစ်ကိုဖေါ်ပြဝန်ချတောင်းပန်နေသော်လည်းသူတို့၏နောင်တရခြင်းနှင့်နှိမ့်ချခြင်းအခြေအနေကိုညွှပြနေလျက် အပြစ်လွှတ်တော်မူသောရွေးနုတ်ရှင်၏ကရုဏာတော်ကို မှီခိုအားကိုးလျက် ဘုရားသခင်၏ကတိတော်ကိုယုံကြည်ခြင်းနှင့်တောင်းဆိုင်လျက် ကောင်းကင်တမန်၏ရှေ့တွင်ရပ်နေသည်။

ထိုနောက်အပြစ်ရှိသောသူတို့ကို ကယ်တင်တော်မူသောအရှင်သခင်ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သော ကောင်းကင်တမန်က 'အိုစာတန်၊ ထာဝရဘုရားသည် သင့်ကိုဆုံးမတော်မူပါစေသော၊ ယေရှုရှလင်မြို့ကိုရွေးချယ်ပြီးသော ထာဝရဘုရားသည် သင့်ကိုဆုံးမတော်မူပါစေသော၊ ဤသူသည်မီးထဲကနုတ်သောထင်းစဖြစ်သည်မဟုတ်လော" ဟုမိန့်တော်မူလျက် မိမိ၏လူများတို့အားအပြစ်တင်သောသူ စာတန်ကိုတိတ်ဆိတ်စွာနေစေတော်မူ၏။ ဣသရေလလူတို့သည် ကြာရှည်စွာဒုက္ခဆင်းရဲခြင်းတည်းဟူသောမီးဖိုထဲ၌နေခဲ့ရလေပြီ။ မိမိတို့အပြစ်များကြောင့် သူတို့သည် စာတန်နှင့်သူ၏ကိုယ်စားတို့က သူတို့အားပျက်စီးစေရန် ညှိထွန်းထားသောမီးတောက်တွင် လောင်ကျွမ်းသွားလုနီးကြလေပြီ။ သို့ရာတွင် ယခုဘုရားသခင်သည် သူတို့ကိုကယ်နုတ်ဆောင်ရန် လက်တော်ကိုဆန့်တော်မူ၏။ သူတို့သည်နောင်တရ၍ နှိမ့်ချလျက်နေကြသောအခါ သနားတတ်သော ကယ်တင်ရှင်သည် ရုပ်တုကိုကိုးကွယ်သောသူ၏ရက်စက်ကြမ်းကြုတ်သောတန်ခိုးအာဏာလက်အောက်တွင် မိမိ၏သူတို့ကို စွန့်ပစ်ထားတော်မူလိမ့်မည်မဟုတ်။ 'နင်းနယ်လျက်ရှိသောကျူပင်ကိုမချိုး၊ မီးခိုးများသောမီးစာကိုမသတ်" ရချေ။

## တင့်တယ်သောအဝတ်

ယောရှုတောင်းလျှောက်ခြင်းအမှုကိုလက်ခံတော်မူပြီးသောအခါ 'ညစ်ညူးသော အဝတ်ကို ချွတ်ပယ်လော့" ဟု အမိန့်ပေးတော်မူ၍ ကောင်းကင်တမန်ကယောရှုအား"သင့်အပြစ်ကိုငါဖြေရှင်းပြီ။ တင့်တယ်သောအဝတ်ကိုဝတ်စေမည်" ဟု ပြောဆိုတော်မူ၏။ ထိုသို့ဆိုသည့်အတိုင်း"စင်ကြယ်သောပေါင်းကို သူ၏ခေါင်းပေါ်မှာတင်၍အဝတ်ကိုဝတ်စေကြ၏။"သူကိုယ်တိုင်နှင့်သူ၏လူများတို့၏အပြစ်များကိုဖြေလွှတ်တော်မူ၏။ ဣသရေလလူတို့အား တင့်တယ်သောအဝတ်ကိုဝတ်စေတော်မူ၏။ သခင်ခရစ်တော်၏ ဖြောင့်မတ်ခြင်းကို သူတို့အပေါ်၌တင်တော်မူ၏ဟုဆိုလိုသည်။ ယောရှု၏ခေါင်းပေါ်၌ တင်သောအပေါင်းကားယဇ်ပုရောဟိတ်များဆောင်းရသောပေါင်းသရဖူဖြစ်၍ 'ထာဝရဘုရားအား သန့်ရှင်းခြင်း" ဟုအက္ခရာတင်ထား၏။ သူ၌ရှေးကအပြစ်များရှိခဲ့သော်လည်း သူသည်ဘုရားသခင်၏ရှေ့တော်သန့်ရှင်းရာဌာနတွင် အမှုဆောင်ရွက်ရန် ယခုသင့်လျော်အောင်ပြုပြင်ခြင်းခံရကြောင်းကိုဖေါ်ပြပေသည်။

ထိုသို့သူ့အား ယဇ်ပုရောဟိတ်မင်း၏ အာဏာကိုခမ်းနားစွာအပ်နှင်းပေးပြီးသောအခါ ကောင်းကင်တမန်က"သင်သည်ငါ့လမ်းသို့လိုက်၍ ငါ့ပညတ်တရားကို စောင့်ရှောက်လျှင် ငါ့အိမ်ကိုစီရင်ရသောအခွင့်၊ ငါ့တံတိုင်းတို့ကိုစောင့်ရသောအခွင့်ရှိလိမ့်မည်။ ရှေ့တော်၌ရပ်နေသောသူအချို့တို့ကို သင့်အားလမ်းပြသောသူဖြစ်မည်အကြောင်းငါခန့်ထားမည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့်တော်မူ၏" ဟု ဆင့်ဆိုလေ၏။ သူသည် ဗိမာန်တော်နှင့် ၎င်း၏ဝတ်များအားလုံးတို့ကိုစီရင်ရသောသူအဖြစ်နှင့် ချီးမြှောက်ခြင်းကို ခံရလိမ့်မည်။ ထို့ပြင် ဤဘဝ၌ပင် သူသည်ရှေ့တော်၌ ခစားနေသောကောင်းကင်တမန်များနှင့်အတူ သွားလာရသောအခွင့်ကိုရရှိ၍ နောက်ဆုံး၌ ဘုရားသခင်၏ပလ္လင်တော်ပတ်လည်တွင်ရှိသော ဘုန်းတန်ခိုးနှင့်အတူတကွနေရသောအခွင့်ကိုရရှိလိမ့်မည်။

'အိုယဇ်ပုရောဟိတ်မင်းယောရှု၊ သင့်ရှေ့မှာနေသောသင့်အပေါင်း အဖေါ်တို့နှင့်တကွ နားထောင်လော့။ သူတို့သည် နိမိတ်လက္ခဏာနှင့် ယှဉ်သောသူဖြစ်ကြ၏။ ငါ၏ကျွန် တည်းဟူသော အညွန့်ကို ငါပေါ် ထွန်းစေမည်။" ဤနေရာ၌ပ္ကသရေလလူတို့မျှော်လင့်စရာအချက်ကို ဖေါ် ပြထားလေသည်။ ကြွလာတော်မူမည့်ကယ်တင်ရှင်ကိုယုံကြည်ခြင်းအားဖြင့် ယောရှုနှင့်သူ၏လူများတို့သည် အပြစ်လွတ်ခြင်းအခွင့်ကိုရရှိကြလေ၏။ သခင်ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် သူတို့သည်ဘုရားသခင်၏ ရှေ့တော်၌မျက်နှာရရှိကြပြန်လေသည်။ သူတို့သည်ကိုယ်တော်၏လမ်းသို့ လိုက်၍ ကိုယ်တော်၏ အထုံးအဖွဲ့တော်တို့ကို စောင့်ရှောက်လျှင် ကိုယ်တော်၏ကုသိုလ်ကောင်းကျိုးများကြောင့် သူတို့သည် 'နိမိတ်လက္ခဏာနှင့်ယှဉ်သောသူဖြစ်ကြ" ၍မြေကြီးပေါ်ရှိလူမျိုးအပေါင်းတို့တွင် ကောင်းကင်မှရွေးချယ်ခြင်းခံရသောသူတို့အဖြစ်နှင့် ချီးမြှောက်ခြင်းကိုခံရကြလိမ့်မည်။ သခင်ခရစ်တော်သည် ယခုကာလ၌ မိမိအသင်းတော်၏မျှော်လင့်ရာအချက်ဖြစ်သည်နည်းတုကိုယ်တော်သည်သူတို့၏မျှော်လင့်ရာ အချက်၊ သူတို့၏အကွယ်အကာ၊ သူတို့၏သန့်ရှင်း ဖြောင့်မတ်ခြင်းနှင့် ရွေးနုတ်ခြင်းအကြောင်းဖြစ်ပေ၏။

## စာတန်သည်သခင်ခရစ်တော်ကိုရန်ငြိုးဖွဲ့ခြင်း

စာတန်သည် ယောရှုနှင့်သူ၏လူများကိုအပြစ်တင်သည်နည်းတူ ကာလအဆက်ဆက် ဘုရားသခင်၏ကရုဏာတော်နှင့် မျက်နှာတော်ကို ရှာကြသောသူတို့ကိုလည်း စာတန်သည် အပြစ်တင်လျက်ရှိ၏။ ဗျာဒိတ်ကျမ်းတွင်သူ့ကို 'ငါတို့ညီအစ်ကိုများကို ငါတို့ဘုရားသခင်ရှေ့တော်၌ နေ့ညမပြတ်အပြစ်တင်သောရန်သူ" ဟုဖေါ်ပြထားလေသည်။ ဒုစရိုက်၏ တန်ခိုးလက်မှ ရွေးနုတ် ကယ်တင်ခြင်း ခံရ၍မိမိတို့၏ နာမများကို သိုးသငယ်၏အသက်စာစောင်တွင် ရေးမှတ်ထားခြင်း ခံရသောဝိညာဉ် တိုင်းတို့အား ထိုသို့တိုက်လှန်ခြင်း အမှုသည် ထပ်ခါထပ်ခါပေါ်ပေါက် လာသည်။ မာရန်နတ်၏တားဆီးကန့်ကွက်ခြင်းကို မခံရဘဲအဘယ်သော အခါမျှ စာတန်၏အပေါင်းအသင်းဝင်သူသည် ဘုရားသခင်၏ အိမ်တော်သားမဖြစ်လာချေ။

ထာဝရဘုရားကို ရှာသောသူတို့၏ တစ်ဖက်၌ စာတန်အပြစ်တင်စွပ်စွဲချက်များသည်သူ့အားထကြွနိုးကြားစေသည်မဟုတ်။ သူသည်သူတို့၏ချို့ထဲ့သောအကျင့်စာရိတ္တ၌အားရရွှင်မြူးခြင်းရှိ၏။ ဘုရားသခင်၏ပညတ်တရားတော်ကိုလွန်ကျူးခြင်းအားဖြင့်သာ သူတို့အပေါ်၌စာတန်သည်အုပ်စိုးပိုင်ခွင့်ရရှိလေ၏။ သူသည်သခင်ခရစ်တော်ကိုရန်ငြိုးထားခြင်းကြောင့်သာ ဤကဲ့သို့ပြစ်တင်စွပ်စွဲခြင်းကိုပြုလုပ်တတ်လေ၏။ ကယ်တင်ခြင်းအကြံအစည်အားဖြင့် သခင်ယေရှုသည် လူမျိုးအပေါင်းတို့အပေါ်၌ စာတန်၏ချည်နှောင်ခြင်းကိုဖြေလွှတ်၍ သူ၏တန်ခိုးမှဝိညာဉ်များကို ကယ်ဆယ်လျက်ရှိတော်မူ၏။ သူပုန်ဗိုလ်ကြီးသည် သခင်ခရစ်တော်၏ထူးမြတ်သော အာဏာတော်ကိုသိမြင်ရသောအခါ အလွန်ပင်မျက်မုန်းကျိုး၍ ရန်ငြိုးထားပြီးလျှင် ကိုယ်တော်၏ကယ်တင်ခြင်းကိုလက်ခံသော ကျန်ကြွင်းသည့်လူမျိုးတို့ကို ကြောက်မက်ဖွယ်သောတန်ခိုးပရိယာယ်တို့ဖြင့် ကိုယ်တော်ထံမှ လုယူရန် ကြိုးစားသည်။

လူများတို့အား ဘုရားသခင်၌ယုံကြည်အားကိုးခြင်း ရွေ့လျားစေ၍ဘုရားသခင်၏မေတ္တာတော်မှဝေးကွာစေခြင်းငှါစာတန်သည်သူတို့အားယုံမှားသံသယဖြစ်စေရန် သွေးဆောင်၏။ သူတို့အား ဘုရားသခင်၏ပညတ်တရားတော်ကိုဖျက်စေရန် သွေးဆောင်ပြီးနောက်စာတန်သည် သူတို့အားမိမိဖမ်းဆီးချုပ်နှောင်၍ရသောသူများကဲ့သို့ပြောဆိုပြီးသူ့ထံမှသခင်ခရစ်တော်သည် သူတို့ကိုယူဆောင်သွားဖို့အခွင့်အရေးကိုသူသည်ခုခံငြင်းဆိုလေ၏။ အပြစ်လွှတ်ခြင်းနှင့် ကရုဏာတော်အတွက် ဘုရားသခင်ကိုစိတ်အားကြီးစွာရှာသောသူတို့သည် ထိုသို့အပြစ်လွှတ်ခြင်းနှင့်ကရုဏာတော်ကိုရရှိကြမည်ကို စာတန်သည်သိရှိ၏။ ထိုကြောင့်သူတို့အားစိတ်ပျက်စေခြင်းငှါ သူသည်သူတို့၏အပြစ်များကိုသူတို့ရှေ့၌ညွှန်ပြလေ၏။ စာတန်သည်ဘုရားသခင်၏စကားတော်ကိုကြိုးစား၍နားထောင်သောသူတို့တစ်ဖက်၌ အမှုလုပ်ရန်အစဉ်သဖြင့်အခွင့်အရေးကိုရှာကြံလျက်ရှိ၏။ သူတို့၏အကောင်းဆုံးဖြစ်၍ ဘုရားသခင်အနှစ်သက်ဆုံးသော အမှုကိစ္စအလုပ်အကိုင်များကိုပင် ပျက်စီးသည်ဟုထင်မြင်စေရန် စာတန်သည်ကြိုးစား၍သွေးဆောင်၏။ မရေမတွက်နိုင်

သည့်အလွန်စဉ်းလဲကောက်ကျစ်၍ ရက်စက်ကြမ်းကြုတ်သောပရိယာယ်များအားဖြင့် စာတန်သည် သူတို့၌အပြစ်တင်ခွင့်ရရှိစေရန်ကြိုးစား၏။

လူသည် ဤစွပ်စွဲအပြစ်တင်ချက်များကို မိမိကိုယ်တိုင်ခံခြင်းငှါ မတတ်နိုင်ချေ။ သူသည်အပြစ်နှင့်စွမ်းကွက်နေသောအဝတ်နှင့် မိမိ၏အပြစ်များကိုဖေါ်ပြဝန်ချလျက်၊ ဘုရားသခင်၏ရှေ့တော်၌ရပ်လျက်နေ၏။ သို့ရာတွင် ကျွန်ုပ်တို့၏အမှုဆောင်သခင်ယေရှုသည် နောင်တနှင့်ယုံကြည်ခြင်းဖြင့် မိမိတို့၏ဝိညာဉ် ကိုယ်တော်၏လက်သို့အပ်နှံသောသူအပေါင်းတို့အတွက် အကျိုးဖြစ်ထွန်းလောက်အောင် တော်ငးပန်လျက်နေတော်မူ၏။ ကိုယ်တော်သည်သူတို့အတွက်တောင်းပန်၍ကရာနီကုန်းတော်တည်းဟူသော ထုချေချက်ကြီးအားဖြင့် အပြစ်တင်သောသူကိုနိုင်နင်းတော်မူ၏။ လက်ဝါးကပ်တိုင်၌အသေသတ်ခြင်းကိုပင်ခံရတော်မူသည့်တိုင်အောင်ကိုယ်တော်သည်ဘုရားသခင်၏ပညတ်တရားတော်တို့ကို စုံလင်စွာနားထောင်လိုက်နာခြင်းအားဖြင့်ကိုယ်တော်သည်ကောင်းကင်နှင့်မြေကြီးပေါ်တွင်အခွင့်အာဏာရှိသမျှကိုပိုင်ဆိုင်တော်မူ၍ အပြစ်ရှိသောလူအတွက် ခမည်းတော်၏ကရုဏာတော်နှင့် မိတ်သဟာယဖွဲ့ခြင်းကိုတောင်းဆိုတော်မူ၏။ မိမိ၏လူများတို့အား အပြစ်တင်စွပ်စွဲသောသူအား ကိုယ်တော်က 'ထာဝရဘုရားသည်သင့်ကိုဆုံးမတော်မူပါစေသော။ ဤသူတို့သည်ငါ၏အသွေးနှင့်ဝယ်ယူသောသူများ၊ မီးထဲကနုတ်သောထင်းစဖြစ်၏။" ဟုမိန့်တော်မူ၏။ ကိုယ်တော်ကိုယုံကြည်ခြင်းနှင့်အားကိုးမှီခိုသောသူတို့သည် 'သင့်အပြစ်ကိုငါဖြေရှင်းပြီ၊ တင့်တယ်သောအဝတ်ကိုဝတ်စေမည်" ဟူသောစိတ်သက်သာရာ ကတိတော်ကိုခံယူရကြသည်။

## ၎င်းသည်ယခုကာလနှင့်တိုက်ဆိုင်ခြင်း

ဇာခရိမြင်သောယောရှုနှင့် ကောင်းကင်တမန်တို့၏ရူပါရုံသည် အပြစ်ဖြေရာနေ့ကြီး၏အဆုံးသတ်ရာတွင်ရှိနေသော ဘုရားသခင်၏လူများတို့၌ဖြစ်ပျက်သောအကြောင်းအရာတို့နှင့် ထူးထူးခြားခြားသက်ဆိုင်လေ၏။ ကျန်ကြွင်းသောအသင်းတော်သည် ကြီးစွာသောစုံစမ်းနှောင့်

ယုက်ခြင်းနှင့် ဆင်းရဲဒုက္ခထဲသို့ရောက်ရကြလိမ့်မည်။ ဘုရားသခင်၏ ပညတ်တော်နှင့်သခင်ယေရှု၏ယုံကြည်ခြင်းကိုစောင့်ရှောက်သောသူတို့ သည် နဂါးနှင့်သူ၏ဗိုလ်ခြေများတို့၏ဒေါသမီးကိုတွေ့ကြုံရကြလိမ့်မည်။ စာတန်သည် လောကသားတို့ကို မိမိ၏လက်အောက်ခံကျေးကျွန်များ ကဲ့သို့ရေတွက်လေသည်။ သူသည်ဖေါက်ပြန်သောအသင်းတော်များကို နိုင်နင်းအုပ်စိုးလေ၏။ သို့ရာတွင်သူ၏အာဏာတန်ခိုးကို ခုခံကာကွယ် နေသောလူစုကလေးတစ်စု ဤမှာပေါ်လာ၏။ သူသည်သူတို့ကိုမြေကြီး မှရှင်းရှင်းပယ်ရှင်းနိုင်လျှင် သူသည်လုံးလုံးအောင်မြင်သွားလိမ့်မည်။

သူသည်ဣသရေလလူများ တို့ကိုဖျက်ဆီးစေရန် ရုပ်တုကိုကိုးကွယ် သောလူများအား နှိုးဆော်သည်နည်းတူ နောင်များမကြာမီ ဘုရား သခင်၏လူများကိုဖျက်ဆီးစေရန် မြေကြီးပေါ်ရှိဆိုးယုတ်သောအာဏာ စက်များကို နှိုးဆော်တိုက်တွန်းလိမ့်မည်။ ပညတ်တော်ကို လွန်ကျူး လောက်အောင်ဆန့်ကျင်ဘက်ဖြစ်သော လူ၏ဥပဒေကိုနားထောင်စေဖို့ ရန်အားလုံးတို့သည်အမိန့်ကိုခံယူရကြလိမ့်မည်။ ဘုရားသခင်ဘက်၌လည်း ကောင်း၊ မိမိတို့၏အလုပ်တာဝန်၌လည်းကောင်း သစ္စာရှိသောသူ တို့သည် ရှုတ်ချခြင်း၊ အပြစ်တင်ခြင်းနှင့် တိုင်းပြည်မှနှင်ထုတ်ခြင်းတို့ကို ခံရကြလိမ့်မည်။ သူတို့သည် သူတို့၏မိဘ၊ ညီအစ်ကို၊ ပေါက်ဖေါ်၊ အဆွေခင်ပွန်းတို့အားဖြင့်ရန်သူ၏လက်သို့အပ်နှံခြင်းကိုခံရကြလိမ့်မည်။

သူတို့သည် ဘုရားသခင်၏ကရုဏာတော်၌သာမျှော်လင့်ခြင်းကို တွေ့နိုင်လိမ့်မည်။ ဆုတောင်းခြင်းသာလျှင်သူတို့၏အကွယ်အကာဖြစ်လိမ့် မည်။ ယောရှုသည် ကောင်းကင်တမန်၏ရှေ့တော်၌ တောင်းပန်သည့် နည်းတူ ကျန်ကြွင်းသောအသင်းတော်သည် ကြေကွဲသောနှလုံး၊ စိတ် အားကြီးသောယုံကြည်ခြင်းနှင့်မိမိတို့၏အမှုဆောင်သခင်ယေရှုအားဖြင့် အပြစ်လွှတ်ခြင်းနှင့် ဘေးမှကင်းလွတ်ခြင်းချမ်းသာကိုရဖို့ရန်တောင်း လျှောက်ကြလိမ့်မည်။ သူတို့သည်မိမိတို့အသက်တာ၌အပြစ်ရှိကြောင်း ကိုလုံးလုံးသိမြင်လာကြလျက် မိမိတို့၏အားနည်းခြင်းနှင့် အဖိုးမထိုက် တန်ခြင်းအခြေအနေကိုသိရှိလာ၍ သူတို့သည်မိမိတို့ကိုယ်ကိုမိမိတို့ကြည့် ရှုလိုက်ကြသောအခါ စိတ်ပျက်လုမတတ်ရှိကြလေပြီ။

သွေးဆောင်သောသူသည်ယောရှုအားခုခံကာကွယ်ရန်အနား၌ ရပ်နေသည်နည်းတူသူတို့ကိုအပြစ်တင်စွပ်စွဲရန် သူတို့အနား၌ရပ်နေလေသည်။ သူသည်သူတို့၏ညစ်ညူးသောအဝတ်၊ ညံ့ဖျင်းချို့တဲ့သောအကျင့်စာရိတ္တများကိုညွှန်ပြလျက်ရှိ၏။ သူတို့၏ရွေးနုတ်ရှင်ကိုရှုတ်ချစရာဖြစ်သောသူတို့၏အားနည်းမိုက်မဲခြင်း၊ သူတို့၏ကျေးဇူးမဲ့သောအပြစ်များ၊ သခင်ခရစ်တော်နှင့်မတူသောအခြေအနေများကို စာတန်သည်ဖော်ပြလျက်ရှိ၏။ သူတို့၌မျှော်လင့်စရာအနည်းငယ်မျှမရှိ၊ သူတို့၏စွန်းကွက်သောညစ်ညူးခြင်းများကိုဘယ်သောအခါမျှဆေးကြော၍မရနိုင်ဟု သူတို့အားထင်မှတ်စေခြင်းဖြင့် စာတန်သည်ဝိညာဉ်များကိုခြောက်လှန့်ရန်ကြိုးစားလေ၏။ သူတို့သည်မိမိ၏သွေးဆောင်ခြင်းသို့လိုက်ပါ၍ ဘုရားသခင်ကိုရိုသေခြင်းကင်းမဲ့စေလျက် သားရဲ၏တံဆိပ်လက်မှတ်ကို ခံယူစေမည်အကြောင်း စာတန်သည် သူတို့၏ယုံကြည်ခြင်းကိုဖျက်ဆီးနိုင်လိမ့်မည်ဟုမျှော်လင့်အောက်မေ့လျက်ရှိ၏။

ဘုရားသခင်၏လူများတို့သည်အများသောအားဖြင့်အလွန်အပြစ်များကြ၏။ စာတန်သည် မိမိသွေးဆောင်၍ပြုလုပ်စေခဲ့သောအပြစ်များကိုအသေအချာမှတ်ထားသဖြင့် ဤအပြစ်များကိုအလွန်အမင်းအကျယ်ချဲ့၍ညွှန်ပြပြီးလျှင် 'ဘုရားသခင်သည် ကျွန်ုပ်နှင့်ကျွန်ုပ်၏တမန်များအားရှေ့တော်နှင်ထုတ်တော်မူမည်လော။ သို့ရာတွင်ထပ်တူထပ်မျှဖြစ်သောအပြစ်ကိုပြုခဲ့ဖူးသော ထိုသူတို့ကိုကား ဆုကျေးဇူးများချပေးတော်မူမည်လော။ အိုထာဝရဘုရား၊ ဤအမှုကိုတရားအတိုင်းဆိုလျှင်ကိုယ်တော်မပြုနိုင်ပါ။ ကိုယ်တော်၏အာဏာတော်သည်ဖြောင့်မတ်ခြင်းနှင့်တရားသဖြင့်ပြုမူစီရင်ခြင်းအားဖြင့်မတည်ဘဲနေတော်မူလိမ့်မည်။ သူတို့အပေါ်၌အပြစ်ဒဏ်ကိုချပေးရမည်ဟု တရားကဖော်ပြပါသည်" ဟုသူကပြောဆိုလျက်နေ၏။

သို့ရာတွင်သခင်ခရစ်တော်၏နောက်တော်သို့ လိုက်သောသူများသည် အပြစ်ပြုခဲ့ကြသော်လည်း ဒုစရိုက်အုပ်စိုးခြင်း၏လက်ထဲသို့ မိမိတို့ကိုယ်ကိုအပ်နှံခြင်းမပြုခဲ့ကြချေ။ သူတို့သည် မိမိတို့၏အပြစ်များကိုပယ်ရှား၍ နှိမ့်ချခြင်းနှင့်လည်းကောင်း၊ ကြေကွဲသောနှလုံးနှင့်လည်းကောင်း

ထာဝရဘုရားကိုရှာဖွေကြလေပြီ။ ၎င်းပြင်သူတို့၏အမှုဆောင် သခင် သည်သူတို့အတွက်တောင်းပန်တော်မူ၏။ သူတို့၏ကျေးဇူးကန်းသော သဘောအားဖြင့်ရှုတ်ချခြင်းကိုခံရ၍သူတို့၏အပြစ်များနှင့်သူတို့၏နောင် တရခြင်းသဘောကိုသိရှိတော်မူသောအရှင်က 'အိုစာတန်၊ ထာဝရ ဘုရားသည်သင့်ကို ဆုံးမတော်မူပါစေသော၊ ငါသည် ဤဝိညာဉ်များ အတွက်ငါ့အသက်ကိုစွန့်ခဲ့လေပြီ။ သူတို့ကို ငါ၏လက်ဖဝါးများပေါ် တွင်စာထိုးထားပြီ" ဟု စာတန်အားမိန့်တော်မူ၏။

## ဘုရားသခင်နှင့်အတူသီးခြားရှိနေခြင်း

စာတန်၏ တိုက်ခိုက်ရှုတ်ချခြင်း အမှုကိစ္စတို့သည် ပြင်းထန်၍ သူ၏ပရိယာယ်များမှာ ကြောက်လန့်စရာကောင်းပေသည်။ သို့ရာတွင် ထာဝရဘုရားသည် မိမိ၏လူများကိုကြည့်ရှုစောင်မတော်မူ၏။ သူတို့ခံရ သော ဒုက္ခဆင်းရဲခြင်းသည် ကြီးကျယ်၍ မီးဖို၏မီးတောက်သည် သူတို့ ကို လောင်ကျွမ်းလုနီးပြီဟု ထင်ရ၏။ သို့ရာတွင် သခင်ယေရှုသည် သူတို့ အားမီးဖြင့်ချွတ်ပြီးသောရွှေကဲ့သို့ ထုတ်ဆောင်တော်မူ၏။ သူတို့အပေါ် ၌ သခင်ခရစ်တော်၏ပုံသဏ္ဌာန်တော်သည် လုံးလုံးထင်ပေါ်လာစေမည့် အကြောင်း သူတို့၏လောကီပုံသဏ္ဌာန်ကိုပယ်ရှားရမည်။ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့် သည်းခံခြင်းတို့သည် တိုးပွားလာရကြလိမ့်မည်။

ဘုရားသခင်၏လူများတို့သည် ဘုရားသခင်၏ရှေ့တော်၌ မိမိတို့ ၏စိတ်ဝိညာဉ်များကို ငြိုငြင်စေလျက် စိတ်နှလုံးသန့်ရှင်းစေဖို့ရန်တောင်း လျှောက်နေကြစဉ်၊ 'ညစ်ညူးသောအဝတ်ကို ချွတ်ပယ်လော့" ဟုမိန့် တော်မူ၍ 'သင့်အပြစ်ကိုငါဖြေရှင်းပြီ၊ တင့်တယ်သောအဝတ်ကိုဝတ် စေမည်" ဟု အားတက်စရာစကားများကိုမိန့်တော်မူ။ သခင်ခရစ် တော်၏ ဖြောင့်မတ်ခြင်းတည်းဟူသော စွန်းကွက်ခြင်းကင်းသည့် ဝတ်ရုံ ကို စုံစမ်းခြင်း၊ သွေးဆောင်ခြင်းခံရသော်လည်း သစ္စာရှိသော ဘုရား သခင်၏သားသမီးများအပေါ်၌ ခြုံပေးတော်မူပြီ။ မထီမဲ့မြင်ပြုခြင်းကို ခံရသောကျန်ကြွင်းသူတို့သည် ဘုန်းတော်နှင့်ပြည့်ဝသော အဝတ်တန် ဆာကိုဝတ်ဆင်ကြ၍ နောင်ဘယ်သောအခါ မျှလောက၏ပျက်စီးဖေါက် ပြန်ခြင်းတို့အားဖြင့် ညစ်ညူးခြင်းမရှိနိုင်ကြတော့ချေ။

သူတို့၏နာမများကိုသိုးသငယ်၏အသက်စာစောင်တွင်အစဦးက ပင် သစ္စာစောင့်လာကြသောသူတို့နှင့်အတူ စာရင်းသွင်းရေးမှတ်ထား လေပြီ။ သူတို့သည် လှည့်ဖြားသောသူ၏ပရိယာယ်ကို ခုခံခဲ့ကြလေပြီ။ သူတို့သည် နဂါး၏ကြိမ်ဝါးသံအားဖြင့် သစ္စာမဖေါက်ဘဲ နေခဲ့ကြပြီ။ သူတို့သည် ယခုသွေးဆောင်သောသူ၏ပရိယာယ်များမှ ထာဝရအစဉ် ကင်းလွတ်လုံခြုံလျက်ရှိကြ၏။ ဒုစရိုက်ကိုအစပြုသောသူ၏အပေါ်သို့သူတို့ ၏အပြစ်များကိုပြောင်းလွှဲပေးလိုက်လေပြီ။ ကျန်ကြွင်းသောသူတို့သည် အပြစ်လွှတ်ခြင်း၊ လက်ခံခြင်းအခွင့်ကိုသာရသည်မဟုတ်သေး၊ ချီးမြှောက် ခြင်းကိုပင်ခံရကြလေသည်။ 'စင်ကြယ်သောပေါင်း" ကိုသူတို့အပေါ်၌ တင်တော်မူ၏။ သူတို့သည် ဘုရားသခင်ရှေ့တော်၌ ရှင်ဘုရင်များနှင့် ယဇ်ပုရောဟိတ်များဖြစ်ရကြလိမ့်မည်။

စာတန်သည်ဤလူစုအားအပြစ်တင်စွပ်စွဲလျက် ဖျက်ဆီးဖို့ရန် ရှာ ကြံနေစဉ် လူမျက်စိဖြင့်မမြင်နိုင်သည့် သန့်ရှင်းသောကောင်းကင်တမန် များတို့သည်ထိုမှဤမှပျံဝဲလျက် သူတို့၏အပေါ်၌အသက်ရှင်တော်မူသော ဘုရားသခင်၏တံဆိပ်တော်ကို ခတ်နှိပ်နေကြလေသည်။ ဤသူတို့ကား မိမိတို့၏နဖူးပေါ်တွင် ခမည်းတော်၏ နာမတော်ကို ရေးမှတ်ထား လျက် သိုးသငယ်တော်နှင့်အတူ ဇိအုန်တောင်ပေါ်၌ ရပ်နေသောသူ များတည်း။ မြေကြီးပေါ်မှ ရွေးနုတ်ခြင်းကို ခံရသောသူတစ်သိမ်းလေး သောင်းလေးထောင်တို့မှတစ်ပါး အဘယ်သူမျှမဆိုနိုင်သည့် အသစ် သောသီချင်းကို သူတို့သည် ပလ္လင်တော်ရှေ့၌ သီဆိုကြလေသည်။ 'ထို သူတို့သည် သိုးသငယ်သွားလေရာရာအရပ်သို့နောက်တော်၌လိုက်သော သူဖြစ်ကြ၏။ သူတို့အထဲကရွေးနုတ်၍ ဘုရားသခင်နှင့် သိုးသငယ်အဖို့ အဦးသီးသောအသီးဖြစ်ကြ၏။ အပြစ်နှင့်ကင်းလွတ်ကြသည်ဖြစ်၍ သူတို့ နှုတ်၌မုသားမရှိ။"

အိုယဇ်ပုရောဟိတ်မင်းယေရှု၊ သင့်ရှေ့မှာနေသော သင်၏အ ပေါင်းအဖေါ်တို့နှင့်တကွနားထောင်လော့။ သူတို့သည်နိမိတ်လက္ခဏာ နှင့်ယှဉ်သောသူဖြစ်ကြ၏။ ငါ့ကျွန်တည်းဟူသောအညွန့်ကိုငါပေါ်ထွန်း စေမည်" ဟူသောကောင်းကင်တမန်၏ ထိုစကားတော်များသည် ယခု

ပြည့်စုံခြင်းသို့လုံးလုံးရောက်ရှိလေပြီ။ သခင်ခရစ်တော်သည်မိမိ၏လူများကိုရွေးနုတ်ရှင်နှင့်ကယ်လွတ်ရှင်အဖြစ်နှင့်ထင်ရှားတော်မူပြီ။ သူတို့သည် ဘုရားဝတ်ပြုကိုးကွယ်ရေးတွင် ခရီးသွားနေကြစဉ် မျက်ရည်ကျခြင်း၊ နှိမ့်ချခြင်းတို့နှင့်တွေ့ကြုံရာမှ ဘုရားသခင်နှင့်သိုးသငယ်ရှေ့တော်တွင် ဝမ်းမြောက်ခြင်း၊ ချီးမြောက်ခြင်းကိုခံစားနေရသဖြင့် ယခုဇကေန်အမှန်ပင်ကျန်ကြွင်းသောသူတို့သည် 'နိမိတ်လက္ခဏာနှင့်ယှဉ်သောသူ" ဖြစ်ကြလေပြီ။ 'ထိုကာလ၌ထာဝရဘုရား၏အညွန့်သည်ဘုန်းအသရေပွင့်လန်းလိမ့်မည်။ လွတ်သောဣသရေလအမျိုးသားတို့အဖို့ မြေအသီးအနှံသည် ကောင်းမြတ်လျောက်ပတ်လိမ့်မည်။ ဇိအုန်တောင်မှာကျန်ကြွင်း၍ ယေရုရှလင်မြို့၌နေရစ်သောသူတည်းဟူသောအသက်စာရင်းဝင်သမျှသော ယေရုရှလင်မြို့သားတို့သည် သန့်ရှင်းခြင်းရှိကြလိမ့်မည်။ 5T 467-76.

ကျွန်ုပ်တို့သည် လောကကိုရွေးနုတ်တော်မူသောအရှင် နေတော်မူသည်နည်းတူရပ်နေရကြမည်။ သခင်ခရစ်တော်သည်မောရှေ၏ကိုယ်ကိုအကြောင်းပြု၍စာတန်နှင့်ငြင်းခုံသောအခါ ကဲ့ရဲ့စွာသောပြစ်တင်ခြင်းကိုပြုတော်မမူချေ။ ကိုယ်တော်၌ ဤသို့ပြုဖို့ရန်အကြောင်းများရှိပေသည်။ သို့သော် သခင်ခရစ်တော်၌ ကလဲ့စားချေလိုသောသဘောကို ထကြွလာစေရန် စာတန်သည် မနှိုးဆော်နိုင်သောကြောင့် သူသည်စိတ်ပျက်သွားလေ၏။ သခင်ယေရှုပြုတော်မူသော အရာခပ်သိမ်းရှိသမျှကို လူတို့အားအလွဲမှတ်ယူစေရန် နှိုးဆော်ဖို့ စာတန်သည် အသင့်ရှိပေသည်။ သို့သော် ကယ်တင်ရှင်သည်သူ့အားအခွင့်မပေးချေ။ ချေပပြောဆိုချက်နှင့်တူသော အရာ တစ်စုံတစ်ခုကိုမျှ အခွင့်အပေးချေ။ ကိုယ်တော်သည် စာတန်၏ လှည့်ပတ်ခြင်း၊ လိမ်ကောက်ခြင်း၊ လွဲဖယ်ခြင်းနှင့်လီဆယ်ခြင်းတို့ကိုလိုက်နာစောင့်ရှောက်ရန် မိမိ၏ဖြောင့်မှန်သောသမ္မာတရားလမ်းမှ လွဲဖယ်တော်မမူ။ ၉ဤ ၂၃၉-၄၀။

--*--

အခန်း ၂

# ခရစ်ယာန်တို့၏အကျင့်စာရိတ္တနှင့်ဝိညာဉ်ခွန်အား တိုးပွားခြင်း

## အကျင့်စာရိတ္တတည်ဆောက်ခြင်း

ဤအသက်တာ၌ တည်ဆောက်ပြုပြင်ရရှိသော အကျင့်စာရိတ္တ အတိုင်း နောင်ကာလတွင် အကျိုးအပြစ်ကိုခံစားရကြလိမ့်မည်။ သခင် ခရစ်တော်သည် ကြွလာတော်မူသောအခါ တစ်စုံတစ်ယောက်သော သူ၏ အကျင့်စာရိတ္တကိုပြုပြင်ပြောင်းလဲပေးတော်မူမည်မဟုတ်။ ကျွန်ုပ် တို့၏ အကျင့်စာရိတ္တတည်းဟူသောဝတ်ရုံများကို သိုးသငယ်တော်၏ အသွေးတော်နှင့်ဆေးကြောရာ၌ ဖြူစင်လာအောင် တိုး၍ပြုပြင်ပေးစေဖို့ ရန် အဖိုးထိုက်တန်သောအစမ်းခန့်ထားခွင့်ကာလကို ပေးထားလေပြီ။ အပြစ်၏ စွန်းကွက်ခြင်းများကို ပယ်ရှားရန် တစ်သက်ပတ်လုံး ပြုပြင် ပြောင်းလဲခြင်းအလုပ်ကို လုပ်ဖို့လိုပေသည်။ ကိုယ့်အလိုဆန္ဒကို ငြင်းပယ် တားဆီးဖို့ရန် နေ့တိုင်းအသစ်သောခွန်အားနှင့် ထပ်မံကြိုးစားဖို့လိုပေ သည်။ နေ့တိုင်းတိုက်ခိုက်ရန်အသစ်သောစစ်ပွဲများရှိ၍ အောင်မြင်ဖို့ရန် အခွင့်များရှိသည်။ လူသည် လက်ဝါးကပ်တိုင်အားဖြင့် ကြီးစွာသော အောင်မြင်ခြင်းအခွင့်ကို ရရှိဖို့ရန် နေ့တိုင်း ဘုရားသခင်အား ဝိညာဉ် ခွန်အားရှိသမျှနှင့်တောင်းလျှောက်ရမည်။ 4T. 429.

## မိမိစိတ်အလိုဆန္ဒကိုဘုရားသခင်ဘက်၌ထားခြင်း

မိမိ၏အလိုဆန္ဒကိုငြင်းပယ်၍ သခင်ယေရှုခရစ်၏ အလိုတော်ကို လိုက်နာစောင့်ရှောက်ရန် သင်၌တာဝန်ရှိပေသည်။ သင်သည် ဤသို့ပြု သောအခါ ဘုရားသခင်သည် သင့်ကိုချက်ချင်းထိန်းသိမ်းအုပ်စိုးတော် မူ၍ အလိုတော်ကို လိုက်လျှောက်နိုင်စေရန် သင့်ကိုပြုပြင်တော်မူလိမ့် မည်။ ထိုနောက် သင်၏ဇာတိသဘောတစ်ခုလုံးသည် သခင်ရစ်တော် ၏ဝိညာဉ်တော် အုပ်စိုးခြင်းလက်အောက်သို့ ရောက်ရှိလာလိမ့်မည်။

သင်၏အလိုအတိုင်း သင်သည် သင်၏တပ်မက်ခြင်းစိတ်နှလုံးအကြံ အစည်းများကိုမအုပ်စိုးနိုင်သော်လည်း သင်၏စိတ်အလိုဆန္ဒကို အုပ်စိုး နိုင်၍ သင်၏အသက်တာတွင် လုံးလုံးပြောင်းလဲခြင်းကိုဖြစ်စေနိုင်သည်။

မိမိ၏စိတ်အလိုဆန္ဒကို သခင်ခရစ်တော်ထံသို့အပ်နှံထားခြင်းဖြင့် သင်တို့အသက်သည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ ဝှက်ထားလျက် ရှိ၍ အာဏာစက်နှင့် တန်ခိုးအပေါင်းတို့ထက်သာ၍စွမ်းအားရှိသော တန်ခိုးတော်နှင့်အတူ ပေါင်းစပ်ခွင့်ရလိမ့်မည်။ သင့်အားတန်ခိုးတော်၌ တည်မြဲရှိစေလိမ့်မည်ခွန်အားကို သင်သည် ဘုရားသခင်ထံတော်မှရရှိ၍ အသစ်သောအလင်း၊ အသက်ရှင်သော ယုံကြည်ခြင်း၏အလင်းကိုပင် သင်သည် ရရှိတတ်ရန်တတ်စွမ်းနိုင်လိမ့်မည်။ သို့ရာတွင်သင်၏စိတ်အလို ဆန္ဒသည် ဘုရားသခင်၏ အလိုဆန္ဒတော်နှင့်အတူပေါင်းဖက်ရ၍ သင့် အပေါင်းအသင်းများတို့၏အလိုဆန္ဒသို့မလိုက်ရချေ။ အကြောင်းမူကား သင့်အားဖမ်းဆီး၍ဖျက်ဆီးရန် စာတန်မာရ်နတ်သည်ကြိုးစားနေသည်။

ယုံကြည်ခြင်းအကြောင်းကို ပြောပြပါ။ ဘုရားသခင်ဘက်မှာ အစဉ်တည်ရှိပါစေ။ ရန်သူ၏ဘက်သို့ခြေမလှမ်းပါနှင့်။ ထာဝရဘုရား သည် သင့်ကိုမစကူညီသောသူဖြစ်လိမ့်မည်။ သင်မတတ်နိုင်သောအမှုကို ဘုရားသခင်သည် သင့်အတွက်ပြုတော်မူမည်။ သင်သည် လေဗနုန် တောင်က အာရဇ်ပင်ကဲ့သို့ အကျိုးထူးကို ခံစားရလိမ့်မည်။ သင်၏ အသက်တာအခြေအနေသည် မြင့်မြတ်ခြင်းနှင့်ပြည့်စုံ၍ သင်၏အလုပ် သည် ဘုရားသခင်၏ အလိုတော်နှင့်အညီ ပြုပြင်ခြင်း ခံရလိမ့်မည်။ သင်သည် ဘုရားသခင်၏လက်တော်တွင် တောက်ပသောတန်ဆာကဲ့သို့ ဖြစ်လာမည့်အကြောင်း သင်၌ခွန်အားအစွမ်းသတ္တိ၊ စိတ်အားထက်သန် သော သဘောနှင့်ရိုးသားသောသဘောများဖြစ်ပေါ်လာလိမ့်မည်။

သင်သည် သင်၏အလိုဆန္ဒကိုမငြင်းပယ်၊ ဘုရားသခင်၏စကား တော်ကို နားထောင်ရန် ဆုံးဖြတ်ခြင်းမရှိဘဲနေလျှင် သခင်ခရစ်တော်၏ နောက်တော်သို့လိုက်ခြင်းဟူ၍မခေါ်ဆိုနိုင်ချေ။ သင်၏စိတ်ထဲ၌ထင်မှတ် နေခြင်း၊ ကြံစည်စိတ်ကူးနေခြင်းဖြင့် သင်သည် ဘုရားသခင်၏သားသမီး

မဖြစ်နိုင်။ ဘုရားသခင်၏ အလိုတော်ကိုဆောင်ရွက်မှသာဖြစ်နိုင်သည်။ သင်သည်ဘုရားသခင်၏အလိုတော်ကိုလိုက်လျှောက်လျှင်သင်၏အသက်တာသည် အသုံးကျသောအသက်တာဖြစ်လိမ့်မည်။ သို့ပြုလျှင်သင်သည် ကောင်းသောအမှုများ၏ပုံစံဖြစ်လျက် ဘုရားသခင်ဖြစ်ပွားစေသောသူအဖြစ်၌ရပ်နေရမည်။ 5T. 514-5.

## သခင်ခရစ်တော်ကိုထင်ရှားစွာဝန်ခံခြင်း

သခင်ခရစ်တော်ကို စိတ်နှလုံးထဲတွင်စွက်ထားဖို့ရန်မဟုတ်။ ၎င်းပြင် ရိုသေဖွယ်ဖြစ်၍ ချိုသာသဖြင့် တပ်မက်သော ဥစ္စာဘဏ္ဍာကဲ့သို့ ပိုင်ဆိုင်သောသူတစ်ဦးတည်းသာအသုံးပြုဖို့ရန် သိမ်းဆည်းမထားရချေ။ ကျွန်ုပ်တို့နှင့် တွေ့ဆုံမိတ်ကျွမ်းဝင်လာသောသူတို့အား ခွန်အားပြည့်စေလျက် ထာဝရအသက်ရှင်ခြင်းအလို့ငှါ စီးဆင်းလျက်ရှိသောစမ်းရေတွင်းကဲ့သို့ သခင်ခရစ်တော်ကို ကျွန်ုပ်တို့၏စိတ်နှလုံးထဲတွင်တည်ရှိစေရမည်။ လူများတို့သည် သန့်ရှင်းခြင်းအသရေကို တပ်မက်စွဲလမ်းလာသည့်တိုင်အောင် ကျွန်ုပ်တို့၏အကျင့်စာရိတ္တများတွင်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့်ချစ်ခြင်းမေတ္တာကိုထင်ရှားစေလျက်ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏အကြောင်းကိုရဲရင့်စွာပွင့်ပွင့်လင်းလင်းဝန်ခံရကြမည်။ အနံ့မပြယ်စေခြင်းငှါ အမွှေးအကြိုင်များကို ပုလင်းတွင်ထည့်ထားသကဲ့သို့ ကျွန်ုပ်တို့၏ကျင့်ဝတ်များကို သိမ်းဆည်းထားလျှင်မသင့်လျော်လှချေ။ 4T, 555-6.

## သခင်ယေရှုကိုစေ့စေ့ထောက်ရှုကြည့်ခြင်း

မိမိတို့၏ထင်မြင်ချက်များကိုသာ စွဲလမ်းလျက် မိမိတို့၏တိုးတက်ခြင်း သို့မဟုတ်ဆုတ်ယုတ်ခြင်းကိုဝေဖန်ပိုင်းခြားနေခြင်းဖြင့်အများသောသူတို့သည် မိမိတို့၏ဝတ်ပြုကိုးကွယ်ခြင်းအမှုတွင် ကြီးစွာသော အမှားကြီးကို ပြုလုပ်နေကြသည်။ စိတ်၌ပေါ်ပေါက်လာသောအရာများသည် စိတ်ချရသောအချက်မဟုတ်ပေ။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုလက်ခံတော်မူကြောင်းကိုသိရှိရန်မိမိတို့ကိုယ်ကိုကြည့်ရှုနေကြဖို့မသင့်ပေ။ ထိုသို့ကြည့်ရှုနေခြင်းဖြင့် ကျွန်ုပ်တို့အားစိတ်ပျက်စေမည့်အရာများအပြင်မည်သည့်အရာကိုမျှတွေ့ရှိကြလိမ့်မည်မဟုတ်။ 'ယုံကြည်ခြင်းကိုအစအဦးစီရင်၍စုံလင်တော်မူသောသခင်ယေရှုကိုစေ့စေ့ထောက်ရှု" ခြင်းသာလျှင်

ကျွန်ုပ်တို့၏တစ်ခုတည်းသောမျှော်လင့်ခြင်းဖြစ်ပေသည်။ ဟေဗြဲ၊ ၁၂း၂။ မျှော်လင့်ခြင်း၊ ယုံကြည်ခြင်းနှင့် ရဲရင့်ခြင်း သဘောများသွင်းပေးရန် ကိုယ်တော်၌အလုံးစုံတည်ရှိ၏။ ကိုယ်တော်သည်ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်း၊ စိတ်သက်သာခြင်းနှင့်ဝမ်းမြောက်ခြင်းဖြစ်တော်မူပေသည်။

စိတ်သက်သာခြင်းရဖို့ရန် မိမိကိုယ်ကိုကြည့်ရှုသော သူတို့သည် မောပန်း၍စိတ်ပျက်ခြင်းသို့ ရောက်ရကြလိမ့်မည်။ ဆုတောင်းခြင်းတည်းဟူသောအဖိုးထိုက်တန်သည့် အခွင့်ထူးကို မှန်ကန်စွာဂရုစိုက်သော၊ သို့မဟုတ် တိုးပွားအောင် ပြုလုပ်သောသူ အနည်းငယ်မျှသာရှိကြ၏။ ကျွန်ုပ်တို့သည် သခင်ယေရှုထံတော်သို့သွား၍ ကိုယ်တော်အား ကျွန်ုပ်တို့၌လိုသမျှသောအရာအပေါင်းတို့ကို ကြားပြောရကြမည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ထံသို့ ကျွန်ုပ်တို့၏စိုးရိမ်ဖွယ်သော အမှုကလေးများ၊ ရှုပ်ထွေးသောအရာများနှင့်တကွ ကြီးစွာသောဒုက္ခဆင်းရဲခြင်းများကို ယူဆောင်လာနိုင်ကြသည်။ ကျွန်ုပ်တို့အားနှောင့်ယှက်သောအရာ၊ ဘေးဒုက္ခရောက်စေသောအရာရှိသမျှတို့ကို ကျွန်ုပ်တို့သည် ဆုတောင်းခြင်းအားဖြင့်သခင်ဘုရားထံသို့ယူဆောင်လာရကြမည်။

ကျွန်ုပ်တို့ခြေလှမ်းတိုင်း၌သခင်ခရစ်တော်ပါရမည်ကို သိမြင်သောအခါ စာတန်သည် သွေးဆောင်ခြင်းကိုပြုလုပ်ရန်အခွင့်အနည်းငယ်ကိုရှာကြံလိမ့်မည်။ ကျွန်ုပ်တို့အားကျွန်ုပ်တို့၏အကောင်းဆုံးနှင့်ထောက်ထားစာနာတတ်ဆုံးသော မိတ်ဆွေထံမှဝေးကွာစေခြင်းငှါ စာတန်သည် ကြိုးစားအားထုတ်တတ်သည်။ ကျွန်ုပ်တို့သည် သခင်ယေရှုမှတစ်ပါးမည်သူကိုမျှအတိုင်အပင်ခံရသူအဖြစ်နှင့် မထားရချေ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စိတ်ထဲတွင်ရှိသမျှသော အရာခပ်သိမ်းတို့ကို ကိုယ်တော်အားယုံကြည်အားထားခြင်းနှင့် ဖေါ်ပြတိုင်ပင်နိုင်ပါသည်။

ညီအစ်ကိုမောင်နှမများတို့၊ သင်တို့သည် ဝတ်ပြုကိုးကွယ်ရန်စုရုံးကြသောအခါ၌သခင်ယေရှုသည် သင်တို့နှင့်အတူရှိတော်မူကြောင်း၊ သင်တို့အားကောင်းချီးပေးရန်အလိုတော်ရှိတော်မူကြောင်းကို ယုံကြည်ကြပါ။ မိမိကိုယ်ကိုမကြည့်ဘဲ သခင်ယေရှုခရစ်ကိုကြည့်ပါ။ ကိုယ်တော်

၏အတုမရှိသောမေတ္တာတော်အကြောင်းကိုပြောဆိုပါ။ ကိုယ်တော်ကို ကြည့်ရှုခြင်းအားဖြင့် သင်သည်ကိုယ်တော်၏ ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲလိမ့်မည်။

သင်ဆုတောင်းသောအခါ တို့၍အချက်ကျပါစေ။ သခင်ဘုရားအားရှည်သောဆုတောင်းခြင်းဖြင့်တရားဟောမနေပါနှင့်။ ဆာငတ်မွတ်သောကလေးသူငယ်သည် မိမိ၏လောကီအဘထံမှမုန့်ကိုတောင်းသည်နည်းတူ ထာဝရအသက်မုန့်ကိုတောင်းပါ။ ကျွန်ုပ်တို့သည်ကိုယ်တော်အားယုံကြည်ခြင်းနှင့် ရိုးရိုးကလေးတောင်းလျှောက်လျှင် ဘုရားသခင်သည်ကျွန်ုပ်တို့အပေါ်၌ လိုသမျှသောကောင်းချီးမင်္ဂလာတိုင်းကို ချပေးတော်မူလိမ့်မည်။ 5T 192-201.

**စေ့စေ့ထောက်ရှုကြည့်ခြင်းဖြင့်ပြောင်းလဲလာကြောင်း**

ညီအစ်ကိုမောင်နှမများတို့၊ ကိုယ်တော်ကို စေ့စေ့ထောက်ရှုခြင်းအားဖြင့်သာကျွန်ုပ်တို့သည်ပြောင်းလဲခြင်းအခွင့်ကိုရ ကြလိမ့်မည်။ ဘုရားသခင်နှင့်ကျွန်ုပ်တို့ကယ်တင်ရှင်တို့၏မေတ္တာတော်ကို အောက်မေ့ခြင်း၊ ဘုရားသခင်၏ စုံလင်သောအကျင့်သဘောတော်ကို ဆင်ခြင်စဉ်းစားခြင်း၊ သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းကို ယုံကြည်ခြင်းအားဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းကဲ့သို့တောင်းဆိုခြင်းအားဖြင့်လည်းကောင်း ကျွန်ုပ်တို့သည် ကိုယ်တော်၏ပုံသဏ္ဍာန်တော်နှင့်အညီပြောင်းလဲခြင်းသို့ရောက်ကြလိမ့်မည်။

ထိုကြောင့်ကျွန်ုပ်တို့၏စိတ်နှလုံးသည်စိတ်ပျက်ခြင်းနှင့်ပြည့်ဝလာသည်တိုင်အောင် စာတန်၏အုပ်စိုးခြင်းတန်ခိုးကိုထင်ရှားစေသောအရာများဖြစ်သည့် လွန်ကျူးခြင်းအပြစ်များ၊ ပျက်စီးခြင်းများနှင့်စိတ်ပျက်ခြင်းတည်းဟူသောမနှစ်သက်ဖွယ်သော ရုပ်ပုံများကို ကျွန်ုပ်တို့၏သတိဉာဏ်၏အခန်းမကြီးများတွင်းချိတ်ထား၍ ၎င်းတို့အကြောင်းကိုထပ်ခါထပ်ခါပြောဆိုလျက် ညည်းတွားခြင်းပြုဖို့ရန်မစုမသိမ်းကြပါနှင့်။ စိတ်ပျက်အားလျော့နေသောသူသည်မှောင်မိုက်သောခန္ဓာကိုယ်ဖြစ်လျက်ဘုရားသခင်ထံတော်မှ မိမိကိုယ်တိုင်အလင်းကိုမရရှိဘဲ နေသည်သာမက သူတစ်ပါးထံသို့လည်းမရောက်ရှိစေရန် ပိတ်ပင်တားမြစ်ထားလေသည်။

စာတန်သည် လူများတို့အားယုံကြည်ခြင်းကင်းမဲ့စေ၍ အားနည်းစိတ်ပျက်စေလျက် မိမိအောင်မြင်ခြင်း၏ရုပ်ပုံများတို့အားဖြင့် ထင်ရှားစေသောအကျိုးများကိုသိမြင်လိုပေသည်။

ကောင်းကင်တွင်ဘုရားသခင်သည် အမြင့်မြတ်ဆုံးသောပုဂ္ဂိုလ်ဖြစ်တော်မူ၏။ ထိုအရပ်၌သန့်ရှင်းခြင်းသည် အမြတ်ဆုံးသောအရာဖြစ်၏။ ဘုရားသခင်နှင့်ညီညွတ်သောအမှုအရာများကို ပျက်ကွက်စေသောအရာတစ်စုံတစ်ခုမျှထိုအရပ်၌မရှိ။ ကျွန်ုပ်တို့သည် ထိုအရပ်သို့ဧကန်အမှန်ခရီးသွားလျက်နေကြပါမူကျွန်ုပ်တို့၏စိတ်နှလုံးထဲတွင်ကောင်းကင်သဘောသည် ထင်ရှားလျက်ရှိလိမ့်မည်။ သို့ရာတွင်ယခုကျွန်ုပ်တို့သည် ကောင်းကင်အရာများကို စဉ်းစားဆင်ခြင်ရာ၌ မနှစ်သက်၊ ဘုရားသခင်ကိုသိကျွမ်းခြင်းပညာကိုရှာဖွေရာ၌ စိတ်ပါဝင်စားခြင်းမရှိ၊ သခင်ခရစ်တော်၏ အကျင့်သဘောတော်ကိုကြည့်ရှုရာ၌ နှစ်သက်ခြင်းမရှိ၊ သန့်ရှင်းခြင်းအရာကို စိတ်စွဲလမ်းခြင်းမရှိကြပါမူ ကောင်းကင်အရာတွင်ကျွန်ုပ်တို့၌မျှော်လင့်စရာအချက်မရှိတော့ချေ။

ဘုရားသခင်၏အလိုတော်ကိုစုံလင်စွာလိုက်နာစောင့်ရှောက်ခြင်းသည် ခရစ်ယာန်တို့၏ မြင့်မြတ်သောရည်ရွယ်ချက် အစဉ်ဖြစ်ပါစေ။ ထိုကဲ့သို့သောသူသည် ဘုရားသခင်၏အကြောင်း၊ သခင်ယေရှု၏အကြောင်း ကိုယ်တော်ကိုချစ်ခင်သောသူတို့အတွက် သခင်ခရစ်တော်ပြင်ဆင်တော်မူပြီးသော သုခချမ်းသာနှင့်သန့်ရှင်းဖြူစင်ခြင်းတို့နှင့်ပြည့်စုံသောအိမ်တော်အကြောင်းကိုပြောဆိုရန်နှစ်သက်လိမ့်မည်။ 5T 744-5.

## သခင်ခရစ်တော်၏ကျောင်းတော်၌ သင်ရန်သင်ခန်းစာများ

အသက်တာသည်စည်းကမ်းဥပဒေများနှင့်ပြည့်ဝလျက်ရှိ၏။ ဤလောက၌ရှိစဉ် ခရစ်ယာန်သည်ဆန့်ကျင်ဘက်ဖြစ်သောတန်ခိုးအားဇာများနှင့်တွေ့ကြုံရလိမ့်မည်။ သဘောကိုစစ်ဆေးဖို့ရန် အမျက်ထွက်စရာအကြောင်းများရှိကြလိမ့်ဦးမည်။ ဤအရာများတို့ကို မှန်ကန်သောသဘောနှင့်တွေ့ကြုံခြင်းအားဖြင့် ခရစ်ယာန်၏ ကျေးဇူးများတို့သည်

ပွားများ၏ နစ်နာခြင်းနှင့်ကဲ့ရဲ့ပြစ်တင်စော်ကားသောစကားများကို ဖြည်းညင်းသောစကားအားဖြင့်ပြန်ဖြေလျှင် နှိပ်စက်ညှဉ်းဆဲခြင်းအမှုကို ကြင်နာသောအပြုအမူအားဖြင့်ပြုလျှင် သခင်ခရစ်တော်၏ဝိညာဉ်တော်သည်စိတ်နှလုံးထဲ၌ကိန်းအောင်းကြောင်း အသက်ရှင်လျက်ရှိသောစပျစ်နွယ်တော်ပင်မှအရည်သည်အကိုင်းအခက်များသို့ စီးလျက်ရှိကြောင်း ဖေါ်ပြသောလက္ခဏာဖြစ်ပေသည်။

ဤအသက်တာ၌ ကျွန်ုပ်တို့သည် နူးညံ့သိမ်မွေ့ခြင်းနှင့်စိတ်နှလုံးနှိမ့်ချခြင်းရှိစေဖို့သင်ကြားရန်သခင်ခရစ်တော်၏ကျောင်းတော်၌ရှိနေကြသည်။ ၎င်းပြင်နောက်ဆုံးစစ်ကြောစီရင်ရာနေ့ရက်တွင် ကျွန်ုပ်တို့တွေ့ဆုံရသောခက်ခဲခြင်းရှိသမျှ၊ ကျွန်ုပ်တို့ခံယူရရှိခဲ့ကြသော ဒုက္ခဆင်းရဲခြင်း၊ နှောက်ယှက်ညှဉ်းဆဲခြင်းရှိသမျှတို့သည် ခရစ်ယာန်တို့၏အသက်တာနှင့်ဆိုင်သောစည်းကမ်းဥပဒေများကိုလိုက်နာစောင့်ရှောက်ရာတွင် လက်တွေ့ကိုယ်တွေ့သင်ခန်းစာများဖြစ်ကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ရကြလိမ့်မည်။ အဆုံးတိုင်အောင်စိတ်ရှည်စွာသည်းခံလျှင် ၎င်းတို့သည် ခရစ်တော်နှင့်တူသောသဘောအကျင့်စာရိတ္တကိုတိုးပွားစေ၍ ခရစ်ယာန်နှင့်လောကီသားကိုခြားနားစေလိမ့်မည်။

## မိမိကိုယ်ကိုအောင်မြင်ခြင်း

အကျင့်စာရိတ္တကားစစ်ဆေးခြင်းခံရလိမ့်မည်။ ကျွန်ုပ်တို့သည် အသက်ရှင်လျက်နေသောစပျစ်နွယ်တော်ပင်၏အကိုင်းအခက်များ ဧကန်အမှန်ဖြစ်ကြလျှင် သခင်ခရစ်တော်သည် ကျွန်ုပ်တို့အထဲ၌ထင်ရှားတော်မူလိမ့်မည်။ ဒေါသအမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်းတို့တွင် ကျွန်ုပ်တို့သည် သည်းခံလျက် ကြင်နာသောသဘောကိုပြ၍ ဝမ်းမြောက်ခြင်းရှိရကြမည်။ တစ်နေ့ပြီးတစ်နေ့၊ တစ်နှစ်ပြီးတစ်နှစ် ကျွန်ုပ်တို့သည်မိမိတို့ကိုယ်ကိုအောင်မြင်၍မြင့်မြတ်သောသူရသတ္တိ၌ တိုးပွားကြလိမ့်မည်။ ဤအရာသည် ကျွန်ုပ်တို့အတွက်ခွဲခြား၍ သီးသန့်ထားသောအမှုဖြစ်၏။ သို့ရာတွင် သခင်ယေရှုထံတော်မှအစဉ်မစခြင်းအခွင့်မရရှိ၊ မဆုတ်မလျော့သောဆုံးဖြတ်ခြင်း၊ မယိမ်းနိုင်သောအကြံအစည်၊ အစဉ်အမြဲစောင့်နေခြင်းနှင့်မခြားမလပ် ဆုတောင်းပတ္ထနာပြုခြင်းမရှိဘဲ ၎င်းအမှုကိုမပြီး။

မြောက်နိုင်ချေ။ လူတိုင်းတို့၌ မိမိတို့နှင့်စပ်ဆိုင်သောစစ်ပွဲတစ်ခုကို တိုက်ရန်ရှိပေသည်။

အသီးအသီးတို့သည် ခက်ခဲစွာအားထုတ်ခြင်းနှင့် စိတ်ပျက်ခြင်းများအားဖြင့် မိမိကိုယ်တိုင်အောင်မြင်ရမည်။ ခက်ခဲစွာအားထုတ်ခြင်းကို မပြုလုပ်သောသူသည် ခွန်အားဆုတ်လျော့၍ အောင်မြင်ခြင်း၏ဝမ်းမြောက်ခြင်းအခွင့်ကို မခံစားရချေ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နှင့်ဆိုင်သောအမှုတွင် ကြိုးစားသင့်သလောက်မကြိုးစားဘဲနေကြပါမူ မည်သူမျှ ကျွန်ုပ်တို့ကို ကောင်းကင်သို့ယူဆောင်မသွားနိုင်ချေ။ ဘုရားသခင်ပင် ထိုသို့ပြုလုပ်နိုင်တော်မမူ။ ကျွန်ုပ်တို့၏အသက်တာတွင်လှပတင့်တယ်သောအခြေအနေများကို သွင်းပေးရမည်။ ကျွန်ုပ်တို့အား သခင်ယေရှုနှင့်မတူအောင်ပြုတတ်သောမလှပ မနှစ်သက် ဖွယ်သော ဇာတိသဘောများကို ပယ်ရှားရမည်။ ဘုရားသခင်သည် မိမိ၏အလိုတော်အတိုင်း ကျွန်ုပ်တို့အထဲတွင် ပြုပြင်တော်မူလျက်ရှိစဉ် ကျွန်ုပ်တို့သည်လည်း အလိုတော်နှင့် အညီ ပြုမူဆောင်ရွက်ရကြမည်။

သခင်ခရစ်တော်ကိုကိုးကွယ်ခြင်းသည် စိတ်နှလုံးကိုပြုပြင်ပြောင်းလဲစေ၏။ ၎င်းသည် လောကကိုစွဲလမ်းသောသူအား ကောင်းကင်အရာကိုစွဲလမ်းစေတတ်၏။ ၎င်း၏တန်ခိုးအားဖြင့် ကိုယ့်အကျိုးကို ရှာတတ်သောသူသည် သူတစ်ပါးအကျိုးကိုရှာလာတတ်၏။ အကြောင်းမူကား ခရစ်တော်၏သဘောတော်သည် ဤကဲ့သို့ဖြစ်၏။ မိမိ၌သူတစ်ပါးပြုစေလိုသည့်အတိုင်းသူတစ်ပါး၌လည်းပြုဖို့ရန် မိမိ၌ဝမ်းတွင်းပါသဘောဖြစ်လာသည့်တိုင်အောင်မဖြောင့်မတ်၍ အလိမ္မာဉာဏ်များသောသူသည် ဖြောင့်မတ်လာတတ်ပါသည်။ ဆိုးတေသောသူသည် မသန့်ရှင်းသောအဖြစ်မှ သန့်ရှင်းသောအဖြစ်သို့ပြောင်းလဲသွားတတ်သည်။ သခင်ခရစ်တော်၏ ဧဝံဂေလိတရားသည် သူ့အားအသက်တာ၏ မွေးကြိုင်သောအရာဖြစ်လာသောကြောင့် သူသည် ဟုတ်မှန်ဖြောင့်မတ်သောအကျင့်ဓလေ့များကို ပြုကျင့်လေသည်။ 5T 344-5

သန့်ရှင်းစင်ကြယ်ခြင်းတွင် ဘုရားသခင်၏အလိုတော်နှင့်လုံးလုံး ညီညွတ်စွာ နေ့စဉ်ဝတ္တရားကို၍ွင်မြူးစွာ ဆောင်ရွက်ခြင်းပါဝင်သည်။ COL 360.

ကောင်းကင်တစ်ဝန်းလုံးနှင့် ကျဆုံးသောတစ်လောကလုံးသည် ခရစ်တော်၏စုံလင်သောအကျင့်စာရိတ္တကို သိမြင်မည်အကြောင်း ကျေးဇူးတော်နှင့်ဆိုင်သောကောင်းချီးမင်္ဂလာတော်ကို လူများတို့အပေါ်၌ ချပေးတော်မူ၏။ ထိုသို့မချပေးက သူတို့သည် ခရစ်တော်၏စုံလင်သော အကျင့်စာရိတ္တကို မသိမမြင်နိုင်ကြချေ။ CH 593.

## အောင်မြင်ရန်အတွက်ကျွန်ုပ်တို့၏တစ်ခုတည်းသော မျှော်လင့်ခြင်း

အောင်မြင်ရန်အတွက် ကျွန်ုပ်တို့၏တစ်ခုတည်းသော မျှော်လင့်ခြင်းကား စာတန်၏တိုက်ခိုက်ခြင်းကို အစဉ်အမြဲခုခံကာကွယ်ခြင်းဖြစ်ကြောင်း သခင်ခရစ်တော်ကိုယ်တော်တိုင် ကျွန်ုပ်တို့အား ပုံသက်သေပြတော်မူခဲ့ပါသည်။ စုံစမ်းသွေးဆောင်ခြင်းတိုက်ပွဲတွင် လူတို့၏ရန်သူကို အောင်မြင်တော်မူသောသူသည် လူမျိုးတို့အပေါ်၌ စိုးမိုးလျက်ရှိသော စာတန်၏တန်ခိုးကို သိရှိနားလည်တော်မူ၍ ကိုယ်တော်သည်ကျွန်ုပ်တို့အတွက် သူ့ကိုအောင်မြင်တော်မူ၏။ ကျွန်ုပ်တို့သည် စာတန်၏သွေးဆောင်စုံစမ်းခြင်းကိုတားဆီးရန် ကြိုးစားအားထုတ်ရာ၌ ကျွန်ုပ်တို့၏ အားနည်းသောအဖြစ်ကို ကိုယ်တော်၏ခွန်အားနှင့်လည်းကောင်း၊ ကျွန်ုပ်တို့၏ အဖိုးမတန်မရေရာသော အခြေအနေကို ကိုယ်တော်၏ကုသိုလ်တော်များနှင့်လည်းကောင်း စုပေါင်းနိုင်မည့်အကြောင်း ကိုယ်တော်သည် အောင်မြင်သောသူဖြစ်သည့်အတိုင်း မိမိအောင်မြင်ခြင်း၏အကျိုးကျေးဇူးကို ကျွန်ုပ်အား ပေးတော်မူ၏။ စုံစမ်းသွေးဆောင်ခြင်းခံနေရစဉ်အခါ၌ ကိုယ်တော်၏ တည်မြဲသော ခွန်အားတော်အားဖြင့် ထောက်မခြင်းအခွင့်ကိုရလျက် ကျွန်ုပ်တို့သည် အလုံးစုံတို့အပေါ်၌ တန်ခိုးကြီးသောကိုယ်တော်၏နာမတော်နှင့် ခုခံတိုက်ခိုက်၍ ကိုယ်တော်အောင်မြင်တော်မူသည်နည်းတူ ကျွန်ုပ်တို့သည်လည်း အောင်မြင်နိုင်ခွင့်ရရှိလိမ့်မည်။ MYP 50.

စုံစမ်းသွေးဆောင်ခြင်းကို ကာကွယ်ရန် ဒိုင်းလွှားကဲ့သို့အားကိုးရန်သော်လည်းကောင်း၊ သန့်ရှင်းခြင်းနှင့်သမ္မာတရားကို ရစေခြင်းငှါ နှိုးဆော် တိုက်တွန်းသော အရာကဲ့သို့ သဘောထားရန်သော်လည်းကောင်း ဘုရားသခင်သည် မိမိနှင့်အတူရှိတော်မူကြောင်းကို သိရှိခြင်း အခွင့်အရေးနှင့်တူညီသောအခြားအရှိန်တန်ခိုးမရှိတော့ချေ။ Ed. 255.

**စိတ်အားကြီးစွာကြိုးစား၍ဆုတောင်းရန်ခေါ်ခြင်း**

ကျွန်ုပ်တို့သည် ဘုရားရေးတရားရေးနှင့်ဆိုင်သော အသက်တာတွင် အောင်မြင်တိုးတက်ခြင်းဖြစ်စေလိုလျှင် ကျွန်ုပ်တို့သည် ဆုတောင်းပတ္ထနာပြုခြင်း အမှုကို များစွာပြုကြရမည်။ သမ္မာတရားနှင့် ဆိုင်သော သတင်းစကား ကို ပထမဦးစွာ ကြွေးကြော်စဉ်အခါက ကျွန်ုပ်တို့သည်အဘယ်မျှလောက် ဆုတောင်းခဲ့ရသနည်း။ အိမ်အခန်းများ၌လည်းကောင်း၊ တင်းကုပ်များ၌လည်းကောင်း၊ ဥယျာဉ်နှင့်တောကြိုတောင်ကြားများတို့၌လည်းကောင်း ဘယ်နှစ်ကြိမ် ဆုတောင်းသံများကို ကြားခဲ့ရပြီနည်း။ ကျွန်ုပ်တို့သည် ကတိတော်အတိုင်း လူနှစ်ယောက်သုံးယောက် စုရုံးလျက် မကြာခဏနာရီပေါင်းများစွာကြာအောင် စိတ်အားကြီးစွာ ဆုတောင်းခဲ့ကြ၏။ မကြာခဏ ညည်းညူငိုကြွေးသံကို ကြားရပြီးနောက် ကျေးဇူးတော်ချီးမွမ်းသောစကားနှင့် သီချင်းဆိုသံများကိုလည်း ကြားရသေးသည်။

ဘုရားသခင်၏နေ့ရက်ကြီးသည် ပထမဦးစွာ ကျွန်ုပ်တို့ယုံကြည်သောနေ့ရက်နှင့်နီးသည်ထက်ယခုသာ၍နီးကပ်လာလေပြီ။ ၎င်းပြင်ကျွန်ုပ်တို့သည် ထိုရှေးကာလများထက် ယခုသာ၍ စိတ်အားကြီးလျက် သာ၍ ဘုရားတရားဘက်၌ထက်သန်ပြီးလျှင် သာ၍ဘုရားကို ကြည်ညိုဝတ်ပြုကိုးကွယ်ဖို့ သင့်ပေသည်။ ထိုအခါကထက် ယခုကျွန်ုပ်တို့၏ဘေးအန္တရာယ်များသည်သာ၍ ကြီးကျယ်လာလေသည်။ ဝိညာဉ်များသည်လည်းသာ၍ စိတ်နှလုံးခိုင်မာလာကြလေသည်။ ယခုကျွန်ုပ်တို့သည် သခင်ခရစ်တော်

*(၁၈၄၄ ခုနှစ်တွင် ကြီးများသောစိတ်ပျက်ခြင်းဖြစ်ပြီး နောက်မှရောက်ရှိလာသောအချိန်ကာလကို ညွှန်ပြသောသတင်းစကားဖြစ်ပေသည်။)*

၏ဝိညာဉ်တော်နှင့် ပြည့်ဝစေဖို့လိုပေသည်။ ၎င်းပြင်ကျွန်ုပ်တို့၎င်းကိုမရမီ တိုင်အောင် အေးဆေးစွာနေဖို့မသင့်ချေ။ 5T 161-2.

## ဖြောင့်မတ်သောသူ၏ပတ္ထနာ

ဆုတောင်းခြင်းသည် မိတ်ဆွေတစ်ဦးတစ်ယောက်အား မိမိစိတ်ထဲ၌ရှိသောအရာကိုဖွင့်ပြသကဲ့သို့ ဘုရားသခင်အား ထိုသို့ဖွင့်ပြခြင်းဖြစ်သည်။ သူသည်အနီး၌ ဘုရားသခင်ရှိတော်မူကြောင်းကို ယုံကြည်ခြင်းအားဖြင့် သိမြင်၍ဆုတောင်းသောသူသည် ဘုရားသခင်၏မေတ္တာတော်နှင့် ကြည့်ရှုစောင်မတော်မူခြင်း၏ အဖိုးထိုက်သော လက္ခဏာသက်သေများကိုတွေ့ကြုံခံစားရလိမ့်မည်။ သို့ရာတွင် အဘယ်ကြောင့် အများသောဆုတောင်းသူတို့၏အလိုသည် မပြည့်စုံဘဲနေသနည်း။ 'ငါသည်ဘုရားသခင်ကိုနှုတ်နှင့်အော်ဟစ်၍ ဂုဏ်တော်ကိုလည်းလျှာနှင့်ချီးမွမ်းရပြီ။ ငါသည်စိတ်နှလုံးထဲမှာဒုစရိုက်ကိုငဲ့ကွက်လျှင် ဘုရားရှင်သည် နားထောင်တော်မမူ" ဟုဒါဝိဒ်မင်းကြီးက ပြောဆိုလေသည်။ အခြားသောပုရောဖက်တစ်ပါးအားဖြင့်ထာဝရဘုရားသည်ကျွန်ုပ်တို့အား 'ငါ့ကိုရှာသောအခါ စိတ်နှလုံးအကြွင်းမဲ့နှင့်ရှာလျှင်တွေ့ ကြလိမ့်မည်" ဟူသောကတိတော်ကိုပေးတော်မူ၏။ ယေ၊ ၂၉း၁၃။ တစ်ဖန် 'စေတနာစိတ်နှင့် ငါ့ကိုမအော်ဟစ်ကြ" သောသူအချို့အကြောင်းကိုလည်းဘုရားသခင်က မိန့်တော်မူ၏။ ဟောရှေ၊ ၇း၁၄။ ထိုကဲ့သို့သော တောင်းလျှောက်သည့်ဆုပတ္ထနာများသည် နှုတ်အားဖြင့်သာ အပေါ်ယံကပြုတတ်သော ဝတ်များဖြစ်၍ ထာဝရဘုရားသည် လက်ခံတော်မမူ။

သဘော်သဖန်းပင်အောက်၌ ရှိနေစဉ် နာသနေလ တောင်းလျှောက်သောဆုပတ္ထနာသည် စိတ်နှလုံးအကြွင်းမဲ့တောင်းသောဆုဖြစ်၍ သခင်ဘုရားသည် နားညောင်းတော်မူလျက် ဆုတောင်းချက်အတိုင်း ပြည့်စုံစေတော်မူ၏။ 'လှည့်စားခြင်းအပြစ်နှင့် ကင်းလွတ်သော ဣသရေလလူစစ်ကို ကြည့်ရှုလော့" ဟု သခင်ခရစ်တော်က သူ့ကို အကြောင်းပြု၍မိန့်တော်မူ၏။ ယော၊ ၁း၄၇။ သခင်ဘုရားသည် လူအပေါင်းတို့၏စိတ်နှလုံးကို စစ်ဆေးရှာဖွေ၍ သူတို့၏စိတ်သဘော

အခြေအနေနှင့် အကြံအစည်များကို သိနားလည်တော်မူပါသည်။ 'သဘောဖြောင့်သောသူ ဆုတောင်းသောပတ္ထနာကို နှစ်သက်တော်မူ၏။'' သု၊ ၁၅း၈။ မိမိကိုယ်ကိုမချီးမြှောက်ဘဲမိမိတို့၏အလွန်အားနည်းသောအဖြစ်နှင့် မရေရာသောအခြေအနေကို ဇကန်အမှန်သိမြင်လျက် ကိုယ်တော်အား မိမိတို့၏စိတ်နှလုံးထဲ၌ရှိသောအရာတို့ကို ဖွင့်ပြသောသူတို့၏ဆုတောင်းသံကို ဘုရားသခင်သည် နားညောင်းတော်မူရန် နှောင့်နှေးတော်မူမည်မဟုတ်။

## ဘုရားသခင်နှင့်အတူဆွေးနွေးခြင်း

ဘုရားသခင်နှင့်အတူ ဆွေးနွေးခြင်းအားဖြင့် ဘုရားသခင်၏ အလိုတော်အကြောင်းကို လူသည် ကောင်းစွာ သိရှိနားလည်လာလေသည်။ သို့ရာတွင်ယုံကြည်ခြင်းရှိသည်ဟု ပြောဆိုတတ်သောသူတိုင်း မှန်သောပြောင်းလဲခြင်းသည် အဘယ်အရာဖြစ်သည်ကိုမသိကြချေ။ သူတို့သည် သခင်ယေရှုခရစ်အားဖြင့်ဘုရားသခင်နှင့်အတူဆွေးနွေးခြင်းအခွင့်ကိုမကြုံကြိုက်ခဲ့ဖူးကြ၍ စိတ်နှလုံးကို သန့်ရှင်းစေဖို့ရန် ဘုရားသခင်၏ ကျေးဇူးတော်တန်ခိုးကိုဘယ်အခါမျှမခံစားခဲ့ရကြချေ။ ဆုတောင်းလိုက်၊ အပြစ်ပြုလိုက်၊ အပြစ်ပြုလိုက်၊ ဆုတောင်းလိုက်နှင့် သူတို့၏အသက်တာသည် ရန်ငြိုးထားခြင်း၊ လိမ်လည်ကောက်ကျစ်ခြင်း၊ မနာလိုငြူစူခြင်း၊ ကိုယ်ကိုကိုယ် ချစ်ခြင်းသဘောများနှင့် ပြည့်ဝလျက်ရှိ၏။ ဤကဲ့သို့ ဆုတောင်းခြင်းမျိုးသည် ဘုရားသခင်စက်ဆုပ်ရွံရှာဖွယ်ဖြစ်၏။

မှန်သော ဆုတောင်းခြင်းသည် ဝိညာဉ်၏စွမ်းအား သတ္တိကို အသုံးပြုစေရန် နှိုးဆော်၍အသက်တာကို ပြောင်းလဲပြုပြင်လေသည်။ ဘုရားသခင်၏ရှေ့တော်၌ မိမိအလိုရှိသောအရာများကိုထိုကဲ့သို့လျှောက်ထားသောသူသည်မိမိ၌ကောင်းကင်အောက်မြေကြီးပေါ်တွင်ဘယ်အရာမျိုးမဆို လိုလေသေးရှိကြောင်းကို သိမြင်တတ်ကြ၏။ ဒါဝိဒ်မင်းက 'အကျွန်ုပ်အလိုရှိသမျှသည်ရှေ့တော်၌ထင်ရှားပါ၏။ အကျွန်ုပ်၏ညည်းတွား ခြင်းကိုလည်း အကြွင်းမဲ့သိတော်မူ၏။'' ဆာ၊ ၃၈း၉။ 'ငါ့ဝိညာဉ်သည် ဘုရားသခင်တည်းဟူသောအသက်ရှင်တော်မူသော ဘုရား

ကိုင်တတ်လှ၏။ အဘယ်ကာလမှဘုရားသခင်ထံတော်သို့ရောက်၍မျက်နှာပြ ရအံ့နည်း။ ထိုအအခြင်းအရာကိုငါအောက်မေ့၍နေစဉ်တွင်ငါ့စိတ်နှလုံးသည် ကြေကွဲလျက်ရှိ၏။" (ဆာ၊ ၄၂း၂၄။) ဟုပြောဆိုဖူး၏။ ၄ဤ. ၅၂၉-၃၅.

## အသက်ရှင်၍အကျင့်နှင့်ယှဉ်သောယုံကြည်ခြင်း

မှန်သောယုံကြည်ခြင်းနှင့်မှန်သောဆုတောင်းခြင်း။ ၎င်းတို့သည် အဘယ်မျှလောက်တန်ခိုးကြီးပါသနည်း။ ၎င်းတို့ကား အနန္တမေတ္တာရှင် ၏တန်ခိုးတော်ကိုကိုင်ဖမ်းရန်ဆုတောင်းလျှောက်သောသူ၏လက်နှစ်ဖက် ကဲ့သို့ဖြစ်ပေသည်။ ယုံကြည်ခြင်းသည် ဘုရားသခင်၌ အားကိုးခြင်းဖြစ် သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်တော်မူ၍ ကျွန်ုပ်တို့အတွက် မည်သည့်အရာများသည် အကြောင်းဆုံးဖြစ်သည်ကိုသိတော်မူကြောင်း ကို ယုံကြည်ခြင်းတည်း။ ထိုနည်းအားဖြင့်ကျွန်ုပ်တို့အားမိမိတို့၏လမ်းကို မလိုက်စေဘဲကိုယ်တော်၏လမ်းကိုရွေးချယ်စေ၏။ ကျွန်ုပ်တို့၏မိုက်မဲခြင်း အစား ကိုယ်တော်၏ဉာဏ်တော်၊ ကျွန်ုပ်တို့၏အားနည်းခြင်းအစား ကိုယ်တော်၏ခွန်အား၊ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်အစား ကိုယ်တော်၏ ဖြောင့်မတ်ခြင်းကိုလက်ခံစေတော်မူ၏။

ကျွန်ုပ်တို့၏အသက်များ၊ ကျွန်ုပ်တို့ကိုယ်တိုင် ကိုယ်တော်ပိုင်ဆိုင် သောအရာ ဖြစ်လာလေပြီ။ ယုံကြည်ခြင်းသည် ကိုယ်တော်ပိုင်တော် မူကြောင်းကို ထင်ရှားစေ၍ ကောင်းချီးမင်္ဂလာတော်ကို လက်ခံစေ၏။ မှန်ကန်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်းတို့သည် အသက်တာတွင် အောင်မြင်ခြင်း၏ အကြောင်းရင်းများ ဖြစ်ကြသည်။ ယုံကြည်ခြင်း အားဖြင့် ကျွန်ုပ်တို့သည် ၎င်းတို့ကိုရရှိနိုင်ကြသည်။ ကောင်းသောအမှု ရှိသမျှကိုပြုလုပ်စေရန်နှိုးဆော်တိုက်တွန်းသောအလိုဆန္ဒ၊ စိတ်သဘော သည် ဘုရားသခင်၏ ဆုကျေးဇူးတော်ဖြစ်၏။ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ထံတော်မှအသက်ရရှိသည်။ ၎င်း အသက်သာလျှင် မှန်ကန် သောကြီးပွားခြင်းနှင့် အကျိုးဖြစ်ထွန်းခြင်းကိုပေးနိုင်လေသည်။

'လောကကိုအောင်မြင်ခြင်းအကြောင်းမူကား ငါတို့၏ယုံကြည် ခြင်းပေတည်း" ၁ယော၊ ၅း၄။ ဝန်ထုပ်များ၊ စိုးရိမ်ခြင်းများနှင့်ပြည့်

သောယခုကာလကိုကျော်လွန်၍ ယခုကျွန်ုပ်တို့အားစိတ်ရှုပ်ထွေးစေသော အရာများကို ရှင်းလင်းနားလည်စေသော နောင်ထာဝရကာလကြီးကို ကျွန်ုပ်တို့အားကြည့်မြင်နိုင်စေရန်တတ်စွမ်းနိုင်သောအရာကား ယုံကြည်ခြင်းပင်ဖြစ်ပေသည်။ ယုံကြည်ခြင်းအားဖြင့်ဘုရားသခင်၏လက်ျာတော်ဘက်တွင် အမှုတော်ဆောင်အဖြစ်နှင့် ရပ်နေသော သခင်ယေရှုကို ကျွန်ုပ်တို့မြင်နိုင်၏။ ကိုယ်တော်ကိုချစ်သောသူတို့အဖို့ သခင်ခရစ်တော်တက်ကြွ၍ ပြင်ဆင်လျက်နေတော်မူသောအခန်းများကို ယုံကြည်ခြင်းအားဖြင့်မြင်ရ၏။ ယုံကြည်ခြင်းအားဖြင့် အောင်မြင်သောသူတို့အတွက် ပြင်ဆင်ထားတော်မူသောဝတ်ရုံနှင့် သရဖူများကိုမြင်ရ၍ ရွေးနုတ်ခြင်းခံရသောသူတို့၏ သီချင်းသံများကို ကြားရနိုင်သည်။

## စာတန်၏ယုံကြည်ခြင်းအတု

ယုံကြည်ခြင်းသည် စိတ်အထင်မဟုတ်။ 'ယုံကြည်ခြင်းသည် မျှော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသော အရာတို့ကို သိမှတ်စွဲလမ်းခြင်းအကြောင်းဖြစ်၏။" ဟေဗြဲ ၁၁း၁။ မှန်သောယုံကြည်ခြင်းသည် ထင်မှတ်ပြုလုပ်ခြင်းနှင့်ဘာမျှမသက်ဆိုင်ချေ။ မှန်သောယုံကြည်ခြင်း ရှိသူသာလျှင် ထင်မှတ်ပြုလုပ်ခြင်း သဘောနှင့် ကင်းလွတ်၏။ အကြောင်းမူကားထိုသို့ထင်မှတ်ပြုလုပ်ခြင်းသဘောသည် စာတန်၏ယုံကြည်ခြင်း အတုမျိုးဖြစ်၏။

ယုံကြည်ခြင်းရှိသောသူသည် ဘုရားသခင်၏ ကတိတော်များကို တောင်းဆိုပိုင်ခွင့်ရှိ၍နာခံထောင်ခြင်း၌အသီးများကိုသီးစေ၏။ ထင်မှတ်ပြုလုပ်သောသူသည်လည်းကတိတော်များကိုပင်တော်ငးဆို၏။ သို့ရာတွင် စာတန်ပြုလုပ်သကဲ့သို့ လွန်ကျူးခြင်းအပြစ်များကိုဆင်ခြေပေးရန်အသုံးပြုတတ်၏။ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏ပထမဦးဆုံးမိဘနှစ်ပါးအား ဘုရားသခင်၏မေတ္တာတော်ကို ယုံကြည်အားကိုး၍ဘုရားသခင်၏အမိန့်တော်များကိုနာခံထောင်စေရန် လမ်းပြကောင်းလမ်းပြခဲ့လိမ့်မည်။ ထင်မှတ်ပြုလုပ်ခြင်းသည်ကား မိမိတို့အပြစ်များကြောင့် ခံရမည့်ဒဏ်မှဘုရားသခင်၏မဟာမေတ္တာတော်သည် ကယ်တင်တော်မူလိမ့်မည်ဟု ယုံကြည်

စေလျက် ဘုရားသခင်၏ပညတ်တော်ကိုလွန်ကျူးစေရန် တိုက်တွန်းလေသည်။ ကရုဏာတော်ကို ပေးသနားတော်မူရာ၌ ထားတော်မူသော စည်းကမ်းကိုမလိုက်နာဘဲ ကောင်းကင်ဆုကျေးဇူးကို တောင်းဆိုသော အရာသည်ယုံကြည်ခြင်းမဟုတ်။ မှန်ကန်သောယုံကြည်ခြင်း၏အခြေခံသည် ကျမ်းစာတော်မြတ်တွင် ဖေါ်ပြထားသောကတိတော်များနှင့်စီမံထားသော စည်းကမ်းချက်များအပေါ်၌အမှီပြုသတည်း။

သခင်ခရစ်တော်အကြောင်းကို ယုံကြည်ရုံနှင့်မလုံလောက်သေး။ ကျွန်ုပ်တို့သည်ကိုယ်တော်၌ယုံကြည်ရမည်။ ကျွန်ုပ်တို့အား အကျိုးဖြစ်ထွန်းစေမည့်တစ်ခုတည်းသောယုံကြည်ခြင်းမျိုးသည်ကားကိုယ်တော်ကို မိမိ၏ကယ်တင်ရှင်သခင်ကဲ့သို့ သဘောပိုက်စေ၍ကိုယ်တော်၏ကုသိုလ်ကောင်းမှုများကို မိမိတို့အတွက်အသုံးပြုစေသော ယုံကြည်ခြင်းဖြစ်၏။ အများသောသူတို့က ယုံကြည်ခြင်းကို စိတ်သဘောအထင်အမြင်ကဲ့သို့ သဘောရှိတတ်ကြသည်။ သို့ရာတွင် ကယ်တင်သောယုံကြည်ခြင်းကား ခရစ်တော်ကို လက်ခံသော သူတို့သည် ဘုရားသခင်နှင့်ပြုသော ပဋိညာဉ်တွင် မိမိတို့ကိုယ်တိုင်ပါဝင်သောအမှုကိစ္စတစ်ခုဖြစ်ပေသည်။ မှန်ကန်သော ယုံကြည်ခြင်းသည်အသက်ဖြစ်၏။ အသက်ရှင်သောယုံကြည်ခြင်းကား ဝိညာဉ် (လူ) အား အောင်မြင်သောတန်ခိုးကိုရရှိစေသည့်ခွန်အားတိုးပွားခြင်း၊ အားကိုးအားထားပြုခြင်း စသောယုံကြည်ခြင်းကိုဆိုလိုသည်။ GW. 259-61.

## နှုတ်ကပါဌ်တော်ကိုစားခြင်း

ကောင်းကင်မှချပေးသောမုန့်တည်းဟူသော နှုတ်ကိုပါဌ်တော်ကိုလက်ခံခြင်းသည် သခင်ခရစ်တော်ကိုယ်တော်တိုင်ကို လက်ခံခြင်းဖြစ်သည်ဟုဖေါ်ပြထား၏။ စိတ်နှလုံးထဲ၌ ဘုရားသခင်၏နှုတ်ကပါဌ်တော်ကိုလက်ခံစဉ်တွင် ကျွန်ုပ်တို့သည် ဘုရားသခင်သားတော်၏ အသွေးအသားကိုသုံးဆောင်၏။ ၎င်းသည်စိတ်သဘောကိုလင်းစေသောအခါ ကျွန်ုပ်တို့သည် ကြီးပွားနိုင်မည်အကြောင်း နှလုံးသည်ဆက်စပ်ထား

သောနှုတ်ကပါဌ်တော်ကိုလက်ခံစေရန်သာ၍ပွင့်လာလေ၏။ လူအား နှုတ်ကပါဌ်တော်ကိုစားစေရန်၊ ညက်အောင်ဝါးစေရန်ခေါ်တော်မူ၏။ သို့ရာတွင် သူ၏စိတ်နှလုံးသည် ထိုနှုတ်ကပါဌ်တော် ဝင်လာစေရန် ဖွင့်မပေး၊ နှုတ်ကပါဌ်တော်ကိုမသောက်မမျို ဘုရားသခင်၏သွန်သင်ခြင်း ကိုမခံမယူဘဲနေလျှင် ထိုနှုတ်ကပါဌ်တော်ကိုအထင်လွဲခြင်း၊ အလွဲအသုံး ပြုခြင်းနှင့်အလွဲအနက်ကောက်ခြင်းများဖြစ်ပေါ်လာလိမ့်မည်။

အစားအသောက်ကိုသုံးဆောင်ခြင်းအားဖြင့် ကိုယ်ခန္ဓာအတွင်း၌ အသွေးဖြစ်သကဲ့သို့ သခင်ခရစ်တော်၏ အသွေးနှင့် အသားဖြစ်သော ဘုရားသခင်၏နှုတ်ကပါဌ်တော်ကို သုံးဆောင်ခြင်းဖြင့်လည်း ကိုယ်ခန္ဓာ အတွင်း၌ သခင်ခရစ်တော်ကို ဖြစ်ပွားစေလေသည်။ ထိုကြောင့် နှုတ် ကပါဌ်တော်ကို မှီဝဲသောသူ၌ မိမိ၏ကိုယ်တွင် ဘုန်းတော်၏မျှော်လင့် ခြင်းတည်းဟူသော သခင်ခရစ်တော်ကိုဖြစ်ပွားစေလေသည်။ ရေးသား သောနှုတ်ကပါဌ်တော်သည် ဘုရားသခင်သားတော်၏ အသွေးအသား ကိုရှာဖွေသောသူအား သိကျွမ်းစေ၏။ ၎င်းပြင် ထိုနှုတ်ကပါဌ်တော် စကားကိုနားထောင်ခြင်းအားဖြင့်သူ၌ဘုရားပကတိသဘော ဝင်စားလာ လေ၏။ ကိုယ်ခန္ဓာနှင့်ဆိုင်သော အစားအသောက်ကို တစ်ခါတည်း နှင့်သာသုံးဆောင်၍ မလုံလောက်သေးသကဲ့သို့ဝိညာဉ်ရေးနှင့်ပတ်သက် ပြီး လိုအပ်သောအရာများကို ရရှိရန်လည်း ဘုရားသခင်၏ နှုတ်ကပါဌ် တော်ကို နေ့စဉ်သုံးဆောင်ရမည်။

အသွေးတွင် ကိုယ်ခန္ဓာအသက်ကိုတွေ့ရှိရသည်နည်းတူ သခင် ခရစ်တော်၏အသွေးတော်၌လည်းယုံကြည်ခြင်းအားဖြင့်ဝိညာဉ်အသက် ကိုတည်စေ၏။ ကိုယ်ခန္ဓာတွင် ကျွန်ုပ်တို့အသက်သည် အသွေး၌ရှိသကဲ့ သို့ကိုယ်တော်သည်ကျွန်ုပ်တို့၏အသက်ဖြစ်တော်မူ၏။ အရိုး၊ အကြော၊ ကြွက်သားများသည် အာဟာရအားဖြင့် ကြီးပွား၍ လူတစ်ကိုယ်လုံး သည် အင်္ဂါအစိတ်အပိုင်းအသီးသီးတို့တွင် သွားလာလှုပ်ရှားနေသော အသွေးအားဖြင့် ဆောက်တည်သကဲ့သို့ကိုယ်တော်သည် ကျွန်ုပ်တို့အဖို့ ပညာ၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့် ရွေးနုတ်ခြင်းအကြောင်းများ ဖြစ်တော်မူ၏။ သခင်ခရစ်တော်နှင့်ဆက်ဆံခြင်း၊ တွေ့ဆုံပေါင်းသင်းခြင်း

အားဖြင့် ဝိညာဉ်ကျန်းမာခြင်းအခွင့်ကို ရရှိလေသည်။ ဝိညာဉ်အတွက် လိုအပ်သောအရာရှိသမျှကိုချပေး၍ ကျန်းမာခြင်းကိုဖြစ်စေသော အရာမှာ သခင်ခရစ်တော်အသွေးတော်၏တန်ခိုးပင်ဖြစ်သည်။

ကုန်ခန်းခြင်း၊ ဆုတ်လျော့ခြင်းကြောင့် ကိုယ်ခန္ဓာအားနေ့စဉ် အစားအသေကာကိုသုံးဆောင်ခြင်းဖြင့် အသစ်သောအသွေးအသား နှင့်ဖြည့်စွက်ပေးရမည်။ ထိုနည်းတူနှုတ်ကပါဌ်တော်ကိုလည်း အစဉ်အမြဲသုံးဆောင်ဖို့လိုပေသည်။ ထိုနှုတ်ကပါဌ်တော်ကိုသိကျွမ်းခြင်းကား ထာဝရအသက်ဖြစ်၏။ ထိုနှုတ်ကပါဌ်တော်သည် ကျွန်ုပ်တို့၏စားစရာ သောက်စရာဖြစ်ရမည်၊ ဤအရာ၌သာ ဝိညာဉ်သည် အာဟာရနှင့် အသက်ရှင်စေသောသတ္တိကိုတွေ့ရှိလိမ့်မည်။ ကျွန်ုပ်တို့၏စိတ်နှလုံးတွင် အသစ်သောဝိညာဉ်ခွန်အားနှင့်ပြည့်စုံ၍ ကျွန်ုပ်တို့၏အသက်ရှင်သောဦးခေါင်းတည်းဟူသောသခင်ခရစ်တော်၌ကြီးပွားတိုးတက်မည်အကြောင်း ကျွန်ုပ်တို့သည် ၎င်း၏အဖိုးထိုက်တန်သောဆုံးမသြဝါဒစကားများကို များစွာသုံးဆောင်စားသောက်ရကြမည်။

ကိုယ်တော်၏နှုတ်ကပါဌ်တော်သည် အသက်ရှင်သောဝိညာဉ် တွင်တည်ရှိနေစဉ် သခင်ခရစ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်ရသော အခွင့်ကိုရရှိလေသည်။ ကိုယ်တော်နှင့်အတူ အသက်ရှင်သောဆက်ဆံခြင်းအခွင့်ကိုလည်း ရရှိ၍ ကျွန်ုပ်တို့အတွက် အကန့်အသတ် မရှိသော အခွင့်ထူး၏ မှန်ကန်သည့် သက်သေလက္ခဏာဖြစ်သော မေတ္တာသည် ဝိညာဉ်တွင်တည်မြဲနေလေ၏။

သခင်ခရစ်တော်မတည်မရှိသောဝိညာဉ်သည် အသွေးမရှိသော ကိုယ်ခန္ဓာနှင့်တူ၏။ ၎င်းသည်အသေဖြစ်၏။ ၎င်း၌ဝိညာဉ်နှင့်စပ်ဆိုင်သောအသက်နှင့်ပြည့်စုံသောလက္ခဏာရှိကောင်းရှိလိမ့်မည်။ စက်တစ်ခုကဲ့သို့ ၎င်းသည်ဘာသာတရားနှင့်ဆိုင်သောအမှုအရေးတွင်အချို့သော ဝတ္တရားများကိုပြုလုပ်ကောင်းပြုလုပ်လိမ့်မည်။ သို့ရာတွင် ၎င်း၌ဝိညာဉ် အသက်မရှိချေ။ ထို့ကြောင့်ဘုရားသခင်၏နှုတ်ကပါဌ်တော်ကိုကြားနာ ရုံသာပြုခြင်းသည်မလုံလောက်သေး။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ

တော်မှသင်ကြားခြင်း၊ ဆုံးမသြဝါဒပေးခြင်းကိုမခံမယူမစောင့်ရှောက်လျှင် ကျွန်ုပ်တို့၏ဝိညာဉ်ကယ်တင်ခြင်းအလို့ငှါတတ်စွမ်းနိုင်သောသမ္မာတရားကို ကျွန်ုပ်တို့သည်လက်မခံနိုင်ကြချေ။ ၎င်းကိုအသက်တာတွင်ကျင့်ရမည်။

ဝိညာဉ်သည်သခင်ခရစ်တော်ကိုလက်ခံလျှင် သူသည်ကိုယ်တော်၏ဖြောင့်မတ်ခြင်းကိုလက်ခံ၏။ သူသည် သခင်ခရစ်တော်ကျင့်သည်နည်းတူကျင့်လျက်ရှိ၏။ သူသည်သခင်ခရစ်တော်ကိုကြည့်ရှု၍ကိုယ်တော်၏အသက်တာအကြောင်းကိုလေ့ကျက်ပြီးလျှင် ကိုယ်တော်၏ကောင်းမြတ်သောပါရမီများကိုကျင့်ရန် မိမိကိုယ်ကိုမိမိပဲ့ပြင်ဆုံးမသွန်သင်သောအခါ၌ သူသည်ဘုရားသခင်သားတော်၏အသားကိုစား၍ အသွေးကိုသောက်လေ၏။ သူသည်ဤကဲ့သို့သောအဖြစ်အပျက်မျိုးကိုကြုံတွေ့ရလျှင်ရှင်ပေါလုကဲ့သို့ 'ငါသည်ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာအသေခံပြီးသို့သော်လည်းအသက်ရှင်သေး၏။ ထိုသို့ဆိုသော်ငါသည်ကိုယ်တိုင်မရှင်၊ ခရစ်တော်သည်ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခုငါရှင်သောအသက်သည်ဘုရားသခင်၏သားတော်ကိုယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည်ငါ့ကိုချစ်၍ငါ့အဖို့ကိုယ်ကိုကိုယ်စွန့်တော်မူ၏။" ဟုပြောဆိုနိုင်လိမ့်မည်။ ဂလ၊ ၂း၂၀။ R&H,Nov.23,1897

-*-

# အခန်း ၃

## အိမ်ထောင်

### အိမ်ထောင်ကိုတည်ထောင်သူများ

အာဒံအားဧဝကို ကူညီဖော်ကူညီဖက်အဖြစ်နှင့်ပေးတော်မူခဲ့သောအရှင်သခင်သည် ထိမ်းမြားမင်္ဂလာပွဲတစ်ခု၌ ပထမဦးဆုံးနိမိတ်လက္ခဏာကိုပြတော်မူခဲ့ပါသည်။ မင်္ဂလာပွဲကျင်းပရာအခန်းမကြီးတွင် သတို့သား၊ သတို့သမီးတို့၏ ဆွေမျိုးညာတိတို့နှင့် မိတ်ဆွေသင်္ဂဟ အပေါင်းတို့သည် ဝမ်းမြောက်စွာစုရုံးလျက်ရှိနေကြစဉ်သခင်ခရစ်တော်သည် လူအများတို့ရှေ့တွင် မိမိအမှုတော်ကိုအစပြု၍ ဆောင်ရွက်တော်မူ၏။ ထိုနည်းအားဖြင့်ကိုယ်တော်သည် ထိမ်းမြားမင်္ဂလာပွဲကို ခွင့်ပြုထောက်မအားပေးတော်မူလျက် မိမိကိုယ်တော်တိုင် အတည်ပြုခဲ့ပြီးသော ထုံးစံဓလေ့တစ်ခုကဲ့သို့အသိအမှတ်ပြုတော်မူ၏။ ယောကျ်ားနှင့်မိန်းမများတို့သည် အိမ်ထောင်များကိုဖြစ်ပေါ်လာစေရန် သန့်ရှင်းသောအိမ်ထောင်ပြုခြင်းတွင် ပေါင်းသင်းဆက်ဆံကြလျက် ထိုအိမ်ထောင်များ၏ သားသမီးများသည် ချီးမြှင့်ခြင်းကို ခံရသောအားဖြင့် အထက်အရပ် အိမ်တော်သားများအဖြစ်နှင့်အသိအမှတ်ပြုခြင်းခံရမည် အကြောင်း ကိုယ်တော်သည်စီမံခန့်ခွဲတော်မူ၏။

ထိမ်းမြားမင်္ဂလာကိုမိမိနှင့်မိမိရွေးနုတ်ခြင်းခံသောသူတို့အပေါင်းသင်းဆက်ဆံခြင်း၏အထိမ်းအမှတ် လက္ခဏာသက်သေလည်း ဖြစ်စေတော်မူခြင်းအားဖြင့် သခင်ခရစ်တော်သည် ထိမ်းမြားမင်္ဂလာပြုခြင်းအမှုကို ချီးမြှင့်တော်မူ၏။ ကိုယ်တော်တိုင်မင်္ဂလာဆောင်သတို့သားဖြစ်တော်မူသည်။ သတို့သမီးသည်အသင်းတော်ဖြစ်၍ ၎င်းအသင်းတော်အား မိမိရွေးချယ်တော်မူသောအရာကဲ့သို့ အမှတ်ပြုလျက် ၎င်းအကြောင်းနှင့်စပ်ဆိုင်၍ 'ငါ့ချစ်သောနှမ၊ သင်သည် အပြစ်တစ်စုံတစ်ခုမျှမရှိ၊ တစ်ကိုယ်လုံးလှပေ၏" ဟုကိုယ်တော်ကမိန့်တော်မူပါသည်။

မြေကြီးပေါ်တွင်ရှိသမျှသောအဖွဲ့အစည်းတို့တွင် အိမ်ထောင်အနှောင်အဖွဲ့သည် အရင်းနှီးဆုံး၊ အသိမ်မွေ့ဆုံးနှင့်အသန့်ရှင်းဆုံးဖြစ်ပါသည်။ ၎င်းသည်လူသတ္တဝါတို့အတွက် ကောင်းချီးမင်္ဂလာတစ်ခုဖြစ်စေရန်စီမံထားတော်မူ၏။ ဘုရားသခင်ကိုကြောက်ရွံ့ရိုသေလျက် ၎င်းတာဝန်ဝတ္တရားများကိုတော်လျော်စွာဆင်ခြင်စဉ်းစားခြင်းနှင့်ထိမ်းမြားမင်္ဂလာပြုရာ၌ဝန်ခံခဲ့သော ပဋိညာဉ်ကို သတိပညာနှင့်စောင့်ရှောက်သောအခါတိုင်း၎င်းသည်ကောင်းချီးမင်္ဂလာတစ်ခုဖြစ်လေသည်။

အသက်တာအတွက်အိမ်ထောင်ဖက်ရွေးချယ်ရာတွင် မိဘများနှင့်သားသမီးတို့အတွက် ကိုယ်ခန္ဓာကျန်းမာခြင်း၊ စိတ်ကောင်းသဘောကောင်း၊ ဉာဏ်ပညာကိုဖြစ်စေလျက် ဝိညာဉ်မှုရေးတွင် တိုးတက်ကောင်းမွန်ခြင်းရှိစေဖို့ရန်အတွက် အရေးကြီးပေသည်။ မိဘနှင့်သားသမီးများသည် ကိုယ်နှင့်စပ်ဆိုင်သောသူအပေါင်းတို့အား ကောင်းချီးပေး၍ မိမိတို့ကိုဖန်ဆင်းတော်မူသောအရှင်ကိုချီးမြှောက်စေဖို့ရန် တတ်စွမ်းနိုင်ဖို့အရေးကြီးပေသည်။

ထိမ်းမြားမင်္ဂလာပြုခြင်းအမှုတွင်ပါဝင်သောတာဝန်ဝတ္တရားများကိုမထမ်းဆောင်မီ ပျိုရွယ်သောယောကျ်ားနှင့်မိန်းမတို့သည် ၎င်း၏ဝတ္တရားနှင့်တာဝန်များအတွက်ပြင်ဆင်ခြင်းရှိစေရန် အိမ်မှုကိစ္စနှင့်ပတ်သက်သောအမှုတို့တွင်ဗဟုသုတရှိရမည်။ အသက်ငယ်ရွယ်စဉ်အခါကပင်ထိမ်းမြားမင်္ဂလာပြုခြင်းအမှုများကို အားမပေးသင့် မပြုသင့်ပေ။ လုံလောက်စွာပြင်ဆင်လေ့လာခြင်းမရှိ၊ အသိဉာဏ်နှင့်ကာယဗလများပြည့်စုံစွာတိုးပွားခြင်းမရှိမီ ထိမ်းမြားမင်္ဂလာပြုခြင်းအမှုကဲ့သို့ အရေးကြီးဆုံးဖြစ်၍ ၎င်းအားဖြင့် ခံစားရသောအကျိုးအပြစ်အလွန်များပြားလှသောပေါင်းသင်းဆက်ဆံမှုကိုအလျင်စလိုမပြုသင့်ပေ။

သခင်ခရစ်တော်၌သာလျှင်ထိမ်းမြားမင်္ဂလာပြုခြင်းအမှုသည်စိတ်ချစရာဖြစ်လေသည်။ ဘုရားသခင်၏မေတ္တာတော်ကို အမှီပြုခြင်းဖြင့် လူတို့၏မေတ္တာသည်မြဲမြံသောအချည်အနှောင်ကိုဖြစ်စေရမည်။ သခင်

ခရစ်တော်ကြီးစိုးသောနေရာ၌သာမြဲမြံ၊ တည်ကြည်၊ မှန်ကန်၍ ကိုယ်အကျိုးကိုမရှာတတ်သောမေတ္တာကိုတွေ့ရှိနိုင်သည်။

ဤကဲ့သို့စောင်မကြည့်ရှုခြင်းခံရလျက်၊ ပျိုရွယ်သောမိန်းမသည် တစ်သက်လုံး ပေါင်းသင်းရမည့်အိမ်ထောင်ဖက်အလို့ငှါ သန့်ရှင်းစင်ကြယ်သောသီလ၊ ယောကျ်ားပီသလျက် ထူးခြားသောလက္ခဏာအပြုအမူတို့နှင့်ပြည့်စုံသောသူ၊ လုံ့လဝီရိယရှိလျက်အထူးသဖြင့်ကြီးမြင့်ထင်ပေါ်လိုသောဆန္ဒရှိ၍ ဖြောင့်မတ်တည်ကြည်သောသူ၊ ဘုရားသခင်ကိုချစ်ခင်ကြောက်ရွံ့ရိုသေသောသူတို့သာလျှင် ရွေးချယ်လက်ခံပါစေ။ ပျိုရွယ်သောသူတို့သည်လည်း မိမိတို့အပါး၌အစဉ်အမြဲလုပ်ကျွေးသမှုပြုလျက်နေစေဖို့ရန်အိမ်ထောင်ဖက်အတွက် မိမိနှင့်သက်ဆိုင်သောအသက်တာ၏ဝန်တာများကိုဆောင်ရွက်သင့်လျော်သောသူ၊ ယောကျ်ားအားမြင့်မြတ်သိမ်မွေ့ခြင်းကိုဖြစ်စေနိုင်သော အရည်အချင်းနှင့်ပြည့်စုံသောသူ၊ ချစ်ခြင်းမေတ္တာအားဖြင့်ယောကျ်ားအား စိတ်ပျော်ရွှင်စေအောင်ပြုလုပ်နိုင်သောသူကိုသာရှာကြံရွေးချယ်ပါစေ။ ခက်ခဲခြင်း၊ ရှုပ်ထွေးခြင်းနှင့် စိတ်ပျက်ခြင်းများ ဖြစ်ပေါ်လာတတ်သော်လည်း လင်ယောကျ်ားသို့မဟုတ်မယားဖြစ်သူတို့က မိမိတို့အိမ်ထောင်ဖက်ပြုခြင်း အမှုသည်မှားသောအမှုသို့မဟုတ်စိတ်ပျက်စရာကောင်းသောအမှုဟူ၍မထင်မမှတ်အပ်ပေ။

လင်ယောကျ်ား သို့မဟုတ် မယားသည် တစ်ယောက်အပေါ်၌ တစ်ယောက်အစမ္မအုပ်စိုးခြင်း၊ ဩဇာလွှမ်းမိုးခြင်းများပြုလုပ်ရန်ကြံစည်ကြိုးစားဖို့မသင့်ပေ။ မိမိအလိုဆန္ဒသဘောသို့လိုက်စေရန် တစ်ယောက်ကိုတစ်ယောက်အတင်းအကျပ်ပြုလုပ်ဖို့ရန်မကြံစည်နှင့်။ ဤကဲ့သို့ပြုလုပ်နေခြင်းဖြင့် အသီးသီးတို့၏မေတ္တာကိုမတည်မြဲစေနိုင်ချေ။ သနားကြင်နာခြင်း၊ သည်းခံခြင်း၊ စိတ်ရှည်ခြင်း၊ စဉ်းစားဆင်ခြင်တိုင်းထွာတတ်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်းနှင့်ပြည့်စုံစေကြလော့။ ထိမ်းမြားမင်္ဂလာပြုရာ၌ ဤကဲ့သို့ပြုရန်ကတိဝန်ခံချက်ထားခဲ့သည့်အတိုင်း ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် သင်တို့သည်တစ်ယောက်ကိုတစ်ယောက်ပျော်ရွှင်စေရန်ပြုလျှပ်ခြင်းအမှု၌အောင်မြင်နိုင်လိမ့်မည်။ MH 356-70.

## အိမ်ထောင်၏အမှုကိစ္စ

လူသတ္တဝါတို့အား အသစ်ပြုပြင်တည်မြဲ တည်ရှိနေစေခြင်းနှင့် ချီးမြှင့်မြှောက်ပင့်ခြင်းအမှုသည် အိမ်ထောင်၌အစပြုပေသည်။ မိဘများ၌ဖြစ်သည်နည်းတူ သားသမီးတို့၌လည်းအများအားဖြင့် ဖြစ်လိမ့်မည်။ မိဘတို့၏ကိုယ်ကာယအခြေအနေများ၊ သူတို့၏စိတ်သဘောနှင့်အလိုဆန္ဒ၊ သူတို့၏ဉာဏ်သတ္တိနှင့် အကျင့်စာရိတ္တများအတိုင်း မိမိတို့၏သားသမီးများတို့၌အများဖြစ်စေ၊ အနည်းငယ်ဖြစ်စေ ပါရှိလာတတ်ကြပါသည်။ ကလေးသူငယ်မမွေးဖွားမီကပင် မကောင်းမှုဒုစရိုက်များကို အောင်မြင်စါ်တိုက်ခိုက်နိုင်စေဖို့ ကလေးအားပြုပြင်သင်ကြားပေးဖို့အမှုကိုအစပြု၍စီမံထားသင့်သည်။

မိဘများတို့သည် မိမိတို့၏ သားသမီးများအတွက် ကျန်းမာပျော်ရွှင်စေသောအသက်တာ၏တိုက်မြစ်ကို ပြုစုပေးနိုင်သည်။ သွေးဆောင်ခြင်းကို တားဆီးခုခံနိုင်ဖို့ရန် အရည်အချင်း၊ အသက်တာ၏ ပြဿနာများကို အောင်မြင်စွာဆိုင်ပြိုင်တိုက်လှန်နိုင်ဖို့ရန် ရဲစွမ်းသတ္တိ၊ ခွန်အားဗလတို့နှင့် ပြည့်စုံစေလျက် သူတို့အား မိမိတို့၏အိမ်ထောင်မှ လောကထဲသို့စေလွှတ်နိုင်ကြလိမ့်မည်။ သားသမီးတို့သည်မိမိတို့၏အပြုအမူအနေအထိုင်တို့အားဖြင့် ဘုရားသခင်ကိုချီးမြှောက်လျက်လောကအဖို့ကောင်းချီးမင်္ဂလာတစ်ခုဖြစ်စေရန် သူတို့၌စိတ်ပြဌာန်းခြင်းရှိစေဖို့ မိဘများသည်နှိုးဆော်တိုက်တွန်း၍ ခွန်အားအစွမ်းသတ္တိကိုတိုးပွားစေရန် ပြုပြင်ပေးနိုင်ကြလိမ့်မည်။ မိဘများသည်သူတို့အား နေရောင်ခြည်အလင်းနှင့်မှောင်မိုက်အရိပ်တို့ကိုဖြတ်လျက် ဘုန်းတော်နှင့်ပြည့်စုံသော အထက်အရပ်များသို့ တည့်မတ်ဖြောင့်တန်းစွာ မိမိတို့၏ခြေကိုလှမ်းစေခြင်းငှါ ပြုပြင်ပေးနိုင်ကြလိမ့်မည်။

မိခင်၏အလေ့အကျင့်များအားဖြင့် ကလေးသူငယ်သည်ကောင်းစားခြင်း၊ ချမ်းသာခြင်းအကျိုးကိုခံစားရကြလိမ့်မည်။ မိခင်၏အလိုဆန္ဒနှင့်ထက်မြက်သောစိတ်သဘောကိုသဘာဝတရားအတိုင်းအုပ်စိုးနိုင်နင်းရမည်။ ဘုရားသခင်သည် မိမိအားသားသမီးကို ချပေးတော်မူသော

ရည်ရွယ်ချက်ကိုမိခင်ဖြစ်သူသည်ပြည့်စုံစေလိုလျှင် သူ့အတွက်ရှောင်ရှား ဖို့ရန်အရာအချို့ ဆန့်ကျင်ဘက်ပြုစရာအချို့ရှိပေသည်။ မိခင်သည်မှန်း ကန်သောသဘာဝသဘော တရားများကို မလွဲမချော်ဘဲ စွဲမြဲလိုက်နာ စောင့်ရှောက်လျှင်၊ သူမသည်အရာရာ၌ခြိုးခြံချုပ်တည်း၍ ကိုယ်ကိုကိုယ် ငြင်းပယ်လျှင်၊ သူမသည်သနားကြင်နာ၍နူးညံ့သိမ်မွေ့ပြီး ကိုယ့်အကျိုး ကိုမရှာတတ်လျှင် မိမိ၏ကလေး၌လည်း ဤကဲ့သို့အဖိုးထိုက်ထူးခြား သော အကျင့်စာရိတ္တများကိုဖြစ်ပေါ်စေလိမ့်မည်။ ဤအချိန်အခါ၌ အ ခြားသောအရာအလုံးစုံတို့တွင်အစားအသောက်၌ဖြစ်စေ၊ အခြားသော အမှုအရာတို့၌ဖြစ်စေ၊ ကာယဗလနှင့်ဉာဏဗလကို ဆုတ်လျော့စေသော အရာရှိသမျှတို့ကို သူမသည်ရှောင်ကြဉ်ရမည်။ ဘုရားသခင်ကိုယ်တော် တိုင်၏ပညတ်အမိန့်တော်အားဖြင့် ကိုယ်ကိုကိုယ်ချုပ်တည်းခြင်းပြုဖို့ရန်အ ရေးအကြီးဆုံးသောတာဝန်သည် သူမ၏အပေါ်၌တည်လျက်ရှိပေသည်။

### သားသမီးများကိုငယ်စဉ်ကပင်သွန်သင်ဆုံးမပေးခြင်း

သားသမီးများအားငယ်ရွယ်စဉ်အခါကပင် သွန်သင်ဆုံးမပေး ခြင်းအကြောင်းသည်များစွာပင်အရေးကြီးလှပေ၏။ နို့စို့သူငယ်အရွယ် နှင့်သိတတ်လာသောကလေးအရွယ်တွင် သင်ကြားအပ်သောသင်ခန်းစာ များနှင့်ပြုပြင်ပေးအပ်သော အလေ့အကျင့်တို့သည် နောင်ကြီးပြင်းလာ သောအရွယ်များတွင် သွန်သင်ဆုံးမသင်ကြားပေးရသောအမှုကိစ္စအလုံး စုံတို့ထက်အကျင့်စာရိတ္တကိုပြုပြင်ပေးခြင်း၊ အပြုအမူအနေအထိုင်တို့ကို ညွှန်ကြားပြသခြင်းတို့နှင့်သာ၍သက်ဆိုင်ပေသည်။

မိဘများသည်ဤအချက်ကိုဆင်ခြင်စဉ်းစားဖို့လိုပေသည်။ သူတို့ သည်သားသမီးများအားကြည့်ရှုပြုစုခြင်း၊ သွန်သင်ပြသဆုံးမပေးခြင်းတို့ နှင့်သက်ဆိုင်သော အရင်းခံစည်းကမ်းဥပဒေများကိုသိရှိနားလည်ရကြ မည်။ သူတို့သည်ကလေးများအား ကာယဗလ၊ ဉာဏဗလတို့နှင့်ပြည့်စုံ စေလျက် အကျင့်စာရိတ္တကောင်းမွန်စေရန် ပြုစုပေးနိုင်ရကြမည်။

သားသမီးများအား နို့စို့သူငယ်အရွယ်ကပင် ကိုယ့်ကိုကိုယ် ချုပ်တည်းနိုင်ရန် လေ့ကျင့်စေဖို့သွန်သင်ပေးကြလော့။ ဓမ္မတာ၏လှပ

တင့်တယ် ရှုချင်စဖွယ်သောအရာများကို နှစ်သက်စိတ်ဝင်စားစေ၍ ကိုယ်စိတ်နှလုံး၏ခွန်အားသတ္တိအပေါင်းကို အသုံးကျသော အလုပ်အကိုင်အမှုအခင်းတို့၌နေရာတကျအသုံးပြုနိုင်စေရန် သူတို့အားသွန်သင်ပေးကြလော့။ သူတို့၌ကျန်းမာထွားကြိုင်းသော ကိုယ်ခန္ဓာနှင့်မြင့်မြတ်သောအကျင့်စာရိတ္တများရှိစေရန်၊ ရွှင်ပျဖွယ်သောပုံပန်း လက္ခဏာနှင့် နူးညံ့သိမ်မွေ့သောသဘောရှိစေရန်ပြုပြင်ပေးလော့။ ကျွန်ုပ်တို့သည်ယခုပစ္စုပ္ပန်ကာလ၌သာ ကိုယ်အလိုဆန္ဒပြည့်စုံစေဖို့ရန်မဟုတ်သေးဘဲနောက်ဆုံးသောကာလ၌ ကျွန်ုပ်တို့၏ကောင်းကျိုးအတွက် အသက်ရှင်ရမည့်အကြောင်း ဘုရားသခင်စီမံမှန်းထားတော်မူသောသင်ခန်းစာကို သူတို့၏နုနယ်သောစိတ်ထဲ၌စွဲလမ်းစေလော့။ သွေးဆောင်ခြင်းသို့လိုက်ပါခြင်းသည်အားနည်း၍ ဆိုးယုတ်ခြင်းဖြစ်လျက် ၎င်းကိုတားဆီးခုခံခြင်းသည်မြင့်မြတ်၍ ယောကျ်ားကောင်းတို့၏လက္ခဏာအင်္ဂါနှင့် ပြည့်စုံခြင်းဖြစ်သည်ကိုသူတို့အားသွန်သင်ပေးလော့။ ဤသင်ခန်းစာများသည်ကောင်းသောမြေ၌စိုက်ပျိုးသော မျိုးစေ့ကဲ့သို့ဖြစ်၍ ၎င်းတို့သည်သင်တို့၏စိတ်နှလုံးကို အားရဝမ်းမြောက်စေသော အသီးများကို သီးစေလိမ့်မည်။ MH 372-386.

သင်နှင့်အတူ ဘုရားသခင်သည်တည်ရှိတော်မူလျက် သင်၌စိတ်အားထက်သန်၍ ခင်မင်တတ်သောစိတ်သဘောများရှိလျှင် သန့်ရှင်းသောလေ၊ နေရောင်ခြည်အလင်းနှင့်ပြည့်ဝလျက် ကိုယ့်အကျိုးကိုမရှာဘဲညှိဝတ်ကျေပွန်စွာ ပျူပျူငှါငှါနူတ်ခွန်းဆက်သတတ်ခြင်း၊ အားရရွှင်မြူးခြင်းနှင့်ပြည့်ဝသောအိမ်ကလေးသည် သင်၏အိမ်ထောင်သားနှင့်မောပန်းသောခရီးသည်အဖို့ အောက်အရပ်ရှိ ကောင်းကင်ဌာနတစ်ခုဖြစ်လာလိမ့်မည်။ 2T 527.

### ကျမ်းစာနှင့်မညီညွတ်သောထိမ်းမြားမင်္ဂလာများ

မယုံကြည်သောသူတို့ကို စုံမက်ခြင်း၌ ဘေးဒုက္ခရောက်စေတတ်ကြောင်းကို အချို့တို့သည် သေချာစွာ မသိရှိနားမလည်ကြသေးပါ။ ဘုန်းတန်ခိုး၊ ဂုဏ်အသရေမသေနိုင်သောအဖြစ်၊ ထာဝရအသက်ကို

ရှာတွေ့သောသူသည် သခင်ခရစ်တော်၏ လက်ဝါးကပ်တိုင်တော်ထမ်း စစ်သားများနှင့်အတူ အမှုထမ်းဖို့ရန် ငြင်းပယ်သောသူနှင့် စုံဖက်ခြင်းကို ပြုသင့်သလော။ သခင်ခရစ်တော်ကိုသင်၏အရှင်သခင်ကဲ့သို့ရွေးချယ်၍ အလုံးစုံတို့တွင် ကိုယ်တော်၏အလိုတော်သို့လိုက်ဖို့ရန် ဝန်ခံသောသင် သည် မှောင်မိုက်ကိုအစိုးတရပြုသောမင်း၏ အုပ်စိုးခြင်းကိုခံနေရသော သူနှင့် စုံဖက်လျက် အကျိုးအပြစ်အတူတကွ ခံစားကြမည်လား။ 'လူ နှစ်ဦးသည် သဘောမတူလျှင် ပေါင်းဖက်၍ ခရီးသွားနိုင်သလော။" အာ၊ ၃း၃။

'မြေကြီးပေါ်မှာ သင်တို့တွင်နှစ်ယောက်တို့သည် သဘောချင်း တူ၍ဆုတောင်းလျှင်တောင်းသမျှသောဆုတို့ကိုကောင်းကင်ဘုံ၌ရှိတော်မူ သောငါ၏ခမည်းတော်သည်ပေးတော်မူလတ္တံ့။" မ၊ ၁၈း၁၀။ သို့ရာတွင် အဘယ်မျှလောက် ထူးဆန်းသောအရာကို တွေ့ရှိရကြပါသနည်း။ ရင်းနှီးစွာပင် ပေါင်းသင်းဆက်ဆံလာခဲ့ကြသောသူတို့တွင် တစ်ယောက် သည် ဝတ်ပြုကိုးကွယ်ရေး၌ စိတ်ပါဝင်စားနေစဉ် တစ်ယောက်ကား အမှုမထား၊ ဂရုမစိုက်၊ ပေါ့ပေါ့ဆဆ နေတတ်လေသည်။ တစ်ယောက် သည်ထာဝရအသက်ခံစားဖို့ရာလမ်းကိုရှာနေစဉ် တစ်ယောက်ကားသေ ခြင်းသို့ပို့ဆောင်သည့် ကျယ်သောလမ်းတွင်ရှိနေလေ၏။

ရာပေါင်းများစွာသောလူတို့သည်မယုံကြည်၊ အယူဝါဒမပြောင်း လဲသောသူတို့နှင့် စုံဖက်ထိမ်းမြားခြင်းကြောင့် သခင်ခရစ်တော်နှင့် ကောင်းကင်ချမ်းသာကို စွန့်ပယ်ကြလေပြီ။ သူတို့သည်ညှိဖျင်း၍သေ တတ်သောသူတို့နှင့် ပေါင်းသင်းဆက်ဆံဖို့ရန် သာ၍နှစ်သက်သဘော ကျရလောက်အောင် သခင်ခရစ်တော်၏မေတ္တာတော်၊ ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့ခြင်း အမှုသည် သူတို့အား အကျိုးအနည်းငယ်သာ ဖြစ်စေနိုင်သည်ဟု ထင်မှတ်ကြပါသလား။ သူတို့သည်အဖိုးထိုက်သော ကယ်တင်ရှင်အား မေတ္တာမရှိသောသူတို့အတွက် ကောင်းကင်စည်းစိမ် ကို စွန့်လွှတ်လိုသောဆန္ဒ ရှိလောက်အောင် ကောင်းကင်ချမ်းသာကို အနည်းငယ်မျှလောက်သာ လေးမြတ်ခြင်းရှိကြပါသလား။

အိမ်ထောင်ဖက်ပြုသောသူတို့၏အသက်တာ၌ ဝမ်းမြောက်ခြင်းနှင့် စီးပွားချမ်းသာသည်သူတို့၏ညီမျှသောသဘောအပေါ်၌အမှီပြုပေသည်။ ဇာတိပကတိစိတ်သဘောသည် သခင်ခရစ်တော်၏သဘောတော်နှင့်တူမျှသောစိတ်သဘောနှင့်အဘယ်ကဲ့သို့ညီညွတ်မျှတခြင်းရှိနိုင်ပါမည်နည်း။ တစ်ဦးသည်ဇာတိပကတိမျိုးစေ့ကို စိုက်ပျိုးလျက် မိမိစိတ်နှလုံးက တိုက်တွန်းသွေးဆောင်သည့်အတိုင်း ကျင့်ကြံပြုမူဆောင်ရွက်တတ်၏။ တစ်ဦးကားဝိညာဉ်ပကတိမျိုးစေ့ကိုစိုက်ပျိုးလျက် တစ်ကိုယ်ကောင်းကြံတတ်သောသဘောကိုချုပ်တည်း၍မိမိအလိုဆန္ဒကိုအောင်မြင်ပြီးလျှင် မိမိသည်ကျွန်ခံပါမည်ဟု ဝန်ခံခဲ့သောအရှင်သခင်၏အလိုတော်ကို နားထောင်ခြင်းနှင့်အသက်ရှင်စေဖို့ရန် ကြိုးစားလျက်နေတတ်၏။ ထိုနည်းအားဖြင့် ဝါသနာထုံ သဘောအလိုဆန္ဒနှင့် အကြံအစည်ရည်ရွယ်ချက်တို့တွင် အစဉ်အမြဲပင်ခြားနားကြောင်း တွေ့ရှိရပေသည်။ 4T 507-8,

### ယဉ်ကျေးသိမ်မွေ့ခြင်းနှင့်ဆင်ခြင်တိုင်းထွာခြင်း

သားသမီးကိုသွန်သင်ဆုံးမပေးခြင်းအမှုကိစ္စတွင်မိခင်၏မြဲမြံတည်ကြည်ရင့်ရော်သောစိတ်သဘောနှင့်သားသမီး၏ဆင်ခြင်တုံတရားကင်းမဲ့၍နည်းလမ်းမကျသောစိတ်သဘောမျိုးတို့သည် တွေ့ဆုံတတ်သောအချိန်အခါများရှိ၏။ ထိုကဲ့သို့သောအခါများ၌ မိခင်တွင်အမြော်အမြင်၊ ဉာဏ်အစွမ်းသတ္တိရှိဖို့လိုပေသည်။ မသင့်လျော်သောအုပ်ချုပ်စီမံခြင်း၊ ကြမ်းတမ်းစွာအတင်းအကျပ်ပြုလုပ်ခြင်းဖြင့် သားသမီးအား ဒုက္ခရောက်စေတတ်သည်။

တတ်နိုင်လျှင် ဤကဲ့သို့သော အရေးမျိုးကို ပယ်ရှားရာသည်။ အကြောင်းသော်ကား ၎င်းသည် မိခင်နှင့်သားသမီးအတွက် ပြင်းစွာအားထုတ်ရသောအမှု ဖြစ်ပေသည်။ သို့ရာတွင် ထိုကဲ့သို့အရေးမျိုးကို တစ်ခါလောက် ဖြစ်ပေါ်လာပါက သားသမီးသည် မိမိ၏သဘောအလိုကိုပယ်ရှားလျက် သာ၍သင့်လျော်သော မိဘ၏အလိုကို လိုက်လျှောက်စေရန် ပြုပြင်ပေးရမည်။

မိခင်ကိုယ်တိုင် မိမိ၏စိတ်ကိုလုံးလုံးချုပ်တည်းလျက်သားသမီးတို့၌ခုခံဆန့်ကျင်သောသဘောဖြစ်ပေါ်စေတတ်သော အမှုတစ်စုံတစ်ခုကိုမျှ

မပြုလုပ်သင့်ပေ။ သူမသည် နူးညံ့သိမ်မွေ့ချိုသာသောစကားအားဖြင့် များစွာအောင်မြင်ခြင်းအခွင့်ကိုရရှိလိမ့်မည်။ သားသမီးအားသခင်ယေရှု ထံသို့ဆွဲယူနိုင်သောနည်းမျိုးဖြင့် မိခင်သည်သူတို့အားပြုစုရမည်။ ဘုရား သခင်သည် မိမိအားမစသောသူ၊ ချစ်ခြင်းမေတ္တာသည် မိမိ၏တန်ခိုး အာနိသင်ဖြစ်ကြောင်းကို မိခင်သည် သိရှိနားလည်ရမည်။

မိခင်သည်ဉာဏ်ပညာနှင့်ပြည့်စုံသောခရစ်ယာန်ဖြစ်လျှင် သူမသည် သားသမီးအားမိမိအလိုကိုလိုက်ရန်အတင်းအကျပ်ပြုလုပ်ဖို့မကြံစည်ချေ။ ရန်သူသည် အောင်မြင်ခြင်းအခွင့်မရမည်အကြောင်းသူမသည်စိတ်အား ကြီးစွာ ဆုတောင်းတတ်၍ ဆုတောင်းနေစဉ်ပင် ဝိညာဉ်ခွန်အားကို အသစ်ထပ်မံရရှိကြောင်းကိုသိရှိလာပေသည်။ မိမိ၏အထဲတွင်ပြုပြင်လျက် ရှိသောတန်ခိုးမျိုးပင်လျှင်သားသမီးတို့အထဲ၌လည်းပြုပြင်သွန်သင်လျက် ရှိသည်ကို သူမသည်သိမြင်ရလေသည်။ သားသမီးသည်သာ၍ နူးညံ့ သိမ်မွေ့လျက် သာ၍နားထောင်လိမ္မာသောသူဖြစ်လာ၏။ စစ်ပွဲသည် အောင်မြင်သွားလေ၏။ မိခင်၏သည်းခံခြင်း၊ သနားကြင်နာခြင်း၊ သတိ ပညာနှင့် တားမြစ်သောစကားများတို့သည် မိမိတို့၏အလုပ်ကိုပြုလုပ် ဆောင်ရွက်ခဲ့ကြလေပြီ။ မိုးရွာပြီးနောက် နေရောင်ခြည်ထွန်းတောက် သကဲ့သို့ လှိုင်းတံပိုးထပြီးနောက် ငြိမ်သက်ခြင်းပေါ်ထွက်လာလေ၏။ ၎င်းပြင်ဖြစ်ပျက်သော အခင်းကိုစောင့်ကြည့်နေသောကောင်းကင်တမန် များသည် ဝမ်းမြောက်ခြင်း သီချင်းများကို ကြွေးကြော်ကြလေ၏။
7T 47-8.

## အဖိုးများလွန်းသောပူဇော်သကာ

ကျွန်ုပ်တို့သည် အလျှင်အမြန်အမျက်ထွက်တတ်သောသဘောကို နှိမ်နင်း၍ မိမိတို့၏နှုတ်ကိုချုပ်တည်းရကြမည်။ ၎င်းပြင် ဤသို့ပြုခြင်း၌ ကျွန်ုပ်တို့သည်ကြီးစွာသောအောင်မြင်ခြင်းအခွင့်များကိုရရှိကြလိမ့်မည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏နှုတ်နှင့်အမျက်ဒေါသကို မချုပ်တည်းဘဲ နေ ပါက ကျွန်ုပ်တို့သည် စာတန်၏ကျွန်များဖြစ်ကြသည်။ ကျွန်ုပ်တို့သည် သူ၏လက်အောက်ခံဖြစ်လာကြသည်။ သူသည်ကျွန်ုပ်တို့ကို လက်ရဉစ္စာကဲ့ သို့ဖမ်းသွားလေ၏။

ဆူညံ၊ နားဝင်မချို၊ စိတ်တိုစိတ်ကောက်၊ စိတ်ဆိုးတတ်သော စကားရှိသမျှတို့သည် စာတန်တည်းဟူသော မိမိ၏နတ်ဆိုးမင်းအား ဆက်ကပ်သောပူဇော်သကာဖြစ်ပေသည်။ ၎င်းပြင် ၎င်းသည်အဖိုးထိုက်တန်သော ပူဇော်သကာဖြစ်သည်။ ဘုရားသခင်အတွက် ကျွန်ုပ်တို ဆက်ကပ်နိုင်သော ပူဇော်သကာတို့ထက်သာ၍ အဖိုးများလွန်းပေ၏။ အကြောင်းသော်ကား ၎င်းသည်အိမ်ထောင်တစ်ခုလုံး၏ ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းကို ပယ်ရှားဖျက်ဆီး၍ ကျန်းမာခြင်းအခွင့်ကိုဆုံးရှုံးစေလျက် နောက်ဆုံးတွင် ထာဝရအသက်နှင့်ဆိုင်သောဝမ်းမြောက်ခြင်းအခွင့်ထူးကိုပင် ဆုံးရှုံစေသောအကြောင်းရင်းဖြစ်ပေသည်။

ဘုရားသခင်၏နှုတ်ကပါဌ်တော်က ကျွန်ုပ်တို့အပေါ်၌ တာဝန်တင်ထားသောတားမြစ်ကန့်ကွက်ခြင်းအမှုသည် ကျွန်ုပ်တို့၏ အကျိုးအလို့ငှါဖြစ်ပေသည်။ ၎င်ခ်းသည် ကျွန်ုပ်တို့၏အိမ်ထောင်များနှင့် ကျွန်ုပ်တို့၏ပတ်လည်၌ရှိသမျှသောသူအပေါင်းတို့၏ ပျော်ရွှင်ဝမ်းမြောက်ခြင်းကို တိုးပွားစေသည်။ ၎င်းသည် ကျွန်ုပ်တို့၏ဝါသနာအထုံကို ထူးချွန်လာအောင်ပြုပြင်ပေး၍ ကျွန်ုပ်တို့၏ခွဲခြားဝေဖန်တတ်သောစိတ်သဘောကို ကြည်လင်ရှင်းလင်းစေလျက် စိတ်နှလုံးငြိမ်သက်ခြင်းကို ဖြစ်ပေါ်လာစေပြီးလျှင်နောက်ဆုံး၌ထာဝရအသက်ကိုချပေးလေသည်။ ဤကဲ့သို့သန့်ရှင်းသောတားဆီးကန့်ကွက်ခြင်း အမှုမျိုးအားဖြင့် ကျွန်ုပ်တို့သည် ယဉ်ကျေးတင့်တယ်ခြင်းနှင့် နှိမ့်ချခြင်းတို့၌တိုးပွား၍ မှန်ကန်ဖြောင့်မတ်သောစကားကိုပြောဆိုရန်လွယ်ကူလာလိမ့်မည်။ အမျက်ထွက်လွယ်သောဇာတိပကတိစိတ်သဘောကို နှိမ်နင်းအောင်မြင်လိမ့်မည်။ ကျွန်ုပ်တို့၏ အထဲ၌ ကိန်းအောင်းတော်မူသော ကယ်တင်ရှင်သည် နာရီတိုင်း ကျွန်ုပ်တို့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူလိမ့်မည်။ ကျွန်ုပ်တို့အားစောင့်ရှောက်ပြုစုခံစားနေသောကောင်းကင်တမန်များသည် ကျွန်ုပ်တို့၏အိမ်များတွင် ကြာရှည်စွာဖင့်နွှဲနေကြ၍ ဘုရားသခင်နှင့်ဆိုင်သော အသက်တာတွင် ကျွန်ုပ်တို့၏တိုးပွားခြင်းအကြောင်းများကိုကောင်းကင်သို့ဝမ်းမြောက်စွာ ယူဆောင်ကြားပြောလျက် စာရင်းမှတ်နေသောကောင်းကင်တမန်သည် အားရ ဝမ်းမြောက်ဖွယ်ကောင်းသော စာရင်းကိုရေးမှတ်လိမ့်မည်။
1T 310.

မြေကြီးပေါ်ရှိ အိမ်ထောင်များသည် ကောင်းကင်တွင်ရှိသော အိမ်ထောင်များ၏ပုံပမာတစ်ခုဖြစ်မည်ဟု ဘုရားသခင်စီမံထားတော်မူပါသည်။ ဘုရားသခင်၏အကြံအစည်တော်နှင့်ညီညွတ်စွာတည်ထောင်၍ စီမံအုပ်ချုပ်သော ခရစ်ယာန်အိမ်ထောင်များသည် ခရစ်ယာန်တို့၏ အကျင့်စာရိတ္တကိုပြုပြင်ပေးဖို့ရန်နှင့် ကိုယ်တော်၏အမှုတော် တိုးတက်ကြီးပွားစေဖို့ရန်အတွက် ကိုယ်တော်၏အကျိုး အဖြစ်ထွန်းဆုံးသော ပြုပြင်ခြင်း တန်ခိုးအင်အားများတို့တွင် အပါအဝင် ဖြစ်ပေသည်။
6T. 430

## သားသမီးများကိုကွယ်ကာစောင့်ရှောက်ပါ

မိခင် ဖခင်တို့၊ သင်တို့အပေါ်၌ တည်ရှိနေသောတာဝန်သည် အရေးကြီးကြောင်းကိုသိရှိနားလည်ကြပါသလား။ သင်တို့၏သားသမီးများအား သတိကင်းမဲ့၍ အကျင့်စာရိတ္တကိုယုတ်ညံ့စေသော အလေ့အကျင့်တို့မှ ကာကွယ်စောင့်ရှောက်ဖို့ရန် လိုကြောင်းကို သိရှိကြပါ၏လော။ သူတို့၏အကျင့်စာရိတ္တကိုပြုပြင်ပေးနိုင်အောင် မှန်ကန်ဖြောင့်မတ်သောအရည်အချင်းနှင့်ပြည့်စုံသောသူတို့နှင့်ပေါင်းသင်းဆက်ဆံခြင်းအမှုကိုသာ သင်၏သားသမီးတို့အား ပြုလုပ်စေရန် အခွင့်ပေးပါ၊ သူတို့သည်အဘယ်မှာရှိ၍ မည်သည့်အမှုကိစ္စတို့ကို ပြုလုပ်နေကြကြောင်းကို မသိဘဲသင်၏သားသမီးများအား ညအခါအိမ်ပြင်သို့ထွက်သွားစေရန် အခွင့်မပြုပါနှင့်။

အကျင့်သီလသန့်ရှင်းဖြူစင်ခြင်းနှင့်ဆိုင်သောကျင့်ဝတ္တရားများကို သူတို့အားသွန်သင်ပြသပေးပါ။ သူတို့အား စာကြောင်းတစ်ခုပေါ်၌ တစ်ခု၊ ပညတ်တစ်ခုပေါ်၌တစ်ခု၊ ထိုမှာနည်းနည်း၊ ဤမှာနည်းနည်း သင်ကြားပေးဖို့ရန်သင်သည် လျစ်လျူရှုလျက်နေခဲ့ပါမူ သင်၏တာဝန်ဝတ္တရားကိုချက်ချင်းအစပြု၍ဆောင်ရွက်ပါ။ သင်ထမ်းရွက်စရာဝန်များကို ယူဆောင်လျက် ယခုကာလ၊ နောင်ထာဝရကာလအတွက် ဆောင်ရွက်ပါလော့။ 7T. 66.

## စည်းစနစ်နှင့်သန့်ရှင်းခြင်း

စည်းမျဉ်းစနစ်သည်ကောင်းကင်၏ပထမဥပဒေဖြစ်၍ကောင်းကင်တံတိုင်းတော်များအတွင်း၌ရှိသော စည်းမျဉ်းစနစ်နှင့် ညီညွတ်ခြင်းမျိုးသည်လူတို့၏အိမ်များ၌ရှိစေဖို့ ထာဝရဘုရား အလိုရှိတော်မူ၏။ သမ္မာတရားသည်မသန့်ရှင်းမစင်ကြယ်သောလမ်းခရီးတွင် ဘယ်အခါမျှမိမိ၏နူးညံ့သောခြေတို့ကိုမချမထားချေ။ သမ္မာတရားသည်ယောက်ျား၊ မိန်းမများအားကြမ်းတမ်း၍ မသပ်ရပ်သောသူများ ဖြစ်အောင် မပြုလုပ်ပေ။ ၎င်းကို လက်ခံသောသူအပေါင်းတို့အား မြင့်မြတ်သော အခြေအနေသို့ရောက်စေလေသည်။ သခင်ခရစ်တော်၏တန်ခိုး၊ အစွမ်းသတ္တိအားဖြင့်အစဉ်ယဉ်ကျေးသိမ်မွေ့ခြင်းအမှုသည် တိုးပွားလျက်ရှိ၏။

ထာဝရဘုရား၏ကောင်းကင်တမန်သည် တပ်ချရာနေရာသို့ဖြတ်သွားစဉ် သူတို့၏မသန့်ရှင်းမစင်ကြယ်သောအခြေအနေကို မမြင်စေရအောင် မိမိတို့၏တဲများအနားပတ်လည်အတွင်းအပြင်၌ အရာခပ်သိမ်းသန့်ရှင်း၍နေရာတကျ စည်းစနစ်နှင့်ရှိစေရန် ဣသရေလတပ်များအားအထူးသဖြင့်ညွှန်ကြားပြသထားတော်မူလေ၏။ ထာဝရဘုရားသည်ဤအရာများကို အသေအချာစစ်ဆေးကြည့်ရှုတော်မူတတ်သလား။ ဘုရားသခင်သည်ထိုသို့ပြုတော်မူတတ်သည်။ အကြောင်းမူကား ဘုရားသခင်သည်သူတို့၏မသန့်ရှင်းသောအဖြစ်ကိုမြင်တော်မူလျှင် သူတို့၏ စစ်တပ်များနှင့်စစ်တိုက်ရာသို့ထွက်ကြွတော်မမူဟုဖေါ်ပြထား၏။

ဣသရေလလူများတို့သည် သန့်ရှင်းစင်ကြယ်သော အလေ့အကျင့်ကိုပြုစေရမည်အကြောင်း ထိုမျှလောက် သေချာ၍ စည်းကမ်းရှိတော်မူသောဘုရားသခင်သည်ယခုကာလ၌ ရှိမိမိလူများတို့၏အိမ်များတွင် ညစ်ညူးခြင်းတစ်စုံတစ်ခုကိုမျှအခွင့်ပေးတော်မူမည်မဟုတ်။ ဘုရားသခင်သည်မသန့်ရှင်းသောအရာတစ်စုံတစ်ခုကိုမျှနှစ်သက်တော်မမူ။ အရာခပ်သိမ်းတို့သည်သန့်ရှင်းစင်ကြယ်၍သပ်သပ်ရပ်ရပ်မရှိလျှင် ကျွန်ုပ်တို့သည် ကိုယ်တော်အားမိမိတို့၏အိမ်ထဲသို့ အဘယ်ကဲ့သို့ခေါ်ဖိတ်နိုင်မည်နည်း။

## အတွင်း၌သန့်ရှင်းကြောင်းထင်ရှားသော အပြင်လက္ခဏာ

ယုံကြည်သောသူများတို့အား ဆင်းရဲပင်ဆင်းရဲသော်လည်း မိမိတို့ကိုယ်၌ လည်းကောင်း၊ အိမ်၌လည်းကောင်း ညစ်ညစ်ပေပေ ရှုပ်ရှုပ်ထွေးထွေးမထားစေရန်သွန်သင်ပေးရကြမည်။ သန့်ရှင်းစင်ကြယ်ခြင်း၏ အဓိပ္ပါယ်နှင့်၎င်း၏အရေးကြီးခြင်းကို မသိရှိ နားမလည်ကြသောသူတို့အားဤအရာကိုသွန်သင်လျက်မစကူညီရကြမည်။ မြင့်မြတ်သန့်ရှင်းတော်မူသော ဘုရားသခင်အကြောင်းကို ထင်ရှားစေရမည်။ လူများတို့သည် မိမိတို့၏စိတ်ဝိညာဉ်ကိုသန့်ရှင်းစင်ကြယ်စေရမည်။ ၎င်းပြင်သမ္မာတရားသည်မိမိတို့၏အသက်တာတွင် ပြောင်းလဲခြင်းဖြစ်စေလျက် စိတ်ဝိညာဉ်တို့ကိုသန့်ရှင်းဖြူစင်စေ၍ မိမိတို့၏အလေ့အကျင့်အပြုအမူတို့တွင်နူးညံ့သိမ်မွေ့ခြင်းရှိစေကြောင်းကို အစေခံလျက်ရှိသော ကောင်းကင်တမန်များတို့သည်ထင်ရှားစွာသိရှိကြမည်အကြောင်း၊ မိမိတို့၏အဝတ်အစားနှင့် အိမ်တွင်ရှိသမျှသောအရာများတိုင်အောင်ထိုသို့သန့်ရှင်းခြင်းရှိရမည်ကိုလည်း သူတို့အားသွန်သင်ပေးရမည်။ ဣသရေလလူတို့သည်ပညတ်တရားတော်ကို ကြွေးကြော်သောအသံကို ကြားအံ့သောငှါ တောင်ခြေရင်းသို့လာသောအခါသူတို့သည်သန့်ရှင်းစင်ကြယ်သောကိုယ်ခန္ဓာ၊ အဝတ်အစားတို့နှင့်လာစေရန်ဘုရားသခင်မိန့်မှာတော်မူ၏။ ယခုကာလ၌လည်းမိမိ၏လူများတို့သည် ဘုရားသခင်အား လုံးလုံး သန့်ရှင်းစင်ကြယ်ဖြူစင်သောအလေ့အကျင့်အနေအထိုင်တို့အားဖြင့်ချီးမြှောက်ရကြမည်။ CH. 101-2.

## အိမ်ထောင်၏စည်းကမ်းဥပဒေ

မိမိတို့အားချပေးထားတော်မူသောအစွမ်းသတ္တိများသည်ဘုရားသခင်ကိုချီးမြှောက်၍ ဘုန်းတော်ကိုထင်ရှားစေဖို့ ဖြစ်ကြောင်းကို သားသမီးများတို့အားသင်ကြားရမည်။ ဤအခြေအနေသို့ ရောက်သည်တိုင်အောင် သူတို့သည် နားထောင်ခြင်းကို သင်ကြားရမည်။ အကြောင်းမူကား နားထောင်ခြင်းအကျင့်အားဖြင့်သာ ဘုရားသခင် အလိုရှိတော်မူသောအမှုကို သူတို့သည် ပြုလုပ်နိုင်ကြလိမ့်မည်။ ကလေးသူငယ်သည်

စဉ်းစားဆင်ခြင်တတ်သော အရွယ်သို့မရောက်မီ နားထောင်ခြင်းရှိစေဖို့ရန်သင်ကြားပေးရမည်။ နူးညံ့သိမ်မွေ့သောနည်းဖြင့် ကြိုးစားအားထုတ်ပြီးသွန်သင်ခြင်းအားဖြင့်ဤအကျင့်မျိုးကိုဖြစ်စေရန်ပြုပြင်ပေးရမည်။ ထိုနည်းအားဖြင့် နောင်ပျို့ရွယ်သူတို့တွင် ဖြစ်ပေါ်လာတတ်သော မိဘ၊ ဆရာသမားတို့တစ်ဖက်၌ စိတ်ဖေါက်ပြန်၍ အမျက် ဒေါသ ထွက်ခြင်း၊ ဘုရားနှင့်လူတို့၏ ဩဇာအာဏာကို မကြောခဏ ငြင်းဆန်ကန့်ကွက်ခြင်းသဘောများကိုအများအားဖြင့် တားဆီးပယ်ရှားနိုင်လိမ့်မည်။

နားထောင်ခြင်းအားဖြင့် မှန်ကန်သော ရိုသေ ကိုင်းညွတ်ခြင်းသဘောကိုထင်ရှားစေနိုင်ကြောင်းသားသမီးများအား သင်ကြားပေးရမည်။ ဘုရားသခင်သည် အလိုမရှိသောအရာ၊ အရေးမကြီးသောအမှုတစ်စုံတစ်ခုကိုမျှပညတ်တော်မမူချေ။ ၎င်းပြင်ဘုရားသခင်နှစ်သက်တော်မူသော ရိုသေခြင်းမျိုးကိုမိန့်မှာတော်မူသောစကားတော်ကို နားထောင်ခြင်းနည်းအပြင်အခြားမည်သည့်နည်းနှင့်မျှမဖေါ်ပြနိုင်ချေ။

## ငယ်ရွယ်စဉ်ကအစပြုလော့

မိမိ၏သားသမီးများအား နားထောင်ခြင်းသဘောရှိစေရန် ငယ်ရွယ်စဉ်အခါကအစပြု၍ ပြုပြင်သွန်သင်ပေးသောမိဘများ အနည်းငယ်သာရှိတတ်ကြသည်။ အများအားဖြင့် ကလေးသည် နားထောင်ခြင်းသဘောကိုသိနားလည်ဖို့ရန် ငယ်သေးသည်ဟုထင်မှတ်ကာမိဘများတို့သည်ဆုံးမသွန်သင်ခြင်းကိုမပြုသေးဘဲ နှစ်နှစ်၊ သုံးနှစ်မျှမိမိတို့သဘောအတိုင်း ပြုနေစေဖို့ အခွင့်ပေးထားတတ်ကြသည်။ သို့ရာတွင် ထိုအချိန်ကာလပတ်လုံး ကလေး၌ မိမိအလိုဆန္ဒအတိုင်း ပြုလုပ်လိုသောသဘောသည် တိုးပွားလာသဖြင့် တစ်နေ့ထက်တစ်နေ့ မိဘများသည် သူ့အားအုပ်ထိန်းရသောအလုပ်တာဝန်သည် သာ၍ခက်ခဲလာလေ၏။ အလွန်ငယ်ရွယ်သောအခါမှာပင် ကလေးများသည် မိမိတို့အားရိုးရိုးနှင့် ထင်ရှားစွာ ပြောပြသောအရာကို နားလည်နိုင်ပေသည်။ ၎င်းပြင် ကြင်နာလိမ္မာစွာအုပ်ချုပ်စီမံသောနည်းမျိုးဖြင့် ကလေးအားနားထောင်စေရန်သင်ကြားပေးနိုင်လေသည်။

မိဘများအား မရိုသေသောသဘော၊ အပြုအမူတို့ကိုပြစေဖို့ရန် သူတို့အားဘယ်သောအခါမျှ အခွင့်မပေးရ။ ဆုံးမသွန်သင်ခြင်းမပြုဘဲ သူတို့၏အလိုဆန္ဒအတိုင်းပြုလုပ်နေစေဖို့ ဘယ်အခါမျှအခွင့်မပေးရချေ။ နောင်ကလေးသူငယ်၏ ကောင်းမွန်ရေးအဖို့အလို့ငှါ ကြင်နာချစ်ခင်၍ စွဲမြဲတည်ကြည်စွာ ဆုံးမသွန်သင်လျက် စည်းကမ်းစနစ်ထားပေးဖို့လိုပေသည်။ CT. 110-2.

## သူငယ်တို့ကိုငါ့ထံသို့လာပါလေစေ

သခင်ယေရှုသည် မိခင်တိုင်းတို့၏ နှလုံးတွင်ရှိသော ဝန်တာကို သိရှိတော်မူသည်။ ဆင်းရဲဒုက္ခများကို တွေ့ကြုံခဲ့ရသော မိခင်ရှိခဲ့ဖူးသော ကိုယ်တော်သည် ပင်ပန်းစွာလုပ်ကိုင်ရသော မိခင်တိုင်းတို့အား ထောက်ထားစာနာတော်မူ၏။ စိုးရိမ်ကြောင့်ကြလျက်ရှိသော ခါနာန်မိန်းမတစ်ယောက်ကို စိတ်သက်သာစေခြင်းငှါ ဝေးသောခရီးကို ကြွသွားတော်မူသော ကိုယ်တော်သည် ယခုကာလရှိ မိခင်များအတွက် များစွာ ပြုတော်မူလိမ့်မည်။ နာဣနမြို့သူမုဆိုးမ၏တစ်ဦးတည်းသောသားကိုအသက်ရှင်ပြန်စေ၍လက်ဝါးကပ်တိုင်ပေါ်တွင်ဝေဒနာခံနေရစဉ်တွင်ပင် မိမိ၏မိခင်ကို သတိရတော်မူသော ကိုယ်တော်သည် ယခုကာလ၌လည်း မိခင်၏ဝမ်းနည်းခြင်းကိုသနားကြင်နာခြင်းနှင့် ကြည့်ရှုတော်မူ၏။ ဝမ်းနည်းစိတ်ပျက်ခြင်းရှိသမျှနှင့် ဆင်းရဲခြင်းရှိသမျှကို ကိုယ်တော်သည်သက်သာစေလျက် မစကူညီတော်မူလိမ့်မည်။

မိခင်များတို့အား မိမိတို့၏စိတ်ရှုပ်ထွေးခြင်းများနှင့် သခင်ယေရှုထံလာကြပါလေစေ။ မိမိတို့၏သားသမီးများအား အုပ်ချုပ်စီမံရာတွင် မစကူညီခြင်းရရှိရန် သူတို့သည် ကျေးဇူးတော်ကိုလုံလောက်စွာ ရရှိကြလိမ့်မည်။ မိမိ၏ဝန်တာများကို ကယ်တင်ရှင်၏ခြေတော်ရင်း၌ ချထားလိုသောမိခင်တိုင်းတို့အား တံခါးများကိုဖွင့်ပေးလျက် ရှိတော်မူသည်။ 'ထိုသူငယ်တို့ကို ငါ့ထံသို့လာပါလေစေ။ မဆီးတားကြနှင့်" (မာ၊ ၁၀း၁၄)ဟု မိန့်တော်မူသောကိုယ်တော်သည် မိမိတို့၏သားသမီးများအား ကိုယ်တော်တိုင် ကောင်းချီးပေးတော်မူရန် အထံတော်သို့ယူ

ဆောင်လာဖို့ မိခင်များအား ခေါ်ဖိတ်လျက် နေတော်မူပါသေးသည်။ မိခင်၏ရင်ခွင်၌ရှိသော နို့စို့သူငယ်ပင်လျှင် ဆုတောင်းလျက်နေသော မိခင်၏ယုံကြည်ခြင်းဖြင့် အန္တတန်ခိုးရှင်၏အကွယ်အကာကို ရရှိလိမ့်မည်။ နှစ်ခြင်းဆရာယောဟန်သည် မွေးစကပင် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလျက်ရှိ၏။ ကျွန်ုပ်တို့သည်ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့လျှင်အလွန်ငယ်ရွယ်သောအချိန်အခါကပင် ကျွန်ုပ်တို့၏ကလေးသူငယ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ ပြုပြင်ခြင်းကိုခံရကြောင်း တွေ့မြင်သိရှိနိုင်ကြလိမ့်မည်။

မိခင်ဖခင်တို့သည် မိမိတို့၏သားသမီးများအား ကောင်းကင်ချမ်းသာအလို့ငှါ သင်ကြားပြသပေးဖို့ရန် မိမိတို့၌ အပ်ထားသော ထာဝရဘုရား၏အိမ်ထောင်သားကလေးများကဲ့သို့ သဘောထားရကြမည်။ သခင်ခရစ်တော်ထံမှ ကျွန်ုပ်တို့သင်ကြားရသောသင်ခန်းစာများကိုကျွန်ုပ်တို့၏သားသမီးများအား သူတို့၏နူးညံ့သောစိတ်က ခံယူနိုင်သမျှ ကောင်းကင်စည်းကမ်းဥပဒေတို့၏ လှပတင့်တယ်ခြင်းကိုတဖြည်းဖြည်း အနည်းငယ်စီဖေါ်ပြလျက်သွန်သင်ပေးအပ်သည်။ ထိုနည်းအားဖြင့် ခရစ်ယာန်အိမ်ထောင်သည်ကျောင်းတစ်ကျောင်းဖြစ်၍ မိဘများသည် လက်အောက်ဆရာများဖြစ်လျက် သခင်ခရစ်တော်ကိုယ်တိုင်သည် သွန်သင်ပြသသူဆရာကြီးဖြစ်၏။

သင်တို့သည်သခင်ခရစ်တော်၏တပည့်များကြောင်းကို သူတို့သည်ယုံကြည်လာအောင် ပြုလုပ်နိုင်လျှင် ကျွန်ုပ်တို့အား ကိုယ်တော်ချစ်တော်မူသောမဟာမေတ္တာတော်အကြောင်းကို သူတို့အား သင်ကြားပေးဖို့ရန် လွယ်ကူလာလိမ့်မည်။ သင်တို့သည်ကယ်တင်ခြင်းနှင့်ဆိုင်သော သမ္မာတရားများကို ထင်ရှားစွာသိရှိနားလည်စေခြင်းငှါ ကြိုးစားလျက် ပြသသွန်သင်ပြီး သားသမီးများအား သခင်ခရစ်တော်ကိုအသီးသီးတို့၏ကယ်တင်ရှင်အဖြစ်နှင့် ညွှန်ပြကြပါလျှင် ကောင်းကင်တမန်တို့သည်သင်၏အနားတွင်ရှိနေကြလိမ့်မည်။ လောက၏မျှော်လင့်ရာအချက်အမှန်ဖြစ်သော ဗက်လင်မြို့တွင်မွေးဖွားသည့်သူငယ်တော်၏အကြောင်းကိုကလေး

သူငယ်တို့စိတ်ပါဝင်စားလာမည်အကြောင်းမိခင်ဖခင်တို့အား ထာဝရဘုရားသသည် ကျေးဇူးတော်ကိုချပေးတော်မူမည်။

သခင်ယေရှုသည် ကလေးသူငယ်တို့အား မိမိထံတော်သို့လာစေရန် မြစ်တားခြင်းမပြုဖို့ တပည့်တော်တို့အား မိန့်တော်မူသောအခါ ကာလအဆက်ဆက်မှအသင်းတော်၏အမှုဆောင်များ၊ သင့်အုပ်များ၊ သင်းထောက်များ၊ ဆရာများမှစ၍ ကိုယ်တော်၏တပည့်တော်ဖြစ်သော ခရစ်ယာန်အပေါင်းတို့အားမိန့်တော်မူလျက်ရှိ၏။ သခင်ယေရှုသည် ကလေးသူငယ်တို့ကိုမိမိအထံတော်သို့ဆွဲယူလျက်နေတော်မူ၏။ ၎င်းပြင် သင်တို့သည် သူတို့ကိုမတားဆီးလျှင် သူတို့သည် လာကြလိမ့်မည်ဟု ဆိုသကဲ့သို့ကိုယ်တော်က 'သူတို့အား ငါ့ထံသို့လာပါလေစေ" ဟု ကျွန်ုပ်တို့အားမိန့်တော်မူ၏။

## အိမ်ထောင်ပလ္လင်

ခရစ်ယာန်အိမ်ထောင်တိုင်းတွင်နံနက်နှင့်ညနေတိုင်း ဆုတောင်းခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်ဆက်ကပ်ပူဇော်ခြင်းများကို ပြုလျက် ဘုရားသခင်ကို ချီးမြှောက်သင့်ပေသည်။ ကလေးသူငယ်များအား ဆုတောင်းသောအချိန်တွင် ရိုသေကိုင်းညွှတ်ခြင်း သဘောကို ပြစေရန် သွန်သင်ပေးရမည်။ နံနက်နှင့်ညနေတိုင်းစိတ်အားကြီးစွာယုံကြည်ခြင်းနှင့် ကြိုးစားလျက် ဆုတောင်းခြင်းဖြင့် မိမိတို့၏သားသမီးများပတ်လည်တွင် အကာအဆီးများထားဖို့ရန် ခရစ်ယာန်မိဘတို့၏ဝတ္တရားဖြစ်ပေသည်။

စည်းဝေးဇရပ်၌လည်းကောင်း၊ အိမ်၌လည်းကောင်း ကလေးသူငယ်များအား ဆုတောင်းတတ်စေရန်နှင့် ဘုရားသခင်ကိုယုံကြည်ကိုးစားစေရန် သင်ကြားပေးရမည်။ ဘုရားသခင်၏ ပညတ်တရားတော်ကို ရွတ်ဆိုစေရန် သင်ကြားပေးရမည်။ နူးညံ့သိမ်မွေ့သောသဘောနှင့်လည်းကောင်း၊ သင့်ကိုယ်တိုင်နှင့် သင်၏ကလေးများရှေ့တွင် စုံစမ်းသွေးဆောင်ခြင်း၊ ဘေးဥပဒ်များရှိကြောင်းကို သိရှိသောသဘောနှင့်လည်းကောင်း နှိမ့်ချခြင်းနှင့်လာရောက်လျက် သူတို့အား ထာဝရဘုရား

စောင့်ရှောက် ကြည့်ရှုစေတော်မူရန် တောင်းလျှောက်လျက် သူတို့ကို ပလ္လင်တော်ရှေ့သို့ယုံကြည်ခြင်းအားဖြင့်စုရုံးစေကြလော့။ လွယ်ကူသော စကားများဖြင့် ရိုးရိုးပင်ဆုတောင်းစေရန် သားသမီးများအား သင်ကြားပေးကြလော့။ ဘုရားသခင်အား ဆုတောင်းခြင်းဖြင့်ခေါ်ရန် ဘုရားသခင်သည် နှစ်သက်တော်မူကြောင်းကိုသူတို့အားပြောပြကြပါ။

ထာဝရဘုရားသည် ဤကဲ့သို့သော အိမ်ထောင်များကို ကျော်လွန်သွား၍ ကောင်းချီး တစ်စုံတစ်ခုမျှ မပေးဘဲ နေတော်မူမည်လော။ မဟုတ်ပါ။ ဧကန်အမှန်ပင် ပေးတော်မူပါလိမ့်မည်။ ထိုနည်းအားဖြင့် ဘုရားသခင်အား ဆက်ကပ်ပူဇော်ထားသော ကလေးသူငယ်များကို အစေခံလျက်ရှိသော ကောင်းကင်တမန်များတို့သည် စောင့်ရှောက်ကာကွယ်ကြလိမ့်မည်။ သူတို့သည် ကျေးဇူးတော်ချီးမွမ်းခြင်း၊ ယုံကြည်ခြင်းနှင့် ဆုတောင်းခြင်းအသံများကိုကြားသိကြ၍ မိမိလူများအတွက်သန့်ရှင်းရာဌာနတွင် အမှုဆောင်ရွက်လျက် သူတို့အတွက်ကုသိုလ်ကောင်းမှုတော်များကို ပူဇော်နေတော်မူသော ကိုယ်တော်ထံတော်သို့ သူတို့၏ တောင်းလျှောက်ချက်များကိုယူဆောင်လာကြလေသည်။ C T. 110.

## ကျမ်းစာသင်ပေးခြင်းနှင့်လေ့ကျက်ခြင်း

သခင်ယေရှုသည် ငယ်ရွယ်စဉ်အခါ၌လည်းကောင်း၊ ပျိုရွယ်စဉ်အခါ၌လည်းကောင်း၊ လူကြီးဖြစ်လာသောအခါ၌လည်းကောင်း ကျမ်းစာတော်မြတ်ကို အစဉ်လေ့ကျက်တော်မူ၏။ သူငယ်အရွယ်၌ကိုယ်တော်သည် မိခင်၏အနားတွင် နေ့စဉ်ပုရောဖက် ကျမ်းစာများကို သင်ကြားလေ့ကျက်တော်မူရ၏။ ပျိုရွယ်စဉ်အခါ၌နံနက်စောစောနှင့် ညနေမှောင်စပြုသောအခါတွင် ကိုယ်တော်သည် တစ်ယောက်တည်း တောင်ခြေရင်းနား သို့မဟုတ် တောစပ်နားရှိသစ်ပင်များအောက်တွင် ဆုတောင်းလျက် ဘုရားသခင်၏နှုတ်ကပါဌ်တော်ကို လေ့ကျက်ခြင်းဖြင့် ဆိတ်ငြိမ်သောအချိန်ကို ကုန်ခန်းစေတော်မူ၏။ အမှုတော် ဆောင်ရွက်ရာတွင် ကိုယ်တော်သည် ကျမ်းစာတော်မြတ်ကို ကောင်းစွာကျွမ်းကျင်နားလည်တော်မူကြောင်းတို့ကို ထောက်ရှုခြင်းအားဖြင့် ကိုယ်တော်သည် ကျမ်းစာကိုလေ့ကျက်ရာတွင် ဝီရိယစိုက်ထုတ်ကြောင်း ထင်ရှားပေသည်။

ကျွန်ုပ်တို့ရရှိနိုင်သကဲ့သို့ပင် ကိုယ်တော်သည်ပညာကိုသင်ကြားရရှိသည်ဖြစ်သောကြောင့် ကိုယ်တော်၏အံ့သြဖွယ်သော ပညာအစွမ်းသတ္တိနှင့် ဝိညာဉ်တန်ခိုးက ကျမ်းစာတော်မြတ်သည် ပညာသင်ကြားရေးတွင် အဖိုးထိုက်တန်သော အရာတစ်ခုဖြစ်ကြောင်း သက်သေခံလေ၏။

ကျမ်းစာတော်မြတ်ကိုလေ့ကျက်ဖို့ရန် နှစ်သက်သောသဘောကို ဖြစ်ပေါ်တိုးပွားလာစေရန်အထူးသဖြင့်ဝတ်ပြုကိုးကွယ်ခြင်းအချိန်ကိုကန့်သတ်ထားဖို့လိုပေသည်။ နံနက်နှင့်ညနေ ဝတ်ပြုကိုးကွယ်ခြင်းအချိန်ကို ကန့်သတ်ထားဖို့လိုပေသည်။ နံနက်နှင့်ညနေဝတ်ပြုကိုးကွယ်ခြင်းအချိန်များသည်အသာယာဆုံး၊ အကျိုးအဖြစ်ထွန်းဆုံးအချိန်များဖြစ်ပေသည်။ ဤအချိန်အခါများတွင်စိတ်ရှုပ်ထွေး၍ မကောင်းသောအကြံအစည်များကိုမယူဆောင်ရကြောင်းသိရှိနားလည်ကြပါစေ။ မိဘများနှင့်သားသမီးများသည် သခင်ယေရှုနှင့်တွေ့ဆုံရန်စုဝေးလာကြလျက် အိမ်ထဲသို့သန့်ရှင်းသောကောင်းကင်တမန်များကို ခေါ်ဖိတ်ဖို့ရန် သိရှိနားလည်ကြပါစေ။

ဝတ်ပြုကိုးကွယ်ခြင်းစည်းဝေးကို တိုတိုနှင့်စိတ်အားထက်သန်စွာပြုလုပ်လျက်အချိန်ကာလအခြေအနေကိုလိုက်၍ တစ်ခါနှင့်တစ်ခါပြောင်းလဲကာတစ်မျိုးစီပြုလုပ်ပေးရမည်။ ကျမ်းစာဖတ်ရာတွင်စည်းဝေးဝင်သူအပေါင်းပါဝင်ကြပါစေ။ ၎င်းပြင် ဘုရားသခင်၏ပညတ်တရားတော်ကိုသင်ကြားလေ့ကျက်၍တစ်ခါတစ်ရံရွတ်ဆိုရကြမည်။ တစ်ခါတစ်ရံကလေးများအားဖတ်ရန်ကျမ်းချက်များကိုရွေးချယ်ခိုင်းလျှင် သူတို့အတွက်စိတ်ပါဝင်စားဖွယ်ရာအချက်တစ်ခုဖြစ်ပေလိမ့်မည်။ ၎င်းကျမ်းချက်ကိုအကြောင်းပြု၍သူတို့အားမေးခွန်းများမေးပါ။ ၎င်းပြင်သူတို့အားမေးခွန်းများမေးစေဖို့လည်းအခွင့်ကိုပေးပါ။ ကျမ်းချက်၏အဓိပ္ပါယ်ကိုဖော်ပြရန် အရာဝတ္ထုတစ်စုံတစ်ခုကိုပုံပမာပြုလုပ်၍ ပြောဆိုပါ။ စည်းဝေးသည်ထိုကဲ့သို့မရှည်လွန်းလျှင်ကလေးများဆုတောင်းရာတွင်ပါဝင်ပါစေ။ ၎င်းပြင်သီချင်းသည်တစ်ပုဒ်တည်းဖြစ်လျှင် သူတို့အားသီချင်းရွေးချယ်ပါစေ။

ထိုကဲ့သို့ စိတ်ဝင်စားဖွယ်သော စည်းဝေးမျိုး ဖြစ်စေရအောင် အထူးသဖြင့်ပြင်ဆင်ခြင်းသည်အရေးကြီးပေသည်။ ၎ပြင်မိဘများတို့

သည်နေ့စဉ်ကလေးများနှင့် အတူကျမ်းစာတော်မြတ်ကိုလေ့ကျက်ဖို့အချိန်ကိုကန့်သတ်ထားရမည်။ ထိုသို့ပြုရန်အမှန်အားဖြင့်လုံ့လဝီရိယ၊ စီမံပြင်ဆင်ခြင်းနှင့်ခြိုးခြံခြင်းတို့ကို လိုပေသည်။ သို့ရာတွင် ကြိုးစားအားထုတ်ခြင်းဖြင့်နောက်ဆုံး၌များသောအကျိုးကိုခံစားရလိမ့်မည်။

ဘုရားသခင်၏ပညတ်တရားတော်များကို သွန်သင်ဖို့ရန် ပြင်ဆင်ခြင်းအကြောင်းနှင့်ပတ်သက်၍ ဘုရားသခင်က ၎င်းတို့ကို မိဘတို့၏စိတ်နှလုံးထဲတွင်သိုထားရမည်ဟုမိန့်တော်မူ၏။ 'ယနေ့ ငါမှာထားသောစကားကိုနှလုံးသွင်းရမည်။ ထိုစကားကို သင်၏သားသမီးတို့အားကြိုးစား၍သွန်သင်ရမည်" ဟုဘုရားသခင်ကမိန့်တော်မူ၏။ ကျွန်ုပ်တို့၏သားသမီးများအား ကျမ်းစာတော်မြတ်တွင် စိတ်ပါဝင်စားခြင်းငှါ ကျွန်ုပ်တို့ကိုယ်တိုင်ကပင် ကျမ်းစာတော်မြတ်တွင် စိတ်ပါဝင်စားခြင်းရှိရကြမည်။ သူတို့အထဲ၌ ကျမ်းစာလေ့ကျက်ခြင်းကို နှစ်သက်လိုလားသောစိတ်သဘောမျိုး နိုးကြားလာစေခြင်းငှါ ကျွန်ုပ်တို့ကိုယ်တိုင်ကပင် ၎င်းအမှုမျိုးကိုနှစ်သက်ရကြမည်။ ကျွန်ုပ်တို့၏ပုံသက်သေ၊ စိတ်အားထက်သန်သောသဘောအားဖြင့်သာသူတို့အား ကျွန်ုပ်တို့သွန်သင်ပြသလောအရာများသည်အကျိုးဖြစ်ထွန်းလိမ့်မည်။ Ed. 185-7.

## အကျိုးဖြစ်ထွန်းသောကျမ်းစာလေ့ကျက်ခြင်းနည်း

နှုတ်ကပါဌ်တော်ကိုချပေးတော်မူသော ထိုဝိညာဉ်တော်၏ မစခြင်းအားဖြင့်သာလျှင်ကျမ်းစာတော်မြတ်ကို မှန်ကန်စွာပိုင်းခြားသိနားလည်နိုင်သောပညာကိုရရှိနိုင်ပေသည်။ ၎င်းပြင် ဤသိကျွမ်းခြင်းပညာကိုရရှိဖို့ရန်ကျွန်ုပ်တို့သည်၎င်းအားဖြင့်အသက်ရှင်ရကြမည်။ ဘုရားသခင်၏နှုတ်ကပါဌ်တော်ကမိန့်မှာပညတ်တော်မူသမျှအားလုံးကို ကျွန်ုပ်တို့သည်လိုက်နာစောင့်ရှောက်ရကြမည်။ ကျမ်းစာတွင် ကတိထားတော်မူသမျှအားလုံးကိုကျွန်ုပ်တို့သည်ထိုက်သင့်သမျှတောင်းဆိုနိုင်သည်။ ၎င်းကမိန့်မှာတော်မူသောအသက်သည်၎င်း၏တန်ခိုးအားဖြင့်ကျွန်ုပ်တို့အသက်ရှင်လျက်နေရမည့်အသက်ဖြစ်သည်။ ကျမ်းစာတော်မြတ်ကိုထိုကဲ့သို့သဘောထားခြင်းအားဖြင့်သာ ၎င်းကိုအကျိုးဖြစ်ထွန်းအောင် လေ့ကျက် သင်ကြားနိုင်ပေသည်။ Ed. 189.

## ဥပုသ်စောင့်ခြင်း

ဥပုသ်ကိုစောင့်ခြင်းအားဖြင့် ဘုရားသခင်၏အကြောင်းကိုလူများတို့၏အထဲတွင်ထင်ရှားစေခြင်းငှါ ကျွန်ုပ်တို့၏ကောင်းကင် အဘခမည်းတော်သည်အလိုရှိတော်မူ၏။ ဘုရားသခင်အား မှန်ကန်၍အသက်ရှင်တော်မူသောဘုရားဖြစ်ကြောင်းကို ကျွန်ုပ်တို့စိတ်ထဲ၌ ထင်မှတ် အောက်မေ့စေခြင်းငှါ ဥပုသ်ကည့်ပြု၍ ဘုရားသခင်ကို သိကျွမ်းခြင်းအားဖြင့် ကျွန်ုပ်တို့သည် အသက်နှင့်ငြိမ်သက်ခြင်းကိုရစေမည့်အကြောင်း ဘုရားသခင်အလိုရှိတော်မူ၏။

ထာဝရဘုရားသည်ဣသရေလလူများတို့အားအဲဂုတ္တုပြည်မှကယ်နုတ်ဆောင်၍သူတို့အားမိမိပညတ်တရားတော်ကို အပ်ပေးတော်မူသောအခါ ဥပုသ်ကိုစောင့်ရှောက်ခြင်းအားဖြင့်သူတို့သည်ရုပ်တုကိုကိုးကွယ်သောသူတို့နှင့်ခြားနားရကြမည်ဟုသွန်သင်ပြသတော်မူ၏။

## ဥပုသ်အတွက်ပြင်ဆင်ခြင်း

ရက်သတ္တတစ်ပတ်လုံးကျွန်ုပ်တို့သည်ဥပုသ်ကိုစိတ်ထဲ၌အစဉ်အောက်မေ့ရမည်။ ၎င်းပြင် ပညတ်တော်အတိုင်း စောင့်ရှောက်ဖို့ရန် ပြင်ဆင်လျက်နေရကြမည်။ တရားဥပဒေနှင့်ဆိုင်သောအမှုကဲ့သို့ဥပုသ်စောင့်ခြင်းအမှုကိုသာကျွန်ုပ်တို့ပြုရကြမည်မဟုတ်။ ၎င်း၏ဝိညာဉ်အကျိုးကျေးဇူးများသည်အသက်တာ၏အမှုအရေးအလုံးစုံတို့အပေါ်၌ သက်ရောက်ကြောင်းကို ကျွန်ုပ်တို့သိရှိနားလည်ရကြမည်။ ဥပုသ်နေ့ကိုဘုရားသခင်နှင့်မိမိတို့၏စပ်ကြားတွင်လက္ခဏာသက်သေကဲ့သို့သဘောထား၍ဘုရားသခင်သည် မိမိတို့ကိုသန့်ရှင်းစေတော်မူသောပုဂ္ဂိုလ်ဖြစ်ကြောင်းကို ဖေါ်ပြကြသောသူအပေါင်းတို့သည် ဘုရားသခင်၏ စီမံအုပ်ချုပ်ခြင်း အခွင့်အာဏာနှင့်ဆိုင်သောစည်းကမ်းဥပဒေများကို မိမိတို့ကိုယ်၌ထင်ရှားစေကြလိမ့်မည်။ သူတို့သည် မိမိတို့နေ့စဉ်ပြုရသော အလေ့အကျင့်တို့တွင် ဘုရားသခင်၏နိုင်ငံတော်နှင့်ဆိုင်သော ပညတ်တရားများကိုထင်ရှားစေ

လိမ့်မည်။ ဥပုသ်၏သန့်ရှင်းခြင်းသည် သူတို့အပေါ်၌အမြဲတည်ရှိနေမည် အကြောင်း သူတို့သည်နေ့စဉ်ဆုတောင်းပတ္ထနာပြုကြလိမ့်မည်။ နေ့တိုင်း သူတို့သည် သခင်ခရစ်တော်နှင့် ပေါင်းသင်းဆက်ဆံ၍ ကိုယ်တော်၏ စုံလင်သောအကျင့်စာရိတ္တသဘော အခြေအနေကို မိမိတို့၏ပုံသက်သေ အားဖြင့် ထင်ရှားစေကြလိမ့်မည်။ နေ့တိုင်းကောင်းသောအမှုများအား ဖြင့် သူတို့၏အလင်းသည် သူတစ်ပါးထံသို့ထွန်းတောက်ရောက်ရှိသွား လိမ့်မည်။

ဥပုသ်နေ့ကို ထိုနည်းအားဖြင့် အောက်မေ့ဆင်ခြင်သောအခါ ဇာတိနှင့်ဆိုင်သောအရာသည် ဝိညာဉ်နှင့်ဆိုင်သော အရာပေါ်သို့ ဝင်ရောက်ကျူးလွန်ဖို့ရန် အခွင့်ရလိမ့်မည်မဟုတ်။ အလုပ် လုပ်ကိုင် ရသော ခြောက်ရက်နှင့်စပ်ဆိုင်သည့် အလုပ်တာဝန်တစ်စုံတစ်ခုကိုမျှ ဥပုသ်နေ့အတွက်ကျန်ရှိနေလိမ့်မည်မဟုတ်။ ဘုရားသခင်သည်ငြိမ်ဝပ်စွာ နေ၍အားဖြည့်တော်မူသောနေ့၌ကျွန်ုပ်တို့သည်ဘုရားသခင်၏အမှုတော် ကို ပြုလုပ်ဆောင်ရွက်ဖို့ရန် အလွန်ပင်အားနည်းပင်ပန်းလောက်အောင် ရက်သတ္တပတ်အတွင်းကိုယ်ကာယနှင့်ဆိုင်သောလုပ်အားဖြင့်ကျွန်ုပ်တို့၏ ခွန်အားအစွမ်းသတ္တိများသည် ကုန်ခန်းဆုတ်လျော့သွားလိမ့်မည်မဟုတ်။

### ပြင်ဆင်ရသောအဖိတ်နေ့

ရက်သတ္တပတ်လုံးဥပုသ်နေ့အတွက် ပြင်ဆင်ခြင်းကိုပြုလုပ်နေစဉ် အခါတွင် သောကြာနေ့သည်အထူးသဖြင့်ပြင်ဆင်ရသောအဖိတ်နေ့ဖြစ် ရမည်။ (ထွ၊ ၁၆း၂၃။) နှင့် (တော၊ ၁၁း၈ ကိုဖတ်ကြည့်။) ကောင်း ကင်မှန္နသရေလလူမျိုးတို့အတွက်ချပေးသောမုန့်ကိုပြင်ဆင်ရာတွင်ပြုလုပ် သင့်သောအမှုတစ်ခုရှိ၏။ ပြင်ဆင်ရသောအဖိတ်နေ့တည်းဟူသော သောကြာနေ့၌ ဤအမှုကိုပြုလုပ်ရမည်ဟု ထာဝရဘုရားက သူတို့အား မိန့်တော်မူ၏။ ဤအမှုသည် သူတို့အား စုံစမ်းခြင်းတစ်မျိုးဖြစ်ပေ၏။ သူတို့သည်ဥပုသ်နေ့ကို သန့်ရှင်းစွာစောင့်ရှောက်မည်၊ မစောင့်ရှောက် မည်ကိုသိရှိရန် ဘုရားသခင်အလိုတော်ရှိ၏။

## ဥပုသ်နေ့အစွန်းများကိုစောင့်ရှောက်ခြင်း

ကျွန်ုပ်တို့သည် ဥပုသ်နေ့၏အစွန်းများကို စိတ်အားထက်သန်စွာ စောင့်ရှောက်ရကြမည်။ မိနစ်တိုင်းသည် ကိုးကွယ်ဝတ်ပြုရေးအတွက် သန့်ရှင်းသောအချိန်ဖြစ်ကြောင်းကို သတိပြုပါ။ တတ်နိုင်လျှင် အလုပ်ခိုင်းစေသောသူတို့သည်အလုပ်သမားများ၊ စေခိုင်းထားသောသူများကို သောကြာနေ့မွန်းတည့်အချိန်မှ ဥပုသ်နေ့စသည်တိုင်အောင်အားလပ်ဖို့ အချိန်များကို ပေးသင့်ပေသည်။ သူတို့သည် စိတ်ငြိမ်သက်စွာနှင့် သခင်ဘုရား၏နေ့ကို ခံယူနိုင်ကြမည်အကြောင်း သူတို့အားပြင်ဆင်ခြင်း ပြုဖို့ရန်အချိန်ပေးရမည်။ ဤသို့ပြုလုပ်ခြင်းအားဖြင့်သင်သည် လောကီနှင့်ဆိုင်သောအရာများမှာပင် ဆုံးရှုံးခြင်းခံရလိမ့်မည်မဟုတ်။

ပြင်ဆင်ရသော အဖိတ်နေ့တွင် သတိပြုအပ်သော အခြားအမှုတစ်ခုရှိသေးသည်။ ဤနေ့၌အိမ်ထောင်တွင်ဖြစ်စေ၊ အသင်းတော်သားတို့တွင်ဖြစ်စေ ညီအစ်ကိုမောင်နှမအချင်းချင်းစိတ်သဘောကွဲပြားခြင်း၊ ငြင်းခုံခြင်းရှိသမျှတို့ကို ပယ်ရှားရမည်။ မိမိတို့၏စိတ်ဝိညာဉ်ထဲမှစိတ်နာခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ ရန်ငြိုးထားခြင်းရှိသမျှတို့ကိုပယ်ရှားရမည်။ နှိမ့်ချသောသဘောနှင့် 'အချင်းချင်းတစ်ယောက်နှင့်တစ်ယောက်ကိုယ့်အပြစ်ကိုဖော်ပြတောင်းပန်ကြလော့၊ ချမ်းသာရမည့်အကြောင်း အချင်းချင်းအဖို့ ဆုတောင်းကြလော့။" ယာ၊ ၅း၁၆။

ဥပုသ်မစမီကိုယ်ခန္ဓာနှင့်တကွစိတ်နှလုံးကိုပါလောကီမှုရေးများမှဆုတ်ခွါနေရမည်။ အပြစ်ကျူးလွန်သောသူများ ဝင်ခွင့်မရသည့် သန့်ရှင်းသောနိုင်ငံတော်အတွက်ပြင်ဆင်ခြင်းပြုလုပ်နေရာတွင် ရက်သတ္တပတ်လုံးအတွင်း မိမိတို့ခံစားရသောအကျိုးကျေးဇူးများကို လူတို့သည်ဆင်ခြင်နိုင်သောအခွင့်ကိုရမည်အကြောင်း ဘုရားသခင်သည်ဥပုသ်နေ့ကို အလုပ်လုပ်ရသော ခြောက်ရက်၏ အဆုံးတွင် သီးသန့် ခန့်ထားတော်မူ၏။ ကုန်လွန်ခဲ့သောရက်သတ္တတစ်ပတ်သည် ဝိညာဉ်အကျိုးကျေးဇူးကို ချပေးသလား၊ သို့မဟုတ် ဆုံးရှုံးခြင်းကိုဖြစ်စေသလားဟုသိရှိရန်ကျွန်ုပ်တို့သည် ဥပုသ်နေ့အသီးသီးတွင် မိမိတို့၏စိတ်ထဲ၌ ချင့်ချိန်တိုင်းထွာကြည့်ရကြမည်။

## ဥပုသ်နေ့စည်းဝေးများ

သင်သည်ဥပုသ်နေ့တစ်နေ့ပြီးတစ်နေ့ စည်းဝေးဝတ်ပြုသောအခါ သင့်အားမှောင်မိုက်ထဲမှ အံ့သြဖွယ်သော အလင်းထဲသို့ ခေါ်ဆောင်တော်မူသော ဘုရားသခင်အား ကျေးဇူးတော်ချီးမွမ်းခြင်းကိုပြုလော့။ 'ငါတို့ကိုချစ်၍ မိမိအသွေးနှင့်ငါတို့အပြစ်များကို ဆေးကြောတော်မူသော" ကိုယ်တော်အားစိတ်နှလုံးထဲကရိုသေလေးမြတ်ခြင်းကိုပြုလော့။ ဟောပြောသောသူ၏စကားများတွင် သခင်ခရစ်တော်၏ မေတ္တာတော်အကြောင်းကို ထင်ရှားစေလော့၊ ရိုးသားသောစကားဖြင့် ချီးမွမ်းရာသီချင်းတိုင်းတွင် ၎င်းကိုဖေါ်ပြကြလော့။ သင်တို့၏ဆုတောင်းချက်များကို ဘုရားသခင်၏ ဝိညာဉ်တော်က နှိုးဆော်သည့်အတိုင်းဖြစ်ပါစေ။ အသက်ရှင်စေသောနှုတ်ကပါဌ်တော်ကိုဟောပြောသောအခါ စိတ်ပါစွာ လက်ခံခြင်းအားဖြင့် သတင်းစကားတော်ကို ကောင်းကင်မှ လာသကဲ့သို့ လက်ခံကြောင်းကိုသက်သေခံလော့။

ကျွန်ုပ်တို့သည်စုံလင်သောမေတ္တာ၏ဂုဏ်အင်္ဂါလက္ခဏာများဖြစ်ပေါ်လာအောင်ပြုပြင်ရန် ဘုရားသခင်၏အိမ်တော်၌စုဝေးရကြမည်ဟု ဘုရားသခင်ကသွန်သင်တော်မူ၏။ ဤသို့ပြုခြင်းအမှုသည် ကိုယ်တော်ကိုချစ်သောသူအပေါင်းတို့အဖို့ ခရစ်တော်သည် သွား၍ ပြင်ဆင်တော်မူသော အခန်းများအတွက် ဤလောက၌နေသောသူတို့ကို သင့်လျော်အောင် ပြုပြင်ပေးလိမ့်မည်။ ထိုအရပ်တွင်သူတို့သည် ကျယ်သောအသံနှင့် သီချင်းကိုဆိုလျက် ပလ္လင်ပေါ်မှာထိုင်တော်မူသောသူနှင့် သိုးသငယ်တော်အား ကာလအဆက်ဆက် ကျေးဇူးတော်ကိုချီးမွမ်းခြင်းငှါ စုရုံးကြဖို့ရန်ဥပုသ်နေ့၊ လဆန်းနေ့အစဉ်အတိုင်းသန့်ရှင်းရာဌာန၌ စည်းဝေးကြလိမ့်မည်။ 6T. 349-368.

ကောင်းကင်ဘုံရှင်ဘုရားသခင်သည် အာဗြဟံအား မိန့်တော်မူသော အောက်ပါစကားများကိုသစ္စာရှိသောမိဘတိုင်းတို့အားမိန့်တော်မူပါသည်။ 'သူသည် မိမိနောက်၌ဖြစ်သောသားများ၊ အိမ်သူများ

တို့အား ပညတ်မည်အရာကိုငါသိ၏။ သူတို့သည်လည်းထာဝရဘုရား၏ တရားလမ်းသို့လိုက်၍ ဟုတ်မှန်ဖြောင့်မတ်စွာကျင့်ကြလိမ့်မည်။ သို့ဖြစ်၍ ကတိတော်ရှိသည်အတိုင်း ထာဝရဘုရားသခင်သည် အာဗြဟံ၌ပြုသော အခွင့်ရှိလိမ့်မည်။" က၊ ၁၈း၁၉။ PP. 144.

--*--

အခန်း ၄

# ခရစ်ယာန်ပညာသင်ကြားခြင်း

## မှန်သောပညာသင်ကြားခြင်း၏ရည်ရွယ်ချက်

ဖန်ဆင်းတော်မူခြင်းအမှုကိစ္စတွင် ဘုရားသခင်၏ အကြံအစည်တော်သည် စုံလင်ခြင်းသို့ရောက်မည်အကြောင်း မိမိအားဖန်ဆင်းတော်မူသောအရှင်၏ ပုံသဏ္ဍာန်တော်ကို လူ၌ပြန်၍တည်မြဲစေရန် မိမိအားဖန်ဆင်းထားတော်မူစဉ်က စုံလင်သောအဖြစ်မျိုးကို လူအားပြန်၍ပေးစေရန် ကိုယ်၊စိတ်၊နှလုံးကြီးပွါးစေရန် ဤအမှုသည်ကား ရွေးနုတ်ခြင်း၏အလုပ်ဖြစ်ပေ၏။ ဤအရာသည် အသက်တာတွင် အကြီးဆုံးသောအချက်ဖြစ်သည့် ပညာသင်ကြားခြင်း၏ရည်ရွယ်ချက်ဖြစ်သည်။

ဘုရားသခင်သည်မှန်သောပညာအပေါင်းတို့၏ မူလအမြစ်ဖြစ်သောကြောင့် ကျွန်ုပ်တို့သိမြင်ခဲ့ရသည့်အတိုင်း ပညာသင်ကြားခြင်း၏ပထမရည်ရွယ်ချက်ကား ဘုရားသခင်ကိုယ်တော်တိုင် မိမိ၏အကြောင်းကိုဖေါ်ပြသောအချက်မားကို ကျွန်ုပ်တို့သိမှတ်စွဲလမ်းဖို့ရန်ဖြစ်ပါသည်။

သမ္မာကျမ်းစာသည် သမ္မာတရား၏စုံလင်သောနမူနာဖြစ်ပေ၏။ ၎င်းပြင် ပညာသင်ကြားခြင်းအမှုတွင် ၎င်းတို့ကို အမြင့်မြတ်ဆုံးသောအရာကဲ့သို့မှတ်ယူရမည်။ ထိုက်သင့်လျော်သောပညာကိုရရှိဖို့ရန် ကျွန်ုပ်တို့သည် ဖန်ဆင်းတော်မူသောအရှင်၊ ဘုရားသခင်နှင့် ရွေးနုတ်တော်မူသောအရှင်၊ သခင်ခရစ်တော်တို့၏အကြောင်းကိုသိကျွမ်းခြင်းပညာကို သန့်ရှင်းသော နှုတ်ကပါဌ်တော်တွင် ဖေါ်ပြထားသည့်အတိုင်း ခံယူရကြမည်။

လူများပြောဆိုရေးသားသောအရာများကိုသာလေ့ကျက်သင်ကြားရမည့်အစားပညာရှာမှီးသူတို့အား သမ္မာတရား၏အရင်းမူလဖြစ်သောအရာ၊ ဓမ္မတာနှင့်ဖွင့်ပြထားသောအရာများကိုစစ်ဆေးရှာဖွေစူးစမ်းနိုင်ဖို့ရန်အခွင့်သာသောနေရာတို့ကိုသိမှတ်စွဲလမ်းပါစေ။ သူတို့အားဆောင်

ရွက်ရသောတာဝန်ဝတ္တရားနှင့် အဆုံးစွန်၌ကျရောက်မည့် အဖြစ်တို့၏ မှန်ကန်သောအချက်ကြီးများကို ကြည့်ရှုဆင်ခြင်ကြပါစေ။ ထိုအခါ အမြင်ကျယ်၍ပညာတိုးပွားလာလိမ့်မည်။

ထိုကဲ့သို့သော ပညာသင်ကြားခြင်းသည် ဉာဏ်ပညာနှင့်ဆိုင်သောစည်းကမ်းဥပဒေများ၊ ကိုယ်ခန္ဓာနှင့်ဆိုင်သောလေ့ကျင့်ခြင်းများထက်သာလွန်သော အကျိုးကျေးဇူးများကို ဖြစ်ထွန်းစေသည်။ မိမိတစ်ကိုယ်ကောင်းဖို့သာဖြစ်သောအလိုဆန္ဒသို့မဟုတ် လောက၌ကြီးမြင့်ထင်ပေါ်လိုသောဆန္ဒများအတွက် သမ္မာတရားနှင့် ဖြောင့်မတ်ခြင်းတရားကိုမစွန့်ပယ်စေဖို့ရန် ၎င်းသည် အကျင့်စာရိတ္တကိုတိုး၍ ကောင်းမွန်လာစေတတ်သည်။ ၎င်းသည်မကောင်းမှုကိုမပြုစေရန် စိတ်ခွန်အားခိုင်ခံ့စေသည်။ အထူးထက်မြက်သောစိတ်သဘောအချို့သည်ဖျက်ဆီးတတ်သောအစွမ်းသတ္တိဖြစ်လာရမည့်အစား ရည်ရွယ်ချက်နှင့်အလိုဆန္ဒတိုင်းတို့သည် မှန်ကန်သောအခွင့်အရေးနှင့်ဆိုင်သော အရင်းမူလသဘောတရားကြီးများနှင့်ညီညွတ်လာလေသည်။ ကိုယ်တော်၏သဘောတော်သည် စုံလင်တော်မူကြောင်းကိုထောက်ရှုဆင်ခြင်ခြင်းအားဖြင့်စိတ်သဘောသည် အသစ်ဖြစ်လာ၍ ဝိညာဉ်သည်ဘုရားသခင်၏ပုံသဏ္ဌာန်နှင့်အညီ တစ်ဖန်ပြုပြင်ခြင်းကိုခံရပြန်လေသည်။

မိမိ၏သားသမီးများအတွက် ဘုရားသခင်ထားတော်မူသော စံနမူနာကိုရောက်နိုင်ဖို့ရန် ကြိုးစည်ပြုလုပ်ခြင်းသည်လူအတွက်အမြင့်မြတ်ဆုံးသောအရာတို့ထက်သာ၍ မြင့်မြတ်သောအမှုဖြစ်၏။ ဘုရားဝတ်၌မွေ့လျော်ခြင်း၊ ဘုရားနှင့်တူညီခြင်းအဖြစ်သည် ရောက်ရကြမည့်ပန်းတုံးတိုင်ဖြစ်သည်။ Ed. 15-8.

## ပညာသင်ကြားရေးတွင်မှန်သောတန်ဖိုး

မှန်သောအတတ်ပညာသည် လောကဓါတ်ပညာ၌သိကျွမ်းနားလည်ခြင်းနှင့် စာပေလေ့လာခြင်း၏တန်ဖိုးကို လျစ်လျူရှု၍မနေတတ်။ သို့ရာတွင် ဗဟုသုတရှာဖွေစုဆောင်းခြင်းထက် စွမ်းအားသတ္တိကိုလည်းကောင်း၊ စွမ်းအားသတ္တိထက်ကောင်းသော ပါရမီကိုလည်းကောင်း၊

ဉာဏ်ပညာဆည်းပူးရှာမှီခြင်းထက် အကျင့်စာရိတ္တကိုလည်းကောင်း၊ မှန်သောအတတ်ပညာကအလေးအမြတ်ပြုပေသည်။ လောကသည်မြင့်မြတ်သောအကျင့်စာရိတ္တရှိသူတို့လောက် ပညာများစွာတတ်မြောက်သူတို့ကိုမလိုလားလှချေ။ မြဲမြံတည်ကြည်သောကျင့်ဝတ်စည်းကမ်းဥပဒေအားဖြင့် အုပ်ချုပ်စိုးမိုးခြင်းခံရသော စွမ်းရည်သတ္တိရှိသော သူတို့ကိုလောကသည်အလိုရှိပေသည်။

'ပညာသည်အမြတ်ဆုံးသောအရာဖြစ်၏။ ပညာကိုဆည်းပူးလော့။'' သု၊ ၄း၇။ 'ပညာရှိသောသူ၏လျှာသည် ပညာအတတ်ကိုတင့်တယ်စေတတ်၏။ သု၊ ၁၅း၂။ မှန်သောအတတ်ပညာသည်ဤပညာမျိုးကိုသင်ကြားပြသပေး၏။ ၎င်းသည်တစ်ခုတည်းသာမဟုတ်၊ အားလုံးသော ကျွန်ုပ်တို့၏စွမ်းအားသတ္တိရှိသမျှနှင့် ဆည်းပူးရှာမှီးရသမျှတို့ကိုအကောင်းဆုံးနည်းဖြင့် အသုံးချစေရန် သွန်သင်ပေးလေသည်။ ထိုနည်းအားဖြင့် ကျွန်ုပ်တို့ကိုယ်တိုင်နှင့်လည်းကောင်း၊ လောကနှင့်လည်းကောင်း၊ ဘုရားနှင့်လည်းကောင်းအလုံးစုံသက်ဆိုင်သောဝန်တာတစ်ခုဖြစ်ပေသည်။

လူသတ္တဝါတို့အားအပ်ထားသောအလုပ်တွင် အကျင့်စာရိတ္တကိုပြုပြင်တည်ဆောက်ခြင်းအမှုသည် အရေးအကြီးဆုံးအလုပ်ဖြစ်ပါသည်။ အထက်ကဤအမှုကိုကြိုးစား၍ လေ့လာခြင်းသည် ယခုလောက်အရေးမကြီးခဲ့ဖူးချေ။ ရှေးအခါကလူမျိုးတို့သည် မိမိတို့၏သားမြေးတို့အတွက်အရေးမယူခဲ့ကြဖူးချေ။ ရှေးအခါက ယောက်ျားပျိုနှင့်မိန်းမပျိုတို့သည် ယခုခေတ်မှာလောက် ကြီးကျယ်သောဘေးအန္တရာယ်များနှင့်မတွေ့ကြုံခဲ့ဖူးကြချေ။

ဤကဲ့သို့အရေးကြီးသောကာလတွင် ပညာသင်ကြားရေး၌ မည်သည့်အရာတွင်စိတ်ညွတ်ပျောင်းလာစေသနည်း။ အများအားဖြင့် မည်သည့်စိတ်သဘောမျိုးကို ထကြွနိုးဆော်စေသနည်း။ ကိုယ်အကျိုးကိုရှာခြင်းပင် ဖြစ်ပေသည်။ အများသော ပညာသင်ကြားရေးသည်အလွဲဖြစ်နေလေသည်။ မှန်သောပညာသင်ကြားရေး၌ကား ကျွန်ုပ်တို့

လောကကြီး၏ကျိန်ခြင်းဖြစ်သောကိုယ်ကျိုးအတွက်အလိုရမ္မက်ကြီးခြင်း၊ အာဏာတန်ခိုးအတွက် လောဘကြီးခြင်း၊ လူသတ္တဝါတို့၏အခွင့်အရေးများနှင့်လိုအပ်သောအရာများကို အမှုမထားဂရုမစိုက်ခြင်း သဘောများကိုခံခုခြင်း အခြေအနေမျိုးကိုတွေ့ရှိရပေသည်။ လူအသီးသီးတို့အတွက် အသက်တာတွင်ပြုလုပ်ရန်အမှုတစ်ခုခုကို ဘုရားသခင်သည်စီမံကြံစည်ထားတော်မူသည်။ အသီးသီးမိမိ၏အရည်အချင်းကို အစွမ်းကုန်တိုး၍အသုံးပြုရမည်။ ၎င်းပြင်မိမိတို့ခံရသောဆုကျေးဇူးသည်များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေသစ္စာနှင့်၍အမှုကိုဆောင်ရွက်ခြင်းအားဖြင့်သာချီးမြှောက်ခြင်းအခွင့်ကိုခံရလေသည်။ ဘုရားသခင်စီမံကြံစည်တော်မူသောအမှုတွင် ကိုယ့်အကျိုးအတွက် ဂုဏ်တုဂုဏ်ပြိုင်ခြင်းအကြောင်းမရှိချေ။ မိမိတို့အချင်းချင်းတစ်ယောက်နှင့်တစ်ယောက်ခိုင်းနှိုင်းခြင်း၊ ပြိုင်နှိုင်းခြင်းအမှုကိုပြုသောသူတို့သည် ပညာမဲ့ဖြစ်ကြ၏။ (၂ကော၊ ၁၀း၁၂ ကိုကြည့်)။ ကျွန်ုပ်တို့သည်ဘယ်အမှုမျိုးကိုပြုသည်မဆို 'ဘုရားသခင်ပေးသနားတော်မူသော အစွမ်းသတ္တိအတိုင်း" ဆောင်ရွက်ရကြမည်။ 'လူ၏အမှုကိုဆောင်ရွက်သကဲ့သို့မဟုတ်၊ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်သကဲ့သို့ ပြုလေသမျှတို့၌စေတနာစိတ်နှင့်ပြုလော့။ သင်တို့သည် သခင်ခရစ်တော်၏အစေကို ခံကြသည်ဖြစ်၍အမွေတော်တည်းဟူသောအကျိုးကိုထိုသခင်ဘုရား၏လက်တော်မှခံရလိမ့်မည်ဟုသိမှတ်ကြလော့။" ကော၊ ၃း၂၃၊၂၄။ ဤစည်းကမ်းဥပဒေများအတိုင်း ဆောင်ရွက်ခြင်းအားဖြင့် ပြုလုပ်သောအမှုနှင့်ရရှိသောပညာသည်အဖိုးထိုက်တန်လျက် အကျိုးပေးလေသည်။ Ed. 225-6.

ဘုရားသခင်၏ကျေးဇူးတော်ပြုပြင်ခြင်းမရှိနိုင်လျှင်ပညာသင်ကြားခြင်း၌မှန်သောအကျိုးကိုဖြစ်ထွန်းစေလိမ့်မည်မဟုတ်။ သင်ကြားရသောသူသည် ဝါကြွားလျှပ်ပေါ်ပြီးအယူသန်သောသူဖြစ်လာလေ၏။ ကြီးမြတ်သောဆရာတော်ကြီး၏မြင့်မြတ်စေ၍ နူးညံ့သိမ်မွေ့စေတတ်သောတန်ခိုးအားဖြင့်ရရှိသောပညာသည် လူအား ဘုရားသခင်၏ရှေ့တော်တွင်အကျင့်စာရိတ္တနှင့်ဆိုင်၍ အဖိုးထိုက်တန်လာအောင် ချီးမြှောက်ပေးလိမ့်မည်။ လူသည်တတ်စွမ်းခြင်းရှိသမျှ၊ အခွင့်ကောင်းရှိသမျှ၊ အခွင့်

အရေးရှိသမျှတို့အတွက် ဘုရားသခင်ကို အားကိုးအားထားပြုရသည့် အလျောက် ထိုပညာမျိုးသည် လူအားမာနနှင့်အမျက်ဒေါသကိုအောင် မြင်စေလျက် ဘုရားသခင်၏ရှေ့တော်တွင်နှိမ့်ချသော စိတ်နှင့်ကျင့်စေရန် တတ်စွမ်းနိုင်လိမ့်မည်။ 5T 32

## ကိုယ်ခန္ဓာသည်ဘုရားသခင်ကိန်းဝပ်အောင်ရာနေရာ

ကိုယ်ခန္ဓာသည်ဘုရားသခင်ကိန်းအောင်းတော်မူရန်အလိုတော် ရှိသော ဗိမာန်တော်ဖြစ်ကြောင်း၊ ၎င်းသည်သန့်ရှင်းစင်ကြယ်၍ မြင့် မြတ်သောအကြံအစည်များ တည်ရှိရာနေရာဖြစ်ရမည် အကြောင်းကို တပည့်တော်များအားသိမှတ်ပါစေ။ လူ၏ခန္ဓာအကြောင်းကိုသင်ကြား ရာ၌ သူတို့သည် ဇကန်အမှန်ပင် 'ကြောက်မက်ဖွယ်ကောင်းသော လက္ခဏာ၊ ထူးဆန်းသောလက္ခဏာနှင့်ပြည့်စုံ" ကြသည်ကိုသိရှိကြသော အခါ သူတို့သည် ရိုသေကိုင်းညွှတ်သောစိတ်နှင့်ပြည့်စုံလာကြလိမ့်မည်။ ဘုရားသခင်၏လက်တော်နှင့်ပြုပြင်သောအရာကို ဖျက်ဆီးကြမည့်အစား ဖန်ဆင်းတော်မူသောအရှင်၏မြင့်မြတ်သော အကြံအစည်တော်ကိုပြည့် စုံစေမည့်အကြောင်း သူတို့သည်မိမိတို့တတ်စွမ်းသမျှကြိုးစားအားထုတ် လိုသောအလိုဆန္ဒနှင့်ပြည့်ဝလာလိမ့်မည်။ ထိုနည်းအားဖြင့် စွန့်စားရ သောအမှု၊ သို့မဟုတ် ကိုယ်ကိုကိုယ်ငြင်းပယ်ရသောအမှုဟု သဘော မထားဘဲ အတိုင်းမသိအဖိုးထိုက်တန်သောအခွင့်အရေးနှင့်ကောင်းချီး မင်္ဂလာအမှန်စင်စစ်ဖြစ်သည့်အတိုင်း ထိုသို့သဘောထားလျက် သူတို့ သည် ကျန်းမာခြင်းနှင့်ဆိုင်သော ဥပဒေများကို နားထောင်ဖို့ရန် ဂရုစိုက်လာကြလိမ့်မည်။ Ed. 201.

## လက်မှုပညာသင်ကြားလေ့ကျက်ခြင်း

လက်နှင့်စပ်ဆိုင်သော အလုပ်အကိုင်တို့ကိုသင်ကြား လေ့ကျက် ခြင်းအမှုတို့ကို ယခုပြုလုပ်နေကြသည်ထက်သာ၍ ပိုမိုဂရုစိုက်လျက် အရေးယူဖို့သင့်ပေသည်။ အမြင့်မြတ်ဆုံးသောဉာဏ်ပညာနှင့် အကျင့် စာရိတ္တကို သင်ကြားပေးခြင်းအားပြင် ကိုယ်ခန္ဓာကြီးပွားဆောက်တည် ရေးနှင့် လက်မှုပညာသင်ကြားရေးအတွက် တတ်နိုင်လျှင် အလွယ်ကူ

ဆုံးသောနည်းများဖြင့်ပြသသွန်သင်ပေးဖို့ရန် ကျောင်းများတွင်စီမံထားရမည်။ လယ်ယာစိုက်ပျိုးခြင်းစက်မှုလက်မှုမှစ၍အသုံးအဝင်ဆုံးအသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များကိုသင်ကြားပေးရမည်။ အိမ်ထောင်နှင့်စပ်ဆိုင်၍ချွေတာနည်း၊ ကျန်းမာခြင်းနှင့်ညီညွတ်သောချက်ပြုတ်နည်း၊ အချုပ်အလုပ်၊ ကျန်းမာခြင်းနှင့် ညီညွတ်သောအဝတ်အထည်ချုပ်နည်း၊ လူနာပြုစုနည်းနှင့် အခြားအလားတူသော အလုပ်အကိုင်များကိုလည်း သင်ကြားပေးရမည်။ ဉယျာဉ်ခြံများ၊ အလုပ်ရုံများနှင့်လူနာပြုစုရာအခန်းများကိုစီမံပြုလုပ်ပေးလက် အလုပ်အကိုင်အသီးသီးတို့တွင် ကောင်းစွာတတ်သိကျွမ်းကျင်သော ဆရာသမားများက အုပ်ချုပ်သင်ကြားပေးရမည်။

## လက်မှုအလုပ်အကိုင်သင်ကြားခြင်း

လက်မှုအလုပ်အကိုင်သည် သေချာသောရည်ရွယ်ချက်နှင့် ပြည့်စုံရမည်။ ၎င်းပြင် လုံးလုံးကျွမ်းကျင်သောအလုပ်ဖြစ်ရမည်။ လူတိုင်းလက်မှုပညာ အတတ်အမျိုးမျိုးကို အနည်းငယ် နားလည်အပ်သော်လည်း အနည်းဆုံးလက်မှုအလုပ်အကိုင် တစ်ခုတွင် ကောင်းစွာတတ်မြောက်ကျွမ်းကျင်ဖို့လိုပေသည်။ ပျို့ရွယ်သောသူတိုင်း ကျောင်းမှထွက်သောအခါ လက်မှုအလုပ်အကိုင်တစ်စုံတစ်ခုကို တတ်မြောက်ဖို့လိုပေသည်။ အဆင်မသင့်သူသည် ဤအလုပ်အကိုင်အားဖြင့် မိမိ၏အသက်မွေးဝမ်းကျောင်းကိုရှာဖွေကောင်းရှာဖွေရလိမ့်မည်။

## အလုပ်အကိုင်၏သခင်များ

ပညာသင်ကြားခြင်းသည် အသက်တာတွင် မနှစ်သက်ဖွယ်ဖြစ်သောအလုပ်များနှင့် လေးလံသောဝန်တာများတို့မှ မည်ကဲ့သို့လွတ်မြောက်ကင်းရှင်းစေရန် သင်ကြားပေးဖို့မဟုတ်။ ၎င်း၏အကြံအစည်ကား သာ၍ကောင်းသော စည်းကမ်းစနစ်များနှင့် မြင့်မြတ်သောရည်ရွယ်ချက်များကို သင်ကြားပေးခြင်းအလုပ်ကို သက်သာစေရန်ဖြစ်ကြောင်းကို ပျို့ရွယ်သောသူတို့အားသိမှတ်ကြပါစေ။ အသက်တာ၏မှန်ကန်သောရည်ရွယ်ချက်ကား၊ ကိုယ့်အကျိုးစီးပွားကိုသာ ရှာနိုင်သမျှရှာ

ဖို့ရန်မဟုတ်။ မိမိတို့နှင့်ဆိုင်ရာ လောကီအလုပ်ကိုလုပ်ကိုင်လျက်မိမိတို့ ထက် အရည်အချင်းနည်းသောသူ သို့မဟုတ် အသိပညာနည်းသော သူတို့အား မစကူညီထောက်ပင့်ရာ၌ မိမိတို့ကို ဖန်ဆင်းတော်မူသော အရှင်အားချီးမြောက်ဖို့ရန်ဖြစ်ကြောင်းကို သူတို့အားသင်ကြားပေးပါ။

ကိုယ်ကာယနှင့်ဆိုင်သော အလုပ်အကိုင်ကို အထင်အမြင်သေး ရခြင်း၏အကြောင်းရင်းတစ်ခုကား၊ ၎င်းကိုမကြာခဏပေါ့ပေါ့ဆဆ၊ မဆင်ခြင်မစဉ်းစားဘဲပြုလုပ်တတ်ကြခြင်းကြောင်းဖြစ်ပေသည်။ ဤအလုပ် မျိုးကို သဘောကျနှစ်သက်သောကြောင့်မဟုတ်၊ မလွှဲမရှောင်သာသော ကြောင့်သာလုပ်ကြသည်။ အလုပ်လုပ်သောသူသည် ၎င်းအလုပ်တွင်စိတ် မပါချေ။ ၎င်းပြင်မိမိကိုယ်တိုင်အလုပ်ကိုလေးမြတ်ခြင်းမရှိ၊ သူတစ်ပါးတို့ ၏လေးမြတ်ခြင်းကိုလည်းကိုယ်တိုင်မခံရ။ လက်မှုပညာသင်ကြားပေးခြင်း ဖြင့် ဤအမှားကိုပြုပြင်ပေးရမည်။ ၎င်းသည် သေချာစေ့စပ်ခြင်းအလေ့ အကျင့်ကိုဖြစ်ပွါးစေရမည်။ တပည့်များတို့သည် စည်းကမ်းစနစ်များကို သင်ကြားရကြမည်။ သူတို့သည် အချိန်ကိုချွေတာသုံးစွဲရန်နှင့် အပြုအမူ ရှိသမျှကို အသုံးဝင်စေရန်သင်ကြားရကြမည်။ သူတို့အားအကောင်းဆုံး သောနည်းစနစ်များကိုသာသင်ကြားပေးရမည်မဟုတ်၊ အထူးကြီးမြင့်ထင် ပေါ်လိုသောဆန္ဒအစဉ်လိုပင် တိုးပွားလာစေရန် နှိုးဆော်တိုက်တွန်း ပေးရဦးမည်။ လူ၏ဦးနှောက်နှင့်လက်များက တတ်နိုင်သမျှ မိမိတို့၏ အလုပ်ကိုစုံလင်နိုင်သမျှစုံလင်အောင် ပြုလုပ်ဖို့ရန် အချက်သည် သူတို့၏ ရည်ရွယ်ချက်ဖြစ်ပါစေ။

ထိုကဲ့သို့သင်ကြားပေးခြင်းသည် ပျိုရွယ်သူတို့အားအလုပ်အကိုင် ၏ကျွန် မဖြစ်စေဘဲ သခင်ဖြစ်စေလိမ့်မည်။ ၎င်းသည် ပင်ပန်းစွာဖြင့် လုပ်ကိုင်ရသောအလုပ်ကိုပေါ့စေလိမ့်မည်။ ၎င်းပြင် အောက်အကျဆုံး သော အလုပ်အကိုင်ကိုပင်ချီးမြှင့်ပေးလိမ့်မည်။ အလုပ်အကိုင်ကိုယုတ်ညံ့ သောအမှုဟုထင်မှတ်လျက် တိုးတက်ကြီးပွားစေရန် မကြိုးစားဘဲအေး ဆေးစွာနေတတ်သောသူတို့အဖို့ကား ၎င်းသည် လေးလံသောဝန်ထုပ် တစ်ခုဖြစ်နေလိမ့်မည်။ သို့ရာတွင်အနိမ့်ဆုံးသောအလုပ်၌သိပ္ပံအတတ်ကို

သိမြင်တတ်သောသူသည် ၎င်းတွင်မြင့်မြတ်ခြင်းနှင့်လှပတင့်တယ်ခြင်းကို တွေ့မြင်လိမ့်မည်။ ၎င်းအပြင် သစ္စာနှင့်လည်းကောင်း၊ ကျေပွန်စွာနှင့်လည်းကောင်း ဆောင်ရွက်ရန်အားရနှစ်သက်လိမ့်မည်။

ထိုကဲ့သို့သင်ကြားလေ့ကျင့်ထားသောပျိုရွယ်သူသည် အသက်တာ၌ မည်ကဲ့သို့သောအမှုကိုဖြစ်စေ ပြုရန်ခေါ်တော်မူခြင်းကို ခံရသော်လည်း မိမိ၏အလုပ်၌ သစ္စာရှိသမျှကာလပတ်လုံး သူသည် မိမိ၏အလုပ်ကို အသုံးကျသောအရာ၊ ဂုဏ်အသရေထင်ရှားသောအရာတစ်ခုဖြစ်စေလိမ့်မည်။ Ed. 218-22.

## အားဖြည့်အောင်ပြုခြင်း

အားဖြည့်အောင် ပြုရသောအမှုကိစ္စနှင့် အပျော်အပါးအလို့ငှါ ပြုရသောမှုကိစ္စတို့သည် ခြားနားပေသည်။ အားပြည့်အောင်ပြုရသော အမှုကိစ္စတွင် ကျွန်ုပ်တို့၏စိုးရိမ်ခြင်းနှင့်အလုပ်အကိုင်တို့ကို လုံးလုံးပယ်ရှားထားလျှင် အသစ်သောကာယဗလနှင့်ဉာဏဗလကိုထပ်မံရရှိသဖြင့် အသက်တာ၏စိတ်အားထက်သန်ဖွယ်ရာအလုပ်ကို အစွမ်းသတ္တိအသစ်နှင့် ပြန်၍လုပ်ကိုင်နိုင်စေလိမ့်မည်။ အပျော်အပါးအလို့ငှါ ပြုရသောကိစ္စတွင်ကား အပျော်သက်သက်ကိုသာရှာဖွေကြသည်။ ၎င်းပြင်မကြာခဏ အလွန်အကြူးပြုတတ်ကြသည်။ ဤသို့ပြုလုပ်ရာ၌အသုံးဝင်သော အလုပ်အကိုင်အတွက် လိုအပ်သောခွန်အားများကို ကုခန်းသွားစေသဖြင့် ၎င်းအမှုသည် အသက်တာတွင်မှန်ကန်သောအောင်မြင်ခြင်းကိုတားမြစ်ပိတ်ပင်သောအရာဖြစ်ကြောင်း ထင်ရှားပေသည်။

ကိုယ်ခန္ဓာတစ်ခုသည် လှုပ်ရှားဖို့ရန်အတွက် စီမံပြုပြင်ထားသောအရာဖြစ်ပေသည်။ လှုပ်ရှားခြင်းပရိစ္စယအားဖြင့် ကာယဗလသည် တည်တံ့ခိုင်ခံ့ခြင်းမရှိလျှင်အစွမ်းသတ္တိရှိသမျှအသုံးပြုနိုင်ရန် ဉာဏဗလသည် ကြာရှည်ခံနိုင်တော့မည်မဟုတ်။

ကလေးသူငယ်များတို့၏ကာယဗလသည် ကြီးပွားတိုးတက်သင့်သလောက်ကြီးပွားတိုးတက်နိုင်ဖို့အတွက် အခြေအမြစ်ကောင်းကောင်း

ရရှိသည်တိုင်အောင်ကလေးများအား အိမ်တွင်း၌ကြာရှည်စွာ ချုပ်ချယ်ထားဖို့မသင့်၊ ၎င်းပြင်စာပေလေ့ကျက်ခြင်းအမှုကိုလည်း အတင်းအကြပ်မပြုသင့်ချေ။ Ed. 207-8.

## တိုးတက်ခြင်းကိုကန့်သတ်မထား

မိမိအတွက်ဘုရားသခင်ထားရှိတော်မူသောပုံစံတော်ကိုမီအောင်ကြိုးစားရတွင် ခရစ်ယာန်သည် ဘာမျှစိတ်ပျက်စရာအကြောင်းမရှိ။ သခင်ခရစ်တော်၏ ကျေးဇူးတော်နှင့်တန်ခိုးတော်အားဖြင့် အကျင့်တရားနှင့်ဝိညာဉ်ရေးတွင် စုံလင်ခြင်းအခွင့်ကိုပေးမည်ဟု လူအပေါင်းတို့အားကတိထားတော်မူသည်။ သခင်ယေရှုသည် တန်ခိုးတော်ကိုချပေးတော်မူသောအရှင်၊ အသက်စမ်းရေတွင်းဖြစ်တော်မူ၏။ ကိုယ်တော်သည်ကျွန်ုပ်တို့ကို မိမိ၏နှုတ်ကပါဌ်တော်ထံသို့ယူဆောင်လာ၍ အပြစ်ဒုစရိုက်တည်းဟူသောရောဂါဝေဒနာစွဲကပ်နေသော ဝိညာဉ်များကို ကျန်းမာစေရန်အတွက် ကျွန်ုပ်တို့အား အသက်ပင်မှ အရွက်များကို ပေးတော်မူသည်။ ကိုယ်တော်သည်ကျွန်ုပ်တို့ကို ဘုရားသခင်၏ပလ္လင်တော်သို့ပို့ဆောင်တော်မူ၍ ကိုယ်တော်တိုင်နှင့်မိတ်သဟာယဖွဲ့စေသောဆုတောင်းခြင်းကို ကျွန်ုပ်တို့၏နှုတ်၌သွန်သင်ပေးတော်မူ၏။ ကိုယ်တော်သည်အလုံးစုံတို့ကိုတတ်စွမ်းနိုင်သော ကောင်းကင်တန်ခိုးများကို ကျွန်ုပ်တို့အတွက် စီမံခန့်ထားတော်မူသည်။ ခြေလှမ်းတိုင်းတွင် ကျွန်ုပ်တို့သည်ကိုယ်တော်၏အသက်ရှင်သောတန်ခိုးနှင့်တွေ့ထိရကြသည်။

'ပညာအမျိုးမျိုး၊ ဓမ္မဉာဏ်အမျိုးမျိုးအားဖြင့် အလိုတော်ကိုအကုန်အစင်နားလည်" လိုသောသူတို့၏ တိုးတက်ခြင်းအမှုကို ဘုရားသခင်သည်ကန့်သတ်ထားတော်မမူ။ ဆုတောင်းခြင်း၊ သတိနှင့်စောင့်နေခြင်း၊ သိကျွမ်းနားလည်ခြင်းအမှု၌ တိုးပွားခြင်းအားဖြင့်သူတို့သည် 'ဘုန်းကြီးသောတန်ခိုးတော်အတိုင်း ခွန်အားနှင့်ပြည့်စုံ" ရကြလိမ့်မည်။ (ကော၊ ၁း၁၁)။ ထိုနည်းအားဖြင့်သူတို့သည် အခြားသူများအတွက် အမှုတော်ဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိကြသည်။ သန့်ရှင်း

ဖြူစင်ခြင်းကိုရရှိသောလူသတ္တဝါတို့သည် ကိုယ်တော်၏မစတတ်သော
လက်တော်ကဲ့သို့ဖြစ်စေရန် ကယ်တင်ရှင်သည် အလိုရှိတော်မူ၏။
AA 478.

## နောင်ကာလ၏ကျောင်း

အစဦး၌ဧဒင်အရပ်တွင် တည်ထောင်သောကျောင်းနှင့် နောင်ကာလ၏ကျောင်းစပ်ကြားတွင် ဤလောက၏ အကြောင်းအရာအလုံးစုံ တည်ရှိနေလေသည်။ ထိုအကြောင်းအရာကား၊ လူတို့၏ကျူးလွန်ပြစ်မှားခြင်းနှင့် ဒုက္ခဆင်းရဲခြင်း၊ စွန့်စားပူဇော်တော်မူခြင်း၊ သေခြင်းနှင့်ဒုစရိုက်ကို အောင်မြင်ခြင်းတို့၏အကြောင်းအရာများတည်း။ နောင်ကာလ၏ကျောင်းတွင် ဧဒင်အရပ်ရှိပထမကျောင်း၏အဖြစ်အနေမျိုးကို အကုန်အစင်တွေ့ရှိရလိမ့်မည်မဟုတ်။ စုံစမ်းသွေးဆောင်ခြင်းသို့ လိုက်ပါစေရန် ကောင်းမကောင်းသိကျွမ်းရာအပင်လည်း ရှိတော့မည်မဟုတ်။ သွေးဆောင်သောသူမရှိ။ အမှားကိုပြုနိုင်စရာအကြောင်းမရှိ၊ အကျင့်စာရိတ္တရှိသမျှသည် အပြစ်ဒုစရိုက်၏ သွေးဆောင်ခြင်းကို ခံခဲ့ရကြပြီ။ ထိုကြောင့် မည်သူမျှ ၎င်း၏တန်ခိုးအားဖြင့်ထိခိုက်ခြင်းခံရကြတော့မည်မဟုတ်။

'အကြင်သူသည် အောင်မြင်၏။ ထိုသူသည် ငါ၏ဘုရားသခင်ပရဒိဉယျာဉ်၌ရှိသောအသက်ပင်၏အသီးကို စားစေခြင်းငှါ ငါအခွင့်ပေးမည်" ဟုသခင်ခရစ်တော်ကမိန့်တော်မူ၏။ ဗျာ၊ ၂း၇။ Ed. 301-2.

'စကြဝဠာ၏ ရတနာအပေါင်းတို့အကြောင်းကို ဘုရားသခင်၏သားသမီးတို့သည် သင်ကြားဖို့ရန် အခွင့်ရကြလိမ့်မည်။ ကျွန်ုပ်တို့သည် မဆုံးရှုံးသောသတ္တဝါတို့၏ဝမ်းမြောက်ခြင်းနှင့်ဉာဏ်ပညာမျိုးတို့ကို မပြွက်ဆိုနိုင်သော ရွှင်မြူးခြင်းနှင့်ခံယူရကြလိမ့်မည်။ ကျွန်ုပ်တို့သည်ကာလအဆက်ဆက် ဘုရားသခင်လက်တော်နှင့်လုပ်သော အရာများကို ဆင်ခြင်အောက်မေ့နေခဲ့ခြင်းဖြင့် ရရှိခဲ့သောရတနာဘဏ္ဍာများကို ဆက်ဆံရရှိကြလိမ့်မည်။ ထာဝရကာလ၏နှစ်များသည်ကုန်လွန်သွား

နေစဉ် သာ၍ကြီးကျယ်သောဘုန်းတော်များကို ဆက်လက်ဖော်ပြလိမ့်မည်။"ငါတို့တောင်းပန်ကြံစည်သမျှထက်အလွန်ထူးခြား" (ဧ၊၃း၂၀) သောကြွယ်ဝခြင်းသည် ထာဝရကာလအဆက်ဆက်ဘုရားသခင်ချပေးတော်မူသောဆုကျေးဇူးတော်ဖြစ်လိမ့်မည်။" Ed. 307.

--*--

## အခန်း ၅

# ခရစ်ယာန်အမှုဆောင်ခြင်း

### အနီးသာသနာအလုပ်

ဘုရားသခင်သည် သမ္မာတရားကို အပ်ပေးထားတော်မူသောသူတိုင်းတို့အားကိုယ်တိုင်အမှုကိုဆောင်ရွက်စေခြင်းငှါ အလိုရှိတော်မူ၏။ လူအားလုံးတို့သည် နိုင်ငံခြားသို့သွားရောက်၍ သာသနာပြုအလုပ်ကို မလုပ်နိုင်၊ သို့ရာတွင် မိမိတို့၏အိမ်ထောင်များနှင့် အိမ်နီးချင်းများအထဲတွင်အားလုံးတို့သည် အနီးသာသနာပြုခြင်းအမှုကို ဆောင်ရွက်နိုင်ကြသည်။ အသင်းတော်သားများတို့သည် မိမိတို့ပတ်လည်၌ရှိသော သူတို့အား သတင်းစကားကို ဖော်ပြနိုင်သော နည်းများစွာပင် ရှိပါသည်။ အအောင်မြင် အကျိုးအဖြစ်ထွန်းဆုံးသော နည်းတစ်ခုမှာ၊ မစခြင်း၊ ကျေးဇူးပြုခြင်း၊ ကိုယ့်အကျိုးကိုမရှာဘဲသူတစ်ပါးအကျိုးကိုရှာခြင်းဖြင့် ခရစ်ယာန်သဘောကို ထင်ရှားစေအောင်နေထိုင်ပြုမူခြင်းဖြစ်သတည်း။

များစွာသဘောကွဲပြားစေသည့်အသက်တာ၏စစ်ပွဲကို တိုက်ခိုက်နေသောသူတို့သည်ဘာမျှဒုက္ခမပေးသည့်အနည်းငယ်သောဂရုစိုက်မှုပြုခြင်းဖြင့်တစ်ဖန်ပြန်၍အသစ်သော ခွန်အားနှင့် ပြည့်လာလိမ့်မည်။ နှစ်သက်ဖွယ်သောစကားအနည်းငယ်ကိုပြောဆိုခြင်း၊ ဂရုစိုက်မှုအနည်းငယ်ပြုပေးခြင်းသည်ဝိညာဉ်အပေါ်၌အုံ့ဆိုင်းလျက်နေသောသွေးဆောင်ခြင်း၊ ယုံမှားသံသယရှိခြင်း တည်းဟူသော မိုးတိမ်တို့ကို လွင့်သွားစေလိမ့်မည်။ သခင်ခရစ်တော်နည်းတူကိုယ်ချင်းစာနာတတ်သောသဘောကိုအမှန်ပင် စိတ်ပါစွာရိုးရိုးသားသားဖော်ပြခြင်း၌ သခင်ခရစ်တော်၏ သဘောတော်ကဲ့သို့အလွယ်တကူနှင့်နူးညံ့စွာပြုပြင်ခြင်းကိုခံလိုသောစိတ်နှလုံး၏တံခါးကိုဖွင့်နိုင်သောတန်ခိုးရှိပေသည်။

သခင်ခရစ်တော်အား လွှဲအပ်သော လူ၏အစွမ်းသတ္တိ၊ အရည်အချင်း ရှိသမျှတို့ကို ကိုယ်တော်သည် အဘယ်မျှလောက် အားရဝမ်း

မြောက်စွာလက်ခံတော်မူလိမ့်မည်နည်း။ ကိုယ်တော်သည်အသွေးအသား၌ထင်ရှားသောချစ်ခြင်းမေတ္တာတော်၏နက်နဲခြင်းအကြောင်းကို လောကအား ကြားသိစေနိုင်မည်အကြောင်း၊ လူ၏စွမ်းအားသတ္တိကို တန်ခိုးတော်နှင့်ဆက်ဆံစေတော်မူသည်။ ၎င်းအကြောင်းကိုပြောလော့၊ ၎င်းအကြောင်းကိုဆုတောင်းလော့၊ ၎င်းအကြောင်းကိုချီးမွမ်းမြွက်ဆိုလော့၊ လောကတွင် ကိုယ်တော်၏သမ္မာတရားတော်နှင့်ဆိုင်သောသတင်းစကားနှင့်ပြည့်စုံစေကြလော့၊ ၎င်းပြင်လိုလေသေးသော အရပ်ဒေသများသို့ရောက်ရှိသည်တိုင်အောင်ရှေ့သို့တိုးတက်လော့။

လူသည်နောင်မည်ကဲ့သို့ဖြစ်လာမည်ကိုလည်းကောင်း၊ မိမိတို့၏စွမ်းအားသတ္တိဖြင့်ပျက်စီးလုမတတ်ရှိသော ဝိညာဉ်များကို ကယ်တင်ရန်အတွက်အဘယ်အမှုများကို ပြုလုပ်လိမ့်မည်ကိုလည်းကောင်း၊ လောကအားဖေါ်ပြနိုင်မည်အကြောင်း ကောင်းကင်ပုဂ္ဂိုလ်များတို့သည်လူတို့နှင့်အတူတကွကူညီဆောင်ရွက်ရန် အသင့်ရှိနေကြသည်။ အမှန်ပင်စိတ်နှလုံးပြောင်းလဲသူသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်နှင့် ပြည့်ဝလျက်ရှိသောကြောင့် မိမိကိုယ်တိုက်ပိုင်ဆိုင်ရရှိသော ဝမ်းမြောက်ခြင်းကိုအခြားသူတို့အားဝေငှပေးကမ်းရန်တောင့်တလျက်နေလိမ့်မည်။

မိမိ၏အသင်းတော်သည်လောကအားသန့်ရှင်းခြင်း၏ လှပတင့်တယ်ခြင်းအကြောင်းကိုဖေါ်ပြစေဖို့သခင်ဘုရားသည် အလိုရှိတော်မူ၏။ ထိုအသင်းတော်သည်ခရစ်ယာန်ဘာသာတရား၏တန်ခိုးကို ထင်ရှားစွာဖေါ်ပြရမည်။ ခရစ်ယာန်တို့၏အကျင့်စာရိတ္တတွင်ကောင်းကင်၏အရိပ်ကိုပြန်၍ထင်ပေါ်စေရမည်။ မှောင်မိုက်၌ နေသောသူတို့သည် ကျေးဇူးတော်ချီးမွမ်းခြင်းအသံကိုကြားရကြမည်။ ဧဝံဂေလိတရားတော်နှင့် ဆိုင်သောသတင်းကောင်း၊ ၎င်းနှင့်ဆိုင်သောကတိတော်နှင့်အာမခံချက်များအတွက်ကျွန်ုပ်တို့သည်သူတစ်ပါးအကျိုးကိုပြုစုရှာဖွေခြင်းအားဖြင့်ကျေးဇူးတင်သောသဘောကိုပြရကြမည်။ ဤအမှုတော်ကိုဆောင်ရွက်ခြင်းဖြင့်မောပန်း၊ စိတ်ရှုပ်ထွေး၊ ဒုက္ခရောက်နေသောဝိညာဉ်ထဲသို့ ကောင်းကင်နှင့်ဆိုင်ရာဖြောင့်မတ်ခြင်း၏ရောင်ခြည်ကိုရောက်ရှိစေလိမ့်မည်။ ၎င်းသည်

ခရီးပန်းလျက် ရေငတ်နေသောခရီးသည်အတွက် စီးဆင်းလျက်ရှိသော စမ်းရေတွင်းကဲ့သို့ဖြစ်ပေသည်။ သနားညှာတာခြင်းနှင့်ပြုလုပ်သောအမှုအသီးသီး၊ ချစ်ခြင်းမေတ္တာနှင့်ပြုလုပ်သော အမှုအသီးသီးတို့တွင် ဘုရားသခင်၏ကောင်းကင်တမန်များပါရှိနေကြလေသည်။

## ဝိညာဉ်ကယ်တင်ခြင်းအလုပ်တွင်ကန့်သတ်မထား

ဝိညာဉ်ကယ်တင်ရေးအလုပ်ကိုကြိုးစားလျက် ဆောင်ရွက်ရာတွင် အကန့်အသတ်အပိုင်းအခြားရှိရမည်ဟုလူတို့သည်မထင်အပ်ပေ။ သခင်ခရစ်တော်သည် မိမိ၏အမှုတော်တွင်မောပန်းတော်မူခဲ့ဖူးသလား။ ကိုယ်တော်သည်ပူဇော်ဆက်ကပ်ခြင်း၊ ဒုက္ခဆင်းရဲခြင်းအမှုတို့တွင်နောက်သို့ဆုတ်တော်မူခဲ့ဖူးသလား။ ကိုယ်တော်ကြိုးစားအားထုတ်တော်မူသည့်နည်းတူအသင်းတော်သားများတို့သည် ဆက်လက်ကြိုးစားအားထုတ်ပြီး အမှုဆောင်ရွက်ရကြမည်။ သူတို့သည် သခင်ဘုရား၏ အမိန့်တော်ကို နားထောင်ခြင်းနှင့်အမှုတော်ကို ချက်ချင်းဆောင်ရွက်ရန် အသင့်ရှိရကြမည်။ လုပ်ဆောင်ရန်အမှုတစ်ခုခုရှိနေသည်ကိုကျွန်ုပ်တို့သိရှိရသောအခါတိုင်းအစဉ်အမြဲသခင်ယေရှုကိုမျှော်ကြည့်လျက် ၎င်းအလုပ်ကိုချက်ချင်းဝင်ရောက်ဆောင်ရွက်ရကြမည်။ ကျွန်ုပ်တို့၏အသင်းတော်သားများတို့သည်ဤဆုံးမသြဝါဒကိုလိုက်နာစောင့်ရှောက်လျှင်ရာပေါင်းများစွာမကသောသူတို့ကို သခင်ယေရှုထံတော်သို့ရောက်ရှိစေလိမ့်မည်။

## သာသနာပြုအိမ်ထောင်များ

သခင်ဘုရားသည်မိမိ၏လူတို့အားအမှုအသီးသီးကို ဆောင်ရွက်ရန် ခေါ်လျက်နေတော်မူသည်။ အသက်တာ၏လမ်းကျယ်၊ လမ်းကျဉ်းတွင်ရှိနေသောသူများတို့သည်ဧဝံဂေလိသတင်းစကားကို ကြားနားရကြလိမ့်မည်။ ဤခေတ်ကာလအတွက်သမ္မာတရား၏သက်သေခံချက်ကိုပြည့်စုံစွာမရသေးသောမိမိတို့၏အိမ်နီးချင်းတို့အထဲတွင် အသင်းတော်သားများတို့သည်ဧဝံဂေလိအမှုတော်ကိုဆောင်ရွက်ရကြမည်။

ဘုရားသခင်သည်ခရစ်ယာန်အိမ်ထောင်များအား မှောင်မိုက်နှင့် အမှားတွင်ရှိနေသောလူစုထဲသို့သွား၍ သခင်ဘုရားအတွက်အမှုတော်ကို လိမ္မာစွာကြိုးစားလျက်ဆောင်ရွက်ရန်ခေါ်တော်မူသည်။ ဤသို့ခေါ်တော် မူခြင်းကိုလက်ခံရာ၌ကိုယ်,ကိုဆက်ကပ်ပူဇော်ဖို့လိုပေသည်။ အများသော သူတို့သည်အခက်အခဲရှိသမျှတို့ကိုပယ်ရှားစေရန် စောင့်ဆိုင်းလျက်ရှိနေ ကြစဉ်ဝိညာဉ်များသည်မျှော်လင့်ခြင်းမရှိ၊ လောက၌ဘုရားမဲ့လျက်ဆုံးရှုံး ပျက်စီးလုမတတ်ရှိနေကြလေပြီ။

## လူတိုင်းအတွက်အလုပ်တစ်ခု

လက်အသီးသီးတို့အတွက်လုပ်ဆောင်ရန်စိတ်ပါဝင်စားဖွယ်အလုပ် ရှိပေသည်။ လက်၏လှုပ်ရှားခြင်းတိုင်းသည်လူသတ္တဝါတို့အား မစခြင်း ကိုဖြစ်ပါစေ။ မစခြင်းကိုလိုသောသူအများရှိကြလေသည်။ ကိုယ့်အလို ဆန္ဒကိုပြည့်စေဖို့ရန်မဟုတ်ဘဲ ကောင်းချီးမင်္ဂလာ အနည်းငယ်ကိုသာခံရ သောသူတို့အတွက်ကောင်းချီးမင်္ဂလာတစ်ခုဖြစ်စေရန် အသက်ရှင်သော သူ၏စိတ်နှလုံးသည်သက်သာခြင်းအခွင့်နှင့်ပြည့်ဝလိမ့်မည်။ ပျင်းရိသော သူတိုင်းနိုးကြား၍ အသက်တာ၏အကယ်ဖြစ်သောမှုရေးကိစ္စများကိုတွေ့ ဆုံကြပါစေ။ ဘုရားသခင်၏နှုတ်ကပါဌ်တော်ကိုယူ၍ ၎င်း၏စာမျက်နှာ များတွင် ရေထားသောအရာများကို စေ့စေ့ကြည့်ရှုကြပါ။ သင်သည် နှုတ်ကပါဌ်တော်အတိုင်းကျင့်သောသူဖြစ်လျှင် အသက်တာသည်ဇာကန် ပင်သင့်အဖို့ အသုံးဝင်အဖိုးထိုက်တန်သော အရာဖြစ်လိမ့်မည်။ ၎င်းပြင် ကြွယ်ဝစွာအကျိုးကျေးဇူးခံစားရမည်အကြောင်းကိုသိမြင်ရလိမ့်မည်။

သခင်ဘုရားသည် မိမိ၏ကြီးကျယ်သောအကြံအစည်တော်တွင် လူတိုင်းအတွက်အလုပ်လုပ်ဖို့ရန် နေရာတစ်ခုခုကိုစီမံထားတော်မူသည်။ အသုံးမဝင်သောစွမ်းရည်သတ္တိကိုပေးသနားတော်မူမည်မဟုတ်။ အကယ် ၍ စွမ်းရည်သတ္တိမှာ အလွန်ညံ့သည်ဆိုပါလျှင် ဘုရားသခင်သည် ဤမျှ လောကသောစွမ်းရည်သတ္တိမျိုးကိုအသုံးပြုဖို့ရန်နေရာတစ်ခုခုကိုစီမံထား တော်မူမည်။ ၎င်းပြင် ထိုညံ့သောစွမ်းရည်ကိုပင် သစ္စာနှင့်တကွနေရာ တကျအသုံးပြုလျှင် ဘုရားသခင်ကပြုလုပ်စေလိုသောအမှုကိုပင် ဆောင်

ရွက်နိုင်လိမ့်မည်။ အိမ်ကုပ်၊ တဲကုပ်နှင့်နေရသော ဆင်းရဲသားတို့၏ စွမ်းရည်မျိုးကိုပင် အိမ်တိုင်းစေ့အမှုဆောင်ရွက်ခြင်းအလုပ်တွင် လိုပေသည်။ ၎င်းပြင်ထူးခြားကောင်းမွန်သောဆုကျေးဇူးများထက် ဤအလုပ်တွင် သာလွန်ပြီးမြောက်နိုင်လိမ့်မည်။

## သခင်ယေရှုကိုအဘယ်ကဲ့သို့တွေ့ကြောင်းပြောပြလော့

အသင်းတော်သားများတို့၊ အလင်းကို လင်းစေကြလော့။ နှိမ့်ချခြင်းနှင့် ဆုတောင်းရာ၌ လည်းကောင်း၊ စားသောက်ကြူးခြင်း၊ မိုက်မဲခြင်း၊ ဤလောက၏ကာမဂုဏ်ပျော်မွေ့ခြင်းတစ်ဖက်မှ သက်သေခံရာ၌ လည်းကောင်း၊ ဤခေတ်ကာလအတွက် သမ္မာတရားကိုကြွေးကြော်ရာ၌ လည်းကောင်း သင်တို့၏အသံကိုလူတိုင်းကြားကြပါစေ။ သင်၏စကားသံ၊ သင်၏ကောင်းသော အရည်အချင်း၊ သင်၏အချိန်၊ ဤအရာအားလုံးတို့သည် ဘုရားသခင်ထံတော်မှ ဆုကျေးဇူးများဖြစ်၍ သခင်ခရစ်တော်ထံသို့ ဝိညာဉ်တော်များရောက်လာစေရန် ကယ်တင်ခြင်းအမှုတွင် ၎င်းတို့ကိုအသုံးပြုရမည်။

သင်၏ အိမ်နီးချင်းများထံသို့ သွားရောက်လည်ပတ်၍ သူတို့၏ ဝိညာဉ်များကို ကယ်တင်ခြင်းအမှုတွင် စိတ်ပါဝင်စားကြောင်းကို ဖော်ပြပါ။ ဝိညာဉ်ခွန်အားရှိသမျှကို ထကြွလှုပ်ရှားစေရန် နှိုးဆော်လော့။ သင်သွားရောက်လည်ပတ်၍ တွေ့ခဲ့သောသူတို့အား ခပ်သိမ်းသောအရာတို့၏အဆုံးသည် ရောက်လုနီးကြောင်း ပြောပြလော့။ သခင်ယေရှုခရစ်တော်သည် သူတို့၏ စိတ်နှလုံးတံခါးများကို ဖွင့်တော်မူ၍ သူတို့၏စိတ်ထဲ၌ အစဉ်အမြဲစွဲမှတ်စေခြင်းငှါ ပြုပြင်တော်မူလိမ့်မည်။

ဝိညာဉ်ရေးနှင့် ပတ်သက်၍ မသိတတ်သော အခြေအနေမျိုးမှ ထကြွလှုပ်ရှားလာစေရန် ယောကျ်ားနှင့်မိန်းမတို့ကို နှိုးဆော်တိုက်တွန်းဖို့ရန်ကြိုးစားလော့။ သင်သည်သခင်ယေရှုကို မည်ကဲ့သို့တွေ့ရကြောင်း၊ ကိုယ်တော်၏အမှုတော်ကိုဆောင်ရွက်ရာတွင် ကိုယ်တွေ့ဗဟုသုတများကို ရရှိသည့်အခါမှစ၍ ကောင်းချီးမင်္ဂလာများကို အဘယ်မျှလောက်

ခံစားခဲ့ရကြောင်းကို သူတို့အားပြောပြလော့။ သခင်ယေရှု၏ခြေတော်ရင်း၌ ကိုယ်တော်၏နှုတ်တော်ထွက်စကားများမှ အဖိုးထိုက်သောသင်ခန်းစာများကိုခံယူစဉ် မည်ကဲ့သို့သောကောင်းချီးမင်္ဂလာများကို ခံစားရကြောင်းသူတို့အားပြောပြလော့။ ခရစ်ယာန်အဖြစ်နှင့်အသက်ရှင်ရခြင်း၌ ဝမ်းမြောက်ရွှင်မြူးခြင်းရှိကြောင်း သူတို့အားပြောပြလော့။ သင်၏စိတ်အားထက်သန်သော စကားအားဖြင့် သင်သည်အလွန်အဖိုးထိုက်သော ပုလဲကိုတွေ့ပြီဖြစ်ကြောင်းကိုသူတို့သည်အထင်အရှားသိမြင်ကြလိမ့်မည်။ သင်သည် ဇကန်အမှန်ပင်သာ၍ မြင့်မြတ်သောလမ်းကို တွေ့ရှိကြောင်း သင်၏ အားတက်စဖွယ်စကားများအားဖြင့် ထင်ရှားပါစေ။ ဤအမှုသည်သာသနာပြုအလုပ်အမှန်ဖြစ်သည်။ ၎င်းပြင် ၎င်းကိုပြုလုပ်ပြီးသောအခါ အများသောသူတို့သည် အိပ်မက်နေရာမှလန့်နိုးသကဲ့သို့ နိုးကြားလာကြလိမ့်မည်။

ဘုရားသခင်၏ လူများတို့သည် မိမိတို့၏နေ့စဉ်ဝမ်းစာအလုပ်ကို ဆောင်ရွက်နေကြစဉ် အခြားလူများကိုသခင်ခရစ်တော်ထံသို့ပို့ဆောင်နိုင်ပေသည်။ ၎င်းပြင် ဤအမှုကိုပြုနေစဉ် ကယ်တင်ရှင်သည် သူတို့၏ဘေးတွင် အတူတကွရှိတော်မူသည်ဟူသောအဖိုးထိုက်သည့်ကတိဝန်ခံချက်ကိုရရှိကြလိမ့်မည်။ သူတို့သည်မိမိတို့၏အနည်းငယ်မျှလောက်သောစွမ်းအားကိုသာ အားကိုးအားထား ပြုနေစေဖို့ရန် စွန့်ပစ်ထားခြင်းကိုခံနေရကြသည်ဟု မထင်သင့်ပေ။ မှောင်မိုက်ထဲတွင် ရုန်းကန်နေလျက်သနားစရာကောင်းသော ဝိညာဉ်များကို ခွန်အားအသစ်နှင့် ပြည့်ဝစေလျက်ခိုင်ခံ့အားရှိစေမည့် စကားမျိုးကို သူတို့အား ပြောစေရန်သခင်ခရစ်တော်သည်ပေးတော်မူမည်။ ရွေးနုတ်ရှင်၏ကတိတော်သည် ပြည့်စုံလျက်ရှိကြောင်းကိုသူတို့သည်မုချသိမြင်လာသောအခါ သူတို့၏ယုံကြည်ခြင်းပင်လျှင် တိုးပွားလာလိမ့်မည်။ သူတို့သည်အခြားသူများအတွက်ကောင်းချီးမင်္ဂလာဖြစ်ကြသည်သာမကသေး သခင်ခရစ်တော်အတွက်သူတို့ဆောင်ရွက်ကြသောအလုပ်အားဖြင့် မိမိတို့ကိုယ်တိုင် အပေါ်၌ကောင်းချီးမင်္ဂလာကိုသက်ရောက်စေကြလေသည်။ 9T 30-9.

## မှန်ကန်သောသာသနာပြုခြင်းသဘော

ကျွန်ုပ်တို့၌ သာသနာပြုလိုသောသဘော ဇကန်အမှန်ရှိလိုလျှင် ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏ ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝရကြမည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းကိုအစအဦးစီရင်၍ စုံလင်တော်မူသော သခင်ကိုထောက်ရှုရကြမည်။ ကိုယ်တော်၏အကျင့်စာရိတ္တအကြောင်း ကိုသင်ကြားလျက် ကိုယ်တော်၏နှိမ့်ချခြင်းနှင့်နူးညံ့သိမ်မွေ့ခြင်းသဘော တော်မျိုးရှိအောင် မိမိကိုယ်ကိုပြုပြင်၍ ကိုယ်တော်၏ခြေရာကို လိုက် လျှောက်ရကြမည်။

သာသနာပြုအလုပ်အတွက် လိုအပ်သောအရည်အချင်းဖြစ်သည့် သာသနာပြုလိုသောသဘောသည် ဓမ္မဆရာများနှင့်အနည်းငယ်သော အသင်းသားများတို့အပေါ်၌ချပေးထားသော အထူးဆုကျေးဇူးဖြစ်၍ အခြားသောသူအပေါင်းတို့ကား၊ ဘာမျှမလုပ်ဘဲ ကြည့်ရှုံသာကြည့် နေကြသောသူများဖြစ်ရကြမည်ဟုအများသောသူတို့က ထင်မှတ်ကြပေ သည်။ ဤအမှားထက်သာ၍မှားသောမဟာအမှာမျိုးမရှိခဲ့ဖူးချေ။ မှန် သောခရစ်ယာန်တိုင်းတို့၌ သာသနာပြုလိုသော သဘောရှိလိမ့်မည်။ အကြောင်းမူကား ခရစ်ယာန်ဖြစ်လျှင် သခင်ခရစ်တော်နှင့်တူရမည်။ မည်သူမျှမိမိအတွက် အသက်ရှင်နေကြသည်မဟုတ်၊ ၎င်းအပြင်ခရစ် တော်၏ဝိညာဉ်ကိုမရသောသူမည်သည်ကား ခရစ်တော်နှင့်မဆိုင်။

နောင်ကပ်ကာလ၏တန်ခိုးများကို မြည်းစမ်းခြင်းရှိပြီးသောသူ တိုင်း ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ပညာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ သခင်ခရစ်တော်ကိုထကြွလှုပ်ရှားစေသောသဘော မျိုးအားဖြင့် နှိုးဆော်တိုက်တွန်းခြင်းခံရလိမ့်မည်။ အသစ်ပြုပြင်ခြင်းခံရ သောစိတ်နှလုံး၏ပဌမဦးဆုံးအလိုဆန္ဒကား သူတစ်ပါးတို့ကိုကယ်တင် ရှင်ထံယူဆောင်လာဖို့ရန်ဖြစ်သတည်း။ ဤသဘောမျိုးမရှိသောသူတို့ ကား မိမိတို့၌ ရှေးဦးစွာသော ချစ်ခြင်းမေတ္တာပျက်ကွက်ကြောင်းကို ဖေါ်ပြလေသည်။ သူတို့သည်ဘုရားသခင်၏နှုတ်ကပါဌ်တော်ကို အမှီပြု လျက် မိမိတို့၏စိတ်နှလုံးကိုစေ့စပ်စွာစစ်ဆေးကြရမည်။ ၎င်းပြင်သခင်

ခရစ်တော်၏ဝိညာဉ်တော်အားဖြင့် အသစ်မွေးဖွားခြင်းကို ခံယူဖို့ရန် ကြိုးစားရမည်။ ဘုန်းစည်းစိမ်နှင့်ပြည့်ဝသောအရပ်ကို စွန့်တော်မူ လျက်ပျက်စီးနေသောသူတို့ကို ကယ်တင်ရန် ဆုံးရှုံးနေသောလောက ထဲသို့ကြွလာတော်မူရာ၌ ကျွန်ုပ်တို့အားသခင်ယေရှုထင်ရှားစေတော်မူခဲ့ သော အံ့ဩဖွယ်မေတ္တာတော်ကို လေးနက်စွာသိနားလည်နိုင်ဖို့ရန် အတွက်သူတို့သည်ဆုတောင်းရကြမည်။ 5T 385-6.

## မိန်းမများသည်ဧဝံဂေလိအမှုဆောင်ဖြစ်ရကြမည်

မိမိတို့ပြုလုပ်အပ်သောအလုပ်နှင့်ပတ်သက်၍ အသေအချာသွန် သင်ပြသခြင်းခံရသော အမြဲတမ်းအဖွဲ့အစည်းများကို သခင်ဘုရား၏ ကျွန်များအဖြစ်နှင့်ကျွန်ုပ်တို့စီမံချထားနိုင်လျှင် ကျွန်ုပ်တို့၏အသင်းတော် များသည်ကြာမြင့်စွာ အလိုရှိနေသောစွမ်းအားသတ္တိကို ရရှိလိမ့်မည်။ သခင်ခရစ်တော်သည် အသေခံခြင်းအားဖြင့် ကယ်တင်တော်မူသော ဝိညာဉ်၏မြင့်မြတ်ခြင်းအကြောင်းကို ဂရုစိုက်အမှုထားလာကြလိမ့်မည်။ မိမိတို့၏များပြားသော အိမ်ထောင်သားများနှင့် မိမိတို့အသေအချာ မသိရှိနားမလည်နိုင်ကြသောစုံစမ်းနှောင့်ယှက်ခြင်းများအားဖြင့် ကျွန်ုပ် တို့၏ညီအစ်မများသည် အများအားဖြင့်ခက်ခဲခြင်းတွေ့ရှိတတ်ကြသည်။ ကျွန်ုပ်တို့၏ညီ အစ်မများသည် စိတ်အားတက်လာ၍ သခင်ဘုရား အတွက် အမှုတစ်စုံတစ်ခုကိုပြုလုပ်နိုင်ကြောင်း သိမြင်လာစေမည် အကြောင်း သူတို့အားမစကူညီနိုင်ရန် တတ်စွမ်းနိုင်သော မိန်းမပညာ တတ်များကို ကျွန်ုပ်တို့အလွန်တောင့်တပါသည်။ ဤနည်းအားဖြင့်မိမိ၏ အသက်တာတွင် နေရောင်ခြည်အလင်းများကို ထွန်းတောက်စေလိမ့် မည်။ တစ်ဖန်ဤအလင်းသည်အခြားသူတို့၏အသက်တာများတွင် ဆက် လက်ထွန်းတောက်စေလိမ့်မည်။ ဤကြီးကျယ်သောအမှုကိုဝိုင်းဝန်းကူညီ ဆောင်ရွက်သောသူအပေါင်းတို့အား ဘုရားသခင်သည်ကောင်းချီးပေး တော်မူမည်။

## ညီအစ်မများအမှုဆောင်ရွက်ဖို့လိုခြင်း

ဤလောက၌ကျွန်ုပ်တို့အသက်ရှင်လျက်ရှိနေကြသောအသက်တာ သည် သခင်ခရစ်တော်အဖို့လုံးလုံးဖြစ်လျှင် ၎င်းသည်နေ့စဉ်မိမိကိုယ်ကို

စွန့်ရသော အသက်တာဖြစ်ပေသည်။ ကိုယ်တော်အဖို့စေတနာနှင့် ဆောင်ရွက်သောအမှုဖြစ်၍ ဝိညာဉ်အသီးသီးတို့သည် ကိုယ်တော်ပိုင် ထိုက်တော်မသော ကျောက်မျက်ရတနာများဖြစ်ကြပေသည်။ ကျွန်ုပ်တို့၏ညီအစ်မများအား သခင်ခရစ်တော်အားဖြင့် မိမိ၏စွမ်းရည်သတ္တိ အတိုင်းပြုလုပ်ဆောင်ရွက်နိုင်စေဖို့ရန် ကျွန်ုပ်တို့သည်အားပေးနိုးဆော် နိုင်လျှင် ကြီးကျယ်သောအလုပ်အကိုင်သည်ပြီးမြောက်သွားကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ရလိမ့်မည်။ အမှုဆောင်ရွက်တော်မူသော ဘုရားရှင်နှင့်အတူ ကူညီဆောင်ရွက်ရန် ကျွန်ုပ်တို့သည်စိတ်နှလုံးကိုထကြွနိုးကြား စေနိုင်လျှင် သူတို့ပြီးမြောက်စွာဆောင်ရွက်ကောင်း ဆောင်ရွက်ကြမည့်အလုပ်အားဖြင့် ကြီးစွာသောအောင်မြင်ခြင်းအခွင့်ကို ကျွန်ုပ်တို့ရရှိကြလိမ့်မည်။ သို့ရာတွင် ကိုယ့်ကိုကိုယ် ငြင်းပယ်ရမည်။ သခင်ခရစ်တော်သည် အမှုဆောင်ရွက်သောသူအဖြစ်နှင့်ထင်ရှားရမည်။

မိန်းမများတို့သည်ဤအရေးဆိုက်ရာနောက်ဆုံးကာလ၌မိမိတို့နှင့် ဆိုင်သောနေရာတွင် အမှုတော်ကိုဆောင်ရွက်ကြသော် သခင်ဘုရားသည် သူတို့အားဖြင့် အမှုဆောင်ရွက်တော်မူမည်။ သူတို့သည်မိမိတို့နှင့်ဆိုင်သောအလုပ်ဝတ္တရားကိုသိနားလည်သောသဘောနှင့်အလုပ်အကိုင်၌စိတ်ပါဝင်စား၍ ဘုရားသခင်၏ဝိညာဉ်တော် ပြုပြင်သည့် အတိုင်းလုပ်ဆောင်ကြလျှင် သူတို့သည် ဤခေတ်ကာလအတွက်လိုအပ်သောစိတ်ငြိမ်သက်တည်ကြည်ခြင်းအခွင့်ကိုရရှိကြလိမ့်မည်။ ကယ်တင်ရှင်သည် ကိုယ့်ကိုကိုယ်စွန့်စားသော ဤမိန်းမများအပေါ်သို့မိမိမျက်နှာတော်၏ရောင်ခြည်အလင်းကိုပြန်၍ ထွန်းတောက်စေတော်မူလိမ့်မည်။ ဤနည်းအားဖြင့် ယောကျ်ားများ၏ခွန်အားထက်များစွာသာလွန်သော ခွန်အားသတ္တိကိုသူတို့အား ချပေးတော်မူလိမ့်မည်။ သူတို့သည်အိမ်ထောင်များတွင် ယောကျ်ားများမလုပ်နိုင်သောအလုပ်၊ ဝိညာဉ်နှင့် ဆိုင်သောအသက်သို့တိုင်အောင် ရောက်ရှိသောအလုပ်ကိုပြုလုပ်နိုင်ကြလိမ့်မည်။ ယောကျ်ားများမရောက်ရှိနိုင်သော သူတို့၏စိတ်နှလုံးတိုင်အောင်သူတို့သည် နီးကပ်လာနိုင်ကြပေသည်။ ဤနည်းအားဖြင့် သူတို့သည်အမှုဆောင်ဖို့လိုပေသည်။

အို၊ ကျွန်ုပ်၏ညီအစ်မများတို့၊ သမ္မာတရား၌စိတ်မဝင်စားသော သူတို့အားပေးကမ်းနိုင်မည်အကြောင်း အဖိုးထိုက်တန်သောအရာများ ကိုစိတ်နှလုံးထဲ၌သိုထားဖို့ရန် အချိန်ရှိသမျှသမ္မာကျမ်းစာကိုစစ်ဆေးရှာ ဖွေခြင်းမပြုဘဲနေလျှင် မည်ကဲ့သို့ဆင်ခြေပေးမည်နည်း။ ကျွန်ုပ်တို့၏ ညီအစ်မများတို့သည် လတ်တလောဖြစ်ပေါ်လာသောအရေးတွင်ထကြွ နိုးကြားကြပါမည်လော။ သူတို့သည်အရှင်သခင်အတွက်အမှုကိုဆောင် ရွက်ကြပါမည်လား။ 6T 114-8,

## အသင်းတော်အတွင်းရှိအလုပ်

### အသစ်သောအသင်းဝင်သူများကိုအားပေး တိုက်တွန်းနှိုးဆော်ခြင်း

ပရိယာယ်နှင့် ဖမ်းဆီးသွေးဆောင်လှည့်ဖြားရန် ကြိုးစားနေ သောစာတန်၏ တန်ဆာပလာများနှင့်ဝိညာဉ်အသီးသီးတို့သည်ဆိုင်ပြိုင် တိုက်လှန်ရမည့်စစ်ပွဲအကြောင်းကို လူအပေါင်းတို့သည် သိရှိနားလည် ကြလျှင် ယုံကြည်ခြင်း၌နုနယ်သောသူတို့အတွက် သာ၍ကြိုးစားအား ထုတ်လျက်အမှုဆောင်ရွက်ကြလိမ့်မည်။

ဤဝိညာဉ်များကို သူတို့သဘောအတိုင်းနေစေရန် စွန့်ပစ်ထားခဲ့ လျှင်သူတို့သည် မကြာခဏသွေးဆောင်ခြင်းသို့လိုက်ပါသွား၍မကောင်း မှုဒုစရိုက်များကိုမခွဲခြားမဝေဖန်နိုင်ကြချေ။ တိုင်ပင်ဆွေးနွေးခြင်းသည် သူတို့အတွက် အခွင့်ထူးဖြစ်ကြောင်းသူတို့အားသိပါစေ။ မိမိတို့အား မစကူညီနိုင်သောသူတို့နှင့်ပေါင်းသင်းဆက်ဆံပါစေ။ ဘုရားသခင်ကို ချစ်ခင် ကြောက်ရွံ့ရိုသေသောသူတို့နှင့် ပေါင်းသင်းဆက်ဆံခြင်းဖြင့် သူတို့သည် ခွန်အားကို ရရှိကြလိမ့်မည်။

ဤသူတို့နှင့်ကျွန်ုပ်တို့ပြောဆိုသောစကားများမှာဝိညာဉ်သဘော ပါရှိ၍သူတို့အား နှိုးဆော်အားပေးသောစကားများဖြစ်ရကြမည်သခင် ဘုရားသည် အားနည်းသောသူတိုင်း၊ ယုံမှားသံသယဖြစ်သောသူတိုင်း၊

အားကြီးမာန်တက် ပြုတတ်သောသူတိုင်းတို့၏တိုက်ပွဲများကို ဂရုပြုတော်မူ၍ ကိုယ်တော်ကို တောင့်တသောသူအပေါင်းတို့အား ကိုယ်တော်သည် မစကူညီတော်မူလိမ့်မည်။

## နှစ်ခြင်းခံဖို့ရန်အတွက်ကလေးများပြုပြင်ပေးခြင်း

နှစ်ခြင်းမင်္ဂလာကို ခံယူလိုသောကလေးများ၏ မိဘများတို့မှာ မိမိတို့၏ကလေးများအား ကိုယ်တိုင်ကြည့်ရှုစစ်ဆေးလျက် သူတို့အား မှန်ကန်စွာသွန်သင်ဆုံးမဖို့ရန် ဝတ္တရားရှိပေသည်။ နှစ်ခြင်းမင်္ဂလာသည် အလွန်ပင် ရှိသေဖွယ်ဖြစ်၍ အရေးကြီးသော မင်္ဂလာတစ်ခုဖြစ်သည်။ ၎င်း၏အဓိပ္ပါယ်ကိုအသေအချာသိရှိနားလည်စေရမည်။ ၎င်းသည်အပြစ်အတွက်နောင်တရခြင်းနှင့် သခင်ယေရှုနှင့်အတူအသစ်သောအသက်၌ ဝင်စားခြင်းကိုဆိုလိုသည်။ ဤမင်္ဂလာကို မသင့်မလျော်ဘဲ အလျင်စလို ခံယူဖို့မသင့်။ မိဘများနှင့်အတူတကွသားသမီးများပါ ဤအချက်ကို အရေးယူပါစေ။ ကလေးများအား နှစ်ခြင်းခံစေဖို့သဘောတူဝန်ခံရာ၌ မိဘများတို့သည် မိမိတို့၏ကလေးများကို သစ္စာနှင့် အုပ်ထိန်းရန်နှင့် အကျင့်စာရိတ္တကိုပြုပြင်ပေးရန် ကြပ်တည်းစွာ ကတိဝန်ခံရာရောက်ပေသည်။ သူတို့သည်ဝန်ခံပြီးသော ယုံကြည်ခြင်းတရားကို မရှုတ်ချနိုင်မည်အကြောင်း ဤသိုးသငယ်များကို အထူးဂရုစိုက်လျက် စောင့်ရှောက်ရန် ကတိဝန်ခံရာရောက်ပေသည်။

သားသမီးများတို့အား အလွန်ငယ်ရွယ်စဉ်အခါကပင် ဘာသာတရားရေးတွင် သွန်သင်ပေးရမည်။ အပြစ်တင်သောသဘောမျိုးနှင့် မဟုတ်ဘဲ အားရဝမ်းမြောက်လျက် စေတနာထက်သန်သောသဘောမျိုးနှင့် ဆုံးမသွန်သင်ပေးရမည်။ သားသမီးများ မသိနားမလည်နိုင်သောစုံစမ်းသွေးဆောင်ခြင်းမျိုး မရောက်ရှိစေနိုင်ရန် မိခင်များသည် အစဉ်လိုပင်သားသမီးများကို စောင့်ကြည့်နေရကြမည်။ မိဘတို့သည် မိမိတို့၏ သားသမီးများကို သင့်လျော်၍ နှစ်သက်ဖွယ်သောဆုံးမဩဝါဒများအားဖြင့် ကွယ်ကာစောင့်ရှောက်ရမည်။ အတွေ့အမြင်မရှိသော ဤကလေးများ၏ အကောင်းဆုံးမိတ်ဆွေအဖြစ်နှင့် မိဘများသည်

သူတို့အား အောင်မြင်ခြင်းအလုပ်တွင် ကူညီဖေးမရမည်။ အကြောင်းမူကား ကလေးများအား အောင်မြင်စေဖို့ရန်အလွန်အရေးကြီးသည်။

သစ္စာနှင့်အမှုဆောင်ရွက်ပြီးနောက် သင်၏သားသမီးများသည် စိတ်နှလုံးပြောင်းလဲခြင်းနှင့်နှစ်ခြင်းမင်္ဂလာ၏အဓိပ္ပါယ်ကို ကောင်းစွာသိနားလည်လျက် ဧကန်အမှန်စိတ်နှလုံးပြောင်းလဲကြသည်ကိုသင်သည် စိတ်ကျေနပ်လျှင် သူတို့အား နှစ်ခြင်းမင်္ဂလာကိုခံယူပါစေ။ သို့ရာတွင် နားထောင်ခြင်းတည်းဟူသောလမ်းကျဉ်းတွင်လျှောက်သွားဖို့ရန်မကျင်လည်သောခြေများကို စောင့်ထိန်းရာတွင် သစ္စာရှိသောသိုးထိန်းကဲ့သို့ ပြုလုပ်ဖို့ရန် မိမိကိုယ်ကိုပြင်ဆင်ဖို့ ရှေးဦးစွာလိုပေသည်။ မိဘများတို့သည် မိမိတို့၏သားသမီးများအားချစ်ခြင်းမေတ္တာ၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ ခရစ်ယာန်တို့၏စိတ်နှိမ့်ချခြင်း၊ သခင်ခရစ်တော်အားမိမိကိုယ်ကို လုံးလုံးအပ်နှံခြင်းအမှုတို့တွင် မှန်ကန်သောပုံသက်သေကို ပြနိုင်မည် အကြောင်းဘုရားသခင်သည် မိဘများနှင့်အတူ အမှုဆောင်ရွက်တော်မူရမည်။ 6T 93-4.

## မှားနေသောသူကိုပြန်ရခြင်း

ပျောက်ဆုံးသွားသော ငွေဒင်္ဂါးသည် မှားယွင်းလမ်းလွဲနေသော အပြစ်ရှိသူ၏ ပုံပမာဖြစ်ပေသည်။ ပျောက်ဆုံးသွားသော ငွေဒင်္ဂါးကို ရှာဖွေသောမိန်းမ၏သေချာစေ့စပ်ခြင်းအကြောင်းသည်မှန်သောလမ်းမှ လွဲသွားနေသော သူများတို့အတွက် ဆောင်ရွက်အပ်သော တာဝန်ဝတ္တရားနှင့်စပ်လျဉ်း၍ သခင်ခရစ်တော်၏ တပည့်များအား သွန်သင်ပေးသောအချက်ဖြစ်ပေသည်။ ထိုမိန်းမသည်သာ၍လင်းစေခြင်းငှါဆီမီးထွန်းလျက် တွေ့ရှိသည်တိုင်အောင် တစ်အိမ်လုံးကိုတံမြက်လှဲ၍ ကြိုးစားရှာဖွေလေသည်။

ဘုရားသခင်ထံတော်မှ လမ်းလွဲသွားသောကြောင့် မစခြင်းကို အလိုရှိသောသူများအတွက် ခရစ်ယာန်တို့ဆောင်ရွက်အပ်သောအလုပ်တာဝန်အကြောင်းကို ဤနေရာ၌ ထင်ရှားစွာ ဖော်ပြထားပါသည်။

မှားယွင်းနေသောသူတို့ကို မှောင်မိုက်ထဲ၌လည်းကောင်း၊ မှားယွင်းခြင်း၌လည်းကောင်း စွန့်ပစ်မထားရ။ သူတို့အား အလင်းသို့တစ်ဖန်ယူဆောင်လာရန် တတ်နိုင်သောနည်းရှိသမျှကိုအသုံးပြုရမည်။ ဆီမီးကိုထွန်းရမည်။ ၎င်းပြင် မှောင်မိုက်နှင့် ယုံမှားခြင်းတို့ဖြင့်ဖုံးအုပ်နေသောသူတို့၏ အမှုအတွက် ကောင်းကင်အလင်းကို လုံလောက်စွာ ရရှိစေခြင်းငှါစိတ်ပါစွာဆုဆောင်းလျက် သမ္မာတရားနှင့်စပ်ဆိုင်၍ထင်ရှားသော အချက်များကို ဘုရားသခင်၏နှုတ်ကပါဌ်တော်တွင် စေ့စေ့ရှာဖွေစစ်ဆေးရမည်။ ဤနည်းအားဖြင့် မှားယွင်းနေသောသူတို့ကိုတွေ့ဆုံဆွေးနွေးမည့်အကြောင်း ခရစ်ယာန်တို့သည် ဘုရားသခင်၏နှုတ်ကပါဌ်တော်ထဲမှ ချေပပြောဆိုနိုင်မည့်ကျမ်းချက်များ၊ ဆုံးမသြဝါဒစကားများ၊ ခြိမ်းခြောက်ကြိမ်းဝါးသောစကားများနှင့် အားပေးနှိုးဆော်သောစကားများကိုရရှိလျက် ခုခံကာကွယ်နိုင်ကြလိမ့်မည်။ ဂရုမစိုက်အမှုမထားဘဲပေါ့လျော့နေလျှင် ဘုရားသခင်သည် မျက်နှာထားတော်မူလိမ့်မည်။

## ကောင်းကင်၌ဝမ်းမြောက်ခြင်း

မိန်းမသည်ငွေဒင်္ဂါးကိုတွေ့ရှိသောအခါမိမိ၏မိတ်ဆွေနှင့်အိမ်နီးချင်းများကိုခေါ်လျက် ပျောက်သောငွေကိုငါတွေ့ပြီ၊ ငါနှင့်အတူဝမ်းမြောက်ကြလော့ဟုပြောဆို၏။ 'ထိုနည်းတူငါဆိုသည်ကားဘုရားသခင်၏ကောင်းကင်တမန်တို့သည်နောင်တရသောလူဆိုးတစ်ယောက်၌ ဝမ်းမြောက်ခြင်းရှိကြသည်။" (လု၊ ၁၅း၉၊၁၀။) မိမိအမှားကိုမြင်၍ဖော်ပြဝန်ချပြီးမိမိတို့၏ညီအစ်ကိုမောင်နှမများနှင့်ပေါင်းသင်းဆက်ဆံရန်ပြန်လာသောပြစ်ရှိသူ၌ ဘုရားသခင်၏ကောင်းကင်တမန်များသည် ဝမ်းမြောက်ခြင်းရှိလျှင်စာတန်၏ကောက်ကျစ်စဉ်းလဲသောအကြံအစည်အားဖြင့် လိမ်သည်လှည့်ဖြားခြင်းကိုခံရ၍မှားသောလမ်းသို့ သွားလျက် ၎င်းကြောင့် ဒုက္ခဆင်းရဲခြင်းခံရသောညီအစ်ကိုမောင်နှမ တစ်ဦးဦးသည်အသင်းတော်ဘောင်ထဲသို့ပြန်ရောက်ရှိလာသည့်အတွက် မိမိတို့ကိုယ်တိုင်မှားယွင်းခဲ့၍ ဘုရားသခင်နှင့်ညီအစ်ကိုမောင်နှမများတို့ထံမှအပြစ်ဖြေလွှတ်ခြင်းအခွင့်ကို နေ့စဉ်ခံယူဖို့လိုကြသော ခရစ်တော်၏တပည့်

များတို့သည် သာ၍ အားရဝမ်းမြောက်ခြင်းရှိသင့်ကြသည်မဟုတ်ပါလော။

မှားယွင်းနေသောသူတို့အား စွန့်ပစ်ထားမည့်အစား သူတို့၏ညီအစ်ကိုမောင်နှမများသည် သူတို့ရှိရာနေရာတွင် သွားရောက်လျက်သူတို့နှင့်တွေ့ဆုံရကြမည်။ သူတို့သည်မှောင်မိုက်၍ ရှိနေကြသည့်အတွက်သူတို့၏အပြစ်များကို ရှာနေမည့်အစား မိမိတို့ယူဆောင်သွားသောအလင်းအားဖြင့်မှားယွင်းနေသောသူတို့၏မှောင်မိုက်ကိုပယ်ရှားနိုင်မည်အကြောင်း ဘုရားသခင်၏ကျေးဇူးတော်ကိုသာ၍ခံယူရရှိလျက် သမ္မာကျမ်းစာတော်မြတ်ကိုကောင်းစွာသိရှိနားလည်ခြင်းဖြင့် မိမိတို့၏မီးခွက်များကိုထွန်းတောက်စေရမည်။ သူတို့သည် ထိုအမှု၌အောင်မြင်၍မှားယွင်းသောသူတို့သည် မိမိတို့၏အမှားကိုသိမြင်လျက်အလင်းထဲ၌လိုက်လျှောက်ရန် ဝန်ခံလာသောအခါ အလွန်အပြစ်များသည့် အတွက်ကြောင့်ပင် သူတို့အတွက်ပိုမိုလျက်ကြိုးစားအားထုတ်ပြီး စိုးရိမ်ပင်ပန်းစွာအမှုတော်ကိုဆောင်ရွက်ပင်ဆောင်ရွက်ခဲ့သော်လည်း သူတို့၌အလွန်အပြစ်များလျက်ရှိနေကြောင်းကိုထင်ရှားစေလိုသောသဘောသို့မဟုတ်သည်းညူသော သဘောမျိုးနှင့်မဟုတ်ဘဲ ဝမ်းမြောက်စွာဖြင့် သူတို့ကိုလက်ခံရမည်။ ဘုရားသခင်၏သန့်ရှင်းသော ကောင်းကင်တမန်များတို့သည် ထိုအမှုမျိုးကိုဝမ်းမြောက်စွာလက်ခံကြလျှင် မိမိတို့ကိုယ်တိုင်မှားယွင်းခဲ့ဖူးကြ၍ မိမိတို့၏မှောင်မိုက်တွင် ကိုယ့်ကိုကိုယ် မည်ကဲ့သို့ကယ်တင်ရမည်ကို မသိနားမလည်ဘဲ ရှိနေကြစဉ်အခါ၌ ကိုယ်ချင်းစာနာတတ်သောသဘော၊ ချစ်ခြင်းမေတ္တာနှင့်မစခြင်းကို ကိုယ်တိုင်အလိုရှိခဲ့ကြသောညီအစ်ကိုမောင်နှမများတို့သည်သာ၍ဝမ်းမြောက်ဖို့သင့်သည်မဟုတ်ပါလော။

**အိမ်အနီး၌အစပြုလော့**

သင်ဘယ်နေရာ၌နေသည်မဆို အမှုတော်ကို ချက်ချင်းအစပြုနိုင်သည်။ လူတိုင်း၌အခွင့်ထူးများရှိပေသည်။ မိမိနှင့်သက်ဆိုင်သောအလုပ်တာဝန်ကိုမိမိကိုယ်တိုင်ထမ်းဆောင်ပါ။ ဤအလုပ်တာ ဝန်ကား၊ သင်၏

အိမ်ထောင်နှင့်အိမ်နီးချင်းတို့အထဲတွင်လုပ်ဆောင်ရသောအလုပ်တာဝန် တည်း။ အခြားသောသူက ပြုလုပ်စေရန် တိုက်တွန်းနှိုးဆော်သည် တိုင်အောင် စောင့်ဆိုင်းမနေပါနှင့်။ သင့်အဖို့ အသက်တော်ကိုစွန့်တော် မူသောကိုယ်တော်အတွက် သင်နှင့်စပ်ဆိုင်သောတာဝန်ဝတ္တရားကို စိတ် နှလုံးထဲ၌ အမြဲမှတ်ထားလျက် နှောင့်နှေးခြင်းမရှိဘဲ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေခြင်းနှင့် ရှေ့သို့တိုးတက်လော့။ မိမိ၏အမှုတော်တွင် သင်၏အစွမ်းသတ္တိရှိသမျှလုပ်ဆောင်ရန် သင့်အား သခင်ခရစ်တော် ကိုယ်တော်တိုင်ခေါ်လျက်နေတော်မူသည်ကို ကြားရဘိသကဲ့သို့အမှုကို ဆောင်ရွက်လော့။ အဘယ်သူသည်အသင့်ရှိသနည်းဟူ၍ အခြားသူကို ကြည့်မနေနှင့်။

## မစကူညီဖို့ရန်ကလေးများအားသွန်သင်ပြသပေးလော့

မည်သူမဆို အလုပ်တစ်ခုခုကို ပြုလုပ်နိုင်ကြသည်။ အချို့သော သူများက ဆင်ခြေပေးသောစကားနှင့် 'ကျွန်ုပ်၏အိမ်ထောင်ဝတ္တရား နှင့် သားရေးသမီးရေးအတွက် မအားမလပ်နိုင်ချေ။ တခြားအဘယ်အမှု ကိုမျှမပြုနိုင်" ဟုပြောဆိုတတ်ကြသည်။ မိဘများတို့၊ သခင်ဘုရား အတွက် အမှုဆောင်ရွက်ဖို့ရန် သင်၏စွမ်းအားသတ္တိကို တိုးပွားစေမည့် အကြောင်း သင်၏ကလေးများသည် သင်တို့အားမစကူညီသော လက် သဖွယ်ဖြစ်ရမည်။ ကလေးများသည် သခင်ဘုရား၏ အိမ်ထောင်သူ အိမ်ထောင်သားကလေးများဖြစ်ကြသည်။ သူတို့သည်ဖန်ဆင်းခြင်းနှင့် ရွေးနုတ်ခြင်းကို ခံရသောသူများ ဖြစ်သည်အလျောက် ဘုရားသခင်၏ သားသမီးငယ်များဖြစ်ကြသည့်အတွက် သူတို့အား ဘုရားသခင်ထံ ဆက်ကပ်ပူဇော်ရန်လမ်းပြပို့ဆောင်ရမည်။ သူတို့၏ကိုယ်ခန္ဓာအင်အား ရှိသမျှ၊ စိတ်နှလုံးနှင့်ဝိညာဉ်သည် ကိုယ်တော်အဖို့ဖြစ်ကြောင်းကို သူတို့ အား သွန်သင်ပေးရမည်။ သူတို့အား သူတစ်ပါးအကျိုးအလို့ငှါ အမှု အမျိုးမျိုးတွင် ပါဝင်ကူညီဆောင်ရွက်စေဖို့သွန်သင်လေ့ကျင့်ပေးရမည်။ သင်၏ကလေးများအား တားဆီးနှောင့်ယှက်စေဖို့ရန် အခွင့်မပေးရ။ ကလေးများသည် သင်နှင့်အတူတကွ ကိုယ်ခန္ဓာနှင့်ဆိုင်သောဝန်တာကို

သာမက ဝိညာဉ်နှင့်ဆိုင်သောဝန်တာကိုလည်း ပါဝင်ဆောင်ရွက်ရမည်။ အခြားသောသူတို့ကိုမစကူညီခြင်းအားဖြင့် မိမိတို့၌ဝမ်းမြောက်ခြင်းတိုးပွားလျက် မိမိတို့သည် တိုး၍ အဖေါ်ရလာကြလေသည်။
7T. 62-3.

လောကသည် တရားဟောပလ္လင်ပေါ်မှာ ဟောပြောသွန်သင်သော အရာများထက် အသင်းတော်၏ နေထိုင်ပြုမူပုံတို့၌ သာ၍စိတ်ပါဝင်စားကြလိမ့်မည်။ တရားဟောဆရာသည် ဧဝံဂေလိတရားသက်သက်ကိုဟောပြော၏။ သို့ရာတွင် အသင်းတော်၏ဘုရားဝတ်ပြုရေးနှင့်ဆိုင်ရာအလုပ်အကိုင်အပြုအမူတို့အားဖြင့်၎င်း၏တန်ခိုးတော်ကိုဖေါ်ပြပေသည်။
6T 260.

ကျွန်ုပ်တို့သည် ကိုယ်အကျိုးကိုရှာကြံတတ်သော သဘောများ၊ အယူသန်ခြင်းနှင့် ငဲ့ကွက်ခြင်းများမှ ပေါ်ပေါက်လာသော ခုခံခြင်း၊ ဆန့်ကျင်ဘက်ပြုခြင်းတို့ကို တွေ့ကြုံရလိမ့်မည်။ သို့ရာတွင် ရဲစွမ်းသတ္တိနှင့်လည်းကောင်း၊ အသက်ရှင်သောယုံကြည်ခြင်းနှင့်လည်းကောင်း ကျွန်ုပ်တို့သည် ဘေးဒုက္ခအပေါင်းတို့အနီးတွင်တရားတော်ကိုစိုက်ပျိုးရကြမည်။
3T. 405.

### ဆက်ကပ်ပူဇော်ရန်ခေါ်တော်မူခြင်း

ညီအစ်ကိုမောင်နှမများတို့၊ ဝိညာဉ်ကယ်တင်ခြင်း အလုပ်တွင် လုံ့လဝီရိယနှင့်လုပ်ကိုင်ဆောင်ရွက်ကြလော့။ ဤအလုပ်သည် ပညာနှင့် ဝိညာဉ်ခွန်အားကို ထကြွနိုးကြားစေလျက် တိုးပွားစေလိမ့်မည်။ သခင်ခရစ်တော်ထံမှအလင်းသည် စိတ်နှလုံးထဲသို့ ထွန်းတောက်လိမ့်မည်။ ကယ်တင်ရှင်သည် သင်၏နှလုံးထဲတွင် ကိန်းအောင်းလိမ့်မည်။ ၎င်းအပြင် သင်သည် ကိုယ်တော်၏အလင်းတော်တွင် အလင်းကိုတွေ့မြင်လိမ့်မည်။

ဘုရားသခင်၏အမှုတော်အတွက် သင့်ကိုယ်ကိုလုံးလုံးဆက်ကပ်ပူဇော်လော့။ ဘုရားသခင်သည် သင်၏ခွန်အားဖြစ်တော်မူ၍ သင်၏လက်ျာလက်တွင်ရှိတော်မူလျက် မိမိ၏ကရုဏာနှင့်ပြည့်စုံသော အကြံအစည်တော်ကို ဆောင်ရွက်နိုင်ရန် သင့်အား မစတော်မူလိမ့်မည်။

သင့်ကိုယ်တိုင်အမှုတော်ဆောင်ရွက်ခြင်းဖြင့်သင်၏ပတ်လည်တွင်ရှိသော သူတို့ကို ရအောင်ကြိုးစားပါ။ သူတို့နှင့်အကျွမ်းဝင်အောင် 'ပြုလော့။ တရားဟောပြောခြင်းသည် ပြုအပ်သောအလုပ်ကို ဆောင်ရွက်လိမ့်မည် မဟုတ်။ သင်သွားရောက်လည်ပတ်သော အိမ်များသို့ သင်နှင့်အတူ ကောင်းကင်တမန်များလိုက်ပါလေသည်။ ဤအလုပ်မျိုးကို ကိုယ်စား ထား၍ မပြုလုပ်နိုင်ချေ။ ငွေချေးငှါးခြင်း၊ သက်သက်ငွေပေးခြင်းဖြင့် ဤအလုပ်ကိုမပြီးမြောက်နိုင်ချေ။ တရားဟောချက်အားဖြင့် ပြုလုပ် နိုင်လိမ့်မည်မဟုတ်။ လူများတို့အား သွားရောက်ကြည့်ရှုခြင်း၊ စကား စမြည်ပြောခြင်း၊ ဆုတောင်းပေးခြင်း၊ သူတို့၏အရေးကိစ္စတွင် ထောက် ထားစာနာသောသဘောကို ပြခြင်းအားဖြင့် သင်သည် သူတို့၏စိတ် နှလုံးကိုဆွဲယူရရှိနိုင်သည်။ ဤအမှုသည်သင်ပြုလုပ်နိုင်သောအလုပ်တွင် အကြီးဆုံး၊ အမြင့်မြတ်ဆုံးသော သာသနာပြုအလုပ်ဖြစ်သည်။ ဤအမှုကို ပြုလုပ်ဆောင်ရွက်ရန် သင်၏ဝိညာဉ်များအတွက် စိတ်ခိုင်မာ၍ စွဲမြဲ တည်တံ့သော ယုံကြည်ခြင်း၊ ငြီးငွေ့ခြင်းမရှိသောသည်းခံခြင်းနှင့်ကြီး စွာသောချစ်ခြင်းမေတ္တာရှိရမည်။

ကောင်းကင်တမန်များတို့သည် သူတစ်ပါးအပေါ်သို့ မင်္ဂလာ သက်ရောက်စေခြင်းငှါအစဉ်ပြုလုပ်တတ်ကြသည်။ ဤအရာသည်သူတို့၏ ဝမ်းမြောက်ခြင်းအကြောင်းဖြစ်၏။ အတိဒုက္ခရောက်၍ အကျင့်စာရိတ္တ နှင့်အတန်းအစားတွင်အောက်တန်းကျသောသူတို့အားမစထောက်ပင့် ခြင်းအမှုကိုကိုယ်ကျိုးသာရှာတတ်သောသူတို့ကအောက်ကျသောအလုပ် ဟု ထင်မှတ်ကြသော်လည်း ၎င်းသည်ကောင်းကင်နိုင်ငံတွင်ရှိသန့်ရှင်း၍ အပြစ်ကင်းသော ကောင်းကင်တမန်တို့၏ အလုပ်ဖြစ်သည်။ ကိုယ့် အသက်စွန့်ခြင်းမေတ္တာနှင့်ပြည့်စုံသော သခင်ခရစ်တော်၏သဘောမျိုး သည် ကောင်းကင်တစ်ဝန်းလုံးတွင်ရှိသော သဘောမျိုးဖြစ်၍ ၎င်းသည် ကောင်းကင်ချမ်းသာ၏ အနှစ်သာရဖြစ်ပေသည်။ 3T. 381.

ကြီးကျယ်သောအလုပ်ကို ပြီးမြောက်စေရန် မိမိတို့နှင့်အတူဝင် ရောက်ကူညီစေဖို့ ကောင်းကင်တမန်များတို့သည် အသင်းတော်သား

များတည်းဟူသော လူများကို ကြာမြင့်စွာ စောင့်ကြည့်နေခဲ့ကြလေပြီ။ သူတို့သည်သင့်ကိုလည်းစောင့်နေကြသည်။ လယ်ပြင်သည်အလွန်ကျယ်ပြန့်၍ အကြံအစည်မှာ အများနှင့်သက်ဆိုင်သည့်အတွက် သန့်ရှင်းခြင်းသို့ရောက်သောနှလုံးနှင့် ပြည့်ဝသောသူတိုင်းတို့အား ဘုရားသခင်၏ တန်ဆာပလာကဲ့သို့ အမှုတော်တွင်အသုံးပြုရန် နှိုးဆော်တိုက်တွန်းရကြမည်။ 9T 46-7.

ကျွန်ုပ်တို့သည် သန့်ရှင်းသောလက်များနှင့်ဖြူစင်သောနှလုံးများကို အလိုရှိလျှင် ကျွန်ုပ်တို့ပြုလုပ်နိုင်သော အမှုတွင် အနည်းငယ်သောယုံကြည်အားကိုး၍ဘုရားသခင်က ကျွန်ုပ်တို့အတွက်ပြုလုပ်တော်မူသောအမှုတွင်သာ၍ယုံကြည်ကိုးစားရကြမည်။ သင်သည် သင်နှင့်သာဆိုင်သောအလုပ်ကိုဆောင်ရွက်နေသည်မဟုတ်၊ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်နေရပေသည်။ 7T 212.

အပြစ်ဒုစရိုက်များနှင့် ပြည့်ဝလျက်ရှိသော ဤအချိန်ကာလတွင် မိမိတို့၏နှလုံးထဲ၌ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကိုခံယူခဲ့ပြီးသောသူတို့သည် အသက်အပေါင်းကိုချပေးတော်မူသော အရှင်ထံမှလာသည့်အသစ်သောအသက်တာကို အပိုင်ရယူလျက် လက်ဝါးကပ်တိုင်၌အသေခံ၍ ထမြောက်သွားတော်မူသော ကယ်တင်ရှင်၏သတင်းစကားကို တန်ခိုးနှင့်ကြွေးကြော်ရန် လောကထဲသို့ထွက်သွားရကြမည်။ သူတို့သည် ဝိညာဉ်ကယ်ဆယ်ရေးအမှုတွင် မနေမနား အားကြိုးမာန်တက်ဆောင်ရွက်ရကြမည်။ သူတို့၏ပုံသက်သေသည် ပတ်လည်တွင်ရှိသောသူတို့အဖို့ကောင်းသည့်အမှုအတွက် ပြုပြင်သောတန်ခိုးတော်ကို ဖေါ်ပြသောအရာကဲ့သို့ ဖြစ်ရလိမ့်မည်။ ကျွန်ုပ်တို့၏အရှင်သခင်ယေရှုခရစ်ကို သိကျွမ်းခြင်းတည်းဟူသော ထူးမြတ်သည့် အရာအတွက်သူတို့သည် ခပ်သိမ်းသောအရာတို့ကိုရှုံးသောအရာကဲ့သို့မှတ်ယူရကြမည်။ 9T 44.

တတိယကောင်းကင်တမန်၏သတင်းစကားသည် ကြီးစွာသော ကြွေးကြော်သံ ဖြစ်လာသည်တိုင်အောင် တိုး၍ကျယ်လာနေစဉ်တွင်

ထိုကြွေးကြော်သံ၌ ကြီးစွာသောတန်ခိုးနှင့်ဘုန်းတော်ပါရှိလာလိမ့်မည်။
ဘုရားသခင်၏လူများတို့၏မျက်နှာတွင် ကောင်းကင်ရောင်ခြည်အလင်း
သည်ထွန်းတောက်လိမ့်မည်။ 7T 17.

--*--

## အခန်း ၆

## ဆုကျေးဇူးတော်များ၏ဘဏ္ဍာစိုးများ

### ကျန်းမာခြင်းဆုကျေးဇူး

အသက်သည် ဘုရားသခင်ပေးသနားတောင်မူရာ ဆုကျေးဇူးဖြစ်သည်။ ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်းအလုပ်တွင်အသုံးပြုဖို့ရန် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ခန္ဓာကိုယ်များကိုပေးသနားတော်မူသည်။ ၎င်းပြင် ကျွန်ုပ်တို့သည် ၎င်းတို့ကိုစောင့်ရှောက်ပြုစု၍အလေးအမြတ်ပြုစေရန်ဘုရားသခင်သည်အလိုရှိတော်မူသည်။ ကျွန်ုပ်တို့သည်ကာယသတ္တိ၊ ဉာဏသတ္တိနှင့်ပြည့်စုံကြသည်။ ကျွန်ုပ်တို့၏စိတ်ဇောနှင့်ထက်မြက်သောစိတ်ဆန္ဒတို့တည်ရာနေရာသည် ကိုယ်ကာယထဲ၌ရှိပေသည်။ ထို့ကြောင့် ဤအပ်ထားတော်မူသောလက်ရှိဘဏ္ဍာကို ညစ်ညူးစေတတ်သောအရာတစ်စုံတစ်ခုကိုမျှကျွန်ုပ်တို့သည်မပြုအပ်။ ကျွန်ုပ်တို့၏စွမ်းအားသတ္တိရှိသမျှ အကောင်းဆုံး အသုံးချနိုင်မည့်အကြောင်း၊ ကျွန်ုပ်တို့၏ခန္ဓာကိုယ်များကိုတတ်နိုင်သမျှကာယနှင့်စပ်ဆိုင်၍ အကောင်းဆုံးသောအခြေအနေ၌ရှိစေရန်၊ ၎င်းပြင်ဝိညာဉ်ခွန်အား၌တိုးပွားနိုင်သမျှ တိုးပွားစေရန် စောင့်ရှောက်အပ်ပေသည်။ (၁ကော၊ ၆း၁၅ ကိုဖတ်ကြည့်ပါ)။

ကိုယ်ခန္ဓာကိုအလွဲသုံးစားခြင်းဖြင့် မိမိ၏အမှုတော်ဆောင်ခြင်းအလုပ်အတွက် ဘုရားသခင်စီမံကြံစည်ထားတော်မူသော အချိန်ကာလအပိုင်းအခြားကိုယုတ်လျော့သွားစေလေသည်။ ကျွန်ုပ်တို့ကိုယ်တိုင်အားကျွန်ုပ်တို့မမှန်သောအလေ့အကျင့်တို့ကိုပြုစေခြင်း၊ အိပ်ရာဝင်ချိန်နောက်ကျလွန်းခြင်း၊ မိမိတို့၏ကျန်းမာရေးကို ထိခိုက်လောက်အောင်အစားအသောက်၌မက်မောခြင်းအားဖြင့် ကျွန်ုပ်တို့သည် အားအင်ဆုတ်လျော့နည်းပါးခြင်းအဖြစ်ကိုရရှိစေရန်အုတ်မြစ်ချပေးတတ်ကြသည်။ ကိုယ်ကာယလှုပ်ရှားခြင်းပရိစယကိုအမှုမထားဂရုမစိုက်ခြင်း၊ ကိုယ်ခန္ဓာသို့မဟုတ်စိတ်နှလုံးကိုထိခိုက်အောင်အလွန်အမင်း အလုပ် လုပ်ကိုင်ခြင်းအားဖြင့် ကျွန်ုပ်တို့သည်အာရုံကြောများ၏အခြေအနေကို မညီမညွတ်ဖြစ်စေတတ်

ကြသည်။ ထိုနည်းအတိုင်း ဓမ္မာတာတရားများကို အမှုမထား လျစ်လျူရှု နေခြင်းဖြင့် မိမိတို့၏အသက်တာကို တိုစေသောသူတို့သည် ဘုရား သခင်၏ဥစ္စာပစ္စည်းကိုလုယူသောပြစ်မှုကိုကျူးလွန်သောသူဖြစ်ပေသည်။ ဘုရားသခင် သီးသန့်ခန့်ထားတော်မူသော အမှုဆောင်ခြင်းအလုပ် အတွက်အသုံးပြုဖို့ရန်၊ ဆက်ကပ်ပူဇော်ထားအပ်သော ကိုယ်ကာယ၊ စိတ်နှလုံး၊ သို့မဟုတ် စွမ်းအားသတ္တိကို အမှုမထားလျစ်လျူရှုဖို့ရန်၊ သို့မဟုတ်အလွဲအသုံးပြုဖို့ရန်ကျွန်ုပ်တို့၌အခွင့်မရှိ။ CH. 41.

## စာတန်၏အလွယ်ဆုံးစုံစမ်းသွေးဆောင်ခြင်း

မြင့်မြတ်သောစိတ်သဘော၏နှိုးဆော်ခြင်းဖြင့် ပေါ်ထွက်လာသည့် ထက်မြက်သောအပြုအမူအနေအထိုင်အလေ့အကျင့်တို့သည် ခရစ်ယာန် တို့၏အကျင့်စာရိတ္တစုံလင်စေဖို့ရန်အတွက် လိုအပ်သောအရာများဖြစ်ပေ သည်။ ထိုကြောင့်စိတ်ခွန်အား၊ သို့မဟုတ် စိတ်အားနည်းခြင်းသည် ဤ လောက၌ကျွန်ုပ်တို့အသုံးကျခြင်း၊ မကျခြင်းနှင့်လည်းကောင်း နောက် ဆုံးကျွန်ုပ်တို့၏ကယ်တင်ခြင်း၊ ဆုံးရှုံးခြင်းနှင့်လည်းကောင်းများစွာသက် ဆိုင်ပေသည်။

အစားအသောက်၌မက်မောခြင်းနှင့် အရာရာ၌ တပ်မက်ခြင်းတို့ သည်စိုးမိုးနေလျှင်ကိုယ်ကာယ၏ကျန်းမာခြင်းနှင့်ဉာဏ်သတ္တိတို့ကို ကိုယ် အလိုဆန္ဒသို့လိုက်လျောခြင်းတည်းဟူသောယဇ်ပလ္လင်ပေါ်တွင် အလဟ သဖြုန်းတီး၍လူသည်အလျင်အမြန်ပျက်စီးဆုံးရှုံးရာသို့ ရောက်ကြောင်း ကိုရန်သူကြီးသည်သိရှိလေသည်။ ထွန်းတောက် ထက်မြက်သောဉာဏ် သည်ဇာတိစိတ်သဘောကိုချုပ်ချယ်၍ ၎င်းကို ကောင်းသော အကျင့် စာရိတ္တ၏ တန်ခိုးလက်အောက်သို့ရောက်ရှိစေလျက် မိမိဇက်ကြိုးကို ကိုင် ထားလျှင်စုံစမ်းသွေးဆောင်ခြင်းအားဖြင့် အောင်မြင်ဖို့ရန် မိမိ၌အစွမ်း သတ္တိအနည်းငယ်မျှလောက်သာရှိကြောင်းကိုစာတန်သည်ကောင်းစွာသိ ရှိပေသည်။

## ခြိုးခြံချုပ်တည်းခြင်း၊ အကျင့်စာရိတ္တစုံလင်ဖို့ရန် လိုအပ်သောအရာ

မိမိတို့၏သဘောအတိုင်းမိုက်မဲခြင်း သို့မဟုတ် မိမိတို့၏ကျန်းမာရေးအတွက်ဘုရားသခင်ပေးသနားတော်မူသော စည်းကမ်းဥပဒေများနှင့်သက်ဆိုင်သောအလင်းကိုဂရုမစိုက်အမှုမထားဘဲနေခြင်းဖြင့် ပြုလုပ်နေကြသည့် မှားသော အလေ့အကျင့်များကြောင့် လူသတ္တဝါတို့၌ ကျရောက်သောရောဂါဝေဒနာအများတို့သည် ဖြစ်ပေါ်လာရကြပေသည်။ ကျွန်ုပ်တို့သည် အသက်တာ၏စည်းကမ်းဥပဒေများကို လွန်ကျူးလျက်ရှိနေသမျှကာလပတ်လုံး ဘုရားသခင်၏ဂုဏ်တော်ကို ထင်ရှားစေဖို့ရန် မတတ်နိုင်ကြချေ။ ကာမဂုဏ်၌တပ်မက်မောလျက်ရှိနေစဉ်အခါ စိတ်နှလုံးသည်ဘုရားသခင်အားဆက်ကပ်ထားသည့်အခြေအတိုင်း မတည်မြဲနိုင်ချေ။ ထိခိုက်စေတတ်သောတပ်မက်မောခြင်း၌အစဉ်လိုက်စားနေခြင်းကြောင့်ရောဂါစွဲကပ်နေသော ကိုယ်ကာယနှင့်ယိုယွင်းပျက်စီးသောဦးဏှောက်သည်ကိုယ်ခန္ဓာနှင့်ဝိညာဉ်သန့်ရှင်းခြင်းကိုမဖြစ်စေနိုင်။ ခရစ်ယာန်တို့၏အကျင့်စာရိတ္တကိုအောင်မြင်စွာစုံလင်စေဖို့ရန်အတွက်ကိုယ်ခန္ဓာနှင့်ဆိုင်သော ကျမ်းမာခြင်း စည်းကမ်းဥပဒေများသည် အရေးကြီးကြောင်းကို တမန်တော်သည်သိရှိနားလည်ပေ၏။ သူက 'သူတစ်ပါးကို ဆုံးမပြီးမှ ကိုယ်တိုင်ရှုံးသောသူမဖြစ်ရမည့်အကြောင်း ကိုယ်ကိုထိုး၍နှိပ်စက်လေ့ရှိ၏" ဟုဖော်ပြ၏။ ၁ ကော၊ ၉း၂၇။ ဝိညာဉ်ပကတိ၏အကျိုးများအကြောင်းကိုသူဖော်ပြရာတွင် ကာမဂုဏ် ချုပ်တည်းခြင်းလည်း ပါရှိ၏။ 'ခရစ်တော်နှင့်စပ်ဆိုင်သောသူတို့သည်ဇာတိပကတိကိုလည်းကောင်း၊ ဇာတိပကတိစိတ်များနှင့်အလိုဆန္ဒများကိုလည်းကောင်း၊ လက်ဝါးကပ်တိုင်မှာရိုက်ထားကြပြီ။" ဂလ၊ ၅း၂၄။ R&H. Sept. 8, 1874.

## မခြိုးခြံမချုပ်တည်းခြင်း၏အကြောင်းရင်း

မခြိုးခြံ မချုပ်တည်းခြင်း၏ မူလ အမြစ်အရင်းကို ရောက်ရှိဖို့ရန် အရက်သောက်ခြင်းသို့မဟုတ်ဆေးလိပ်၊ ဆေးရွက်သုံးဆောင်ခြင်းထက်

သာ၍ နက်စွာတူးဆွကြည့်ရမည်။ ပျင်းရိခြင်း၊ ရည်ရွယ်ချက်နှင့်ကင်းမဲ့ခြင်း၊ သို့မဟုတ် မကောင်းသော မိတ်ဆွေများနှင့် ပေါင်းဖက်ခြင်းတို့သည် ကြိုတင်၍ ဖြစ်ပေါ်လာသောအကြောင်းရင်းများ ဖြစ်ကောင်းဖြစ်တတ်ပေသည်။ ကျပ်တည်းစွာ ခြိုးခြံချုပ်တည်းခြင်း ရှိကြသည်ဟုဆိုသော အိမ်ထောင်များတွင် မိမိတို့၏ထမင်းစားပွဲပေါ်၌ပင်မကြာခဏ ၎င်းအကြောင်းရင်းကို တွေ့ရှိရတတ်ပေသည်။ အစာကြေခြင်းအလုပ်ကိုဆုတ်ယုတ်ပျက်စီးစေသော အရာတစ်စုံတစ်ခု၊ စိတ်ကိုမသင့်မလျော်သေးဘဲလှုံ့ဆော်ပေးသောအရာတစ်စုံတစ်ခု၊ သို့မဟုတ်တစ်နည်းနည်းအားဖြင့် ကိုယ်ခန္ဓာအခြေအနေတစ်ခုလုံးကို အားနည်းစေသောအရာတစ်စုံတစ်ခုသည် ဉာဏဗလနှင့်ကာယဗလတို့၏ ညီညွတ်သမသောအခြေကို နှောင့်ယှက် ဖျက်ဆီးလျက် ကိုယ်ခန္ဓာပေါ်၌ စိတ်၏စိုးမိုးခြင်းသတ္တိကို ဆုတ်လျော့နည်းပါးစေသဖြင့် မခြိုးခြံ မချုပ်တည်းခြင်းအဖြစ်သို့ ရောက်ရှိ သွားစေ တတ်လေသည်။ Ed. 202-5.

## အစားအသောက်ရွေးချယ်ခြင်း

ကိုယ်ကာယ တည်ဆောက်မြဲမြံစေခြင်းအလို့ငှါ လိုအပ်သော ဓါတ်သဘာဝများကို အကောင်းဆုံးဖြည့်စွက်ပေးနိုင်သော အစားအသောက်များကိုသာရွေးချယ်သုံးဆောင်အပ်ပေသည်။ ဤကဲ့သို့ရွေးချယ်ရာတွင်ခံတွင်း၏အလိုဆန္ဒကိုလိုက်၍ ရွေးချယ်ခြင်းသည် မသင့်လျော်ချေ။ ကျွန်ုပ်တို့၏ဖန်ဆင်းတော်မူသောအရှင်ကကျွန်ုပ်တို့အတွက်ရွေးချယ်ထားတော်မူသောအစားအသောက်တွင် ဂျုံ၊ ဆန်၊ စပါးမျိုး၊ သစ်သီးဝလံမျိုး၊ အခွံမာသောသစ်သီးမျိုးနှင့်ဟင်းသီးဟင်းရွက်မျိုးတို့ပါဝင်လေသည်။ ဤအစားအသောက်များကို သဘာဝဓမ္မအတိုင်းရိုးရိုးကလေးနှင့်ပြင်ဆင်နိုင်သမျှ ပြင်ဆင်ချက်ပြုတ်သုံးဆောင်လျှင် ကျန်းမာခြင်းနှင့် အာဟာရဖြစ်စေခြင်းအတွက် အကောင်းဆုံးဖြစ်ပေသည်။ ၎င်းနည်းအားဖြင့်သာ၍ ရှုပ်ထွေးရောပွမ်းထားပြီး များစွာလှုံ့ဆော်ပေးသော အစားအသောက်တို့အားဖြင့် မရရှိနိုင်သောခွန်အားသတ္တိ၊ ခံနိုင်ရည်သတ္တိနှင့်ဉာဏ်ထက်မြက်ခြင်းတို့ကိုချပေးလေသည်။ MH. 295-6.

## မှန်သောငြိုးငြံချုပ်တည်းခြင်း၏ပုံပမာ

မှန်သော ငြိုးငြံချုပ်တည်းခြင်းနှင့် ၎င်းအတွက်ခံစားရသော ကောင်းချီးမင်္ဂလာများအကြောင်းနှင့်သက်ဆိုင်သည့် သာ၍နားလည် လွယ်လျက် အကျိုးဖြစ်ထွန်းစေသောပုံသက်သေကို ကျွန်ုပ်တို့သည် ဗာဗုလုန်နန်းတော်တွင်ရှိ ပျိုရွယ်သူဒံယေလနှင့်သူ၏ အပေါင်းအဖေါ် များအပြင်အခြားဘယ်မှာမျှရှာ၍တွေ့နိုင်ကြလိမ့်မည်မဟုတ်။

ဘုရားသခင်သည်ဖြောင့်မတ်မှန်ကန်သောအရာကို ချီးမြှင့်တော်မူ သည်။ တိုင်းနိုင်ငံရှိသမျှတွင်ရှိ ထွန်းကားမည့်လက္ခဏာနှင့် အပြည့်အစုံ ဆုံးသောပျိုရွယ်သူတို့ကို အောင်မြင်တော်မူသော အရှင်ဘုရင်ကြီးသည် နှိမ့်ချတော်မူ၍ သူတို့ကိုဗာဗုလုန်ပြည်သို့စုရုံးစေတော်မူ၏။ သို့ရာတွင် သူတို့အပေါင်းတွင်ဖမ်းဆီးသိမ်းယူသွားခြင်းကို ခံရသောဟေဗြဲလူပျို ကလေးများသည် ပြိုင်ဖက်မရှိအောင် ထူးချွန် ထက်မြက်ကြလေသည်။ တည့်မတ်ဖြောင့်စင်းသောပုံသဏ္ဍာန်၊ ခိုင်မာတည်ကြည်ခြင်း၊ ခံနိုင်ရည် ရှိသောအရည်အချင်း၊ သွေးသားမပျက်စီးမချွတ်ယွင်းကြောင်းကိုဖေါ် ပြသည့်လှပသောမျက်နှာ၊ ကြည်လင်ထက်မြက်သော အာရုံများ၊ သန့် ရှင်းစင်ကြယ်သောခံတွင်း၊ ဤအရာအားလုံးတို့သည်ကား၊ ဓမ္မတာက မိမိ၏တရားများကို လိုက်နာစောင့်ရှောက်သောသူတို့အား ချီးမြှင့်ပေး သည့်မြင့်မြတ်ခြင်း၏ဘွဲ့တံဆိပ်များတည်းဟူသော ကောင်းသောအကျင့် ဓလေ့များအတွက်လက်မှတ်များပင်ဖြစ်ပေသည်။

ပညာသင်ကြား၍ သုံးနှစ်အဆုံးတွင်ရှင်ဘုရင်သည် သူတို့၏စွမ်း အားသတ္တိနှင့်ဆည်းပူးရရှိသော ပညာများကို စစ်ဆေးကြည့်ရှုတော်မူ သောအခါ 'ဒံယေလ၊ ဟာနနိ၊ မိရှေလ၊ အာဇရိတို့နှင့်တူသော သူတစ်ယောက်မျှမရှိ။" သူတို့၏ ထက်မြက်သော အသိအမြင်ဉာဏ်၊ အလွန်စေ့စပ်သင့်မြတ်မှန်ကန်သေချာသောစကား၊ သူတို့၏ကြီးကျယ်၍ မျိုးစုံသောအတတ်ပညာများက မဆုတ်မလျော့သော ခွန်အားသတ္တိနှင့် ထက်မြက်သောဉာဏ်သတ္တိတို့၏ အကြောင်းကိုသက်သေခံကြလေသည်။

ဒံယေလနှင့်သူ၏အပေါင်းအဖေါ်များတို့၏အတ္ထုပတ္တိကိုကာလ အဆက်ဆက်ရှိနေသော ပျိုရွယ်သူတို့၏အကျိုးအလို့ငှါ ဝိညာဉ်တော် နှိုးဆော်တိုက်တွန်းခြင်းအားဖြင့် ရေးထားသော နှုတ်ကပါဠ်တော်၏ စာမျက်နှာများပေါ်တွင် မှတ်တမ်းတင်ထားခဲ့လေပြီ။ ဘုရားသခင်၏ အမှုတော်အတွက်မဆုတ်မလျော့သော မိမိတို့၏ခွန်အားကိုစောင့်ထိန်း လိုသောသူတို့သည် မိမိခံစားရရှိသော ဆုကျေးဇူးရှိသမျှကို အသုံးပြုရာ တွင်ကျပ်တည်းစွာ ချုပ်တည်းခြိုးခြံရမည့်အပြင် ပျက်စီးနစ်နာစေသော သို့မဟုတ် ယုတ်ညံ့ရှုတ်ချစေသော အလိုဆန္ဒသဘောကို လိုက်စားခြင်း ရှိသမျှမှလုံးလုံးရှောင်ကြဉ်ကင်းရှင်းရမည်။ Historical Sketches of S. D. A for Missions 209-10.

## ဘဏ္ဍာဥစ္စာများတည်းဟူသောဆုကျေးဇူး

ဘုရားသခင်အတွက် ဆယ်ဖို့တစ်ဖို့နှင့် အလှူငွေများပေးလှူခြင်း သည်ဖန်ဆင်းတော်မူခြင်းအားဖြင့် ကျွန်ုပ်တို့ထံမှဘုရားသခင်တောင်းယူ ပိုင်ခွင့်ရှိကြောင်းဝန်ခံခြင်းဖြစ်ပေသည်။ ၎င်းပြင်၎င်းတို့သည် ရွေးနုတ် တော်မူခြင်းအားဖြင့် ဘုရားသခင်တောင်းယူပိုင်ခွင့်ရှိကြောင်းကိုလည်း ဝန်ခံခြင်းဖြစ်ပေသည်။ ကျွန်ုပ်တို့၏ခွန်အားသတ္တိရှိသမျှသည် သခင် ခရစ်တော်ထံမှအစပြု၍ လာကြသည့်အတွက်ကြောင့် ဤအလှူငွေများ သည်လည်း ကျွန်ုပ်တို့ထံမှဘုရားသခင်ထံတော်သို့စီးထွက်သွားရကြမည်၊ ၎င်းတို့သည် ကျွန်ုပ်တို့တာဝန်ဝတ္တရားအပေါင်းတို့တွင် အကြီးကျယ်ဆုံး ဖြစ်၍ အခြားသောအရာရှိသမျှတို့ပါဝင်သော တာဝန်တစ်ခုဖြစ်သည့် ရွေးနုတ်ခြင်းနှင့်သက်ဆိုင်သောတာဝန်ဝတ္တရားကြီးအကြောင်းကိုအစဉ် သတိရစေဖို့ရန်ဖြစ်သည်။ ကျွန်ုပ်တို့အတွက် ပူဇော်တော်မူခြင်းသည် အမှန်ဖြစ်ကြောင်းကို ကျွန်ုပ်တို့၏စိတ်ထဲ၌ အစဉ်အမြဲမှတ်ယူခြင်းသည် ကျွန်ုပ်တို့၏အထင်အမြင်အကြံအစည်တို့အပေါ်တွင် အမြဲလိုပင်ဩဇာ ညောင်းစေရမည်။ သခင်ခရစ်တော်သည် ဧကန်အမှန်ကျွန်ုပ်တို့တွင် လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းခံရသောပုဂ္ဂိုလ်တစ်ဦးကဲ့သို့ဖြစ်ရမည်။ 6T 479.

## ပူဇော်တော်မူခြင်းတွင် စီမံချက်ချထားတော်မူသောအကြံတော်

ကယ်တင်ခြင်းအကြံအစည်၏တိုက်မြစ်ကို ပူဇော်တော်မူခြင်းတွင် ချတည်ထားတော်မူ၏။ သခင်ယေရှုသည် ကောင်းကင်နန်းတော်မှ ထွက်ကြွလာတော်မူ၍ ဆင်းရဲတော်မူခြင်းအားဖြင့် ကျွန်ုပ်တို့သည် စည်းစိမ်ရှိခြင်းငှါ ဆင်းရဲခြင်းကိုခံတော်မူ၏။ ဘုရားသခင်၏သားတော် ကိုယ်တော်တိုင် အလွန်ကြီးကျယ်သော ပူဇော်တော်မူခြင်းအားဖြင့် မိမိတို့အတွက် ဝယ်ယူတော်မူသောကယ်တင်ခြင်းကို ဆက်ဆံရရှိသော သူအပေါင်းတို့သည် မှန်ကန်သောပုံစံတော်၏ ပုံသက်သေကို လိုက် လျှောက်ကြလိမ့်မည်။ သခင်ခရစ်တော်သည်တိုက်ထောင့်အမြစ်ကျောက် ဖြစ်၍ ကျွန်ုပ်တို့သည် ဤတိုက်မြစ်အပေါ်၌ ထပ်ဆင့်တည်ဆောက်ရကြ မည်။ အသီးသီးတို့၌ မိမိကိုယ်ကိုငြင်းပယ်၍ ကိုယ်ကိုပူဇော်ခြင်းသဘော မျိုး ရှိရကြမည်။ မြေကြီးပေါ်၌ရှိနေတော်မူစဉ်သခင်ခရစ်တော်၏အသက် တာသည် ကိုယ်ကျိုးကိုမရှာသောအသက်တာမျိုးဖြစ်၍ ၎င်းသည် နှိမ့်ချ ခြင်းနှင့်ပူဇော်ခြင်းတို့ဖြင့်ထင်ရှားခဲ့လေ၏။ ထိုကြောင့်သခင်ခရစ်တော် သည်မိမိတို့ထံသို့ ကောင်းကင်မှ ယူဆောင်လာတော်မူသည့် ကြီးမြတ် သောကယ်တင်ခြင်းကိုဆက်ဆံရရှိကြသောလူများတို့သည်မိမိတို့၏သခင် ဘုရားနောက်တော်သို့လိုက်ရန်နှင့်ကိုယ်တော်၏ကိုယ်ကိုငြင်းပယ်တော်မူ ခြင်းနှင့်ပူဇော်တော်မူခြင်းအမှုတွင် ဆက်ဆံပါဝင်ရန်ငြင်းပယ်ရကြမည် လော့။ သခင်ခရစ်တော်က 'ငါသည်စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များဖြစ်ကြ၏။ ငါ၌အသီးမသီးသော အခက်ရှိသမျှတို့ကိုခုတ်ပစ် တော်မူ၏။ အသီးသီးသော အခက်ရှိသမျှတို့ကို သာ၍သီးစေခြင်းငှါ သုတ်သင်ရှင်းလင်းတော်မူ၏" ဟုမိန့်တော်မူပါသည်။ ယော၊ ၁၅း ၅၊ ၂။ အခက်များတို့သည် သန်မာတိုးပွား၍အသီးသီးမည်အကြောင်း စပျစ်နွယ်ပင် တစ်လျှောက်လုံးတွင် ပျံ့နှံ့သွားသည့် အသက်ရှင်ဖို့အရေး ကြီးသောအရာတည်းဟူသော သစ်စေးသည် အခက်အလက်များကိုအာ ဟာရဖြစ်စေလေသည်။ ကျွန်သည်သခင်ထက် သာ၍ကြီးမြတ်သလော။ လောက၏ ကယ်တင်ရှင်သည် ကိုယ်ကိုငြင်းပယ်တော်မူခြင်းနှင့် ပူဇော်

တော်မူခြင်းအမှုတို့ကို ပြုကျင့်တော်မူခဲ့ပါလျက် သခင်ခရစ်တော်၏အင်္ဂါတော်များသည် ကိုယ်အလိုဆန္ဒ၌ တပ်မက်မောခြင်းအမှုတို့ကိုပြုကျင့်နေရကြပါမည်လော။ ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်းသည်တပည့်တော်ဖြစ်ဖို့ရန်လိုအပ်သောအခြေခံဖြစ်ပေသည်။

## ခရစ်တော်၏အလုပ်တပည့်တော်တို့အားအပ်ထားခြင်း

မိမိကိုယ်တော်တိုင်လုပ်ဆောင်ရန် ကြွလာတော်မူသည်ဟု သခင်ယေရှု ကြော်ငြာထားတော်မူသောအလုပ်ကြီးကို မြေကြီးပေါ်၌ရှိသော မိမိ၏တပည့်တော်များအား အပ်ထားတော်မူသည်။ သခင်ခရစ်တော်သည်ကျွန်ုပ်တို့၏ဦးခေါင်းတော်အဖြစ်နှင့်ကယ်တင်ခြင်း အလုပ်ကြီးတွင် ရှေ့ဆောင်လမ်းပြတော်မူ၍ ကျွန်ုပ်တို့အား မိမိ၏ပုံသက်သေကို လိုက်လျှောက်ရန် ဖိတ်မန္တကပြုတော်မူသည်။ ကိုယ်တော်သည်ကျွန်ုပ်တို့အား တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သော သတင်းစကားကို ပေးတော်မူ၏။ ဤသမ္မာတရားသည် အသီးသီးဘာသာစကားကိုပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့ထံသို့နှံ့ပြားသွားရမည်။ စာတန်၏တန်ခိုးကိုခုခံတိုက်လှန်ရကြမည်၊ ၎င်းအပြင်သခင်ခရစ်တော်နှင့် ကိုယ်တော်၏တပည့်တော်များသည်လည်း သူတို့ကိုအောင်မြင် နိုင်နင်းရကြမည်။ မှောင်မိုက်၏တန်ခိုးများတစ်ဖက်မှနေလျက် ကြီးကျယ်သောစစ်ပွဲကို တိုက်ခိုက်မြဲတိုက်ခိုက်ရကြမည်။ ထို့ကြောင့် ဤအမှုကို အောင်မြင်စွာနှင့်လုပ်ဆောင်နိုင်မည်အကြောင်း ဘဏ္ဍာဥစ္စာများကိုလိုပေသည်။ ဘုရားသခင်သည် ဘဏ္ဍာဥစ္စာများကို ကောင်းကင်မှ တိုက်ရိုက်ချပေးတော်မမူဘဲ မိမိ၏တပည့်တော်များလက်ထဲသို့ စစ်မှုကို တိုက်ခိုက်မြဲ တိုက်ခိုက်ရာအရေးအတွက် အသုံးပြုဖို့ရန် ဥစ္စာဘဏ္ဍာများကို စုဆောင်းနိုင်သောသတ္တိစွမ်းအားကို ချပေးသနားတော်မူသည်။

ကိုယ်တော်သည် မိမိ၏လူများတို့အား မိမိတို့ကြံစည်ပြုလုပ်သောအမှုကို မိမိတို့ကိုယ်တိုင် ထောက်ပံ့နိုင်လောက်အောင် ငွေများကို လုံလောက်စွာ ကောက်ခံစုဆောင်းဖို့ အကြံအစည်တစ်ခုကိုပေးထား

တော်မူပြီး ဆယ်ဖို့တစ်ဖို့ပေးလှူခြင်းအမှုတွင် ဘုရားသင်၏ အကြံအစည်တော်သည် ရိုးရိုးနှင့် ညီညွတ်သမသောအရာဖြစ်၍နှစ်သက်ဖွယ်ဖြစ်ပေသည်။ ဤအမှုသည်အစပြုတည်ဆောက်ရာတွင်ဘုရားနှင့်သက်ဆိုင်သည့်အတွက် ခပ်သိမ်းသောသူတို့သည် ဤအရာကို သစ္စာနှင့်လည်းကောင်း၊ စွမ်းရည်သတ္တိနှင့်လည်းကောင်း စောင့်ရှောက်သင့်ပေသည်။

ရှိရှိသမျှသောသူတို့သည် ဤအချက်ကိုသဘောတူ ဝန်ခံကြလျှင်အသီးသီးတို့သည် ဘုရားသခင်အတွက် ပညာသတိရှိ၍ သစ္စာရှိသောဘဏ္ဍာစိုးများဖြစ်လာရကြလိမ့်မည်။ ၎င်းပြင် လောကအား သတိပေးလျက်ရှိသော နောက်ဆုံးသတင်းစကားကို ကြွေးကြော်ခြင်းအလုပ်ကြီးကို ရှေ့သို့တိုးတက် ဆောင်ရွက်ဖို့ရန်အတွက် ဥစ္စာဘဏ္ဍာ ယုတ်လျော့လိုလေသေးရှိတော့မည်မဟုတ်။ ခပ်သိမ်းသောသူတို့သည် ဤအစီအမံကိုသဘောတူဝန်ခံကြလျှင် ဘဏ္ဍာတော်တိုက်သည် အမြဲပြည့်လျက်ရှိ၍ပေးလှူကြသောသူတို့သည်လည်း ဆင်းရဲသွားလောက်အောင် စွန့်ပစ်ထားခြင်းခံရကြလိမ့်မည်မဟုတ်။

## ကျွန်ုပ်တို့၏ကောင်းကျိုးအဖို့

ဘုရားသခင်သည် မိမိ၏အမှုတော်ကို ထောက်ပံ့စေဖို့ရန်အတွက်လူတို့ကိုမှီခိုအားကိုးတော်မမူ။ မိမိ၏ဘဏ္ဍာတော်ကိုဖြည့်စေဖို့ရန် ဥစ္စာဘဏ္ဍာများကို ကောင်းကင်မှ တိုက်ရိုက် ချပေးတော်မူခြင်းသည် လူအတွက် အကောင်းဆုံးသော အရာတစ်ခုဖြစ်သည်ဟုဆိုရလျှင် ကြည့်ရှုစီမံတတ်တော်မူသောအရှင်သည်ထိုနည်းတူပြုတော်မူနိုင်၏။ လောကထဲသို့သမ္မာတရားကို ကြွေးကြော်စေရန်လူတို့ကိုအသုံးမပြုဘဲ ကောင်းကင်တမန်များကိုစေလွှတ်ဖို့အကြံအစည်များကိုစီမံကောင်းစီမံနိုင်၏။ ဘုရားသခင်သည်ကောင်းကင်များပေါ်တွင် သမ္မာတရားကိုရေးထားကောင်းရေးထားတော်မူ၍ထိုနည်းအားဖြင့် မိမိအလိုရှိတော်မူသောအချက်များကိုအမြဲတည်လျက်ရှိသော အက္ခရာများတွင် လောကအားထင်ရှားစွာဖေါ်ပြနိုင်တော်မူ၏။ ဘုရားသခင်သည် လူတစ်စုံတစ်ယောက်၏ရွှေငွေကိုအားကိုးအားထား ပြုတော်မမူ။ 'တောတိရစ္ဆာန် ရှိသမျှတို့နှင့်

တစ်ထောင်သော တောင်ပေါ်မှာရှိသောတိရစ္ဆာန်တို့သည် ငါ၏ဥစ္စာဖြစ်၏။ . . . . ငါသည်ငတ်မွတ်လျှင် သင့်ကိုမပြော။ လောကဓါတ်နှင့် လောကဥစ္စာသည် ငါ၏ဥစ္စာဖြစ်၏" ဟုဘုရားသခင်ကမိန့်တော်မူ၏။ ဆာ၊ ၅၀း၁၀၊ ၁၂။ ဘုရားသခင်၏အမှုတော် တိုးတက်ကြီးပွားရေးတွင် ဘယ်အမှုမျိုးမဆိုကျွန်ုပ်တို့ပါဝင်ရွက်ဆောင်စေဖို့ရန်လိုလျှင်ဘုရားသခင်သည် ကျွန်ုပ်တို့၏ ကောင်းကျိုးအလို့ငှါ ကြိုတင်စီမံကြံစည်တော်မူပြီ။ ဘုရားသခင်သည် ကျွန်ုပ်တို့အား မိမိနှင့်အတူ အမှုတော်ဆောင်ဖက်အဖြစ်နှင့်ခန့်ထားတော်မူခြင်းအားဖြင့် ကျွန်ုပ်တို့ကိုချီးမြှောက်တော်မူပြီ။ လူတို့သည် မိမိတို့၏ကောင်းမှုကုသိုလ်များကိုလေ့ကျင့်ပြုလုပ်နိုင်ကြမည်အကြောင်း လူတို့ဝိုင်းဝန်းကူညီ ဆောင်ရွက်အပ်သော အမှုတစ်ခုရှိအပ်သည်ဟု ဘုရားသခင်စီမံထားတော်မူ၏။

အတိုင်းမသိများစွာသော စည်းစိမ်ဥစ္စာနှင့်ကြွယ်ဝတော်မူသော်လည်း ကျွန်ုပ်တို့အတွက် ဆင်းရဲတော်မူသော ကိုယ်တော်၏ပုံသဏ္ဍာန်တော်နှင့် ခရစ်ယာန်တို့သည် တူညီကြမည်အကြောင်း ခရစ်ယာန်ယောကျ်ားနှင့်မိန်းမတို့အား မိမိတို့၏ဥစ္စာဘဏ္ဍာများနှင့်မိမိတို့၏ပြုပြင်တတ်သောတန်ခိုးကိုပေးစေဖို့ရန်အသီးသီးကြိုးစားအားထုတ်စေဖို့ ပျက်စီးယိုယွင်းနေသော လောကကြီး၏မှောင်မိုက်အကျင့်ဆိုးက တောင်းပန်ပါသည်။ 3T. 387-91.

ဘယ်နေရာ၌မဆိုအလုပ်အကိုင်သည် ခိုင်ခံ့သောတိုက်မြစ်ပေါ်၌ တည်ဆောက်လျက်ရှိနေခဲ့ပါမူ မိမိတို့နေရပ်ဌာနေ၌ရှိသော အလုပ်အတွက် လွန်ခဲ့သောနှစ်များက စုဆောင်းလာခဲ့သောဥစ္စာဘဏ္ဍာအားလုံး သို့မဟုတ် အချို့တစ်ဝက်ကိုများစွာပင် အနှစ်အနာခံလျက်ပြောင်းလွှဲပေးခြင်းဖြင့် မစခြင်းလိုသောသူတို့အား ကူညီဖေးမရန် မိမိတို့၌ တာဝန်ရှိကြောင်းကို ယုံကြည်သောသူတို့သည် သိရှိနားလည်ရကြမည်။ ထာဝရဘုရားက မိမိ၏အမှုတော်သည် တိုးတက်ကြီးပွားရမည်ဟုစီမံခဲ့ခန့်ထားတော်မူသည်။ ဤအမှုသည် မှန်ကန်သောနည်းလမ်းအတိုင်း ပြန်လွှဲခြင်းဥပဒေစည်းကမ်းဖြစ်ပေသည်။ 7T. 170.

ကျေးဇူးတင်တတ်သော ချစ်ခြင်းမေတ္တာက တိုက်တွန်းအားပေးခြင်းဖြင့် လုံးလုံးသစ္စာစောင့်ခြင်းနှင့် ကုသိုလ်ကောင်းမှုပြုခြင်းအမှုသည် စေတနာနှင့်ဆက်ကပ်ပူဇော်ခြင်းဖြစ်သောအနည်းငယ်မျှလောက်သော အလှူဒါနကို ဘုရားသခင်၏အမွေးအကြိုင်တစ်ခုဖြစ်စေလျက် ပေးကမ်းသောအလှူကို အတိုင်းမသိများစွာ အဖိုးထိုက်တန်သောအရာ ဖြစ်စေလိမ့်မည်။ 3T 397.

သခင်ခရစ်တော်ကို ချစ်သောမေတ္တာအားဖြင့် ပေးကမ်းစွန့်ကြဲသောဆင်းရဲသားတို့၏ အလှူဒါနများကို သန့်ရှင်းရာဌာနကရှိ ချိန်ခွင်နှင့် ၎င်းတို့၏အနည်းအများပမာဏကိုမချင့်ချိန်ဘဲ ဆက်ကပ်ပူဇော်စေဖို့ရန် တိုက်တွန်းနှိုးဆော်တတ်သော မေတ္တာအတိုင်းချင့်ချိန်တော်မူလိမ့်မည်။ 3T. 398-9.

---*---

အခန်း ၇

# နောက်ဆုံး၌ကျန်ကြွင်းသောအသင်းတော်၏ အောင်မြင်ခြင်း

## ဘုရားသခင်အပ်နှံထားသောအရာတစ်ခု

လောကတွင် အလင်းတစ်ခုဖြစ်စေခြင်းငှါဘုရားသခင်သည် ရှေးက္ကသရေလလူတို့ကို ခေါ်တော်မူသည်နည်းတူ ယခုလည်းမိမိ၏အသင်းတော်ကို ခေါ်တော်မူပြီ။ သမ္မာတရား၏ကြီးစွာသောသားလှီးဓါးတည်းဟူသော ပထမ၊ ဒုတိယနှင့် တတိယကောင်းကင်တမန်များ၏သတင်းစကားများအားဖြင့် ဘုရားသခင်သည် သူတို့ကိုဘုရားတရားရေးနှင့်ပတ်သက်၍ မိမိကိုယ်တော်တိုင်းနှင့်နီးကပ်စွာ ရှိစေခြင်းငှါ သူတို့အားအခြားသောအသင်းများမှလည်းကောင်း၊ လောကထဲမှလည်းကောင်း ခွဲခြားထားတော်မူလေပြီ။ ဘုရားသခင်သည် သူတို့အား မိမိ၏တရားတော်ကိုထိန်းသိမ်းစောင့်ရှောက်သူအဖြစ်နှင့် ခန့်ထားတော်မူ၏။ ၎င်းပြင် ဤခေတ်ကာလအတွက် အနာဂတ်စကားနှင့်သက်ဆိုင်သည့် ကြီးမြတ်သောသမ္မာတရားကိုသူတို့အားအပ်ထားတော်မူပြီ။ ရှေးက္ကသရေလလူတို့အားအပ်နှံထားသည့် သန့်ရှင်းသောဗျာဒိတ်တော်များကဲ့သို့ ဤအရာတို့သည်လောကအား ဝေငှပေးကမ်းစေဖို့ရန် ဘုရားသခင်အပ်နှံထားတော်မူသောအရာတစ်ခုဖြစ်ပေသည်။

ဗျာဒိတ်ကျမ်းအခန်းကြီး ၁၄ ၏ကောင်းကင်တမန်တို့သည်ကားဘုရားသခင်သတင်းစကား၏အလင်းကို ခံယူရရှိလျက် မြေကြီးတစ်ဝန်းလုံးသို့သတိပေးနှိုးဆော်ရန် ဘုရားသခင်၏ကိုယ်စားတော်များအဖြစ်နှင့်ထွက်သွားကြသောလူသားတို့ကို ပုံဆောင်သည်။ သခင်ခရစ်တော်က မိမိ၏တပည့်တော်များအား 'သင်တို့သည်ဤလောက၏အလင်းဖြစ်ကြ၏။" (မ၊ ၅း၁၄။) ဟုမိန့်တော်မူ၏။ သခင်ယေရှုကိုလက်ခံသော ဝိညာဉ်တိုင်းတို့အား ကရာနီကုန်းပေါ်ရှိ လက်ဝါးကပ်တိုင်တော်က

'ဝိညာဉ်တို့၏အဖိုးထိုက်တန်ခြင်းကို ဆင်ခြင်ကြည့်ကြလော့။ သင်တို့သည်လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့" ဟုပြောဆိုလျက်နေ၏။ (မာ၊ ၁၆း၁၅။) ဤအမှုတော်ကိုအဘယ်အရာကမျှတားဆီးနှောင့်ယှက်ခြင်းမပြုစေရ။ ၎င်းသည်ခေတ်ကာလအလိုက်အလုံးစုံ အရေးကြီးသောအမှု ဖြစ်ပေသည်။ ၎င်းသည် ထာဝရကာလတိုင်အောင် အနံ့အပြားဆက်လက်ရောက်ရှိသွားရမည့်အမှုဖြစ်ပေသည်။ 5T. 45 5-6.

## အသင်းတော်အဖို့ကတိတော်များ

သခင်ခရစ်တော်၏ အသင်းတော်သည် သမ္မာတရားကိုကြွေးကြော်ဖို့ရန်အတွက်ဘုရားသခင်၏ကိုယ်စားတော်ဖြစ်သည်။ ဘုရားသခင်သည် ၎င်းအား ထူးခြားသောအမှုတော်ကို ဆောင်ရွက်စေရန်တန်ခိုးတော်ကိုအသင်းတော်အပေါ်၌ ချပေးတော်မူသည်။ ၎င်းပြင် ဤအသင်းတော်သည် ဘုရားသခင်ဘက်၌သစ္စာရှိ၍ ဘုရားသခင်၏ပညတ်တော်များကိုလိုက်နာစောင့်ရှောက်လျှင်ဘုရားသခင်၏မြင့်မြတ်ကြီးကျယ်သောတန်ခိုးတော်သည် ၎င်းအထဲ၌ ကိန်းအောင်း နေတော်မူလိမ့်မည်။ အသင်းတော်သည် ဣသရေလလူတို့၏ထာဝရဘုရားသခင်ကိုချီးမြှောက်လျှင် ၎င်းကိုခုခံတိုက်ခိုက်နိုင်သော အခြားတန်ခိုး တစ်စုံတစ်ခုမျှရှိလိမ့်မည်မဟုတ်။ ၎င်းသည် ဘုရားသခင်၏သစ္စာတော်ကိုမှန်ကန်စွာစောင့်ထိန်းလျှင် ရန်သူ၏အင်အားသတ္တိများသည် အသင်းတော်ကို နိုင်နင်းဖို့ရန် လေပွေကိုမခံမရပ်နိုင်သောဖွဲလောက်မျှ တတ်စွမ်းနိုင်တော့မည်မဟုတ်။

အသင်းတော်သည် လောက၏သစ္စာကို မခံမယူဘဲ သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံကိုယူတင်ဝတ်ဆောင်လျှင် ၎င်း၏ရှေ့တွင်ထွန်းတောက်လျက် ဘုန်းတော်နှင့်ပြည့်ဝသော နေ့ရက်ကာလ၏အရုဏ်အလင်းသည် ထင်ရှားလာလိမ့်မည်။

အသင်းဝင်သူများတို့သည် ယခုအခါ မိမိတို့၏ဖေါက်ပြန်တတ်သောအကျင့်ဓလေ့များကိုဖေါ်ပြဝန်ချ၍ အတူတကွစုရုံးလာဖို့သင့်ကြပြီ။

ညီအစ်ကိုမောင်နှမများတို့၊ သင်တို့အချင်းချင်းတို့ကိုလည်းကောင်း၊ သင်တို့နှင့် ဘုရားသခင်ကိုလည်းကောင်း ခွဲခွာပိုင်းခြားထားစေဖို့ မည်သည့်အရာတစ်စုံတစ်ခုကိုမျှ သင်တို့အထဲ၌ ရောက်ရှိလာစေရန်အခွင့်မပေးကြပါနှင့်။ အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် စိတ်သဘောကွဲလွဲစရာအကြောင်းများကိုမပြောဆိုဘဲ သခင်ယေရှု၌ရှိသကဲ့သို့သမ္မာတရားကိုချစ်ခင်နှစ်သက်သောသဘောနှင့်သွေးစည်းကြလော့။ ဘုရားသခင်၏ရှေ့တော်၌ခစားကြလော့။ ၎င်းပြင်ဒုစရိုက်ကို ခုခံတိုက်ခိုက်ရာတွင် မစကူညီခြင်းကို သင်သည်အဘယ်ကြောင့်ရရှိထိုက်သည်ကို အကြောင်းပြစရာကဲ့သို့ ကယ်တင်ရှင်၏သွန်းတော်မူသောအသွေးတော်ကို တောင်းလျှောက်လော့။ သင်သည် အကျိုးမဲ့တောင်းလျှောက် ရလိမ့်မည်မဟုတ်။ သင်သည် ကြေကွဲသောစိတ်နှလုံးနှင့်လည်းကောင်း၊ လုံးလုံးယုံကြည်အားထားခြင်းနှင့်လည်းကောင်း ဘုရားသခင်ထံတော်နားသို့ချဉ်းကပ်သောအခါ သင့်ကိုဖျက်ဆီးစေခြင်းငှါ ရှာကြံသောသူတို့သည် ဆုံးရှုံးသွားလိမ့်မည်။

ထာဝရဘုရားထံတော်သို့ ပြန်လာကြလော့။ အချုပ်ခံ၍ မျှော်လင့်သောသူတို့၊ အသက်ရှင်တော်မူသောဘုရား တည်းဟူသောဘုရားသခင်ထံတော်မှ ခွန်အားသတ္တိကို တောင်းလျှောက်ကြလော့။ ဘုရားသခင်၏တန်ခိုးတော်နှင့်ကယ်တင်ဖို့ရန် အလိုတော်၌မယိမ်းမယိုင်တည်ကြည်စွာ ရိုးရိုးယုံကြည်ကြောင်းကို ပြကြလော့၊ အသက်ရှင်လျက်ရှိသောကယ်တင်ခြင်းစမ်းရေသည် သခင်ခရစ်တော်ထံမှ စီးဆင်းလျက်ရှိသည်။ ကိုယ်တော်သည် စွမ်းအားတန်ခိုးအပေါင်းတို့အစပြုတော်မူရာအရှင်၊ အသက်စမ်းရေတွင်း ဖြစ်တော်မူသည်။ အကျွန်ုပ်တို့သည်ယုံကြည်ခြင်းနှင့်ကိုယ်တော်၏ခွန်အား သတ္တိကိုမြဲစွာ ခံယူရရှိသောအခါမျှော်လင့်ခြင်း အကင်းမဲ့ဆုံးဖြစ်၍ အလွန်အားနည်းစိတ်ပျက်နေသောလက္ခဏာပုံပန်းကိုပင် အံ့သြဖွယ်ကောင်းလောက်အောင် ပြောင်းလဲစေတော်မူလိမ့်မည်။ ကိုယ်တော်သည် မိမိနာမတော်၏ဘုန်းတော်အတွက် ဤအမှုကို ပြုတော်မူလိမ့်မည်။

ဘုရားသခင်သည် မိမိကိုယုံကြည်၍ မိမိ၌သစ္စာရှိသော မိမိ၏လူများတို့ကို မယုံကြည်ဘဲနေလျက် မျှော်လင့်ရာမဲ့ဖြစ်နေသောသူတို့အား ရဲစွမ်းသတ္တိနှင့် ပြည့်စုံသောအရာများအကြောင်းကို ကြားပြောစေရန် ခေါ်တော်မူသည်။ ကျွန်ုပ်တို့သည် အချင်းချင်း တစ်ယောက်ကို တစ်ယောက်ဝိုင်းဝန်းကူညီမစလျက် ဘုရားသခင်အားအသက်ရှင်သော ယုံကြည်ခြင်းအားဖြင့် စုံစမ်းနိုင်ကြရန် ထာဝရဘုရားသည် ကျွန်ုပ်တို့အား မစကူညီတော်မူပါစေသော။ T. 11-2.

## ဘုရားသခင်၏ဝိညာဉ်ဗိမာန်တော်

ရဟူဒီတို့၏ဗိမာန်တော်ကိုတောင်များမှတူးဖော်၍ ခုတ်ဖြတ်ထားသောကျောက်များနှင့်ဆောက်လုပ်ထား၏။ ၎င်းပြင်ကျောက်တုံးတိုင်းတို့သည်ယေရှုရှင်လင်မြို့သို့ယူဆောင်မလာမီဗိမာန်တော်တွင်၎င်းတို့၏နေရာနှင့်ကိုက်ညီနေအောင် တော်လျော်မည်အကြောင်း ခုတ်ဖြတ်ပွတ်တိုက်ပြီးစမ်းသပ်စစ်ဆေး ကြည့်ရှုခြင်းကို ခံရကြပေသည်။ ထိုနောက် ၎င်းတို့အားလုံးကို တည်ဆောက်မည့်နေရာသို့ ဆောင်ယူလာပြီးသောအခါ အဆောက်အအုံကြီးကိုတူသံ၊ ပေတံမျှမကြားဘဲ အတူတကွညီညီညွတ်ညွတ်ဆောက်လုပ်ကြလေသည်။ ဤအဆောက်အအုံသည်ကား ဘုရားသခင်၏ဝိညာဉ် ဗိမာန်တော်တွင် ပါရှိသော အရာဝတ္ထုများကား အယုတ်အမြတ်၊ သူဌေး၊ ဆင်းရဲသား၊ ပညာတတ်၊ ပညာမဲ့၊ လူအစားစား၊ ဘာသာစကားအသီးသီးကို ပြောဆိုကြသောလူအမျိုးမျိုးတို့အထဲမှ စုံဆောင်းယူဆောင်လာသော အရာဝတ္ထုများဖြစ်ပေသည်။ ၎င်းတို့သည် တူနှင့်ဆောက်တို့အားဖြင့် တော်လျော်အောင် ပုံထွင်းဖို့ရန် သေနေသော အရာဝတ္ထုများမဟုတ်။ ၎င်းတို့သည် သမ္မာတရားအားဖြင့် လောကထဲမှ တူးဖော်ဆောင်ယူလာသည့် အသက်ရှင်သခင်ကြီးများဖြစ်ကြပေသည်။ ၎င်းပြင် ဆောက်လုပ်တော်မူသောအရှင်သခင်ကြီးဖြစ်သူ ဗိမာန်တော်၏အရှင်သခင် ထာဝရဘုရားသည် ၎င်းတို့ကို ယခု ခုတ်ဖြတ်၍ ပွတ်တိုက်လျက် ဝိညာဉ်ဗိမာန်တော်တွင် မိမိတို့နှင့် ဆိုင်ရာနေရာအသီးသီးတွင် တော်မတော် စမ်းသပ်နေတော်မူသည်။ တည်

ဆောက်ပြီးသောအခါ ဤဗိမာန်တော်သည် ကောင်းကင်တမန်နှင့် လူများတို့၏အံ့သြစရာဖြစ်၍ ၎င်း၏အစိတ်အပိုင်းအားလုံးတို့သည် လုံးလုံးစုံလင်သင့်လျော်လျက် ရှိလိမ့်မည်။ အကြောင်းမူကား ၎င်းကိုတည်ဆောက်ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း။

မိမိ၏အပေါ်၌ ထုရိုက်စရာနေရာတစ်ခုမျှမရှိဟု မည်သူမျှမထင်ပါနှင့်။ မည်သည့်လူတစ်စုံတစ်ယောက်၊ မည်သည့်လူမျိုးမျှ အကျင့်ဓလေ့နှင့်အကြံအစည်တိုင်းတို့တွင်စုံလင်ခြင်းမရှိချေ။ တစ်ဦးသည်တစ်ဦးထံမှ သင်ကြားနာခံရမည်။ ထို့ကြောင့် ဘုရားသခင်သည် တရားစီရင်တော်မူခြင်းနှင့် အကြံအစည်တော်တွင် တစ်လုံးတစ်ဝတည်း ရှိစေရန်ခြားနားသောလူအမျိုးမျိုးတို့ကိုအတူတကွနေစေခြင်းငှါ အလိုရှိတော်မူ၏။ ထိုအခါသခင်ခရစ်တော်၌ရှိသော တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၏ပုံသက်သေကိုထင်ရှားစေလိမ့်မည်။ 9T 180-1.

## စုံလင်သောစည်းလုံးညီညွတ်ခြင်း

ကောင်းကင်တမန်များတို့သည် စည်းလုံးညီညွတ်စွာဖြင့် အမှုဆောင်ရွက်ကြသည်။ သူတို့၏အပြုအမူ အသွားအလာရှိသမျှတို့သည်စုံလင်စွာ နေရာတကျ စီစဉ်ထားလျက်ရှိကြောင်းကို ထင်ရှားစေသည်။ ကျွန်ုပ်တို့သည် ကောင်းကင်တမန်ဗိုလ်ခြေတို့၏စည်းလုံးညီညွတ်ခြင်းနှင့်နေရာတကျ စီစဉ်ထားခြင်းတို့ကိုသာ၍သေချာစွာတုပလေလေ၊ ကျွန်ုပ်တို့အတွက် ဤကောင်းကင်ကိုယ်စားလှယ်များ၏ ကြိုးပမ်းအားထုတ်မှုတို့သည် သာ၍အောင်မြင်လေလေဖြစ်သည်။ ကျွန်ုပ်တို့သည် စည်းလုံးညီညွတ်စွာ ပြုလုပ်ခြင်းအမှုကိုအလိုမရှိ၊ နည်းနာနိဿရည်းမရှိ၊ မိမိတို့ဆက်လက်ပြုလုပ်အပ်သောအလုပ်တွင် အဖွဲ့အစည်းမရှိ၊ မရိုးဖရဲဖြစ်နေခဲ့ပါမူ အသေအချာဖွဲ့စည်းထားကြ၍ အစီအစဉ်တို့တွင် စုံလင်စွာ နေရာတကျပြုမူလှုပ်ရှားတတ်ကြသောကောင်းကင်တမန်များတို့သည် ကျွန်ုပ်တို့အတွက် အောင်မြင်စွာ အမှုမဆောင်ရွက်နိုင်ကြတော့ချေ။ သူတို့သည်ရှုပ်ထွေးခြင်း၊ ဖရိုဖရဲဖြစ်ခြင်း၊ နှောင့်ယှက်ခြင်းနှင့်အဖွဲ့အစည်းမရှိခြင်း

တို့ကို ကောင်းချီးပေးဖို့ရန် အခွင့်အာဏာကို မရရှိကြသောကြောင့် သူတို့သည် စိတ်ပျက်ဝမ်းနည်းခြင်းနှင့် လွဲဖယ်သွားကြ လေသည်။ ကောင်းကင်စေတမန်များ၏ ကူညီဖေးမခြင်းကို အလိုရှိကြသောသူ အပေါင်းတို့သည် သူတို့နှင့်အတူ စည်းလုံးညီညွတ်စွာ အမှုတော်ဆောင် ရွက်ရကြမည်။ Chr. Ex. and T 199.

## သခင်ခရစ်တော်၏ပတ္ထနာတော်ကိုပြည့်စုံစေခြင်း

သခင်ခရစ်တော်သည် လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းကိုခံတော် မမူမီ အချိန်အနည်းငယ်အတွင်းတွင် တောင်းလျှောက်တော်မူသော ဆုပတ္ထနာတော်ကား၊ ခမည်းတော်သည် ကိုယ်တော်ကိုစေလွှတ်တော် မူသည်ကို လောကီသားတို့သည် ယုံကြည်မည်အကြောင်း ကိုယ်တော် သည် ခမည်းတော်နှင့်တစ်လုံးတစ်ဝတည်းရှိသကဲ့သို့ကိုယ်တော်၏တပည့် တော်တို့သည်လည်း တစ်လုံးတစ်ဝတည်း ရှိစေမည်အကြောင်းတည်း ဤကြည်နူးဖွယ်ဖြစ်၍ အံ့သြဖါယ်အကောင်းဆုံးသော ဆုပတ္ထနာသည် ကျွန်ုပ်တို့၏ခေတ်တိုင်အောင်ပင် ကာလအဆက်ဆက် နှင့် သက်ဆိုင် လေသည်။ အကြောင်းမူကား 'ထိုသူတို့အဖို့သာအကျွန်ုပ်ဆုတောင်း သည်မဟုတ်ပါ။ သူတို့ဟောပြောခြင်းအားဖြင့် အကျွန်ုပ်ကိုယုံကြည် သောသူတို့အဖို့လည်း ဆုတောင်းပါ၏" ဟူသောအချက်သည် ကိုယ် တော်၏ စကားတော်များဖြစ်၏။

သခင်ခရစ်တော်၏တပည့်တော်များဖြစ်သည်ဟု ဝန်ခံကြသော သူတို့သည်မိမိတို့၏အသက်တာ၌ဤပတ္ထနာကိုပြည့်စုံစေခြင်းငှါအဘယ်မျှ လောက်စိတ်အားကြီးစွာရှာကြံကြိုးစားသင့်ကြပါသနည်း။ အသင်းတော် နှင့်စပ်သွယ်ခြင်းသည် ဘုရားသခင်နှင့်စပ်ဆိုင်သောအမှုဖြစ်သည်ကို အများသောသူတို့သည်အမှန်မသိရှိကြချေ။ ၎င်းပြင် ချုပ်ချယ်ကန့်သတ် ထားခြင်းနှင့် စည်းကမ်းဥပဒေများကို ခံယူလိုသောသဘော မရှိကြ ချေ။ စည်းလုံးညီညွတ်သော အသင်းတော်ထက် မိမိတို့ကိုယ်တိုင်၏ စီရင်ဆုံးဖြတ်ချက်ကို ချီးမြှောက်ကြကြောင်း သူတို့၏အပြုအမူအပြော အဆိုတို့က ဖေါ်ပြကြပေသည်။ ၎င်းအပြင်အသင်းတော်ကို ဆန့်ကျင်

ဖီလာပြုခြင်းသဘောကို တိုးပွားလာအောင် အားမပေးမနှိုးဆော်မည် အကြောင်း သူတို့သည် မိမိတို့ကိုယ်ကိုကာကွယ်စောင့်ရှောက်ရန် သတိ မပြုကြချေ။ အသင်းတော်၌တာဝန်ကြီးသောရာထူးကိုဆက်ခံရရှိနေကြ သောသူတို့အပေါ်၌ အခြားသောသူများတို့နည်းတူ အများအားဖြင့် အပြစ်အနာများရှိ၍ မိမိတို့ဆုံးဖြတ်ချက်များတွင် အမှားအယွင်းများကို ပြုတတ်ကြလေသည်။ သို့ရာတွင် မြေကြီးပေါ်ရှိ သခင်ခရစ်တော်၏ အသင်းတော်သည် သူတို့၌ မရှိမသေ မပြုအပ်သောအခွင့်အာဏာကို အပ်ပေးထားလေသည်။ 4T. 17.

## အချင်းချင်းချစ်ခြင်းမေတ္တာရှိခြင်း

အများသောအားဖြင့် ကျွန်ုပ်တို့အားဘေးအန္တရာယ်မကင်းဖွယ် ဖြစ်စေသောအရာမှာ၊ လောက၏ကန့်ကွက် တားဆီးဆန့်ကျင်ဖီလာပြု ခြင်းမဟုတ်ပေ။ ၎င်းသည်ယုံကြည်သည်ဟုဝန်ခံသောသူတို့၏နှလုံးထဲ၌ စွဲလမ်းနေသောမကောင်းမှု ဒုစရိုက်ပင်ဖြစ်၍ ကျွန်ုပ်တို့၌ ကြီးစွာသော ဘေးအန္တရာယ်ကို အများဆုံး ကျရောက်စေလျက်ဘုရားသခင်၏ အမှု တော် တိုးတက်ကြီးပွားခြင်းကို များစွာတားဆီးနှောင့်ယှက်လေသည်။ ပြုစု စောင်းမြောင်းခြင်း၊ တစ်ယောက်ကိုတစ်ယောက် မယုံသင်္ကာဖြစ် ခြင်း၊ အပြစ်ရှာလိုသောသဘောနှင့်ပြည့်ဝခြင်း၊ ရမ်းဆလျက်တစ်ယောက် အကြောင်းကိုတစ်ယောက်မကောင်းထင်မြင်ခြင်းတို့အားဖြင့်ကျွန်ုပ်တို့၏ ဝိညာဉ်ရေးကိုအားနည်းစေသောနည်းထက်သာ၍ သေချာသောအခြား နည်းလမ်းမရှိတော့ချေ။

စိတ်သဘောအမျိုးမျိုးရှိကြသောသူတို့အထဲတွင် တွေ့မြင်ရသော စည်းလုံးညီညွတ်ပေါင်းသင်းဆက်ဆံခြင်းကား၊ ဘုရားသခင်သည် မိမိ၏ သားတော်အား အပြစ်ရှိသောသူတို့ကိုကယ်တင်ရန်လောကသို့စေလွှတ် တော်မူကြောင်းဖော်ပြနိုင်သည့်ခိုင်လုံသောသက်သေဖြစ်ပေသည်။ ကျွန်ုပ် တို့၌ဤသက်သေကိုဖော်ပြရန်အခွင့်ရှိကြပေသည်။ သို့ရာတွင်ဤသို့ပြုဖို့ရန် ကျွန်ုပ်တို့ကိုယ်တိုင် သခင်ခရစ်တော်၏အမိန့်အာဏာတော်ကို နာခံရကြ

မည်။ ကျွန်ုပ်တို့၏အကျင့်စာရိတ္တများသည် ကိုယ်တော်၏အကျင့်စာရိတ္တတော်နှင့်ညီညွတ်စွာ ပြုပြင်ခြင်းကိုခံရကြမည်။ ကျွန်ုပ်တို့၏အလိုဆန္ဒသဘောများကို ကိုယ်တော်၏အလိုတော်သို့အပ်နှံရကြမည်။ ထိုအခါ ကျွန်ုပ်တို့သည် တစ်ယောက်နှင့်တစ်ယောက် ထိခိုက်စရာအကြောင်းများကို မစဉ်းစားကြတော့ဘဲ စည်းလုံးညီညွတ်စွာ အတူတကွ အမှုတော်ဆောင်ရွက်ရကြလိမ့်မည်။

မိမိ၏တပည့်တော်များက ဘုရားသခင်၏ အကြံအစည်တော်ကို အလျားနှင့်အနံ ရှိသမျှတို့သည် ပြည့်စုံစေခြင်းအပေါ်၌ကိုယ်တော်သည် စိတ်တမ်းမှန်းတော်မူသည်။ သူတို့သည် လောကတစ်ဝန်းလုံးတွင်နှံ့ပြားလျက်နေကြသော်လည်းကိုယ်တော်၌တစ်လုံးတစ်စည်းတည်းရှိရကြမည်။ သူတို့သည်မိမိတို့၏လမ်းကို ကိုယ်တော်၏လမ်းဖြစ်စေရန် အပ်နှံလိုသောဆန္ဒမရှိကြလျှင် ဘုရားသခင်သည် သူတို့ကိုသခင်ခရစ်တော်၌ တစ်လုံးတစ်စည်းတည်းဖြစ်စေခြင်းငှါ ပြုပြင်ပေးတော်မမူနိုင်ချေ။

သခင်ခရစ်တော်၏ ပတ္ထနာတော်ကို လုံးလုံးယုံကြည်လာသောအခါ၊ ၎င်း၏ ဆုံးမဩဝါဒများကို ဘုရားသခင်၏လူများတို့၏ နေ့စဉ်အသက်တာ၌အသုံးချသောအခါကျွန်ုပ်တို့အထဲ၌စည်းလုံးညီညွတ်သောအပြုအမူအနေအထိုင်တို့ကို တွေ့ရှိကြလိမ့်မည်။ ညီအစ်ကိုမောင်နှမအချင်းချင်းတစ်ယောက်နှင့်တစ်ယောက်သခင်ခရစ်တော်၏မေတ္တာတော်အားဖြင့် ချည်နှောင်ဖွဲ့စည်းလျက်ရှိလိမ့်မည်။ ဘုရားသခင်၏ဝိညာဉ်တော်သာလျှင် ဤတစ်လုံးတစ်စည်းတည်းဖြစ်ခြင်း အခြေအနေကို ဖန်တီးပေးနိုင်တော်မူသည်။ မိမိကိုယ်တော်တိုင်ကို သန့်ရှင်းစေတော်မူသောကိုယ်တော်သည် မိမိ၏တပည့်တော်များကိုလည်း သန့်ရှင်းစေနိုင်တော်မူသည်။ ကိုယ်တော်နှင့် ဆက်ဆံပေါင်းဖက်ပြီးသောအခါ သူတို့သည် တစ်ယောက်နှင့်တစ်ယောက် အလွန်သန့်ရှင်းသောယုံကြည်ခြင်းတွင် တစ်လုံးတစ်စည်းတည်း ရှိနေကြလိမ့်မည်။ ဤသို့တစ်လုံးတစ်စည်းတည်းရှိစေရန်ကြိုးစားဖို့ကျွန်ုပ်တို့အားဘုရားသခင်အလိုရှိတော်မူသည့်အတိုင်း ကျွန်ုပ်တို့သည် ထိုသို့ပြုရန်ကြိုးစားသောအခါ ၎င်းစည်းလုံးညီညွတ်ခြင်းအမှုသည် ကျွန်ုပ်တို့၌အမှန်ဖြစ်ပေါ်လာလိမ့်မည်။ 8T. 242-3.

ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်သည် စိတ်ဝိညာဉ်ထဲ၌ပြည့်ဝလျက်ရှိရမည်၊ သို့မဟုတ် ဖြောင့်မတ်ခြင်း၏အသီးများသည် ပေါ်လာလိမ့်မည်မဟုတ်။ သခင်ခရစ်တော်သည် စိတ်နှလုံးထဲ၌ ကိန်းအောင်းတော်မူသောအခါ ၎င်းသည်ဘုရားသခင်နှင့် လူတို့အတွက် ချစ်ခြင်းမေတ္တာအားဖြင့်အလွန်ပင်နူးညံ့သိမ်မွေ့လျက်နှိမ့်ချလာသောကြောင့် ၎င်းတွင်အပြစ်ရှာတတ်ခြင်းနှင့်ခုခံငြင်းဆိုတတ်ခြင်းသဘောများရှိတော့မည်မဟုတ်။ စိတ်နှလုံးထဲ၌ရှိသောသခင်ခရစ်တော်၏ ဘာသာတရားသည် ၎င်းကို ပိုင်ဆိုင်ရရှိသောသူအဖို့ မိမိအပေါ်၌ စိုးမိုးနေရန် ရှာကြံလျက်နေသော ထိုတပ်မက်မောသော စိတ်အလိုဆန္ဒတို့ကိုလုံးလုံးအောင်မြင်နိုင်းနင်းလိမ့်မည်။ 4T. 610.

### တစ်ယောက်ကိုတစ်ယောက်ထောက်ထားခြင်း

သင်သည်မကြာခဏစုံစမ်းသွေးဆောင်ခြင်း၏ဖိစီးခြင်းကို ခံနေရသောဝိညာဉ်များနှင့်တွေ့ကြုံရလိမ့်မည်။ စာတန်သည် သူတို့နှင့်အဘယ်မျှလောက်ပြင်းထန်စွာ ဖက်ပြိုင်တိုက်လှန်တတ်သည်ကို သင်မသိ။ သင်သည်ထိုကဲ့သို့သောဝိညာဉ်များအားစိတ်ပျက်စေလျက် ထိုနည်းအားဖြင့်သွေးဆောင်သောသူအား အခွင့်အရေး မပေးမည်အကြောင်း သတိပြုလော့။

ပြုပြင်ဆုံးမဖို့ရန်လိုသောအရာတစ်စုံတစ်ခုကို သင်သည်မြင်သောအခါတိုင်း၊ သို့မဟုတ်ကြားရသောအခါတိုင်းသစ္စာစောင့်ဖို့ရန် ကြိုးစားရာတွင် သင်သည်အလွန်ပင်မကျပ်တည်းမပြင်းထန်မည့်အကြောင်း ဉာဏ်ပညာနှင့်ကရုဏာတော်ကိုရရှိဖို့ရန် ထာဝရဘုရားအားတောင်းလျှောက်လော့။

တစ်ဦးတစ်ယောက်သောသူ၏အမှားအယွင်းကိုညွှန်ပြဖို့ရန်အရေးသည်အစဉ်သဖြင့်ရှုတ်ချရာရောက်ပေသည်။ အပြစ်မတင်သင့်ဘဲ အပြစ်တင်ခြင်းအားဖြင့်သာ၍စိတ်နာစေခြင်းကိုမဖြစ်စေပါနှင့်။ ကြမ်းတမ်းစွာအပြစ်ရှာခြင်း၊ အပြစ်ကိုဖော်ပြခြင်းသည်အသက်တာကိုမှောင်မိုက်စေ၍ ဝမ်းနည်းခြင်းနှင့်ပြည့်စေလျက် စိတ်ပျက်အားလျော့ခြင်းကိုဖြစ်ပေါ်လာစေလေသည်။

ညီအစ်ကိုမောင်နှမများတို့၊ ကျပ်တည်းပြင်းထန်ခြင်းထက်မေတ္တာဖြင့်အောင်မြင်ရန်ကြိုးစားအားထုတ်ကြလော့။ မှားယွင်းသောသူတစ်စုံတစ်ယောက်သည်မိမိအမှားကိုသိမြင်လာသောအခါ သူ၏ဂုဏ်အသရေကိုမပျက်စီး စေရန်သတိပြုလော့။ အနာတရ ဖြစ်စေခြင်းငှါ မကြိုးစားဘဲ အနာများကိုပတ်စည်း၍ ပျောက်ကင်းစေခြင်းငှါကြိုးစားကြလော့။

## အရှင်သခင်၏သဘောမျိုးနှင့်

ကျွန်ုပ်တို့သည် အချင်းချင်း တစ်ယောက်ကိုတစ်ယောက်ချစ်ခင်ဖို့ရန်ကြိုးစားခြင်းအားဖြင့် အစပြုဖို့ရန်မလိုချေ။ လိုသောအရာကား စိတ်နှလုံး၌ရှိသောသခင်ခရစ်တော်၏မေတ္တာတော်ပင်ဖြစ်သည်။ မိမိ ကိုယ်ကိုသခင်ခရစ်တော်၌နှစ်မြုပ်လိုက်သောအခါ မှန်သောမေတ္တာသည် အလိုအလျောက်ထွက်ပေါ်လာလေသည်။

သည်းခံခြင်း၊ စိတ်ရှည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် အောင်မြင်လိမ့်မည်။ ဝိညာဉ်ထံသို့ငြိမ်သက်ခြင်းကို ယူဆောင်လာသော အရာကားအမှုတော်၌သည်းခံခြင်းဖြစ်သည်။ စိတ်နှိမ့်ချ၍လုံ့လဝီရိယရှိလျက်သစ္စာနှင့်လုပ်ဆောင်သောသူတို့အားဖြင့်ကြသရေလလူတို့သည် ကောင်းကျိုးကိုတိုး၍ခံစားရကြလေ၏။ မှားယွင်းနေသောသူတစ်စုံတစ်ယောက်အား အပြစ်ရှာလျက်နေခြင်း၊ အပြစ်တင်နေခြင်းထက်မေတ္တာနှင့်လည်းကောင်း၊ တိုက်တွန်းနှိုးဆော်ခြင်းနှင့်လည်းကောင်း ပြောဆိုသော စကားတစ်ခွန်းသည် လျင်မြန်သောဒေါသအမျက်နှင့် စိတ်လိုကိုယ်လျောက်ပြုလေ့ရှိသောသဘောမျိုးကိုသာ၍နိုင်နင်းအောင်မြင်လိမ့်မည်။ အရှင်သခင်၏သတင်းစကားတော်ကိုအရှင်သခင်၏သဘောတော်မျိုးနှင့် ဟောပြောရမည်။ 7T. 265-6.

## မှားယွင်းနေသောသူအတွက်ချစ်ခြင်းမေတ္တာ

သခင်ယေရှုသည် ကျွန်ုပ်တို့အသီးသီးကိုသိရှိတော်မူ၍ ကျွန်ုပ်တို့ခံရသောဆင်းရဲဒုက္ခများကို ကြင်နာသနားတတ်တော်မူကြောင်းကို

ကျွန်ုပ်တို့သတိရကြစို့။ ကိုယ်တော်သည် မိမိဖန်ဆင်းတော်မူသော လူသတ္တဝါအသီးသီးတို့၌ လိုအပ်သောအရာများကိုသိရှိတော်မူ၍ စိတ်နှလုံးတိုင်းတို့တွင် ဖုက်ထားလျက် နှုတ်ဖြင့်မဖေါ်ပြနိုင်သောဝမ်းနည်းစိတ်ပျက်ခြင်းကိုသိမြင်တော်မူ၏။ မိမိအသေခံပေးတော်မူလျက် ကယ်ဆယ်လိုသည့်အငယ်ဆုံးသော သူတစ်ယောက်သည် အနာတရဖြစ်သွားလျှင် ကိုယ်တော်သည်သိမြင်တော်မူ၍ အပြစ်ဒဏ်သင့်သူအားထုချေအကြောင်းပြရန် ခေါ်တော်မူသည်။ သခင်ယေရှုသည် ကောင်းသောသိုးထိန်းကြီးဖြစ်၏။ ကိုယ်တော်သည်အားနည်းဖျားနည်း၍ လမ်းမှားနေသောသိုးကို ဂရုစိုက်ပြုစုတော်မူ၏။ ကိုယ်တော်သည် ၎င်းတို့အားလုံးကိုနာမည်အားဖြင့်သိရှိတော်မူ၏။ သိုးကြီးနှင့်သိုးငယ်တိုင်းတို့၏ဒုက္ခဆင်းရဲခြင်းသည် ထောက်ထားညှာတာတတ်သော မေတ္တာနှင့်ပြည့်ဝသောကိုယ်တော်၏နှလုံးကို ထိခိုက်ကြင်နာစေ၍ မစကူညီဖို့ရန်အော်ဟစ်သောအသံသည်ကိုယ်တော်၏နားတော်သို့ ရောက်ရှိသွား၏။ သခင်ယေရှုသည်အသီးသီးတို့အား မြေကြီးမျက်နှာပြင်ပေါ်တွင် အခြားသူတစ်စုံတစ်ယောက်မျှမရှိတော့သကဲ့သို့ဂရုစိုက်ပြုစုတော်မူ၏။ ၅ဤ ၃၄၆ ႟

## လုံခြုံသောလမ်း

၁၈၄၅ ခုနှစ်ကစ၍ ဘုရားသခင်၏လူများတို့တွေ့ကြုံခံစားရမည့်ဘေးဒုက္ခများအကြောင်းကို ကျွန်ုပ်၏ရှေ့တွင် ရံဖန်ရံခါဖေါ်ပြထားတော်မူ၏။ ၎င်းပြင်နောက်ဆုံးသောကာလတွင် ကျန်ကြွင်းသောသူတို့၏ပတ်လည်၌ဘေးအန္တရာယ်များထူပြောလျက်ရှိလိမ့်မည်အကြောင်းကိုလည်း ကျွန်ုပ်အား ဖေါ်ပြတော်မူပြီ။ ဤဘေးအန္တရာယ်များကို ယခုခေတ်ကာလတိုင်အောင် ကျွန်ုပ်အားဖေါ်ပြထားတော်မူ၏။ ကျွန်ုပ်တို့၏ရှေ့မှောက်တွင် ကြီးကျယ်သော အဖြစ်အပျက်များသည် မကြာမီပေါ်ပေါက်လာတော့မည်။ သခင်ဘုရားသည် တန်ခိုးတော်နှင့်လည်းကောင်း၊ ကြီးစွာသောဘုန်းအာနုဘောတော်နှင့်လည်းကောင်း ကြွလာတော်မူလုနီးပြီ။ ထိုကြောင့် မိမိလုယူခံစားနေရသောအခွင့်အာဏာသည် မကြာမီတစ်ခါတည်းကုန်ဆုံးသွားတော့မည်ကိုစာတန်သည်သိမြင်

လေသည်။ လောကကိုစိုးမိုးအုပ်ချုပ်ဖို့ရန် သူ၏အခွင့်အရေးမှာ ယခု နောက်ဆုံးဖြစ်၍ သူသည်မြေကြီးပေါ်၌ရှိသောသူများတို့၏ပျက်ဆီးဆုံး ရှုံးခြင်းအတွက်ဇကေန်အမှန်ပင်ကြိုးစားအားထုတ်တော့မည်။ သမ္မာတရား ကိုယုံကြည်သော သူတို့သည် ဖြောက်အိုးပေါ်၌ရှိသော သစ္စာရှိကင်း စောင့်ကဲ့သို့ဖြစ်ရကြမည်။ သို့မဟုတ်စာတန်သည် သူတို့အား ဆီလျော် ဟန်ရှိသောဆင်ခြေဆင်လက်များကိုအကြံပေးလိမ့်မည်။ ၎င်းပြင်သူတို့ သည်လည်း ဘုရားနှင့်ဆိုင်၍သန့်ရှင်းသောအပ်နှံ့လွှဲအပ်ထားသည့်အရာ တို့၌သစ္စာဖေါက်စေမည့်အကြံဉာဏ်တို့ကိုပြောပြကြလိမ့်မည်။

၁၈၈၀ ပြည့်နှစ်တွင်မြင်မက်သောရူပါရုံထဲ၌ဤဘေးအန္တရာယ် ဆိုက်ရောက်ရာကာလတွင် ဘုရားသခင်၏လူများအတွက် ဘေးကင်း လုံခြုံစရာအကြောင်းသည်အဘယ်မှာနည်း" ဟုကျွန်ုပ်ကမေး၏။ 'သခင် ယေရှုသည် မိမိလူများတို့၏အမှုကိုစောင့်တော်မူသည်" ဟူသောအဖြေ ကိုရရှိ၏။ သခင်ယေရှုသည် လူ၏ဖျန်ဖြေသူနှင့်အမှုဆောင်အဖြစ်နှင့် 'တရားတော်နေမင်း၏ ကြည်လင်သောရောင်ခြည် ထွန်းတောက်ရာ နေရာသို့တစ်လှမ်းပြီးတစ်လှမ်း ငါ့နောက်မှနေ၍ တိုးတက်လော့" ဟု မိန့်တော်မူလျက် လိုက်ပါသွားလိုသောသူအပေါင်းတို့အား ရှေ့ဆောင် လမ်းညွှန်တော်မူလိမ့်မည်။

သို့ရာတွင် အားလုံးတို့သည် အလင်း၏နောက်သို့ လိုက်လျက် မနေကြချေ။ ခြေလှမ်းတိုင်းတို့တွင် ညံ့နိမ့်သောလမ်းဖြစ်သည့် လုံခြုံ သောလမ်းမှ အချို့တို့သည် လွှဲဖယ်သွားလျက်ရှိကြသည်။ ဘုရားသခင် ၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဘုရားသခင်ထံမှရောက်ရှိလာ သည့်အပြစ်ဖေါ်ပြဆုံးမသောစကားများကိုပင် သူတို့သည် ငြင်းပယ်ဝံ့ ကြလေသည်။

ဘုရားသခင်၏သတိပေး နှိုးဆော်တော်မူချက်နှင့် အပြစ်ဖေါ်ပြ ဆုံးမတော်မူသောစကားများကိုဖယ်ရှားထားကြ၍ ဘုရားသခင်ဝိညာဉ် တော်၏သက်သေခံချက်များကို လူ၏ဉာဏ်ပညာထက်သာလွန်မြင့်မြတ် သောမူလအမြစ်ဟုမယုံမမှတ်ခဲ့ကြသောသူတို့ထံသို့ မီနိုင်မည်အကြောင်း

ထာဝရဘုရား၌အဘယ်ကဲ့သို့သောတန်ခိုးကိုချန်လှပ်သီးသန့်ထားတော်မူပါသနည်း။ ဘုရားသခင်သည်အမှုတော်၌ပါဝင်ဆောင်ရွက်ကြောင်း သင်တို့အား ဖေါ်ပြထားတော်မူသော သက်သေသာဓကများမှလွဲဖယ်သွားသည့်အတွက် တရားစီရင်တော်မူရာတွင် ဤအရာကိုပြုခဲ့ပြီးသော သင်သည်ဘုရားသခင်အား မည်ကဲ့သို့သောဆင်ခြေဆင်လက်ကိုပေးနိုင်လိမ့်မည်နည်း။

မိမိတို့၏အသက်ဝိညာဉ်များဆုံးရှုံးစေခြင်းဖြင့် အနစ်နာခံမှသာ အပြစ်အနာရှာခြင်း ပြက်ရယ်ပြုခြင်းနှင့် အလွဲပြောဆိုခြင်း အကျင့်ဓလေ့များကိုလိုက်စားပြုကျင့်နိုင်လေသည်။ ဘုရားသခင်အသုံးပြုခြင်းကိုခံရသောသူတို့အားအပြစ်ရှာခြင်း၊ အပြစ်တင်ပြောဆိုခြင်းသည် သူတို့အား စေလွှတ်တော်မူသော ထာဝရဘုရားကိုအပြစ်ရှာ၍ အပြစ်တင်ပြောဆိုရာရောက်ပေသည်။ ဘာသာတရားရေးနှင့်စပ်ဆိုင်သောအရာများတို့ကိုမှန်ကန်စွာဝေဖန်ပိုင်းခြားနိုင်မည်အကြောင်း အားလုံးတို့သည် ဘာသာတရားနှင့် စပ်ဆိုင်သောအတတ်ပညာများကိုတိုး၍ လေ့ကျက်ဖို့ရန်လိုကြပေသည်။ Life Sketches. 323-5.

## မြဲမြံသောတိုက်မြစ်

မိမိတို့ကိုယ်ကိုကောင်းစွာကွယ်ကာစောင့်ထိန်း၍ မြဲမြံတည်ကြည်လျက်အသင်းတော်၌တည်ရှိသောယုံကြည်ခြင်းကို ယိမ်းယိုင်စေသောသူတို့အား မျက်နှာသာမပေးဘဲနေသောလူတစ်စုကို ကျွန်ုပ်မြင်ရ၏။ ဘုရားသခင်သည် သူတို့ကိုနှစ်သက်သဘောကျသောလက္ခဏာနှင့်ကြည့်တော်မူ၏။ ကျွန်ုပ်အား ပထမ၊ ဒုတိယနှင့်တတိယကောင်းကင်တမန်တို့၏သတင်းစကားများတည်းဟူသော အဆင့်သုံးဆင့်ကိုပြတော်မူ၏။ ကျွန်ုပ်နှင့်အတူပါရှိသောကောင်းကင်တမန်က 'ဤသင်းစကားတို့နှင့်သက်ဆိုင်သော သစ်တုံးတစ်ခု သို့မဟုတ် သပ်တစ်ခုကိုရွှေ့မည့်သူ၌ အမင်္ဂလာဖြစ်စေသတည်း။ ဤသတင်းစကားများကိုမှန်ကန်သေချာစွာ သိရှိ၍နားလည်ဖို့ရန် အလွန်တရာပင်အရေးကြီးပေသည်။ ဝိညာဉ်များ

တို့သည် ၎င်းတို့ကိုမည်ကဲ့သို့ခံယူ၍နှလုံးသွင်းကြသည့်နည်းလမ်းအတိုင်း နောက်ဆုံး၌အကျိုးအပြစ်ကိုခံစားရကြလိမ့်မည်" ဟု ပြောဆို၏။

ဘုရားသခင်၏ လူများတို့သည် ဤသတင်းစကားနှင့် စပ်ဆိုင်၍ အဘယ်မျှလောက်အဖိုးထိုက်တန်သောဗဟုသုတကိုယ်တွေ့များကိုခံယူရကြမည်အကြောင်းကိုကျွန်ုပ်တစ်ဖန်တွေ့မြင်ရပြန်၏။ ၎င်းဗဟုသုတများတို့ကိုများစွာဒုက္ခဆင်းရဲခြင်းနှင့်ပြင်းထန်စွာတိုက်လှန်ခြင်းအားဖြင့် ရရှိကြပြီ။ ဘုရားသခင်သည် သူတို့အား ခိုင်မာ၌မရွေ့နိုင်သောခုံမြင့်ပေါ်၌ နေရာချထားတော်မူပြီးသည်တိုင်အောင် ဘုရားသခင်သည် သူတို့အား တစ်လှမ်းပြီးတစ်လှမ်း လမ်းပြရှေ့ဆောင်တော်မူပြီ။ အသီးသီးတို့သည် ခုံမြင့်ရှိရာသို့ချဉ်းကပ်သွား၍တိုက်မြစ်ကို စစ်ဆေးကြည့်ရှုနေကြသည်ကို ကျွန်ုပ်မြင်ရ၏။ အချို့သောသူတို့သည် အားရဝမ်းမြောက်ခြင်းနှင့်၎င်း အပေါ်သို့ချက်ချင်းတက်သွားကြ၏။ အခြားသော သူတို့ကား တိုက်မြစ်နှင့်သက်ဆိုင်၍အပြစ်ရှာကြ၏။ ၎င်းတို့ကိုတိုး၍ ကောင်းအောင်ပြုလုပ်စေဖို့ သူတို့အလိုရှိကြ၏။ ထိုအခါ ခုံမြင့်သည် သာ၍ကောင်းမွန်လာလျက်လူများတို့သည်သာ၍အားရဝမ်းမြောက်လာကြလိမ့်မည်ဟုထင်ကြ၏။ အချို့တို့သည် ၎င်းကိုစစ်ဆေးကြည့်ရှုရန် ခုံမြင့်ပေါ်ကပင်ဆင်းကြပြီး ၎င်းကိုအလွဲအုတ်မြစ်ချထားပြီဟု အသေအချာပြောဆိုကြသေး၏။

သို့ရာတွင် အားလုံးလိုပင်ခုံမြင့်ပေါ်၌ မြဲမြဲစွာရပ်နေကြ၍ ဘုရားသခင်သည် ၎င်းကို ဆောက်လုပ်တော်မူသော အရှင်သခင်ဖြစ်တော်မူလျက် သူတို့သည် ဘုရားသခင်တစ်ဖက်၌တိုက်ခိုက်နေကြသည်ဖြစ်တော်မူကြောင့် ၎င်းအပေါ်မှခုန်ဆင်းသွားသောသူတို့အား ညည်းတွားခြင်းမှရပ်စဲရန် နှိုးဆော်တိုက်တွန်းကြသည်ကို ကျွန်ုပ်မြင်ရ၏။ EW 258-9.

ကျွန်ုပ်တို့သည် သန့်ရှင်းရာဌာနနှင့်စပ်ဆိုင်သောပြဿနာကိုနှစ်ပေါင်းများစွာယုံကြည်စွဲမြဲလာသည်နည်းတူ ၎င်းသည်ယခုတိုင်အောင်ဖြောင့်မတ်ခြင်းနှင့်သမ္မာတရားတွင် တည်မြဲတည်ရှိသည်ဟု ကျွန်ုပ်သိမြင်ပါသည်။ စိတ်သဘောများကိုခြေလှမ်းမှလွဲသွားစေရန် သွေးဆောင်

သောသူကားရန်သူဖြစ်ပေသည်။ သမ္မာတရားကိုသိသောသူတို့သည်သမ္မာ တရား၌အခြေအမြစ်မရှိသည့်မှားသောကျမ်းချက်များကို စုဆောင်းရှာ ဖွေခြင်းတွင် စိတ်ပါဝင်စားလာကြသောအခါ ရန်သူသည်အားရနှစ် သက်လေသည်။ ကျမ်းစာများကိုထိုသို့အသုံးပြုခြင်းသည် အလွဲအသုံးချ ခြင်းဖြစ်သည်။ ၎င်းတို့ကား အမှားကိုခိုင်လုံအတည်ပြုစေရန်မဟုတ်ဘဲ သမ္မာတရားကိုတိုး၍ခိုင်ခံ့ တည်မြဲစေရန်ပေးထားသည်။ GW 303.

## ဖြိုဖျက်၍ကွဲပြားစေခြင်း

ဘုရားသခင်သည် လူတစ်မျိုးကိုထုတ်ဆောင်နေလျက် တစ်မျိုး တည်းသောအရာများကိုပြောဆိုစေဖို့ တစ်စည်းတစ်လုံးတည်းစုပေါင်း စေလျက်ထိုနည်းအားဖြင့်မိမိ၏တပည့်တော်များအဖို့သခင်ခရစ်တော်၏ ပဌနာတော်ကိုအတည်ပြုစေရန် သူတို့ကိုပြင်ဆင်လျက်နေတော်မူ၏။

ဘုရားသခင်သည်အလွန်အမင်းနည်း၍ နှံ့ပြားနေသောသူတို့နှင့် သာရှိတော်မူသည်ဟု ယုံကြည်ကြသောလူစုကလေးများသည် အမြဲလိုပင် ပေါ်ပေါက်လာလျက်ရှိ၍ဘုရားသခင်၏ကျွန်များတို့တည်ဆောက်သော အရာကိုဖြိုဖျက်၍ကွဲလွင့်သွားစေရန် ဩဇာညောင်းလျက် ရှိနေကြလေ သည်။ အသစ်သောအရာတစ်စုံတစ်ခုကိုအမြဲသိမြင်၍ယုံကြည်နေလိုကြ သည့်မငြိမ်မသက်သော စိတ်သဘောမျိုးတို့သည် တစ်နေရာ၌အချို့ အ ခြားနေရာ၌အချို့ အစဉ်လိုပင်ပေါ်ပေါက်လာလျက်ရှိ၍အားလုံးတို့သည် ရန်သူအတွက်အထူးအလုပ်တစ်ခုကိုပြုလုပ်နေကြသည်။ သို့ရာတွင် သူတို့ ၌သမ္မာတရားရှိပေသည်ဟု အခိုင်အမာပြောဆိုလျက်နေကြသေးသည်။ ဘုရားသခင်ကလမ်းပြထုတ်ဆောင်လာလျက် တိုးတက်ကြီးပွား၍ မိမိ၏ ကြီးကျယ်သောအမှုတော်ကိုသူတို့အားဖြင့်ဆောင်ရွက်ရန် ဘုရားသခင် အလိုရှိတော်မူသောလူမျိုးထံမှ သူတို့သည်ခွဲခွာသီးခြားနေကြလေသည်။ ဥပုသ်စောင့်သောလူစုသည်လောကနှင့်တူညီလာကြပြီကိုစိုးရိမ်ရကြသည် ဟု သူတို့ကအစဉ်လိုပင်ဖေါ်ပြပြောဆိုနေကြသည်။ သို့ရာတွင် သူတို့အ ထဲ၌အထင်အမြင်ချင်းတူညီသောသူနှစ်ဦးပင်ရှိခဲလှပေသည်။ သူတို့သည်

နှံ့ပြားနေလျက်ရှုပ်ထွေးနေကြသည်။ သို့သော်လည်းဘုရားသခင်သည် သူတို့နှင့်အတူရှိတော်မူသည်ဟု ထင်မြင်လောက်အောင် မိမိတို့ကိုယ်ကို မိမိတို့လိမ်လည်လှည့်ဖြားနေကြသေးသည်။ 1T 417-8.

### အသစ်သောဩဝါဒများနှင့်ဆက်သွယ်ခြင်း

သမ္မာတရား၏အလင်းကို ရရှိသောသူတို့အတွက် အယောင်ဆောင်လျက် တစ်ထောင်သောသွေးဆောင်ခြင်းနည်းများ ရှိပေသည်။ ထိုကြောင့် ကျွန်ုပ်တို့အသီးသီးအတွက် ဘေးကင်းလုံခြုံသောအမှုတစ်ခုကား ကိုယ်တွေ့ဗဟုသုတနှင့်ပြည့်ဝသော ညီအစ်ကိုမောင်နှမများကို ပထမဦးစွာမတိုင်ပင်မပေါ်ပြဘဲ၊ အသစ်သောဩဝါဒတစ်စုံတစ်ခုကိုမျှ လက်မခံဘဲနေခြင်းပင်ဖြစ်ပေသည်။ နှိမ့်ချ၍သင်ကြားနာယူလွယ်သော သဘောနှင့်စိတ်အားကြီးစွာ ဆုတောင်းလျက် ၎င်းကိုထိုသူများရှေ့တွင် ဖေါ်ပြလော့။ ၎င်းပြင် သူသည် ၎င်းတွင်အလင်းကိုမတွေ့ရှိလျှင်သူတို့စီရင်ဆုံးဖြတ်ချက်ကိုလိုက်နာဝန်ခံလော့။ အကြောင်းမူကား 'အကြံပေးနိုင်သောသူအများရှိလျှင်မူကားဘေးလွတ်တတ်၏။" 5T 293.

### မြဲမြံတည်ကြည်လော့

လူတို့၏စိတ်ဝိညာဉ်များကို စုံစမ်းမည့် အချိန်ကာလများသည် ကျွန်ုပ်တို့မျက်မှောက်၌ရောက်စေပြီ။ ၎င်းပြင်ယုံကြည်ခြင်း၌အားနည်းသောသူတို့သည် ဤဘေးရောက်ရာကာလများ၏စုံစမ်းခြင်းကို ခံရပ်နိုင်ကြလိမ့်မည်မဟုတ်။ ဗျာဒိတ်တော်တွင်ဖေါ်ပြထားသည့် ကြီးမြတ်သောသမ္မာတရားများကို သေချာစွာလေ့ကျက်ရကြမည်။ အကြောင်းမူကား ကျွန်ုပ်တို့အားလုံးသည်ဘုရားသခင်၏နှုတ်ကပါဌ်တော်၌ကောင်းမွန်သေချာစွာကျွမ်းကျင်နားလည်ဖို့လိုကြလိမ့်မည်။ ကျမ်းစာကိုလေ့ကျက်ခြင်း၊ သခင်ယေရှုနှင့်နေ့စဉ်ပေါင်းသင်းဆက်ဆံခြင်းအားဖြင့် အသီးသီးတို့နှင့်ဆိုင်ရာ တာဝန်ဝတ္တရား၏ထင်ရှား၍ ကောင်းစွာအဓိပ္ပါယ်ပေါက်သောထင်မြင်ချက်များကို ကျွန်ုပ်တို့သိနားလည်ကြလိမ့်မည်။ မိမိ၏အသက်သည် သခင်ခရစ်တော်နှင့်မထင်ရှားသောအဆက်အသွယ်အား

ဖြင့်ပေါင်းစည်းထားလျက်ရှိသောသူသည် ယုံကြည်ခြင်းအားကယ်တင်ခြင်းကိုခံစားဖို့ရန် ဘုရားသခင်၏တန်ခိုးတော်အားဖြင့် စောင့်ရှောက်ပြုစုခြင်းကိုခံရလိမ့်မည်။

ဘုရားသခင်နှင့်ဆိုင်သောအရာများကိုများစွာဆင်ခြင်အောက်မေ့လျက် လောကနှင့်ဆိုင်သောအရာများကို အနည်းငယ်သာဆင်ခြင်အောက်မေ့ကြပါ။ ကျွန်ုပ်တို့၏လူများတို့သည် ဘုရားသခင်၏ဗျာဒိတ်တော်များကိုသိနားလည်ဖို့သင့်ပါသည်။ သူတို့သည်ဖေါ်ပြထားသည့်သမ္မာတရားနှင့်စပ်ဆိုင်သော မူလရင်းစည်းကမ်းဥပဒေများကိုနည်းလမ်းကျကျသိရှိနားလည်ဖို့ရန်လိုပေသည်။ အကြောင်းမူကား ၎င်းတို့သည်သူတို့အား မြေကြီးပေါ်၌ ဖြစ်ပေါ်လာလတ္တံ့သောအရာများအတွက်ပြင်ဆင်ခြင်းရှိစေရန် ပြုပြင်ပေး၍ အခြားသောဩဝါဒ၏သတင်းစကားတိုင်းတို့အားဖြင့်လိုက်ပါမသွားစေရန်တားဆီးကာကွယ်လိမ့်မည်။

## ယုံကြည်ခြင်းကိုယိမ်းယိုင်စေရန်စာတန်၏ ဝါယမစိုက်ထုတ်ခြင်း

ကြီးစွာသောပြောင်းလဲခြင်းများသည် လောကတွင်မကြာမီဖြစ်ပေါ်လာတော့မည်။ ၎င်းပြင် လူတိုင်းတို့သည် ဘုရားသခင်နှင့်စပ်ဆိုင်သောအရာများကို ကိုယ်တွေ့မျက်မြင် သိရှိနားလည်ဖို့ လိုကြလိမ့်မည်။ စာတန်၏အလုပ်ကား၊ ဘုရားသခင်၏လူများတို့ကို စိတ်ပျက်စေလျက်သူတို့၏ယုံကြည်ခြင်းကိုယိမ်းယိုင်စေဖို့ရန်အမှုဖြစ်ပေသည်။ ဘုရားသခင်မိမိတို့၏အပေါ်၌ထူးခြားသောအလုပ်၏တာဝန်ကိုချသားခြင်းကိုခံရကြ၍ထိုအလုပ်ကိုစိတ်အားကြီးစွာဆောင်ရွက်နေကြသောလူများတို့၏ အခြေအနေ၊ ယုံကြည်ခြင်းနှင့်အကြံအစည်များတို့နှင့်သက်ဆိုင်သောယုံမှားဖွယ်ရာအချက်နှင့်ပြဿနာများကိုအမျိုးမျိုးသောနည်းအားဖြင့် စာတန်သည်တဖြည်းဖြည်းအယုံသွင်းလျက်ရှိလေသည်။ သူသည်အဖန်တလဲလဲဆုံးရှုံးပျက်ကွက်သွားသော်လည်းနှိမ့်ချလျက် ဘုရားကိုကြောက်ရွံ့ရိုသေဟန်ဆောင်၍ခေတ်ကာလနှင့်ဆိုင်သော သမ္မာတရား၌အပြင်အပအားဖြင့်စိတ်ဝင်စားဟန်ရှိသော သို့မဟုတ်ယုံကြည်ဟန်ရှိသော သူတို့အား

ဖြင့်ကြိုးစားလျက် ထပ်မံတိုက်ခိုက်တတ်သေးသည်။ သမ္မာတရားကို ထောက်ခံပြောဆိုသောသူတို့သည် မိမိတို့၏ထင်ရှားသောရန်သူများထံမှပြင်းထန်ကြမ်းကြုတ်သောခုခံတားဆီးကန့်ကွက်ခြင်းကို တွေ့ဖို့ရန်မျှော်လင့်ကြပေသည်။ သို့ရာတွင် ဤအရာသည် ဘုရားသခင်၏ကျွန်များပြုလုပ်နေသောအမှုနှင့်ပတ်သက်၍ မေးမြန်းစစ်ဆေးလျက်အပြစ်ရှာဖို့ရန်အခွင့်ရှိသည်ဟု ထင်မြင်သောသူတို့ကဖေါ်ပြသည့် လျှို့ဝှက်သော ယုံမှားခြင်းများတို့ထက်သာ၍ ဘေးဥပဒ်ကင်းလေသည်။ သူတို့သည် နှိမ့်ချသောသူများဖြစ်သည်ဟု ထင်ရသော်လည်းသူတို့ကိုယ်တိုင်ကိုလှည့်ဖြား၍ သူတစ်ပါးကိုလည်းလှည့်ဖြားကြ၏။ သူတို့၏စိတ်နှလုံးထဲ၌ငြူစူစောင်းမြောင်းခြင်းနှင့်ဆိုးသွမ်းသော အပြစ်ရှာတတ်ခြင်းသဘောများရှိပေသည်။ အသင်းတော်သားတို့ ယုံကြည်အားထားအပ်ခြင်းကိုခံရ၍ အမှုတော်ကိုဆောင်ရွက်ရန် ဘုရားသခင်ရွေးချယ်ခြင်းကိုခံရသောသူတို့၌ ယုံကြည်ခြင်းမရှိစေရန် ထိုသူတို့သည် လူများတို့၏စိတ်ကို ယိမ်းယိုင်စေသည်။ ၎င်းပြင် သူတို့သည် မိမိတို့၏အပြုအမူအတွက် အပြစ်ဖေါ်ပြဆုံးမသောအခါသူတို့အား သက်သက်မဲ့စော်ကားရှုတ်ချသည်ဟုယူဆကြလေသည်။ သူတို့သည် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်နေကြဟန်ဆောင်နေကြစဉ် သူတို့သည်အမှန်အားဖြင့် ရန်သူအား ကူညီဖေးမနေကြလေသည်။

## ယုံမှားခြင်းကိုရိတ်ရခြင်း

စိတ်နှလုံးထဲ၌ တအောင့်လောက်ပင်ယုံမှားခြင်းကိုဖြစ်ပွားစေဖို့ရန်အမှုသည်ဥပဒ်မကင်းချေးဖါရောမင်းသည် ပထမဦးဆုံးနိမိတ်လက္ခဏာကိုငြင်းပယ်သောအခါ၌ စိုက်ပျိုးထားသောယုံမှားခြင်း၏မျိုးစေ့သည်တိုးတက်ကြီးပွားလာဖို့ရန်အခွင့်ရရှိသဖြင့်ထိုမင်း၏အခြေအနေသည်မှားယွင်းကြောင်းကိုသိရှိစေရန် နောက်ဖေါ်ပြသော နိမိတ်လက္ခဏာအားလုံးပင် သူ၏စိတ်ကိုမည္ဆတ်ပျောင်းစေနိုင်လောက်အောင်ထိုမျိုးစေ့သည်များစွာသောအသီးအနှံ့များတို့ကိုထွက်စေလေသည်။ သူသည်တစ်ဆင့်မှတစ်ဆင့်သို့ တိုးတက်လျက် စစ်ဆေးမေးမြန်းခြင်းကိုပြု၍ မိမိယုံမှား

ခြင်းအလေ့ကို ဆက်လက်ပြီးရဲဝံ့စွာပြုကျင့်နေ၏။ ၎င်းပြင်သေနေသော သားဦး၏အေးစက်နေသောမျက်နှာကိုတွေ့မြင်ရသည်တိုင်အောင် သူ၏ စိတ်နှလုံးသည်တိုး၍တိုး၍ခိုင်မာလာလေ၏။ ၅ဤ ၂၇၃-၄။

ကျွန်ုပ်တို့၏လောကတွင် ဤဧဝံဂေလိအမှုဆောင်ခြင်း အလုပ် လောက်ကြီးကျယ်ခမ်းနားလျက် ကြည်ညိုရိုသေဖွယ်ဖြစ်၍ ဘုန်းတန်ခိုး နှင့်ပြည့်ဝသောအလုပ်၊ ဘုရားသခင် များစွာချီးမြှောက်သောအလုပ် တစ်ခုမျှမရှိတော့ချေ။ ဤခေတ်ကာလ၌ဖော်ပြရသောသတင်းစကားမှာ ကျဆုံးနေသော လောကအတွက် ကရုဏာတော်နှင့်ပြည့်ဝသောနောက် ဆုံးသတင်းစကားဖြစ်ပေသည်။ 6T 19.

## ကွဲပြားခြင်းနှင့်စည်းလုံးခြင်း

စုံစမ်းခြင်းများသည် ကျွန်ုပ်တို့ပတ်လည်၌ထူပြောလာသောအခါ ကျွန်ုပ်တို့၏အဖွဲ့များတွင် ကွဲပြားခြင်းနှင့်စည်းလုံးညီညွတ်ခြင်းနှစ်ခုစလုံး ကိုတွေ့ရှိရလိမ့်မည်။ စစ်ရေးအတွက်လက်နက်များကိုယူတင်ဝတ်ဆောင် ရန် ယခုအသင့်ရှိနေကြသော သူအချို့တို့သည် အကယ်စင်စစ် ဘေး အန္တရာယ်ကျရောက်ရာကာလများတွင် ခိုင်မာသော ကျောက်ပေါ်၌ မတည်ဆောက်ခဲ့ကြကြောင်းမိမိတို့အပြုအမူအားဖြင့်ထင်ရှားစေကြလိမ့် မည်။ သူတို့သည်စုံစမ်းသွေးဆောင်ခြင်းသို့လိုက်ပါသွားကြလိမ့်မည်။ ကြီးစွာသောအလင်းနှင့်အဖိုးထိုက်တန်သောအခွင့်များကို ရရှိခံစားရခဲ့ ကြသော်လည်း ၎င်းတို့ကိုတိုးတက်ကြီးပွားအောင် မပြုလုပ်သောသူတို့ သည် အကြောင်းတစ်ခုခုကိုပြလျက် ကျွန်ုပ်တို့ထံမှခွဲခွာသွားကြလိမ့် မည်။ သမ္မာတရားနှင့်ဆိုင်သောမေတ္တာတော်ကိုမရရှိခဲ့ကြသဖြင့် သူတို့ သည်ရန်သူ၏ယောင်မှားစေသော ကျော့ကွင်းတို့တွင် ဖမ်းမိကြလိမ့်မည်။ သူတို့သည်ဖြားယောင်းသွေးဆောင်သော ဝိညာဉ်များနှင့်နတ်ဆိုးတို့၏ ဩဝါဒများကိုအလေးဂရုပြုလာကြ၍ ယုံကြည်ခြင်းတရားမှလွဲသွားကြ လိမ့်မည်။

သို့ရာတွင် တစ်ဖက်၌ကား နှိပ်စက်ညှဉ်းဆဲခြင်းတည်းဟူသော မုန်တိုင်းသည်ဇကေနံစင်စစ် ကျွန်ုပ်တို့အပေါ်၌ကျရောက်လာသောအခါ မှန်ကန်သစ္စာရှိသောသိုးတို့သည် မှန်သောသိုးထိန်းကြီး၏အသံတော်ကိုကြားရကြလိမ့်မည်။ ပျောက်နေသောသိုးကိုကယ်ဆယ်ရန် ကိုယ်ကိုငြင်းပယ်ခြင်းသဘောနှင့် ကြိုးစားအားထုတ်တော်မူ၍ သိုးခြံမှလမ်းလွဲလျက်နေသော သိုးအများတို့သည် သိုးထိန်းကြီး၏ နောက်တော်သို့လိုက်ရန် ပြန်လာကြလိမ့်မည်။ ဘုရားသခင်၏လူများတို့သည် အချင်းချင်းချဉ်းကပ်လာကြလျက် ရန်သူအား စည်းလုံးညီညွတ်လျက်ရှိသောအဖွဲ့ကိုထင်ရှားစေကြလိမ့်မည်။ ရိုးရိုးဘေးအန္တရာယ်များကိုထောက်ရှု၍မြင့်မြတ်သော နေရာအတွက် ဖက်ပြိုင်လိုသောသဘောများ ပျောက်သွားလိမ့်မည်။ အဘယ်သူသည်ကြီးမြတ်သနည်းဟူ၍ ငြင်းခုံခြင်းလည်းရှိတော့မည်မဟုတ်။ ထိုအခါတတိယ ကောင်းကင်တမန်၏ သတင်းစကားသည်ကြီးကျယ်သောကြွေးကြော်သံဖြစ်လာသည်တိုင်အောင်တိုး၍ကြီးကျယ်လာလျက် ကမ္ဘာတစ်ဝန်းလုံးသည် ထာဝရဘုရား၏ ဘုန်းတော်နှင့်ထွန်းထောက်လျက်ရှိလိမ့်မည်။ 6T 400-1.

## လွန်ခဲ့သောအရာကိုစစ်ဆေးကြည့်ရှုခြင်း

ကျွန်ုပ်တို့၏ ယခုအခြေအနေထိအောင် တိုးတက်ကြီးပွားခြင်း၏အဆင့်တိုင်းတို့၏အပေါ်တွင် ကျော်လွန်ခရီးရောက်လျက် ကျွန်ုပ်တို့၏လွန်ခဲ့သောအကြောင်းအရာအတ္ထုပတ္တိကိုပြန်၍ စစ်ဆေးကြည့်ရှုရာတွင် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းလော့ဟု ကျွန်ုပ်ပြောဆိုနိုင်ပါသည်။ ထာဝရဘုရားသည် မည်ကဲ့သို့ပြုတော်မူခဲ့ကြောင်းကို ကျွန်ုပ်တွေ့ရှိရသောအခါကျွန်ုပ်သည်အံ့ဩခြင်းရှိလျက် သခင်ခရစ်တော်၌ရှေ့ဆောင်သခင်အဖြစ်နှင့်ယုံကြည်အားကိုးပါသည်။ ထာဝရဘုရားသည် ကျွန်ုပ်တို့၏လွန်ခဲ့သောကာလ၌ ကိုယ်တော်သွန်သင်တော်မူခဲ့သော ဩဝါဒများကိုမေ့လျော့ကြမည်ကိုစိုးရိမ်ရသည်မှတစ်ပါး ရှေ့အဖို့တွင်ကျွန်ုပ်ဖို့သည် ဘာကိုမျှကြောက်ရွံ့စိုးရိမ်စရာမရှိ။ Life Sketches 196.

## မိမိ၏အသင်းတော်ကိုဘုရားသခင်ကြည့်ရှုပြုစုတော်မူခြင်း

မိမိ၏အသင်းတော်အားဘုရားသခင်ချစ်တော်မူသော မေတ္တာတော်သည်အနန္တဖြစ်၏။ ဘုရားသခင်သည်မိမိ၏အမွေတော်ကို အစဉ်မပြတ်ကြည့်ရှုစောင့်မတော်မူ၏။ ယခုကာလနှင့်ထာဝရကာလအတွက်ကောင်းကျိုးအလို့ငှါ အသင်းတော်အား သန့်ရှင်းစင်ကြယ်စေဖို့ရောက်ရှိစေသောဒုက္ခမျိုးမှတစ်ပါး အခြားသော ဒုက္ခများကို အခွင့်ပေးတော်မမူ။ ကိုယ်တော်သည် မြေကြီးပေါ်၌ မိမိ၏အမှုတော်ကိုဆောင်ရွက်စပြုသောအခါနှင့်အဆုံးသတ်သောအခါ၌ဗိမာန်တော်ကိုသန့်ရှင်းစင်ကြယ်စေသည်နည်းတူ မိမိ၏အသင်းတော်ကိုလည်းသန့်ရှင်းစင်ကြယ်စေတော်မူသည်။ မိမိ၏လူများတို့သည် လောကတွင် အရပ်ရပ်သို့လက်ဝါးကပ်တိုင်၏အောင်မြင်ခြင်း အခွင့်များကိုယူဆောင်သွားဖို့ရန် ဘုရားတရား၌သာ၍ကြည်ညိုလျက် သာ၍ခွန်အား အစွမ်းသတ္တိရရှိနိုင်မည့်အကြောင်းကိုယ်တော်သည် အသင်းတော်အပေါ်၌ စုံစမ်းခြင်းနှင့်နှောင့်ယှက်ညှဉ်းဆဲခြင်းအပေါင်းတို့ကိုသက်ရောက်စေတော်မူ၏။ လူတိုင်းဆောင်ရွက်ရန်အမှုတစ်ခုကိုခန့်ထားတော်မူ၏။ အစဉ်သဖြင့် ကြီးပွားတိုးတက်ခြင်းနှင့်ကျယ်ပြန့်ပွားများခြင်းရှိရမည်။ အမှုတော်သည်တစ်မြို့မှတစ်မြို့ တစ်နိုင်ငံမှတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးမှတစ်မျိုး ကျယ်ပြန့်သွား၍ဆက်လက်ပြီးရှေ့သို့တိုးတက်တည်ထောင်လျက် ခွန်အားတိုးတက်လာပြီး ခိုင်ခံ့မြဲမြံရမည်၊

9T 228.

## တိုးတက်ခိုင်ခံ့သွားရန်အလုပ်

ကျွန်ုပ်တို့သည် ဗဟုသုတနှင့်တွေ့ကြုံခဲ့ရသော ရှေးအခါကစ၍ယခုကာလတိုင်အောင် ဘုရားသခင်၏ဝိညာဉ်တော်က သွန်သင်ခြင်း၊ အတည်ပြုခြင်းအားဖြင့် ခိုင်လုံတည်တံ့လာသောယုံကြည်ခြင်းတရားကိုရိုသေလေးမြတ်ရမည်။ ပညတ်တော်ကိုစောင့်ရှောက်သော မိမိ၏လူများအားဖြင့် သခင်ဘုရားသည်ဆောင်ရွက်လျက်ရှိ၍ ကိုယ်တော်၏ကျေးဇူးတော်တန်ခိုးအားဖြင့်အချိန်ကာလအလျောက်တိုး၍ခိုင်ခံ့လျက်သာ၍အကျိုးဖြစ်ထွန်းသောအလုပ်ကို ကျွန်ုပ်တို့သည်အလွန်အဖိုးထိုက်တန်သောအရာကဲ့သို့မြတ်နိုးရကြမည်။

ရန်သူသည် ဘုရားသခင်လူများတို့၏ပိုင်းခြားဝေဖန်တတ်သော အသိဉာဏ်ကိုဖုံးအုပ်ရန်နှင့် သူတို့၏အရည်အချင်းကိုဆုတ်လျော့ညံ့ဖျင်းစေရန် ရှာကြံကြိုးစားလျက်ရှိသည်။ သို့ရာတွင်သူတို့သည်ဘုရားသခင်၏ ဝိညာဉ်တော်က ညွှန်ပြသွန်သင်သည့်အတိုင်း လုပ်ဆောင်ကြလျှင် ကိုယ်တော်သည် ရွေးပြီးပျက်ရာတို့ကို ပြန်၍တည်ဆောက်ဖို့ရန် အလုပ်အတွက်သူတို့၏ရှေ့တွင် အခွင့်ထူးတည်းဟူသောတံခါးကို ဖွင့်ပေးတော်မူလိမ့်မည်။ သစ္စာရှိသောမိမိ၏လူများတို့အပေါ်၌နောက်ဆုံးအောင်မြင်ခြင်း၏ မိမိတံဆိပ်ကိုနှိပ်ခတ်ဖို့ရန် သခင်ဘုရားသည်ကောင်းကင်မှတန်ခိုးနှင့်လည်းကောင်း၊ ကြီးစွာသောဘုန်းတော်နှင့်လည်းကောင်း ကြွလာတော်မူသည်တိုင်အောင် သူတို့သည် အစဉ်သဖြင့် တိုးတက်ကြီးပွားနေသော ဗဟုသုတမျိုးနှင့်တွေ့ကြုံရကြလိမ့်မည်။    LS. 348-9.

## ကယ်ချွတ်တော်မူသောသူကိုစောင့်နေခြင်း

ရှေးအခါကနှင့် နည်းနည်းမျှမတူတော့ဘဲ ယခုအပြစ်ဒုစရိုက်နှင့် မှောင်မိုက်ကို အစိုးရသောအာဏာစက်တန်ခိုးများကိုခုခံတိုက်ခိုက်ရကြတော့မည်။ ခေတ်ကာလနှင့်ဆိုင်သော သမ္မာတရားကို ယုံကြည်သောသူသည် စွမ်းအားသတ္တိနှင့်လည်းကောင်း၊ စိတ်ပြဋ္ဌာန်းခြင်းနှင့် လည်းကောင်းထကြွလှုပ်ရှားဖို့ရန်အချိန်ကျရောက်လေပြီ။ ကျွန်ုပ်တို့ကယ်ချွတ်တော်မူသောအရှင် ကြွလာတော်မူရန် အတွက် အချိန်ကြာမြင့်စွာစောင့်နေရမည်ဟုထင်ကြလျှင်၊ ဒုက္ခဆင်းရဲခြင်းအားဖြင့် ဝန်လေးလျက်ညွတ်နေ၍ အလုပ်အကိုင်ကြောင့်ပင်ပန်းနွမ်းရိလာပြီး တိုက်ခိုက်ခြင်းထဲမှ မြင့်မြတ်သောလွတ်လပ်ခြင်းကိုခံစားဖို့ရန်သည်းခံ၍မနေနိုင်ကြလျှင် ကျွန်ုပ်တို့သည် မြေကြီးပေါ်၌မုန်တိုင်းနှင့်တိုက်လှန်ခြင်းကိုတွေ့ဆိုင်ရန် ကျွန်ုပ်တို့၏ခမည်းတော်ဘုရားသခင်နှင့် ကျွန်ုပ်တို့၏အစ်ကိုကြီး သခင်ခရစ်တော်နှင့်သာ၍ သိကျွမ်းနိုင်မည်အကြောင်းစုံလင်သော ခရစ်ယာန်အကျင့်ကိုရရှိစေရန်နှင့်သခင်ခရစ်တော်ထံသို့ဝိညာဉ်အများကိုယူဆောင်လာဖို့ သခင်ဘုရားအတွက်အမှုတော်ဆောင်ရွက်ရန် ရှိနေရစ်ခဲ့ကြသည်ကို သတိရကြလျက် ဤသို့သတိရခြင်းအားဖြင့် ညည်းညူခြင်းရှိသမျှကို

ပယ်ရှားကြစို့။ 'ပညာရှိသောသူတို့သည်လည်း ကောင်းကင်မျက်နှာ ကြက်၏ အရောင်အဝါကဲ့သို့လည်းကောင်း၊ လူအများတို့ကိုဖြောင့်မတ် ခြင်း တရားလမ်းထဲသို့ သွင်းသောသူတို့သည်လည်း ကြယ်များကဲ့သို့ လည်းကောင်း အစဉ်အမြဲထွန်းလင်းကြလိမ့်မည်။'' ဒံ၊ ၁၂း၃။

LS. 254.

## နောက်ဆုံး၌အသင်းတော်၏အောင်မြင်ခြင်း

သူတို့သည် ကိုယ်တော်တိုင်၏အရည်အချင်း၊ စွမ်းရည်သတ္တိ၏ အရိပ်အရောင်ကိုလောကအားထင်ရှားစေ၍ ကိုယ်တော်၏ အသင်းတော် သည် အခြားသော အသင်းတော်တည်းဟူသော ထာဝရကမ္ဘာ၏ အသင်းတော်ကိုပင်အစဉ်ညွှန်ပြလျက် လောက၏ဥပဒေများထက်သာ၍ မြင့်မြတ်သောပညတ်တော်များကိုအစဉ်ထင်ရှားစေခြင်းဖြင့် ကိုယ်တော် ၌စုံလင်ပြည့်စုံသောအသင်းတော်ဖြစ်မည်အကြောင်း၊ သခင်ဘုရားသည် မိမိ၏အသင်းတော်အားစွမ်းရည်သတ္တိများနှင့်ကောင်းချီးမင်္ဂလာများကို ချပေးတော်မူ၏။ ကိုယ်တော်၏ အသင်းတော်သည် ကောင်းကင်၌ ရှိသောအရာ၏ ပုံသဏ္ဍာန်အတိုင်း ဆောက်လုပ်ရသော ဗိမာန်တော် ဖြစ်ရမည်။ ၎င်းပြင် ကျောက်တုံးရှိသမျှတို့ကို ကောင်းကင်၏အတိုင်း အထွာနှင့် ညီညွတ်စွာဖြတ်၍ လေးထောင့်ညီအောင် ပုံထွင်းနိုင်လျက် ဘက်အားလုံးတွင် ဖြောင့်မတ်ခြင်းတရားနေမင်း၏ ကြည်လင်သော ရောင်ခြည်များ ကွန့်မြူးနေလျက် ကောင်းကင်၏ အမှတ်လက္ခဏာ အဖြစ်နှင့် ထွန်းတောက်စေရန် ပွတ်တိုက် အရောင်တင်နိုင်ကြမည် အကြောင်းကောင်းကင်တမန်ဖြစ်သောဗိသုကာဆရာသည် ကောင်းကင် မှ ကိုယ်တော်၏ ရွှေဖြင့်ပြီးသောအတိုင်းအထွာကို ယူဆောင်လာ၏။ အသင်းတော်ကိုလည်း ကောင်းကင်မှမနေ့မုန့်နှင့်ကျွေးမွေး၍ ၎င်းသည် ကိုယ်တော်၏ကျေးဇူးတော် လုံးလုံးစောင့်ရှောက်ခြင်းကို ခံယူရမည်။ အလင်းနှင့်ဖြောင့်မတ်ခြင်း၏ စုံလင်ပြည့်စုံသောလက်နက်ကို ဝတ်ဆင် လျက် အသင်းတော်သည်နောက်ဆုံးတိုက်လှန်ခြင်းစစ်ပွဲတွင် ဝင်ရောက် လေ၏။ အဖိုးမထိုက်မတန်သောအရာသည် လောင်ကျွမ်းသော်လည်း

သမ္မာတရား၏တန်ခိုးတော်သည် လောကအား ၎င်း၏သန့်ရှင်းမြင့်မြတ်စေသော သဘောတော်ကိုသက်သေခံလေသည်။

အရှင်သခင်ယေရှုသည် မိမိ၏ကရုဏာတော်နှင့် ကြွယ်ဝသောကျေးဇူးတော်ကိုထင်ရှားစွာဖေါ်ပြခြင်းအားဖြင့် လူတို့၏စိတ်နှလုံးများကိုစုံစမ်းစစ်ဆေးလျက် ရှိတော်မူသည်။ ကိုယ်တော်သည်ပြုပြင်ပြောင်းလဲခြင်းများကို အလွန်အံ့သြဖွယ်ကောင်းလောက်အောင် ဖြစ်ထွန်းစေတော်မူသောကြောင့် ဘုရားသခင်နှင့်ဘုရားသခင်၏အုပ်စိုးခြင်းနှင့်ဆိုင်သောပညတ်တော်တစ်ဖက်၌ နေလျက်စုရုံးကြသောနတ်ဆိုးအပေါင်းအသင်းတို့နှင့်တကွ အောင်မြင်ခြင်းရှိပြီဟူ၍ မိမိကြွားဝါပြောဆိုလျက်နှင့်ပင်စာတန်သည် ၎င်းတို့ကို မိမိ၏စဉ်းလဲကောက်ကျစ်ခြင်း၊ လိမ်မည်လှည့်ဖြားခြင်းတို့ဖြင့် တိုက်ဖျက်၍ မရနိုင်သောခံတပ်ကြီးသဖွယ်ကြည့်ရှုလျက်ရပ်နေလေသည်။ ၎င်းပြောင်းလဲခြင်းတို့သည် သူ့အဖို့လုံးလုံးနားမလည်နိုင်လောက်အောင် လျှို့ဝှက်သောအရာဖြစ်ပေသည်။ တစ်ခါက အမျက်တော်ကိုခံရသောသူများဖြစ်ခဲ့ကြသည့် ကျဆုံးသောလူတို့သည် သခင်ခရစ်တော်၏ သွန်သင်ဆုံးမခြင်းအားဖြင့် ကောင်းကင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ အကျင့်စာရိတ္တကိုတိုး၍ကောင်းမွန်လာအောင်ပြုပြင်လျက်ကောင်းကင်နေရာတွင်ဝင်ရောက်နေထိုင်ခွင့်ရ၍ ကောင်းကင်ပျော်ရွှင်ခြင်းတို့ကိုခံစားခွင့်ရရှိကြမည်အကြောင်း ဘုရားသခင်၏သားသမီးများဖြစ်လာရကြမည်ကိုလူတို့နှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ရန်ခန့်ထားခြင်းခံရသော တန်ခိုးအာဏာစက်များဖြစ်ကြသည့် ကောင်းကင်တမန်သရပ်နှင့် ခေရုပ်ဗိမ်များတည်းဟူသော ဘုရားသခင်၏ကောင်းကင်တမန်များတို့သည် အံ့သြခြင်းနှင့်လည်းကောင်း၊ အားရဝမ်းမြောက်ခြင်းနှင့်လည်းကောင်း ကြည့်ရှုနေကြလေသည်။

ကိုယ်တော်သည်မိမိရွေးနုတ်ဝယ်ယူတော်မူသောပစ္စည်းဥစ္စာထဲမှဘုန်းတော်တည်းဟူသော များစွာသော အမြတ်အစွန်းကိုရရှိမည်အကြောင်း သခင်ခရစ်တော်သည်မိမိ၏အသင်းတော်အားလုံးလောက်သော စွမ်းရည်သတ္တိများကို ချပေးတော်မူ၏။ သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုခံယူရရှိသည့်အတိုင်း အသင်းတော်သည် ကိုယ်တော်

၏ကရုဏာတော်၊ မေတ္တာတော်နှင့်ကျေးဇူးတော်ကိုတည်းဟူသော ဘဏ္ဍာတော်တို့ကို ပြည့်စုံစွာနှင့်နောက်ဆုံး၌ထင်ရှားစွာဖေါ်ပြရမည့် ကိုယ်တော်၏ဥစ္စာထိန်းဖြစ်ပေသည်။ ခမည်းတော်၏မေတ္တာတော်သည် တစ်ဦးတည်းသောသားတော်ဖြစ်သည့်မိမိကိုယ်တော်တိုင်အတွက်ကဲ့သို့ ကျွန်ုပ်တို့အတွက်လည်း ကြီးမြတ်တော်မူကြောင်းနှင့် ကျွန်ုပ်တို့သည် ကိုယ်တော်ရှိရာအရပ် ကိုယ်တော်နှင့်အတူ သခင်ခရစ်တော်နှင့် ခမည်းတော်တို့နှင့် တစ်လုံးတစ်ဝတည်း အစဉ်အမြဲရှိစေမည် အကြောင်း ကိုယ်တော်၏ ကြားဖျန်ဖြေရာ ဆုပတ္ထနာတော်တွင် ဖေါ်ပြတော်မူခြင်းသည် ကောင်းကင်ဗိုလ်ခြေများတို့အတွက် အံ့ဩဖွယ်တစ်ခုဖြစ်၍ ၎င်းသည်သူတို့၏အားရဝမ်းမြောက်စရာအကြောင်းဖြစ်ပေသည်။

ကြွယ်ဝပြည့်စုံ၍ များပြားသောကိုယ်တော်၏ သန့်ရှင်းသော ဝိညာဉ်တော်၏ဆုကျေးဇူးသည် မိမိ၏အသင်းတော်အား ဝန်းရံလျက် ရှိသည့်နံရံကဲ့သို့သော မီးတောက်များဖြစ်၍ ငရဲ၏တန်ခိုးအားဏာစက် များသည် ၎င်းကိုခုခံတိုက်ဖျက်ခြင်းငှါမတတ်နိုင်ချေ။ သူတို့၏ညစ်ညူး ခြင်းကင်းသောသန့်ရှင်းခြင်းနှင့် စွန်းကွက်ခြင်းကင်းသောစုံလင်ခြင်းတို့ နှင့်ရှိနေကြစဉ် သခင်ခရစ်တော်သည် မိမိ၏လူများတို့အားမိမိဒုက္ခခံရ ခြင်း၊ ရှုတ်ချခံရခြင်းအပေါင်းတို့နှင့် မိမိမေတ္တာတော်၏ ဆုကျေးဇူးနှင့် မိမိ၏ဘုန်းတော်တွင်ထပ်မံရရှိသောဘုန်းတော်အဖြစ်နှင့် ကြည့်ရှုတော် မူသည်။ Christian Experience and Teaching. 208-9

ဘုရားသခင်သည် မိမိ၏လူများကိုထကြွလှုပ်ရှားစေတော်မူမည်။ အခြားသောနည်းလမ်းများမအောင်မြင်လျှင် သူတို့အားဆန်ခါနှင့်ချ၍ ဖွဲကိုဂျုံဆန်တို့နှင့်ခွဲခြားထားသကဲ့သို့ပြုမည့် ကွဲလွဲဖေါက်ပြန်သောအယူ ဝါဒသည် သူတို့အထဲ၌ပေါ်လာလိမ့်မည်။ 5T 707.

အသင်းတော်သည် ဆန့်ကျင်ပုန်ကန်သော လောကကြီးတွင် ဘုရားသခင်တည်ထားတော်မူသော ဘုရားသခင်၏ခံတပ်၊ ခိုလှုံရာရဲ တိုက်ဖြစ်၏။ AA. 11.

--*--

## အခန်း ၈

# ဇေဝံဂေလိအမှုဆောင်တို့အတွက်အကြံဉာဏ်

### ရွှေ့အခြေအနေ

ကျွန်ုပ်တို့သည် ဤကမ္ဘာမြေကြီး အကြောင်းအရာတို့၏ အဆုံးသို့ရောက်လုနီးပြီ။ ကျွန်ုပ်တို့၌ ကြီးကျယ်သော အလုပ်တစ်ခုရှိသည်။ အပြစ်နှင့်ပြည့်ဝသော လောကကြီးအား နောက်ဆုံး သတိပေးခြင်း သတင်းစကားကို ကြားပြောခြင်းတည်းဟူသော နောက်ဆုံးပိတ်အလုပ်ဖြစ်ပေသည်။ လောကအား ဤသတင်းစကားကို ကြားပြောစေဖို့ရန် သခင်ဘုရားသည် လူများကိုလယ်ထွန်နေရာ၊ စပျစ်ဥယျာဉ်နှင့် အခြားသောအလုပ်အကိုင်အမျိုးမျိုးထဲမှ စေလွှတ်တော်မူလိမ့်မည်။

လောကကြီးသည် လမ်းလွဲလျက်ရှိ၏။ အခြေအနေကိုကြည့်လိုက်သောအခါ ရွှေ့အခြေအနေသည် စိတ်ပျက်ဖွယ် လက္ခဏာဖြစ်၏။ သို့ရာတွင် သခင်ခရစ်တော်သည် ကျွန်ုပ်တို့အား စိတ်ပျက်စေသောယောကျာ်းနှင့်မိန်းမတိုင်းတို့စိတ်ချမျှော်လင့်ခြင်းနှင့်တွေ့ဆုံတော်မူ၏။ ကိုယ်တော်သည် သူတို့တွင် မိမိ၏စပျစ်ဥယျာဉ်၌ဝင်ရောက်အမှုထမ်းနိုင်မည့်အရည်အချင်းကိုသိမြင်တော်မူ၏။

သစ်ပင်မြက်ပင်ကင်းမဲ့၍မပြုပြင်ရသေးသော လယ်ပြင်အများတို့သို့အစပြု၍ လုပ်ဆောင်သောသူတို့သည် သွားရောက်ရကြမည်။ နှိမ့်ချခြင်းနှင့်အစပြု၍အလုပ်တွင်စိတ်ပါဝင်စားကြလျှင်အချိန်ကာလနှင့်နေရာအလျောက်သင့်လျော်သောလူများ ဖြစ်ကြမည့်အမှုတော်ဆောင်အများတို့တွင် လောကအတွက် ကယ်တင်ရှင်ထင်မြင်ချက်၏ ထွန်းတောက်သောရောင်ခြည်က ယုံကြည်အားထားခြင်းစိတ်ကို ထကြွနိုးဆော်လိမ့်မည်။ သခင်ခရစ်တော်သည် လောက၏စိတ်ဒုက္ခနှင့် လုံးလုံးစိတ်ပျက်ခြင်းရှိသမျှကို သိမြင်တော်မူ၏။ ၎င်းတို့ကိုမြင်ရခြင်းဖြင့် များပြားသောအရည်အချင်းတို့နှင့် ပြည့်စုံကြသော အမှုဆောင်အချို့တို့သည် ပထမ

လှေကားထစ်သို့ ယောကျ်ားနှင့်မိန်းမများကို ရှေ့ဆောင်ခြင်းအလုပ်ကို မည်ကဲ့သို့အစပြုရမည်ကိုပင်မသိရှိနိုင်လောက်အောင် အလွန်လေးသော စိတ်ပျက်ခြင်းအလေးချိန်အားဖြင့်ညွှတ်နေကြလိမ့်မည်။ သူတို့၏သေချာ သောစည်းကမ်းစနစ်များသည် များစွာအကျိုး မရှိတော့ချေ။ ထိုသူတို့ သည် အောက်လှေကားထစ်များတွင်ရပ်လျက် 'ကျွန်ုပ်တို့ရှိရာနေရာသို့ တက်လာကြလော့"ဟု ပြောဆိုကြလိမ့်မည်။ သို့ရာတွင် သနားစရာ ကောင်းသော ဝိညာဉ်များသည် အဘယ်သို့ခြေလှမ်းရမည်ကိုမသိကြ။

သခင်ခရစ်တော်၏စိတ်နှလုံးသည် အမျိုးမျိုးဆင်းရဲနေသောသူ တို့ကိုမြင်တော်မူခြင်းအားဖြင့်အားတက်လာ၏။ ညှဉ်းဆဲခြင်းခံရသည့် စိတ်နှိမ့်ချသောသူများကို ထောက်ရှုတော်မူခြင်းဖြင့် အားတက်လာ၏။ ဖြောင့်မတ်ခြင်းကိုမပြေနိုင်လောက်အောင်ငတ်မွတ်ဟန်ရှိသောသူနှင့်အ စပြု၍ဆောင်ရွက်ရန် မတတ်စွမ်းနိုင်သောသူအများအားဖြင့်အားတက် လာ၏။ တနည်းအားဖြင့်ဆိုလျှင်အများသောဓမ္မာဆရာတို့အား စိတ်ပျက် စေမည့်အခြေအနေများအားဖြင့် ကိုယ်တော်သည် အားယူတော်မူ၏။ ကိုယ်တော်သည်ကျွန်ုပ်တို့၏မှားနေသောကိုးကွယ်ခြင်းကိုပြင်ဆင်တော် မူလျက် မြေကြီးပေါ်၌ကြမ်းတမ်းသော နေရာများတွင် ဆင်းရဲနွမ်းပါး သောသူတို့အတွက် အမှုဆောင်ခြင်းတာဝန်ကို အသိပညာနည်းသော သူနှင့် လမ်းလွဲသော သူတို့အကြောင်းကို သိရှိနိုင်သော စိတ်သဘော ရှိသောယောကျ်ားနှင့်မိန်းမတို့အားပေးအပ်တော်မူ၏။

ညီအစ်ကိုမောင်နှမများတို့၊ ဓမ္မအမှုဆော်ခြင်းအလုပ်တွင် လူ များထံနီးကပ်စွာလာကြပါ။ စိတ်ညှိုးငယ်သောသူတို့ကို မြှောက်ပင့်ပါ။ ကြီးစွာသော ဒုက္ခဆင်းရဲခြင်းကို ဖုံးကွယ်နေသောကောင်းချီးမင်္ဂလာ၊ ပူဆွေးခြင်းတို့ကို ကရုဏာများကဲ့သို့သဘောထားကြပါ။ စိတ်ပျက်စရာ နေရာတွင် မျှော်လင့်ခြင်းကိုဖြစ်ပေါ်လာစေမည့်နည်းမျိုးနှင့်အမှုဆောင် ရွက်ပါ။

သာမညလူများတို့သည် သူတို့၏နေရာတွင်အမှုဆောင်များကဲ့သို့ လုပ်ဆောင်ရကြမည်။ ကယ်တင်ရှင်သည် လူသတ္တဝါတို့၏စိတ်ဒုက္ခ

များကို ဆက်ဆံတော်မူသည်နည်းတူ မိမိတို့နှင့်စပ်ဆိုင်သော သူတို့၏ ဒုက္ခများကိုဆက်ဆံကြလျက်သူတို့နှင့်အတူ ကိုယ်တော်သည်အမှုဆောင် တော်မူသည်ကို သူတို့သည် ယုံကြည်ခြင်းအားဖြင့် သိမြင်ရကြလိမ့်မည်။

## သခင်ခရစ်တော်သည်စိတ်ပျက်တော်မမူ

ကယ်တင်ရှင်သည်လောက၏စိတ်ဒုက္ခနှင့်လုံးလုံးစိတ်ပျက်ခြင်း၏ အခြေအနေကိုသိရှိတော်မူ၏။ မည်ကဲ့သို့နည်းအားဖြင့် သက်သာခွင့်ကို ယူဆောင်ရမည်ကိုလည်းသိရှိတော်မူ၏။ ကိုယ်တော်သည် အပြစ်ဒုစရိုက်၊ ဆင်းရဲဒုက္ခ၊ ဝေဒနာများနှင့် ညှဉ်းတ်လျက် မှောင်မိုက်တွင် ရှိနေသော ဝိညာဉ်များကိုနေရာတိုင်း၌မြင်တော်မူ၏။ သို့ရာတွင်သူတို့၏ဖြစ်နိုင်သည့် အခြင်းအရာများကိုလည်းသိမြင်တော်မူ၏။ မည်ကဲ့သို့သောအခြေအနေ အထိ သူတို့သည်ရောက်လာကြမည်ကို ကိုယ်တော်သိတော်မူ၏။ လူ သတ္တဝါတို့သည် သူတို့၏ကရုဏာသဘောများကို အလွဲ အသုံးပြုကြ၍ သူတို့၏စွမ်းရည်သတ္တိများကို အချည်းနှီးကုန်ခန်းစေလျက် ဘုရားနှင့်တူ သောလူဖြစ်ရခြင်း၏ ဂုဏ်ကို ဆုံးရှုံးစေကြသော်လည်း ဖန်ဆင်းတော်မူ သောအရှင်သည်သူတို့အားရွေးနုတ်ခြင်းအမှုတွင် ချီးမြှောက်ခြင်းကို ခံရ တော်မူလိမ့်မည်။

မိမိ၏တပည့်တော်များကတောင်းလျှောက်၊ သို့မဟုတ်ကြံစည်နိုင် သမျှထက်ကိုယ်တော်သည် သူတို့အတွက်သာ၍ဆောင်ရွက်နိုင်တော်မူသ ဖြင့် သခင်ခရစ်တော်သည် ဝမ်းမြောက်တော်မူ၏။ သန့်ရှင်းသောဝိညာဉ် တော်၏အနန္တတန်ခိုးတော်နှင့်လက်စွဲလျက် သမ္မာတရားသည်အဆိုးနှင့် တိုက်ခိုက်ရာတွင်အောင်မြင်၍အသွေးနှင့်စွန်းကွက်နေသော အလံတော် သည်မိမိ၏တပည့်တော်များအပေါ်၌အောင်မြင်ခြင်းနှင့်လှုပ်ရှားနေလိမ့် မည်ကိုကိုယ်တော်သိရှိတော်မူ၏။ ယုံကြည်လျက်ရှိသော မိမိ၏ တပည့် တော်များ၏အသက်တာသည် မိမိ၏ အသက်တာမျိုးနှင့် တူလိမ့်မည်ကို ကိုယ်တော်သိတော်မူ၏။ ထိုအသက်တာမျိုးကား၊ ယခုအခါ၌ မမြင်ရ သေးသော်လည်း နောင်ထာဝရကာလကြီးတွင် အသိအမှတ်ပြုခြင်းခံရ မည့်အဆက်မပြတ်အောင်မြင်ခြင်းတည်း။

ကိုယ်တော်က 'သင်တို့သည်ငါ့ကိုအမှီပြု၍ ငြိမ်သက်ခြင်းရှိစေခြင်းငှါဤစကားကိုငါဟောပြောပြီ၊ သင်တို့သည်လောက၌ဆင်းရဲဒုက္ခကိုခံရကြလိမ့်မည်။ သို့သော်လည်းမစိုးရိမ်ကြနှင့်၊ ငါသည်လောကကို အောင်ပြီ" ဟုမိန့်တော်မူ၏။ ယော၊ ၁၆း၃၃။ သခင်ခရစ်တော်သည် ဆုံးရှုံးတော်မမူ။ စိတ်ပျက်ခြင်းလည်းရှိတော်မမူ။ ၎င်းပြင်ကိုယ်တော်၏တပည့်တော်များတို့သည်လည်း ထိုတည်မြဲသောသဘောမျိုး၌ ယုံကြည်ခြင်းရှိကြောင်းဖေါ်ပြရကြမည်။ သူတို့သည်ကိုယ်တော်အားအမှုဆောင်သခင်ကြီးအဖြစ်နှင့်အားကိုးအားထားကြသောကြောင့် သူတို့သည်ကိုယ်တော်အသက်ရှင်တော်မူသည်နည်းတူ အသက်ရှင်ရကြမည်။ ၎င်းအပြင် ကိုယ်တော်လုပ်ဆောင်တော်မူသည်နည်းတူလုပ်ဆောင်ရကြမည်။

သူတို့သည်ရဲရင့်ခြင်း၊ ခွန်အားဗလနှင့်ကြိုးစားအားထုတ်ခြင်းနှင့်ပြည့်စုံရကြမည်။ မဖြစ်နိုင်ဟုထင်မြင်ရသောအရာများက သူတို့၏ လမ်းခရီးကိုတားဆီးပိတ်ပင်သော်လည်း သူတို့သည် ကိုယ်တော်၏ ကျေးဇူးတော်အားဖြင့် ရှေ့သို့တိုးတက်သွားရကြမည်။ ခက်ခဲသော အရာများအတွက်ပူဆွေးနေကြမည့်အစားသူတို့သည် ၎င်းတို့ကိုကျော်လွန်သွားစေရန်ခေါ်တော်မူခြင်းကိုခံရကြသည်။ သူတို့သည်ဘယ်အရာ၌မျှစိတ်ပျက်ခြင်းမရှိရကြ။ အရာခပ်သိမ်းတို့၌ မျှော်လင့်ခြင်းရှိရကြမည်။ GW. 36-9.

## ဝိညာဉ်နှင့်ဆိုင်သောကင်းစောင့်များ

သခင်ခရစ်တော်၏ အမှုဆောင်များတို့သည် မိမိတို့ လက်ထဲ၌စောင့်ရှောက်ကြရန် အပ်ထားသောလူများတို့အတွက် ဝိညာဉ်နှင့်ဆိုင်သောအစောင့်အရှောက်များဖြစ်ကြပေသည်။ သူတို့၏အလုပ်သည်ကင်းစောင့်တို့၏အလုပ်နှင့်တူပေသည်။ ရှေးအခါက အစောင့်များတို့သည်မကြာခဏမြို့ရိုးများပေါ်တွင်နေရကြ၍ နေရာကောင်းသောကြောင့်သူတို့သည်စောင့်ရှောက်ဖို့ရန်အရေးကြီးသောနေရာများကိုကျော်၍မြင်နိုင်ကြလျက်ရန်သူလာသည်ကိုသတိပေးနိုင်ကြလေသည်။ သူတို့သစ္စာရှိကြခြင်းအပေါ်၌အတွင်းတွင်ရှိသောသူအပေါင်းတို့၏လုံခြုံရေးသည် မှီခိုလျက်ရှိ

၏။ အားလုံးတို့သည် နိုးကြားနေကြကြောင်းနှင့်တစ်ယောက်မျှ ဘေးဒုက္ခ တစ်စုံတစ်ခုမျှမရောက်ကြောင်းကို အသေအချာသိရှိရန်သတ်မှတ်ထား သောအချိန်အခါများတွင် သူတို့သည် အချင်းချင်း တစ်ယောက်ကို တစ်ယောက်ဟစ်ခေါ်ကြရလေသည်။ တစ်ယောက်မှ တစ်ယောက်သို့ အားတက်ဖွယ်စကားများသို့မဟုတ်သတိပေးစကားများကို ကြွေးကြော် ကြလျက်ထိုစကားများကိုတစ်မြို့လုံးပဲ့တင်ထပ်သွားအောင်ထပ်ခါထပ်ခါ ဟစ်ခေါ်ရကြလေသည်။

အမှုဆောင်တိုင်းတို့အား ထာဝရဘုရားမိန့်တော်မူသည်မှာ၊ - 'အချင်းလူသား၊ သင့်ကိုဣသရေလအမျိုး၌ ကင်းစောင့်စေခြင်းငှါ ငါခန့်ထားသောကြောင့် သင်သည် ငါ၏နုတ်ထွက်စကားကိုနာခံ၍ သူတို့ကိုသတိပေးရမည်။ ငါသည်လူဆိုးအား အိုလူဆိုး၊ အကယ်စင် စစ်သင်သည်အသေခံရမည်ဟုဆိုသောအခါ ဆိုးသောသူကိုသူ၏လမ်း မှလွဲစေခြင်းငှါ သင်သည်သတိမပေးလျှင် ထိုလူဆိုးသည် မိမိအပြစ် ကြောင့်အသက်ဆုံးလိမ့်မည်။ သို့ရာတွင် သူ၏အသက်ကိုသင်၌ ငါတောင်း မည်၊ သို့မဟုတ် လူဆိုးကို သူ၏လမ်းမှလွဲစေခြင်းငှါ သင်သည်သတိ ပေး၍သူသည် မလွဲဘဲနေလျှင်၊. . . . . သင်သည်ကိုယ်အသက်ကိုကယ်တင် ပြီ။" ယေဇ၊ ၃၃း၇-၉။

ဤပုရောဖက်၏စကားများကအသင်းတော်၏အစောင့်အရှောက်၊ ဘုရားသခင်၏နက်နဲရာများ၏ ဘဏ္ဍာစိုးများအဖြစ်နှင့် ခန့်ထားခြင်းခံရ သောသူတို့အပေါ်၌ တည်ရှိသောအရေးကြီးသော တာဝန်များတို့ အကြောင်းကိုဖေါ်ပြလေသည်။ သူတို့သည်ရန်သူလာသောအခါ သတိ ပေးစကားသံကို ကြွေးကြော်စေဖို့ရန် ဇိအုန်မြို့ရိုးများပေါ်၌ ရှိသော ကင်းစောင့်များကဲ့သို့ရပ်နေရကြမည်။ အကြောင်းတစ်ခုခုကြောင့်ဘေး အန္တရာယ်ကိုမသိရှိနိုင်လောက်အောင် သူတို့၏ဝိညာဉ်နှင့်ဆိုင်သော အာရုံများသည် ထုံထိုင်းနေ၍သတိပေးဖို့ရန် ပျက်ကွက်ခြင်းအားဖြင့် လူများတို့သည် ဆုံးရှုံးကြလျှင် ဘုရားသခင်သည် ဆုံးရှုံးသောသူတို့၏ အသွေးကိုသူတို့ထံ၌တောင်းတော်မူလိမ့်မည်။

ကိုယ်တော်သည် ကင်းစောင့်များအားဖြင့် အပြစ်ရှိသောသူတို့အား မိမိတို့၏ဘေးဥပဒ်အကြောင်းကို ပြောပြ၍ လုံခြုံသောနေရာကို သူတို့အား ညွှန်ပြတော်မူနိုင်မည်အကြောင်း၊ ဇိအုန်မြို့ရိုးပေါ်၌ရှိသော ထိုကင်းစောင့်တို့သည် ဘုရားသခင်နှင့် အလွန်နီးကပ်စွာနေထိုင်ရ၍ ဘုရားသခင်ဝိညာဉ်တော်၏တံဆိပ်နှိပ်ခြင်းခံရသည်ကို အလွန်သိလွယ်ဖို့ရန် အခွင့်ထူးရရှိကြလေသည်။ သူတို့သည် ဆက်ကပ်ပူဇော်ခြင်း၏ အသွေးအားဖြင့် တံဆိပ်နှိပ်ခြင်းခံရလျက် ဘုရားသခင်ရွေးချယ်တော်မူခြင်းခံရကြသည်အလျောက်ယောကျ်ားနှင့်မိန်းမများတို့အား ရောက်ဆဲရှိသောပျက်စီးခြင်းထဲက ရွေးနုတ်ကယ်ဆယ်ရကြမည်။ သူတို့သည် မိမိတို့နှင့်စပ်ဆိုင်သောလူများအား လွန်ကျူးခြင်း၏ သေချာမှန်ကန်သော အကျိုးအပြစ်အကြောင်းကို သစ္စာနှင့်သတိပေးရကြမည်။ ၎င်းပြင် အသင်းတော်၏အတိုးအပွားများကို လုံခြုံစေရန်သစ္စာနှင့်စောင့်ထိန်းရကြမည်။ ဘယ်အခါမျှသူတို့သည်သတိမသစ်ရကြချေ။ သူတို့၏အလုပ်ကား၊ မိမိတို့၏စွမ်းရည်သတ္တိရှိသမျှကို လေ့ကျင့်အသုံးပြုခြင်းတည်း။ သူတို့၏အသံများသည် တံပိုးခရာသံလောက်မြင့်လာရမည်။ ၎င်းပြင် သူတို့သည်မညီညာမပြတ်သားသောအသံမျိုးဘယ်အခါမျှမကြွေးကြော်ရကြချေ။ သူတို့သည်အခကြေးငွေအတွက်သာ လုပ်ဆောင်ရကြမည်မဟုတ်။ သူတို့သည် ဧဝံဂေလိတရားတော်ကို မဟောမပြောဘဲနေလျှင် သူတို့အပေါ်၌ အမင်္ဂလာသက်ရောက်မည်ကိုသိရှိသဖြင့် သူတို့သည် ဤအမှုကိုမလုပ်မဆောင်ဘဲမနေနိုင်ကြသောကြောင့်တည်း။ GW 14-5

## အမှုဆောင်ရာတွင်သစ္စာရှိခြင်း

သခင်ခရစ်တော်နှင့်အတူ လုပ်ဖေါ်ဆောင်ဖက်ဖြစ်သော အမှုဆောင်သည် မိမိအလုပ်၏မြင့်မြတ်သန့်ရှင်းခြင်းအကြောင်းနှင့် ၎င်းကို အောင်မြင်စွာပြုလုပ်နိုင်ဖို့ရန် ပင်ပန်းစွာလုပ်ဆောင်ခြင်းနှင့် စွန့်စားပူဇော်ခြင်းလိုကြောင်းကို ကောင်းစွာသိရှိနားလည်လိမ့်မည်။ သူသည် မိမိသက်သာ အေးဆေးစွာရှိစေဖို့ရန်ကိုသာမရှာကြံ။ သူသည်မိမိအကျိုးကိုမေ့လျော့တတ်လေသည်။ ပျောက်သောသိုးကို မိမိကိုယ်တိုင်

ရှာဖွေရာတွင် မိမိကိုယ်တိုင်မောပန်း၊ ချမ်းအေးလျက်ဆာငတ်မွတ်နေသည်ကိုအမှုမထားဘဲနေ၏။ သူ၌ရှိသောရည်ရွယ်တစ်ခုကားပျောက်လွင့်နေသောသူတို့ကိုကယ်ဆယ်ခြင်းတည်း။

မှန်ကန်သော အမှုဆောင်သည် မိမိ၏သန့်ရှင်းမြင့်မြတ်သော အလုပ်ကိုယုတ်ညံ့စေမည့်အရာ တစ်စုံတစ်ခုမျှ ပြုလုပ်လိမ့်မည်မဟုတ်။ သူသည်အပြုအမူအနေအထိုင်တို့တွင် အလုံးစုံသတိဝီရိယရှိလျက် လုပ်ကိုင်ဆောင်ရွက်ရာတို့တွင် သတိပညာနှင့်ပြည့်စုံလေသည်။ သူသည် သခင်ခရစ်တော်လုပ်ဆောင်တော်မူသည်နည်းတူ လုပ်ဆောင်လိမ့်မည်။ သခင်ခရစ်တော်ပြုတော်မူသကဲ့သို့သူသည်ပြုလိမ့်မည်။ ကယ်တင်ခြင်းအကြောင်းကိုမသိသေးသောသူတို့ထံသို့ ကယ်တင်ခြင်းနှင့်ဆိုင်သော သတင်းစကားများကိုယူဆောင်သွားရာတွင် သူသည်မိမိအစွမ်းသတ္တိရှိသမျှကိုအသုံးပြုလိမ့်မည်။ သူ၏စိတ်နှလုံးသည် သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းကို လွန်စွာ ဆာငတ်မွတ်ခြင်းနှင့် ပြည့်ဝလိမ့်မည်။ GW. 16-7.

## လူတို့၏တည်ကြည်မြဲမြံခြင်းပုံသက်သေ

ဘုရားသခင်၏ကျွန်များသည် လောကမှဂုဏ်အသရေ၊ သို့မဟုတ် အသိအမှတ်ပြုခြင်းကိုမခံရကြချေ။ သတေဖန်သည် သခင်ခရစ်တော်အကြောင်းနှင့် ကိုယ်တော်အသေသတ်ခံရခြင်းအကြောင်းကိုဟောပြောသောကြောင့် ကျောက်ခဲနှင့်ပစ်သတ်ခြင်းခံရ၏။ ရှင်ပေါလုသည်တစ်ပါးအမျိုးသားတို့အတွက် ဘုရားသခင်၏သစ္စာရှိသော စေတမန်ဖြစ်သောကြောင့် ထောင်ကျခံရ၏။ အရိုက်ခံရ၏။ ကျောက်ခဲနှင့်အပစ်ခံရ၏။ နောက်ဆုံး၌အသေသတ်ခြင်းကိုခံရ၏။ တမန်တော်ရှင်ယောဟန်သည် 'ဘုရားသခင်၏နှုတ်ကပါဌ်နှင့် ယေရှုခရစ်၏သက်သေခံတော်မူချက်ကြောင့်" (ဗျာ၊ ၁း၉)။ ပတ်မုကျွန်းသို့နှင်ထုတ်ခြင်းကိုခံရ၏။ ဘုရားသခင်၏တန်ခိုးတော်ကိုထောက်လျက်လူတို့သည်မြဲမြံတည်ကြည့်ကြောင်းကိုဖော်ပြသော ဤပုံသက်သေများကား ဘုရားသခင်၏ကတိတော်များသည် ဟုတ်မှန်ကြောင်းနှင့် ဘုရားသခင်သည် အမြဲတည်ရှိ၍ ကျေးဇူးတော်သည် အစဉ်ထောက်မလျက်ရှိကြောင်းကို သက်သေခံလေသည်။

ဘုရားသခင်၏ရန်သူများတို့အဖို့ကား နောင်ကာလ၌ဘုန်းနှင့် ပြည့်စုံသည့် မသေနိုင်သောအဖြစ်ကို မျှော်လင့်ဖို့အခွင့် မရှိကြချေ။ စစ်ဗိုလ်ချုပ်ကြီးသည် နိုင်ငံများကိုအောင်မြင်လျက် လောကထက်ဝက် လောက်၏စစ်တပ်များကို တုန်လှုပ်ချောက်ချားစေသော်လည်း သူသည် စိတ်ပျက်ခြင်းနှင့်လည်းကောင်း၊ ရပ်ဝေးသို့ပြည်နှင်ဒဏ်ခံရစဉ်အခါ၌ လည်းကောင်း သေဆုံးရလေသည်။ စကြဝဠာတစ်ဝန်းလုံးတွင်ဘုရား သခင်၏တန်ခိုးတော်ကို ဖေါ်ပြထားသောအရာများကို နေရာတကာ၌ မှတ်သားလျက်၊ ၎င်းတို့၏ညီညွတ်သမခြင်းကိုသဘောကျလျက် တစ်မျိုး ပြီးတစ်မျိုးစဉ်းစားဆင်ခြင်တတ်သောစိတ်ပညာတတ်ပုဂ္ဂိုလ်သည် မကြာ ခဏ၎င်းအံ့သြဖွယ်ကောင်းသောအရာများတွင် ၎င်းတို့အားလုံးကိုပြုပြင် တော်မူသောလက်တော်ကိုမမြင်တတ်ချေ။ 'ဂုဏ်အသရေနှင့်ပြည့်စုံ လျက်ပညာသတိမရှိသောသူသည်ကား၊ ပျက်စီးခြင်းသို့ရောက်တတ်သော တိရစ္ဆာန်နှင့်တူ၏။" ဆာ၊ ၄၉း၂၀။ သို့ရာတွင်ဘုရားသခင်၏ယုံကြည် ခြင်းရှိသူရဲကောင်းများသည် လောကဘဏ္ဍာများထက် သာ၍အဖိုးများ စွာထိုက်တန်သောအမွေတော်၊ တောင့်တလျက်နေသော ဝိညာဉ်၏အလို ကိုပြည့်စုံစေမည့် အမွေတော်ကိုအမွေခံရကြလိမ့်မည်။ လောကသည်သူ တို့ကိုမသိ၊ ဝန်မခံသော်လည်းအထက်အရပ်ရှိစာရင်းစာအုပ်များတွင် သူတို့၏နာမည်များကို ကောင်းကင်ပြည်တော်သားအဖြစ်နှင့် ရေးမှတ် ထားလျက် သူတို့သည် ထာဝရဘုန်းတော်တည်းဟူသော အလွန်ကြီး မြတ်သည့် ဂုဏ်အသရေကိုရရှိကြလိမ့်မည်။ GW, 18.

## ဟေရှာယအားခေါ်တော်မူခြင်း

ဘုရားသခင်သည် ဟေရှာယအား သတင်းစကားကို ကြားပြော စေရန် မိမိ၏လူများထံသို့ စေလွှတ်တော်မူသောအခါ ဘုရားသခင်သည် ပထမဦးစွာ ပုရောဖက်အားရူပါရုံတွင် သန့်ရှင်းရာဌာနအတွင်းရှိဟဂျာ ဟဂျန်အရပ်ထဲသို့ကြည့်ရှုစေရန်နှင့်ပြတော်မူ၏။ ခဏချင်းတွင် ဗိမာန် တော်၏တံခါးနှင့် အတွင်းကန့်လန့်ကားများတို့ကို မတင်လိုက်သည် သို့ မဟုတ်ပယ်ရှားလိုက်သည်ဟု ထင်ရ၏။ ၎င်းနောက် ပုရောဖက်ကိုယ်တိုင် ပင် ဝင်ခွင့်မရသောဟဂျာဟဂျန်အရပ်ထဲသို့ သူသည်ကြည့်ဖို့အခွင့်ရလေ

သည်။ ရူပါရုံတွင် ယေဟောဝါတည်းဟူသော ထာဝရဘုရားသည်အလွန်မြင့်မြတ်သောပလ္လင်ပေါ်မှာထိုင်တော်မူလျက် အဝတ်တန်ဆာတော်၏ဘုန်းတော်သည်ဗိမာန်တော်တစ်ခုလုံးကိုပြည့်လျက်ရှိသည်ကို သူသည်မြင်ရ၏။ ကြီးမြတ်သောရှင်ဘုရင်ပတ်လည်တွင်ရှိ အစောင့်အရှောက်များကဲ့သို့ ကောင်းကင်တမန်သရပ်တို့သည် ပလ္လင်တော်၏ပတ်လည်တွင်ရှိကြ၍ သူတို့သည်သူတို့အား ဝန်းရံလျက်ရှိသော ဘုန်းတော်ရောင်ခြည်ကို တစ်ဖန်ပြန်၍တောက်ပစေကြ၏။ သူတို့၏ ချီးမွမ်းသီချင်းဆိုသံများသည်ကြည်ညို၍လုံသောအသံများနှင့်ပဲ့တင်ထပ်လျက်ရှိနေစဉ် တံခါး၏။ တိုင်များသည် ငလျင်အားဖြင့်လှုပ်သကဲ့သို့ လှုပ်ရှားကြလေသည်။

ပုရောဖက်သည် နားထောင်လျက်နေစဉ် သူသည်ထာဝရဘုရား၏ဘုန်းတော်၊ တန်ခိုးတော်နှင့်ကြီးမြတ်တော်မူခြင်းကို ရူပါရုံတွင်မြင်ရ၏။ ၎င်းပြင် ဤရူပါရုံ၏အလင်းတွင် သူ၏အတွင်း ညစ်ညူးခြင်းသည်ထိတ်လန့်ဖွယ်ကောင်းလောက်အောင် ထင်ရှားစွာ ပေါ်လာလေ၏။ သူ၏စကားများပင်လျှင် သူအဖို့ညစ်ညူးသည်ဟုထင်ရလေ၏။ သူသည် အလွန်ပင်နှိမ့်ချလျက်၊ 'ငါ၌အမင်္ဂလာရှိ၏၊  ငါအကျိုးနည်းပြီ။ အကြောင်းမူကား ငါသည် ညစ်ညူးသောနှုတ်ခမ်းရှိလျက် ........ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားတည်းဟူသော ရှင်ဘုရင်ကို ကိုယ်မျက်စိနှင့်မြင်ရလေပြီတကား" (ဟေရှာ၊ ၆း၅။)  ဟုသူကကြွေးကြော်လေ၏။

ဟေရှာယ၏ နှိမ့်ချခြင်းသည် အမှန်စင်စစ်ဖြစ်၏။ လူဇာတိနှင့် ဘုရားဇာတိတော်သည် ခြားနားကြောင်းကို သူ့အားထင်ရှားစွာဖေါ်ပြသောအခါသူသည်အရည်အချင်းနှင့်မပြည့်စုံ၊ အဖိုးမထိုက်တန်ကြောင်းကိုမြင်လာ၏။ သူသည်ထာဝရဘုရား၏ သန့်ရှင်းသောတောင်းဆိုခြင်းကြောင်းကို လူများအားမည်ကဲ့သို့ ပြောပြနိုင်လိမ့်မည်နည်း။

'ထိုအခါ ကောင်းကင်တမန်သရပ်တစ်ပါးသည် ယဇ်ပလ္လပေါ်သမီးညှပ်ဖြင့်ယူသောမီးခဲတစ်ခဲကို လက်နှင့်ကိုင်လျက် ငါရှိရာသို့ ပျံလာ၍ငါ့နှုတ်ကိုတို့ပြီးလျှင် ဤမီးခဲ့သည်သင်၏နှုတ်ခမ်းကိုတွေ့ပြီး၊ သင

၏ဒုစရိုက်ကိုသုတ်သင်ပြီ၊ သင်၏အပြစ်လည်းဖြေရှင်းပြီဟုဆို၏" ဟု သူကရေးထား၏။ (ဟေရှာ၊ ၆း၆၊၇)။

ထိုနောက်ဟေရှာယသည် 'ငါသည်အဘယ်သူကိုစေလွှတ်ရမည်နည်း၊ ငါတို့အဖို့အဘယ်သူသည်သွားမည်နည်း" ဟု ထာဝရဘုရား၏မိန့်တော်မူသံကိုကြားရ၍ ဘုရားသခင်၏တန်ခိုးတော်နှင့်ထိတွေ့ခြင်းခံရပြီ ဟုထင်မြင်ကာခွန်အားတိုးတက်လာလျက် 'အကျွန်ုပ်ရှိပါ၏၊ အကျွန်ုပ်ကိုစေလွှတ်တော်မူပါ" ဟုသူကပြန်လျှောက်လေ၏။ (ဟေရှာ၊ ၆း၈)။

ဘုရားသခင်၏ အမှုဆောင်များသည် ဟဂ္ဂါဟဂျန်အရပ်ထဲသို့ ယုံကြည်ခြင်းအားဖြင့်ကြည့်၍ ကောင်းကင်သန့်ရှင်းရာဌာနတွင် ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းကြီး၏ အလုပ်ကိုမြင်ရသောအခါ သူတို့သည်မသန့်ရှင်းသောနှုတ်ခမ်းများရှိသူများ၊ အချည်းနှီးသော အရာကို ပြောတတ်သောလျှာများရှိကြသူများ ဖြစ်ကြသည်ကိုအသေအချာသိမြင်လာကြလေသည်။ သူတို့သည် မိမိတို့၏အဖိုးမထိုက်တန်သောအခြေကိုသခင်ခရစ်တော်၏ စုံလင်ခြင်းနှင့် နှိုင်းစာကြည့်လိုက်သောအခါ သူတို့သည်စိတ်ပျက်ဖို့ကောင်းပေသည်။ လုံးလုံးအဖိုးမတန်၍ကြီးမြတ်သောအလုပ်ကိုဆောင်ရွက်ဖို့မသင့်လျော်ကြောင်းကို သိမြင်လျက် 'ငါအကျိုးနည်းရှိပြီ" (ဟောရှာ၊ ၆း၅။) ဟုကြေကွဲသောနှလုံးနှင့် သူတို့သည်ကြွေးကြော်ကြလေ၏။ သို့ရာတွင် သူတို့သည်ဟေရှာယကဲ့သို့ဘုရားသခင်ရှေ့တော်၌စိတ်နှိမ့်ချကြလျှင် ပုရောဖက်အတွက်ပြုတော်မူသောအလုပ်မျိုးကိုလည်းသူတို့အတွက်ပြုတော်မူလိမ့်မည်။ သူတို့၏နှုတ်ခမ်းများသည်ယဇ်ပလ္လင်ပေါ်မှယူသော မီးတောက်သောမီးခဲနှင့် တို့ခြင်းကိုခံရကြလိမ့်မည်။ ၎င်းပြင် ဘုရားသခင်၏ ကြီးမြတ်ခြင်းနှင့်တန်ခိုးတော်၊ ၎င်းပြင်သူတို့အားမစတော်မူရန် အဆင်သင့်ရှိတော်မူခြင်းကို သိမြင်ကြသဖြင့် သူတို့သည် မိမိကိုယ်ကိုဂရုစိုက်ကြတော့မည်မဟုတ်။ သူတို့သည်မိမိတို့အားအပ်ထားသော အလုပ်၏သန့်ရှင်းမြင့်မြတ်ခြင်းကို သေချာစွာသိမြင်လာကြ၍ မိမိ၏သတင်းစကားတော်ကိုကြားပြောစေစရန် သူတို့အားစေလွှတ်တော်မူသောကိုယ်တော်ကို ရှုတ်ချစေမည့်အရာရှိသမျှတို့ကို သူတို့သည်စက်ဆုပ်ရွံရှာလာကြလိမ့်မည်။

မီးတောက်သောမီးခဲသည်သန့်ရှင်းစေခြင်း၏ ပုံပမာဖြစ်သည်။ ၎င်းပြင်၎င်းသည် ဘုရားသခင်၏မှန်ကန်သောကျွန်များ၏ ကြိုးစားအား ထုတ်နိုင်သောစွမ်းရည်သတ္တိကိုလည်းပုံဆောင်ပေသည်။ ထာဝရဘုရားသည် သူတို့၏ နှုတ်ခမ်းများကို တို့တော်မူနိုင်မည်အကြောင်း လုံးလုံးဆက်ကပ်ပူဇော်သော သူတို့အား စပါးရိတ်ရာလယ်ပြင်ထဲသို့ ထွက်သွားကြလော့၊ ငါသည် သင်တို့နှင့်အတူ ဝိုင်းဝန်းလုပ်ဆောင်မည်ဟုမိန့်တော်မူလိမ့်မည်။

ဤကဲ့သို့ပြင်ဆင်ခြင်းခံရသောအမှုဆောင်သည် လောကထဲ၌ အစဉ်အမြဲသြဇာရှိသောသူဖြစ်လိမ့်မည်။ သူ၏စကားများသည်သန့်ရှင်းမှန်ကန်၍ ထောက်ထားစာနာခြင်း၊ ချစ်ခြင်းနှင့်ပြည့်စုံသောစကားများဖြစ်လိမ့်မည်။ သူ၏အပြုအမူများတို့သည် အားနည်းသောသူများကို မစကူညီ၍ ကောင်းချီးမင်္ဂလာဖြစ်စေလျက် မှန်ကန်သောအပြုအမူများဖြစ်လိမ့်မည်။ သခင်ခရစ်တော်သည် သူနှင့်အတူရှိတော်မူလျက် သူ၏အကြံအစည်၊ အပြောအဆို၊ အပြုအမူတို့ကိုအုပ်ချုပ်စီမံပေးတော်မူလိမ့်မည်။ သူသည်မာနကြီးခြင်း၊ တပ်မက်ခြင်းနှင့် ကိုယ့်အကျိုးကိုရှာခြင်းသဘောများကို နိုင်နင်းဖို့ရန် ဝန်ခံခဲ့ပြီ။ သူသည် ဤဝန်ခံချက်ကိုပြည့်စုံစေရန် ကြိုးစားလျက်နေစဉ် သူသည်ဝိညာဉ်ခွန်အားကို ရရှိလေသည်။ နေ့စဉ်ဘုရားသခင်နှင့် ပေါင်းသင်းဆက်ဆံခြင်းဖြင့် သူသည်နှုတ်ကပါဌ်တော်ကို သိကျွမ်းခြင်း၌ ထူးကဲလာလိမ့်မည်။ သူသည်ခမည်းတော်၊ သားတော်တို့နှင့်ပေါင်းသင်းဆက်ဆံရလေ၏။ ၎င်းအပြင် ဘုရားသခင်၏အလိုတော်ကို အမြဲလိုက်နာစောင့်ရှောက်သောအခါ သခင်ခရစ်တော်၏သိုးခြံထဲသို့လမ်းလွဲနေသောဝိညာဉ်များကိုညွှန်ပြမည့်စကားများကို သူသည် နေ့စဉ်သာ၍ ပြောဆိုရန် သင့်လျော်လာလိမ့်မည်။
WG. 21-3.

## ဧဝံဂေလိအမှုဆောင်သခင်ခရစ်တော်

သခင်ခရစ်တော်ကဲ့သို့သောဧဝံဂေလိအမှုဆောင်တစ်ယောက်မျှ ဘယ်အခါကမျှ မရှိခဲ့ဖူးချေ။ ကိုယ်တော်သည် ကောင်းကင်၏

ကြီးမြတ်သောရှင်ဘုရင်ဖြစ်တော်မူ၏။ သို့ရာတွင် လူများတို့အား သူတို့ ရှိရာနေရာတွင် ကိုယ်တော်တိုင်တွေ့နိုင်မည်အကြောင်း ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဇာတိများကို ယူဆောင်ဖို့ရန် မိမိကိုယ်ကိုနှိမ့်ချတော်မူ၏။ သူဌေးနှင့်ဆင်းရဲသား၊ လူလွတ်နှင့် ချည်နှောင်ခံရသူများမှစသော လူအပေါင်းတို့ထံပဋိညာဉ်တမန်တော်ဖြစ်သော သခင်ခရစ်တော်သည် ကယ်တင်ခြင်းနှင့်ဆိုင်သောသတင်းစကားကို ယူဆောင်လာတော်မူ၏။ ကိုယ်တော်သည် ပါလေတိနတိုင်းပြည့်တစ်ဝန်းလုံး၌ အနာရောဂါကို ပျောက်ကင်းစေသော ပုဂ္ဂိုလ်ကြီးတစ်ဦးဟု ထင်ရှားကျော်စောတော်မူ၏။ ကိုယ်တော်သည် သူတို့ကိုမစဖို့ရန် တောင်းလျှောက်နိုင်မည်အကြောင်း၊ ဖျားနာသောသူတို့သည် ကိုယ်တော်ကြွသွားတော်မူရာနေရာများသို့ လာရောက်ကြလေသည်။ ဤနေရာသို့ကိုယ်တော်၏စကားတော်ကိုကြား၍ လက်တော်တင်တော်မူခြင်းကိုခံဖို့ရန် စိတ်အားကြီးသောသူအများတို့လည်း လာရောက်ကြသေး၏။ ထိုနည်းအားဖြင့်ကိုယ်တော်သည် တစ်မြို့မှတစ်မြို့ တစ်ရွာမှတစ်ရွာသို့ ဧဝံဂေလိတရားကို ဟောလျက်၊ ဖျားနာသူများကို ကင်းပျောက်စေလျက် လှည့်လည်ကြွသွားတော်မူ၏။ ဘုန်းတော်နှင့်ပြည့်စုံသော ရှင်ဘုရင်သည် လူ၏ယုတ်ညံ့သောအသွင်နှင့် လှည့်လည်တော်မူ၏။

ကိုယ်တော်သည် လူမျိုးတို့၏နှစ်စဉ်ပြုရသော ယဇ်ပူဇော်ပွဲကြီးများကိုကြွရောက်တော်မူ၍ထာဝရကာလနှင့်စပ်ဆိုင်သောအရာများကို သူတို့အား ထင်ရှားစေလျက် ကောင်းကင်နှင့်ဆိုင်သော အရာများကို ဖြစ်သည်ဟု ကိုယ်တော်မိန့်တော်မူသော အပြင်အပဖြစ်သည့် အခမ်းအနားများတွင်စိတ်ပါဝင်စားလျက်ရှိသော ပရိသတ်များထံသို့ကြွတော်မူသေး၏။ ကိုယ်တော်သည် လူအပေါင်းတို့ထံပညာဘဏ္ဍာတိုက်ထဲမှဘဏ္ဍာများကိုယူဆောင်လာတော်မူ၏။ သူတို့သည် နားမလည်ဟူ၍မဖြစ်ရအောင် သူတို့အားကိုယ်တော်သည် လွယ်ကူသောစကားနှင့်မိန့်တော်မူ၏။ အထူးသဖြင့် မိမိကိုယ်တော်တိုင်၏ နည်းလမ်းများအားဖြင့် ကိုယ်တော်သည် ဝမ်းနည်းစိတ်ပျက်၍ ဒုက္ခရောက်နေသောသူအပေါင်းတို့ကို မစတော်မူ၏။ နူးညံ့သိမ်မွေ့၊ ယဉ်ကျေးသောကရုဏာတော်နှင့်

ကိုယ်တော်သည် အပြစ်နှင့်ဖျားနာနေသောဝိညာဉ်ကိုပျောက်ကင်းစေ၍ ခွန်အားနှင့်ပြည့်စေလျက် ကြည့်ရှုပြုစုတော်မူ၏။

ဆရာများ၏ အထွတ်အမြတ်ဖြစ်သော ကိုယ်တော်သည် သူတို့ အကျွမ်းအဝင်ဆုံးသောအပေါင်းအသင်းဖွဲ့ခြင်း နည်းလမ်းများအားဖြင့် လူများတို့နှင့်မိတ်ကျွမ်းဝင်ရန် ရှာကြံတော်မူ၏။ ကိုယ်တော်၏ စကားတော်ကို နားထောင်သောသူတို့သည် အမြဲအလွန်ရိုသေလေးမြတ်စွာ သတိရ၍ ထောက်ထားစာနာလျက် နေကြမည့်နည်းလမ်းမျိုးဖြင့် ကိုယ်တော်သည် သမ္မာတရားကို ဖော်ပြတော်မူ၏။ သူတို့၏ အကျိုးကျေးဇူးများနှင့်ဝမ်းမြောက်ခြင်းအတွက် ကိုယ်တော်သည်လုံးလုံးရှာကြံနေသည်ဟူ၍သူတို့အားထင်မြင်စေသောနည်းအားဖြင့် ကိုယ်တော်သည် သွန်သင်ပေးတော်မူ၏။

## သူဌေးနှင့်ဆင်းရဲသားအားတန်းတူထားခြင်း

ကိုယ်တော်သည်အဘယ်မျှလောက်မရပ်မနားအလုပ်လုပ်ခဲ့တော်မူပြီနည်း။ တစ်နေ့ပြီးတစ်နေ့၊ ကိုယ်တော်သည် ဆင်းရဲ၍ဝမ်းနည်းပူပန်သောသူတို့နေရာ၊ ယုတ်ညံ့သောအိမ်များထဲသို့ ဝင်လျက်စိတ်ပျက်သောသူတို့အား မျှော်လင့်ရာစကားကိုပြော၍ ဒုက္ခရောက်သောသူတို့အားငြိမ်သက်ခြင်းကိုဖော်ပြတော်မူလျက်နေသည်ကိုတွေ့ရလိမ့်မည်။ ကိုယ်တော်သည်ကရုဏာ၊ နူးညံ့သောသဘော၊ သနားကြင်နာတတ်သောသဘောများနှင့်ပြည့်ဝတော်မူလျက်၊ ဝန်လေးနေသောသူတို့ကိုချီမ၍ ဝမ်းနည်းစိတ်ပျက်နေသောသူတို့ကို သက်သာစေတော်မူလျက်လှည့်လည်တော်မူ၏။ ကိုယ်တော်ကြွတော်မူရာအရပ်ရပ်သို့ ကိုယ်တော်သည် ကောင်းချီးမင်္ဂလာကိုယူဆောင်သွားတော်မူ၏။

ကိုယ်တော်သည် ဆင်းရဲသောသူတို့ကို ပြုစုတော်မူစဉ် သူဌေးများထံသို့ရောက်ရန် နည်းလမ်းများကိုလည်း ရှာကြံတော်မူ၏။ ကိုယ်တော်သည် ကြွယ်ဝ၍ ဂုဏ်အသရေရှိသော ဖါရိရှဲများ၊ ယုဒလူမျိုးအရာရှိများ၊ ရောမမင်းများတို့နှင့်မိတ်ကျွမ်းဝင်ရန် ကြိုးစားတော်မူ၏။

ကိုယ်တော်သည် သူတို့၏စိတ်နှလုံးသို့ချဉ်းကပ်၍ မပျက်စီးနိုင်သော ဘဏ္ဍာများကို သူတို့အား ဖေါ်ပြနိုင်မည့်အကြောင်း ကိုယ်တော်သည် သူတို့ခေါ်ဖိတ်ခြင်းကိုလက်ခံတော်မူ၏။ သူတို့၏စားသောက်ပွဲများကို သွားတော်မူ၏။ ၎င်းပြင် သူတို့၏အမှုအခင်းနှင့်အလုပ်အကိုင်များတွင် မိမိကိုယ်တော်တိုင်အကျွမ်းဝင်အောင်ပြုတော်မူ၏။

သခင်ခရစ်တော်သည်လူမျိုး၊ အတန်းအစားသို့မဟုတ်အယူဝါဒများကိုခွဲခြားထားတော်မမူ။ ကျမ်းပြုဆရာနှင့်ဖါရိရှဲတို့သည်ကောင်းကင်ဆု ကျေးဇူးများကို မိမိတို့အရပ်ဌာနနှင့် အမျိုးသားချင်းတို့အတွက်သာ ရယူလိုသောဆန္ဒရှိလျက် ကမ္ဘာပေါ်၌ကျန်ရှိနေသေးသော ဘုရားသခင်၏အခြားအိမ်ထောင်သားများကို ဖယ်ရှားထားလိုကြသည်။ သို့ရာတွင် သခင်ခရစ်တော်သည် ပိုင်းခြားလျက်ရှိသော နံရံရှိသမျှကိုဖြိုဖျက်ရန် ကြွလာတော်မူ၏။ ကရုဏာတော်နှင့် မေတ္တာတော်တည်းဟူသော ကိုယ်တော်၏ဆုကျေးဇူးတော်သည်လေနှင့်နေရောင်ခြည်သို့မဟုတ် မြေကြီးကို စိမ်းလန်းစေသောမိုးရေကဲ့သို့ ချုပ်ချယ်ထားခြင်းမရှိချေ။

သခင်ခရစ်တော်၏ အသက်တာသည် ဇာတ်မရှိသော ဘာသာတရားကိုတည်ထောင်တော်မူ၏။ ယုဒလူနှင့်တစ်ပါးအမျိုးသား၊ လူလွတ်နှင့်ချည်နှောင်ခြင်းကို ခံရသောလူများတို့အား ဘုရားသခင်၏ရှေ့တော်၌ ညီအစ်ကိုမောင်နှမချင်းကဲ့သို့ ညီညွတ်စွာ ပေါင်းသင်းဆက်ဆံစေသော ဘာသာတရားဖြစ်ပေသည်။ ကိုယ်တော်သည် မည်သည့်အမှုကိုပြုသည် မဆို၊ မည်သူကိုမျှအားမနာ၊ မည်သူ၏မျက်နှာကိုမျှမထောက်ပေ။ ကိုယ်တော်သည် အိမ်နီးချင်းနှင့်သူစိမ်းများ၊ မိတ်ဆွေနှင့်ရန်သူဟူ၍ပိုင်းခြားထားတော်မမူ။ ကိုယ်တော်၏စိတ်နှလုံးနှင့်တွေ့သောအရာကားအသက်ရေကိုငတ်မွတ်တောင့်တသောဝိညာဉ်ဖြစ်ပေသည်။

ကိုယ်တော်သည်အကြမ်းကြုတ်ဆုံးနှင့်အညွန့်အတုံးဆုံးသောသူများတို့၌မျှော်လင့်စရာအချက်ရှိစေရန် ကြိုးစားတော်မူလျက်သူတို့၌အပြစ်တင်ခွင့်မရှိ၊ အဘယ်သူကိုမျှမပြစ်မှားဘဲ နေသော သူဖြစ်လာ၍ဘုရားသခင်၏ သားသမီးများအဖြစ်နှင့် ထင်ရှားလာစေလောက်အောင်ပြုပြင်

ပေးနိုင်သော အကျင့်စာရိတ္တမျိုးကိုပင် ရရှိနိုင်လိမ့်မည်ဟူသော ကတိတော်ကိုသူတို့အားဖေါ်ပြတော်မူလျက်ရှိ၏။

ကိုယ်တော်သည် မကြာခဏစာတန်၏အုပ်စိုးခြင်းလက်အောက်၌ လွင့်နေ၍ သူ၏ထောင်ချောက်မှ လွတ်ထွက်လာဖို့ရန် အစွမ်းသတ္တိမရှိသောသူတို့ကိုတွေ့ကြုံတော်မူ၏။ ဤကဲ့သို့စိတ်ပျက်၊ ဖျားနာ၊ သွေးဆောင်ခြင်းခံရ၍ ကျဆုံးနေသောသူအား သခင်ယေရှုသည်အနူးညံ့ဆုံးသော သနားကြင်နာဖွယ် စကားများ၊ ကြားနာလို၍ နားလည်လွယ်သော စကားများကိုမိန့်တော်မူ၏။ ကိုယ်တော်သည် ဝိညာဉ်၏ရန်သူနှင့်တစ်ဆင့်ပြီးတစ်ဆင့် တိုက်ခိုက်နေရသောအခြားသူများကိုလည်းတွေ့တော်မူ၏။ သူတို့သည် အောင်မြင်လိမ့်မည်ဟုကတိထားလျက် ဤသူတို့အားကြိုးစားအားထုတ်စေရန် နှိုးဆော်တိုက်တွန်းတော်မူ၏။ အကြောင်းမူကား ဘုရားသခင်၏ ကောင်းကင်တမန်များတို့သည် သူတို့ဘက်၌ရှိ၍ သူတို့အား အောင်မြင်ခြင်းအခွင့်ကိုပေးလိမ့်မည်။

သခင်ယေရှုသည် ယုဒလူမျိုးဖြစ်သော်လည်း မိမိအမျိုး၏ဖါရိရှဲထုံးစံဓလေ့များကို အချည်းနှီးဖြစ်စေလျက် ရှမာရိလူမျိုးတို့နှင့်ရောနှောနေတော်မူ၏။ သူတို့၏ကဲ့ရဲ့ပြစ်တင်ခြင်းကိုခံရသော်လည်း ကိုယ်တော်သည် ဤရှုတ်ချခြင်းခံရသော သူတို့၏ပြုစုကျွေးမွေးခြင်းကို ခံယူတော်မူ၏။ ကိုယ်တော်သည် သူတို့၏အိမ်တွင် သူတို့နှင့်အတူအိပ်တော်မူ၏။ သူတို့၏စားပွဲများတွင် သူတို့နှင့်အတူ သူတို့ကိုယ်တိုင်ချက်ပြုတ်ပြင်ဆင်လျက် ဆက်ကပ်သောအစားအစာတို့ကိုသုံးဆောင်တော်မူ၏။ သူတို့၏လမ်းများတွင်သူတို့ကိုသွန်သင်ဆုံးမတော်မူ၍ သူတို့အားအလွန်သနားကြင်နာခြင်းနှင့်လည်းကောင်း၊ ယဉ်ကျေးဖွယ်သောအပြုအမူနှင့်လည်းကောင်းပြုစုတော်မူ၏။ MH 22-6.

ကျွန်ုပ်တို့၏သခင်ယေရှုခရစ်တော်သည် လူတို့အလိုကိုဖြည့်စွက်ရန် မပင်ပန်းသော ကျွန်အဖြစ်နှင့် ဤလောကသို့ ကြွလာတော်မူ၏။ MH 17

## သန့်ရှင်းသောဝိညာဉ်တော်

သခင်ခရစ်တော်သည် မိမိ၏အသင်းတော်အား သန့်ရှင်းသော ဝိညာဉ်တော်ကိုပေးတော်မူမည်ဟု ကတိထားတော်မူ၏။ ၎င်းပြင်ကတိ တော်သည်ပထမဦးဆုံးတပည့်တော်တို့နှင့်သက်ဆိုင်သည်နည်းတူ ကျွန်ုပ် တို့နှင့်လည်းသက်ဆိုင်ပေသည်။ သို့ရာတွင်အခြားသောကတိရှိသမျှကဲ့သို့ စည်းကမ်းနည်းလမ်းများကို အမှီပြုလျက် ၎င်းကိုလည်းချပေးတော်မူ၏။ သခင်ဘုရား၏ ကတိတော်များကိုယုံကြည်၍ ခံစားထိုက်သည်ဟုပြောဆို ကြသောသူအများရှိပေသည်။ သူတို့သည်သခင်ခရစ်တော်နှင့်သန့်ရှင်း သော ဝိညာဉ်တော် အကြောင်းကို ပြောဆိုကြသော်လည်း သူတို့သည် အကျိုးကျေးဇူးကိုမခံစားရကြချေ။ အကြောင်းမူကားသူတို့သည် မိမိတို့၏ ဝိညာဉ်များကို ဘုရားသခင်၏ပြုပြင်တတ်သောတန်ခိုးသတ္တိများ၏စောင့် ရှောက်စီမံခြင်းကိုခံယူစေရန်မအပ်နှံကြချေ။

ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို အသုံးမပြုနိုင်ကြ၊ ဝိညာဉ်တော်ကကျွန်ုပ်တို့ကိုအသုံးပြုရမည်။ ဝိညာဉ်တော်အားဖြင့်ဘုရား သခင်သည် 'အလိုရှိစေခြင်းငှါလည်းကောင်း၊ အကျင့် ကျင့်စေခြင်းငှါ လည်းကောင်း၊" (ဖိ၊ ၂း၁၃)။ မိမိ၏လူတို့အထဲ၌ပြုပြင်တော်မူ၏။ သို့ရာ တွင်အများသောသူတို့သည်လမ်းပြပို့ဆောင်ခြင်းကိုလိုက်နာကြလိမ့်မည် မဟုတ်။ သူတို့သည်မိမိတို့ကိုယ်တိုင်စီမံပြုလုပ်လိုကြသည်။ ဤအကြောင်း ကြောင့်သူတို့သည်ကောင်းကင်ဆုကျေးဇူးကိုမရရှိကြချေ။ ဘုရားသခင်ထံ တော်၌နှိမ့်ချခြင်းနှင့်ခစားနေလျက်ဘုရားသခင်၏ စောင့်ရှောက်တော်မူ ခြင်းနှင့်ကျေးဇူးပြုတော်မူခြင်းအတွက် စောင့်ဆိုင်းနေသောသူတို့အပေါ် ၌သာဝိညာဉ်တော်ကိုချပေးတော်မူ၏။ ယုံကြည်ခြင်းအားဖြင့် ခံယူထိုက် သည့် ဤကတိထားသော ကောင်းချီးမင်္ဂလာသည် အခြားသော ကောင်းချီးမင်္ဂလာ အပေါင်းကိုလည်း ဆက်လက် ယူဆောင်လာလိမ့် မည်။ သခင်ခရစ်တော်ကျေးဇူးတော်၏ကြွယ်ဝခြင်းအလိုက် ၎င်းကိုချ ပေးတော်မူ၍ ကိုယ်တော်သည် လူတိုင်းတို့အား ခံယူနိုင်သောသတ္တိ အလျောက်ချပေးရန်အသင့်ရှိတော်မူ၏။

ဝိညာဉ်တော်ကို ဝေမျှဆက်ဆံစေခြင်းသည် သခင်ခရစ်တော်၏ အသက်ကိုဝေမျှဆက်ဆံစေခြင်းဖြစ်သည်။ ထိုနည်းအားဖြင့်ဘုရားသခင်၏ဆုံးမသွန်သင်ခြင်းခံရသောသူများ၊ မိမိတို့၏အတွင်း၌ဝိညာဉ်တော်၏ပြုပြင်ခြင်းခံရသောသူများနှင့်မိမိတို့အထဲ၌သခင်ခရစ်တော်၏အသက်ကို ထင်ရှားစေသောသူများသာကယ်တင်ရှင်၏မှန်ကန်သောကိုယ်စားလှယ်များအဖြစ်နှင့်တည်မြဲနိုင်ကြလိမ့်မည်။

## သွန်သင်သူကဲ့သို့သောသန့်ရှင်းသောဝိညာဉ်တော်

လူများတို့သည် ဘုရားသခင်အား မိမိတို့ကိုယ်ကို အပ်နှံကြလျှင် ဘုရားသခင်သည်လူတို့အားမိမိတို့၏နဂိုရှိရင်းအခြေအနေအတိုင်းလက်ခံတော်မူ၍ မိမိ၏အမှုတော်အတွက် သူတို့ကို သွန်သင်ပေးတော်မူမည်။ ဝိညာဉ်ထဲသို့လက်ခံသောဘုရားသခင်၏ဝိညာဉ်တော်သည် ၎င်း၏အရည်အချင်းရှိသမျှကိုနိုးကြားထကြွစေသည်။ သန့်ရှင်းသော ဝိညာဉ်တော်က စောင့်ရှောက်ခြင်းဖြင့် ဘုရားသခင်အား လုံးလုံးလျားလျားထင်ရှားစွာ အပ်နှံထားသောစိတ်သည်ညီညွတ်စွာတိုးပွါး၍ ဘုရားသခင်တောင်းဆိုသောအချက်များကို သိရှိနားလည်လျက်ပြည့်စုံစေဖို့ရန် ခွန်အားတိုးပွားလာလေသည်။ အားနည်းယိမ်းယိုင်တတ်သောအကျင့်စာရိတ္တသည်ခွန်အားနှင့်ပြည့်စုံလျက် မြဲမြံခိုင်ခံ့သောစာရိတ္တမျိုးသို့ ပြောင်းလဲလာလေသည်။ အစဉ်အမြဲဆက်ကပ်အပ်နှံခြင်းသည်သခင်ယေရှုနှင့်မိမိ၏တပည့်တော်များကို အလွန်နီးကပ်စွာ တော်စပ်စေသောကြောင့် ခရစ်ယာန်သည်အကျင့်စာရိတ္တတွင်မိမိ၏သခင်နှင့်တူလာ၏။ သူ၌သာ၍ရှင်းလင်း၊ သာ၍ကျယ်ပြန့်သောအမြော်အမြင်များရှိပေသည်။ သူ၏ပိုင်းခြားဝေဖန်တတ်သောသဘောသည်သာ၍ထက်မြက်စူးရှလာ၍ သူ၏စီရင်ချက်များသည်သာ၍ ညီညွတ်လာလေသည်။ သူသည် ဖြောင့်မတ်ခြင်း တရားနေမင်း၏အသက်ကိုပေးသောတန်ခိုးတော်အားဖြင့် သူသည်များစွာထကြွနိုးကြားလာသဖြင့် သူသည်ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေဖို့ရန်များစွာသောအသီးကိုသီးနိုင်လိမ့်မည်။

လူတို့အား ထူးကဲအံ့သြဖွယ်သောခွန်အားကို ချပေးလျက် အသိပညာနည်းသော သူတို့အား ဘုရားသခင်၏နိုင်ငံတော်နှင့်ဆိုင်သော နက်နဲရာများကိုသွန်သင်ပေးခြင်းအားဖြင့် ဘုရားသခင်၏တန်ခိုးတော်ကို ထင်ရှားစေရန်သန့်ရှင်းသောဝိညာဉ်တော်သည် အပြစ်ကိုအောင်မြင်ရန် တိုက်လှန်သောသူတို့နှင့်အတူတည်ရှိလိမ့်မည်ဟု သခင်ခရစ်တော် ကတိထားတော်မူ၏။ လောက၏ရွေးနုတ်တော်မူသောအရှင်က အသီးသီးတို့တွင် ပြုတော်မူခဲ့သောအမှုကို အကျိုးဖြစ်ထွန်းစေရန် အစဉ်အမြဲ အမှုဆောင်၊ အသစ်ပြုပြင်နေသောသူအဖြစ်နှင့်ဝိညာဉ်တော်ကိုချပေးတော်မမူလျှင်ဘုရားသခင်၏တစ်ပါးတည်းသောသားတော်သည်မိမိ၏ကိုယ်ကိုနှိမ့်ချလျက်ကောက်ကျစ်စဉ်းလဲသော ရန်သူ၏သွေးဆောင်ခြင်းကိုသည်းခံ၍ မတရားသောသူတို့အတွက် တရားတော်မူသောသူသည် အသေခံတော်မူသော်လည်းဘာအကျိုးရှိဦးမည်နည်း။

သန့်ရှင်းသောဝိညာဉ်တော်သည် တပည့်တော်တို့အား သခင်ဘုရားကိုသာချီးမြှောက်ရန်တတ်နိုင်စေ၍ သခင်ခရစ်တော်၏မိန့်ခွန်းတော်များနှင့်အမှုတော်များအကြောင်းကို ရေးမှတ်ထားသောအချက်များကို လောကအားဖေါ်ပြနိုင်မည်အကြောင်းသမ္မာကျမ်းရာဇဝင်ဆရာများ၏ ကလောင်များကိုစောင့်ရှောက်တော်မူ၏။ ယခုကာလ၌ဤဝိညာဉ်တော်သည်ကရာနီကုန်းပေါ်ရှိလက်ဝါးကပ်တိုင်၌ပြုခဲ့သည့်ကြီးစွာသောပူဇော်ခြင်းကိုလူတို့အား သတိပြုစေ၍ လူကိုချစ်တော်မူသော ဘုရားသခင်၏ မေတ္တာတော်ကိုလောကအားဖေါ်ပြလျက် အပြစ်ထင်ရှားသောဝိညာဉ်အားကျမ်းစာတော်မြတ်၏ကတိတော်များကိုဖွင့်ပြရန်ရှာကြံလျက်အစဉ်အမြဲ အလုပ်လုပ်နေတော်မူ၏။

ဖြောင့်မတ်ခြင်း တရားနေမင်း၏ တောက်ပသောရောင်ခြည်ကို မှောင်မိုက်သောစိတ်ထဲ၌ ထွန်းတောက်စေသောအရာ၊ ထာဝရကာလနှင့်ဆိုင်ရာသမ္မာတရားများအကြောင်းကို ကောင်းစွာသိရှိနားလည်နိုင်စေရန် လူတို့၏စိတ်နှလုံးကို ထကြွလှုပ်ရှားစေသောအရာ၊ စိတ်ထဲ၌ ဖြောင့်မတ်ခြင်း၏စံတော်ကြီးကို ဖေါ်ပြ၍ အပြစ်အကြောင်းကိုထင်ရှား

စေသောအရာ၊ အပြစ်မှကယ်လွှတ်နိုင်တော်မူသောကိုယ်တော်၌ ယုံကြည်ခြင်းရှိစေရန်နှိုးဆော်သောအရာ၊ လောကနှင့်သက်ဆိုင်၍ ပျက်စီးတတ်သောအရာများကို နှစ်သက်မြတ်နိုးသော လူတို့၏စိတ်သဘောကိုဆွဲယူလျက် ထာဝရအမွေတော်၌သာ စွဲလမ်းစေခြင်းဖြင့် အကျင့်စာရိတ္တကိုပြုပြင်ပြောင်းလဲပေးသောအရာကား၊ ဝိညာဉ်တော်ဖြစ်သတည်း။ ဝိညာဉ်တော်သည် လူတို့အားအိမ်တော်သား၊ ကောင်းကင်ရှင်ဘုရင်၏ သားသမီးများဖြစ်စေရန်တော်လျော်စွာစီမံလျက်သူတို့ကို အသစ်ပြုပြင်ဖန်ဆင်း၍ယဉ်ကျေးစေလျက် သန့်ရှင်းစေတော်မူသည်။ GW. 284-7.

## ဝန်ထမ်းရမည့်ပျိုရွယ်သူများ

'လူပျိုတို့၊ သင်တို့သည်ခွန်အားနှင့်ပြည့်စုံ၍ဘုရားသခင်၏နှုတ်ကပါဌ်တော်၌ မှီဝဲဆည်းကပ်သဖြင့် မာရ်နတ်ကိုအောင်သောကြောင့် သင်တို့အား ငါရေး၍ပေးလိုက်ခဲ့ပြီ။" ၁ယော၊ ၂း၁၄။ ဆိုင်ရာဆိုင်ရာဌာနအပေါင်းတို့တွင် အမှုတော်သည် ရှေ့သို့တိုးတက် ကြီးပွားသွားစေမည့်အကြောင်း ဘုရားသခင်သည် ပျိုရွယ်သောသူတို့၏ခွန်အားဗလ၊ လုံ့လဝီရိယနှင့်ရဲရင့်ခြင်းမျိုးကိုအလိုရှိတော်မူသည်။ ဘုရားသခင်သည် မိမိ၏အမှုတော်တိုးတက်ပြန့်ပွားစေရာ၌ မစကူညီဖို့ ပျိုရွယ်သူများကိုရွေးချယ်တော်မူပြီ။ ကြည်လင်ရှင်းလင်းသော စိတ်သဘောနှင့် စီမံကြံစည်၍ ရဲရင့်သောလက်နှင့် လုပ်ကိုင်ဆောင်ရွက်ရန် လတ်ဆတ်၍ မချို့တဲ့သောခွန်အားကို အလိုရှိတော်မူ၏။ မိမိတို့၏ ခွန်အားများကို အသုံးပြုခြင်းအားဖြင့်လည်းကောင်း၊ ထက်မြက်သောစဉ်းစားဉာဏ်နှင့် သွက်လက်သော အပြုအမူအားဖြင့်လည်းကောင်း၊ သူတို့သည် ဘုရားသခင်ထံသို့ဘုန်းအရေကိုလည်းကောင်း၊ မိမိတို့နှင့်စပ်ဆိုင်သော သူတို့ထံသို့ ကယ်တင်ခြင်းကိုလည်းကောင်းယူဆောင်လာကြမည့်အကြောင်း မိမိတို့၏နုပျိုသော ခွန်အားကို ဘုရားသခင်အားပေးအပ်ရန်ပျိုရွယ်သောယောကျ်ားနှင့်မိန်းမများကိုခေါ်ဖိတ်တော်မူ၏။

မည်သူမျှမိမိတို့အဖို့အသက်မရှင်။ အားလုံးတို့သည် ကောင်းကျိုးအတွက် သို့မဟုတ် အဆိုးအတွက် ပြုပြင်နိုင်သောသတ္တိများ ဖြစ်ပေါ်

လာရန်ကြိုးစားရကြမည်။ ဤအတွက်ကြောင့် တမန်တော်က လူပျိုများအား တည်ကြည်သော စိတ်သဘောရှိစေရန် ဆုံးမသွန်သင်၏။ သူတို့သည် သခင်ခရစ်တော်နှင့်အတူ ကိုယ်တော်၏ကိုယ်ကို ငြင်းပယ်ခြင်း၊ ပူဇော်ခြင်း၊ သည်းခံခြင်းနှင့်ကရုဏာတော်ကိုပြလျက် သူတစ်ပါးအကျိုးကိုရှာခြင်းသဘောမျိုးတို့ကိုဆက်ခံရယူကြမည်ကို သတိရကြသောအခါ သူတို့သည် မည်ကဲ့သို့သောနည်းအားဖြင့် မတည်ကြည်ဘဲနေလျက် ဆန့်ကျင်ဘက်ပြုနိုင်ကြပါမည်နည်း။

အထက်ထက်က ဤမျှလောက်စွန့်စားခြင်းမျိုး မရှိခဲ့ဖူးချေ။ လုပ်ကိုင်ဆောင်ရွက်မှုများနှင့်သက်ဆိုင်သောဇာတ်ခုံပေါ်၌ယခုပေါ်ပေါက်လာသောသူတို့လောက် လူမျိုးစဉ်ဆက်တို့အပေါ်၌အကျိုးကျေးဇူးများသည် အလွန်ကြီးကျယ်စွာ မှီခိုအားထားခြင်းမရှိခဲ့ဖူးချေ။ ကောင်းသောအကျင့်စာရိတ္တမရှိဘဲ ယုံကြည်လွှဲအပ်ထားသောအလုပ်အကိုင်တစ်ခုခုကိုသလက်ခံလုပ်ကိုင်နိုင်လိမ့်မည်ဟု ပျိုရွယ်သူတို့သည် တစ်ခဏလောက်မျှမစဉ်းစားအပ်ပေ။ ထိုနည်းတူသူတို့သည် ဆူးပင်များမှစပျစ်သီးသို့မဟုတ်ဆူးလေပင်မှသဖန်းသီးကိုဆွတ်ခူးရလိမ့်မည်ဟုမထင်မှတ်အပ်ပေ။

အုတ်တစ်ချပ်ပြီးတစ်ချပ် စီသကဲ့သို့ ကောင်းသောအကျင့်စာရိတ္တကိုတည်ဆောက်ရမည်။ ပျိုရွယ်သော သူတို့အား ဘုရားသခင်၏ အမှုတော်တွင် အောင်မြင်စွာ လုပ်ကိုင်နိုင်စေရန် စွမ်းဆောင်နိုင်စေသောအကျင့်စာရိတ္တများကို မိမိတို့၏အရည်အချင်းများကို လုံ့လဝီရိယနှင့်အသုံးပြုခြင်း၊ ဘုရားသခင်ပေးသနားတော်မူသော အခွင့်အရေးတိုင်းကို တိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ ပညာအပေါင်းကိုပေးသနားတော်မူသောအရှင်နှင့်ဆက်ဆံခြင်းအားဖြင့် ရရှိကြမည်။ ညံ့ဖျင်းသောမိမိရှိရင်းအကျင့်စာရိတ္တနှင့် သူတို့သည် စိတ်ကျေနပ်ခြင်းမရှိရကြ။ ယောသပ်နှင့်ဒံယေလတို့၏အကျင့်စာရိတ္တများသည် သူတို့လိုက်လျှောက်ဖို့ရန် ကောင်းသောပုံစံဖြစ်၍ ကယ်တင်ရှင်၏ အသက်တာတွင် သူတို့သည်စုံလင်သောပုံသက်သေကို တွေ့ရှိရသည်။

## အမှုဆောင်များကိုလေ့ကျင့်ပေးဖို့လိုခြင်း

မကြာမီ ပျိုရွယ်သောသူတို့သည် အိုမင်းသောအမှုဆောင်များ ဆောင်ရွက်နေရသော ယခု တာဝန်ကို ထမ်းဆောင်ရကြတော့မည်။ ပျိုရွယ်သောယောက်ျားများအား ခိုင်ခံ့တည်မြဲ၍ မိမိတို့ကိုယ်တိုင်ပြုကျင့်ရသော ပညာများကိုသင်ကြားပေးဖို့ရန် အမှုမထားဘဲနေခြင်းအားဖြင့် ကျွန်ုပ်တို့သည်အချိန်ကိုဆုံးရှုံးစေကြပြီ။ ဘုရားသခင်၏အမှုတော်သည် အစဉ်အမြဲတိုးတက်လျက်ရှိ၍ကျွန်ုပ်တို့သည်ရှေ့သို့တိုးတက်လော့ဟူသော အမိန့်တော်ကို နားထောင်ရကြမည်။ အကြောင်းအရာ အဖြစ်အပျက် အမျိုးမျိုးတို့အားဖြင့် ယိမ်းယိုင်ခြင်းမရှိကြ။ ဘုရားသခင်နှင့်အတူသွားလာလျက် များစွာဆုတောင်းတတ်ကြ၍ မိမိတို့တတ်နိုင်သမျှ အလင်း အားလုံးကို စုဆောင်းဖို့ရန် စိတ်ပါစွာကြိုးစားကြသော ပျိုရွယ်သူ ယောက်ျားနှင့်မိန်းမများကို အလိုရှိပေသည်။

ထာဝရဘုရား၌အလုပ်တစ်ခုခုရှိသောအခါ ဘုရားသခင်သည်ကြီးကြပ်အုပ်ချုပ်သောအရာရှိများကိုသာမက အမှုတော်ဆောင်အပေါင်းကိုခေါ်တော်မူသည်။ ယနေ့ဘုရားသခင်သည် ကိုယ်စိတ်နှစ်ပါးစလုံး၌ သန်စွမ်း ထက်မြက်သော ပျိုရွယ်သူ ယောက်ျားနှင့် မိန်းမများကို ခေါ်တော်မူလျက်နေ၏။ အာဏာစက်များ၊ တန်ခိုးသြဇာရှိသူများနှင့် မြင့်သောနေရာများတွင် ဝိညာဉ်ရေးနှင့်ပတ်သက်သော ဆိုးညစ်ခြင်းများနှင့် တိုက်ခိုက်ရာတွင် မိမိတို့၏သစ်၍ ကျန်းမာသောဦးနှောက်၏ ခွန်အားများ၊ အရိုးများနှင့်ကြွက်သားများကို သူတို့အား အသုံးချစေရန် ဘုရားသခင်အလိုရှိတော်မူ၏။ သို့ရာတွင် သူတို့သည် ပြင်ဆင်ခြင်းရှိဖို့လိုပေသည်။ အမှန်ပင်မသင့်မလျော်သောပျိုရွယ်သူအချို့တို့သည် အမှုတော်တွင်ဝင်ရောက်လုပ်ကိုင်ရန် ကြံစည်နေကြသည်။ သူတို့သည် သူတစ်ပါးကိုသွန်သင်ခြင်းမပြုမီ မိမိတို့ကိုယ်တိုင် သွန်သင်ခြင်းခံဖို့လိုကြောင်းကို သူတို့သည်မသိနားမလည်ကြချေ။ အနည်းငယ်သာပြင်ဆင်ခြင်းရှိ၍အတော်အတန်အောင်မြင်ခြင်းနှင့်လုပ်ဆောင်ခဲ့ကြသောလူများကို သူတို့ကညွှန်ပြတတ်ကြသည်။ သို့ရာတွင်ဤလူများတို့သည်အောင်မြင်

သောသူများဖြစ်ဖူးခဲ့ကြလျှင်သူတို့သည် စိတ်ရောကိုယ်ပါအလုပ်လုပ်ကိုင်ကြခြင်းကြောင့်ဖြစ်ပေသည်။ သူတို့သည် သင့်လျော်စွာ သွန်သင်လေ့ကျင့်ခြင်းကို ပထမဦးစွာခံယူရရှိခဲ့ကြပါမူ သူတို့၏အလုပ်အကိုင်သည် အဘယ်မျှလောက်သာ၍ကြီးစွာ အောင်မြင်အကျိုးဖြစ်ထွန်းနိုင်လိမ့်မည်နည်း။

ကျွန်ုပ်တို့၏ယုံကြည်ခြင်းတရားကိုသိရှိနားလည်စေရန်သူတစ်ပါးအားဖေါ်ပြနိုင်လောက်အောင် သမ္မာကျမ်းစာတော်မြတ်ကို ကောင်းစွာနားမလည်သေးသောအခါ၌ ပျို့ရွယ်သူတို့အားတရားဟောပြောစေခြင်းအားဖြင့် သူတို့အားမကြာခဏ များစွာနစ်နာခြင်းကို ဖြစ်စေတတ်သည်။ သာသနာနယ်တွင်ထွက်၍ အမှုဆောင်နေသောသူအချို့ တို့သည် ကျမ်းစာ၌ မကျွမ်းကျင်သေးသောသူများဖြစ်ကြသည်။ အခြားသောအရာများတွင်လည်းသူတို့သည် ကောင်းစွာမကျွမ်းကျင်ကြ၊ လုံလောက်စွာမတတ်မြောက်ကြချေ။ သူတို့သည်ကျမ်းစာကိုထစ်မနေအောင် သွက်လက်စွာမဖတ်နိုင်ကြချေ။ ၎င်းပြင်အဓိပ္ပါယ်မပေါ်အောင် စကားများကိုရောနှောရှုပ်ထွေးစွာဖတ်ခြင်းအားဖြင့် ဘုရားသခင်၏ နှုတ်ကပါဌ်တော်ကိုရှုတ်ချရာရောက်ပေသည်။ မှန်ကန်သွက်လက်စွာမဖတ်နိုင်သောသူတို့သည် လူအများတို့၏ရှေ့တွင်ထ၍ ဟောပြောဖို့ရန်မကြံစည်မီ ကိုယ်တိုင်ကောင်းစွာဖတ်နိုင်ဖို့ လေ့ကျင့်လျက်သူတစ်ပါးအားသင်ကြားဖို့ရန်သင့်လျော်သောအခြေသို့ ရောက်ရှိလာရမည်။ CT 535-9

## အပေါ်ယံသိနားလည်ခြင်း

အဘယ်နေရာ၌ ဘုရားသခင်အတွက် သက်သေခံဖို့လိုသည်ကို ပျို့ရွယ်သောဓမ္မဆရာသည် မသိသောကြောင့် သူသည်သမ္မာတရားကို အပေါ်ယံကလောက်သိနားလည်ရုံနှင့်ဘယ်အခါမျှ စိတ်ကျေနပ်နေဖို့ မသင့်။ အများသောသူတို့သည် မိမိတို့၏ယုံကြည်ခြင်းအကြောင်းကို ချေပပြောဆိုရန် ရှင်ဘုရင်များနှင့်လောကပညာရှိများရှေ့တွင် သွားရောက်ရကြလိမ့်မည်။ အပေါ်ယံကလောက်သာ သမ္မာတရားကိုသိနားလည်သောသူတို့သည် ရှက်ကြောက်ခြင်းမရှိသင့်သော အမှုဆောင်များ

မဖြစ်လာနိုင်ကြချေ။ သူတို့သည်ရှုပ်ထွေးလာလျက် သမ္မာကျမ်းစာများကိုရှင်းလင်းစွာအဓိပ္ပါယ်ဖော်ပြနိုင်ကြလိမ့်မည်မဟုတ်။ (၂တိ၊ ၂း၁၅ ကိုဖတ်ပါ)။

မိမိသည်လုံလောက်စွာသင်ကြားခဲ့ရပြီဖြစ်၍ ယခုကြိုးစားပြီးသင်ကြားလေ့ကျက်ခြင်းကိုများစွာပြုဖို့အလိုတော့ဟုဓမ္မဆရာသည်ဘယ်အခါမျှမထင်မှတ်သင့်။ သူသည်တစ်သက်ပတ်လုံးသင်ကြားလေ့ကျက်ခြင်းကိုဆက်လက်ပြုလုပ်ရမည်။ နေ့တိုင်းသူသည်သင်ကြားလေ့ကျက်နေလျက်မိမိရရှိသောအသိပညာကိုအသုံးချလျက်နေရမည်။

ဓမ္မအမှုဆောင်ရွက်ခြင်းအတွက် သင်ကြားလေ့ကျင့်နေသောသူတို့အား နှလုံးကိုပြင်ဆင်ခြင်းသည် အရာခပ်သိမ်းတို့တွင် အရေးအကြီးဆုံးဖြစ်ကြောင်းကို ဘယ်အခါမျှ မမေ့မလျော့စေနှင့်။ အဘယ်မျှလောက်သောပညာသင်ကြားခြင်းအမှု၊ သို့မဟုတ် ဘာသာတရား၌လေ့လာခြင်းအမှုတို့၌ ဤပြင်ဆင်ခြင်းလောက်အရေးမကြီးချေ။ ဘုရားသခင်၏ပလ္လင်တော်ပေါ်မှ အလင်းသည် အမှုဆောင်အားဖြင့် မှောင်မိုက်ထဲ၌ရှိသောသူတို့ထံသို့မထွန်းလင်းနိုင်မီ ဖြောင့်မတ်ခြင်းတရားနေမင်း၏ တောက်ပသောရောင်ခြည်သည် ထိုအမှုဆောင်၏စိတ်နှလုံးတွင်ထွန်းတောက်၍ သူ၏အသက်တာကို သန့်ရှင်းစင်ကြယ်စေရဦးမည်။ GW. 93-4

**နေရာတကျစီမံခြင်း**

ဝိညာဉ်ကယ်ဆယ်ခြင်းအလုပ်တွင် နေရာတကျစီမံပြုလုပ်ခြင်းနှင့်သတိပညာကိုများစွာလိုပေသည်။ ကယ်တင်ရှင်သည် ဘယ်အခါမျှသမ္မာတရားကိုကွယ်ဝှက်ထားတော်မမူဘဲ အစဉ်သဖြင့်ချစ်ခြင်းမေတ္တာနှင့်မိန့်မြွက်တော်မူ၏။ အခြားသောသူများနှင့်ဆက်ဆံရာတွင်ကိုယ်တော်သည် များစွာပင်သေချာစေ့စပ်စွာ ပြုလုပ်ပြောဆိုတော်မူ၍ ကိုယ်တော်သည် အစဉ်ကြင်နာသနားတတ်လျက် ဆင်ခြင်စဉ်းစားတော်မူတတ်၏။ ကိုယ်တော်သည် ဘယ်အခါမျှကြမ်းတမ်းတော်မမူ၊ ဘယ်အခါမျှပြင်းထန်သောစကားကိုမလိုဘဲမိန့်တော်မမူ၊ သိသာလွယ်သောဝိညာဉ်အား

မလိုသောဝေဒနာကို ဘယ်အခါမျှပေးတော်မမူ။ ကိုယ်တော်သည် လူ၏အားနည်းခြင်းအဖြစ်ကို အပြစ်တင်တော်မမူ။ ကိုယ်တော်သည် ကြောက်ရွံ့ခြင်းမရှိဘဲ လျှို့ဝှက်ခြင်း၊ မယုံကြည်ခြင်းနှင့်မကောင်းမှုဒုစရိုက်များကိုအပြစ်တင်တော်မူ၏။ သို့ရာတွင် ကိုယ်တော်သည် နစ်နာစေတတ်သောအပြစ်တင်ဆုံးမစကားများကို ကိုယ်တိုင်မျက်ရည်ကျလုမတတ်မိန့်မြွက်တော်မူတတ်၏။ ကိုယ်တော်သည်မှန်သောအရာကို ဖေါ်ပြရာတွင် ဘယ်အခါမျှ ကြမ်းကြုတ်သောသဘောကို ထင်ရှားစေတော်မမူဘဲ လူသတ္တဝါတို့အတွက် လွန်စွာပင်နူးညံ့သိမ်မွေ့သောသဘောကို အစဉ်ထင်ရှားစေတော်မူ၏။ ဝိညာဉ်တိုင်းတို့သည် ကိုယ်တော်၏ရှေ့တော်၌ အဖိုးထိုက်တန်၏။ ကိုယ်တော်သည်ဘုရားသခင်၏ဂုဏ်တော်ကို ကိုယ်တိုင်ဆောင်တော်မူသော်လည်း ဘုရားသခင်၏ အိမ်တော်သားတိုင်းတို့အားအလွန်ပင်ညှာတာသနားတတ်ခြင်း၊ ကြည့်ရှုဂရုစိုက်ခြင်းနှင့်ပြုစုရန် မိမိကိုယ်ကိုညွှတ်တော်မူ၏။ လူအပေါင်းတို့တွင် မိမိကယ်ဆယ်ရန်တာဝန်ရှိသောဝိညာဉ်များကိုတွေ့မြင်တော်မူ၏။

## ပေါလု၏အမြော်အမြင်

သမ္မာတရားတစ်ခုလုံးကိုမယုံကြည်သောသူတို့အား ဘယ်အခါတိုင်းမှာမဆိုဟောပြောသင့်သည်ဟု ဓမ္မဆရာသည်မထင်မမှတ်အပ်ပေ။ မည်သည့်အခါ၊ မည်သည့်စကားကိုပြော၍မည်သည့်စကားကိုမပြောဘဲ၊ ချန်လှပ်ထားရမည်ကို သူသည်သေချာစွာစစ်ဆေး ကြည့်ရှုလေ့လာရမည်။ ဤအရာသည် လိမ့်လည်ခြင်းအမှုကို လေ့ကျင့်ခြင်းမဟုတ်။ ၎င်းသည် ရှင်ပေါလုလုပ်ဆောင်သကဲ့သို့ လုပ်ဆောင်ခြင်းဖြစ်ပါသည်။ (၁ကော၊ ၉း၁၉-၂၄ ကိုကြည့်ပါ။)

ပေါလုသည် ယုဒလူတို့၏အပြစ်တင်ခြင်းသဘောများကိုထကြွနိုးကြားစေလိုသောသဘောမျိုးနှင့်သူတို့ထံသို့ချဉ်းမကပ်ချေ။ သူတို့သည် နာဇရက်မြို့သားယေရှုကိုယုံကြည်ရမည်ဟုသူတို့အား ပထမဦးစွာမပြောဘဲသခင်ခရစ်တော်၏အကြောင်း၊ ကိုယ်တော်ကြွလာခြင်းအကြောင်းနှင့်ကိုယ်တော်၏အလုပ်အကြောင်းကို ဖေါ်ပြထားသော အနာဂတ္တိ

ကျမ်းများကိုအမှီပြု၍ပြောပြ၏။ ဘုရားသခင်၏ပညတ်တော်ကိုရိုသေခြင်းသည် အရေးကြီးကြောင်းကိုဖော်ပြလျက် နားထောင်သောသူတို့အားသူသည်တစ်ဆင့်ပြီးတစ်ဆင့်လမ်းညွှန်သွား၏။ ယုဒလူတို့စီမံထားသောအရာများနှင့် ယဇ်ပူဇော်ခြင်းဝတ်များကို စီရင်တော်မူသောသူသည် သခင်ခရစ်တော်ဖြစ်တော်မူကြောင်းကို ဖော်ပြလျက်ဝိနည်းအထုံးအဖွဲ့များကို သူသည်အရိုအသေပေး၏။ ထိုနောက် သူတို့အားရွေးနုတ်တော်မူသော အရှင်၏ပထမကြွလာခြင်း အကြောင်းကိုညွှန်ပြ၍သခင်ခရစ်တော်၏အသက်တာနှင့် အသေသတ်ခံတော်မူခြင်းတွင်သီးခြားသတ်မှတ်ထားသော ယဇ်ပူဇော်ခြင်းဝတ်များသည် ပြည့်စုံသွားကြောင်းကိုဖော်ပြလေ၏။

တစ်ပါးအမျိုးသားထံသို့ပေါလုသည် သခင်ခရစ်တော်ကိုချီးမြှောက်ခြင်းအားဖြင့်လည်းကောင်း၊ ထိုနောက် ပညတ်တရား၏ချည်နှောင်လျက်ရှိသောတောင်းဆိုချက်ကိုဖော်ပြခြင်းအားဖြင့်လည်းကောင်းချဉ်းကပ်လေ၏။ ကရာနီကုန်းပေါ်ရှိ လက်ဝါးကပ်တိုင်ကပြန်၍ထွန်းတောက်စေသောအလင်းသည် ယုဒလူတို့စီမံထားသောအရာတစ်ခုလုံး၏အဓိပ္ပါယ်ကို မည်ကဲ့သို့ထင်ရှားစေလျက် ၎င်းကိုမည်ကဲ့သို့ချီးမြှောက်ကြောင်းကိုသူကဖော်ပြလေသည်။

ထိုနည်းအားဖြင့်တမန်တော်သည်မိမိ၏အမှုဆောင်ရွက်ပုံဆောင်ရွက်နည်းတို့ကို တစ်မျိုးပြီးတစ်မျိုးပြောင်းပေးလျက် မိမိရောက်ရှိနေသောအခြေအနေကိုအကြောင်းပြု၍ သတင်းစကား၏သဘောကိုလည်းတစ်မျိုးတစ်စုံပြောင်းပေး၏။ သည်းခံလျက်စိတ်ရှည်စွာအမှုဆောင်ရွက်ပြီးနောက် သူသည် များစွာပင်အောင်မြင်ခြင်းအခွင့်ကိုရရှိလေသည်။ သို့ရာတွင် သမ္မာတရားကို သဘောမကျသေးသောသူအများရှိ၏။ ယခုခေတ်၌လည်း သမ္မာတရားကိုတစ်နည်းနည်းအားဖြင့် ပြသော်လည်းသဘောမကျကြသော သူအချို့ရှိသည်။ ထိုကြောင့် အပြစ်တင်ခြင်းသို့မဟုတ်ခုခံပြောဆိုခြင်းသဘောများဖြစ်ပေါ်မလာစေရအောင် ဘုရားသခင်အတွက်အမှုဆောင်သောသူသည် အကောင်းဆုံးနည်းများကိုသေချာစွာလေ့လာစစ်ဆေးရမည်။ ဤနေရာ၌အချို့တို့သည်မအောင်မြင်ခဲ့

ကြချေ။ သူတို့သည်ခြားနားသောအမှုဆောင်နည်းအားဖြင့် စိတ်နှလုံးများကို ထိခိုက်စေသောလမ်းကိုတွေ့ရှိနိုင်၍ သူတို့မှတစ်ဖန် အခြားစိတ်နှလုံးများကိုထိခိုက်စေနိုင်သော တံခါးပေါက်များကို သူတို့သည်မိမိတို့၏ဇာတိသဘောအလိုသို့လိုက်ခြင်းအားဖြင့်ပိတ်ထားကြလေပြီ။

ဘုရားသခင်၏အမှုဆောင်များသည် အဘက်ဘက်မှ အရာဝင်သောသူများဖြစ်ကြ၍ အမြင်ကျယ်သောသူဖြစ်ရကြမည်။ မိမိတို့အမှုဆောင်ရွက်ရာတွင်ရှိသော လူတို့၏အတန်းအစားနှင့် မိမိတို့တွေ့ဆုံရသောအခြေအနေအဖြစ်အပျက်တို့အလျောက် သမ္မာတရားကိုအမျိုးမျိုးသောနည်းအားဖြင့် သက်သေခံရမည်ကို သူတို့သည်မသိမမြင်နိုင်ကြဘဲမိမိတို့လုပ်ကိုင်ဆောင်ရွက်နည်းတစ်မျိုးကိုသာ စွဲမြဲနေလျက်သူတို့သည်စိတ်ကူးတစ်မျိုးတည်းရှိသောလူများမဖြစ်ရကြချေ။

ဓမ္မဆရာသည်စိတ်ဖေါက်ပြန်ခြင်း၊ စိတ်နာခြင်းနှင့်ခုခံဆန့်ကျင်ခြင်းများနှင့်တွေ့ကြုံသောအခါ သူသည်နူးညံ့ဖြည်းညင်းသောအမှုကိုပြုလုပ်ရမည်။ အခြားသူများထက် သူသည်ပညာတစ်မျိုးကိုလိုပေသည်။ ထိုပညာကား 'ရှေးဦးစွာစင်ကြယ်၏။ ထိုမှတစ်ပါး အသင့်အတင့်နေတတ်၏။ ဖြည်းညင်းသောသဘောရှိ၏။ သွေးဆောင်လွယ်၏။ ကရုဏာနှင့်လည်းကောင်း၊ ကောင်းကျိုးနှင့်လည်းကောင်း ပြည့်စုံ၏။ လျစ်လျူသောစိတ်ရှိ၏။ လျှို့ဝှက်ခြင်းနှင့်ကင်းစင်၏။" ယာ၊ ၃း၁၇ ဆီးနှင်းနှင့်မိုးဖွဲကလေးများသည် ညှိုးနွမ်းနေသော အပင်ငယ်များအပေါ်သို့ဖြည်းညင်းစွာကျသည်နည်းတူသူသည် သမ္မာတရားကို ကြွေးကြော်သောအခါ သူ၏စကားများသည်ဖြည်းညင်းစွာသက်ရောက်ရကြမည်။ သူသည်ဝိညာဉ်များကိုတွန်းလှန်ပယ်ရှားဖို့ရန်မဟုတ်ဘဲ သူတို့ကိုရရှိဖို့ရန်ဖြစ်ပေသည်။ အခြေအနေအမှုအခင်းကိုတွေ့ဆုံရန်နည်းဥပဒေသမရှိသောအခါ သူ၌ကျွမ်းကျင်နားလည်လာရန်လေ့ကျင့်သင်ကြားဖို့ရန်ဝတ္တရားရှိပေသည်။

### ယဉ်ကျေးခြင်းဆုကျေးဇူး

သခင်ခရစ်တော်အတွက်အမှုဆောင်ရွက်သောသူတို့သည် ဖြောင့်မတ်၍ ယုံကြည်စိတ်ချရသောလူဖြစ်လျက် ကျင့်ဝတ်ကျင့်စဉ် တရားကို

ကျောက်ဆောင်ကဲ့သို့ မြဲမြံစွာစောင့်ရှောက်သောသူဖြစ်ရကြမည်။ ၎င်း ပြင်ကြင်နာသနားတတ်၍ ယဉ်ကျေးသိမ်မွေ့သောသူများလည်းဖြစ်ရကြ မည်။ ယဉ်ကျေးခြင်းသည်ဝိညာဉ်ဆုကျေးဇူးများတွင်အပါအဝင်တစ်ခု ဖြစ်ပါသည်။ လူတို့အား ပေးအပ်ထားသောအလုပ်တွင် လူတို့၏ စိတ်နှင့်ဆိုင်သောအမှုကိစ္စသည်အရေးအကြီးဆုံးဖြစ်ပေသည်။ ၎င်းပြင် စိတ်နှလုံးများသို့ရောက်ရာလမ်းကိုရှာဖွေရမည့်သူသည် 'သနားစုံမက် ခြင်း၊ စိတ်နှိမ့်ချခြင်းရှိကြလော့" ဟူသော ဩဝါဒစကားကိုသတိပြုရ မည်။ ငြင်းခုံခြင်းဖြင့် မအောင်မြင်သော အမှုကိုချစ်ခြင်းမေတ္တာသည် ပြီးမြောက်အောင်မြင်လိမ့်မည်။ သို့ရာတွင် သေးငယ်သောအမှုကိစ္စ တစ်စုံတစ်ခုတွင် အနည်းငယ်စိတ်တိုစိတ်ကောက်ခြင်း၊ ကြမ်းတမ်းစွာ ပြန်ပြောသောစကားတစ်ခွန်း၊ ခရစ်ယာန်တို့ရှိအပ်သောယဉ်ကျေးသိမ် မွေ့ခြင်း၊ ချို့ယွင်းခြင်းတို့အားဖြင့်မိတ်ပျက်၍ဩဇာတန်ခိုးမှေးမှိန်ခြင်းဖြစ် တတ်လေသည်။

မြေကြီးပေါ်၌သခင်ခရစ်တော်သည် ဖြစ်တော်မူခဲ့သည့်အဖြစ် မျိုးကိုရရှိဖို့ရန် ခရစ်ယာန်အမှုဆောင်သည်ကြိုးစားရမည်။ ကိုယ်တော် သည်မိမိ၏စွန်းကွက်ခြင်းကင်းသော သန့်ရှင်းဖြူစင်ခြင်း၌သာမကမိမိ၏ သည်းခံခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့်နှစ်မြို့ဖွယ်သော သဘောတော်တို့၌ ပင်ကျွန်ုပ်တို့အဖို့ပုံသက်သေဖြစ်တော်မူ၏။ ဆင်းရဲ၍ နှိပ်စက်ခြင်းခံရ သောသူတို့အတွက် ကိုယ်တော်၌ကြင်နာသော လက္ခဏာပုံပန်းရှိ၍သက် သာနှစ်သိမ့်စေသောစကားကိုမိန့်တော်မူတတ်၏။ ကိုယ်တော်ဝင်ရောက် ရှိနေသောအိမ်သည်သာ၍သန့်ရှင်းသောအခြေအနေရှိ၏။ ကိုယ်တော်၏ အသက်တာသည် လူအမျိုးမျိုးတို့အထဲတွင် ပြုပြင်လျက်ရှိသောတဆေး ကဲ့သို့ဖြစ်၏။ စဉ်းစားဆင်ခြင်ဉာဏ်မရှိ၊ ကြမ်းတမ်း၍မယဉ်ကျေးသော သူ၊ မတရားသောအခွန်ခံများ၊ မဖြောင့်မတ်သောရှမာရိလူများ၊ ဘုရား တရားမဲ့သောစစ်သူရဲများ၊ ကြမ်းတမ်းသောရွာသူရွာသားများနှင့်လူ အမျိုးမျိုးရောနှောရှုပ်ထွေးနေသော ပရိသတ်တို့အထဲတွင် ကိုယ်တော် သည်သန့်ရှင်းစင်ကြယ်၍ ညစ်ညူးခြင်းမရှိဘဲ လျှောက်သွားတော်မူ၏။

ကိုယ်တော်သည် ထောက်ထားစာနာတတ်သောစကားမျိုးကိုဤနေရာ၌ တစ်ခွန်း၊ ထိုနေရာ၌တစ်ခွန်းမိန့်တော်မူ၏။

သခင်ယေရှု၏ဘာသာတရားသည် စိတ်သဘောတွင်ခိုင်မာကြမ်းတမ်းသောအရာရှိသမျှတို့ကို နူးညံ့စေလျက် အပြုအမူတွင်ကြမ်းတမ်း၊ စူးရှသော အရာရှိသမျှတို့ကိုချောမွတ်စေ၏။ ၎င်းသည်စကားများကို နူးညံ့စေလျက် အပြုအမူတို့ကိုနှစ်သက်ဖွယ်ဖြစ်စေတတ်၏။ သန့်ရှင်းခြင်းနှင့်ရိုးဖြောင့်ခြင်းတည်းဟူသော မြင့်မြတ်သောသဘောကို ရွှင်ပျသောသဘောနှင့် မည်ကဲ့သို့ပေါင်းစပ်ရမည်ကို သခင်ခရစ်တော်ထံမှ ကျွန်ုပ်တို့သင်ကြားမှတ်သားကြစို့။ ကြင်နာသနားတတ်၍ ယဉ်ကျေးသောခရစ်ယာန်သည် ခရစ်ယာန်ဘာသာကို ထောက်မအားပေးနိုင်သည့် တန်ခိုးအကြီးဆုံးသောဆင်ခြေဖြစ်ပေသည်။

သင်တို့နှင့်တွေ့ဆုံဆက်ဆံရသောသူအချို့တို့သည် ကြမ်းတမ်း၍ မယဉ်ကျေးသောသူများဖြစ်ကောင်းဖြစ်ကြလိမ့်မည်။ သို့ရာတွင် ဤအတွက်ကြောင့် သင်တို့ကိုယ်တိုင်အနည်းငယ်မျှမယဉ်ကျေးသောသဘောကိုမပြအပ်ပေ။ မိမိဂုဏ်ကိုရိုသေထောက်ထားစေဖို့ အလိုရှိသောသူသည် အကြောင်းမရှိဘဲ သူတစ်ပါး၏ဂုဏ်ကိုထိခိုက်နစ်နာစေရန်မပြုရအောင် သတိပြုရမည်။ ဉာဏ်အနည်းဆုံးသောသူနှင့် သတိတရားအနည်းပါးဆုံးသော သူတို့အပေါ်၌ပင် ဤဥပဒေကိုရိုသေစွာစောင့်ရှောက်အပ်ပါသည်။ ဘုရားသခင်သည် အထင်အားဖြင့်အကျိုးမဖြစ်ထွန်းသော ဤသူများနှင့်ပင်မည်ကဲ့သို့အမှုကိုကြံစည်ထားတော်မူသည်ကိုသင်မသိချေ။ ဘုရားသခင်သည် လွန်ခဲ့သောအခါက မိမိအတွက်ကြီးကျယ်သောအလုပ်ကိုလုပ်ဆောင်ရန် သာ၍အကျိုးမဖြစ်ထွန်းသောသူများ သို့မဟုတ်များစွာစိတ်မပါသောသူတို့ကိုလက်ခံတော်မူခဲ့ပြီ။ ဘုရားသခင်၏ဝိညာဉ်တော်သည် နှလုံးပေါ်၌လှုပ်ရှားလျက် အရည်အချင်းစွမ်းအားသတ္တိရှိသမျှကိုဖျတ်လတ်လျင်မြန်လာအောင်နှိုးဆော်လေပြီ။ ထာဝရဘုရားသည် ဤကြမ်းတမ်း၍မဖြတ်မသွေးရသေးသော ကျောက်များတွင်လေမုန်တိုင်း၊ အပူရှိန်နှင့်ဖိနှိပ်ပွတ်ကြိတ်ခြင်းကိုခံရပ်နိုင်မည့်အဖိုးထိုက်တန်သောအရာဝတ္ထုများကိုမြင်တော်မူ၏။

ခရစ်ယာန်ဘာသာသည်လူအား ယဉ်ကျေးသောသူဖြစ်စေလိမ့်မည်။ သခင်ခရစ်တော်သည် မိမိကိုညှဉ်းပန်းနှိပ်စက်သော သူတို့အပေါ်၌ပင် ယဉ်ကျေးသိမ်မွေ့တော်မူ၏။ ထို့ကြောင့် ကိုယ်တော်၏တပည့်စစ်များသည်လည်း ထိုသဘောမျိုးကိုထင်ရှားစေကြလိမ့်မည်။ ဧဝံဂေလိတရားသည် ယခုလောက၌ရှိသောအပေါ်ယံယဉ်ကျေးမှုတို့ကိုအားမပေးချေ။ ဧကန်အမှန်ပင်စိတ်ထဲ၌ ကြင်နာသနားတတ်သောသဘောမှဖြစ်ပေါ်လာသောယဉ်ကျေးမှုမျိုးကိုသာ အားပေးနှိုးဆော်ပေသည်။

မိမိကိုယ်ကိုအရေးကြီးသောအရာကဲ့သို့ သဘောထားနေသမျှကာလပတ်လုံး မှန်ကန်သောယဉ်ကျေးခြင်းသည်ဘယ်အခါမျှထင်ရှားလိမ့်မည်မဟုတ်။ ချစ်ခြင်းမေတ္တာသည်စိတ်နှလုံးထဲ၌ရှိနေရမည်။ သေချာစေ့စပ်စွာပြုတတ်သောခရစ်ယာန်သည် မိမိပြုလုပ်လိုသောအချက်ကိုတိုက်တွန်းသောအရာများကို မိမိ၏ သခင်ဘုရားအတွက် နှလုံးထဲမှချစ်သည့်ကြီးစွာသောမေတ္တာထဲမှ ထွက်ပေါ်လာစေသည်။ ချစ်ခြင်းမေတ္တာသည်၎င်းကိုပိုင်ဆိုင်သူအား ယဉ်ကျေးသိမ်မွေ့စေခြင်း၊ လျောက်ပတ်ခြင်းနှင့်အမူအရာတို့၏တင့်တယ်ခြင်းအဖြစ်တို့ကို ချပေးလေသည်။ ၎င်းသည်မျက်နှာကိုတောက်ပစေလျက်စကားသံကိုနူးညံ့သာယာစေ၏။ ၎င်းသည်တစ်ကိုယ်လုံးကို ယဉ်ကျေးသိမ်မွေ့စေလျက် ချီးမြှင့်လေသည်။
GW. 121-3

## အမူအရာတင့်တယ်ခြင်း

သန့်ရှင်းသောအရာများကိုကိုင်တွယ်ရသောသူတို့အား 'ထာဝရဘုရား၏အဆောက်အအုံတို့ကို ဆောင်ရွက်သောသူတို့၊ သန့်ရှင်းခြင်းရှိကြလော့'' ဟူသောအရေးကြီးသောပညတ်ကိုပေးထား၏။ လူအပေါင်းတို့တွင်ထာဝရဘုရားကယုံကြည်အားထား၍ချီးမြှောက်တော်မူသောသူ၊ ထူးခြားသောဝတ်များကိုပြုလုပ်ဖို့ အခွင့်ရသောသူတို့သည် အပြောအဆိုအပြုအမူတို့တွင် ရှေ့နောက်မြော်မြင်တတ်ရကြမည်။ သူတို့သည် ဘုရားတရားကိုကြည်ညိုသောသူ၊ ဖြောင့်မတ်သန့်ရှင်းသောအလုပ်များ၊ မှန်ကန်

သောစကားများအားဖြင့်မိမိတို့နှင့်စပ်ဆိုင်သောသူများကိုသာ၍မြင့်မြတ်သောနေရာသို့ရောက်အောင် မြှောက်ပင့်ပေးနိုင်သောသူများ ဖြစ်ရကြမည်။ လွန်သွားသောသွေးဆောင်ခြင်းတိုင်းအားဖြင့် လှုပ်ရှားရွေ့လျော့ခြင်း မရှိသောသူ၊ ဝိညာဉ်များကိုသခင်ခရစ်တော်ထံစုရုံးဖို့ရန်အကြီးဆုံးရည်ရွယ်ချက်ရှိ၍ မြဲမြံတည်ကြည်လျက် စိတ်ပါကိုယ်ရောက်ကြံစည်ပြုလုပ်တတ်သောသူများဖြစ်ရကြမည်။

စာတန်သည်အထူးသဖြင့်ဓမ္မအမှုဆောင်ရွက်ခြင်းအလုပ်တွင်မိမိ၏သွေးဆောင်ခြင်းအမှုကိုပြုတတ်၏။ ဘုရားသခင်သည်ဓမ္မဆရာများအားဝိညာဉ်များကယ်တင်ခြင်းအတွက် တန်ခိုးကြီးသောအရာများဖြစ်စေခြင်းငှါခန့်ထားတော်မူ၍ မိမိတို့၏ အသက်တာများကို ထာဝရခမည်းတော်အားစိုးမိုးအုပ်ချုပ်စေဖို့အခွင့်ပေးထားသောအခါမှသာသူတို့သည် မိမိတို့၏အလုပ်တွင်အောင်မြင်နိုင်ကြကြောင်းကိုစာတန်သည်သိရှိသည်။

ကျွန်ုပ်တို့သည် ဤဆုတ်ကပ်ကာလ၏အပြစ်ဒုစရိုက်များမှ မိမိတို့ကိုယ်ကို ကာကွယ်ထားရကြမည်။ သခင်ခရစ်တော်၏ စေတမန်များ၊ အချည်းနှီးသော စကားပြောဆိုရာတွင်မရောနှောနှင့်၊ ကာမပိုင်ရှိသောသူဖြစ်စေ၊ အပျိုဖြစ်စေ၊ မိန်းမများနှင့်အကျွမ်းတဝင်မနေနှင့်။ သူတို့အားတော်လျော်သော ဂုဏ်အသရေအလျောက် မိမိတို့နှင့်သင့်လျော်သောနေရာတွင်နေပါစေ။ သို့ရာတွင် သူတို့သည်လူပေါင်းသူပေါင်းကောင်း၍အားလုံးတို့အားကြင်နာသနားလျက် ယဉ်ကျေးသိမ်မွေ့သောသဘောကိုပြရကြမည်။ သူတို့သည်ရိုးနေသောအရာ၊ အကျွမ်းဝင်နေသောအရာရှိသမျှတို့မှဝေးဝေးရှောင်ရှားနေရမည်။ ဤအရာသည်တားမြစ်ထားသောနေရာဖြစ်၍ မိမိတို့သွားရောက်ဖို့ မလုံခြုံသော နေရာဖြစ်သည်။ စကားအပြောအဆို၊ အပြုအမူတိုင်းတို့သည်ချီးမြှင့်ဖို့ရန်၊ ယဉ်ကျေးသိမ်မွေ့စေဖို့ရန်နှင့်မြင့်မြတ်သောအခြေသို့ ရောက်ရှိစေရန် ဖြစ်ရမည်။ ဤကဲ့သို့သောအမှုတွင်သတိတရားကင်းမဲ့ခြင်း၌အပြစ်ဖြစ်ပေသည်။

အကြံအစည်တိုင်း၊ အပြုအမူတိုင်းတို့တွင် သန့်ရှင်းခြင်း ရှိဖို့လိုကြောင်းကိုကျွန်ုပ်တို့၏အမှုဆောင်များအား ကျွန်ုပ် နှိုးဆော်တိုက်တွန်း

ပါသည်။ ကျွန်ုပ်တို့၌ ဘုရားသခင်ရှေ့တော်တွင် အသီးသီးချေပပြောဆိုရန်တာဝန်၊ ကျွန်ုပ်တို့အတွက် အခြားမည်သူမျှမပြုလုပ်နိုင်သော အလုပ်အသီးသီးရှိကြသည်။ ၎င်းကားလောကကိုသာ၍ကောင်းအောင်ပြုလုပ်ဖို့ ကြိုးစားအားထုတ်ရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ပေါင်းသင်းဆက်ဆံခြင်းအမှုကိုပြုကြရာ၌ပျော်မွေ့ခြင်းအဖို့မဟုတ်ဘဲ မြင့်မြတ်သောအကြံအစည်အတွက်ဖြစ်ပါစေ။

ဤကဲ့သို့သတိပြုစေဖို့ရန်ကျွန်ုပ်တို့အားနှိုးဆော်တိုက်တွန်းနေသော အဖြစ်အပျက်အကြောင်းအရာတို့သည် ကျွန်ုပ်တို့ပတ်လည်၌လုံလောက်စွာဖြစ်ပေါ်လာလျက်နေပြီမဟုတ်လား။ မည်သည့်နေရာ၌မဆိုလူသတ္တဝါတို့၏ပျက်စီးယိုယွင်းခြင်းများ၊ ပြိုပျက်နေသော အိမ်ထောင်ယဇ်ပလ္လင်များ၊ ပျက်စီးဆုံးပါးသော အိမ်ထောင်များကို တွေ့ရှိရလေပြီ။ ဓမ္မတာကျင့်ဝတ်ကျင့်စဉ်တရားများကိုထူးခြားစွာစွန့်ပယ်လာကြလေပြီ။ အကျင့်စာရိတ္တများသည်လည်းယုတ်ညံ့လာ၍ကမ္ဘာမြေကြီးသည်အလွန်လျင်မြန်စွာဖြင့် သောဒုံမြို့ဖြစ်လာလေပြီ။ မြေကြီးကိုရေမလွှမ်းမိုးမီက လူများတို့အပေါ်၌ ဘုရားသခင်အပြစ်ဒဏ်ပေး၍ သောဒုံမြို့အား မီးနှင့်ဖျက်ဆီးရလောက်အောင်ကြီးကျယ်သော အကျင့်ဓလေ့ဆိုးများသည် ယခုကာလ၌ လျင်မြန်စွာတိုးတက်လာချေပြီ။ မြေကြီးကိုမီးနှင့်ဆေးကြောသုတ်သင်ဖို့ရန်အချိန်ကာလဖြစ်သောအဆုံးကာလသို့ကျွန်ုပ်တို့သည်ရောက်လုနီးကြပြီ။

ဘုရားသခင်က သမ္မာတရား၏ အလင်းကို အပ်နှံထားခြင်းခံရသောသူတို့၊ ဒုစရိုက်ရှိသမျှကိုရှောင်ကြဉ်ကြလော့။ ဘုရားသခင်၏အမှုတော်ကိုတားဆီးကန့်ကွက်မည့် သို့မဟုတ်၎င်း၏သန့်ရှင်းခြင်း၌စွန်းကွက်စေမည့်တပ်မက်ခြင်းနှင့် အလေ့အကျင့်ရှိသမျှကိုနိုင်နင်းလျက် ဖြောင့်မတ်ခြင်းလမ်းတွင်လျှောက်လိုက်ကြလော့။

## ဓမ္မဆရာဆို့သည်သင့်လျော်သောပုံသက်သေကို ပြရန်ဖြစ်ကြသည်

လိုသောအရာကားစိတ်ဝိညာဉ်နှင့်ဆိုင်သောနည်းနာ၊ စိတ်နှလုံးနှင့်အကြံအစည်တို့၏ သန့်ရှင်းခြင်းဖြစ်သည်။ သန့်ရှင်းစင်ကြယ်သော

အကျင့်သည် မှန်ကန်သောစဉ်းစားကြံစည်ခြင်းနှင့်မှန်ကန်သောပြုမူခြင်း အပေါ်၌အမှီပြုပေသည်။ မကောင်းသောအကြံအစည်သည်ဝိညာဉ်ကို ဖျက်ဆီးတတ်သည်။ အကြံအစည်ကိုမှန်ကန်စွာ အုပ်ထိန်းနိုင်နင်းခြင်း ကားသခင်ဘုရားအတွက်အမှုတော်ကိုညီညွတ်စွာဆောင်ရွက်စေရန်စိတ် ကိုပြင်ဆင်ပေးတတ်သည်။ ခပ်သိမ်းသောစိတ်တို့ကို သခင်ခရစ်တော်၏ စကားကိုနားထောင်စေရန်ဖမ်းသွားချုပ်ထားရကြမည်။

သမ္မာတရား၏ဆရာများသည် သတိပညာရှိသူများဖြစ်ရကြမည်။ မိမိတို့၏အပြောအဆိုအပြုအမူတို့တွင်အလွန်သတိပြုရကြမည်။ သူတို့သည် အချိန်တန်လျှင်ဘုရားသခင်၏သိုးစုအား အစားအသောက်တို့ကို ဝေဖန် ပေးသောသူ၊ ယုတ်ညံ့သောအသက်တာမျိုးကိုအနည်းငယ်မျှအခွင့်မပေး သောသူ၊ မေတ္တာအားဖြင့်အမှုဆောင်ရွက်၍ ဝိညာဉ်အားဇာတိစိတ်နှင့် အလိုဆန္ဒများမှစင်ကြယ်စေရန်ဆောကြောသုတ်သင်ပေးသော ယုံကြည် ခြင်းမျိုးရှိသူများဖြစ်ရကြမည်။ ဤအကျင့်စာရိတ္တမျိုး ရှိသောအမှုဆောင် တို့သည်လောကီအရာများတွင်လိုက်စားကြလိမ့်မည်မဟုတ်။ သူတို့သည် လူတို့၏ချည်နှောင်ခြင်း သို့မဟုတ် စာတန်၏ချည်နှောင်ခြင်းကို ခံနေကြ လိမ့်မည်မဟုတ်။ သူတို့သည်ယောကျ်ားအစွမ်းသတ္တိနှင့်တကွ ခွန်အားစုံ လင်လျက်ရှိကြလိမ့်မည်။ သူတို့သည် ဖြောင့်မတ်ခြင်းတရား၏နေမင်းကို မြော်ကြည့်ကြလျက် ယုတ်ညံ့သောအရာရှိသမျှတို့ထံမှ ဝိညာဉ်အညစ် အကြေး၊ အကျင့်စာရိတ္တနှင့်ဆိုင်သောအညစ်အကြေးတို့နှင့်ကင်းရှင်းရာ အရပ်ဌာနသို့တက်ကြွသွားကြလိမ့်မည်။

ကျမ်းစာတော်မြတ်နှင့်သက်ဆိုင်သော ဘာသာတရား၏ နည်း ဥပဒေများကို လိုက်နာစောင့်ရှောက်သောသူသည် အကျင့်စာရိတ္တတွင် အားနည်းယုတ်ညံ့ခြင်းမရှိ။ သန့်ရှင်းသောဝိညာဉ်တော်က မြင့်မြတ် လာစေအောင် ပြုပြင်ပေးသောတန်ခိုးအားဖြင့် ဝါသနာအထုံများနှင့် နှစ်သက်တတ်သော သဘောများသည် သန့်ရှင်းဖြူစင်လာလေသည်။ သခင်ခရစ်တော်၏ ဘာသာတရားလောက် မည်သည့်အရာမျှ ချစ်ခင် နှစ်သက်မြတ်နိုးခြင်းသဘောများကို မြဲမြဲခိုင်ခံ့စွာ တည်ရှိနေစေခြင်းငှါ

မပြုလုပ်၊ မည်သည့်အရာမျှအပြုအမူတို့ကိုနှိုးဆော်သည့်အနက်နဲဆုံးသော အကြံအစည်များတိုင်အောင် လုံးလုံးမမီနိုင်၊ မည်သည့်အရာမျှ အသက်တာကို အားကြီးစွာပြုပြင်သောတန်ခိုးသတ္တိကိုမဖြစ်ပွါးစေနိုင်၊ ၎င်းပြင် အလွန်မြဲမြံတည်ကြည်သောအကျင့်စာရိတ္တကိုလည်း မဖြစ်ပေါ်လာစေနိုင်။ ထိုဘာသာတရားသည်လက်ကိုင်ထားသူအားအမြင့်သို့လမ်းညွှန်၍ မြင့်မြတ်သောအကြံအစည်များနှင့်ပြည့်ဝစေရန်နှိုးဆော်လျက် သင့်လျော်လျောက်ပတ်သောအမူအရာများရှိစေရန် သွန်သင်လျက် ပြုလုပ်သမျှသော အမှုတို့တွင် သင့်လျော်သောဂုဏ်အသရေကိုချပေးလေသည်။

ပျို့ရွယ်သူသည် မည်သည့်နည်းအားဖြင့် မိမိ၏ ဆိုးရွားသော ဝါသနာများကိုနှိပ်ကွပ်၍ မိမိ၏အကျင့်စာရိတ္တတွင် မြင့်မြတ်ကောင်းမွန်သော အရာများ တိုးပွားစေရမည်နည်း။ 'သင်တို့သည် စားသော်လည်းကောင်း၊ သောက်သော်လည်းကောင်း၊ မည်သည့်အမှုကိုပြုသော်လည်းကောင်း ဘုရားသခင်၏ဘုန်းတော်ကို ထောက်၍ ခင်သိမ်းသော အမှုကိစ္စကိုပြုကြလော့" (၁ကော၊ ၁၀း၃၁) ဟူသောစကားကို သတိပြုလော့။ ဤအရာသည်တိုက်တွန်းနှိုးဆော်သောစိတ်၊ အကြံအစည်နှင့် အပြုအမူရှိသမျှတို့၏ အရင်းခံဥပဒေဖြစ်ပေသည်။ မသန့်ရှင်းသော စိတ်အလိုဆန္ဒများကို လက်ဝါးကပ်တိုင်၌ရိုက်ထားရမည်။ ၎င်းတို့က အလိုသို့လိုက်စေရန်များစွာဆွဲကြလိမ့်မည်။ သို့ရာတွင် ဘုရားသခင်သည် နှလုံးထဲ၌ သန့်ရှင်းမြင့်မြတ်သော အကြံအစည်နှင့် အလိုဆန္ဒများကို စိုက်ပျိုးထားတော်မူပြီ။ ၎င်းပြင် ဤအရာများကို ရှုတ်ချဖို့မသင့်ပေ။ ကျွန်ုပ်တို့သည် ဆင်ခြင်နိုင်သောသတ္တိနှင့် ဩတ္တပ္ပစိတ်၏ အုပ်စိုးခြင်းကို ဝန်မခံသောအခါမှသာ ကျွန်ုပ်တို့သည် ဆွဲချခြင်းကိုခံရကြသည်။ 'ငါ့ကို ခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသော အမှုတို့ကို ငါတတ်စွမ်းနိုင်၏" ဟုပေါလုကဖေါ်ပြ၏။ ဖိ၊ ၄း၁၃။
GW 124-8

## ဆယ်ဖို့တစ်ဖို့ကိုမှန်ကန်စွာအသုံးချခြင်း

ဓမ္မဆရာသည် ပညတ်ထားခြင်း၊ မိမိကိုယ်တိုင်ပုံသက်သေပြခြင်းဖြင့် ဆယ်ဖို့တစ်ဖို့ကို သန့်ရှင်းမြင့်မြတ်သောအရာကဲ့သို့သဘောထားရန်

လူများအားသွန်သင်ရမည်။ မိမိသည် ဓမ္မဆရာတစ်ယောက်ဖြစ်သော ကြောင့် ၎င်းကိုယူထားလျက် မိမိ၏သဘောအတိုင်း အသုံးပြုနိုင်သည်ဟု သူသည်မထင်အပ်ပေ။ ၎င်းသည် သူ၏ဥစ္စာမဟုတ်။ မိမိနှင့်သင့်လျော် သည်ဟု ထင်မှတ်သောအရာတစ်စုံတစ်ခုကိုမျှ မိမိအဖို့အသုံးပြုဖို့ရန်သူ၌ အခွင့်မရှိချေ။ ဘုရားသခင်အားဆက်ကပ်ထားသော ဆယ်ဖို့တစ်ဖို့ နှင့် အလှူငွေများကို တရားဥပဒေနှင့်လျော်ညီစွာ အသုံးပြုခြင်းနည်းများ မှလွဲ၍ အခြားအကြံအစည်များနှင့်အသုံးပြုစေရန် သူသည် မိမိ၏တန်ခိုး သြဇာကိုမညောင်းစေရ။ ၎င်းတို့ကို ဘုရားသခင်၏ဘဏ္ဍာတိုက်ထဲတွင် ထားလျက် ဘုရားသခင် စီမံခန့်ထားတော်မူသော အမှုတော်အတွက် သန့်ရှင်းမြင့်မြတ်သောအရာကဲ့သို့ မှတ်ယူရမည်။

ကျွန်ုပ်တို့၏လူများအတွက်အလွန်သေချာထင်ရှားသော သတင်း စကားတစ်ခုကို ကျွန်ုပ်ရရှိ၏။ သူတို့သည်ဆယ်ဖို့တစ်ဖို့ကိုအမျိုးမျိုးသော ရည်ရွယ်ချက်နှင့်အသုံးပြုခြင်းဖြင့် မှားယွင်းသောအမှုကိုပြုနေကြကြောင်း ကို ပြောပြစေရန် ကျွန်ုပ်အားစေခိုင်းတော်မူ၏။ ထိုကဲ့သို့သောရည်ရွယ် ချက်တို့သည် ကောင်းသော်လည်း ဘုရားသခင်က ဆယ်ဖို့တစ်ဖို့ကို ဤနည်းအတိုင်းအသုံးပြုသောသူတို့သည် ထာဝရဘုရားစီမံတော်မူသော အမှုမှလွဲသွားနေသောသူဖြစ်ပေသည်။ ဘုရားသခင်သည် ဤအရာများ အတွက် စီရင်ဆုံးဖြတ်တော်မူမည်။

ကျောင်းနှင့်စပ်ဆိုင်သော အရာများအတွက် ဆယ်ဖို့တစ်ဖို့ကို အသုံးပြုနိုင်သည်ဟု တစ်စုံတစ်ယောက်ကအကြောင်းပြ၏။ အခြားသူ များက စာအုပ်ရောင်းသောသူတို့ကို ဆယ်ဖို့တစ်ဖို့ထဲမှထောက်ပံ့ရမည် ဟုအကြောင်းပြ၏။ သို့ရာတွင်ဓမ္မဆရာတို့ကိုထောက်ပံ့ရန်အသုံးချရမည် ဟူသော ရည်ရွယ်ချက်မှလွဲ၍ ဆယ်ဖို့တစ်ဖို့ကိုအသုံးပြုလျှင်ကြီးစွာသော အမှားကိုပြုခြင်းဖြစ်ပေသည်။ ယခုခေတ်၌ အမှုဆောင်ရွက်ရန် ကောင်း စွာကျွမ်းကျင်တတ်မြောက်သောသူတစ်ယောက်သာရှိသော သာသနာ နယ်တွင်အမှုဆောင်မျိုးတစ်ရာလောက်ရှိသင့်သည်။ GW 225-6

## ဘုရားသခင်သည်မိမိ၏အမှုဆောင်တို့ကိုမည်ကဲ့သို့ သင်ကြားပြသတော်မူကြောင်း

ထာဝရဘုရားက မိမိ၏ အမှုဆောင်များအား သူတို့သည် ခန့်ထားခြင်းခံရသောနေရာများတွင် ဝင်ရောက်လုပ်ကိုင်ရန်ပြင်ဆင်ခြင်း ရှိရမည်ဟု ဆုံးမသွန်သင်တော်မူ၏။ ဘုရားသခင်သည် သူတို့အားသာ၍ လက်ခံစေလိုတော်မူသောအမှုကို ပြုလုပ်ဆောင်ရွက်ရန် စီမံလိုတော်မူသည်။ အုပ်စိုးခြင်းတန်ခိုးကိုအလိုရှိသော်လည်းဝန်ခံကျိုးနွံခြင်းဖြင့် သန့်ရှင်းစင်ကြယ်ခြင်းကိုအလိုရှိသောသူအချို့ရှိပေသည်။ ဘုရားသခင်သည် သူတို့၏အသက်တာတွင်ပြောင်းလဲခြင်းကိုပြုပြင်တော်မူ၏။ ဘုရားသခင်သည်သူတို့မရွေးချယ်သောတာဝန်များကိုသူတို့၏ရှေ့တွင် ချထားတော်မူဟန်ရှိသည်။ ဘုရားသခင် စောင်မလမ်းပြတော်မူခြင်းကိုသူတို့သည် ဝန်ခံလျှင် ဘုရားသခင်သည် သူတို့အားဝန်ခံ၍ မစသောသဘောနှင့် ဤတာဝန်တို့ကိုဆောင်ရွက်နိုင်စေရန် ကျေးဇူးတော်နှင့် ခွန်အားကို ချပေးတော်မူလိမ့်မည်။ ထိုနည်းအားဖြင့် မိမိတို့၏လေ့ကျင့်ပြီးသော အရည်အချင်းများက များစွာအကျိုးဖြစ်ထွန်းအောင် ပြုလုပ်ပေးကြမည့် နေရာများတွင် သူတို့သည်ဝင်ရောက်လုပ်ကိုင်ရန် သင့်လျော်လာကြလေသည်။

အချို့တို့အား ဘုရားသခင်သည်စိတ်ပျက်ခြင်းနှင့်အထင်အားဖြင့် ဆုံးရှုံးခြင်းတို့ကို တွေ့ကြုံစေခြင်းဖြင့် သွန်သင်တော်မူ၏။ သူတို့သည် ခက်ခဲခြင်းများကိုအောင်မြင်ရန် သင်ကြားလေ့လာရကြမည်။ ၎င်းသည် ဘုရားသခင်၏ အကြံတော်ဖြစ်၏။ အထင်အားဖြင့် ဆုံးရှုံးခြင်းသည် အောင်မြင်ခြင်းဖြစ်ကြောင်းဖေါ်ပြနိုင်ရန် သူတို့သည် ဇွဲကောင်းကောင်း ရှိစေဖို့ ဘုရားသခင်သည် နှိုးဆော်တိုက်တွန်းတော်မူသည်။ လူတို့သည် တစ်ခါတစ်ရံမိမိတို့တွေ့ဆုံရကြသော ခက်ခဲခြင်းနှင့် ရှုပ်ထွေးခြင်းများ အတွက်ကြောင့် ဆုတောင်း၍ ငိုကြွေးမြည်တမ်းကြသည်။ သို့ရာတွင် သူတို့သည် စိတ်စွဲလမ်းခြင်းကို အစပြုသကဲ့သို့ အဆုံးတိုင်အောင် တည်ကြည်ကြလျှင် ဘုရားသခင်သည် သူတို့၏လမ်းခရီးကိုရှင်းလင်းစေတော်မူလိမ့်မည်။ သူတို့သည်မကျော်လွှန်မအောင်မြင်နိုင်ဟုထင်ရသော

ခက်ခဲခြင်းကို ခုခံတိုက်လှန်လျက်နေကြစဉ် သူတို့သည်အောင်မြင်ခြင်းကို ရရှိကြလိမ့်မည်။ ၎င်းပြင်အောင်မြင်ခြင်းနောက်ကြီးစွာသောဝမ်းမြောက်ခြင်းအခွင့်ကိုရရှိကြလိမ့်မည်။

ငြိုးငွေ့ဖွယ်ဖြစ်သော အမှုတစ်မျိုးတည်းနှင့်ဆိုင်သောအသက်တာသည် ဝိညာဉ်တိုးပွားခြင်းကို များစွာအားမပေးချေ။ အချို့သောသူတို့သည်သည် အမှုအမျိုးမျိုးကိုမှန်ကန်စွာ ပြောင်းလဲပြုလုပ်ပေးခြင်းအားဖြင့်သာ ဝိညာဉ်ရေးတွင် အမြင့်မြတ်ဆုံးသောအခြေသို့ ရောက်ရှိနိုင်ကြသည်။ ဘုရားသခင်သည် စီမံကြံစည်တော်မူရာတွင် အကျင့်စာရိတ္တကို တည်ဆောက်ခြင်းအမှု၌အောင်မြင်ဖို့ရန်ပြောင်းလဲခြင်းလိုကြောင်းသိမြင်တော်မူသောအခါ အသက်တာ၏ညီညာငြိမ်သက်သောရေစီးကိုထကြွလှုပ်ရှားစေတော်မူ၏။ အမှုတော်ဆောင်သည် မိမိနှင့်သာ၍ နီးကပ်စွာပေါင်းသင်းဆက်ဆံဖို့လိုကြောင်းကို ဘုရားသခင်သည်သိမြင်တော်မူ၏။ ဤအခြေသို့ ရောက်ရှိရန် ဘုရားသခင်သည် သူ့အားမိတ်ဆွေများနှင့် အသိအကျွမ်းများထံမှ ခွဲခွါထားတော်မူ၏။ ဘုရားသခင်သည် ဧလိယအားကောင်းကင်သို့ယူဆောင်ဖို့ရန်အတွက် ပြင်ဆင်လျက်နေတော်မူစဉ် ပုရောဖက်သည် အေးဆေးစွာမနေ၊ ဝိညာဉ်တန်ခိုးကို မဆုံးရှုံးမည်အကြောင်း ဘုရားသခင်သည် သူ့အား တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းတော်မူ၏။ ဧလိယ၏အကြောင်းအရာသည် များစွာသောသူများတို့အား သာ၍ကျယ်ဝန်းလျက် သာ၍အကျိုးရှိသော ကိုယ်တွေ့ဗဟုသုတများကိုရရှိစေရန် မစကူညီသောတန်ခိုးဖြစ်ရမည်ဟု ဘုရားသခင်စီမံကြံမည်တော်မူ၏။

ဘုရားသခင်က မိမိတို့အတွက် သတ်မှတ်ထားသောနေရာတွင် ဘုရားသခင်၏အမှုတော်ကိုစိတ်ပါစွာဆောင်ရွက်ရန်သို့မဟုတ် မိမိတို့၏လက်ထဲ၌ ဘုရားသခင်အပ်ထားတော်မူသောအမှုကို ညည်းတွားခြင်းမရှိဘဲဆောင်ရွက်ရန် စိတ်ကျေနပ်ခြင်းမရှိသောသူများ ရှိပေသည်။ ကျွန်ုပ်တို့သည် တာဝန်ကိုဆောင်ရွက်ခြင်း၌ အသုံးပြုသောနည်းလမ်းတို့ကို စိတ်မကျေနပ်လျှင်သင့်လျော်သေး၏။ သို့ရာတွင်အခြားတာဝန်ကို ကျွန်ုပ်တို့ပြုလုပ်ချင်သောကြောင့် လက်ရှိတာဝန်ကို စိတ်မကျေနပ်လျှင်

မသင့်လျော်ပေ။ ဘုရားသခင်သည်စီမံကြံစည်တော်မူရာတွင်လူတို့၏ရှေ့၌ သူတို့၏ ရောဂါစွဲနေသော စိတ်သဘောများအတွက် ဆေးဝါးကဲ့သို့ဖြစ်မည့်အလုပ်ကိုချပေးတော်မူမည်။ ထိုနည်းအားဖြင့်ဘုရားသခင်သည်သူတို့အား ကိုယ်နှစ်သက်ရာကိုသာပြုလုပ်ချင်တတ်သောသဘောကို ပယ်ရှားစေရန်၊ သူတို့ကိုလမ်းပြပို့ဆောင်ရန် ကြံစည်တော်မူ၏။ ဤကဲ့သို့ မိမိနှစ်သက်ရာကို ပြုတတ်ခြင်းသဘောသည် ဘုရားသခင်က သူတို့အတွက် စီမံထားတော်မူသောအလုပ်နှင့်သူတို့အားမသင့်လျော်အောင်ပြုလုပ်လိမ့်မည်။ သူတို့သည် ဤအမှုကိုလက်ခံဆောင်ရွက်လျှင်သူတို့၏ စိတ်သဘောများသည်အနာရောဂါမှကင်းပျောက်လိမ့်မည်။ သူတို့သည် ၎င်းကိုငြင်းပယ်လျှင်သူတို့သည် မိမိတို့ကိုယ်တိုင်နှင့်လည်းကောင်း၊ အခြားသူတို့နှင့်လည်းကောင်း ဖက်ပြိုင်တိုက်လှန်နေရကြလိမ့်မည်။

အေးဆေးစွာနေဖို့ အခွင့်မရ၍ မိမိတို့၏ဘဲကို ယနေ့ညတစ်နေရာ၌ထူထောင်၍မနက်ဖြန်ညဥ့်အခြားတစ်နေရာတွင် ထူထောင်လျက် အစဉ်အမြဲရွှေ့ပြောင်းနေသောသူတို့၊ ဘုရားသခင်သည် လမ်းညွှန်လျက် ဤအမှုသည် စုံလင်သောအကျင့်စာရိတ္တကို ဖြစ်စေရန် သူတို့အား မစကူညီသောဘုရားသခင်၏ နည်းလမ်းဖြစ်ကြောင်းကိုအောက်မေ့သတိရကြလော့။ သူတို့သည် ပြောင်းလဲ၍ ပြုလုပ်ဖို့ လိုသောအမှုကိစ္စရှိသမျှတို့တွင်ဘုရားသခင်ကိုမိမိတို့၏လုပ်ဖော်ဆောင်ဖက်၊ လမ်းပြသူ၊ အားကိုးအားထားရသူအဖြစ်နှင့် ဝန်ခံရကြမည်။ GW. 269-70.

## ကျွန်ုပ်တို့၏အလိုဆုံးအရာ

'သင်တို့သည် ငါ၏သက်သေဖြစ်ကြလိမ့်မည်။" တ၊ ၁း ၈။ သခင်ယေရှုမိန့်တော်မူသောဤစကားတော်များသည်တန်ခိုးအနည်းငယ်မျှမလျော့သေးချေ။ ဘုရားဝတ်ပြု ကိုးကွယ်ခြင်းတွင် အပေါ်ယံက လောက်သာပြုလုပ်နေကြသော ဤခေတ်ကာလ၌ ကျွန်ုပ်တို့၏ကယ်တင်ရှင်က သစ္စာရှိသောသက်သေခံများကိုခေါ်နေတော်မူ၏။ သို့ရာတွင် သခင်ခရစ်တော်၏ သံတမန်များဟု ခေါ်ဆိုနေကြသော သူတို့အထဲမှာပင် မိမိတို့၏အရှင်သခင်အတွက်သစ္စာနှင့်ကိုယ်တိုင် သက်သေခံဖို့ရန်အသင့်

ရှိသောသူ မည်မျှနည်းပါးသနည်း။ လွန်ခဲ့သောကာလများ၌ မြင့်မြတ်ဖြောင့်မတ်သူတို့သည် မည်မျှရဲရင့်ဒုက္ခဆင်းရဲခံလျက်အမှုတော်တွင် ဝမ်းမြောက်စွာ ဆောင်ရွက်ခဲ့ကြကြောင်းကိုအများသောသူတို့သည်ပြောပြနိုင်ပါသည်။ ဆင်းရဲဒုက္ခရောက်စေသောတိုက်လှန်ခြင်းတွင် အားရဝမ်းမြောက်စေ၍ ပြင်းထန်သောစုံစမ်းသွေးဆောင်ခြင်းတွင် မြဲမြံတည်ကြည်စေသောဧဝံဂေလိတရား၏တန်ခိုးတော်အကြောင်းကိုအခြားသူတို့အားဖေါ်ပြရာတွင် သူတို့သည် သွက်လက်လာကြသည်။ သို့ရာတွင် အခြားခရစ်ယာန်များကို သခင်ခရစ်တော်အတွက် သက်သေများအဖြစ်နှင့်ယူဆောင်လာရာတွင် များစွာစိတ်ပါကြသော်လည်း သူတို့၌ထပ်မံပြောပြဖို့ရန် အသစ်သောကိုယ်တွေ့ဗဟုသုတများ မရှိတတ်ကြချေ။

သခင်ခရစ်တော်၏ ဓမ္မဆရာများ၊ သင်တို့ကိုယ်တိုင်၏အကြောင်းဘာများပြောစရာရှိသနည်း။ သင်၏ကောင်းကျိုး၊ သူတစ်ပါး၏ကောင်းကျိုးနှင့် ဘုရားသခင်၏ဘုန်းတော်အတွက် မည်ကဲ့သို့သောဝိညာဉ်တိုက်လှန်ခြင်းများကို တွေ့ကြုံခံစားခဲ့ရပြီနည်း။ လောကအား ကရုဏာတော်နှင့် နောက်ဆုံးသတင်းစကားကို ကြွေးကြော်နေသည်ဟု ဆိုသောသင်သည် သမ္မာတရားကိုသိကျွမ်းခြင်းတွင် မည်ကဲ့သို့သောဗဟုသုတကိုတွေ့သနည်း။ ၎င်းပြင် ထိုဗဟုသုတသည် သင်၏စိတ်နှလုံး၌ မည်ကဲ့သို့ ထိခိုက်ခဲ့ပြီနည်း။ သင်၏အကျင့်စာရိတ္တသည် သခင်ခရစ်တော်အတွက်သက်သေခံပါ၏လော။ သခင်ယေရှု၌ ရှိသကဲ့သို့ သမ္မာတရား၏ယဉ်ကျေး၊ မြင့်မြတ်၊ သန့်ရှင်းစေသောတန်ခိုးများသင်၌ရှိကြောင်းကိုပြောပြနိုင်သလား။ သခင်ခရစ်တော်၏ တန်ခိုးအကြောင်းနှင့် စပ်ဆိုင်၍ သင်သည်ဘာကိုမြင်ခဲ့ပြီနည်း။ ဘာကိုသိကွမ်းသနည်း။ ဤအရာသည် သခင်ဘုရား အလိုရှိတော်မူသော သက်သေခံချက်မျိုးဖြစ်၍ ၎င်းကို အသင်းတော်များသည် လိုချင်တောင့်တလျက် နေကြသည်။

သခင်ခရစ်တော်အားမိမိကိုယ်တိုင်ကိုကယ်တင်သောအရှင်းကဲ့သို့အမှန်စင်စစ်ယုံကြည်ခြင်းမရှိဘဲ ဘုရားတရားကိုမယုံကြည်သောလောကတွင် သင်၏ယုံကြည်ခြင်းအကြောင်းကို ထင်ရှားစေဖို့ ခဲယဉ်းပေသည်။

အလွန်ပြင်းထန်သောရေစီးထဲကအပြစ်ရှိသူတို့ကိုဆွဲယူလိုလျှင်သင်သည် ချော်လဲစေတတ်သောနေရာများတွင်ရပ်မနေသင့်။

သခင်ဘုရားအတွက်အမှုဆောင်ရွက်နေကြသောသူတို့သည် မိမိတို့၌ရှိနေသည်ဟု အများထင်မှတ်ကြသော ဗဟုသုတမျိုးထက် သာ၍ မြင့်မြတ်၊ ထူးကဲ၊ ဆန်းကြယ်သောဗဟုသုတမျိုးကို လိုပေသည်။ ဘုရားသခင်၏ဘုန်းတော်ကိုမြင်ခြင်းနှင့် ဘုန်းတော်မှဘုန်းတော်သို့ပြောင်းလဲသွားခြင်းသည် အဘယ်သို့ဆိုလိုသည်ကို ဘုရားသခင်၏မြင့်မြတ်သောအိမ်ထောင်သားများဖြစ်ကြပြီးသောသူအများပင် အနည်းငယ်လောက်သာသိရှိကြသည်။ အများသောသူတို့သည် သခင်ခရစ်တော်၏ကောင်းမြတ်သောအကြောင်းကို အနည်းငယ်သာသိရှိကြသည်။ သို့ရာတွင်သူတို့၏နှလုံးသည် ဝမ်းမြောက်ခြင်းနှင့်ပြည့်ဝလျက်ရှိ၏။ သူတို့သည်ကယ်တင်ရှင်၏မေတ္တာတော်အကြောင်းကိုသာ၍ ပြည့်စုံနက်နဲစွာသိရှိနားလည်ဖို့ရန်အလိုရှိလျက်နေကြသည်။ ဤသူများတို့၊ ဘုရားသခင်ဘက်၌ တောင့်တလိုသောအလိုဆန္ဒရှိသမျှတို့ကို ပွားများပါစေ။ GW 273-4.

## ကိုယ့်အကျိုးတိုးပွားခြင်း

ဘုရားသခင်၏ လူသည်တစ်နာရီမျှမဖြုန်းတီးဘဲ လေ့ကျက်ခြင်း၌ လုံ့လရှိ၍ပညာရှာခြင်း၌စိတ်အားကြီးရမည်။ လုံ့လဝီရိယနှင့်ကြိုးစားအားထုတ်ခြင်းအားဖြင့် သူတို့သည် ခရစ်ယာန်အဖြစ်၊ ဩဇာအာဏာရှိသောသူအဖြစ်တွင် မြင့်မြတ်သောနေရာသို့ ရောက်လောက်အောင် တိုးတက်နိုင်သည်။ သို့ရာတွင် အကြံအစည်မမြဲ၍ ပျို့ရွယ်စဉ်တွင် ပေါ့လျော့သောအလေ့အကျင့်ကို ရရှိခဲ့သည့်အတွက်ကြောင့် တရားဟောခြင်းအမှုသို့မဟုတ် အခြားအမှုကိစ္စတွင် မြင့်မြတ်သောရာထူးကိုအများသောသူတို့သည် ဘယ်အခါမျှမရကြချေ။ သူတို့ပြုလေသမျှတို့၌ သတိကင်းသောပေါ့လျော့ခြင်းကို တွေ့ရှိရသည်။

အေးဆေးစွာနေချင်၍ပျင်းရိသောဤသူတို့၌အသစ်ပြုပြင်ပြောင်းလဲခြင်းဖြစ်မြောက်စေရန် ရုတ်တရက်တစ်ခါတစ်ရံ ထကြွခြင်းစိတ်သည်မလုံ

လောက်ပေ။ ဤအရာသည်ကောင်းသောအကျင့်ကိုအမြဲကျင့်ဖို့လိုသော အလုပ်တစ်ခုဖြစ်သည်။ အလုပ်အကိုင်ရှိသော သူတို့သည် အချိန်မှန်မှန် အိပ်ရာမှထခြင်း၊ ဆုတောင်းခြင်း၊ ထမင်းစားခြင်း၊ အိပ်စက်ခြင်းအားဖြင့်သာဇေကန်အမှန် အောင်မြင်နိုင်သည်။ လောကအလုပ်အကိုင်တွင် နေရာတကျပြုခြင်း၊ အချိန်မှန်ကန်ခြင်းရှိဖို့လိုလျှင် ဘုရားသခင်၏အမှုတော်တွင်အဘယ်မျှလောက်လိုသနည်း။

အများသောသူတို့သည် တောက်ပကြည်လင်သော နံနက်အချိန်များကိုအိပ်ရာတွင်ကုန်လွန်စေကြလေပြီ။ ဤအဖိုးထိုက်တန်သောအချိန်များသည် တစ်ခါကုန်ဆုံးသွားလျှင် ဘယ်အခါမျှပြန်မလာတော့ချေ။ ၎င်းတို့ကိုယခုကာလနှင့်ထာဝရကာလအတွက်ဆုံးရှုံးလေသည်။ တစ်နေ့တွင် တစ်နာရီဆုံးရှုံးခဲ့သော်လည်း တစ်နှစ်တွင်ဘယ်မျှလောက်အချိန်ကုန်သွားလိမ့်မည်နည်း။ အိပ်ကြူးသော သူသည် ဤအရာကိုဆင်ခြင်၍ ဆုံးရှုံးသောအခွင့်အရေးအတွက်ဘုရားသခင်၏ရှေ့တော်၌အဘယ်ကဲ့သို့စစ်ကြောခြင်းခံရမည်ကို သတိပြုလော့။

## အားလပ်သောအချိန်ကိုအသုံးပြုခြင်း

ဓမ္မဆရာတို့သည်ဖတ်ရွတ်လေ့ကျက်ခြင်း၊ ဆင်ခြင်အောက်မေ့ခြင်းနှင့်ဆုတောင်းခြင်းအတွက် အချိန်ကိုကန့်သတ်ထားရမည်။ ကျမ်းစာအပိုင်းများကိုနှုတ်လွတ်ကျက်ခြင်း၊ အနာဂတ္တိစကားများ၏ပြည့်စုံသောအချက်များကိုလိုက်လံရှာဖွေခြင်းနှင့် သခင်ခရစ်တော်က တပည့်တော်များအားပေးတော်မူသောသင်ခန်းစာများကို လေ့ကျက်ခြင်းအားဖြင့် အသုံးကျသောပညာကို သူတို့သည်စိတ်ထဲမှာ သိုထားရမည်။ ခရီးသွားနေစဉ်အခါ၊ သို့မဟုတ် မီးရထားဘူတာရုံ၌ စောင့်ဆိုင်းနေရစဉ်အခါဖတ်ဖို့ရန် စာအုပ်တစ်အုပ် ယူသွားပါ။ အားလပ်သော အချိန်တွင်တစ်စုံတစ်ခုလုပ်ပါ။ ဤကဲ့သို့အားဖြင့်သွေးဆောင်ခြင်းအများဝင်တတ်သောတံခါးသည် လုံခြုံစွာပိတ်လျက်ရှိ၏။

ဉာဏ်ပညာတွင်အထွတ်အမြတ်သို့ရောက်ရှိဖို့ရန်တာဝန်သည်မိမိတို့အပေါ်၌တည်ရှိသည်ကို လူအသီးသီးတို့သည်သိမှတ်ရကြမည်။ မိမိ

တို့ရရှိသောပညာများအတွက် အဘယ်သူမျှ ဝါကြွားခြင်းမရှိရသော်လည်း တိုးတက်လာသောအခါတိုင်း သူတို့သည်ဘုရားသခင်ကိုသာ၍ ရိုသေ၊ ချီးမြှောက်ရန် တတ်စွမ်းနိုင်လာကြသည်ကိုသိရှိရာ၌ ဝမ်းမြောက်စွာစိတ်ကေနပ်ခြင်းအခွင့်သည်လူတိုင်း၌ရှိပေသည်။

**လေ့ကားတက်ခြင်း**

အသင်းသားအပေါင်းတို့ဆိုလျှင် ကျွန်ုပ်တို့သည်ဉာဏ်ပညာတိုးပွားခြင်းကိုလိုသည်သာမက အချိန်ကာလအလိုက်သင့်လျော်အောင်ရှိရမည်။ ဆင်းရဲခြင်း၊ ညံ့သောအမျိုးဖြစ်ခြင်း၊ အကြောင်းမညီညွတ်သောနေရာမှာနေရခြင်းတို့သည် ပညာသင်ကြားခြင်းအမှုကိုဆီးတားဖို့မသင့်။

ဓမ္မဆရာအများတို့သည် ဩဝါဒနှင့်ဆိုင်သောတရားဟောချက်များကို အနည်းငယ်မျှသာ လူများတို့အား ဖေါ်ပြနိုင်သည်။ ဤအချက်များတို့နှင့်သိကျွမ်းစေသော အမြဲကြိုးစားခြင်းမျိုးသည် အခြားသောဩဝါဒများကိုနားလည်ဖို့ သူတို့အားတတ်စွမ်းနိုင်စေလိမ့်မည်။ ဓမ္မဆရာအသီးသီးတို့သည် အနာဂတ္တိစကားများနှင့် အခြားသောဩဝါဒများကိုသေချာစွာနားလည်ရကြမည်။

ကျွန်ုပ်တို့၏တရားဟောဆရာများတွင်ပင် အချို့တို့သည် မကြိုးစားဘဲ လောက၌တိုးတက်လာရန်အလိုရှိကြသည်။ သူတို့သည် အသုံးဝင်သောအလုပ်ကြီးကိုလုပ်ဖို့ရန် စိတ်အားကြီးသော်လည်း သူတစ်ပါးအားမစသောသူဖြစ်စေ၍ သခင်ခရစ်တော်စီမံသည့်အတိုင်း ဓမ္မဆရာဖြစ်စေမည့်နေစဉ်တာဝန်ကလေးများကို အမှုမထားကြချေ။ အခြားသောသူပြုလုပ်နေသောအလုပ်ကို သူတို့သည် ပြုလုပ်ချင်ကြသည်။ သို့သော်လည်း ထိုအလုပ်နှင့်သင့်လျော်စေရန်ပြင်ဆင်ပေးသောဆုံးမတော်မူခြင်းကို သူတို့သည် ခံယူလိုသောစိတ်မရှိကြချေ။ မိမိတို့တတ်နိုင်သမျှထက်ပိုမိုသောအမှုကိစ္စကိုပြုလုပ်ချင်သောအလိုဆန္ဒသည်ယောကျ်ားနှင့်မိန်းမများအားအစကပင်လုံးလုံးဆုံးရှုံးစေသည်။ ပင်ပန်းခြင်းကင်းသောနည်းကိုအလိုရှိလျက် သူတို့သည် လေ့ကားကိုတက်ဖို့ရန်မာနနှင့်ငြင်းပယ်ကြလေသည်။ GW 278-82.

## ငြင်းခုံခြင်းနှင့်တွေ့ဆုံခြင်း

ကျွန်ုပ်တို့၏ဓမ္မဆရာများနှင့်ကျောင်းဆရာများတို့သည်ဖေါက်ပြန်သောလောကအား ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်၏ပုံသက်သေများဖြစ်ရကြမည်။ နူးညွတ်သောစိတ်နှင့်သမ္မာတရားကို ဖေါ်ပြလော့။ အမှားတွင်ရှိနေသောသူအပေါင်းတို့ကို သခင်ခရစ်တော်၏နူးညံ့ သိမ်မွေ့ခြင်းမျိုးနှင့်ပြုစုကြလော့။ သင်၏ပြုစုခြင်းကိုခံနေရသော သူတို့သည် သမ္မာတရားကို ချက်ချင်းနားမလည်လျှင် မဆုံးမနှင့်၊ အပြစ်မရှာနှင့်၊ သို့မဟုတ်စစ်ကြောမစီရင်နှင့်။ သင်သည်နှိမ့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့်ချစ်ခြင်းတို့တွင်သခင်ခရစ်တော်၏ပုံသက်သေဖြစ်ကြောင်းကိုအောက်မေ့လော့။

ကျွန်ုပ်တို့သည်ယုံမှားခြင်း၊ ငြင်းခုံခြင်းတို့ကိုတွေ့ဆုံတတ်ကြသည်။ သမ္မာတရားသည် အစဉ် ဤအရာများနှင့်တိုက်လှန်ခဲ့ရပြီ။ သို့ရာတွင် အပြင်းထန်ဆုံးသောငြင်းခုံခြင်းကိုသင်သည်တွေ့ဆုံရသော်လည်း ငြင်းခုံသူအားအပြစ်ဖေါ်ပြပြောဆိုခြင်းမပြုနှင့်။ သူတို့သည် ဘုရားဝတ်ကိုပြုနေကြသည်ဟု ပေါလုကဲ့သို့ထင်ကောင်းထင်ကြလိမ့်မည်။ ၎င်းသူတို့အား ကျွန်ုပ်တို့သည်သည်းခံခြင်း၊ နှိမ့်ချခြင်းနှင့်စိတ်ရှည်ခြင်းကိုထင်ရှားစေရမည်။ မနှစ်သက်တတ်ကြသောသမ္မာတရားကိုဖေါ်ပြရာတွင်ကျွန်ုပ်တို့သည်လေးလံသောစုံစမ်းခြင်းနှင့် ပြင်းထန်သောတိုက်ခိုက်ခြင်းတို့ကိုခံရသည်ဟုမထင်မမှတ်ကြနှင့်။ သခင်ယေရှုအကြောင်းနှင့် သင့်အတွက်ဒုက္ခခံရတော်မူကြောင်းကိုဆင်ခြင်၍ တိတ်ဆိတ်စွာနေလော့။ ကဲ့ရဲ့ရှုတ်ချခြင်းနှင့် မတရားသောသက်သေဖေါ်ပြခြင်းခံရသောအခါ၌ပင်တိုင်တန်းညည်းညူသောစကားကိုမပြောနှင့်၊ ကဲ့ရဲ့ပြောဆိုခြင်း သို့မဟုတ် စိတ်မကျေမချမ်းဖြစ်ခြင်းတို့ကို စိတ်ထဲ၌ပေါ်မလာစေနှင့်။

## သခင်ခရစ်တော်၏နှိမ့်ချခြင်းမျိုးနှင့်

ကျွန်ုပ်တို့၏ကြိုးစားလုပ်ဆောင်မှုများကို အချို့တို့သည်သဘောကျကြသော်လည်း ဧဝံဂေလိတရားကိုလက်ခံရန်ခေါ်ဖိတ်ခြင်းကိုပေါ့ပေါ့

ဆဆထင်မှတ်ကြလိမ့်မည်။ ဘုရားသခင်၏ကရုဏာတော်ကို မခံရကြ တော့ဟု ကျွန်ုပ်တို့ထင်မှတ်သောသူအချို့ပင် သခင်ခရစ်တော်ဘက်သို့ ပါလာကြလိမ့်မည်။ သန်းခေါင်ယံမှောင်မိုက်တွင်ရှိနေ၍ သမ္မာတရား ကိုမသိဘဲဆန့်ကျင်ဘက်ပြုနေခဲ့သော်လည်း အလင်းနှင့်သက်သေခံချက် ကိုမငြင်းပယ်သော သူတို့အား လင်းစေခြင်းအမှုသည် တိုက်လှန်ခြင်း တွင် နောက်ဆုံးအမှုဆောင်ခြင်းဖြစ်၏။ ထို့ကြောင့် လူတိုင်းကိုဖြောင့် မတ်သောသူကဲ့သို့မှတ်လော့။ တစ်စုံတစ်ယောက်သောသူအား ယုံမှား ခြင်း၌မြဲမြဲစေမည့်စကားကိုမပြော၊ အမှုကိုမပြုနှင့်။

တစ်စုံတစ်ယောက်သောသူက အမှုဆောင်များအား နိုင်ငံရေး သို့မဟုတ် အခြားပြဿနာတို့နှင့်ဆိုင်သော အချေအတင်ပြောဆိုခြင်း သို့မဟုတ် ငြင်းခုံခြင်းပြုရာနေရာသို့ ခေါ်ဆောင်သွားရန် ကြံစည်လျှင် သူတို့၏ သွေးဆောင်ခြင်းသို့မဟုတ် ချေပပြောဆိုခြင်းကို အမှုမထားနှင့်၊ ဘုရားသခင်၏အမှုတော်ကိုမြဲမြံတည်ကြည်စွာ ခွန်အားနှင့်ပြည့်စုံစွာတိုး တက်ဆောင်ရွက်လော့။ သို့ရာတွင် သခင်ခရစ်တော်၏နှိမ့်ချခြင်းမျိုးနှင့် တိတ်ဆိတ်နိုင်သလောက်တိတ်ဆိတ်စွာပြုလော့။

အသစ်ပြုပြင်ပြောင်းလဲခြင်းကို တွေ့မြင်ဖို့ ကျွန်ုပ်တို့အလိုရှိကြ သည်။ ကျွန်ုပ်တို့အလိုရှိသောအရာကိုမတွေ့မြင်သောကြောင့်မကောင်း သောစိတ်သဘောသည် ကျွန်ုပ်တို့၏ခွက်ထဲသို့ သည်းခြေရည်၏အစက် များကိုချဖို့ကြိမ်ဖန်များစွာအခွင့်ရရှိ၍ ထိုသို့သောအားဖြင့်အခြားသော သူများကို ခါးစေ၏။ ကျွန်ုပ်တို့၏မသင့်မလျော်သော စကားများအားဖြင့် သူတို့အား စိတ်မာန်တက်ကြွလာစေ၍ ပုန်ကန်စေရန်ထကြွစေ၏။

သင်ဟောပြောသောတရားဟောချက်တိုင်း၊ သင်ရေးသားသော ဆောင်းပါးတိုင်း အကုန်မှန်ကောင်းမှန်သော်လည်း သည်းခြေရည် တစ်စက်ပါလျှင် နားထောင်ဖတ်ရှုသောသူတို့အား အဆိပ်ဖြစ်စေလိမ့် မည်။ ထိုအဆိပ်ရည်တစ်စက်ကြောင့် တစ်စုံတစ်ယောက်သောသူသည် သင်၏ကောင်းမွန်သင့်လျော်သောစကားများကို ပယ်လိမ့်မည်။ အခြား တစ်ယောက်သည် ထိုကဲ့သို့ကြမ်းတမ်းသောစကားများကို ကြိုက်သော

ကြောင့် ထိုအဆိုကိုစွဲမြဲသုံးဆောင်လိမ့်မည်။ သူသည် သင်၏ပုံသက် သေကိုလိုက်၍ သင်ပြောသကဲ့သို့ပြောဆိုလေသည်။ ထိုနည်းအားဖြင့် အဆိုးသည်တိုးပွားလာလေ၏။

သမ္မာတရား၏ ထာဝရကျင့်ဝတ္တရားကို ဖေါ်ပြသောသူတို့ သည် သံလွင်ကိုင်းနှစ်ခက်မှ နှလုံးထဲသို့သွန်းလောင်းသည့် သန့်ရှင်း သောဆီကိုလိုပေသည်။ အသစ်ပြုပြင်သော်လည်း အမျက်ဒေါသကိုမနှိုး ဆော်သောစကားများကို ဤအရာကစီးထွက်စေလိမ့်မည်။ သမ္မာတရား ကိုမေတ္တာနှင့်ဟောပြောရမည်။ ထိုနောက် သခင်ယေရှုသည် မိမိ၏ ဝိညာဉ်တော်အားဖြင့် ခွန်အားနှင့်တန်ခိုးကိုချပေးတော်မူမည်။ ၎င်း သည် ကိုယ်တော်၏အလုပ်ဖြစ်သည်။ အသရေပျက်စေ၍ မမှန်သော စကားကိုသုံးတတ်သော ကျွန်ုပ်တို့ရန်သူ၏ဆင်ခြေပြဿနာများအပေါ်၌ ကြာရှည်စွာစွဲလမ်းနေသည်ထက် အချိန်နှင့်ခွန်အားကို သာ၍ကောင်း သောအလုပ်ဖြင့်ကုန်လွန်ပါစေ။ မဖြောင့်မတ်သောရန်သူတို့၏ ကောက် ကွေ့သောအရာတို့ကိုလိုက်လျက် အဖိုးထိုက်သောအချိန်ကို ကုန်လွန် စေစဉ်တွင် နောင်တရဖို့အခွင့်ရှိသောသူတို့သည် ပညာကိုမရသော ကြောင့်သေနေကြသည်။ စာတန်စီမံသည့်မိုက်မဲသောဆင်ခြေပြဿနာ များသည် စိတ်များအရှေ့တွင်အဆက်ဆက်ပေါ်စဉ်လူတို့သည်အချိန် တန်လျှင်ရထိုက်သောအစာအတွက် တောင့်တနေကြသည်။ GW. 372-5.

### အအုပ်အချုပ်မခံခြင်းသဘော

အထွတ်အမြတ်သို့ရောက်ဖို့ ဖက်ပြိုင်တိုက်လှန်တတ်သော သဘော သည် လောကတွင်ပြည့်ဝလျက်ရှိသည်။ လုပ်ဖေါ်ဆောင်ဖက်များမှ ကွဲကွာလျက်နေခြင်း၊ သို့မဟုတ်အဖွဲ့အစည်းမညီညွတ်ခြင်းသဘောသည် ကျွန်ုပ်တို့ရောက်လေရာရာ အရပ်တိုင်းတွင်ရှိတတ်ပေသည်။ နေရာတကျ ဖွဲ့စည်းဖို့ရန်ကြိုးစားခြင်းအမှု အပေါင်းတို့သည် ဘေးဥပဒ်ဖြစ်စေတတ် သည်ဟုအချို့ကထင်မှတ်ကြသည်။ လူအသီးသီးတို့၏လွတ်လပ်ခြင်းကို ချုပ်ချယ်ခြင်းဖြစ်၍ ရောမဘာသာဝါဒကဲ့သို့ ကြောက်စရာဖြစ်သည်ဟု ထင်မှတ်ကြသည်။ ဤသို့လိမ်လည်ခြင်းခံရသောသူတို့က ကိုယ့်သဘော

အတိုင်းကြံစည်ပြုလုပ်ရန် လွတ်လပ်ခြင်းအခွင့်အကြောင်းကို ဝါကြွား ခြင်းသည်ဂုဏ်တစ်ခုဖြစ်သည်ဟု ထင်မှတ်ကြသည်။ သူတို့သည်မည်သူ ၏စကားကိုမျှနားမထောင်၊ မည်သူ၏ဩဇာအာဏာကိုမျှခံကြလိမ့်မည် မဟုတ်ဟုပြောဆိုကြပါသည်။ သူတို့၏ညီအစ်ကို မောင်နှမများတို့၏ သခင်သည် နှစ်သက်တော်မူသည်ဟု လူတို့အားထင်မှတ်စေခြင်းသည် စာတန်၏အထူးအလုပ်ဖြစ်သည်ဟု ကျွန်ုပ်သည် သွန်သင်တော်မူခြင်း ခံရပြီ။

ဤအရာကား ကျွန်ုပ်တို့၏အမှုတိုးပွားခြင်းအတွက် ကြီးစွာသော ဘေးဥပဒ်ဖြစ်စေသည်။ ကျွန်ုပ်တို့သည် ဘုရားကိုကြောက်ရွံ့သော အကြံပေးသူများတို့၏ စီရင်ဆုံးဖြတ်ခြင်းနှင့်ညီညွတ်လျက် အမြော်အမြင်နှင့်လည်းကောင်း၊ သိမြင်တတ်သောသဘောနှင့်လည်းကောင်း ပြုရမည်။ အကြောင်းမူကား၊ ဤလမ်း၌သာ ဘေးကင်းခြင်းနှင့် ခွန်အားရှိစေသည်။ သို့မဟုတ်လျှင် ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ ကျွန်ုပ်တို့အားဖြင့် သို့မဟုတ်ကျွန်ုပ်တို့အတွက် လုပ်ဆောင်တော်မမူနိုင်။

သေချာစွာဖွဲ့စည်းခြင်းသည် လိုအပ်သောအရာဖြစ်၍ မမှန်သော ထကြွခြင်းကိုဆီးတားရန်နှင့်နှုတ်ကပါဌ်တော်နှင့်မညီညွတ်သော အယူ ဝါဒများကို ချေပရန် အကြီးဆုံးတန်ခိုး ဖြစ်လိမ့်မည့်အချိန်ကာလတွင် စာတန်သည် ဤလူတို့အထဲတွင် ဝင်ရောက်၍အမှုတော်ကိုဆောင်ရွက် ခြင်းအလုပ်ကို ဖရိုဖရဲဖြစ်စေရန် ကြိုးစားရာတွင်အောင်နိုင်လျှင် သူသည် အဘယ်မျှလောက် အားရဝမ်းမြောက်လိမ့်မည်နည်း။ ပညာသတိရှိ သော ကြိုးစားလုပ်ဆောင်မှုအားဖြင့် ဆောက်တည်သောနေရာတကျ ဖွဲ့စည်းခြင်း၏နည်းလမ်းများပျက်စီးခြင်းမရှိစေရအောင် ကျွန်ုပ်တို့သည် ညီညွတ်စွာပေါင်းဖက်ရကြမည်။ ဤအချိန်ကာလ၌ အမှုတော်ကိုစိုးမိုး ရန်အလိုရှိသည့်နေရာတကျမရှိသောအရာများကို အခွင့်အာဏာမပေး ရချေ။

ကျွန်ုပ်တို့သည် အဆုံးကာလရောက်လုနီးသောအခါ ဘုရား သခင်၏သားသမီးအသီးသီးတို့သည် ဘာသာတရားနှင့်ဆိုင်သောအဖွဲ့

အစည်းတစ်စုံတစ်ခု၏အအုပ်အချုပ်ကိုမခံဘဲ လုပ်ဆောင်လိမ့်မည်ဟု အချို့ကတင်မှတ်ကြပြီ။ ဤအမှုတော်ဆောင်ရွက်ခြင်းအလုပ်တွင် လူ အသီးသီး မိမိအလိုအတိုင်းလုပ်ဆောင်ဖို့ အခွင့်မရှိနိုင်ဟု ဘုရားသခင် သည် ကျွန်ုပ်အား ဖော်ပြတော်မူပြီ။ ကောင်းကင်ကြယ်အပေါင်းတို့ သည် တရားဥပဒေအောက်၌ရှိကြ၍ မိမိတို့သွားလာလှုပ်ရှားခြင်းကို စိုးမိုး အုပ်ချုပ်လျက်ရှိသော ဥပဒေကို လိုက်နာ စောင့်ရှောက်ကြလျက် ဘုရားသခင်၏အလိုတော်ကိုလိုက်နာရန် အသီးအသီး တစ်ခုနှင့်တစ်ခုဆွဲ ကိုင်လျက်ရှိကြသည်။ ဘုရားသခင်၏အမှုတော်သည်အားရှိခိုင်ခံ့စွာတိုး တက်နိုင်မည်အကြောင်း ဘုရားသခင်၏ လူများတို့သည် အချင်းချင်း စုပေါင်းချဉ်းကပ်ရကြမည်။

မိမိကိုယ်ကို ခရစ်ယာန်ဟု ခေါ်ဝေါ်ကြသော သူအချို့တို့၏ ပြောက်ကျားဖြစ်၍အမှန်မရှိသောလုပ်ဆောင်ခြင်းအမှုများသည် သန်မာ သော်လည်းအကျင့်မရှိသောမြင်းများနှင့်အလွန်တူသည်။ တစ်ကောင်က ရှေ့ကိုဆွဲလျှင် တစ်ကောင်ကနောက်ကိုဆုတ်၏။ မိမိတို့သခင်၏အသံ ကိုကြားသောအခါ တစ်ကောင်သည်ရှေ့သို့ ကဆုံပေါက်ပြေး၍ တစ် ကောင်ကမလှုပ်နိုင်အောင်ရပ်နေသည်။ ဤအချိန်ကာလအတွက် ကြီး ကျယ်မြင့်မြတ်သောအလုပ်တွင် လူများတို့သည် ညီညွတ်စွာမလုပ်လျှင် ရှုပ်ထွေးခြင်းဖြစ်လိမ့်မည်။ လူများတို့သည် မိမိတို့၏ညီအစ်ကိုမောင်နှမ များတို့နှင့်ပူးပေါင်းရန် ငြင်းပယ်၍တစ်ကိုယ်တည်း လုပ်ဆောင်ခြင်း သည် ကောင်းသောလက္ခဏာတစ်ခုမဟုတ်။ အမှုဆောင်များတို့၊ မှန်သောကျင့်ဝတ်ကျင့်စဉ်တရားများမှလွဲသွားသောအချက်ရှိသမျှကိုညွှန် ပြရဲသောညီအစ်ကိုမောင်နှမများတို့၏အကြံပေးချက်များကိုလက်ခံနာယူ ကြလော့။ လူတို့သည် သခင်ခရစ်တော်၏ ထမ်းဖိုးကိုထမ်းလျှင် တစ်လမ်းစီမဆွဲနိုင်ကြချေ။ သူတို့သည် သခင်ခရစ်တော်နှင့်အတူတကွ ဆွဲကြလိမ့်မည်။

တစ်နည်းမှာဆိုလျှင် အနည်းငယ်သောသူတို့သာ ပြုလုပ်ဖို့ သင့် လျော်သည့် ထူးခြားသောအလုပ်ကို လုပ်ကိုင်ရန် ထာဝရဘုရားက ခန့် ထားခြင်းခံရသောအမှုဆောင်အသီးသီးတို့၏နည်းနာများကို အပြစ် တင်ခြင်းတည်းဟူသောဘေးကို ဘုရားသခင်၏လူတို့အထဲတွင်ရှေ့ဆောင်

သောသူများတို့သည် ကွယ်ကာစောင့်ကြည့်ရကြမည်။ တာဝန်ခံရသောညီအစ်ကိုမောင်နှမများတို့၊ မိမိတို့အလုပ်၏နည်းလမ်းများနှင့် လုံးလုံးမညီညွတ်သောအမှုများကိုအပြစ် ရှာဖို့ရန်နှေးကြစေ။ အကြံအစည်တိုင်းတို့တွင် မိမိတို့၏သဘောနှင့်တိုက်ဆိုင်ရမည်ဟု ဘယ်သောအခါမျှ မထင်မှတ်နှင့်။ အခြားသူ၏အကြံအစည်များကိုအားကိုးဖို့မစိုးရိမ်ရကြ။ အကြောင်းမူကား၊ နှိမ့်ချခြင်းနှင့်လည်းကောင်း၊ ဆက်ကပ်ထားသောစိတ်အားထက်သန်ခြင်းနှင့်လည်းကောင်း ဘုရားသခင်စီမံထားတော်မူသောနည်းအတိုင်း ထူးခြားသောအမှုကို လုပ်ဆောင်နေသော လုပ်ဖေါ်ဆောင်ဖက်တစ်ယောက်ကို ယုံကြည်အားထားခြင်းမရှိလျှင် သူတို့သည်ထာဝရဘုရား၏အမှုတော်တိုးတက်ကြီးပွားခြင်းကိုဟန့်တားလျက်ရှိကြသည်။

## အသင်းတော်၏ဆုံးမခြင်း

မှားယွင်းသော အသင်းတော်သားများတို့နှင့် သက်ဆိုင်လျှင် ဘုရားသခင်၏လူများတို့သည်ရှင်မဿဲအခန်းကြီး ၁၈ တွင်ကယ်တင်ရှင်ကဖေါ်ပြသောသြဝါဒကို သေချာစွာလိုက်နာရကြမည်။

လူတို့သည် သခင်ခရစ်တော်၏ဥစ္စာဖြစ်၏။ အနန္တအဖိုးနှင့်ဝယ်တော်မူ၏။ သူတို့အဖို့ ကိုယ်တော်နှင့် ခမည်းတော်တို့က ထင်ရှားစေတော်မူသော မေတ္တာတော်အားဖြင့် ချည်နှောင်ထားတော်မူ၏။ ထို့အတွက်ကြောင့် အချင်းချင်းတို့နှင့်စပ်ဆိုင်လျှင် ကျွန်ုပ်တို့သည် အဘယ်မျှလောက် သတိပြုရကြမည်နည်း။ လူများတို့၌မိမိတို့အချင်းချင်းတို့အပေါ်တွင် မကောင်းရမ်းဆဖို့အခွင့်မရှိ။ မှားယွင်းသော အသင်းတော်သားချင်းနှင့်စပ်ဆိုင်လျှင် မိမိတို့၏ နှိုးဆော်တတ်သောစိတ်နှင့် ပြုလုပ်ချင်သောသဘောကို လိုက်နာဖို့ရန် အသင်းတော်သားများ၌အခွင့်မရှိ။ သူတို့သည် မှားယွင်းသော သူတို့နှင့်စပ်လျဉ်း၍ ငဲ့ကွက်ခြင်းကိုပင် ဘယ်အခါမျှမပြုရ။ အကြောင်းမူကား ထိုသို့အားဖြင့် အခြားသောသူ၏စိတ်ထဲ၌ ဆိုးယုတ်ခြင်းတဆေးကို သွင်းထားကြ၏။ အသင်းတော်တွင် ညီအစ်ကိုမောင်နှမတစ်စုံတစ်ယောက်၏မကောင်းသတင်းများကို အသင်း

တော်သားတစ်ယောက်ထံမှတစ်ယောက်သို့ကြားပြောတတ်ကြ၏။ သခင်ယေရှုမိန့်မှာတော်မူချက်များကိုတစ်စုံတစ်ယောက်သောသူသည် မလိုက်ချင်သောကြောင့် အမှားများကိုပြုလျက် မတရားစီရင်တတ်ကြသည်။

'သင်၏ညီအစ်ကိုသည် သင့်ကိုပြစ်မှားလျှင် သူ့ဆီသို့သွား၍နှစ်ယောက်တည်းချင်း၊ သူ၏အပြစ်ကိုပြ၍ ဆုံးမလော့" ဟုသခင်ခရစ်တော်ကမိန့်တော်မူ၏။ (မ၊ ၁၈း၁၅ - ၁၈ ကိုကြည့်ပါ။) အခြားသူများအားအမှားများကိုမပြောပြနှင့်။ တစ်ယောက်ကတစ်ယောက်ကို ပြောတတ်၍တစ်ဖန် ထိုတစ်ယောက်ကအခြားတစ်ယောက်ကိုပြောတတ်ပြန်သေး၏။ စကားသည် တဖြည်းဖြည်းကားသွားတတ်၍ အဆိုးသည်တိုးပွားသွားသဖြင့်တစ်သင်းတော်လုံးနစ်နာလာလေ၏။ 'နှစ်ယောက်တည်းချင်း" အမှုကိုဆုံးဖြတ်လော့။ ၎င်းသည် ဘုရားသခင်၏အကြံအစည်တော်ဖြစ်သည်။

'အလျှင်အမြန်ရန်မတွေ့နှင့်။ အိမ်နီးချင်းသည် သင့်ကိုအရှက်ခွဲပြီးမှ သင်သည် အဘယ်သို့ပြုမည်နည်း။ သင်သည် အိမ်နီးချင်းနှင့်ကိုယ်အမှုကို ဆွေးနွေးလော့။ ဝှက်ထားအပ်သောအမှုအရာကို သူတစ်ပါးအားထုတ်၍မပြနှင့်။" သု၊ ၂၅း၈၊၉။ သင်၏ညီအစ်ကိုအပေါ်၌ အပြစ်မရောက်စေနှင့်။ သို့ရာတွင်သူတစ်ပါးအား သူ၏အကြောင်းကိုဖော်မပြနှင့်။ ထိုသို့ဖော်ပြခြင်းအားဖြင့် ဆုံးမခြင်းကို လက်စားချေခြင်းကဲ့သို့ထင်မှတ်စေလျက် ခက်ခဲခြင်းကိုမတိုးပွားစေနှင့်။ ဘုရားသခင်၏နှုတ်ကပါဌ်တော်တွင်ဖော်ပြထားသည့်နည်းလမ်းအတိုင်း သူ့ကိုဆုံးမလော့။

စိတ်နစ်နာခြင်းကိုအငြိုးထားခြင်းသို့တိုးပွားမသွားစေနှင့်။ ကြားရသောသူတို့၏စိတ်ကို ညစ်ညူးစေသောအဆိပ်စကားများထွက်လာသည်တိုင်အောင် အနာကိုမယဉ်းမပေါက်ကွဲစေနှင့်၊ သင်၏စိတ်နှင့်သူ၏စိတ်ထဲတွင် ခါးသောစဉ်းစားချက်များကို ဆက်လက်မတည်မရှိစေနှင့်။ သင်၏ညီအစ်ကိုထံသို့သွား၍ နှိမ့်ချခြင်းနှင့်အမှုကိစ္စအကြောင်းကိုပြောပြလော့။

ဘယ်ကဲ့သို့သော ပြစ်မှားခြင်းမျိုးမဆို အလွဲနားလည်ခြင်းများနှင့်ကိုယ်တိုင်အနာခံရခြင်းများငြိမ်းသွားစေဖို့ရန်ဘုရားသခင်ပေးသနားတော်မူသောအကြံအစည်ကိုပြောင်းလဲစေရန်အကြောင်းမရှိ။ ပြစ်မှားသောသူအားသခင်ခရစ်တော်၏သဘောမျိုးနှင့်တစ်ယောက်တည်းပြောဆိုခြင်းသည်ခက်ခဲခြင်းများကိုမကြာခဏပယ်ရှားလိမ့်မည်။ သခင်ခရစ်တော်၏မေတ္တာနှင့်ထောက်ထားစာနာခြင်းသဘောတို့နှင့် ပြည့်ဝသောစိတ်နှလုံးဖြင့် ပြစ်မှားသောသူတို့ထံသို့သွား၍ သင့်လျော်အောင်ပြုဖို့ကြိုးစားလော့။ အမျက်ထွက်သောစကားကို သင်၏နှုတ်မှမထွက်စေနှင့်။ သူ၏ကောင်းစွာပိုင်းခြားဝေဖန်တတ်သော ဉာဏ်ကို ထကြွနိုးဆော်မည့်နည်းမျိုးနှင့်ပြောပြပါ။ 'အပြစ်ရှိသောသူကိုမှားယွင်းသောလမ်းမှပြန်စေသောသူသည် ဝိညာဉ်ကို သေခြင်းမှကယ်တင်၍ များစွာသောအပြစ်တို့ကိုဖုံးအုပ်တတ်သည်" ဟူသော စကားများကိုအောက်မေ့လော့။ ယာ၊ ၅း၂၀။

ဆန့်ကျင်ပုန်ကန်ခြင်း တည်းဟူသောရောဂါကို ကင်းပျောက်စေမည်ဖြစ်သောကုသနည်းကို သင်၏ညီအစ်ကိုအတွက်အသုံးပြုလော့။ သူ့အားမစဖို့ရန် သင်၏ တာဝန်ကို ဆောင်ရွက်လော့။ အသင်းတော်၏ငြိမ်သက်ခြင်းနှင့် စည်းလုံးညီညွတ်ခြင်းကိုထောက်ရှုလျက် ဤအမှုကိုပြုခြင်းသည် တာဝန်သာမက အခွင့်အရေးဖြစ်သည်ဟုထင်မှတ်လော့။ သူသည်သင်၏စကားကို နားထောင်လျှင် သင်သည်သူ့ကိုမိတ်ဆွေအဖြစ်နှင့်ရပြီ။

အနာခံရသောသူနှင့်အမှားတွင်ရှိနေသောသူတို့အချင်းချင်းတွေ့ဆုံဆွေးနွေးခြင်းတွင် ကောင်းကင်သားအပေါင်းတို့သည် စိတ်ပါဝင်စားကြသည်။ ပြစ်မှားသောသူသည် သခင်ခရစ်တော်၏မေတ္တာနှင့်ဆုံးမခြင်းကိုလက်ခံ၍ မိမိ၏အမှားကို ဝန်ခံလျက် ဘုရားသခင်ထံမှလည်းကောင်း၊ မိမိညီအစ်ကိုထံမှလည်းကောင်း အပြစ်လွှတ်ရန် တောင်းလျှောက်သောအခါ ကောင်းကင်ရောင်ခြည်အလင်းသည် သူ၏နှလုံးတွင်ပြည့်ဝလာလေ၏။ တိုက်လှန်ခြင်းသည်အဆုံးသို့ရောက်ပြီ။ ပြန်၍မိတ်ဆွေဖြစ်လာလျက် ယုံကြည်အားထားခြင်းများ ပြန်၍ပေါ်လာ၏။

မေတ္တာဆီသည် အမှားကဖြစ်စေသော နစ်နာခြင်းကို ပယ်ရှားသည်။ ဘုရားသခင်၏ဝိညာ်တော်သည် နှလုံးတစ်ခုနှင့်တစ်ခုကိုတွဲထားတော်မူ၏။ ဖြစ်ပေါ်လာသောပေါင်းစည်းခြင်းအတွက် ကောင်းကင်တွင် အားရဝမ်းမြောက်ခြင်းရှိသည်။

ခရစ်ယာန်တို့၏ ပေါင်းသင်းဆက်ဆံခြင်းအမှုတွင် ဤကဲ့သို့ညီညွတ်လာသောသူတို့သည် ဘုရားသခင်အား ဆုတောင်းကြ၍ တရားသဖြင့်ပြုရန် ကရုဏာကို နှစ်သက်ရန်နှင့် ဘုရားသခင်၏ ရှေ့တော်၌နှိမ့်ချသောစိတ်နှင့်ကျင့်နေရန် မိမိတို့ကိုယ်တိုင် သစ္စာကတိပြုသောအခါ ကြီးမြတ်သောကောင်းချီးမင်္ဂလာကိုခံစားရကြမည်။ သူတို့သည်သူတစ်ပါးကိုပြစ်မှားကြလျှင် သူတို့သည်နောင်တရခြင်း၊ အပြစ်ဖော်ပြခြင်းနှင့် ပြန်ပေးခြင်းအမှုတို့ကိုဆက်လက်ပြုလုပ်လျက်တစ်ယောက်ကိုတစ်ယောက် ကျေးဇူးပြုရန်လုံးလုံးစိတ်ပြဌာန်းကြလေသည်။ ဤအမှုသည်သခင်ခရစ်တော်၏တရားကိုကျင့်ရာရောက်ပေသည်။

'သို့မဟုတ်သင်၏စကားကိုနားမထောင်လျှင် လူနှစ်ဦးသုံးဦးသက်သေခံ၍စကားရှိသမျှတို့ကိုတည်စေခြင်းငှါ ကိုယ်နှင့်အတူလူတစ်ဦးနှစ်ဦးကိုခေါ်ဦးလော့။'' မ၊ ၁၈း၁၆။ ဝိညာဉ်ပကတိစိတ်သဘောရှိသောသူတို့ကို သင်နှင့်အတူခေါ်ထား၍မှားယွင်းသော သူအား အမှားအကြောင်းကိုပြောပြလော့။ မိမိညီအစ်ကိုမောင်နှမတို့၏ညီညွတ်သော တောင်းပန်ခြင်းကိုသူသည်နာခံကောင်းနာခံလိမ့်မည်။ သူသည်အမှု၌ဆုံးဖြတ်ရာတွင် သူတို့၏ညီညွတ်ခြင်းကိုသိမြင်ရသောအခါ သူ၏စိတ်သည်ရှင်းလင်းကောင်းရှင်းလင်းလာလိမ့်မည်။

'ထိုသူတို့၏စကားကိုနားမထောင်လျှင်'' ဘယ်ကဲ့သို့ပြုလုပ်ရမည်နည်း။ ကော်မတီတွင်အနည်းငယ်သောသူတို့က မှားယွင်းသောသူကိုအသင်းတော်စာရင်းမှနှင်ထုတ်ရသည့်တာဝန်ကို မိမိတို့ကိုယ်တိုင်ခံယူရကြမည်လား။ 'ထိုသူတို့၏စကားကိုနားမထောင်လျှင် အသင်းတော်အားကြားပြောလော့။'' မ၊ ၁၈း၁၇။ အသင်းတော်သည် ၎င်း၏အသင်းတော်သားများနှင့်စပ်ဆိုင်သောအမှုကိုဆုံးဖြတ်ပါစေ။

'အသင်းတော်၏စကားကို နားမထောင်လျှင် သာသနာပလူ ကဲ့သို့လည်းကောင်း၊ အခွန်ခံကဲ့သို့လည်းကောင်း ထိုသူကိုမှတ်လော့။" မ၊ ၁၈း၁၇။ သူသည်အသင်းတော်၏စကားကို နားမထောင်၊ သူ့အားပြန်၍တည်စေရန် ကြိုးစားမှုအပေါင်းကို ငြင်းပယ်လျှင် သူ့အားအသင်းတော်နှင့်ဆက်ဆံခြင်းမှ ပယ်ရှားဖို့ရန် တာဝန်သည် အသင်းတော်အပေါ်၌တည်ရှိသည်။ ထိုအခါ သူ၏နာမည်ကိုစာရင်းများမှ ပယ်ရှားရမည်။

သခင်ခရစ်တော်ပေးတော်မူသော သွန်သင်ချက်ကို သစ္စာနှင့် မလိုက်လျှောက်မီ မှားသောသူ၏နာမည်ကိုစာရင်းထဲမှ ပယ်ရှားရမည် အကြောင်း အသင်းတော်လူကြီးတစ်စုံတစ်ယောက်ကမျှအကြံမပေးရ၊ ကော်မတီတစ်စုံတစ်ခုကမျှမထောက်ခံရ၊ အသင်းတော်တစ်စုံတစ်ခုကမျှ သဘောတူဝန်မခံရ။ ဤကဲ့သို့ပြုလျှင် အသင်းတော်သည် ဘုရားသခင်ရှေ့တော်၌အပြစ်တင်ခွင့်နှင့်ကင်းလေပြီ။ ထိုသို့ဖြစ်သောကြောင့် အပြစ်သည်သာ၍အပြန့်ပွားလာရအောင် ၎င်းကိုရှိသည်အတိုင်း ထင်ရှားစေ၍ ပယ်ရှားရမည်။ ဘုရားသခင်၏ရှေ့တော်၌အသင်းတော်သည်အညစ်အကြေးကင်းလျက် သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံကို ဝတ်ဆင်နိုင်မည်အကြောင်း အသင်းတော်၏ကျန်းမာခြင်းနှင့် သန့်ရှင်းခြင်းကို သတိပြုစောင့်ရှောက်ရမည်။

မှားယွင်းသောသူသည် နောင်တရ၍ သခင်ခရစ်တော်၏ဆုံးမခြင်းကိုဝန်ခံလျှင် သူသည်တစ်ဖန်ကြိုးစားဖို့အခွင့်ရလိမ့်ဦးမည်။ ထိုနည်းအားဖြင့်ပင် နောင်တမရလျှင် ထိုနည်းအားဖြင့်ပင် အသင်းတော်အပြင်ဘက်မှာနေလျှင် ဘုရားသခင်၏ကျွန်များ၌ သူ့အတွက်ပြုလုပ်ရန်အလုပ်တစ်ခုရှိသေးသည်။ သူတို့သည် သူ့အားနောင်တရစေခြင်းငှါ စိတ်အားကြီးစွာကြိုးစားရကြမည်။ သူ၏အပြစ်သည်အဘယ်မျှလောက်ကြီးလေးခဲ့သော်လည်း သူသည်သန့်ရှင်းသောဝိညာဉ်တော်၏ဆုံးမခြင်းကိုနာခံ၍အပြစ်ကိုဖော်ပြစွန့်ပစ်ခြင်းအားဖြင့် နောင်တရကြောင်းကိုဖော်ပြလျှင် သူသည်အပြစ်လွတ်၍ သိုးခြံသို့ တစ်ဖန် ပြန်လာခွင့် ရလိမ့်မည်။

သူ၏ညီအစ်ကိုမောင်နှမများတို့က သူ့အားမှန်သောလမ်းတွင်လျှောက်စေရန် အားပေး၍မိမိသည်သူ့နေရာ၌ရှိခဲ့လျှင် ပြုစုခြင်းခံလိုသကဲ့သို့သူ့အားပြုစုလျက်အပြစ်သွေးဆောင်ခြင်းနှင့်ကိုယ်တိုင်လွတ်မည်အကြောင်းကိုယ်ကိုသတိပြုလော့။

ငါအမှန်ဆိုသည်ကား မြေကြီးပေါ်မှာ သင်တို့ချည်နှောင်သမျှသည်ကောင်းကင်ဘုံ၌ချည်နှောင်လျက်ရှိလိမ့်မည်။ မြေကြီးပေါ်မှာဖြေလွှတ်သမျှသည် ကောင်းကင်ဘုံ၌ဖြေလွှတ်လျက်ရှိလိမ့်မည် ဟု သခင်ခရစ်တော်ကဆက်လက်မိန့်တော်မူ၏။ မ၊ ၁၈း၁၈။

ဤစကားသည်ကာလအဆက်ဆက်တည်ပေသည်။ အသင်းတော်အပေါ်၌ သခင်ခရစ်တော်၏ ကိုယ်စားပြုလုပ်ဆောင်ရွက်ရန် အခွင့်အာဏာကိုချပေးတော်မူပြီ၊ ဘုရားသခင်၏လူများတွင် နေရာတကျစီမံအုပ်ချုပ်ခြင်းတည်ရှိစေဖို့အတွက် အသင်းတော်သည် ဘုရားသခင်၏တန်ဆာဖြစ်သည်။ ၎င်း၏တိုးပွားခြင်း၊ သန့်ရှင်းခြင်းနှင့်နေရာတကျစီမံခြင်းတို့နှင့်သက်ဆိုင်သောပြဿနာအပေါင်းကို ဆုံးဖြတ်ရန်အခွင့်အာဏာကိုထာဝရဘုရားသည် ၎င်းအားလွှဲအပ်ထားတော်မူပြီ။ မထိုက်မတန်၍သခင်ခရစ်တော်နှင့်ဆန့်ကျင်ဘက်ဖြစ်သောအကျင့်အားဖြင့်သမ္မာတရားကိုရှုတ်ချသောသူတို့အား အသင်းတော်နှင့်ဆက်ဆံခြင်းမှပယ်ရှားခြင်းတာဝန်သည် အသင်းတော်အပေါ်၌ တည်ရှိသည်။ အသင်းတော်ကပြုလေသမျှသောအမှုတို့သည် ဘုရားသခင်၏နှုတ်ကပါဌ်တော်တွင်ဖေါ်ပြထားသောနည်းနာများနှင့်ညီညွတ်လျှင် ကောင်းကင်က ၎င်းတို့ကိုအတည်ပြုလိမ့်မည်။ GW 486-502.

### စာစောင်အားဖြင့်အမှုတော်ဆောင်ခြင်း

ဗျာဒိတ်ကျမ်းအခန်းကြီး ၁၄ တွင်ဖေါ်ပြသော ကောင်းကင်အလယ်၌ ပျံဝဲလျက်ရှိသော ကောင်းကင်တမန် သုံးပါးသည် ပထမ၊ ဒုတိယနှင့်တတိယ ကောင်းကင်တမန်တို့၏ သတင်းစကားကိုဟောပြောသောသူတို့၏အလုပ်ကို ပုံဆောင်ကြသည်။ အားလုံးတို့သည်ဆက်သွယ်လျက်ရှိသည်။ ဤသတင်းစကာများ၏ သြဇာသည် ကြီးကျယ်နှံ့ပြား

လျက်ရှိနေ၍ ထောင်သောင်းသောစိတ်နှလုံးတို့တွင် အမှုဆောင်ချင်သောသဘောကိုနှိုးဆော်လျက်၊ ပညာသင်ကြားရာ အဆောက်အအုံများ၊ ပုံနှိပ်တိုက်များနှင့်ဆေးရုံများကိုဖြစ်ပေါ်လာစေလျက်ရှိပြီ။ ၎င်းတို့သည် ပထမ၊ ဒုတိယနှင့်တတိယကောင်းကင်တမန်တို့အားဖြင့်ပုံဆောင်သည့် ကြီးမြတ်သောအလုပ်တွင် ညီညွတ်စွာလုပ်ဆောင်စေရန် ဘုရားသခင်၏တန်ဆာများဖြစ်ကြသည်။ ၎င်းအလုပ်ကား၊ သခင်ခရစ်တော်သည် ဒုတိယအကြိမ်တန်ခိုးတော်နှင့် လည်းကောင်း၊ ကြီးစွာသောဘုန်းတော်နှင့်လည်းကောင်း ကြွလာတော်မူမည့်အကြောင်း လောကသားတို့အားသတိပေးနှိုးဆော်ခြင်းအလုပ်ဖြစ်ပေသည်။ 6T. 17-8.

## ကျွန်ုပ်တို့၏စာစောင်များဝေငှခြင်း

တတိယကောင်းကင်တမန်၏သတင်းစကားကို မဟောဖူးသေးသော နေရာများသို့ ဘုရားသခင်၏ လူအများတို့သည် ကျွန်ုပ်တို့၏စာစောင်တို့ကိုယူဆောင်သွားရကြမည်။ ကျွန်ုပ်တို့၏စာအုပ်များကို ဘာသာစကားအများနှင့်ပုံနှိပ်ထုတ်ဝေရကြမည်။ နှိမ့်ချ၊ သစ္စာရှိသောသူများတို့သည် စာအုပ်ရောင်း၍ ဧဝံဂေလိအမှုကိုဆောင်သောသူများအဖြစ်နှင့် ဤစာအုပ်များပါလျက် ထွက်သွားကြ၍အခြားနည်းအားဖြင့် ဘယ်တော့မျှအလင်းကိုမရနိုင်သောသူတို့သည် ထံသို့သမ္မာတရားကိုယူဆောင်သွားရကြမည်။ ဤအလုပ်မျိုးကိုလုပ်ဆောင်သောသူတို့သည် သူနာပြုစုခြင်းနှင့်ဆိုင်သောသာသနာပြု အလုပ်အတွက် ပြင်ဆင်ခြင်းရှိရမည်။ ဖျားနာသောသူနှင့် ဒုက္ခရောက်သောသူတို့ကို မစရမည်။ ဤကဲ့သို့ကျေးဇူးပြုခြင်းကို ခံရသောသူတို့သည် အသက်နှင့်ဆိုင်သော စကားများကိုနားထောင်လက်ခံကြလိမ့်မည်။

မိမိတို့၏စိတ်နှလုံးတွင် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝသည့်စာအုပ်ရောင်း၍ ဧဝံဂေလိအမှုကိုဆောင်သောသူတို့၏ အလုပ်သည်ကောင်းမြတ်သောအမှုများကို ပြုစေတတ်သောအခွင့်များနှင့်ပြည့်စုံသည်။

ကယ်တင်ရှင်မကြာမီကြွလာတော်မူမည်ဟူသော ကတိတော်ပါသောစာစောင်များကို သူတို့သည်တစ်မြို့မှတစ်မြို့၊ တစ်ပြည်မှတစ်ပြည်သို့ယူဆောင်သွားရကြမည်။ ဤစာစောင်များကို ဘာသာစကားတိုင်းတို့နှင့်ဘာသာပြန်ဆိုရမည်။ အကြောင်းမူကား၊ လောကနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ ဧဝံဂေလိတရားကို ဟောပြောရကြလိမ့်မည်။ အမှုတော်ဆောင်တိုင်းအား မိမိ၏အလုပ်ကိုအောင်မြင်စေမည့် ဘုရားနှင့်ဆိုင်သောတတ်ကျွမ်းခြင်းမျိုးကို သခင်ခရစ်တော်သည် ကတိထားတော်မူ၏။ 9T 33-4.

## စာအုပ်ရောင်းခြင်းအလုပ်

သင့်လျော်စွာ ပြုလုပ်သော စာအုပ်ရောင်းခြင်း အလုပ်သည် သာသနာပြုအလုပ်တွင် အမြင့်မြတ်ဆုံးသောအရာဖြစ်၍ ဤခေတ်ကာလအတွက်အရေးကြီးသောသမ္မာတရားများကိုလူတို့၏အရှေ့တွင်ဖေါ်ပြရန်အသုံးပြုနိုင်သောနည်းတို့တွင် သင့်လျော်၍အကျိုးဖြစ်ထွန်းလောက်သောနည်းဖြစ်ပေသည်။ ဓမ္မအမှုဆောင်ခြင်းအလုပ်သည် အရေးကြီးသည်ဟုဆိုရာ၌လည်းမမှားချေ။ သို့ရာတွင်အသက်မုန့်ကို ဆာငတ်မွတ်သောသူအများတို့သည် ဘုရားသခင်ကလွှဲအပ်ခန့်ထားသော တရားဟောဆရာများတို့ထံမှ တရားဟောချက်များကိုကြားနာဖို့ အခွင့်မခံရခဲ့ကြချေ။ ဤအကြောင်းကြောင့်ကျွန်ုပ်တို့၏စာစောင်များကိုနှံ့ပြားစွာဝေငှရောင်းချရကြမည်။ ထိုနည်းအားဖြင့် အသက်ရှင်နေသောတရားဟောဆရာများမသွားရောက်နိုင်သောနေရာသို့ သတင်းစကားသည် ရောက်ရှိသွား၍ ဤလောက၏နောက်ဆုံးကာလတွင်ထင်ရှားသောအမှုများနှင့်သက်ဆိုင်သည့် ကြီးကျယ်သောအဖြစ်အပျက်များကို အများသောသူတို့အား ညွှန်ပြသတိပြုစေကြလိမ့်မည်။

မိမိတို့အိပ်သို့ယူဆောင်မသွားဘဲငဲ့ကွက်ခြင်းကြောင့်သမ္မာတရားကို ဘယ်အခါမျှ သိကြလိမ့်မည်မဟုတ်သော သူအများရှိကြပေသည်။ စာအုပ်ရောင်းသောသူသည် ဤသူများကိုတွေ့၍မစနိုင်သည်။ တစ်အိမ်မှတစ်အိမ်သို့အမှုဆောင်ရွက်ခြင်းအလုပ်ကို သူသည် အခြားသူများထက်

သာ၍အောင်မြင်စွာ ဆောင်ရွက်နိုင်ပေသည်။ သူသည် သူများနှင့် အကျွမ်းဝင်လာ၍ သူတို့၌အမှန်လိုလားသောအချက်ကိုသနားလည်နိုင်၏။ သူသည်သူတို့နှင့်အတူဆုတောင်းနိုင်၍ လောက၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကို သူတို့အား ညွှန်ပြနိုင်သည်။ ထိုသို့အားဖြင့် ဤကာလအတွက်ထူးခြားသောသတင်းစကားကိုသူတို့၏ စိတ်နှလုံးထဲသို့ ဝင်ရောက်ရှိစေရန် လမ်းကိုဖွင့်ပေးလိမ့်မည်။

## ယုံကြည်သူများသမ္မာတရား၌တည်စေမည်

ကျွန်ုပ်သည် အောက်ပါအတိုင်း ညွှန်သင်တော်မူခြင်း ခံခဲ့ရပြီ။ လူများတို့သည် အသက်ရှင်နေသော တရားဟောဆရာထံမှ သတင်းစကားကိုကြားနာရကြသောနေရာ၌ပင်စာအုပ်ရောင်းသောသူသည် ဓမ္မဆရာနှင့်အတူ ဝိုင်းဝန်းကူညီလျက် မိမိ၏အလုပ်ကိုဆောင်ရွက်ရမည်။ အကြောင်းမူကား ဓမ္မဆရာသည် သတင်းစကားကို သစ္စာနှင့်ဖေါ်ပြသော်လည်း ကြားရသောသူတို့သည်အားလုံးကို မမှတ်မိနိုင်ကြချေ။ ထိုအတွက်ကြောင့် ဤကာလအတွက်သမ္မာတရားသည် အရေးကြီးကြောင်း သူတို့အား နှိုးဆော်သိမှတ်စေသည်သာမက သမ္မာတရား၌စိုက်ပျိုး၍ တိုက်မြစ်ကျတည်စေလျက် လှည့်ဖြားလိမ်လည်ခြင်းကို ကန့်ကွက်ဆီးတားရန် ခိုင်ခံ့တည်မြဲစေခြင်း ငှါပုံနှိပ်ထားသောစာစောင်များတို့သည်အလွန်လိုအပ်ပေသည်။ စာစောင်နှင့်စာအုပ်များတို့သည် ဤကာလအတွက် သတင်းစကားကို လူများတို့၏ရှေ့တွင် အစဉ်မပြတ် ထင်ရှားနေစေရန် ဘုရားသခင် သုံးဆောင်တော်မူသောအရာများဖြစ်ကြသည်။ ဝိညာဉ်များအား သမ္မာတရား၌ အလင်းရ၍တည်မြဲစေရာတွင် စာစောင်များသည် နှုတ်နှင့်တရားဟောပြောခြင်းတစ်မျိုးတည်းထက် သာ၍ကြီးကျယ်သောအလုပ်ကိုပြီးမြောက်စေနိုင်သည်။ 6T. 313-6.

## စာအုပ်ရောင်းသောသူသည်ဧဝံဂေလိ အမှုဆောင်ဖြစ်၏

ထက်မြက်၍ ဘုရားသခင်ကို ကြောက်ရွံ့လျက် သစ္စာရှိသော စာအုပ်ရောင်းသူသည် ရှိသေခြင်းကိုခံထိုက်သည်။ အကြောင်းမူကား

သူသည် ဧဝံဂေလိဓမ္မဆရာ၏ ရာထူးနှင့်ညီသောနေရာတွင် တည်ရှိပေသည်။ ကျွန်ုပ်တို့၏အသက်ငယ်သော ဓမ္မဆရာနှင့် ဓမ္မအမှုဆောင်ခြင်းအလုပ်ကို လေ့ကျင့်နေသောသူအများတို့သည် အမှန်နောင်တရလျှင် စာအုပ်ရောင်းထားသောနေရာများ၌ ဆောင်ရွက်ကြခြင်းဖြင့် အကျိုးများစွာခံစားရကြမည်။ ထိုမှတစ်ပါးလူများတို့နှင့်တွေ့ဆုံ၍ သူတို့အား စာစောင်များအကြောင်းကို ဖေါ်ပြခြင်းအားဖြင့် သူတို့သည် တရားဟောခြင်းသက်သက်အားဖြင့်မရရှိနိုင်သော ဗဟုသုတမျိုးကိုရရှိကြလိမ့်မည်။

## ဝိညာဉ်နှင့်ကိုယ်ခန္ဓာအတွက်အမှုဆောင်ခြင်း

စာအုပ်ရောင်းသောသူသည် ဖျားနာသောသူတို့အား ပြုစုသောနည်းများကိုသွန်သင်ပြသပေးဖို့ရန် တတ်နိုင်ရကြမည်။ သူတို့သည် ကျန်းမာခြင်းနှင့်စပ်ဆိုင်၍လွယ်ကူသောပြုစုနည်းများကို သင်ကြားရကြမည်။ ထိုနည်းအားဖြင့် ဝေဒနာခံရသူတို့၏ ဝိညာဉ်နှင့်ကိုယ်ခန္ဓာအတွက် အမှုဆောင်ခြင်းအားဖြင့်သူတို့သည် သူနာပြုစုခြင်းနှင့်ဆိုင်သော သာသနာပြုဆရာများအဖြစ်နှင့် လုပ်ဆောင်နိုင်သည်။ ဤအလုပ်မျိုးကို လောကအရပ်ရပ်ရှိသမျှတွင်ယခုပြုလုပ်ဖို့သင့်ပြီ။ ထိုသို့အားဖြင့်လူအများတို့သည် ဘုရားသခင် ကျွန်များ၏ ဆုတောင်းခြင်းနှင့် သွန်သင်ပေးခြင်းအားဖြင့်ကောင်းချီးမင်္ဂလာများကိုခံစားရကြသည်။

စာအုပ်ရောင်းသောသူသည် လူများတို့အား မိမိတို့၏အိမ်၌ သွားရောက်တွေ့ဆုံသောအခါ ကျမ်းစာအုပ်သို့မဟုတ် သမ္မာတရားကို သွန်သင်သောစာအုပ်များထဲက ဖတ်ပြဖို့ရန် ကြိမ်ဖန်များစွာအခွင့်ရလိမ့်မည်။ သမ္မာတရားကိုရှာဖွေနေသောသူများကိုတွေ့သောအခါ သူသည် သူတို့အား ကျမ်းစာသင်ပေးနိုင်ပါသည်။ ထိုသို့ကျမ်းစာသင်ပေးခြင်းသည် လူအများလိုသောအရာဖြစ်ပါသည်။ ပျက်စီးနေသောဝိညာဉ်များတို့၌ များစွာစိတ်ပါဝင်စားခြင်းကိုထိုသို့ပြသသောသူတို့ကို ဘုရားသခင်သည် မိမိ၏အမှုတော်တွင်အသုံးပြုတော်မူမည်။ သူတို့အားဖြင့်သွန်သင်ခြင်းကိုလက်ခံရန် စိတ်ပါသောသူတို့အား အလင်းကိုဘုရားသခင်သည် ပေးသနားတော်မူမည်။

ထာဝရဘုရားသည် သင့်အား ဝိညာဉ်ကိုရသောသူဖြစ်စေခြင်းငှါ အလိုရှိတော်မူ၏။ ထိုအတွက်ကြောင့် သင်သည်လူများတို့အားဩဝါဒ အချက်များကိုကြပ်တည်းစွာမဟောပြောရသော်လည်း 'သင်တို့မျှော် လင့်ခြင်းအကြောင်းကို မေးမြန်းသောသူရှိသမျှတို့အား နူးညံ့သော သဘော၊ ကြောက်ရွံ့သောသဘောနှင့်ပြန်ပြောခြင်းငှါကာလအစဉ်မပြတ် အသင့်ရှိနေကြလော့။" ၁ပေ၊ ၃း၁၅။ ကြောက်ရွံ့သောသဘော အဘယ်ကြောင့်ရှိရမည်နည်း။ သင်၏စကားများသည်ကိုယ်ကိုချီးမြှောက် သောသဘောကိုထင်ရှားစေ၍ အမှတ်တမဲ့စကားများပြောလျက်အပြော အဆိုအပြုအမူများတို့သည်သခင်ခရစ်တော်နှင့်မတူမည်ကိုသာကြောက်ရွံ့ လော့။ သခင်ခရစ်တော်၌ မြဲမြံစွာဆက်ဆံ၍ ကိုယ်တော်၌သမ္မာတရား ရှိသည်နှင့်အညီဂုဏ်ကိုဖေါ်ပြလော့။ အပြစ်ဖြေခြင်းအကြောင်းအားဖြင့် စိတ်နှလုံးများသည် ထိခိုက်ခြင်းမခံဘဲမနေနိုင်ကြ။ သခင်ယေရှု၏နူးညံ့ သိမ်မွေ့ခြင်းနှင့်နှိမ့်ချခြင်းအကြောင်းကိုသင်ကြားသောအခါ သင်သည် လူများတို့အားမည်ကဲ့သို့ဟောပြောရမည်ကို သိရှိလိမ့်မည်။ အကြောင်း မူကား သန့်ရှင်းသောဝိညာဉ်တော်သည် မည်ကဲ့သို့ စကားများကို ပြောရမည်ကို သင့်အားဖေါ်ပြလိမ့်မည်။ စိတ်နှလုံးကိုသန့်ရှင်းသော ဝိညာဉ်တော်၏ အုပ်စိုးခြင်းအောက်၌ရှိနေစေဖို့ လိုကြောင်းကိုသိနား လည်းသောသူတို့သည် ထာဝရအသက်ကိုပေါက်ပွားစေသောမျိုးစေ့ကို စိုက်ပျိုးနိုင်လိမ့်မည်။ ဤရွေ့ကားစာအုပ်ရောင်း၍ ဧဝံဂေလိအမှုဆောင် သောသူတို့၏ အလုပ်ဖြစ်သတည်း။ 6T 321-5

ကြီးစွာသောတန်ခိုးနှင့်ပြည့်စုံ၍ ကောင်းကင်ကဆင်းသက်လျက် သူ၏ရောင်ခြည်အားဖြင့်မြေကြီးကိုထွန်းလင်းစေသောကောင်းကင်တမန် တစ်ပါး၏အလုပ်ကိုအထူးသဖြင့် ပုံနှိပ်တိုက်များအားဖြင့် ပြီးမြောက်စေ လိမ့်မည်။ 7T. 140

---*---